
www.burmeseclassic.com



www.burmeseclassic.com

အခန်း ( ၆ ) 

www.burmeseclassic.com

www.burmeseclassic.com

# ရွှေလင် ဘုရားကျောင်းသို့

ဟူကျင်းအနေဖြင့်မူ သူ မတိုက်[illegible]လိုချေ။ ရန်ရောင်တို့ လူသိုက်ကို အချိန်မီ ကယ်တင်ရန် အရေးကြီးနေသည် မဟုတ်ပါလား။

သို့သော် မတိုက်ခိုက်ချင်သော်လည်း မရချေ။ ချက်ချင်းပင် သူမ၏ လက်ကောက်ဝတ်ကို ဆုပ်ဖမ်းလိုက်ရန် ကြိုးစားလိုက်၏။ ကျောက်မိန်သည် သူ၏ လက်ကောက်ဝတ်များ ဖြုတ်နိုင်ရန်အတွက် ခါးကိုလှည့်ပြီး ဘေးသို့ လျင်မြန်စွာ ရှောင်ထွက်လိုက်၏။

ဟူကျင်းလည်း သူ၏ ကြိုးပမ်းချက် မအောင်မြင်ခဲ့သည်ကို များစွာ အံ့ဩသွားပြီး သူ၏ စိတ်ထဲတွင်လည်း ချီးကျူးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီ မိန်းကလေးရဲ့ သိုင်းပညာက သိပ်မဆိုးဘူးဘဲ"

ထိုစဉ် ဟူကျင်းသည် ကျောက်မိန်၏ လက်ကောက်ဝတ်သွေးကြောကို တစ်ချက် တောက်လိုက်သည်။ ထိုအခါ ကျောက်မိန်သည် သူမ၏ ဓားကို မကိုင်နိုင်တော့ဘဲ လွတ်ကျတော့မယောင် ဖြစ်သွား၏။ သို့သော် ကျောက်မိန်သည် လွတ်ကျခါနီး ဓားကို ရုတ်တရက် လွှဲ၍ ဟူကျင်းထံသို့ ပစ်လွှတ်လိုက်သည်။

ဟူကျင်းသည် သူ၏ ခေါင်းကို ငုံ့လျက် လျှပ်တစ်ပြက် ရှောင်တိမ်းလိုက်ရသည်။ ဓားနှစ်ချောင်းသည် ဟူကျင်း နောက်ဘက်ရှိ သစ်သားတိုင်လုံးတွင် စိုက်ဝင်လျက် ရှိနေတော့သည်။

ဟူကျင်း အနည်းငယ် တုန်လှုပ်သွားသည်။ သူမ၏ သိုင်းပညာကို တုန်လှုပ်ခြင်း မဟုတ်ပေ။ သူမ၏ ဖြတ်ထိုးဉာဏ်ကောင်းပုံကို တုန်လှုပ်မိခြင်း ဖြစ်လေသည်။

သူမ၏ သိုင်းပညာများသည် များစွာ အဆင့်နိမ့်လှသည်။ ရန်ရှောင်တို့အား မီရန်ပင် အတော် ကြိုးစားရပေဦးမည်။ သို့သော် သူမ၏ ဖြတ်ထိုးဉာဏ်မှာမူ ရန်ရှောင်တို့ထက်ပင် သာကောင်း သာပေလိမ့်မည်။

အကယ်၍သာ ဟူကျင်းအနေဖြင့် ပေါ့ပေါ့ဆဆ နေခဲ့မိလျှင် ထို ဓားနှစ်လက်ကြောင့် အသက်ထွက်ရပေတော့မည်။



ကျောက်မိန်သည် လက်ထဲတွင် ဓားမရှိတော့သည်နှင့် ချက်ချင်းပင် တိမ်လွှာဓားအတူကို လှမ်းယူလိုက်သည်။ သူမသည် ဓားကို ဓားအိမ်ထဲမှ ဆွဲမထုတ်ချေ။ ဓားအိမ်ဖြင့်သာ တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် သူမသည် ဓားအိမ်ဖြင့် ရိုက်ပင် မရိုက်လိုက်ရတော့ချေ။

ဟူကျင်းက အားပြောင်းအားလွှဲ သိုင်းပညာဖြင့် သူမ၏ လက်ထဲမှ ဓားအိမ်ကို လုယူလိုက်တော့သည်။

ကျောက်မိန်သည် သူ၏ အတိုက်အခိုက် ချက်ချင်း ရပ်လိုက်ပြီး ဟူကျင်းအား ပြုံးထေ့ထေ့ဖြင့် မေးလိုက်သည်။

"ကျန်းဟူကျင်း၊ ရှင့်ရဲ့ ဒီပညာက ဘာပညာလဲ၊ အားပြောင်းအားလွှဲ သိုင်းပညာဆိုတာလား၊ ကျွန်မ အခု ကြည့်တော့လဲ ဘာမှ အထင်ကြီးစရာ မရှိပါလား၊ ခစ် ခစ် ခစ် ခစ်"

ကျောက်မိန်သည် သရော်ရယ်ကလေး ရယ်လိုက်သည်။ ဟူကျင်းသည် မည်သည့်စကားကိုမျှ မပြော။ သူ၏ ဘယ်လက်ကို ဖြန့်ဖြေလိုက်သည်။ ပန်းပွင့်ကလေး တစ်ပွင့်သာတည်း။

"အို"

ကျောက်မိန်သည် ကြောက်လန့်တကြား အာမေဋိတ်သံကလေး ထွက်သွားမိသည်။

သူမ၏ ခေါင်း၌ ပန်ဆင်ထားသော ပန်းကလေးသည် မည်သည့်နည်းဖြင့် ဟူကျင်း၏ လက်ထဲသို့ ရောက်သွားခဲ့ရ

www.burmeseclassic.com



သနည်း။ ကျောက်မိန် အကြီးအကျယ် တုန်လှုပ် ချောက်ချားတော့သည်။ အလင်းမာန်ဂိုဏ်း၏ ဂိုဏ်းချုပ်ဆိုသူမှာ တကယ်ပင် ကြောက်စရာ ကောင်းလှသော သိုင်းပညာရှင် တစ်ဦး ဖြစ်လေသည်တကား။ သူမ၏ စိတ်ထဲတွင် တုန်လှုပ်စွာ တွေးတောနေမိသည်။

"သူ ငါ့ခေါင်းက ပန်းကို ယူသွားတာတောင် ငါ ဘာမှ မသိလိုက်ဘူး၊ တကယ်လို့ သူကသာ ငါ့ကို သတ်ချင်ရင် ငါ့ရဲ့ နားထင်ကြောကို တစ်ချက်နှိပ်လိုက်ရုံနဲ့ ငါ သေရတော့မှာပဲ"

သို့သော် သူမသည် သူမ၏ တုန်လှုပ် ချောက်ချားစိတ်ကို လုံးဝ ဖော်မပြချေ။ ဟန်မပျက်ပြင် ပြုံးနေပေသေး၏။ ပရိယာယ် ကောင်းလွန်းသော မိန်းကလေးပါပေ။

"ရှင့် ကျွန်မ ခေါင်းပေါ်က ပန်းကို လိုချင်ရင် ပြောရောပေါ့၊ ကျွန်မက မပေးချင်ဘဲ နေပါ့မလား၊ ဒီလို လုယူဖို့ မလိုပါဘူး"

ဟူကျင်းသည် သူမ၏ စကားကြောင့် အကြီးအကျယ် ရှက်သွားပြီး သူမ၏ ပန်းပွင့်ကို ပစ်ပေးလျက် လှည့်ထွက်ခဲ့လေသည်။

ထိုစဉ် ကျောက်မိန်က စားပွဲနားတွင် မှီရပ်ရင်း အော်ပြောလိုက်သည်။



"ကျန်းဟူကျင်း ရှင် သတ္တိရှိရဲ့လား၊ သတ္တိရှိရင် ကျွန်မရှေ့ သုံးလှမ်းအထိလျှောက်ခဲ့စမ်းပါ၊ ကျွန်မအကြောင်း သိသွားမယ်"

သို့သော် ဟူကျင်းက အရေးမစိုက်။ ခပ်ပြုံးပြုံးဖြင့်ပင် ပြန်ပြောလိုက်သေးသည်။

"ကျုပ်က အစကတည်းက သတ္တိရှိတဲ့လူမှ မဟုတ်ဘဲဗျာ၊ ခင်ဗျား ပြောချင်ရာ ပြောပါ၊ ကျုပ် ခံနိုင်ပါတယ်"

ဟူကျင်းသည် ကျောက်မိန်ကို လုံးဝ အယုံအကြည် မရှိတော့ချေ။ ထို့ကြောင့် သူ့လမ်း သူသွားရန် ပြင်ဆင်လိုက်သည်။

ကျောက်မိန်သည် သူမ၏ အကြံအစည် မအောင်မြင်လိုက်သဖြင့် မျက်နှာတစ်ချက် ပျက်သွားရာမှ ချွေးမြေ့ ကြော့ကွဲသော အသံဖြင့် ထပ်မံ ပြောလာပြန်သည်။

"တော်ပြီ တော်ပြီ၊ ဒီနေ့တော့ ကျွန်မအဖို့ လုံးလုံးရှုံးပြီ၊ ဒီတော့ လူ့ပြည်မှာ အသက်ရှင်နေလို့ ဘာအဓိပ္ပာယ် ရှိတော့မှာလဲ"

သူမသည် ဓားမြှောင်တစ်ချောင်းကို အဆင်သင့် ကိုင်ထားကာ ဟူကျင်းအား အော်၍ ပြောလိုက်သည်။

"ကျန်းဟူကျင်း၊ ရှင်နဲ့တွေ့တာ ကျွန်မအဖို့ ဘာမှ အကျိုးမရှိဘူး၊ ရှင့်ကျေးဇူးလဲ ဘာမှ မရှိဘူး၊ သေသွားလဲ ရှင့် ကျေးဇူးကို အမှတ်ရနေဖို့ မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ခေါင်းကို စောင်းငဲ့ကြည့်လိုက်သောအခါ ကျောက်မိန်သည် မားမြောင်နှင့် သူမ၏ ရင်ဝသို့ ထိုးစိုက်လိုက်သည်ကို တွေ့ရ၏။ ဟူကျင်းသည် ခနဲ့ပြုံး ပြုံး၍…

“ဟင်း ဟင်း ဟင်း၊ ကျုပ်က လူပါး ဖြစ်သွားပြီ၊ ခင်ဗျားရဲ့ လှည့်ကွက်ထဲကိုတော့ ကျုပ် မဝင်တော့ပါဘူး”

သို့သော် သူ့စကားသည် ရုတ်တရက် ရပ်ဆိုင်းသွားသည်။ အကြောင်းမှာ ကျောက်မိန်သည် တကယ်ပင် သူ၏ ရင်ဝသို့ ထိုးစိုက်လိုက်ခြင်း ဖြစ်သဖြင့် အားခနဲ တစ်ချက်အော်ကာ စားပွဲခုံဆီသို့ လဲကျသွားလေ၏။

ဟူကျင်းသည် တကယ်ပင် တုန်လှုပ်ချောက်ချားသွားသည်။ ကျောက်မိန်ဆိုသည့် မိန်းကလေးသည် ဤမျှ စိတ်ကြီးလိမ့်မည်ဟု သူ မထင်ခဲ့ချေ။ သူ၏ စိတ်ထဲတွင် ထိုဓားသည် သူမ၏ နှလုံးသားကိုသာ မထိုးစိုက်မိပါက သူ ကယ်တင်ပေးနိုင်လိမ့်မည်ဟု ယူဆလိုက်သည်။ ထို့ကြောင့် ချက်ချင်းပင် သူမနားသို့ ကပ်လာပြီး ပခုံးကို ဆွဲလှည့်ကြည့်ရန် ဟန်ပြင်လိုက်စဉ် ရုတ်တရက် ဟူကျင်း နင်းထားသော ကြမ်းခြေနင်းသည် အောက်သို့ ကျွံဝင်သွားလျက် ဟူကျင်းသည်လည်း အောက်သို့ ပြုတ်ကျသွားတော့၏။ ဟူကျင်းသည် ရင်ထိတ်သွားသည်။ ကျောက်မိန်၏ လှည့်ကွက်အတွင်း ဝင်မိပြီကို ရုတ်တရက် သိလိုက်သည်။ အောက်သို့ ကျွံလျှင်ကျွံခြင်း



အကျီလက်စရှည်ဖြင့် စားပွဲခုံအစွန်းသို့ လှမ်းရိုက်လိုက်သည်။ ထိုရိုက်ချက်သာ စားပွဲစွန်းကို ရိုက်မိလျှင် အားပြုစရာ ရသွားပြီး ဟူကျင်းအနေဖြင့် ချက်ချင်း ခုန်တက်လာနိုင်သည်။

သို့သော် ထိုအကွက်ကို ကျောက်မိန်က မြင်ပြီးသား ဖြစ်သည်။ သူမသည် သူ့ကိုယ်သူ ဟန်ဆောင်ထိုးခြင်းသာ ဖြစ်ရာ ဟူကျင်း အကျီနှင့် ရိုက်လိုက်သည်နှင့် ဟူကျင်း၏ လက်ကို လက်ဝါးစောင်းဖြင့် ရိုက်ချလိုက်တော့၏။ ထို့ကြောင့် ဟူကျင်းသည် ထောက်ခံအားကို ရယူနိုင်ခြင်း မရှိတော့ဘဲ ပြုဆင်းသွားတော့သည်။

သို့သော် လျှပ်တစ်ပြက်အတွင်းပင် ဟူကျင်း၏ လက်ကောက်ဝတ်သည် မြွေတစ်ကောင်အလား လိမ်ပတ်လျက် ကျောက်မိန်၏ လက်ကောက်ဝတ်ကို ဖမ်းဆုပ်မိလိုက်တော့သည်။ ကျောက်မိန်၏ လက်ကို အားပြုလျက် ခုန်တက်ရန် ကြိုးစားလိုက်သော်လည်း မအောင်မြင်တော့ချေ။ အဘယ်ကြောင့်ဆိုသော် ကျောက်မိန်သည် သူ့ထက် အများကြီး ပေါ့ပါးသောကြောင့်ပင်။

ထို့ကြောင့် နှစ်ယောက်စလုံး အောက်သို့ ကျသွားရတော့သည်။ အဖြစ်အပျက်မှာ အလွန် တိုတောင်းလှသော အချိန်ကလေးအတွင်း ဖြစ်ပွားခြင်းဖြစ်ရာ ဟူကျင်းအဖို့ အိပ်မက်တော်သကဲ့သို့ ဖြစ်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဖြန်း' ဟူသော မြည်သံနှင့်အတူ လျှို့ဝှက်ခြေနင်း ကြမ်းပေါက်သည်လည်း အလိုအလျောက် ပြန်ပိတ်သွားပေပြီ။

ဟူကျင်းသည် သူ ကျလာသောတွင်း၌ အခြေအနေကို အကဲခတ်လိုက်သည်။ အတော်နက်ကြောင်း သတိပြုလိုက်မိသည်။ အလင်းရောင် မရရှိသဖြင့် မည်းမှောင်နေသည်။

ဟူကျင်းသည် မြေကြီးပေါ်သို့ ရောက်သည်နှင့် အတွင်းအားထုတ်ကာ နံရံသို့ ဖိကပ် တွယ်တက်လိုက်သည်။ သူသည် အိမ်မြှောင်သဖွယ် အပေါ်သို့ တွယ်တက်သွားသည်။ ပြီးနောက် အံဖုံးတံခါးကို လက်ဖြင့်ထိုးဖွင့်သည်။ သူ့၌ အားပြည့်စုံ လုံးဝမရှိသဖြင့် အံဖုံးတံခါးကို မဖွင့်နိုင်တော့ချေ။ အားထုတ်လိုက်တိုင်း အောက်သို့ ပြုတ်ကျလာရတော့သည်။

ကျောက်မိန်ကမူ တခစ်ခစ်ဖြင့် ရယ်မောလျက်...

"သံချောင်း ရှစ်ချောင်းနဲ့ ထိုးပြီးပိတ်ထားတဲ့ တံခါးကို ရှင် ဒီလို အောက်က တွန်းဖွင့်လို့ ရမလား"

ဟူကျင်းသည် သူ၏ စကားကို လုံးဝ အယုံအကြည် မရှိ။ အလေးမထားတော့။ ကောက်ကျစ်လွန်းမှန်း သိသဖြင့် သူမကိုလည်း အရေးစိုက် စကားမပြောတော့။

နံရံလေးဘက်စလုံးကို လက်ဖြင့်စမ်းသပ်လျက် လျှို့ဝှက် ခလုတ်ကို ရှာဖွေကြည့်နေမိတော့သည်။ အလို လက်စသော် တော့ နံရံလေးဘက်စလုံး သံပြားတွေချည်းပါကလား။



ထိုစဉ် ကျောက်မိန်က...

"ကျွန်းဟူကျင်း၊ ရှင့်ရဲ့ အိမ်မြှောင်သိုင်းက တယ်ကောင်းပါကလား၊ ဒီနံရံတွေကို သံပြားတွေနဲ့ လုပ်ထားတာ၊ ဒီလောက်ပြောင်ချောနေတာတောင် ရှင်က တွယ်ကပ်တက်နိုင်သေးတယ်၊ ခစ် ခစ် ခစ်"

"ခင်ဗျားလဲ ကျုပ်နဲ့ အတူတူ ပိတ်မိနေတာပဲ၊ ဘာရယ်စရာ ရှိသလဲ"

ဟူကျင်းသည် ရုတ်တရက် စဉ်းစားမိလိုက်သည်

"ဒီမိန်းကလေးဟာ အင်မတန် ဉာဏ်များတဲ့ မိန်းကလေး၊ တော်တော်ကြာ ငါ့အလစ်မှာ လျှို့ဝှက်အပေါက်ကနေ ထွက်ပြေးသွားရင် ငါမှာ လွတ်လမ်းမရှိ ဖြစ်သွားလိမ့်မယ်"

သို့နှင့် ဟူကျင်းသည် ကျောက်မိန်၏ လက်ကောက်ဝတ်ကို ဖမ်းဆွဲ ဆုပ်ကိုင်လိုက်၏။ ကျောက်မိန်သည် အလန့်တကြား အော်တော့သည်။

"ရှင်... ရှင် ဒါ ဘာလုပ်တာလဲ"

"ကျုပ်က ခင်ဗျားကို ဘာမှ မလုပ်ဘူး၊ စိတ်သာချ၊ ခင်ဗျား အသက် မသေချင်ရင်တော့ တံခါးကို မြန်မြန်ဖွင့်ပါ"

ထိုအခါကျမှ ကျောက်မိန်သည် ရယ်မောနိုင်တော့သည်။

"ရှင် ဘာမှ လောမနေနဲ့၊ ကျွန်မတို့ ဒီအထဲမှာ သေတော် မသေနိုင်ပါဘူး၊ သူ့တို့ ကျွန်မကို အပြင်မှာ ရှာမတွေ့ရင် ဒီထဲ

www.burmeseclassic.com

www.burmeseclassic.com



လာကြည့်မှာပဲ၊ အဲဒီအခါ ကျွန်မတို့ အပြင်ထွက်ရမှာပေါ့၊ အဲ တစ်ခုတော့ ရှိတယ်၊ ကျွန်မ အပြင်ထွက်သွားတယ်ထင်ပြီး လိုက်မရှာကြရင်တော့ ဒုက္ခပဲ"

"ခင်ဗျား အပိုတွေ ပြောမနေနဲ့၊ အပြင်ဘက်ကို ထွက်နိုင်တဲ့ လျှို့ဝှက်ပေါက် ဘယ်မှာလဲ၊ အဲဒီအပေါက်ကို ပြ၊ မပြရင်တော့ ကျုပ်အဆိုး မဆိုနဲ့"

"ဩော် ရှင်ဟာ အတွေးအခေါ် တယ်ညံ့ပါကလား၊ ဒီထောင်ချောက်က ရန်သူကို ဖမ်းဖို့ လုပ်ထားတဲ့ ထောင်ချောက်ရှင့်၊ ကိုယ့်ဘာသာကိုယ် ဆော့ကစားဖို့ လုပ်ထားတဲ့ ထောင်ချောက် မဟုတ်ဘူး၊ ဘယ်မှာ လျှို့ဝှက်ပေါက်လုပ်ထားပါ့မလဲ"

"ကဲပါ၊ ခင်ဗျားလဲ စကားပြောနေရတာ မောရော ပေါ့၊ ကျုပ်တို့ ကျသွားတာ အပြင်လူ မသိဘဲ ရှိမှာမဟုတ်ပါ ဘူး၊ ခင်ဗျား မြန်မြန်ဖွင့်ခိုင်းလိုက်စမ်းပါ"

"ဟင့်အင်း၊ သူ့တို့ သိမှာမဟုတ်တော့ဘူး၊ သူတို့ အားလုံး အပြင်ထွက်သွားကြပြီ၊ နက်ဖြန်ကျမှ ပြန်လာကြမှာ၊ ရှင် စိတ်အေးအေးထားပြီး ဒီမှာပဲ ကောင်းကောင်း အနားယူလိုက်ပါ၊ စောစောကပဲ ရှင် စားသောက်ထားတာပဲ၊ ချက်ချင်းတော့ ဆာမှာ မဟုတ်ပါဘူး"

ဟူကျင်း ဒေါသထွက်လာသည်။ စိတ်လည်း အလွန်ပူလာသည်။ သူတစ်ယောက်တည်း မည်မျှ အချိန်ကြာကြာ



အကြောင်းမဟုတ်ချေ။ ထို့ကြောင့် စိတ်ထဲတွင် တွေးတောလိုက်၏။

"ငါကတော့ အကြောင်းမဟုတ်ဘူး၊ ဘိုးဘိုးတို့ ရန်ရောင်တို့ကတော့ အကြောင်းဖြစ်နေပြီ၊ သူတို့ အသက်ဟာ အချိန်နဲ့ ဆက်ပြီး အရေးကြီးနေပြီ"

ထို့ကြောင့် ဟူကျင်းသည် ကျောက်မိန်၏ လက်ကောက်ဝတ်ကို အနည်းငယ် ပို၍ညှစ်လိုက်သည်။

"ခင်ဗျား ကျုပ်ကို ချက်ချင်း ပြန်မလွှတ်ရင်တော့ ကျုပ်က ခင်ဗျားကို အရင်ဆုံး သတ်မှာပဲ"

ကျောက်မိန်သည် ပြက်လုံးတစ်ခုကို ကြားသွားသည့်အလား တခစ်ခစ် ရယ်မောနေတော့သည်။ ပြီးမှ...

"ရှင်က ကျွန်မကို သတ်မယ် ဟုတ်လား၊ ကျွန်မသာ သေရင် ရှင်က တစ်သက်လုံး ဒီထောင်ချောက်ထဲက ထွက်နိုင်မှာ မဟုတ်တော့ဘူး၊ လွှတ်ပါ ကျွန်မလက်ကို၊ ဘာဖြစ်လို့ ဆွဲထားရတာလဲ"

ဟူကျင်းသည် သူမ၏ စကားကြောင့် လက်ကို အလိုလို လွှတ်ပေးလိုက်မိသည်။

သူသည် နောက်သို့ ဆုတ်သွားလျက် နံရံတွင် မှီလိုက်၏။ မည်မျှပင် သူ ဆုတ်ခွာ၍ ထိုင်သည်ဖြစ်စေ တွင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျဉ်းမြောင်းလွန်းလှသဖြင့် တစ်ယောက်နှင့် တစ်ယောက် နှစ်ပေလောက်သာ ကွာဝေးကြသည်။

ကျောက်မိန်၏ ကိုယ်သင်းနံ့ကလေးသည် ဟူကျင်း၏ နှာညွန့်ကို ချူနေသဖြင့် ဟူကျင်းသည် အူနေရ အတိုင်ရ ကျပ်လျက် ရှိနေသည်။ သူသည် ရုတ်ခြည်း မတ်တတ်ပြန်ရပ်လျက် . . .

"ကျုပ်တို့ အလင်းမာန်ဂိုဏ်းက ခင်ဗျားတို့နဲ့ ဘာ အညိုးရှိလို့ အခုလို လုပ်ကြနေရတာလဲ"

"ရှင် သိချင်ရင်တော့ ကျွန်မ အစအဆုံး ပြောပြရ မှာပေါ့၊ ထိုင်လေ၊ ကျွန်မ ပြောပြမှာပေါ့"

ဟူကျင်း၏ ခေါင်းထဲတွင် အတွေးတစ်ခု ဝင်လာသည်။ သည်မိန်းကလေးသည် အရိုးခံသဘောနှင့် အဖြစ်မှန်ကို ပြောပြ ပါက ဟူကျင်းအနေဖြင့် သိလိုသည်။ သို့သော် သည်မိန်းကလေး သည် အချိန်ဆွဲလိုခြင်းကြောင့် ပြောသည်ဆိုပါက အဖြစ်မှန် ကိုလည်း ပြောပြလိမ့်မည် မဟုတ်တော့။ မဟုတ်မမှန်သည် များကို လုပ်ကြံ လီဆယ်၍သာ ပြောမည်မှာ သေချာလှသည်။ ထိုအခါ မိမိတို့၏ ဂိုဏ်းသားများလည်း အဆိပ်သင့်၍ သေကြရပေတော့မည်။

ထို့ကြောင့် ဟူကျင်းက . . .



"ကျုပ် မသိချင်ပါဘူး၊ ခင်ဗျား လျှို့ဝှက်ပေါက်ကို [illegible]လား၊ မဖွင့်ဘူးလား ပြော"

"အပြင်မှာ လူမှမရှိတာ၊ ကျွန်မ အော်လို့ ဘာထူးမှာလဲ၊ [illegible]င်ချောက် ဘယ်လောက် လုံသလဲဆိုတာ ရှင် အသိပဲ၊ [illegible] အော်လဲ ဘာသံမှ အပြင်က ကြားမှာမဟုတ်ဘူး"

ဟူကျင်းသည် ဒေါသထွက်လာသဖြင့် သူမ၏ အကြော[illegible] ထိုးပိတ်လိုက်သည်။ ကျောက်မိန်သည် ရှောင်တိမ်းရန် [illegible]အားနိုင်သေးခင်ပင် အကြောပိတ် ခံလိုက်ရတော့သည်။

ဟူကျင်းသည် သူမ၏ လည်မျိုကို ညှစ်ကာ ခြိမ်းခြောက် [illegible]သည်။

"ဒီမှာ တွေ့လား၊ ကျုပ် အားနည်းနည်း ပိုထွက်လိုက် [illegible] ခင်ဗျား အသက်ထွက်တော့မယ်ဆိုတာ သိလား"

ဟူကျင်းနှင့် ကျောက်မိန်တို့သည် တစ်ယောက်နှင့် [illegible]ယောက် အလွန် ပူးကပ်လျက်ရှိကြသဖြင့် တစ်ယောက်၏ [illegible]သက် ဝင်သက်သည် တစ်ယောက်ကို ရိုက်ခတ်လျက် [illegible]သည်။ ဟူကျင်းသည် ဤသို့ အခြေအနေမျိုး၌ လုံးဝ [illegible]တတ်သည့် အရက်အကြောက်ကြီးသူ ဖြစ်သဖြင့် သူမကို [illegible]လိုက်ပြီး အနည်းငယ် ခွာရပ်လိုက်သည်။

ကျောက်မိန်သည် ရုတ်တရက် အိခနဲ ငိုကြွေးနေ[illegible] ငိုရှိုက်ရင်းမှ . . .

www.burmeseclassic.com



အလွန် ကြောက်လန့်သွားသည် ဟုကျင်းသည် သူ့ကို စော်ကား ပြုကျင့်တော့မည်ဟု ထင်လိုက်မိသည်။

"ရှင်… ရှင် ဘာလုပ်ပြန်တာလဲ၊ လွှတ်… လွှတ်"

"ခင်ဗျား ကျုပ်ကို ပြန်လွှတ်မယ်ဆိုရင် ခေါင်းညိတ်ပါ"

သူမသည် ရှန်းရင်းကန်ရင်း ပြောလိုက်သည်။

"ဘာဖြစ်လို့ ခေါင်းညိတ်ရမှာလဲ"

ထိုစဉ် ဟုကျင်းသည် အရေးမစိုက်တော့ဘဲ သူမ၏ ပါးစပ်ကို ပိတ်လိုက်ပြီး အခြား လက်တစ်ဘက်က နှာခေါင်းကို ပိတ်လိုက်သည်။

ထိုအခါ ကျောက်မိန်သည် အသက်မရှူနိုင်တော့ပေ။ သူမသည် အလွန် ခေါင်းမာလှသော မိန်းကလေးဖြစ်သည်။ နောက်ဆုံး အသက်မရှူနိုင်သဖြင့် သတိသာ မေ့သွားသည်။ ခေါင်းကတော့ တစ်ချက်မျှ မညိတ်ခဲ့ချေ။

* * *

ဟုကျင်းသည် သူ၏ လက်နှစ်ဘက်ကို လွှတ်ပြီးသည့် နောက် အချိန်အတန်ကြာမှ သတိပြန်ရလာသည်။ သူမသည် ဟုကျင်းအပေါ် အခဲမကျေလှသဖြင့် မျက်စောင်းတစ်ချက် ထိုးလိုက်သည်။ ထိုအခါ ဟုကျင်းက…

"ဘယ်လိုလဲ၊ တော်တော်လေး အရသာ တွေ့သွားပြီ မဟုတ်လား၊ အခု ကျုပ်ကိုလွှတ်မလား၊ မလွှတ်ဘူးလားပြော"

ကျောက်မိန်က ဒေါသဖြင့်…

"ရှင် မကျေနပ်ရင် ကျွန်မကို သတ်ပစ်လိုက်၊ ကျွန်မ အသေခံလိုက်မယ်၊ ရှင့်ကိုတော့ လွှတ်ကို မလွှတ်ဘူး"

ဟုကျင်းသည် သူ၏ တစ်သက်၌ ခေါင်းအမာဆုံး မိန်းကလေးကို တွေ့ရခြင်းပင် ဖြစ်တော့သည်။ သူသည် အံကို တစ်ချက်ကြိတ်လိုက်ရင်း…

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် လူအများကြီးရဲ့ အသက်ကို ကယ်ဖို့အတွက် ခင်ဗျားကို မညှာနိုင်တော့ဘူး၊ ဒီတစ်ခါလဲ အကြမ်းနည်းပဲ သုံးရတော့မှာပဲ၊ ကျုပ်ကို လွှတ်မပေးချင်တဲ့လူ ဒီလောက်တော့ ကြိတ်ခံပေတော့"

ပြောပြောဆိုဆိုနှင့် ဟူကျင်းသည် သူမ၏ ဘယ်ဘက် ခြေထောက်ကို ဖမ်းဆွဲ၍ ဖိနပ်ကို ချွတ်ပစ်လိုက်သည်။ ကျောက် မိန်သည် အလွန် ကြောက်သွားသည်။ ဒေါသလည်း ထွက်လာ ခဲ့သည်။

"ခွေးကောင်၊ နင် ဘာလုပ်တာလဲ"

ဟူကျင်းသည် သူမကို ဘာမျှ ပြန်၍ အဖြေမပေးတော့ ချေ။ သူမ၏ ညာဘက် ဖိနပ်ကိုလည်း ချွတ်ပစ်လိုက်ပြန်၏။ ပြီးနောက် ခြေဖဝါး နှစ်ဘက်ကို လက်ဖြင့်ဆုတ်လျက် လက်ညှိုးက ခြေဖဝါးအလယ်တည့်တည့်ရှိ 'ရုံချွန်' အကြောကို ထောက် လိုက်သည်။

ထိုသို့ ထောက်လိုက်ပြီးသည်နှင့် မိမိ၏ နေစကြာ အတွင်းအားကို ထုတ်၍ သွင်းလိုက်၊ ပြန်ရုပ်သိမ်းလိုက် စသည် ဖြင့် အသွားအပြန် လှည့်လည်နေအောင် လုပ်နေလိုက်သည်။

ရုံချွန်အကြော ဆိုသည်မှာ အလွန် ယားစေသော အကြောဖြစ်၍ ဟူကျင်း၏ အတွင်းအားဖြင့် မွှေလိုက်သော အခါ ကျောက်မိန်သည် မအောင့်နိုင်တော့ဘဲ တခစ်ခစ် ရယ်မော



ခဲ့တော့သည်။ သူမသည် ရှန်းဖယ်ရန် ကြိုးစားလိုက်သော် လည်း အကြောကို ထိုးပိတ်လိုက်သဖြင့် မရုန်းကန်နိုင်တော့ချေ။

ထို ရုံချွန်အကြော၏ ယားယံခြင်းသည် ခေတ္တခဏ ဖြစ်ပါက စည်းစိမ်တစ်မျိုး ခံစားနိုင်သည် ဖြစ်သော်လည်း ဆက်တိုက် ခံစားလာရသည့်အခါတွင်မူ အလွန် အခံရခက် သော ဝေဒနာတစ်မျိုး ဖြစ်လာတော့သည်။

နောက်ဆုံးတွင် ကျောက်မိန်သည် ရယ်ရင်းရယ်ရင်းမှ အလွန် အခံရခက်သည့်၊ အဆင့်သို့ ရောက်ရှိပြီး ငိုရသည့် အဆင့်သို့ ရောက်လာတော့၏။

ဟူကျင်းသည် ဤကဲ့သို့ အနိုင်အထက် ပြုမူမှုများကို နှစ်သက်သည် မဟုတ်သော်လည်း မိမိ၏ ဂိုဏ်းသားအများ အပြား၏ အသက်ကို ကယ်ဆယ်ရန်အတွက် စိတ်တင်း၍ ဆက်တိုက် ပြုလုပ်လိုက်ရာ ကျောက်မိန်ခမျာ သူ၏ အသည်း နှလုံးများသည် ပါးစပ်ထဲမှ ခုန်ထွက်တော့မယောင် ဝေဒနာ အပြင်းအထန် ခံစားလိုက်ရတော့၏။ သူမသည် ဝေဒနာ ခံစား နေရင်းမှ အော်ဟစ် ဆဲဆိုနေသေးသည်။

"ခွေး... ခွေးကောင်လေး၊ နင်... နင် တစ်နေ့ကျရင် ငါ့အကြောင်း သိရမယ်၊ တော်ပါပြီ၊ တော်ပါပြီ၊ တော်ပါတော့ ကျန်းဟူကျင်း ဂိုဏ်းချုပ်ကြီး၊ လွှတ်ပါတော့"

"ခင်ဗျား ကျုပ်ကိုလွှတ်မလား၊ မလွှတ်ဘူးလား ပြော"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မိန်သည်...

"လွှတ်... လွှတ်ပါတော့မယ်၊ ကျွန်မ ခြေထောက် လွှတ်ပါတော့"

ဟူကျင်းသည် စိတ်ချသွားပြီး...

"စိတ်မရှိပါနဲ့ဗျာ၊ ကျုပ်က လုပ်ချင်လွန်းလို့ မဟုတ်ပါဘူး၊ ကျုပ်လူတွေရဲ့ အသက်ကို ကယ်စရာ ရှိနေလို့ပါ"

သူမ၏ ခြေထောက်ကို လွှတ်ပေးလိုက်ပြီး အကြောကိုလည်း ဖြေပေးလိုက်၏။ ကျောက်မိန်သည် အသက်ပြင်းထန်စွာ ရှူလိုက်ရင်း ဟူကျင်းအား ဆဲဆိုလိုက်သည်။

"ခွေးကောင်လေး၊ ငါ့ဖိနပ်ကို ပြန်ဝတ်ပေး"

ဟူကျင်းသည် ဖိနပ်ကို ကိုင်၍ သူမ၏ ခြေဖဝါး လှမ်းဆွတ်လိုက်သည်။ ထိုအခါ ဟူကျင်း၏ အသွေးအသား သည် ရုတ်ခြည်း ပူနွေးလာလျက် တုန်လှုပ်ချောက်ချားသွား သည်။

စောစောတုန်းကမူ သူ၏ လွှတ်မြောက်ရေးအတွက် စိတ်ဇောသန်နေသဖြင့် အတွေ့အထိ အာရုံကို သတိ မထားမိချေ။ ယခုမူ သူမသည် စိတ်အေးလက်အေးဖြင့် ဖြူဖွေး နု သော ခြေဖဝါးကလေးများကို ကိုင်လိုက်မိသောအ တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာတော့သည်။



ကျောက်မိန်သည်လည်း ဟူကျင်းနည်းတူ ခံစားလိုက်ရသဖြင့် ခြေထောက်ကို ရုတ်တရက် ပြန်ရုတ်လိုက်မိသည်။ သူမ၏ မျက်နှာကလေးသည်လည်း ရှက်သွေးတက်လျက် ရဲရဲနီနေတော့သည်။ အမှောင်ထဲတွင် ဖြစ်သည်မို့ ဟူကျင်းအနေဖြင့် သတိမပြုမိလိုက်ချေ။

သူမသည် ငြိမ်သက်စွာဖြင့် သူမ၏ ဖိနပ်ကို သူ့ဘာသာ ပြန်ဝတ်နေသည်။ ထိုသို့ ကိုယ်စီ ငြိမ်သက်နေကြသည့်အခိုက် သူမ၏ စိတ်ထဲတွင် ထူးခြား ဆန်းကျယ်သော ခံစားချက်တစ်ခု ပေါ်လာသည်။

ထိုခံစားချက်ကား ဟူကျင်းက သူမ၏ ခြေဖဝါးကို ထပ်ကိုင်စေချင်သော စိတ်ဆန္ဒပင်တည်း။ ထိုစဉ် ဟူကျင်းက...

"မြန်မြန်လုပ်လေ၊ ကျုပ် အပြင်ထွက်ချင်လှပြီ"

သူမသည် မည်သို့မျှ ပြန်မပြောတော့။ နံရံတစ်နေရာတွင် လက်ချောင်းကလေးဖြင့် ခေါက်လိုက်သည်။ သူမသည် အချိန်းအချက် ပြုလုပ်ထားသည့် သင်္ကေတအတိုင်း ခေါက်လိုက်ခြင်းသာ ဖြစ်၏။

ထိုသို့ ခေါက်လိုက်သည်နှင့် အပေါ်မှ အမိုးတံခါးဝ အလိုလို ပွင့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် အံ့ဩ ဝမ်းသာသွားသည်။ ဤမျှ မြန်မြန်ဆန်ဆန် ဖြစ်လိမ့်မည်ဟုလည်း မထင်ခဲ့။

"ကဲ ကျုပ်တို့ ထွက်ကြစို့"

ကျောက်မိန်သည် ခေါင်းငုံ့လျက် ဘေးနားတွင်ရပ်ကာ ငြိမ်သက်နေသည်။

ဟူကျင်းသည် မိန်းမသားတစ်ယောက်ဖြစ်သော သူမအပေါ် ညှဉ်းပန်း နှိပ်စက်မိခဲ့သည်တို့ကို ပြန်လည် စဉ်းစားမိသဖြင့် များစွာ စိတ်မကောင်း ဖြစ်သွားသည်။ ထို့ကြောင့် သူ၏ ကိုယ်ကို တစ်ချက် ကိုင်းညွတ်လိုက်ပြီး...

"ကျောက်မိန်၊ စောစောတုန်းက မတတ်သာလို့ လုပ်ခဲ့ရတဲ့ အပြုအမူတွေအတွက် ကျုပ် တောင်းပန်ပါတယ်"

ကျောက်မိန်သည် သူမ၏ ကိုယ်ကို ချာခနဲ လှည့်ကာ ဟူကျင်းကို ကျောခိုင်းပစ်လိုက်သည်။ သူမ၏ ပခုံးသည် တုန်တုန်ယင်ယင်နှင့် လှုပ်ရှားနေသည်ကို ကြည့်ရခြင်းအားဖြင့် ငိုရှိုက်နေဟန် တူသည်။

ဟူကျင်းသည် ယခုမှ ကျောက်မိန်၏ အလှအပကို ခံစားလိုက်မိသည်။ စောစောကမူ သူမနှင့် ဉာဏ်ချင်းပြိုင် စိတ်မောနေရသဖြင့် သူမ၏ အလှအပများကို သတိမပြုမိခဲ့။ ယခုမူ ကျော့ရှင်းလှပသော ကိုယ်ခန္ဓာ၊ ဖြူဖွေးသေးသွယ်သော လည်တိုင်



ကြော့ကြော့ကလေးကို တွေ့ရသောအခါ ကြင်နာသနားသည့်စိတ်များ ပေါ်ထွက်လာခဲ့သည်။

ဟူကျင်းသည် တိုးညင်းသော လေသံကလေးဖြင့် နှုတ်ဆက်လိုက်သည်။

"ကျောက်မိန် ကျုပ် သွားတော့မယ်နော်၊ ကျုပ် ထပ်တောင်းပန်ခဲ့ပါတယ်"

ကျောက်မိန်၏ ခန္ဓာကိုယ်ကလေးသည် တစ်ချက် လှုပ်ရှားသွားသည်။ ဟူကျင်းက သူလှည့်လိုက်ပြီဟု ထင်လိုက်မိသည်။ သို့သော် ကျောက်မိန်သည် သူ၏ ဦးခေါင်းကို အနည်းငယ်မျှပင် စောင်းငဲ့မကြည့်တော့ချေ။

ဟူကျင်းသည် အချိန်မဆွဲရဲတော့ဘဲ တွင်းထဲမှ ခုန်ထွက်လိုက်သည်။ အပေါ်တွင် လူသူ လုံးဝမရှိ။ ထို့ကြောင့် ရှန်ကျောင်နှင့် ဘိုးဘိုး ချင်ထင်းကျက်တို့ရှိရာ နေရာသို့ မြားတစ်စင်းကို စေလွှတ်လိုက်သည်နှယ် ပြေးလွှား ထွက်ခွာသွားတော့သည်။

သူတို့ စခန်းချထားသည့် နေရာကို အဝေးမှ လှမ်းမြင်လိုက်ရသည့် အခိုက်အတန့်အတွင်း ဟူကျင်း တုန်လှုပ်သွားရ၏။ အကြောင်းမှာ မွန်ဂိုမြင်းတပ် တစ်တပ်သည် သူတို့၏ အလင်းမာန် ဂိုဏ်းသားများကို ဝိုင်းဝန်းတိုက်ခိုက်နေကြောင်း တွေ့မြင်ရသောကြောင့် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်း အလွန်စိတ်ပူနေသည်။ သူ၏ စိတ်ထဲတွင်လည်း...

"ငါတို့ဂိုဏ်းရဲ့ ခေါင်းဆောင်တွေအားလုံး အဆိပ်သင့်နေတာ ဘယ်သူက ဦးဆောင်နိုင်တော့မှာလဲ၊ ဒီ မွန်ဂိုစစ်တပ်ကို ဘယ်လို ခုခံနိုင်တော့မှာလဲ၊ ဒုက္ခပါပဲ"

သူသည် ဤသို့ တွေးမိလေလေ သူ၏ အရှိန်ကို မြှင့်၍ ပြေးလေလေဖြစ်၍ နောက်ဆုံး တိုက်ပွဲအနီးသို့ ရောက်သွားတော့သည်။ ထိုစဉ် ကြည်လင် အောင်မြင်လှသော မိန်းကလေးအသံတစ်သံကို ဟူကျင်း ကြားလိုက်ရသည်

"ရွှေအလံအဖွဲ့ အရှေ့မြောက်ဘက်ကိုတိုက်၊ ရေအလံအဖွဲ့က အနောက်တောင်ဘက်ကတိုက်"

အသံရှင်ကား ရှောင်ချောင်းတည်း။ သူမ၏ အမိန့်ပေးသံအတိုင်း အလင်းမာန် ဂိုဏ်းသားများသည် တက်ညီလက်ညီ တိုက်ခိုက်လျက် ရှိနေကြ၏။

မွန်ဂိုစစ်တပ်သည် ရှောင်ချောင်း၏ ဦးဆောင် တွန်းလှန်နေမှုကို မည်သို့မျှ ထိုးဖောက်ခြင်း မပြုနိုင်သဖြင့် အလယ်ကောင်၌ ထိုင်နေကြသည့် ခေါင်းဆောင်ပိုင်းကို မည်သို့မျှ ဒုက္ခမပေးနိုင်ကြတော့ချေ။

ကျန်းဟူကျင်းသည် သုံးလေးချက်မျှ ခုန်လိုက်သည့်အခါ သူတို့ ဂိုဏ်းသားများဘက်သို့ ရောက်သွားတော့၏။



အလင်းမာန်ဂိုဏ်းသားများသည် သူတို့၏ ဂိုဏ်းချုပ်ကြီး ပြန်ရောက်လာသည်ကို တွေ့ရသောအခါ အလွန် အားတက်ဝမ်းသာသွားကြသဖြင့် မိုးကောင်းကင် ပွင့်ထွက်မတတ် အော်ဟစ်လျက် ဩဘာသံပေးကာ မွန်ဂိုစစ်တပ်ကို တရကြမ်းဝင်ရောက် ထိုးခုတ်ကြတော့သည်။

ရန်ရောင်တို့ ခေါင်းဆောင်ပိုင်းသည် သူ၏ အမိန့်အတိုင်း မြေပြင်တွင် ထိုင်လျက် ရှိနေကြပြီး ရှောင်ချောင်းသည် တောင်ကုန်းလေး တစ်ခုပေါ်တွင် ရပ်ကာ အလင်းမာန်ဂိုဏ်းကို ဦးဆောင်နေသည်ကို တွေ့ရှိလိုက်ရသည်။

ရှောင်ချောင်းသည် ဟူကျင်း ပြန်ရောက်လာသည်ကို တွေ့ရှိသောအခါ ဝမ်းသာအားရ လှမ်းခေါ်လိုက်၏။

"အစ်ကိုလေး၊ လာပါ၊ လာပါ၊ အစ်ကိုလေး အမိန့်တစ်ချက်ပေးလိုက်တာနဲ့ ဒီတပ်တွေ လန်သွားမှာပဲ"

ဟူကျင်းက...

"မင်းပဲ ဆက်ပြီး ဦးဆောင်လိုက် ရှောင်ချောင်းရေ၊ ငါ တပ်နောက်ပိုင်းကိုသွားပြီး သူတို့ စစ်ဗိုလ်ကို သွားဖမ်းလိုက်ဦးမယ်၊ သူတို့ကို နောက်ဆုတ်ဖို့ ဒါနဲ့ အကျပ်ကိုင်ရမယ်"

ထိုစဉ် ခရာသံတစ်ခုကို ရုတ်တရက် ကြားလိုက်ရပြီး မြင်းဆယ်စီးခန့် တိုက်ပွဲဖြစ်နေရာသို့ ဒုန်းစိုင်း စီးလာနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းကမူ အလွန် မျက်စိလျင်လှသည်။ ထိုလူသိုက်ကို မြင်လိုက်သည်နှင့် မည်သူမည်ဝါတွေ ဖြစ်ကြောင်း သိလိုက်ပြီး ဖြစ်ပေသည်။

ထိုသူများသည် အခြားသူများ မဟုတ်ကြ။ ကျောက်မိန်၏ ကိုယ်ရံတော် မုဆိုးများ ဖြစ်ကြသော လေးသမား ရှစ်ယောက်နှင့် သူတို့၏ အဖွဲ့ဝင်များသာတည်း။

ဟူကျင်း ရင်ပူသွားသည်။ စိုးရိမ်စိတ်များလည်း တရိပ်ရိပ် တက်လာသည်။ သူ၏ စိတ်တွင် တီးတိုး ရေရွတ်ရင်း ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

"ဒီ လေးသမားရှစ်ယောက်ရဲ့ လေးပညာဟာ သိပ်ကောင်းတယ်၊ ဒီ ရှစ်ယောက်သာ တို့ကို ဝင်ပစ်ပြီဆိုရင်တော့ တို့ဘက်က အထိနာတော့မယ်၊ ကဲ ဒီတော့ ငါက လက်ဦးအောင် ရှင်းထားမှပဲ"

သို့သော် မုဆိုး ရှစ်ယောက်ထဲမှ ခေါင်းဆောင်သည် အမိန့်စာချွန်လွှာ တစ်ခုကို ကိုင်မြှောက်ပြရင်း အော်ဟစ် ပြောကြားလိုက်သည်။

"အမိန့်တော်ပါတယ်၊ သခင်ကြီးရဲ့ အမိန့်တော်ပါတယ်၊ အားလုံး ပြန်ဆုတ်ကြ"

ထိုစကားကို ကြားလိုက်သည်နှင့် ချက်ချင်း မွန်ဂို စစ်တပ်သည် အမြီးကုတ်သွားသော ခွေးများသဖွယ် ချက်ချင်း ဆုတ်ခွာသွားကြသည်။



ဟူကျင်းနှင့် အလင်းမာန်ဂိုဏ်းသားများသည် ဆုတ်ခွာသွားသော မွန်ဂို စစ်သားများကို ငေးမော ကြည့်နေခိုက် ကျောက်မိန်၏ မုဆိုးတစ်ယောက်သည် ဘန်းတစ်ခုကို ကိုင်၍ ဟူကျင်းရှေ့သို့ ရောက်ရှိလာသည်။ သူသည် ဦးညွှတ် အရို အသေ ပေးလိုက်ပြီး...

"ကျွန်တော်တို့ရဲ့ သခင်မလေးက ဂိုဏ်းချုပ်ကြီးကို လက်ဆောင်တစ်ခု ပေးလိုက်ပါတယ်"

ဟူကျင်းသည် ဘန်းပေါ်သို့ ကြည့်လိုက်သောအခါ အလွန် လှပသေသပ်လှသော အဝါရောင် ရွှေဘူးကလေး တစ်ဘူး တင်ထားသည်ကို တွေ့လိုက်ရသည်။

ဟူကျင်းသည် ကျောက်မိန် မည်သည့်သဘောနှင့် ပေးပို့လိုက်သည်ကို လုံးဝ မခန့်မှန်းတတ်ချေ။ သို့သော်လည်း ဘန်းပေါ်မှ ဘူးကလေးကို လှမ်းယူလိုက်သည်။ ထို လေးသမားသည် နောက်ပြန် ခြေလှမ်း သုံးလှမ်း ဆုတ်သွားပြီးမှ သူ့ လာလမ်းသို့ ပြန်လည် ထွက်ခွာသွားတော့၏။

ဟူကျင်းသည် ထွက်ခွာသွားသော လေးသမား မုဆိုး၏ ကျောပြင်ကို ငေးကြည့်နေမိရာမှ ဘူးကလေးကို ရုတ်တရက် သတိရလာသဖြင့် ရောင်ချောင်းအား လှမ်းပေးလိုက်သည်။ သူ၏ အရေးကြီးလှသော လုပ်ငန်းဖြစ်သည့် ချင်ထင်းကျော်၊ ရန်ရောင်တို့ကို အဆိပ်ဖြေ ကုသရန် ပြင်ဆင်လိုက်၏။ သူ၏

www.burmeseclassic.com

www.burmeseclassic.com



ရင်ဘတ်အတွင်းမှ ပန်းရှစ်ပွင့်ကို ထုတ်ယူလိုက်ပြီး ထိုပန်းပွင့်တို့၏ ဝတ်ဆံများကို ထပ်မံ ထုတ်ယူလိုက်ကာ ရေဖြင့် ပွက်ပွက်ဆူအောင် ကျိုချက်လိုက်သည်။ ထိုရေကို အဆိပ်သင့်သူ အားလုံးအား တိုက်ကျွေးလိုက်၏။ နာရီဝက်ခန့် ကြာသောအခါ အဆိပ်သင့်သူ အားလုံး ခေါင်းမူးဝေဒနာများ ပြေပျောက်သွားကြသည်။ သို့သော် အဆိပ်၏ ဒဏ်ရာဒဏ်ချက်များဖြစ်သည့် တစ်ကိုယ်လုံး အားအင် ကုန်ခန်းသည့် ဝေဒနာ တစ်မျိုးကိုမူ ဆက်လက် ခံစားနေကြရသေးသည်။

ကျန်းဟူကျင်းသည် စိတ်အေးသွားသဖြင့် သက်ပြင်းရှိုက် ချလိုက်သည်။

"ကျုပ်တို့အနေနဲ့ အစားအသောက်တွေကို သတိထားရမယ်၊ အစားအသောက်အထဲမှ အဆိပ်ခတ်ထားရင် ကျုပ်တို့ မျက်စိနဲ့ကတော့ သိကြမှာပဲ၊ ဒါပေမယ့် ဒီကျောက်မိန်လို မိန်းကလေးမျိုးက အင်မတန် ဉာဏ်နီဉာဏ်နက်များတာ၊ ကျုပ်တို့ မြင်နိုင်တဲ့ အဆိပ်ကို အစားအစာတွေထဲမှာ ထည့်မထားတော့ဘူး၊ ရေကန်ထဲမှာ ပေါက်နေတဲ့ ပန်းရဲ့ အနံ့နဲ့ သူ့ရဲ့ တိမ်လွှာစားအတုဆီက ထွက်လာတဲ့ အနံ့နှစ်ခု ပေါင်းလိုက်တဲ့ အခါမှ အဆိပ်တက်အောင် စီစဉ်ထားတာ၊ ဒီတော့ ကျုပ်တို့ အဆိပ်ကို မျက်စိနဲ့ ဘယ်မြင်နိုင်တော့မလဲ"

ချူထင်းသည် စိတ်မကောင်းသဖြင့် ဝင်ပြောလိုက်သည်။



"ဒါဆိုရင် ကျုပ် အပြစ်ပါပဲ၊ ကျုပ် စိတ်မထိန်းနိုင်ဘဲ တိမ်လွှာစားအတုကို ဆွဲထုတ်လိုက်မိလို့ ဒီလို ဖြစ်ကုန်ရတာပဲ"

ဟူကျင်းက နှစ်သိမ့်လိုက်သည်။

"ဒီအတွက်တော့ အစ်ကိုကြီး စိတ်မကောင်း ဖြစ်မနေပါနဲ့၊ ဒီဓားကို အစ်ကိုကြီးက ဆွဲမထုတ်ရင်လဲ ဒီမိန်းကလေးက ဖြင့်တစ်ယောက်ကို လွှတ်ပြီး ဆွဲထုတ်ခိုင်းမှာပါ၊ သူက အင်ကို စီစဉ်ထားတာပဲ"

ချူထင်းသည် တဖြည်းဖြည်း ဒေါသထွက်လာသဖြင့်...

"ကဲ ကြာတယ်၊ တို့ကို သတ်ဖို့ကြံတဲ့ အိမ်ကို မီးတိုက်မယ်"

သူ၏ စကားမဆုံးမီပင် အဝေးမှ မီးခိုးလုံးကြီးများ လိပ်လပ် တက်လာသည်ကို တွေ့လိုက်ကြရသည်။

ကျောက်မိန်သည် ချူထင်းထက် ဦးသွားချေပြီ။ ချူထင်းတို့ လာကိုပင် မစောင့်တော့၊ သူ့အိမ်ကို မီးရှို့ပစ်လိုက်ပြီ၏။ အားလုံးသည် ကျောက်မိန်၏ ဉာဏ်ထက်မြက်ပုံ၊ တင်တွေးခေါ်နိုင်ပုံတို့ကို တွေ့ရသဖြင့် အလွန် အံ့သြသွားပြီး စကားသံပင် ထွက်မလာနိုင်တော့ချေ။

ချူထင်းက ရှန်ရှောင်းဘက်သို့ လှည့်၍ ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရန်ရောင် မင်းရဲ့ စဉ်းစားတွေးခေါ်တတ်တဲ့ ဉာဏ်ကိုတော့ ငါ ဘယ်တော့မှ လိုက်လို့မီမှာ မဟုတ်ပါဘူး၊ ငါ အမြဲတမ်း အရှုံးပေးလိုက်ပါပြီကွာ"

ရန်ရောင်က ပြုံးလျက် ပြောသည်။

"ငါက မင်းထက် သာတယ်ဆိုတာ မဟုတ်ပါဘူးကွာ မင်း ထင်နေလို့ပါ၊ တကယ်တန်းကျတော့ မင်းက ငါ့ထက် ပိုတော်ပါတယ်"

ဟူကျင်းသည် သူ၏ နောင်တော်ကြီးများ တစ်ယောက်ကို တစ်ယောက် နှစ်သိမ့်လျက် တလေးတစား ပြောနေကြပုံများကို ပြုံးရယ်ရင်း ကြည့်နေရာမှ အားလုံးကို သတိပေးလိုက်သည်။

"ကဲ ကဲ၊ ကံကြမ္မာက ကျုပ်တို့ဘက်မှာ ရှိနေလို့ ဒီတစ်ပွဲမှာ ကျုပ်တို့ဘက်က ဆယ့်လေးယောက်ပဲ ဒဏ်ရာရခဲ့တယ်၊ အခု ရှေ့ခရီးဆက်ကြစို့"

သူတို့၏ ခရီးစဉ်ကြီးကား ရှည်လျားလှချေ၏။ ထို့ကြောင့် လမ်းခုလတ်အတွင်း အနားမယူဘဲနှင့် မည်သို့မျှ ရှေ့ခရီးကို ဆက်နိုင်ကြမည် မဟုတ်ချေ။ ထို့ကြောင့် လမ်းခုလတ်တွင် စခန်းတစ်ထောက်ချရပြန်သည်။ ထိုသို့ စခန်းချနေခိုက် ဟူကျင်း၏ တဲအတွင်းသို့ ရှောင်ချောင်း ဝင်လာပြီး ဟူကျင်း၏ ဝေယျာဝစ္စကလေးများကို ကူညီ ဆောင်ရွက်ပေးသည်။ ဟူကျင်းက . . .



"ရှောင်ချောင်းမင်း ဒီနေ့ သိပ်တော်တာပဲ၊ မင်းက ငါတို့ဂိုဏ်းကို မင်း အတတ်နိုင်ဆုံး ကူညီ ကာကွယ်ခဲ့တယ်၊ ဒါကြောင့် ဒီလို ဝေယျာဝစ္စတွေ လုပ်ပေးရတဲ့ အလုပ်ကို ဒီနေ့ကစပြီး မလုပ်ရတော့ဘူး"

ရှောင်ချောင်းသည် ဝမ်းသာ ကျေနပ်သော အပြုံးကလေးဖြင့် ပြန်ဖြေသည်။

"ဟင့် အင်း၊ အစ်ကိုလေးကို ပြုစုတာက ကျွန်မ ဝမ်းသာလို့ပါ၊ ဒီလိုပြုစုရတာကို အောက်တန်းကျတယ်၊ ဂုဏ်ငယ်တယ်လို့ မထင်မိပါဘူး"

ဟူကျင်းသည် သူ၏ မျက်နှာကို ရေဖြင့် ဆေးကြောနေလိုက်သည်။ ရှောင်ချောင်းသည် ဟူကျင်း လုပ်ကိုင်နေသည့်များကို စောင့်ဆိုင်းကြည့်ရှုနေရာ ဟူကျင်း ဆေးကြောပြီးသည်နှင့် ဟူကျင်း ပေးအပ်ထားသော ရွှေဘူးကလေးကို ထုတ်ပေးလိုက်၏။ သို့သော် သူမက သံသယရှိဟန်နှင့် ပြောလိုက်သည်။

"အစ်ကိုလေး သတိထားနော်၊ ဘူးထဲမှာ ဘာတွေပါမှန်း မသိဘူး၊ အဆိပ်လက်နက်ပုန်းတွေများလား မသိဘူး"

ထိုအခါ ဟူကျင်းက . . .

"အေး ဟုတ်တယ် ဒီမိန်းကလေးနဲ့ဆိုရင် တို့လေတွေချည်း အလှည့်အပတ် ခံလိုက်ကြရတာပဲ၊ ဒီတစ်ခါတော့ သတိထားမှ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရွှေဘူးကလေးကို စားပွဲခုံတစ်ခုပေါ် တင်လိုက်ပြီး ရှောင်ချောင်းကို ခပ်ဝေးဝေးသို့ ဆွဲခေါ်သွားလျက် ငွေဒင်္ဂါးပြားတစ်ခုကို ထုတ်၍ ရွှေဘူးကလေးကို ပစ်ထည့်လိုက်သည်။ 'ထန်' ခနဲ မြည်သွားပြီး ငွေဒင်္ဂါးပြားကလေးက ရွှေဘူး၏ အဖုံးကို ထိမှန်သွားသဖြင့် အဖုံးပွင့်သွားသည်။ မည်သည့် အဆိပ်လက်နက်မျှ ထွက်မလာချေ။ မည်သည့် ထူးခြားချက်မျှ လည်း မတွေ့ရချေ။

ဟူကျင်းသည် အနားသို့ သွားကြည့်လိုက်သောအခါ တွင်မူ ရွှေဘူးကလေးထဲတွင် ပန်းပွင့်ကလေးတစ်ပွင့် ရှိနေ သည်ကို တွေ့လိုက်ရသည်။ ထိုပန်းကလေးသည် ဂေဟာကြီး အတွင်း၌ ဟူကျင်းက ကျောက်မိန်၏ ခေါင်းမှ ယူလိုက်သော ပန်းပွင့်ကလေးပင်တည်း။

ဟူကျင်းသည် ထိုပန်းပွင့်ကလေးကို တွေ့ရသောအခါ ကျောက်မိန်သည် မည်သည့်ရည်ရွယ်ချက်ဖြင့် ဤသို့ ပေးပို့ လိုက်ခြင်း ဖြစ်မည်ကို လုံးဝ မစဉ်းစားတတ်အောင် ဖြစ်နေ သဖြင့် တွေဝေ ငေးမောသွားမိသည်။

ရှောင်ချောင်းကမူ ပြုံးရယ်လျက်ဖြင့် ဟူကျင်းအား ပြော လိုက်သည်။

"အစ်ကိုလေး၊ ဒီကျောက်မိန်ဆိုတဲ့ မိန်းမဟာ အစ်ကိုလေး အပေါ် သိပ်ဂရုစိုက်တာပဲနော်၊ ဒီပန်းပွင့်ကလေး တစ်ပွင့်တည်း



ကိုတောင် တကူးတက အပင်ပန်းခံပြီး လူလွှတ် ပို့နိုင်သေး တယ်"

ဟူကျင်းသည် ရုတ်တရက်ပင် ပြောလိုက်သည်။

"ပန်းဆိုတာ မိန်းကလေးတွေမှ ပန်ရတဲ့ ပစ္စည်းပဲ၊ ဘယ့်နှယ် ငါလို ယောကျ်ားကြီးတစ်ယောက်ကို လာပေးရ တယ်လို့၊ ငါက ဘာလုပ်ရမှာလဲ၊ မင်းယူပြီး ပန်လိုက်"

ရှောင်ချောင်းသည် ခေါင်းကလေးတစ်ခါခါ လက်ကလေး တကာကာဖြင့် ပြောလိုက်သည်။

"ဟာ အစ်ကိုလေးကလဲ ဒီလို ဘယ်ဖြစ်မလဲ၊ အစ်ကိုလေး ကို ဟိုက မေတ္တာ စေတနာထားပြီး ပေးလိုက်တဲ့ဟာကို ကျွန်မ လက်မခံရဲပါဘူး"

ထိုပန်းပွင့်ကလေးသည် တန်ဖိုးနည်းလှသည် မဟုတ် ချေ။ သဘာဝပန်းပွင့် မဟုတ်ချေ။ ကတ္တီပါပိတ်တွင် ပုလဲလုံး ကလေးများ သီလျက် ပြုလုပ်ထားသော ပန်းကလေးဖြစ်သည်။

ဟူကျင်းသည် ပန်းပွင့်ကလေးကို ကိုင်၍ "ရော့"ဟု ပြောပြီး ပစ်စိုက်လိုက်ရာ ရှောင်ချောင်း၏ ဆံပင်ကြားတွင် ထိုးစိုက်သွားလေတော့သည်။ ရှောင်ချောင်းသည် ထိုပန်းပွင့် ကလေးကို ပြန်ဖြုတ်ရန် လက်ဟန်ပြင်လိုက်သည်။

ရှောင်ချောင်းသည် ပါးကလေးနှစ်ဘက် နီရဲလျက် ခေါင်းငုံ့ ထားရင်းမှ . . .

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက လိုချင်ပါတယ်၊ ဒါပေမယ့် သခင်မလေး ရန်ဝေ တွေ့သွားရင် စိတ်ဆိုးနေမှာ စိုးရိမ်လို့ပါ"

"မင်း ဒီနေ့ ငါတို့ဂိုဏ်းအတွက် ဒီလောက်တောင် အကျိုးပြုခဲ့တာပဲ၊ မင်းကို ရန်ဝေ မယုံသင်္ကာ ဖြစ်စရာ မလို တော့ပါဘူး၊ ကဲ ယူသွားပေတော့"

ထိုမှ ရှေ့ခရီးသို့ ဆက်ကြရပြန်သည်။

ဟူကျင်းတို့ လူသိုက်သည် လမ်းခရီးတစ်လျှောက်လုံး၌ ကျောက်မိန်အကြောင်းသာ ပြောဆိုလာမိကြသည်။ သို့သော် ကျောက်မိန်၏ ဇစ်မြစ်အခြေအနေကိုမူ မည်သူတစ်ယောက်မျှ သိမထားကြချေ။ ဤသို့ဖြင့် နောက်ဆုံးတွင် ရှောင်လင် ဘုရားကျောင်း တည်ရှိရာ ရှောင်ဆက်တောင်သို့ ရောက်ရှိလာ ကြတော့သည်။ ဟူကျင်းသည် သူ၏ နာမည်ဖြင့် ရေးထားသော စာတစ်စောင်ကို လူလွှတ်၍ ရှောင်လင် ဘုရားကျောင်းသို့ ကြိုတင် ပေးပို့နိုင်းလိုက်သည်။

ဟူကျင်းသည် ရှောင်လင်ကျောင်းသို့ မဝင်မီ အစီအစဉ် တစ်ခု ပြင်ဆင် ရေးဆွဲထားရသည်။ သူ့အနေဖြင့် ရှောင်လင် ကျောင်းတော်နှင့် မတိုက်ခိုက်လို၊ သို့သော် ရှောင်လင်ကျောင်းက တိုက်ခိုက်လာလျှင် မည်သို့ ခုခံရပါမည်နည်း။ ထို့ကြောင့် ဤ အစီအစဉ်ကို ရေးဆွဲထားခြင်း ဖြစ်သည်။



ဟူကျင်း၏ အစီအစဉ်အရ အလဲငါးဖွဲ့နှင့် ဘိုးဘိုး င်ထင်းကျက်တို့ လူအားလုံးသည် တောင်ပေါ်သို့ ရှုခင်းများကို ရောက် ကြည့်ရှုကြသည့် ခရီးသည်များအဖြစ် ဟန်ဆောင် င်းလိုက်ပြီး လူများကို ဖြန့်ထားလိုက်သည်။ မိမိ၏ လေချွန်သံ ားသည့်အခါမှ ရှောင်လင်ကျောင်းထဲသို့ ဝင်ရောက်တိုက်ခိုက် ည် ဖြစ်သည်။

ဟူကျင်းသည် အလယ်တည့်တည့်မှ လျှောက်လျက် ရောင်က ဘယ်ဘက်၊ ချင်ထင်းကျက်နှင့် ချင်ရယ်ဝမ်က ဘက်၊ သံခမောက်၊ ဖန်ဟိုဆန့်၊ ချူထင်း၊ စောပုတက် က ဟူကျင်း၏နောက်မှလိုက်ပြီး ရှောင်လင်ကျောင်းထဲသို့ ရန် ပြင်ဆင်လိုက်ကြသည်။

ထိုစဉ် ကြိုတင် စာပေးခိုင်းလိုက်သည့် ဂိုဏ်းသားသည် သြ တုန်လှုပ်စွာဖြင့် ပြန်ပြေးထွက်လာသည်ကို တွေ့လိုက် ရသည်။ ထိုသူသည် ဟူကျင်းကို အရိုအသေပေးပြီး အခြေ နေကို တင်ပြ သတင်းပို့သည်။ ရှောင်လင်ကျောင်းတိုက် ွင် လူဟူ၍ တစ်ယောက်မျှ မရှိတော့ ဟူသည့် သတင်း င်တည်း။

ဟူကျင်းတို့ အလွန် အံ့သြသွားကြသည်။ အမှန်တကယ် အားဖြင့်လည်း လူအရိပ်အယောင် တစ်ခုမျှ မတွေ့ကြရတော့ ကျောင်းတိုက်အားလုံး ဟာလာဟင်းလင်း ဖြစ်နေချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ အားလုံးသည် တားမာအဆောင်သို့ သွားကြည့်ကြသည်။ တစ်ယောက်မျှမရှိ။ ကျမ်းစာအုပ်များ သိမ်းဆည်းထားသော ပိဋကတ်တိုက်တွင်လည်း မည်သည့် ပစ္စည်းမျှ မရှိတော့။ လော်ဟန့်အဆောင်တွင်လည်း လက်နက်များ လုံး မတွေ့ရတော့။ အားလုံး ဟာလာဟင်းလင်း ဖြစ်နေချေပြီ။

ဟူကျင်းတို့ သည်အဖြစ်အပျက်မျိုးကို လုံးဝ မျှော်လင့်ထားကြသည် မဟုတ်။ ထို့ကြောင့်ပင် သူတို့၏ ဂိုဏ်းသား များကို ရုပ်ဖျက်၍ တပ်ဖြန့်ထားခဲ့ကြသေးသည် မဟုတ်ပါလား။ ယခုမှ မမျှော်လင့်သည့် အဖြစ်အပျက်များကို တွေ့လိုက်ရသောအခါ တစ်ယောက်ကိုတစ်ယောက် ငေးကြောင် ကြည့်နေမိကြတော့သည်။

ရှောင်လင်ဂိုဏ်းကြီးမှာ ဤကမ္ဘာလောကအတွင်းမှ လုံး ပျောက်ကွယ်သွားသယောင် ထင်မှတ် နေကြရတော့သည်။

ထိုစဉ် ဟူကျင်းသည် ရုတ်တရက် တစ်စုံတစ်ခု တွေ့မြင်လိုက်ရသော အမူအရာဖြင့် တားမာ ဘုရားကျောင်း ဆောင်၏ အရှေ့ဘက် ကွင်းပြင်ဆီသို့ ပြေးထွက်သွားသည်။ သူသည် သစ်ပင်ကြီးတစ်ပင်၏ ပင်စည်၌ လက်နက် တစ်ခု တရာဖြင့် ခုတ်ထစ်ထားသော အရာတစ်ခုကို တွေ့လိုက်ရ သောကြောင့် ဖြစ်ပေသည်။

ထိုအခါ သူတို့၏ ဆေးပတ်လည်ကို သေချာစွာ လှည့်လည် စစ်ဆေးလိုက်သောအခါ မှာကျောသော ကြမ်းခင်းကျောက်



ပေါ်တွင်ခြေရာ ပါးပါးများကို တွေ့ရသည့်အပြင်၊ ဓားဖြင့် ခုတ်ထစ်မိထားသော အရာများ၊ အခြားလက်နက်မျိုးစုံတို့ဖြင့် ခုတ်ထစ်မိထားသော အရာများကို တွေ့ကြရပြန်သည်။

ချူထင်းက ရန်ရှောင်အား လှမ်းမေးလိုက်သည်။ အဖြစ် များသည် ထူးဆန်းလှပြီး တော်တော်လေး ဦးနှောက်ဉာဏ် သုံး၍ စဉ်းစားရမည့်ကိစ္စ မဟုတ်ပါလား။ ထို့ကြောင့် ရန်ရှောင် အား မေးလိုက်ခြင်းဖြစ်သည်။

"ရန်ရှောင် ဒါ ဘယ်လိုဖြစ်တာလဲ"

ထိုအခါ ရန်ရှောင်က...

"ဒါက သိပ်ရှင်းပါတယ်ကွာ၊ လွန်ခဲ့တဲ့ သုံးလေးရက် လောက်က ရှောင်လင်ကျောင်းတိုက်ထဲမှာ အပြင်းအထန်ဆုံး တိုက်ပွဲကြီးတစ်ပွဲ ဖြစ်ခဲ့ရမယ်၊ ဒါက သေချာတယ်၊ ဒါပေမယ့် ရှောင်လင်ဂိုဏ်းကြီးတစ်ခုလုံး သုတ်သင်ပစ်ခံရတယ်၊ မခံရဘူး ဆိုတာတော့ ငါလဲ အသေအချာ မပြောနိုင်ဘူး"

ဖန်ဟိုဆန့်ကလည်း သူ၏ ထင်မြင်ချက်ကို ဝင်မေး သည်။

"တကယ်လို့ မင်းပြောသလို ဟုတ်တယ်ဆိုရင် ဘယ်သူ တွေ လာတိုက်သွားတာလဲ၊ သူတောင်းစားဂိုဏ်းက အင်အား ကြီးတာ မှန်ပေမယ့် ရှောင်လင်ဂိုဏ်းကို မျိုးပြုတ်သွားအောင် တော့ မတိုက်ခိုက်နိုင်ပါဘူး၊ ဒီ သိုင်းလောကမှာ ငါတို့

www.burmeseclassic.com



အလင်းမာန်ဂိုဏ်းကလွဲရင် ဘယ်ဂိုဏ်းမှ ဒီလို အင်အားမျိုး မရှိဘူး"

ထိုစဉ် ရန်ရောင်သည် "ဟာ"ခနဲ တစ်ချက်အော်လိုက်ပြီး . . .

"ဂိုဏ်းချုပ်ကြီး၊ ကျုပ်တို့ တာမား ဘုရားကျောင်းဆောင်ထဲကို ပြန်ဝင်ကြည့်ကြရအောင်"

ဟွကျင်းသည် ရန်ရောင်၏ သဘောသဘာဝကို သိသည်။ အလွန်အရေးကြီးသော အချက်တစ်ချက်ကို ရန်ရောင် စဉ်းစားမိခြင်း ဖြစ်မည်ဟု ရိပ်မိသဖြင့် ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ဝင်ကြည့်ကြစို့"

အားလုံး တားမာ ဘုရားကျောင်းဆောင်ထဲသို့ ဝင်လိုက်ကြသည်။ ထိုကျောင်းဆောင်ရှိ ဘုရားဆင်းတုတော်ကြီးသည် တံခါးဝသို့ မျက်နှာမမူဘဲ နံရံဘက်သို့ နောက်ပြန်ပြီး မျက်နှာမူနေကြောင်း တွေ့ရှိလိုက်ကြရသည်။

ရန်ရောင်သည် ချင်ထင်းကျက်ကို ခေါ်၍ နှစ်ယောက်သားအားထုတ်၍ ဆင်းတုတော်ကြီးကို မူလ မျက်နှာမူရာဘက်သို့ ပြန်လှည့်လိုက်ကြသည်။ ထိုအခါ ဆင်းတုတော်ကြီး၏ ကိုယ်တော်ပေါ်တွင် . . .

"ရှောင်လင်ဂိုဏ်းကို ဖြိုပြီးရင် ဟွတန်းဂိုဏ်းကို ဖြိုမယ်၊ ငါတို့ အလင်းမာန်ဂိုဏ်းသာ သိုင်းလောကမှာ ထိပ်သီး"ဟု ရေးသားထားသော စာကို တွေ့ကြရတော့သည်။



ချူထင်းက မေးလိုက်သည်။

"ဟေ့ ရန်ရောင်၊ ဒီ ဆင်းတုတော်ကြီးပေါ်မှာ စာရေး-ားတယ်ဆိုတာ မင်း ဘယ်လိုလုပ် သိသလဲ"

ရန်ရောင်က . . .

"ငါက သေသေချာချာ သိတာ မဟုတ်ပါဘူး၊ ဒီဆင်းတု-ာ်ရုပ်ကြီးဟာ ထုံးစံအတိုင်း ရှေ့ဘက်မလှည့်ဘဲ နောက်ဘက်-ည့်နေတော့ ငါက မယုံသင်္ကာ ဖြစ်ခဲ့တာပါ၊ နောက်တော့-ှာင်လင်ဂိုဏ်းထဲမှာ တိုက်ပွဲဖြစ်ခဲ့ပြီဆိုတာ သိရတော့ ဒီ-င်းတုတော်ရုပ် နောက်ဘက် လှည့်နေတာနဲ့ ဆက်စပ်ရမယ်လို့-ွေးမိပြီး ဒီလို လာကြည့်တာပါ"

ဖန်ဟိုဆန့်က . . .

"ဒါပေမယ့် ဒီမှာ တစ်ချက်မရှင်းဘူးကွ၊ ဒီကို လာတိုက်-ားတဲ့ လူတွေဟာ တို့ အလင်းမာန်ဂိုဏ်းကြီးကို ပုံချချင်လို့-ရေးထားပြီးမှ ဒီစာကို မမြင်အောင် ဘာဖြစ်လို့ ဆင်းတု-ာ်ကြီး နောက်ဘက် ပြန်လှည့်ထားခဲ့ရတာလဲ"

ထိုအမေးကိုမူ ရန်ရောင် ရုတ်တရက် မဖြေနိုင်။ ဤ-ချက်ကို သူ မတွေးမိခဲ့။ ထို့ကြောင့် သူသည် လေးနက်စွာ-ဉ်းစားနေလိုက်သည်။ ပြီးမှာ . . .

"ငါ့စိတ်အထင်တော့ ဒီဆင်းတုတော် လှည့်တဲ့လူဟာ-ခြားလူတစ်ယောက် ဖြစ်ရမယ်၊ ဒီလူဟာ ငါတို့ အလင်းမာန်

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းကို တိတ်တဆိတ် အကူအညီ ပေးနေတဲ့ ထိပ်သီး သိုင်းပညာရှင်တစ်ယောက် ဖြစ်ရမယ်”

ထိုစဉ် ဟူကျင်းသည် ရုတ်တရက် အော်လိုက်သည်။

“ဟာ ဒီစာကို ကြည့်စမ်း၊ စာထဲမှာ ရေးထားတယ်၊ ရှောင်လင်ဂိုဏ်းကို ဖြိုပြီးရင် ဟူတန်းဂိုဏ်းကို ဖြိုမယ်၊ ဟုတ်လား၊ အခုဆို ဟူတန်းဂိုဏ်းတော့ ဒုက္ခရောက်ပြီနဲ့တူတယ်”

ထိုစဉ် ဝေရီက . . .

“ဒါဆိုရင် မဖြစ်ဘူး၊ ကျုပ်တို့ အခုချက်ချင်း ဟူတန်းဂိုဏ်းကို ကူညီမှဖြစ်မယ်ဗျို့၊ ဒါမှ ကျုပ်တို့ဂိုဏ်းကို မတရား သက်သက် နာမည်ဖျက်တဲ့ ခွေးကောင်တွေ ဘယ်သူဆိုတာ သိရတော့မှာပဲ”

ချင်ထင်းကျက်က ဝင်ရောက် အကြံပေးသည်။

“အခု အချိန်ဆွဲနေလို့ မဖြစ်တော့ဘူး၊ ချက်ချင်းဆို ချက်ချင်း သွားကြမှ ဒီလူဆိုးတွေကို ကျုပ်တို့ မီမယ်၊ ဒီကောင်တွေ ကျုပ်တို့ထက် သုံးရက်စောပြီး ထွက်သွားကြပြီ”

ဟူကျင်းသည် သူ၏ ဆရာဘိုးဘိုး ကျန်းဆန်းဖုန်း အတွက် အလွန် စိုးရိမ်ပူပန်နေမိသည်။ ချိုးရှင်ချောင်းတို့ ဟူတန်းတောင်သို့ ပြန်ရောက်ပြီလား မသိနိုင်။ အကယ်၍ မရောက်သေးဘဲ တောင်ပေါ်တွင် ဆရာဘိုးဘိုး တစ်ယောက်



တည်း ရှိခဲ့လျှင်တော့ အခြေအနေ အလွန်ဆိုးရွားပေမည်။ ဟူကျင်းသည် ချက်ချင်းပင် အမိန့်ထုတ်လိုက်လေသည်။

“နောင်တော်ကြီးတို့ ဒီကိစ္စဟာ အလွန် ရေးကြီးလှပါတယ်၊ ဒါကြောင့် ကျုပ်နဲ့ ဝေရီ ဟူတန်းတောင်ကို အရင် သွားနှင့်မယ်၊ ကျန်တဲ့လူတွေ နောက်ကနေ အမြန်ဆုံး လိုက်ခဲ့ကြပါ၊ အားလုံးလိုက်နိုင်အောင် ရန်ရောင်နဲ့ ဘိုးဘိုးက စီစဉ်လိုက်ပါ”

သူ့စကား ဆုံးသည်နှင့် ဟူကျင်းနှင့် ဝေရီတို့ ဘုရားကျောင်းထဲတွင် မရှိကြတော့ချေ။ ကိုယ်ဖော့ သိုင်းပညာတွင် သူတို့ နှစ်ယောက်သာ အထူးချွန်ဆုံး ဖြစ်ကြသည် မဟုတ်ပါလား။ သူတို့ နှစ်ယောက်စလုံးသည် မနားမနေ ဆက်တိုက် ပြေးလွှားလာကြသည်။ အချိန်ကြာမြင့်လာသောအခါ ဝေရီသည် ဟူကျင်းလောက် အတွင်းအား မပြည့်ဝသဖြင့် ဟူကျင်းကို လိုက်မမီအောင် ဖြစ်လာသည်။

ဟူကျင်းသည် နောက်ထပ် တစ်ရက်တိတိ ခရီးဆက်ဦးမည်ကို သိသည်။ ယခုအတိုင်း ဆက်ပြေးပါက ဝေရီခမျာ အမောဆို့သွားနိုင်သည်။ ထို့ကြောင့် သူသည် မြင်းနှစ်ကောင်ကို ငှားယ်၍ ဟူတန်းတောင်သို့ သူ၏ တစ်သက်တာ၌ အလျင်အမြန်ဆုံးသော နှုန်းဖြင့် ခရီးနှင်လျက်ရှိနေချေပြီ။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၆ရ )

www.burmeseclassic.com

www.burmeseclassic.com

# အယောင်ဆောင်

အလျှင်လို အနှေးဖြစ်သည် ဟူသည့် စကားရပ်အတိုင်းပင် အလျှင်အမြန်ဆုံး နှုန်းဖြင့် ခရီးနှင်လာခဲ့ကြသော ဟူကျင်းနှင့် ဝေရိတို့မှာ အတားအဆီးများနှင့် စတင် ကြုံကြိုက်ရတော့သည်။

လမ်းခရီးတွင် သူတို့ နှစ်ယောက်အား သူတောင်းစား အဝတ်အစားများ ဝတ်ဆင်ထားကြသော လူအချို့က တားဆီး တိုက်ခိုက်ကြသည်။ ဤအခြေအနေမျိုးတွင် ဟူကျင်းအဖို့ မည်သည့် နှောင့်နှေးကြန့်ကြာမှုကိုမျှ လက်မခံနိုင်ချေ။

ထို့ကြောင့် ဝေရိက သူ့ နောက်ချန်ခဲ့လျက် ဤ

www.burmeseclassic.com

www.burmeseclassic.com



သူတောင်းစားများကို ရှင်းလင်းသုတ်သင်ခဲ့မည်ဖြစ်ကြောင်း၊ ဂိုဏ်းချုပ်ကြီး ဟူကျင်းသာ တစ်ဦးတည်း ခရီးဆက်သင့်ကြောင်း တင်ပြသဖြင့် ဟူကျင်းက လက်ခံလိုက်ပြီး ဟူတန်းတောင်တန်းသို့ ခရီးပြင်း ဆက်နှင်နေတော့သည်။

နောက်ဆုံး ဟူကျင်းသည် ဟူတန်းတောင်တန်းကို ညို့ညို့မှိုင်းမှိုင်း လှမ်းမြင်နေရပေပြီ။ သူ စီးလာသော မြင်းသည်လည်း ရှည်လျားလှသော ခရီးကြမ်းကြီးကို မရပ်မနား ဆက်တိုက် ပြေးလွှားခဲ့ရသဖြင့် ဟူတန်းတောင်တန်းနားသို့ ရောက်ရှိသော အခါ အမောဆို့လျက် ပျော့ခွေလဲကျသွားတော့သည်။ ဟူကျင်းသည် မြင်းကို သည်အတိုင်း ပစ်ထားခဲ့ပြီး ဟူတန်းတောင်ပေါ်သို့ အလျင်အမြန်ဆုံး ပြေးလွှားတက်ရပြန်တော့၏။

အချိန်ကလည်း ညနေစောင်း။ အမှောင်ရိပ်ကလည်း လွှမ်းခြုံလာသည့် အချိန်တွင် သူ၏ အရှေ့ဘက်မှ ပြင်းထန်လှသည့် မြင်းခွာသံများကို ဟူကျင်း ကြားလိုက်ရ၏။

မည်သည့် အုပ်စု၏ မြင်းများပေနည်း။

ဟူကျင်းသည် သူ၏ ပြေးနှုန်းကို တစ်ဆင့် အရှိန်တိုးမြှင့်လိုက်၏။ ထိုအခါ သူ့ရှေ့မှ မြင်းအုပ်စုများကို တွေ့လိုက်ရပေပြီ။ အတော် တောင့်တင်းသော အုပ်စုပင်ဖြစ်သည်။ လူဦးရေ နှစ်ဆယ်ခန့်ရှိလျက် ဟူတန်းတောင်သို့သာ ရှေ့ရှုလျက် ရှိနေကြ၏။



ဟူကျင်းသည် အတွင်းအား အလွန်ကောင်းလှပြီး ကိုယ်ဖော့သိုင်းပညာလည်း ထက်မြက်လှသူဖြစ်ရာ ထိုအုပ်စုများမှ ဖြတ်ကျော်တက်သွားသော်လည်း ထိုအုပ်စုသည် လုံးဝ သိလိုက်ကြချေ။

ထိုအချိန်ကျမှ ဟူကျင်းသည် သက်ပြင်းရှည်ကြီးကို ချလိုက်နိုင်တော့သည်။ များစွာ စိတ်သက်သာရာလည်း ရသွားသည်။

"အင်း တော်ပါသေးရဲ့၊ ဒီကောင်တွေကို အမီလိုက်လာနိုင်လို့"

ဟူကျင်း များစွာ အံ့သြသွားမိသည်။ မကြာမီပင် နောက်ထပ် အုပ်စုတစ်စုကို ထပ်မံ ကျော်ခဲ့ရပြန်သည်။ ဤသို့ဖြင့် ဟူကျင်းသည် နောက်ထပ် အုပ်စု ငါးစုကို ထပ်မံ ဖြတ်ကျော်လာရသော အခါတွင်မူ သူ၏ အေးချမ်းသက်သာရှိသော စိတ်ကလေးသည် ဆောက်တည်ရာ မရနိုင်လောက်အောင် ထပ်မံ ပူပင်လာရပြန်တော့သည်။

ဟူတန်းတောင်ထိပ်သို့ အုပ်စုမည်မျှ ရောက်ရှိနေပြီကို သူ မခန့်မှန်းနိုင်တော့။ ထို့ကြောင့် သူ၏ဆရာ ဘိုးဘိုးကို ကူညီနိုင်ရန်အတွက် အလျင်မြန်ဆုံး ပြေးလွှားကာ တောင်ထိပ်သို့ ရောက်ရန် အထူး ကြိုးစားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ တောင်ခါးပန်း လမ်းခုလတ်သို့ ရောက်သောအခါ အော်သံ ဟစ်သံများကို ကြားလိုက်ရသည်။ ထိုအသံများကြားရာသို့ ပြေးလွှားရင်းမှ ကြည့်လိုက်သောအခါ အင်္ကျီဖြူ ဝတ်ထားသော လူသုံးယောက်သည် ဘုန်းကြီးတစ်ပါးကို လိုက်လံတိုက်ခိုက်လျက်ရှိသည်။

တစ်ယောက်က အော်ဟစ် မေးလိုက်၏။

"ဒီဘုန်းကြီး ဟူတန်းကို ဘာလာလုပ်တာလဲ"

နောက်တစ်ယောက်က ထပ်မံ အော်လိုက်ပြန်သည်။

"ဟေ့ ဘုန်းကြီး၊ ဒီအချိန်မှာ လာသတင်းပေးလို့ ဘာအကြောင်းထူးတော့မှာလဲ၊ ဟား ဟား ဟား"

ဟူကျင်း ဝမ်းသာသွားသည်။

"လက်စသတ်တော့ ဟိုဘုန်းကြီး ရှောင်လင့်ကျောင်းတိုက်က အဖြစ်အပျက်တွေကို လာသတင်းပေးတာကိုး"

အင်္ကျီဖြူဝတ်သော လူသုံးယောက်သို့သည် ဘုန်းကြီး ရှေ့မတက်နိုင်ရန် အပြင်းအထန် တားဆီးတိုက်ခိုက်ကြသည်။ သို့သော် ထိုဘုန်းကြီး၏ သိုင်းပညာသည် အဆင့်အတန်း အလွန် မြင့်ရကား သုံးယောက်စလုံး တစ်ယောက်မျှ အနား မကပ်နိုင်ကြချေ။ များမကြာမီပင် ဘုန်းကြီးသည် တောင်ထိပ်နားသို့ ရောက်၍သွားတော့သည်။



ထိုအင်္ကျီဖြူ သုံးယောက်တို့သည် ဆက်၍ မလိုက်ဘဲ နောက်တွင် နေရစ်ခဲ့ကြတော့သည်။

ထိုစဉ် တောင်ထိပ်မှ လူတစ်ယောက်၏ အော်ဟစ်မေးမြန်းလိုက်သံ ထွက်ပေါ်လာသည်။

"ဘယ်က မိတ်ဆွေတွေများလဲ"

အသံနှင့်အတူ ကျောက်တုံးနောက်ကွယ်မှ လူလေးယောက် ထွက်ပေါ်လာသည်။ ထိုသူများသည် ဟူတန်းဂိုဏ်း၏ တတိယတပည့်များ ဖြစ်ကြသည်။ ထိုအခါ ရှောင်လင်ဘုန်းကြီးသည် သူ၏ လက်နှစ်ဘက်ကို လက်အုပ်ချီဟန် မြှောက်ပြီး . . .

"ကျုပ်က ရှောင်လင်ဂိုဏ်းက ခုံးရှန်းပါ၊ အင်မတန်အရေးကြီးတဲ့ ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး ဆရာကြီး ကျန်းဆန်းဖုန်းနဲ့ တွေ့ချင်ပါတယ်"

ခုံးရှန်း ဟူသော ဘွဲ့နာမည်ကို ကြားလိုက်ရသောအခါ ဟူကျင်း၏ စိတ်ထဲတွင် . . .

"လက်စသတ်တော့ ဒီဘုန်းကြီးလဲ 'ခုံး' ဝါတော်ရှိတဲ့ ဘုန်းကြီးပဲကိုး၊ ရှောင်လင်ကျောင်းတိုက်မှာရှိတဲ့ ခုံးဝန်၊ ခုံးကျိ၊ ခုံးရှန့်တို့နဲ့ ဝါတူနေတဲ့ ဘုန်းကြီးဆိုတော့ သိုင်းပညာ ဒီလောက် ကောင်းနေတာ ဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီး၏ ဖြေကြားချက်ကို ကြားလိုက်ရသော ဟူတန်းဂိုဏ်းသားသည် ထိုဘုန်းကြီးအား ခေါ်ဆောင်သွားတော့သည်။

ဟူကျင်းလည်း ဟူတန်းတောင်၏ ရေမြေ သဘာဝတို့ကို ရင်းနှီးကျွမ်းဝင်သူ ဖြစ်သဖြင့် တိတ်တဆိတ်ပင် နောက်မှ လိုက်သွားသည်။ ဟူတန်းဂိုဏ်းသားက မေးလိုက်သည်။

"ဘယ်လို အရေးကြီးတဲ့ ကိစ္စမျိုးလဲ"

ဘုန်းကြီးက . . .

"အရေးကြီးတာကတော့ ပြောမပြနိုင်လောက်အောင်ပါပဲ၊ ဆရာကြီး ကျန်းဆန်းဖုန်းနဲ့ တွေ့ပြီးမှ ပြီးမယ့်ကိစ္စပါ"

ဟူတန်းဂိုဏ်းသားက ဆက်လက် ရှင်းပြလိုက်သည်။

"ဆရာဘိုးဘိုး အဓိဋ္ဌာန် ဝင်နေပါတယ်၊ ဆရာဘိုးဘိုး အပြင်မထွက်တာ တစ်နှစ်တိတိ ရှိနေပါပြီ"

ဘုန်းကြီး ခုံးရှန်းသည် မျက်မှောင်တစ်ချက်ကုတ်ရင်း မေးလိုက်သည်။

"ဒီလိုဆိုရင် ချိုရွှင်ချောင်းကော"

"ချိုရွှင်ချောင်းတို့ ကွမ်းမိန်တောင်ကို သွားနေတာ ခုထက်ထိ ပြန်မလာကြသေးပါဘူး"

ထိုစကားကို ကြားလိုက်ရသောအခါ ဟူကျင်း အလွန်ထိတ်လန့်သွားတော့၏။ ကွမ်းမိန်တောင်မှ အပြန်ခရီးသည် ဤမျှ မကြာမြင့်နိုင်။ ယခုအချိန်အထိ ပြန်မရောက်သေးဟု



ဆိုလျှင် တွေးစရာအကြောင်း တစ်ချက်သာ ရှိတော့သည်။ ထိုအကြောင်း တစ်ချက်သည်ကား ချိုရွှင်ချောင်းတို့သည် လမ်းခရီးတွင် အန္တရာယ် တစ်စုံတစ်ခုနှင့် ရင်ဆိုင်တိုးနေကြရမည်မှာ သေချာခြင်းပင်တည်း။

ထိုအခါ ဘုန်းကြီးသည် အနည်းငယ် တွေးတွေးဆဆ လုပ်ပြီးမှ မေးလိုက်သည်။

"ဒီလိုဆိုရင် ရီတိုက်ရှင် ရှိသလား၊ ငါ သူနဲ့ စကားပြောချင်ပါတယ်"

"ဒီလိုဆိုရင်တော့ ဆရာတော် ဒီမှာ ခဏစောင့်ပါ၊ တပည့်တော် သွားပြီး အကြောင်းကြားလိုက်ပါ့မယ်"

ထိုလူသည် အဆောင်တစ်ခုထဲသို့ ဝင်သွားပြီး များမကြာမီပင် ပြန်ထွက်လာသည်။ ခုံးရှန်း ဆရာတော်အား ပြောကြားလိုက်သည်။

"ဦးလေးက ဆရာတော်ကို ဖိတ်ကြားလိုက်ပါတယ်၊ အခန်းထဲကို ကြွပါ"

ခုံးရှန်း ဆရာတော်သည် အဆောင်တွင်းသို့ လိုက်ပါသွားသည်။ ဟူကျင်းကမူ အတွင်းသို့ မလိုက်တော့ဘဲ အပြင်မှသာ စောင့်နေလိုက်သည်။ ဤသို့ မလိုက်ခြင်းမှာလည်း အကြောင်းရှိပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရိုတိုက်ရှင်သည် ကိုယ်လက် လုံးဝ မလှုပ်ရှားနိုင်သော်လည်း နားအာရုံ အလွန်ကောင်းသဖြင့် မိမိ လိုက်ပါသွားလျှင် ရိပ်မိမည်ကို စိုးရိမ်ရ၏။ ထို့ကြောင့် အပြင်မှသာ စောင့်ဆိုင်းလိုက်ခြင်း ဖြစ်လေသည်။

မကြာမီပင် စောစော ခုံးရှုန်းဆရာတော်အား ဦးဆောင်ကြိုဆိုခဲ့သည့် ဟူတန်းဂိုဏ်းသား ထွက်လာပြီး ဟစ်ခေါ်လိုက်သည်။

"ချင်ဖုံး၊ ပိန်ရက်"

ထိုအခါ လူငယ်နှစ်ယောက် ပြေးထွက်လာကြသည်။ ထိုလူငယ်ကလေးများသည် ဝေယျာဝစ္စ ကိစ္စများကို ဆောင်ရွက်ပေးရသည့် အစေခံ လူငယ်များ ဖြစ်သည်။ ဟူတန်းဂိုဏ်းသားက . . .

"ထမ်းစင် သွားယူကြစမ်း၊ ဦးလေး ရိုတိုက်ရှင် အခန်းထဲက ထွက်မလို့"

ဟူကျင်းအနေဖြင့် အမိန့်ပေး စေခိုင်းနေသည့် ဟူတန်းဂိုဏ်းသားကိုမူ လုံးဝ မသိချေ။ ထိုဂိုဏ်းသားသည် ရိုလင်တန်း လက်ခံလိုက်သော တပည့်သစ် ဖြစ်ဟန်ရှိသည်။

ဟူကျင်းအနေဖြင့် အစေခံ လူငယ်နှစ်ယောက်ကိုမူ ကောင်းစွာသိသည်။ သူတို့နှစ်ဦးသည် ဟူကျင်း ငယ်စဉ်အခါက



လည်ပင်းဖက် ကစားဖော်များသာတည်း။ ဟူတန်းတောင်တွင် နေခဲ့ရစဉ်က သူတို့နှင့်သာ ဆော့ကစားခဲ့ရသည်။

ဟူကျင်းသည် ထိုလူငယ် နှစ်ယောက်နောက်သို့ အသာအယာ လိုက်သွားသည်။ ထမ်းစင်ထားသည့် နေရာသို့ရောက်မှ ရုတ်တရက် မေးလိုက်သည်။

"ဟေ့ ချင်းဖုံး၊ ပိန်ရက် ငါ့ကို မမှတ်မိကြဘူးလား"

ထို လူငယ်ကလေး နှစ်ယောက်တို့သည် သူတို့၏ နောက်ဘက်မှ ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် လန့်ဖျပ်သွားကြ၏။ လှည့်ကြည့်လိုက်သည့်အခါ ဟူကျင်း ဖြစ်နေမှန်း သိလိုက်ကြရ၍ ဝမ်းသာအားရ အော်ဟစ် မေးမြန်းကြသည်။

"ဟာ ဟူကျင်း၊ ဟူကျင်း၊ မင်း ပြန်လာတယ် ဟုတ်လား၊ မင်းရဲ့ရောဂါ ပျောက်သွားပြီလား"

"အေး ပျောက်သွားပါပြီ၊ ချင်းဖုံး မင်း ထမ်းမယ့် နေရာမှာ ငါ ဝင်ထမ်းမယ်၊ မင်းအစား ဟန်ဆောင်ပြီး ဦးလေး ရိုတိုက်ရှင်ကို သွားထမ်းလိုက်မယ်၊ ငါ့ကို မှတ်မိသလား၊ မမှတ်မိဘူးလားဆိုတာ သိရတာပေါ့"

ချင်းဖုံးသည် ကလေးစိတ်မျှ ရှိသူဖြစ်သဖြင့် သူ့အင်္ကျီကို ချွတ်၍ ဟူကျင်းကို ပေးလိုက်သည်။ အစေခံ တစ်ယောက်ကဲ့သို့ ခံထိုးများ ထိုးပေးလိုက်သေးသည်။ ဟူကျင်းက သူ၏ မျက်နှာကို

www.burmeseclassic.com



ဖုန်မှုန့်များနှင့် သုတ်လိုက်ရာ နီညိုရောင် အသားအရေသို့ ပြောင်းလဲ သွားတော့လေ၏။

များမကြာမီတွင် ဟူကျင်းသည် ပိန်ရက်နှင့်အတူ ရီတိုက်ရှင်ကို ထမ်း၍ ထွက်လာကြသည်။ ရီတိုက်ရှင်သည် တစ်စုံတစ်ခုကို အလေးအနက် တွေးတောနေဟန် ရှိသည်။ သူ၏ မျက်နှာသည် တည်ကြည်လွန်းလျက်ရှိပြီး ဟူကျင်းကိုလည်း လုံးဝ သတိမပြုမိချေ။ ရီတိုက်ရှင်က . . .

"အနောက်ဘက်ကိုသွား၊ ဆရာဘိုးဘိုးက အနောက်ဘက် အဆောင်မှာ"

ဘုန်းတော်ကြီး ခုံးရှန်းသည် ထမ်းစင်ဘေးမှ အတူတကွ ပါလာသည်။ မကြာမီပင် အနောက်ဘက် အဆောင်သို့ ရောက်ရှိလာကြ၏။

ရီတိုက်ရှင်သည် သူ၏ ဆရာအား အကြောင်းကြားရန် ဟန်ပြင်လိုက်သည်။ သို့သော် . . .

"ရှောင်လင်ဂိုဏ်းက ဘယ်ဆရာတော်ကြီး ကြွရောက်လာတာလဲ"

ဆရာကြီး ကျန်းဆန်းဖုန်း၏ အိုမင်း ရင့်ရော်သော အသံသည် အတွင်းဘက်မှ ထွက်ပေါ်လာသည်။ မေးသံဆုံးသွားသည်နှင့် ကျန်ဆန်းဖုန်းသည် အိပ်ခန်းထဲမှ ထွက်ပေါ်လာသည်။



ဘုန်းကြီး ခုံးရှန်းသည် ရင်ထဲမှ တုန်လှုပ်သွားမိသည်။ မည်သူသည် မိမိရောက်လာကြောင်း လျှို့ဝှက်၍ အကြောင်းကြားထားသနည်း။ သို့မဟုတ်ပါက မိမိ ရောက်လာကြောင်း ကျန်းဆန်းဖုန်း မည်သို့ သိရှိသွားသနည်း။ ထို့ကြောင့် စိတ်ထဲ၌ တအံ့တဩ ရေရွတ်နေမိလေ၏။

"ငါ့ကို မတွေ့ရသေးဘဲနဲ့ ငါ့ကို ရှောင်လင်ဂိုဏ်းက ဘုန်းကြီးမှန်း သူ ဘယ်လိုလုပ် သိတာလဲ၊ ကျွန်ုပ်တို့ ဂိုဏ်းသားထဲက တစ်ယောက်ယောက်ကတော့ ကြိုတင်ပြောထားပြီနဲ့ တူတယ်"

အမှန်စင်စစ် ရှောင်လင်ဘုန်းကြီး တွေးထင်သကဲ့သို့ မဟုတ်ချေ။ ကျန်းဆန်းဖုန်းသည် သိုင်းပညာကို တစ်နေ့ထက် တစ်နေ့ ပိုမိုမြင့်မား နက်ရှိုင်းစွာ ကျွမ်းကျင် တတ်မြောက်လျက် အမြင့်မားဆုံးသော အဆင့်သို့ ရောက်ရှိနေခြင်း ဖြစ်သဖြင့် ခြေသံ ကြားလိုက်သည်နှင့် ထိုခြေသံရှင်၏ အတွင်းအား သိုင်းပညာအဆင့်ကို ခန့်မှန်းနိုင်ပြီဖြစ်သောကြောင့် မည်သည့် ဂိုဏ်းမှလူဟူ၍ အတိအကျ ပြောနိုင်ခြင်း ဖြစ်ပေသည်။

ဟူကျင်း၏ သိုင်းပညာမှ ခုံးရှန်းထက် များစွာ မြင့်မားလှ၍ အလိုလို ထိန်းချုပ်နိုင်သော အဆင့်သို့ ရောက်ရှိနေပြီ ဖြစ်ရာ ကျန်းဆန်းဖုန်းအနေဖြင့် ဟူကျင်း၏ ခြေသံမှ သူ၏ သိုင်းပညာ အတိမ်အနက်ကို တန်ပြန် နားထောင် မရနိုင်ခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် သူ၏ ဆရာဘိုးဘိုးကို တွေ့ရှိနိုင်ရန် များစွာ စိတ်ဆန္ဒ ပြင်းပြခဲ့သည်။

သို့သော် သူ၏ ဆရာဘိုးဘိုးထံသို့ သွားရောက်ရန် အခြေအနေက လုံးဝ မပေးခဲ့သဖြင့် ဟူတန်းတောင်သို့ မရောက်နိုင်တော့ဟု ထင်ခဲ့သည်။ ယခုမူ အခြေအနေက တွန်းပို့လာပြန်သည်ဖြစ်ရာ သူ၏ ဆရာဘိုးဘိုးအား ဝမ်းနည်း ဝမ်းသာ တွေ့ရှိရတော့သည်။

သူ၏ ဆရာဘိုးဘိုးသည် ယခင်နှင့် ယခု များစွာ ပြောင်းလဲခြင်း မရှိလှချေ။ ဆံပင်ဖြူများနှင့် မုတ်ဆိတ်ဖြူကြီးများသည် ယခင်ကအတိုင်းပင်။ ရုပ်ရည် အနည်းငယ် အိုမင်းရင့်ရော်သွားသည်မှလွဲ၍ ထူးထူးခြားခြား ပြောင်းလဲခြင်း မရှိလှပေ။

ဟူကျင်းသည် သူ၏ ဆရာဘိုးဘိုးကို တွေ့မြင်လိုက်ရသည်နှင့် နှလုံးသားမှ လှိုက်၍ တက်လာသော မျက်ရည်များသည် မျက်ဝန်းနှင့်အမျှ လျှံတက်လာတော့သည်။

သူ၏ ထူးခြားသော အမှုအရာ ဟန်ပန်ကို ယခုအချိန်တွင် သူ၏ ဆရာဘိုးဘိုး တွေ့မြင်သွား၍ မဖြစ်ကြောင်း သိသည်နှင့် ဟူကျင်းသည် မျက်နှာကို ဘေးဘက်သို့ လွှဲလိုက်ရတော့သည်။



ထိုစဉ် ကျန်းဆန်းဖုန်းသည် ဘုန်းကြီး ခုံးရှန်းကို အဆောင်တစ်ခုအတွင်းသို့ ခေါ်ဆောင်သွားသည်။ ထိုအဆောင်ထဲတွင် လက်ဖက်ရည်ကြမ်းအိုး၊ ခွက် စသည့်ပစ္စည်းများ အဆင်သင့် ချထားသည်ကို တွေ့ရ၏။

"ကဲ ဘုန်းကြီးမှာ အရေးကြီး ပြောစရာစကား ရှိတယ် မဟုတ်လား၊ ပြောနိုင်ပါပြီ"

ကျန်းဆန်းဖုန်းသည် ခုံးရှန်းဘုန်းကြီး ပြောပြနိုင်ရန် နိဒါန်းသွယ် လမ်းကြောင်းပေးလိုက်သည်။ ထို့ကြောင့် ခုံးရှန်းက အခြေအနေများကို ပြောပြတော့သည်။

"ဆရာကြီး...ရှောင်လင်ကျောင်းအဖို့ အနှစ်နှစ်ထောင်အတွင်းမှာ တစ်ခါမှ မတွေ့ကြုံခဲ့ရတဲ့ ကပ်ဆိုးကြီးတစ်ခု ဆိုက်ရောက်ခဲ့ရပါပြီ၊ ရှောင်လင်ကျောင်းတိုက်က ဂိုဏ်းချုပ်ကြီး ခုံးဝန်ကအစ ဘုန်းကြီးတွေအားလုံး ကျဆုံးသူကျဆုံး၊ ဖမ်းချုပ်ခံရသူက ခံရနဲ့ အခြေအနေဆိုးကြီးထဲမှာ ကျရောက်ခဲ့ရပါတယ်။ ဘုန်းကြီးတောင် ကံကောင်းထောက်မလို့ လွတ်မြောက်လာခဲ့ရတာပါ၊ အခုဆိုရင် ဒီ မကောင်းဆိုးဝါးဂိုဏ်းဟာ ဟူတန်းတောင်ဘက်ကို လာနေပါပြီ။ ဒါကြောင့်မို့ ဒီနေ့ သိုင်းလောကကြီးရဲ့ ကံကြမ္မာဟာ ဆရာကြီးတစ်ယောက်တည်းရဲ့ လက်ထဲမှာပဲ ကျန်နေပါတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့်ပင် ခုံးရှန်းဘုန်းကြီးသည် ချုန်းပွဲချ ငိုကြွေးလိုက်သည်။ ကျန်းဆန်းဖုန်းသည်လည်း အကြီးအကျယ် တုန်လှုပ်ချောက်ချားသွား၏။ ရုတ်တရက် စကားပင် မပြောနိုင်လောက်အောင် ဖြစ်လိုက်ရသည်။ အတန်ကြာမှ –

"ဒီ မကောင်းဆိုးဝါးဂိုဏ်းဟာ ဒီလောက်တောင် သောင်းကျန်းနေပြီကိုး၊ ရှောင်လင်ဂိုဏ်းမှာ ထိပ်သီးသိုင်းသမားတွေ ဒီလောက်အများကြီးရှိလျက်နဲ့ ဘယ်လိုဖြစ်သွားရတာလဲ"

ခုံးရှန်းက–

"ခုံးကျိဆရာတော်နဲ့ ခုံးရှန့်ဆရာတော်နှစ်ယောက်ဟာ ဂိုဏ်းသားတချို့ကို ဦးဆောင်ပြီး ကွမ်းမိန်တောင်ကို သွားကြပါတယ်။ ဒီမကောင်းဆိုးဝါးဂိုဏ်းကို ဖြိုပစ်ဖို့သွားကြတာပါ၊ ဒါပေမယ့် အခြေအနေတွေက ဘယ်လို ပြောင်းလဲသွားသလဲ မသိဘူး၊ သူတို့အားလုံးဟာ မကောင်းဆိုးဝါးဂိုဏ်းရဲ့အဖမ်းအဆီးကို ခံလိုက်ရပါတယ်၊ အဲဒီ မကောင်းဆိုးဝါးဂိုဏ်းသားတွေဟာ ခုံးကျိနဲ့ခုံးရှန့်တို့ကို အကျပ်ကိုင်ပြီး ပရိယာယ်တစ်ခု ဆင်လာကြတယ်၊ မကောင်းဆိုးဝါးဂိုဏ်းသားတွေဟာ ခုံးကျိနဲ့ခုံးရှန့်တို့ရဲ့ အဖမ်းအဆီးခံလာရတဲ့ သုံးပန်းတွေဟန်ဆောင်ပြီး ရှောင်လင်ကျောင်းတိုက်ကို ပြန်လာကြတယ်၊ ဂိုဏ်းချုပ်ဆရာတော်ကြီး ခုံးဝန်ကလဲ တကယ်ပဲ ခုံးကျိနဲ့ ခုံးရှန့် အောင်ပွဲခံပြန်လာတယ်ထင်ပြီးထွက်ကြိုဆိုခဲ့ကြတယ်၊ ခုံးကျိဆရာတော်ဟာ ခုံးဝန်



ဆရာတော်ကြီး ထွက်လာတာနဲ့ လှမ်းအော်ပြီးသတိပေးလိုက်ပေမယ့် မမီတော့ပါဘူး၊ မကောင်းဆိုးဝါးဂိုဏ်းသားတွေဟာ ဘာလက်နက်မှ ပါမလာကြတဲ့ ဘုန်းကြီးတို့ရဲ့ ဂိုဏ်းသားတွေကို ရက်ရက်စက်စက် ခုတ်ထစ်တိုက်ခိုက်တော့တာပဲ၊ နောက်ဆုံး သေသူသေ၊ အဖမ်းခံရတဲ့သူက အဖမ်းခံရနဲ့ ခုံးရှန့် ဆရာတော်ကြီးလဲ ဒီတိုက်ပွဲမှာ ကျဆုံးသွားခဲ့ရပါတယ်"

ခုံးရှန်း ဘုန်းကြီးသည် ဆက်တိုက် ပြောကြားသွားရာမှ နောက်ဆုံး စကားမဆက်နိုင်တော့ဘဲတရှိုက်ရှိုက် ငိုကြွေးနေတော့သည်။

ကျန်းဆန်းဖုန်းသည်လည်း အလွန်ရင့်နှင့်ဖွယ် ကောင်းလှသော ရှောင်တခင်တိုက်ပွဲကြီးကိုမြင်ယောင်မိဟန်ဖြင့် မသက်မသာ သက်ပြင်းကြီးတစ်ချက် ချလိုက်မိသည်။

ထိုစဉ်–ခုံးရှန်းဘုန်းကြီးသည် သူ၏ကျောတွင် သိုင်းထားသော နောက်ပိုးအိတ်ကို ဖြုတ်ချလိုက်ပြီး အထဲမှ ဆီစိမ်စက္ကူဖြင့် ထုပ်ထားသော အထုပ်ကြီးတစ်ထုပ်ကို ထုတ်ယူလိုက်သည်။ ထို ဆီစိမ်စက္ကူကို တစ်လွှာချင်း တစ်လွှာချင်း ခွာလိုက်သောအခါ ခေါင်းပြတ်ကြီးတစ်လုံး ပေါ်လာသည်။ထိုခေါင်းပြတ်ကြီး၏ မျက်စိများမှာ ပြူးထွက်လျက်ရှိပြီး အလွန်အမင်း ဒေါသထွက်နေသည့်အမူအရာမျိုးပေါ်ထွက်နေသည်။ သေပြီးသည့်နောက်၌ပင် ဤအမူအရာမျိုးပေါ်နေခဲ့သည်ဆိုပါက သူမည်မျှ

www.burmeseclassic.com

www.burmeseclassic.com



က မည်မျှ ဒေါသထွက်စရာများ ကြုံတွေ့ခဲ့ရမည်ကို ခန့်မှန်းနိုင်ပေ၏။ ထိုခေါင်းပြတ်ကြီးကား အခြားမဟုတ်ပေ။ ရှောင်လင်ကျောင်းတိုက်၌ သိုင်းပညာနှင့် ပတ်သက်၍ အကျော်ကြား ဆုံး ဆရာတော်ကြီးဖြစ်သော ခုံးရှန့် ဆရာတော်ကြီးပင်တည်း။

"ဟာ–"

ကျန်းဆန်းဖုန်း၊ရိတိုက်ရှင်နှင့် ဟူကျင်းတို့သည် ခုံးရှန်၏ ခေါင်းပြတ်ကြီးကို တွေ့လိုက်ရသောအခါ မထင်မှတ်ခြင်း၊ အံ့ညြကြေကွဲခြင်းတို့ ပေါင်းစပ်လျက် ဟာခနဲ အာမေဋိတ်သံများ ထွက်သွားကြတော့သည်။

ခုံးရှန်းသည် ခေါင်းပြတ်ကြီးကို စားပွဲပေါ်သို့ အသေအချာ ထင်လိုက်ပြီး၊ ကြမ်းပြင်သို့ ထိုင်ချကာကျန်းဆန်းဖုန်းအားဦးချကန်တော့ရင်း သူ၏ဆန္ဒကို ပြောကြားလိုက်သည်။

"ဆရာကြီးက ဘုန်းကြီးတို့ဂိုဏ်းအတွက် ပြန်ပြီး တိုက်ခိုက်ပေးပါ၊ ဘုန်းကြီးနောက်ဆုံး တောင်းပန်ပါတယ်"

ကျန်းဆန်းဖုန်းသည်လျှင်မြင်စွာဖြင့် ခုံရှန်း၏ ပခုံးကို ဆွဲထူလိုက်သည်။

"ဘုန်းကြီးတို့ရဲ့ ရှောင်လင်ဂိုဏ်းနဲ့ ငါတို့ရဲ့ဟူတန်းဂိုဏ်းဟာ အမှန်တော့ တစ်ဖွဲ့တည်းပါပဲ၊ ဒီတော့ဒီရန်ကြွေးအတွက် ဟူတန်းဂိုဏ်းက–"



ကျန်းဆန်းဖုန်း၏စကားမဆုံးမီပင် ရုတ်တရက် ဖြူးခနဲ ကျယ်လောင်သော မြည်ဟည်းသံကို ကြားလိုက်ရသည်။

ဘုန်းကြီးခုံးရှန်း၏ လက်ဝါးစောင်းနှစ်ဘက်က ကျန်းဆန်းဖုန်း၏ချက်အောက်ကို ပြင်းထန်စွာ ရိုက်လိုက်ခြင်းကြောင့် ထွက်ပေါ်လာသော အသံပင်ဖြစ်သည်။ မမျှော်လင့်ဘဲ ဖြစ်ပွားသွားသော အပြောင်းအလဲပင်တည်း။

ကျန်းဆန်းဖုန်းသည် သိုင်းပညာ၌ အထွတ်အထိပ် ရောက်နေသည်မှန်သော်လည်း လုံးဝသတိမထားမိသော အချိန်၊လုံးဝမျှော်လင့်မထားမိသော အချိန်၌မှ ခုံးရှန်း၏အလစ်တိုက်ကွက်ကို မည်သို့မျှ မရှောင်တိမ်းနိုင်တော့ချေ။ အဖြစ်အပျက်သည် အလွန်မြန်ဆန်လှသဖြင့်ရိတိုက်ရှင်နှင့်ဟူကျင်းတို့သည်လည်း ကျောက်ရုပ်ကြီးများနှယ် ငေးကြောင်မှင်တက်လျက်ဖြင့်သာ ကြည့်နေမိကြတော့သည်။

ထိုစဉ် 'ဖြန်း' ခနဲ မတိုးမကျယ် အသံတစ်ချက်ကို ကြားလိုက်ရလျက် ကျန်းဆန်းဖုန်း၏ လက်ဝါးစောင်းက ခုံးရှန်၏ငယ်ထိပ်ကို ရိုက်ချလိုက်ကြောင်း တွေ့လိုက်ကြရ၏။ ထိုအခါခုံးရှန်သည် အသံပင် မထွက်နိုင်တော့ဘဲဘိုင်းခနဲ လဲကျသွားကာ အသက်ပျောက်သွားတော့သည်။ ရိတိုက်ရှင်သည် ကမန်းကတန်းနှင့်စိုးရိမ်ကြီးစွာ လှမ်းအော်လိုက်လေသည်။

"ဆရာ–ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကျန်ဆန်းဖုန်းသည် မျက်စိမှိတ်လျက် ငြိမ်သက်စွာ ထိုင်နေပေပြီ။ ဦးခေါင်းအထက်တွင်လည်း အခိုးအငွေ့များ တလူလူထွက်နေသည်။ ကျန်းဆန်းဖုန်းသည် သူ၏အတွင်းအားဖြင့် သူ့ဒဏ်ရာကို ကုသနေခြင်းဖြစ်သည်။ ရုတ်တရက် ကျန်းဆန်းဖုန်း၏ ပါးစပ်သည် ဟ,သွားလျက် ''ဝေါ့'ခနဲ သွေးများကို သုံးကြိမ်တိတိ အန်ချလိုက်တော့သည်။ အန်ကျလာသောသွေးများကို ကြည့်လိုက်သည်နှင့် အလွန်ပြင်းထန်လှသော ဒဏ်ရာဒဏ်ချက်ပေတည်း။ သွေးများသည် လွန်စွာ နီရဲလွန်းလှသဖြင့် ဒဏ်ရာဒဏ်ချက်၏ ပြင်းထန်ပုံကို ခန့်မှန်းနိုင်လိုက်ခြင်း ဖြစ်တော့သည်။

ဟူကျင်းက စဉ်းစားလိုက်သည်။

"ငါ-အခု ဟန်ဆောင်ထားတာကို ဖော်ပြောပြပြီး ဆရာဘိုးဘိုးရဲ့ဒဏ်ချက်ကို ငါ့အတွင်းအားကို ကုပေးလိုက်ရင် ကောင်းမလား"

ထိုစဉ် အပြင်ဘက်မှ လူတစ်ယောက် ဝင်လာသည်။ စောစောကတွေ့ခဲ့သည့် ဟူတန်းဂိုဏ်းသားပင် ဖြစ်သည်။

ရိတိုက်ရှင်က မေးလိုက်သည်။

"ဘာကိစ္စလဲ-ဟေ့"

ထိုဂိုဏ်းသားသည် အရေးကြီးသောလေသံဖြင့် ပြန်လည်ဖြေကြားလိုက်သည်။



"အပြင်မှာ ရန်သူတွေ အများကြီးရောက်နေကြပါတယ်၊ အလင်းမာန်ဂိုဏ်းရဲ့အဝတ်အစားတွေ ဝတ်ထားပြီး ကျွန်တော်တို့ရဲ့ ဂိုဏ်းကြီးကို ဖြိုပစ်မယ်လို့ကြိမ်းဝါးနေကြပါတယ်"

ထိုစဉ် အလွန် အံ့ဩဖွယ်ရာ ကျန်းဆန်းဖုန်း၏ မျက်လုံးများ ပွင့်လာကာ...

"အင်း ရှောင်လင်ဂိုဏ်းရဲ့ သံမဏိလက်ဝါးရဲ့ အားကအယ်ပြင်းထန်တာကိုး၊ ဒီဒဏ်ရာကို အနည်းဆုံး သုံးလလောက်အနားယူ ကုသမှ ပျောက်တော့မှာပဲ"

ဟူကျင်းသည် သူ့ဆရာ ဘိုးဘိုး၏ စကားကို ကြားရသောအခါ မျက်ရည်ကျမိမတတ် ရင်ထဲ၌ နာကျင်စွာ ခံစားလိုက်ရသည်။ ဟူတန်းဂိုဏ်းအတွက်လည်း အလွန် ရင်လေးသွားသည်။ ကျန်းဆန်းဖုန်းက ဆက်၍...

"ဒီတစ်ခါ အလင်းမာန်ဂိုဏ်းက ငါတို့ကို လာတိုက်တာတော့ အသေအချာ အားလုံး ပြင်ဆင်ပြီးမှ လာတိုက်ကြတာပဲ၊ ဒါဆိုရင် ချီရှင်ချောင်းတို့လဲ အန္တရာယ်တွေနဲ့ တွေ့နေကြတာ သေချာပြီ"

ရိတိုက်ရှင်သည် မိမိ၏ ဆရာကို မိမိ၏ အသက်စွန့်လျက် ခံကာကွယ်ရန် စိတ်ဆုံးဖြတ်လျက် စောစောက ရန်သူများရောက်နေပြီဖြစ်ကြောင်း သတင်းလာပို့သည် ဟူတန်း ဂိုဏ်းသားအား လှမ်း၍ အမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျန်းရှင် မင်း ဆရာဘိုးဘိုးကို တောင်နောက်ဘက်
ပို့ပေးလိုက်၊ ငါ ဟိုလူတွေနဲ့ သွားတွေ့လိုက်မယ်"

ကျန်းဆန်းဖုန်းသည် သူ့တပည့် ရီတိုက်ရှင်၏ စိတ်အ
ကို ကောင်းစွာ သိသည်ဖြစ်ရာ . . .

"ရီတိုက်ရှင် သေရေး ရှင်ရေးက အရေးမကြီးပါ
ငါတို့ ဟွာတန်းဂိုဏ်းရဲ့ လျှို့ဝှက် သိုင်းပညာကို မျိုးမပြ
အနာဂတ်မှာ ဆက်လက် ရှင်သန်နေစေဖို့က အရေးကြီးတာ

"ဒီတစ်ခါ ငါ၊ အမိဋ္ဌာန်ဝင်ခဲ့တာ 'ထိုက်ကျိ'လက်
သိုင်းနဲ့ 'ထိုက်ကျိ'ဓားသိုင်းကို တီထွင်နိုင်ခဲ့တယ်၊ မင်း သေ
ချာချာ ကြည့်ထား၊ အခု ငါ မင်းကို သင်ပေးလိုက်မယ်"

ရီတိုက်ရှင်သည် သူ့ဆရာ၏ သဘောထားကို သိလို
သောအခါ များစွာ ရင်နင့်သွားသည်။ ကျန်းဆန်းဖုန်း
မည်သည့်စကားကိုမျှ မပြောတော့။ ထိုက်ကျိ လက်သီးသိုင်း
ထိုက်ကျိဓားသိုင်းကို ကစားပြလိုက်သည်။ ကစားပြပြီး
အခါ . . .

"ဒီ လက်သီးသိုင်းနဲ့ ဓားသိုင်းပညာက အားကို မ
မိအောင် သတိထားရမယ်၊ အဲဒါဟာ ဒီသိုင်းပညာမှာ အ
ကြီးဆုံး အခက်ခဲဆုံး အချက်ပဲ၊ ဘယ်သိုင်းကွက်ကိုမဆို
အရှိန်နဲ့ပဲ ကစားရမယ်၊ ကိုယ့်အားကို မထုတ်ရဘူး၊ ရှန်း



းလမ်းကြောင်းကို လိုက်ပြီး ကစားနိုင်ရမယ်၊ ဒါမှ အောင်မြင်
ယ်လို့ ဆိုနိုင်တယ်"

ထိုသို့ ပြောပြီးနောက် ထိုက်ကျိ လက်သီးသိုင်းနှင့်
းသိုင်းတို့၏ လေ့ကျင့်နည်း၊ နည်းစနစ်များကို သေချာစွာ
င်းလင်း ပြောလိုက်သည်။

ရီတိုက်ရှင်သည်း သူ့ဆရာ၏ စကားကို အထူး အာရုံ
စိုက်၍ နားထောင်နေလိုက်သည်။ သူ နားမလည်သော အချက်များ
သော်လည်း အချိန်လု၍ ရှင်းပြနေချိန် ဖြစ်သဖြင့် မည်သို့မျှ
းမြန်းတော့ဘဲ ဆက်လက်၍သာ နားထောင်နေလိုက်သည်။

ဟွာကျင်းမှာမူ အားပြောင်းအားလွှဲ သိုင်းပညာကို
တ်ကျွမ်းထားသည်ဖြစ်ရာ ယခု ထိုက်ကျိ သိုင်းပညာသည်
းပြောင်းအားလွှဲ သိုင်းပညာနှင့် အလွန် ဆင်တူလှကြောင်း
ရှိလိုက်ရသည်။ ထို့ကြောင့် သူ့အနေဖြင့် ကျန်းဆန်းဖုန်း
င်ကြားသမျှ ကောင်းစွာ သဘောပေါက် နားလည်လိုက်၏။

ထိုစဉ် အဖြင်ဘက်မှ စူးရှသော လေချွန်သံ သုံးချက်ကို
ကြားလိုက်ရပြီး လူတစ်ယောက်၏ အော်ဟစ်သံ တစ်သံကို
ည်း ကြားလိုက်ရပြန်လေသည်။

"ဟေ့ ဘယ်လိုလဲ၊ ကျန်းဆန်းဖုန်း ထွက်မလာရဲတော့
းလား၊ ဒီလိုဆိုရင် ငါတို့ ဝင်လာကြရတော့မှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံသည် အလွန် နီးကပ်သော နေရာမှ ထွက်ပေါ်လာသည့် အသံမဟုတ်ချေ။ များစွာ အလှမ်းကွာဝေးသော အရပ်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။ သူတို့၏ အသံသည် အလွန်ပြတ်သား ကြည်လင်လှသည်ဖြစ်ရာ သူတို့၏ အတွင်းအားမည်မျှ ကောင်းကြောင်း ပညာစွမ်း ပြနေခြင်းသာ ဖြစ်၏။

ရိုတိုက်ရှင်သည် ထိုလူများက သူ အလေးအမြတ်ထားသည့် ဆရာအား စော်ကားနေသည်ကို တွေ့ရသောအခါ ဒေါသအမျက် ခြောင်းခြောင်းထွက်လျက် ဒေါသတကြီးဖြင့် ပြန်အော်ရန် ဟန်ပြင်လိုက်သည်။ သို့သော် ကျန်းဆန်းဖုန်းက . . .

"ရိုတိုက်ရှင် ငါ မင်းကို ခုနကလေးတင် ဘာမှာခဲ့သလဲ။ ငါ့ စကားကို မေ့သွားပြီလား၊ ခေါင်းငုံ့မခံနိုင်တဲ့ လူက ဒီလောကကြီးလေးလှတဲ့ တာဝန်ကို ဘယ့်နှယ် ထမ်းဆောင်နိုင်တော့မှာလဲ"

ရိုတိုက်ရှင်သည် အလွန် ဝမ်းနည်းသွားသည်။ မိမိ၏စိတ်ကို မိမိ ထိန်းချုပ်ရပေမည်။ ထိုသို့ ထိန်းချုပ်ရန် အလေးအနက် မှာကြားနေပါလျက် ဆရာ့ရှေ့မှောက်တွင် စိတ်မထိန်းချုပ်နိုင်ကြောင်း ပြသမိခဲ့ပြီ။

ထို့ကြောင့် ကြေကွဲစွာဖြင့် ဆိတ်ဆိတ် နေလိုက်ရသည်။ ကျန်းဆန်းဖုန်းက . . .



"မင်း ဒုက္ခိတတစ်ယောက်ဖြစ်နေတော့ ရန်သူတွေက မင်းကို ဂရုစိုက်ကြမှာ မဟုတ်ဘူး၊ ဒါကြောင့် မင်း ဒေါသမထွက်ဘဲ စိတ်ကို ထိန်းနိုင်ဖို့သာ အရေးအကြီးဆုံးပဲ၊ ငါ ဒီလောက် ပင်ပင်ပန်းပန်း တီထွင်ခဲ့တဲ့ သိုင်းပညာဟာ တိမ်ကောပျောက်ကွယ်သွားရင်တော့ ငါတို့ ဟူတန်းဂိုဏ်းရဲ့ မဟာအပြစ်ကြီးကို ကျူးလွန်တဲ့ တရားခံဟာ မင်းပဲလို့ ငါ သတ်မှတ်လိုက်မယ်"

ရိုတိုက်ရှင်သည် တစ်ကိုယ်လုံး ဓားချွေးများ ပြန်ခဲ့ရပြီ။ မည်မျှ အခြေအနေ ဆိုးနေသည်ဖြစ်စေ မိမိ ခေါင်းငုံ့ခံနေရတော့မည်။ သူများ၏ တံတွေးခွက်တွင် ပက်လက်ပင်မက မှောက်လျက်ပင် မျောမျော အမျောခံနေလိုက်ရမည်။ သူများ၏ စော်ကား နှိပ်စက်မှုများကို ကြိတ်မှိတ် ခံနေရမည်။ သူ၏ အရေးအကြီးဆုံး တာဝန်ကြီးမှာ ဟူတန်းဂိုဏ်း၏ သိုင်းပညာမျိုးဆက်ပြုန်းမသွားအောင် ထိန်းသိမ်းနိုင်ဖို့ပင် ဖြစ်တော့သည်။

ကျန်းဆန်းဖုန်းသည် အဆောင်အပြင်သို့ ထွက်ခွာသွားတော့သည်။ ရိုတိုက်ရှင်လည်း ဟူကျင်းနှင့် ပိန်ရက်တို့၏ အကူအညီဖြင့် ထမ်းစင်ထက်မှ လိုက်လျက် ကျန်းဆန်းဖုန်း၏ နောက်မှ လိုက်လာသည်။

သူတို့ ခန်းမကြီးထဲသို့ ဝင်လိုက်သောအခါ ခန်းမကြီးထဲတွင် လူများ ပြည့်နေသည်ကို တွေ့လိုက်ရသည်။ လူတစ်ဝက်

www.burmeseclassic.com

www.burmeseclassic.com



ခန့်မှာ အလင်းမာန်ဂိုဏ်းကြီး၏ အဝတ်အစားမျိုးကို ဝတ်ဆင်ထားကြကြောင်း တွေ့ရှိရသည်။ သို့သော် ထိုလူများကို ဦးဆောင်နေသည့် လူဆယ်ယောက်ခန့်ကမူ မိမိတို့ ဝတ်ဆင်မြဲ အဝတ်အစားများ ဝတ်ထားကြသည်။ သူတို့သည် ခေါင်းဆောင်ပိုင်းဖြစ်သဖြင့် အလင်းမာန်ဂိုဏ်း အဝတ်အစားများ ဝတ်ဆင်ဟန်ဆောင်ခြင်းဖြင့် လုံးဝ သိက္ခာကျနိုင်သည်ကို သူတို့ပူမိကြဟန်ရှိသည်။

ထိုစဉ် အပြင်မှ လူတစ်ယောက်၏ အော်ဟစ်သံကို ကြားလိုက်ရသည်။

"ဂိုဏ်းချုပ်ကြီး ကြွလာပြီ"

ထိုအခါ တစ်ခန်းလုံး ငြိမ်သက် တိတ်ဆိတ်သွားတော့သည်။ ထိုစဉ် အပြင်ဘက်တွင် တင်းတိမ်များ ကာရံထားသည့် ထမ်းစင်တစ်ခု ဆိုက်ရောက်လာသည်။

ဟူကျင်းက လှမ်းကြည့်လိုက်သောအခါ ထမ်းစင်၏ ဘေးတစ်ဘက် တစ်ချက်မှ လိုက်ပါလာသူများသည် ကျောက်မိန်၏ လေးသမားရှစ်ယောက် ဖြစ်နေကြောင်း တွေ့ရှိလိုက်ရသည်။ ထမ်းစင်တွင်းမှ ယောကျ်ားပျိုတစ်ယောက် ဆင်းသက်လာကြောင်းလည်း တွေ့လိုက်ရသည်။

သူသည် အလင်းမာန် အဝတ်အစားများ ဝတ်ဆင်ထားသည်။ တစ်ကိုယ်လုံးတွင် အဖြူရောင်ဖြစ်နေပြီး ရင်ဘတ်တွင်



တောက်မီးလျှံ တစ်ခု၏ ပုံကို ရေးဆွဲထား၏။ လေးသမား ယောက်တို့ကမူ ခန်းမကြီးထဲသို့ ဝင်မလာကြဘဲ ပြင်ပ၌ စောင့် ကျန်ရစ်ခဲ့ကြသည်။ ကျန်ထိပ်သီး ဆယ်ယောက်ခန့် ကမူ ထိုယောကျ်ားပျိုကို ခြံရံလျက် ခန်းမထဲသို့ ဝင်လာကြသည်။

ထိုယောကျ်ားပျိုသည် အခြားသူ မဟုတ်ပေ။ ယောကျ်ားလေးဟန်ဆောင်ထားသော ကျောက်မိန်ပင် ဖြစ်သည်။

ထိုအခိုက် လူတစ်ယောက်သည် လျင်မြန်စွာ ထ,သွားပြီး ကျောက်မိန်ကို အရိုအသေပေးရင်း ပြောလိုက်သည်။

"ဂိုဏ်းချုပ်ကြီး၊ ဟို အဘိုးကြီးကတော့ ဟူတန်းဂိုဏ်းရဲ့ ကျန်းဆန်းဖုန်း ဆိုတာပါပဲ၊ ဟို ဒုက္ခိတကတော့ ရိတ်ကိုကျွင် ဆိုတဲ့ လူပါ"

ကျောက်မိန်သည် ခေါင်းတစ်ချက် ညိတ်ကာ ကျန်းဆန်းဖုန်းကို အရိုအသေ ပေးလိုက်သည်။

"ကျွန်မကတော့ အလင်းမာန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းပါပဲ၊ အခုလို ဆရာကြီး ကျန်းဆန်းဖုန်းနဲ့ တွေ့ရတာ အများကြီး ဂုဏ်ယူပါတယ်"

"အလို...ဘုရားရေ၊ သူက အလင်းမာန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်း ဆိုပါလား"

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် သူ့စိတ်ထဲတွင် များစွာ ဒေါသထွက်သွားလေသည်။

သူ၏ဂိုဏ်းနှင့် သူ၏ နာမည်ကို အလွဲသုံးစားလုပ်လျက် နာမည်ပျက် သိက္ခာကျအောင် ပြုလုပ်နေသည်။

ကျန်းဆန်းဖုန်းသည်လည်း "ကျန်းဟူကျင်း" ဟူသော နာမည်ကို ကြားရသောအခါ အလွန် အံ့သြသွားပေသည်။ စိတ်ထဲတွင်လည်း . . .

"ဘယ့်နှယ့် အလင်းမာန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်က မိန်းကလေး ဖြစ်နေရတာလဲ၊ နာမည်ကျတော့လဲ ငါ့မြေးလေးဟူကျင်းရဲ့ နာမည် ဖြစ်နေပါလား"

သို့သော် ကျန်းဆန်းဖုန်းသည် မည်မျှ အံ့သြသွားဟန်ကို မပေါ်လွင်စေဘဲ အေးဆေးတည်ငြိမ်စွာဖြင့် ပြောလိုက်သည်။

"ကြိုဆိုပါတယ်၊ ထိုင်ကြပါ၊ ထိုင်ကြပါ"

ကျောက်မိန် တစ်ယောက်တည်းသာ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ ကျန်လူများကမူ ကျောက်မိန်၏ ဘေးပတ်လည်၌ ဝန်းရံ ရပ်နေကြသည်။

✦ ✦ ✦

# အခန်း ( ၆ )

www.burmeseclassic.com

www.burmeseclassic.com

၁

# ထမ်းတွက် ပို့ဆောင်ခြင်း

"ငါ့ရဲ့ တပည့်လေးတွေ မင်းတို့ ဆလင်းမာန်ဂိုထ်းကို သွားနေတာ ခုထိ ပြန်မရောက်မလာကြသေးဘူး၊ ဘယ်လို အကြောင်းနဲ့ ကြာနေတာလဲ"

ကျောက်မိန် ထိုင်ခုံတွင် ဝင်ထိုင်မိသည်နှင့် တစ်ပြိုင်နက် တပည့်များအတွက် စိတ်ပူပန်နေသော ကလျန်းဆန်းဖုန်းက မေးလိုက်ခြင်းဖြစ်၏။ ကျောက်မိန်က ရယ်မောလိုက်ပြီး...

"ချိုရှင်ချောင်း၊ ရီလင်တန်း၊ ကျန်းဆုံကျိုး၊ မော်ကုဆန်းတို့ လေးယောက်ကို ပြောတာလား၊ အဲဒီ လေးယောက်စလုံး ဒဏ်ရာနည်းနည်းစီ ရထားပါတယ်၊ အသက်အန္တရာယ်တော့ မစိုးရိမ်ရပါဘူး၊ လေးယောက်စလုံးကို ကျွန်မတို့ ထိန်းသိမ်းထား ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျန်းဆန်းဖုန်းက စဉ်းစဉ်းစားစားဖြင့် ပြောလိုက်သည်။

"ဒဏ်ရာရတာတော့ မဖြစ်နိုင်ဘူး၊ ငါ့တပည့်တွေကို ဒဏ်ရာရအောင် တိုက်နိုင်မယ့်လူက ခပ်ရှားရှားပါ၊ သူတို့ အဆိပ်ဒဏ်ခံလိုက်ကြရတာပဲဖြစ်မယ်"

ကျောက်မိန်သည် အံ့ဩသွားသည်။ ရယ်မောရင်းမှ...

"ဆရာကြီးက ဒီလိုပြောတယ်ဆိုရင်တော့ ဟုတ်ပါတယ်လို့ ဝန်ခံလိုက်ရမှာပဲ"

ကျန်းဆန်းဖုန်းသည် သူ၏ တပည့်များအကြောင်းကို ကောင်းကောင်း သိသည်။ သူတို့၏ အရည်အချင်းများကို ကောင်းစွာ ယုံကြည်သည်။ အကယ်၍ သူတို့သည် ရန်သူများကို တိုက်ခိုက်ခြင်း မပြုနိုင်တော့သည့် အခြေအနေသို့ ရောက်ပါက တစ်ယောက်ယောက်သည် အပြန်ဆုံး ပြန်လာ၍ သတင်းပို့မည်မှာ သေချာလှသည်။ ယခုကဲ့သို့ တစ်ယောက်မှ ပြန်မလာနိုင်ဘဲ ဖမ်းချုပ်ခံရခြင်းမှာ မလွဲမသွေ အဆိပ်တော် ခံရ၍ ဖြစ်ရလိမ့်မည်။ ကျန်းဆန်းဖုန်းက...

"ငါ့ရဲ့တပည့် ချင်လိရှန်ကကော"

ကျောက်မိန်သည် သက်ပြင်းချလျက် အဖြေပေးလိုက်သည်။



"သူကတော့ ရှောင်လင်ဂိုဏ်းရဲ့ လက်ချက်နဲ့ တစ်ကိုယ်လုံးမှာရှိတဲ့ အရိုးတွေ ကျိုးကြေ ချေမွခံလိုက်ရတယ်၊ မသေရင်လဲ ...ကိုတဖြစ်သွားတော့မှာပါ"

ကျန်းဆန်းဖုန်းသည် ထိုစကားကို ကြားလိုက်ရသည်နှင့် အလွန် နာကျင်စွာ ခံစားလိုက်ရပြီး "ဝေါ"ခနဲ သွေးတစ်ချက် ...န်လိုက်တော့သည်။

ကျောက်မိန်နှင့်တကွ သူ့လူအားလုံးသည် ထိုအချင်း ...ရာကို တွေ့လိုက်ရသောအခါ အလွန် ဝမ်းသာသွားကြသည်။ ...ရှန်း၏ ခိုးကြောင်ခိုးဝှက် တိုက်ခိုက်ချက်သည် အောင်မြင် ...လေပြီ။

သိုင်းလောကတွင် ဤအဘိုးကြီးသာ တကယ်တမ်း ...ကြာက်စရာ အကောင်းဆုံးလူ ဖြစ်သည်။ ယခု အတော်ဆုံး ...ဘိုးကြီး၌ အတွင်းဒဏ်ရာ ရရှိနေလေပြီ။ သူ့ကို ကြောက် ...ရာ မလိုတော့။ ကျောက်မိန်က သူ၏ စကားကို စလိုက်သည်။

"ဆရာကြီး ကျွန်မ တစ်ခုပြောချင်ပါတယ်"

ကျန်းဆန်းဖုန်းက...

"ပြောပါ...ပြောပါ၊ ပြောနိုင်ပါတယ်"

"အခုဆိုရင် မွန်ဂိုဘုရင်ကြီးရဲ့ ဩဇာအာဏာဟာ တရုတ် ...ည် တစ်ပြည်လုံးကို လွှမ်းမိုး ချုပ်ကိုင်မိနေပါပြီ၊ ဘုန်းတန်ခိုး ...ယ်လောက်တောက်ပနေတယ်ဆိုတာလဲ ဆရာကြီးပဲ အသိ

www.burmeseclassic.com

www.burmeseclassic.com



ပါဝဲ၊ ဆရာကြီးကသာ မွန်ဂိုဘုရင်ကြီးရဲ့ လက်အော
အမှုထမ်းမယ်ဆိုရင် ဆရာကြီးရဲ့ ဟူတန်းဂိုဏ်းဟာ အခွ
တွေနဲ့ နာမည်ကျော်ကြားရုံတင် မကဘူး၊ ဆရာကြီးရဲ့ တပ
အားလုံးလဲ ဘေးမသီ ရန်မခ ပြန်ရောက်လာကြပါလိမ့်

"ဟား ဟား ဟား"

ကျန်းဆန်းဖုန်းသည် ကျောက်မိန်၏ စကားဆုံးသ
တစ်ပြိုင်နက် အတောမသတ် ရယ်မောနေတော့သည်။ ကျော
က မျက်နှာထား တင်းတင်းဖြင့် . . .

"ဘာရယ်စရာရှိလို့ ဒီလောက် ရယ်နေရတာလဲ၊
ဆရာကြီးတို့အားလုံး ကျွန်မနောက်ကို လိုက်ခဲ့ကြပါ"

သူ၏ စကားဆုံးသည်နှင့် သူမ၏ နောက်
လူလေးယောက် ထွက်လာကြကာ ကျန်းဆန်းဖုန်းကို ဝိုင်း
လိုက်ကြသည်။ ထို လေးယောက်စလုံးသည် တစ်ဦးနှင့်
လွန်စွာ ကွဲပြားခြားနားသော အသွင်အပြင် ရှိကြပေသ

တစ်ယောက်သည် ကြွက်သားကြီးများ အမြှောင်း
ထလျက် ကြီးမား တောင့်တင်းသော ခန္ဓာကိုယ်ကြီးရှိ

တစ်ယောက်က စုတ်ပြတ်ပေရေနေသော သူတော
အဝတ်အစားဖြင့် ရွံ့ရှာဖွယ်ရာ ရုပ်ရည်ရှိသည်။ နောက်
ယောက်က ပိန်ပါးသေးသွယ်သော ဘုန်းကြီးတစ်ပါး ဖြစ်
အခြားတစ်ယောက်ကမူ မိန်းမတစ်ယောက်သာ ဖြစ်နေ



ဟူကျင်းသည် ထွက်လာသော ထိုလေးယောက်၏ ကိုယ်ဟန်ကို ကြည့်လိုက်သည်နှင့် ထိပ်သီးသိုင်းပညာရှင်များ ဖြစ်ကြောင်း သိလိုက်လေသည်။

ဟူကျင်း အလွန် အံ့ဩနေသည်။ ကျောက်မိန်၏ လက်အောက်၌ သည်မျှ များပြားသော သိုင်းပညာရှင်များ ရှိနေလိမ့်မည်ဟု မထင်မှတ်ခဲ့ချေ။

အကယ်၍ ကျန်းဆန်းဖုန်းသာ သူတို့နှင့် လိုက်မသွားခဲ့လျှင် သူတို့သည် ကျန်းဆန်းဖုန်းကို အတင်းအကျပ် ဖမ်းဆီးခေါ်ဆောင်သွားမည်မှာ သေချာလှ၏။ ဟူကျင်းစိတ်ထဲတွင် . . .

"အင်း အခြေအနေကတော့ တော်တော့်ကို ဆိုးနေတာပဲ၊ ငါ ဝင်တိုက်ရတော့မယ်၊ ငါ တစ်ယောက်နဲ့ ဒီလောက်များများကို နိုင်ဖို့ကတော့ မလွယ်လှဘူး၊ ဒါပေမယ့် ဒီအခြေအနေရောက်မှတော့ ဘာမှ စဉ်းစားနေဖို့ မလိုတော့ဘူး"

ဟူကျင်းသည် ချက်ချင်း ခုန်ထွက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်စဉ် ရုတ်တရက် ခန်းမ၏ အပြင်ဘက်မှ တဟားဟား ရယ်သံကြားလိုက်ရပြီးလျှင် လျှပ်တစ်ပြက်အတွင်း လူတစ်ယောက်သည် သိုင်းသမား လေးယောက်ကြားမှ ခုန်လွှားရောက်ရှိလာသည်။

ကျန်းဆန်းဖုန်းကိုဝိုင်းထားသော သိုင်းသမားလေးယောက်တို့သည် ရယ်သံကြားလိုက်သည်နှင့် တစ်ယောက်တစ်ချက်စီ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်လိုက်ကြသည်။ ဝင်လာသူသည် အလွန် လျင်မြန်လှစွာ ရိပ်ခနဲ ဝင်ရောက်လာခြင်း ဖြစ်သဖြင့် ထိပ်သီး လေးယောက် စလုံးသည် ထိအောင် မတိုက်ခိုက်နိုင်ဘဲ သူတို့၏ သိုင်းကွက်များမှ လွတ်ထွက်သွားကြောင်း သိလိုက်ရသည်။

ထို့ကြောင့် ထိုလေးယောက်စလုံးသည် မျက်နှာများ ပျက်သွားကြသည်။ ဝင်လာသူသည် သာမန်လူတစ်ယောက် မဟုတ်ကြောင်း သိလိုက်ကြသည်နှင့် ချက်ချင်း နောက်ဘက်သို့ ခုန်ဆုတ်သွားကာ ထပ်မံ တိုက်ခိုက်နိုင်သည့် အနေအထားသို့ ပြင်လိုက်ကြသည်။ ထိုလူသည် ကျန်းဆန်းဖုန်းနားသို့ ရောက် သည်နှင့် တစ်ပြိုင်နက် ဒူးထောက် အရိုအသေ ပေးလိုက်ပြီး...

"အလင်းမာန်ဂိုဏ်း ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်း၏ လက်အောက်ခံ ငယ်သားဖြစ်တဲ့ ဝေရိက ဆရာကြီး ကျန်းဆန်း ဖုန်းကို အရိုအသေပြုပါတယ် ခင်ဗျာ"

လက်စသတ်တော့ လျှပ်တစ်ပြက်အတွင်း လေဟုန်ကဲ့သို့ ဝင်လာသူသည် လင်းဆွဲမင်း ဝေရိ ဖြစ်ချေသည်တကား။

ကျန်းဆန်းဖုန်းမှာမူ ဝေရိကိုလည်း အယုံအကြည်မရှိ တော့ချေ။ ဘုန်းကြီး ခုံးရှန်းတုန်းကလည်း တစ်ကြိမ် ခံလိုက်ရ ပြီးပြီ မဟုတ်ပါလား။ သို့သော် အေးဆေးတည်ငြိမ်စွာနေ ပင်...



"ဝေရိ၊ သိုင်းလောကမှာ မင်းရဲ့ ကိုယ်ဖျောက်သိုင်းပညာ သိပ်နာမည်ကြီးနေတာ ငါ သိပါတယ်၊ အေး ဒီနေ့ ငါကိုယ်တိုင် မြင်တော့မှ မင်းဟာ ကျော်သလောက် တော်နေတာကိုး"

ဝေရိမှာမူ ကျန်းဆန်းဖုန်းကဲ့သို့သော သိုင်းလောက၏ အထွတ်အထိပ် ပညာရှင်ကြီး၏ ချီးကျူးချက်ကို ကြားသိ လိုက်ရသောအခါ လွန်စွာ ဂုဏ်ယူ ဝမ်းမြောက်သွားသည်။

ထို့ကြောင့် သူသည် ခါးကို ကိုင်း၍ ဦးညွှတ်လိုက် ပြန်ကာ...

"ဆရာကြီး အခုလို ချီးကျူးတာကို အများကြီး ကျေးဇူးတင် ဂုဏ်ယူမိပါတယ်"

ထို့နောက် ကျောက်မိန်ဘက်သို့ ချာခနဲ လှည့်လိုက် သည်။

"ကျောက်မိန် မင်းက ဘာသဘောလဲ၊ ရှောင်လင် ကျောင်းကို အရင်ဖြိုတယ်၊ အခု ဟူတန်းဂိုဏ်းကို လာဖြို ခဲ့တယ်၊ တကယ်လို့ မင်းအနေနဲ့ ရန်ညှိုးရှိလို့ ဒီဂိုဏ်းတွေနဲ့ ယှဉ်ပြိုင်တာမျိုးကို တို့က ဂရုမစိုက်ဘူး၊ အခု မင်းလုပ်နေတဲ့ အလုပ်ဟာ ဘယ်လောက် ယုတ်မာကောက်ကျစ်သလဲ၊ ငါတို့ အလင်းမာန်ဂိုဏ်းရဲ့ နာမည်ကို အလွဲသုံးစားလုပ်ပြီး ဒီဂိုဏ်း တွေက တို့ကို အထင်လွဲ မုန်းတီးအောင် လုပ်နေတယ်၊ မျိုးကို တို့က လက်ပိုက်ကြည့်မနေနိုင်တော့ဘူး၊ မင်း တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားဖို့က တို့ အလင်းမာန်ဂိုဏ်းဟာ မွန်ဂိုတွေကို ဘယ်တော့မှ ဒူးမထောက် လက်မြှောက်ဘူး ဆိုတာကိုပဲ"

ကျန်းဆန်းဖုန်းအနေဖြင့် အလင်းမာန်ဂိုဏ်းနှင့် ပတ်သက်၍ စောစောက ဝေခွဲမရ ဖြစ်နေခဲ့၏။

ယခင် နှစ်ပေါင်း တစ်ရာကျော်မှ မွန်ဂိုတို့ကို ဆန့်ကျင်ခဲ့သော အလင်းမာန်ဂိုဏ်းသည် မွန်ဂိုတို့ထံသို့ ဒူးထောက်ချဉ်းကပ်လိမ့်မည် မဟုတ်ဟု ယုံကြည်ခဲ့သည်သာ။

ယခု ဝေရီ ပြောလိုက်သောအခါမှ အခြေအနေ အားလုံးကို သဘောပေါက်သွားတော့သည်။ ကျောက်မိန်သည် လွန်စွာ ဒေါသထွက်သွားသည်။

ထို့ကြောင့် တစ်ကိုယ်လုံး ကိုယ်ထည်ကြီးမား တောင့်တင်းလှသည့် ဘီလူးကြီး တစ်ကောင်နှင့် တူလှသော လူကြီးတစ်ယောက်ကို လှမ်း၍ အမိန့်ပေးလိုက်သည်။

"ဒီကောင် သူနဲ့မတန်တဲ့ စကားတွေ သိပ်ပြောနေတယ်။ မင်း သူ့ကို ဆုံးမလိုက်စမ်း"

ထိုလူသည် ကျောက်မိန်ကို အရိုအသေ တစ်ချက် [illegible] လိုက်ပြီး "ဟုတ်ကဲ့"ဟု ဆိုကာ ခန်းမလယ်သို့ ထွက်လာတော့သည်။

"ဝေရီ၊ မင်းရဲ့ ရေခဲလက်ဝါးသိုင်းကို ငါ စမ်းကြည့်ချင်တယ်"



ဝေရီ တုန်လှုပ်သွားသည်။ သူ၏ စိတ်ထဲမှ ပြောနေမိသည်။

"ဒီလူဟာ ငါရဲ့ လျှို့ဝှက်ထားတဲ့ သိုင်းပညာကိုတောင် သိနေပါကလား၊ သိလျက်သားနဲ့တောင် စိန်ခေါ်ရဲတယ်ဆိုတော့ သူ့ကို ပေါ့ပေါ့ဆဆ သဘောထားလို့တော့ မဖြစ်ဘူး၊ သေသေချာချာတိုက်မှ တော်ရုံကျမယ်"

သို့သော် ဝေရီ၏ အပြင်ပန်းဟန်ပန်သည် မည်သို့မျှ ဟန်ခြေမပျက်ချေ။ ပြုံးရယ်ရင်းမှ...

"ငါ့ ရေခဲလက်ဝါးသိုင်းကို ကြည့်ချင်ရင်လဲ ငါက ပြရတာပေါ့"

ထိုလူသည် ရုတ်တရက် ချက်ချင်း ဝေရီ၏ ရင်ဘတ်သို့ "ဟူး"ခနဲ ရိုက်ချလိုက်တော့သည်။ ဝေရီကလည်း ချက်ချင်းပင် ပြန်လည် တိုက်ခိုက်လိုက်သည်။

ဤသို့ တိုက်ရင်း တိုက်ရင်းဖြင့် ထိုလူ၏ လက်ဝါးသည် အဖြည်းဖြည်းနီရဲလာသည်ကို တွေ့လိုက်ရသဖြင့် ဝေရီမှာ ရင်ထိတ်သွားလေသည်။

"ဒီကောင်၊ သံမှုန့်ပူ လက်ဝါးသိုင်း လေ့ကျင့်ထားတာကိုး"

သူတို့ နှစ်ယောက်သည် တဖြည်းဖြည်းနှင့် အတွင်းအားကို ထုတ်၍ တိုက်ခိုက်ကြတော့သည်။ သူတို့နှစ်ဦး၏ အတွင်းအား

www.burmeseclassic.com

www.burmeseclassic.com



သည် လွန်စွာ ဖိလာဆန့်ကျင် ဖြစ်နေကြသဖြင့် ပြင်းထန်သည်ထက် ပြင်းထန်လာကြသည်။

တစ်ယောက်က အအေးဓာတ် ဖြစ်နေပြီး၊ တစ်ယောက်က အပူဓာတ် ဖြစ်နေသောကြောင့်တည်း။

ရုတ်တရက် တံခါးဝဘက်မှ အရာဝတ္ထု တစ်ခုသည် "ဝုန်း"ခနဲ ထိုလူထံသို့ ကျရောက်လာရာ ထိုလူသည် လက်ဝါးဖြင့် ထို အရာဝတ္ထုကြီးကို ရိုက်ချလိုက်သည်။ ထိုစဉ် ထို အရာဝတ္ထုထဲမှ လူတစ်ယောက် လွင့်စဉ် ထွက်ကျလာတော့သည်။

ထိုလူ၏ ရိုက်ချက်သည် အလွန် ပြင်းထန်လှသဖြင့် အိတ်ထဲမှ လူသည် အသက်ရှင်နိုင်စရာ အကြောင်းမရှိတော့ချေ။

ထိုလူသည် မမျှော်လင့်သော အဖြစ်အပျက်ကြောင့် ရုတ်တရက် တုန်လှုပ်သွား၏။ အဘယ့်ကြောင့်ဆိုသော် သူသည် အိတ်ကြီးကို အာရုံစိုက်၍ ရိုက်လိုက်စဉ် တဒင်္ဂအတွင်း ဝေရိက သူ့နောက်သို့ လျှပ်တစ်ပြက် ရောက်ရှိလာကာ ပြင်းထန်လှသည့် ရေခဲလက်ဝါးသိုင်းဖြင့် ရိုက်ချလိုက်၍ ဖြစ်ပေသည်။

ထိုလူသည် တုန်လှုပ်သွားသည်နှင့်အတူ ဒေါသများ တဖျင်းဖျင်း ထွက်လာသဖြင့် သူ၏ လက်ဝါးစောင်းဖြင့် ဝေရိ၏ ခေါင်းကို ရိုက်ချလိုက်၏။ ထိုလက်ဝါးစောင်းကို ဝေ



ုမစိုက်ဘဲ တဟားဟားရယ်ကာ သူ၏ ရေခဲလက်ဝါးသိုင်းဖြင့်သာ ဆက်တိုက် ရိုက်ချနေလေတော့၏။

ဝေရိက ထိုလူ၏ လက်ဝါးစောင်းကို မမှုသည်မှာလည်း လောက်စရာပင်။ အဘယ်ကြောင့်ဆိုသော် ထိုသူ့ရိုက်ချက်သည် လမ်းခုလတ်အတွင်း အားပြတ်သွားကာ လက်မှာ ွေသွားတော့သည်။

ထိုစဉ် တံခါးဝဘက်မှ အိတ်တစ်လုံးကို ကိုင်၍ လူတစ်ယောက် ဝင်လာသည်။ အလင်းမာန်ဂိုဏ်းမှ စောပုတက်တည်း။ စောပုတက်အဖို့ လမ်း၌ အနှောင့်အယှက် အတားအဆီးများကို တွေ့ရှိခဲ့ရသဖြင့် ဤသို့ အချိန်မီ လိုက်လာနိုင်ခြင်း ဖြစ်သည်။

စောပုတက်သည် ကျန်းဆန်းဖုန်းနား၌ ဒူးထောက်ထိုင်၍ အသေပေးကာ...

"အလင်းမာန်ဂိုဏ်း ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းရဲ့ အောက်ငယ်သား စောပုတက်က ဆရာကြီး ကျန်းဆန်းဖုန်း အရိုအသေပေးပါတယ်"

ကျန်းဆန်းဖုန်းက...

"စောပုတက်၊ မင်း ပင်ပန်းသွားပြီ၊ ခဏ အနားယူလိုက်"

စောပုတက်က...

www.burmeseclassic.com

www.burmeseclassic.com



"ဆရာကြီး ကျွန်းဆန်းဖုန်း ခင်ဗျား၊ ကျွန်တော်တို့ အလင်းမာန်ဂိုဏ်းရဲ့ လက်ဝဲရံ ရန်ရောင်၊ မျက်ခုံးဖြူအလံ ခေါင်းဆောင် ချင်ထင်းကျက်၊ ဂိုဏ်းစောင့်မင်းငါးပါး ရှိတဲ့အထဲ က မင်းလေးပါးနဲ့ အလံငါးအဖွဲ့ အဖွဲ့သားတွေ ဟူတန်း တောင်ကို ရောက်နေကြပါပြီ၊ ဆရာကြီး လက်ပိုက်ပြီးသာ ကြည့်နေပါ၊ အလင်းမာန်ဂိုဏ်းအစစ်က ဒီဂိုဏ်းအတုကြီးကို ဘယ်လို ရှင်းပစ်တယ်ဆိုတာ မျက်မြင်ကိုယ်တွေ့ တွေ့ရပါ စေမယ်"

အမှန်စင်စစ် စောပုတက် ပြောနေသည့် ပုဂ္ဂိုလ်များသည် တစ်ယောက်မျှ ဟူတန်းတောင်သို့ ရောက်ရှိနေခြင်း မရှိသေး ပါ။ သူတို့ ဂိုဏ်းသားအားလုံးသည် ဤမျှ မြန်မြန်တော့ မရောက်နိုင်ကြပါ။

သို့သော် အခြေအနေကို သုံးသပ်လိုက်ပြီး ဟန်နှင့် ချောက်လိုက်ခြင်းသာ ဖြစ်သည်။

စောပုတက်၏ စကားသည် အညာကို ကိုင်လှုပ်လိုက် သကဲ့သို့ ကျောက်မိန်၏ စိတ်နှလုံးကို ကိုင်လှုပ်နိုင်ခဲ့သည်။ စောပုတက်၏ စကားကြောင့် ကျောက်မိန် တုန်လှုပ်ချောက် ချားသွားသည်။ ထို့ကြောင့် သူမသည် လွှတ်ခနဲ မေးလိုက်၏။

"ကျွန်းဟူကျင်းကော၊ ရှင်တို့ရဲ့ ဂိုဏ်းချုပ်ကြီး ကျွန်းဟူ ကျင်းကော၊ သူ့ကို ခေါ်ထုတ်လိုက်စမ်းပါ"



ရိုက်ချင်၏ ထမ်းစင်သားနား၌ ရပ်နေသော ကျွန်းဟူ ကျင်းကို လုံး၀ မသိသဖြင့် ဤသို့ မေးလိုက်ခြင်းဖြစ်သည်။

ဟူကျင်းကမူ လွန်စွာ ၀မ်းမြောက်သွားသည်။ ယခု သူ တစ်ယောက်တည်းမဟုတ်တော့။ သူ၏ လက်ရုံးနှစ်ယောက် ရောက်လာပေပြီ။

ဟူကျင်းနှင့် ပတ်သက်သည့် မေးခွန်းကို အမေးခံလိုက် ရသည့် စောပုတက်သည် ဝေရိကို မေးမြန်းစုံစမ်းဟန်ဖြင့် လှမ်းကြည့်လိုက်သည်။ ဝေရိသည် ကျွန်းဟူကျင်းနှင့် အတူတူ ပထမဆုံး ထွက်ခွာသွားသူ မဟုတ်ပါလား။

သို့သော် ဝေရိ မျက်နှာပေါ်တွင်လည်း မည်ကဲ့သို့ ပြန် အဖြေပေးရမည်ကို မသိသကဲ့သို့ ဖြစ်နေပေသည်။ ထိုအခြေ အနေကို ကျောက်မိန်က ကောင်းစွာ အကဲခတ်မိသွားသည်။ ထို့ကြောင့် ပြုံးရယ်ရင်း . . .

"ဒီနှစ်ယောက်တည်းနဲ့ ဘာများ တတ်နိုင်မှာမို့လဲ၊ ဟင်း ဟင်း"

သို့သော် သူမ၏ စကားသံပင် မဆုံးလိုက်သေး ခန်းမ ကြီး၏ အရှေ့ဘက်ထောင့်မှ ရယ်သံတစ်ခု ထွက်ပေါ်လာပြီး . . .

"စောပုတက်၊ ရန်ရောင် ရောက်နေပြီလား"

အသံ၌ အားမာန်ပြည့်ဝလှသည့် သိမ်းငှက်မင်း ချင်ထင်း ကျက် ရောက်ရှိလာခြင်းပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



စောပုတက် ပြန်ဖြေရန် ဟန်ပြင်လိုက်သည်။ ထိုခဏမှာ ပင် ရန်ရောင်၏ အသံသည် အနောက်ဘက်ထောင့်မှ ပေါ်ထွက် လာတော့သည်။

"သိမ်းငှက်မင်း၊ ခင်ဗျားကတော့ အသက်ကြီးလေ အားမာန် ပိုပြည့်လေပါပဲကလား၊ အင်းလေ ခင်ဗျားက ကျုပ်ထက် တစ်လှမ်းစောသွားတော့ အရင် ရောက်လာတာပေါ့၊ ဟား ဟား ဟား"

အမှန်စင်စစ် သူတို့နှစ်ယောက် ပြိုင်တူ ရောက်လာခြင်း ပင် ဖြစ်သည်။ သို့သော် အတိုင်အဖောက်ညီညီနှင့် ကျောက်မိန် တို့ လူသိုက်အား မခိုးမခန့် လုပ်ပြနေခြင်းသာ ဖြစ်လေသည်။

ကျန်းဆန်းဖုန်းသည် ထိပ်သီး သိုင်းသမားနှစ်ယောက် ရှိလာသဖြင့် ချက်ချင်း ထ၍ ကြိုဆို နှုတ်ဆက်လိုက်သည်။

အကြောင်းတစ်ရပ်ကလည်း ရှိနေပေသေးသည်။ ချင် ထင်းကျုက်သည် သူ၏ သားတပည့်ဖြစ်သော ကျန်းချွေးဆန်း၏ ယောက္ခမ ဖြစ်နေသည် မဟုတ်ပါလော။

ကျောက်မိန်သည် ကျန်းဆန်းဖုန်းနှင့် ချင်ထင်းကျုက်တို့ နှစ်ဦး ဖက်လဲတကင်း နှုတ်ဆက်နေကြသည်ကို ကြည့်ရင်း တစိမ့်စိမ့် ဒေါသထွက်လာသည်။ ယခုအခါ အလင်းမာန်ဂိုဏ်းမှ ထိပ်သီး သိုင်းသမားများ တဖြည်းဖြည်း များလာချေပြီ။



စောပုတက် ပြောလိုက်သည့် စကားများသည် အမှန်ကို ပြောနေခြင်းသာ ဖြစ်သည်ဟု သူတို့ လက်ခံလိုက်ကြရပေပြီ။

ကျန်းဟူကျင်းကတော့ ထွက်မလာသေး။ သည်တစ်ချက် ကို ထောက်ခြင်းအားဖြင့် တစ်စုံတစ်ခု ဉာဏ်နီဉာဏ်နက် ဆင်နေဟန် ရှိသည်ဟု ကျောက်မိန် ဆုံးဖြတ်လိုက်သည်။

မိမိသည် ဤ အစီအစဉ်ကို ပိရိသေသပ်စွာ ရေးဆွဲ ပြီးမှ စီစဉ် ဆောင်ရွက်ခဲ့သည်။ ယခုမှ အောင်မြင်ကာနီးကျမှ ရှုံးနိမ့်ရပေတော့မည်။

ကျန်းဆန်းဖုန်းကို နောက်တစ်ကြိမ် ဒဏ်ရာရအောင် လုပ်နိုင်ဖို့ သူမအနေဖြင့် လွယ်လွယ် မကြံစည်နိုင်တော့။ သူမ သည် လူအားလုံးကို မျက်စိဖြင့် ဝေ့ပတ်ကြည့်လိုက်သည်။ ပြီးနောက် ခနဲ့ပြုံး ပြုံး၍ စကားပြောလိုက်သည်။

"သိုင်းလောကမှာ သတင်းကြားနေရတာက ဟူတန်းဂိုဏ်း ဟာ မကောင်းတာ မမှန်တာ လုံးဝမလုပ်တဲ့ ဂိုဏ်းကောင်း ဂိုဏ်းမြတ်လို့ ကြားနေရတယ်၊ ဟင်း ဟင်း ဟင်း၊ အခုတော့ ကောင်းဆိုးဝါးဂိုဏ်းနဲ့ တိတ်တဆိတ် မဟာမိတ်ဖွဲ့ထား တာကိုး"

စောပုတက်ကလည်း မခိုးမခန့် ပြန်ရယ်ရင်း ပြန်ပြော လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျောက်မိန်၊ ခင်ဗျားကတော့ တကယ့်ကို မိန်းမတွက်ပဲ တွက်တော့တာကိုးဗျ၊ ကျုပ်တို့ ဂိုဏ်းချုပ်ကြီးရဲ့ အဖေက ဟူတန်းဂိုဏ်းသား ကျန်းချွေးဆန်းဗျ၊ ဆရာကြီး ကျန်းဆန်းဖုန်းက ကျုပ်တို့ ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းရဲ့ ဆရာဘိုးဘိုးဗျ၊ ဟား ဟား ဟား၊ ကျုပ်တို့မှ မဟာမိတ်မဖွဲ့ရင် ဘယ်သူနဲ့ မဟာမိတ် ဖွဲ့ရမှာလဲ၊ ဘာလဲ ကလိမ်ကကျစ် လုပ်နေတဲ့ ခင်ဗျားတို့နဲ့ မဟာမိတ် ဖွဲ့ရမှာလား"

ကျောက်မိန်ကမူ ဣန္ဒြေမပျက်ပင် ပြန်ပြောသည်။

"ကျွန်မ ဒီကိုလာတာက ဟူတန်းဂိုဏ်းနဲ့ ပညာပြိုင်ချင်လို့ လာတာ၊ ဟူတန်းဂိုဏ်းထဲက ဘယ်သူမဆို ကျွန်မတို့နဲ့ ထွက်ပြိုင်နိုင်တယ်၊ ဒါပေမယ့် အလင်းမာန်ဂိုဏ်းတော့ လုံးဝ မပါရဘူး၊ ကျွန်မတို့အနေနဲ့ အလင်းမာန်ဂိုဏ်းနဲ့ ယှဉ်ပြိုင်ချင်မှတော့ ဒီ ဟူတန်းတောင်ကို လာပါ့မလား၊ ကွန်းမိန်တောင်ကို သွားမှာပေါ့၊ ဟင် ဟို သရဲလေး ကျန်းဟူကျင်းဆိုတဲ့ ကောင်ကမှ တကယ့်ကို ကောက်ကျစ်တာ၊ ကျွန်မ သူ့အရေခွံကို မဆုတ်ရရင် မကျေနပ်ဘူး၊ ဒါကြောင့် ရှင်တို့ အလင်းမာန်ဂိုဏ်းအတွက် သပ်သပ်ကို ကျွန်မ လာခဲ့မှာ၊ ရှင်တို့ လောမနေကြနဲ့"

ကျန်းဆန်းဖုန်းသည် ကျန်းဟူကျင်းအား သရဲလေးဟု သုံးနှုန်းလိုက်သည့် စကားကို ကြားလိုက်ရသည်နှင့် စိတ်ထဲတွင် တွေးလိုက်မိသည်။



"အလင်းမာန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဟာ တကယ်ပဲ ကျန်းဟူကျင်းမှ ဟုတ်ရဲ့လား၊ ဘာဖြစ်လို့ ဒီမိန်းကလေးဟာ သရဲလေးလို့ ခေါ်ရတာလဲ"

စောပုတက်ကမူ တဟီးဟီး တဟားဟား ရယ်မောရင်းမှ . . .

"ကျုပ်တို့ ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်းကိုများ သရဲလေးတဲ့၊ ကျုပ်တို့ ဂိုဏ်းချုပ်ကြီးက အသက်လဲ ငယ်သေးတယ်၊ ရုပ်လဲ ချောသေးတယ်၊ ခင်ဗျားက ကျုပ်တို့ ဂိုဏ်းချုပ်ကြီးထက် အသက် သုံးနှစ်လောက် ငယ်တယ်ဆိုတော့ အင်း ကျုပ်တို့ ဂိုဏ်းချုပ်ကြီးနဲ့ ဘာဖြစ်လို့ လက်မထပ်လိုက်တာလဲ၊ ဟင်း ဟင်း ဟင်း၊ ကျုပ်အမြင်တော့ ကျုပ်တို့ ဂိုဏ်းချုပ်ကြီးနဲ့ ခင်ဗျားတို့ နှစ်ယောက်ဟာ နေနဲ့လ ရွှေနဲ့မြပဲ"

"ဟော့ကောင် တိတ်စမ်း"

ကျောက်မိန်၏ နောက်၌ ဝန်းရံနေကြသူများက တစ်ပြိုင်နက် ငေါက်ငမ်းလိုက်ကြသည်။

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ"

"သေချင်လို့လား"

ကျောက်မိန်၏ ပါးနှစ်ဘက်မှာ ရဲရဲနီလျက် ရှိနေပေပြီ။ သူမသည် ရှက်ဒေါသကလေး ဖြစ်နေသော်လည်း စောပုတက်၏ စကားကြောင့် ရင်ထဲ၌ ရှိန်းမြမြ ခံစားရလျက် ပီတိပွက်နေပေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။ သူမသည် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး ကျန်းဆန်းဖုန်းအား . . .

"ကျွန်မတို့ ဒီတစ်ခေါက်လာတာ ဆရာကြီးရဲ့ သိုင်းပညာကို ကြည့်ချင်လို့ပဲ၊ အခု ကျွန်မမှာ အိမ်စေသုံးယောက် ပါလာတယ်၊ သူတို့က သိုင်းပညာ မတောက်တစ်ခေါက်တော့ တတ်ကြပါတယ်၊ ဆရာကြီးကသာ ကျွန်မရဲ့ အိမ်စေ သုံးယောက်ကို အနိုင်ယူနိုင်ပြီဆိုရင် ကျွန်မက ဟွာတန်းဂိုဏ်းရဲ့ သိုင်းပညာကို ချီးကျူးပါတယ်၊ မနိုင်ဘူးဆိုရင်တော့ ဟွာတန်းဂိုဏ်းဟာ တကယ်တော့ ဘာသိုင်းပညာမှ မရှိပါဘူးလို့ သိုင်းလောကတစ်ခုလုံး သိသွားအောင် ကြေညာရပါလိမ့်မယ်"

အမှန်စင်စစ် ကျောက်မိန်သည် ကျန်းဆန်းဖုန်းကို ရှင်းပစ်ရန် မလွယ်တော့ကြောင်း သိလိုက်သဖြင့် နောက်ဆုံး ကျန်းဆန်းဖုန်း၏ သိက္ခာကို ချပစ်ရန် ဤသို့ ကောက်ကျစ် ယုတ်မာစွာ စီစဉ်လိုက်ခြင်းဖြစ်သည်။

ထိုစဉ် လူသုံးယောက် ထွက်လာကြသည်။ ရှေ့ဆုံးမှ တစ်ယောက်သည် ပိန်ခြောက်ခြောက် အဘိုးကြီးတစ်ယောက် ဖြစ်၍ လက်ထဲတွင် ဝါမေဂိုဏ်းမှ တိမ်လွှာဓားကို ကိုင်ထားလျက် သူ၏ အရုပ်ဆိုး အကျည်းတန်လှသော မျက်နှာကြီးကို ရှုံ့မဲ့ထားသည်။ ဒုတိယ တစ်ယောက်သည်လည်း ထိုအတိုင်းပင် ပိန်ခြောက်ခြောက်သာ။ သို့သော် ခေါင်းတွင်မူ ဆံပင်တစ်ချောင်းမှ



မပေါက်။ သူသည်လည်း အရုပ်ဆိုး အကျည်းတန်သူ တစ်ယောက်သာဖြစ်သည်။ တတိယတစ်ယောက်မှာမူ တစ်ကိုယ်လုံး ကြွက်သား အမြှောင်းမြှောင်း ထ,လျက် ကြမ်းတမ်း ခက်ထရော် လှသည့် လူကြမ်းကြီးတစ်ယောက် ဖြစ်သည်။

ရန်ရောင်တို့သည် များစွာ တုန်လှုပ်ချောက်ချားသွားကြသည်။ ဆရာကြီး ကျန်းဆန်းဖုန်းသည် အတွင်းဒဏ်ရာရလျက် ရှိနေသည်။ ယခု ထွက်လာသည့် လူသုံးယောက်သည် ဝါရင့် ထိပ်သီးသိုင်းသမားများဖြစ်ကြောင်း မြင်ရုံနှင့် သိနိုင်သည်။

တတိယလူသည် ခန်းမအလယ်သို့ ထွက်လာပြီး ကျန်းဆန်းဖုန်းဘက်သို့ အရိုအသေ တစ်ချက်ပေးလိုက်သည်။

"ဆရာကြီးနဲ့ ပြိုင်ရအောင် ဒီကို ကြွခဲ့ပါ"

သူသည် ထိုစကားကို ရိုးရိုးမပြော။ ခြေထောက်ဆောင့်ပြီး ပြောလိုက်သဖြင့် ခြေနင်း ကြမ်းခင်းကျောက်များသည် ကြေမွ အက်ကွဲသွားတော့သည်။

ကျန်းဆန်းဖုန်းသည် မိမိ မထွက်လျှင် မဖြစ်တော့မှန်း သိလိုက်သည်။ အလင်းမာန်ဂိုဏ်းမှ ထိပ်သီး သိုင်းသမားများ ရောက်ရှိနေသော်လည်း ပါးနပ် ကောက်ကျစ်သည့် ကျောက်မိန်၏ စကားဖြင့် ထိန်းထားလိုက်သဖြင့် အလင်းမာန်ဂိုဏ်းသားများ ထွက်နိုင်ဘဲ ဖြစ်နေရသည်။ ကျန်းဆန်းဖုန်းအဖို့ ဒဏ်ရာ

www.burmeseclassic.com

www.burmeseclassic.com



ပြင်းစွာ ရရှိထားသော်လည်း အားတင်း၍ တိုက်ခိုက်ရပေ တော့မည်။

ရုတ်တရက် ရိုတိုက်ရှင်ဘေးနားမှ ထမ်းစင်ထမ်းသော လူငယ်သည် ကျန်းဆန်းဖုန်းအနားသို့ လျှောက်လာသည်ကို တွေ့လိုက်ကြရသည်။ ထိုလူငယ်က ကျန်းဆန်းဖုန်း၏ လက်ကို လှမ်းကိုင်လိုက်ပြီး . . .

"ဆရာဘိုးဘိုး၊ ဆရာဘိုးဘိုးအစား ကျွန်တော် အခ ထွက်တိုက်လိုက်မယ်၊ ဒီကောင်တွေလောက်တော့ ဆရာဘိုးဘိုး ကိုယ်တိုင် ထွက်တိုက်ဖို့ မလိုပါဘူး"

ကျန်းဆန်းဖုန်းသည် အလွန် အံ့ဩသွားသည်။ ထို့ထ အံ့ဩစရာအချက်မှာ သူ့လက်ကို လှမ်းကိုင်ထားသော လူငယ် လက်မှ ပြင်းထန်လှသော အတွင်းအားလှိုင်းတို့သည် သူ ကိုယ်ထဲသို့ အဆက်မပြတ် စီးဝင်နေသည်ကို သိလိုက် ဖြစ်သည်။

ဤလူငယ်၏ အတွင်းအားသည် မိမိ၏ အတွင်းအ လောက် သိပ်သည်း ကျစ်လစ်မှု မရှိသော်လည်း မိမိနှ လောက် ပြည့်ဝနေသည်ကိုမူ သတိပြုလိုက်မိသည်။ သူသ လူငယ်၏ မျက်နှာကို ကြည့်လိုက်သည်။ သို့သော် မည်သူ သည်ကို သူ လုံးဝ မသိ။ မည်သို့ပင်ဖြစ်စေ၊ ဤလူ ကလေးသည် ရင်း၏ အတွင်းအားဖြင့် မိမိ၏ အတွင်းအ



ကစားနေသည်ကိုမူ များစွာ ကျေးဇူးတင်နေမိသည်။ ထို့ကြောင့် ပြုံး၍ . . .

"အေး၊ မင်း တိုက်ချင်ရင်လဲ တိုက်ပေါ့၊ ဒီလူရဲ့ သိုင်း ပညာကတော့ မခေဘူး၊ မင်း သတိထားပြီး ပြိုင်ပါ"

ဟုကျင်းသည် သူ၏ ဆရာဘိုးဘိုးကို ကြည့်ပြီး . . .

"ဆရာဘိုးဘိုးရဲ့ ကျေးဇူးတွေ ကျွန်တော့အပေါ်မှာ အများကြီး ရှိခဲ့တာပါ၊ ဆရာဘိုးဘိုးအတွက်ဆိုရင် အရိုး ကျေကျေ အရေခန်းခန်း အသက်သေသေ အစွမ်းကုန် ကူညီ မှာပါ၊ နောက်ပြီ ကျွန်တော်တို့ရဲ့ ဟူတန်းသိုင်းပညာဟာ သိုင်းလောကမှာ အတော်ဆုံးလို့ မဆိုနိုင်ပေမယ့် ဒီလူရဲ့ သိုင်းပညာလောက်တော့ လွယ်လွယ်လေး အနိုင်ယူနိုင်ပါတယ်၊ ဆရာဘိုးဘိုး စိတ်သာချပါ"

ထိုစကားများကို ကြားသောအခါ ကျန်းဆန်းဖုန်း ပို၍ အံ့ဩသွားရသည်။ စိတ်ထဲတွင်လည်း ကျေနပ်စွာ ရေရွတ် လိုက်သည်။

"အင်း ဒီသူငယ်ဟာ တို့ ဟူတန်းဂိုဏ်းသားပဲကိုး"

ကျန်းဆန်းဖုန်းသည် ဟုကျင်း၏ လက်ကို လွှတ်ပေး လိုက်ပြီး ရိုတိုက်ရှင်ဘက်သို့ မေးမြန်းသော အကြည့်ဖြင့် လှမ်းကြည့်လိုက်သည်။ သို့သော် ရိုတိုက်ရှင်၏ မျက်နှာတွင်လည်း

www.burmeseclassic.com

www.burmeseclassic.com



လုံး၀ မသိ နားမလည်သည့် အမှုအရာများကိုသာ တွေ့လိုက်ရသည်။

တတိယလူသည် ကျွန်းဆန်းဖုန်းက သူ၏ အိမ်စေကလေးတစ်ယောက်ကို လွှတ်၍ မိမိအား ယှဉ်ပြိုင်စေခြင်းသည် မိမိအား စော်ကားလိုက်ခြင်း ဖြစ်သည်ဟု ယူဆလိုက်သည်။ သို့သော် သူသည် ဟန်မပျက်ဘဲ နေလိုက်သည်။ သူ့စိတ်ထဲတွင် သည်အိမ်စေကလေးကို တစ်ချက်တည်းနှင့် ထိုးသတ်လိုက်ပါက သည်အဘိုးကြီး မထွက်ဘဲနေ၍ ရတော့မည်မဟုတ်။ ထို့ကြောင့် ခဏတော့ သည်းခံလိုက်ရဦးမည်ဟု တွက်ဆထားလိုက်သည်။ ထို့ကြောင့် ဟူကျင်းကို...

"ကဲ ကောင်လေး၊ မင်းတိုက်ကွက် စပေတော့"

ထိုအခါ ဟူကျင်းက...

"ကျုပ်က ကျုပ်ဆရာ ဘိုးဘိုးဆီက ထိုက်ကျိလက်သီးသိုင်းကွက်အသစ်ကို စောစောလေးကပဲ သင်ခဲ့ရတာမို့ ခင်ဗျားကို သိုင်းကွက် သုံးဆယ်အတွင်းမှာတော့ နိုင်နိုင်မှာ မဟုတ်သေးဘူး၊ ဒါကိုတော့ ကြိုတင် ပြောထားပါရစေ"

ထိုစကားကို ကြားသောအခါ တတိယလူသည် တဟားဟားနှင့် ရယ်လိုက်ပြီး ပထမလူနှင့် ဒုတိယလူတို့အား လှမ်းပြောလိုက်သည်၊



"ဟား ဟား ဟား၊ အစ်ကိုကြီး၊ အစ်ကိုလေး ကြားကြရဲ့လားဗျာ၊ ဒီကောင်လေး ရူးနေတယ်နဲ့တူတယ်"

ဒုတိယလူကလည်း ဟူကျင်း၏ စကားကို အရူးစကားသဖွယ် သဘောထားပြီး တဟားဟား ရယ်နေသည်။ သို့ရာတွင် ပထမလူကမူ ဟူကျင်းသည် သာမန် လူငယ်တစ်ဦး မဟုတ်ကြောင်း ရိပ်မိလိုက်သည်။

"ရီ၀န်၊ ဒီကောင်လေးကို လုံး၀ အထင်မသေးနဲ့၊ သတိထား"

ရီ၀န်ဆိုသော တတိယလူသည် ပထမလူ၏ သတိပေးချက်ကို လျစ်လျူရှုလိုက်သည်။ ဤ အရူးအပေါလေးအား သူ့ကဲ့သို့သော သိုင်းသမားကြီး တစ်ယောက်က အဘယ်ကြောင့် အထူး ဂရုစိုက်နေရမည်နည်း။

ထို့ကြောင့် လက်သီးတစ်ချက်ကို "ဟူး"ခနဲ ထိုးချလိုက်သည်။ လက်သီးချက်သည် အလွန် လျင်မြန်လှသည့်အပြင် အားလည်းပါလှသည်။ ပထမလက်သီး ထွက်သွားသည်နှင့် ဒုတိယ လက်သီးက ပထမလက်သီးထက်ပင် ပိုမြန်ကာ ဟူကျင်းထံသို့ အရင် ရောက်ရှိသွားသည်။

ဟူကျင်းသည် ကျွန်းဆန်းဖုန်း၏ ထိုက်ကျိ လက်သီးသိုင်းပညာကို ကြားသိခဲ့ရပြီးသည့် အချိန်မှစ၍ ထိုလက်သီးသိုင်းကွက်များကိုသာ စဉ်းစားနေသည်ဖြစ်ရာ ယခု ရီ၀န်က

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် တိုက်ခိုက်လိုက်သည်နှင့် သူကလည်း ထိုက်ကျိ လက်သီးသိုင်းပညာဖြင့် ခုခံလိုက်တော့သည်။

ထိုက်ကျိ လက်သီးသိုင်းသည် မာပြင်းသော အင်အားကို အခြေခံ တီထွင်ထားခြင်းမဟုတ်။ ပျော့ပျောင်းသော အားကို အခြေခံ တီထွင်ထားခြင်း ဖြစ်သည်။ ထိုက်ကျိ သိုင်းပညာသည် ရန်သူ့အားဖြင့် ရန်သူကို တိုက်ခိုက်သည့် သိုင်းပညာတစ်ရပ်သာ ဖြစ်သည်။

ဟူကျင်း၏ ညာလက်သည် ရိဝန်၏ ဘယ်ဘက် လက်ကောက်ဝတ်ကို ချိတ်ထားလိုက်ပြီး ဘယ်လက်မှာ ရန်သူ၏ တံတောင်ဆစ်ကို အရှိန်ဖြင့် ဖမ်းကိုင် တွန်းပို့လိုက်သည်။ ထို့ကြောင့် ရိဝန်သည် နောက်သို့ သုံးလေးလှမ်းမျှ ယိမ်းယိုင် ဆုတ်သွားရသဖြင့် လဲမကျစေရန် ကိုယ်ဟန်ကို မနည်း ပြန်ထိန်း ထားလိုက်ရသည်။

ဘေးတွင် ရပ်ကြည့်နေသော သိုင်းပရိသတ် အားလုံး သည် ထိုအချင်းအရာကို တွေ့ရသောအခါ အားလုံး "ဟာ" ခနဲ ဖြစ်သွားကြရတော့၏။

✦ ✦ ✦

# အခန်း ( ၇၀ )

www.burmeseclassic.com

www.burmeseclassic.com

# မဟူရာ အရိုးဆက်ဆေး

ရိ၀န်သည် ကျန်းဟူကျင်း၏ သိုင်းကွက်ကြောင့် သူ၏ လက်သီးသည် လေဟာနယ်ထဲသို့ ထိုးလိုက်မိသလိုဖြစ်ပြီး လုံး၀ အားအင်ပျောက်သွားသည်ကို ခံစားလိုက်ရသည်။ ရိ၀န် တုန်လှုပ်ချောက်ချားသည်။ ဒေါသလည်း ထွက်လာတော့သည်။ သူသည် အမြန်ဆုံး အပြင်းအထန် တိုက်ကွက်များကို စတင် တိုက်ခိုက်တော့သည်။

သူ၏ လက်ယာလက်သည် လက်ပေါင်း ဆယ်ချောင်းမျှ ဖြစ်သွားပြီး ဟူကျင်း တစ်ကိုယ်လုံးကို လစ်ကွက် ဟာကွက်မရှိ တိုက်ခိုက်နေတော့သည်။ လက်သီးများသည် ဟူကျင်း၏ တစ်ကိုယ်လုံးကို ဖုံးလွှမ်းနေသကဲ့သို့ ဖြစ်နေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ရောင်တို့သည် ရိဝန်၏ သိုင်းပညာ ဤမျှအထိ မြင့်မားလိမ့်မည်ဟု မယူဆခဲ့ချေ။

ယခုမူ ဟူကျင်းအတွက် များစွာ စိုးရိမ်ပူပန်နေရပေပြီ။

ကျန်းဟူကျင်းသည် ဟူတန်း၏ ဂုဏ်သိက္ခာကို မြင့်တင်သည့် အနေဖြင့် သူ၏ ကိုယ်ပိုင် သိုင်းကွက်ကို အသုံးမပြုဘဲ ကျန်းဆန်းဖုန်း တီထွင်သည့် ထိုက်ကျိလက်သီးသိုင်းပညာကိုသာ အသုံးပြုနေခြင်း ဖြစ်သည်။ ရုတ်တရက် ဟူကျင်း၏ လက်နှစ်ဘက်သည် ရဟတ်ကဲ့သို့ လည်ပတ်သွားပြီး အလွန်ပြင်းထန်သော လေပွေလှိုင်းတစ်ခုပမာ ရိဝန်ကို လှည့်ပတ်တိုက်ခိုက်နေတော့သည်။ ရိဝန်သည် ထိုလေပွေလှိုင်းအား၏ ဒဏ်ကြောင့် ဂျင်များလည်သကဲ့သို့ သူ့ခန္ဓာကိုယ်လည်း ချာလပတ်လည်သွားတော့သည်။

အလင်းမာန်ဂိုဏ်းသားများကမူ မိမိတို့၏ ဂိုဏ်းချုပ်ကြီး အရေးသာနေခိုက် ဖြစ်သဖြင့် ဝမ်းသာအားရ သြဘာပေးနေကြတော့၏။ ချူထင်းသည် တဟားဟား ရယ်မောလျက် ရိဝန်ကို လှမ်းသရော်လိုက်သည်။

ထိုအခါ ရိဝန်သည် မျက်နှာတစ်ခုလုံး အရှက်ဒဏ်ကြောင့် နီရဲသွားပြီး သူ၏ သိုင်းကွက်ကို ချက်ချင်း ပြောင်းလဲပစ်လိုက်တော့သည်။ လက်ဝါးစောင်း၊ လက်သီးအပြင်



လက်ချောင်းများနှင့်လည်း ထိုးနှက် တိုက်ခိုက်လာတော့သည်။ သူ၏ လက်ချောင်းများ၏ ထိုးနှက်နှုန်းသည် အလွန် ပြင်းထန် လျင်မြန်လှပြီး သံမဏိ လုံချောင်းများသဖွယ် မာကျောကြောက်စရာကောင်းလှပေသည်။

ထိုသို့ ရိဝန်က တိုက်စစ်အင်အားကို မြင့်တင်လိုက်သဖြင့် ဟူကျင်းသည် ခြေကွက်၊ လက်ကွက်များ ပျက်လာတော့သည်။ ထို့ကြောင့် ကိုယ်ဖော့သိုင်းပညာကို သုံးလျက် ရှောင်တိမ်းနေရသည်။ ဤသို့သာ ဆက်တိုက် ရှောင်တိမ်းနေရပါလျှင် မိမိ ရှုံးနိမ့်တော့မည်ဟု ဟူကျင်း တွက်ဆလိုက်သည်။ ထို့ကြောင့် သူ၏ အားပြောင်းအားလွှဲ သိုင်းပညာကို ထိုက်ကျိသိုင်းကွက်ပုံစံဖြင့် အသုံးပြု တိုက်ခိုက်လိုက်သည်။

ထိုအခါ ရိဝန်က ဟူကျင်း၏ ပခုံးကို ထိုးစိုက်လိုက်သည့် လက်ချောင်းမှာ မည်သို့မည်ပုံ လမ်းကြောင်းပြောင်းသွားသည်မသိ။ သူ၏ ပခုံးသို့ ပြန်လည် ထိုးစိုက်မိတော့သည်။ အကျင်လွန်းသဖြင့် ရိဝန်၏ ဘယ်ဘက်လက်သည် မြောက်၍ နေတော့သလို ဖြစ်သွားတော့သည်။

ရန်ရောင်ကမူ ဟူကျင်းသည် အားပြောင်းအားလွှဲ သိုင်းပညာကို အသုံးပြုလိုက်မှန်း သိလိုက်သဖြင့် ဟူကျင်းအား စကားဖြင့် အကာအကွယ်ပေးရန် ကြိုးစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟူတန်းရဲ့ ထိုက်ကျိ လက်သီးသိုင်းပညာဟာ တကယ် ကောင်းပါကလား"

ရီဝန်သည် နာလည်းနာ၊ ဒေါသလည်း ထွက်လာသဖြင့် ရန်ရောင်အား ပြန်အော်လိုက်သည်။

"ဒါ ဘာသိုင်းမှန်း မသိဘူး၊ ထိုက်ကျိ လက်သီးသိုင်း မဟုတ်ဘူးကွ"

ထိုသို့ အော်ဟစ်ရင်းမှ သူ၏ လက်ချောင်းများဖြင့် ဟူကျင်း၏ ရင်ဝသို့ သုံးချက်တိတိ ဆက်တိုက်ထိုးချလိုက်သည်။ ကြောက်မက်ဖွယ်ရာ ကောင်းလှသော လက်ချောင်းများ၏ ထိုးနှက်ချက် ဖြစ်သည်။

ဟူကျင်းက အားပြောင်းအားလွှဲ သိုင်းပညာကို အသုံးပြုလိုက်ပြန်ရာ ရီဝန်၏ လက်ချောင်းများသည် ခန်းမကြီး၏ သစ်သားတိုင်ကြီးကို လက်ဝါးစောင်းများဖြင့် ခုတ်ချလိုက်မိတော့သည်။

ပရိသတ်အားလုံးသည် ဤမျှ ပြင်းထန်လှသော လက်ဝါးစောင်းများ၏ အင်အားကို တွေ့လိုက်ရသောအခါ ကြောက်၍ တုန်လှုပ်သွားတော့သည်။ ရီတိုက်ရှင်သည် ထိုအဖြစ်အပျက်ကို မြင်တွေ့လိုက်ရသည်နှင့် . . .

"ဒါဟာ ရှောင်လင်ဂိုဏ်းရဲ့ သံမဏိလက်ချောင်းသိုင်းပဲ"



"သံမဏိလက်ချောင်းသိုင်း" ဟူသော အသံကို ကြားလိုက်ရသည်နှင့် ဟူကျင်းသည် သူ့ဦးလေးနှစ်ယောက်၏ ဒုက္ခိတဘဝကို ချက်ချင်း သတိရလိုက်မိတော့သည်။

ရီဝန်က အေးစက်စွာဖြင့် ပြန်ပြောလိုက်သည်။

"အေး ဟုတ်တယ်၊ ဒါဟာ ရှောင်လင်ဂိုဏ်းရဲ့ သံမဏိလက်ချောင်းသိုင်းပဲ၊ ဒါ ဘာဖြစ်သလဲ၊ မင်းက ဘာဖြစ်လို့ သူရဲကောင်းကြီးလုပ်ပြီး နဂါးနိုင်မား ဘယ်မှာရှိတယ်ဆိုတာ ဘာဖြစ်လို့ မပြောခဲ့သလဲ၊ ကဲ အခု မင်း အနှစ် နှစ်ဆယ် သောက် ဒီဒဏ်ကို ကောင်းကောင်းကြီး ခံစားလိုက်ရပြီ မဟုတ်လား"

ရီတိုက်ရှင်သည် ဒေါသဖြင့် ပြောလိုက်သည်။

"လက်စသတ်တော့ တရားခံအစစ်က မင်းကိုး၊ ဒီနေ့မှပဲ တရားခံအစစ်ကို တွေ့ရတော့တယ်"

ရီဝန်သည် ခနဲ့ပြုံး ပြုံး၍ . . .

"ငါက ရှောင်လင်ဂိုဏ်းနဲ့ ဘာမှ မဆိုင်ဘူးကွ၊ ရှောင်လင်ဂိုဏ်းကို ငါက လုံးဝ ဂရုမစိုက်ဘူး"

ကျန်းဆန်းဖုန်းသည် ထိုစကားကို ကြားလိုက်ရသောအခါ သူ၏ဆရာ ကြွယ်ရှင်ဆရာတော် ပြောပြခဲ့သည့် ရှောင်လင် ဘုရားကျောင်းမှ ကြေကွဲဖွယ် အဖြစ်အပျက်ကို ချက်ချင်း သတိရမိတော့သည်။ မီးဖိုချောင်ဘုန်းကြီး တစ်ပါးက သိုင်းပညာ

www.burmeseclassic.com

www.burmeseclassic.com



ခိုးကျင့်ကာ ရှောင်လင်ဘုရားကျောင်း၏ "လိုဟာန်ကျောင်း" တိုက်၊ ဆရာတော်အား သတ်ဖြတ်ခဲ့သည့် အဖြစ်အပျက်ပင် ဖြစ်သည်။

ကျန်းဆန်းဖုန်းနှင့် သူ၏ဆရာ ကြွယ်ရွှင်ဆရာတော်တို့သည်လည်း ထိုအဖြစ်နှင့် ဆင်တူသယောင် အထင်မှားခြင်းခံရသဖြင့် ရှောင်လင်ကျောင်းတိုက်မှ ထွက်ပြေးခဲ့ရသည် မဟုတ်ပါလား။ ထို့ကြောင့် ကျန်းဆန်းဖုန်းသည် ရိဝန်ကို ကြည့်ကာ...

"ဩော် လက်စသတ်တော့ မင်းဟာ မီးဖိုချောင်ဘုန်းကြီးရဲ့ နောက်ဆက်တပည့်ကိုး၊ ဒါကြောင့် ရှောင်လင်ဂိုဏ်းကြီးလဲ မင်း လက်ချက်နဲ့ ပျက်စီးခဲ့ရတာ ဖြစ်မှာပဲ၊ ဒီလိုဆိုရင် ခုံးရှန်းဆိုတဲ့ ဘုန်းကြီးကကော မင်းနဲ့ ဘာတော်သလဲ"

ရိဝန်က...

"သူက ကျုပ်ရဲ့ ဂိုဏ်းတူအစ်ကိုပဲ၊ ဘယ့်နဲ့လဲ၊ သံမဏိလက်ဝါးရဲ့ အရသာကိုတော့ တော်တော်လေး မြည်းစမ်းလိုက်ရပြီ မဟုတ်လား"

ထိုအခါ ရိတိုက်ရွှင်က အော်၍ အဖြေပေးလိုက်သည်။

"အေး မင်းရဲ့ အစ်ကိုကတော့ ငါ့ဆရာရဲ့ လက်ဝါးရိုက်ချက် တစ်ချက်တည်းနဲ့ အသက်ထွက်သွားတာပဲ"

ထိုစဉ် ကျန်းဟူကျင်းက ရုတ်တရက် အော်ဟစ်လိုက်သည်။



"ရိဝန် ခင်ဗျားတို့ဂိုဏ်းရဲ့ မဟူရာ အရိုးဆက်ဆေးမှာ ထုတ်ပေးစမ်း"

ရိဝန်သည် ပါးစပ်အဟောင်းသားဖြစ်ကာ အံ့ဩသွားသည်။ သူတို့ဂိုဏ်း၏ မဟူရာ အရိုးဆက်ဆေးမှာ အလွန်ကျို့ဝှက်ထားသော ဆေးဖြစ်သည်။ အပြင်လူ မပြောနှင့် သူတို့ဂိုဏ်းအတွင်းမှ လူများပင် မသိကြချေ။ ဤဆေးသည် အရိုးဆက်ရာတွင် အလွန် အစွမ်းထက်လှ၏။ မည်မျှ ကြေမွ ပြတ်တောက်နေသော အရိုးများ ဖြစ်ပါစေ၊ ဤဆေးကို သုတ်လိမ်းပေးခြင်းဖြင့် အကောင်းပကတိ ပြန်ဖြစ်လာနိုင်သည်။

ဤအကြောင်းကို ဟူကျင်းသည် သမားတော်ကြီး ဟိုချင်းထံမှ သိထားခဲ့ခြင်း ဖြစ်သည်။ ရိဝန်သည် အံ့ဩ တုန်လှုပ်သွားသဖြင့်...

"မင်း... မင်း ငါတို့ဂိုဏ်းရဲ့ လျှို့ဝှက်ဆေးကို ဘယ်လိုသိလာရတာလဲ၊ ပြောစမ်း"

ရိဝန်သည် ဟူကျင်းထံမှ အဖြေမရတော့ချေ။ အဖြေအစား အလွန် ပြင်းထန်လှသော တိုက်ကွက်များသာ ရရှိလာတော့သည်။ ဟူကျင်းသည် တကယ့် ရန်သူတော်ကြီးအား တွေ့ရပြီဖြစ်သဖြင့် အစွမ်းကုန် တိုက်ခိုက်လေတော့သည်။

ထိုစဉ် ကျန်းဆန်းဖုန်းက ဟူကျင်းအား လှမ်းခေါ်ပြီး သတိပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လူလေး၊ အားကို မထုတ်ရဘူး၊ ထိုက်ကျိုသိုင်းမှာ ပြင်းထန်တဲ့အား မလိုဘူး၊ ထိုက်ကျိုသိုင်းဟာ ရေစီးအားလိုပဲ၊ သူ့အရှိန်နဲ့သူ အဆက်မပြတ် စီးဆင်း လှည့်ပတ်နေတယ်၊ တစ်ကွက်နဲ့ တစ်ကွက်ဟာ ဆက်စပ်နေတယ်"

ကျန်းဆန်းဖုန်းသည် ဟူကျင်း၏ သိုင်းပညာ အဆင့် အတန်း မြင့်မားလှကြောင်း သိသည်။ ထိုသို့ မြင့်မား၍သာ ထိုက်ကျိုသိုင်းပညာကို အရိပ်ပြရုံနှင့် အကောင်ထင်ပြီး တတ်ကျွမ်း သွားခြင်း ဖြစ်သည်။ သို့သော် ထိုက်ကျို သိုင်းပညာ၏ အနှစ် သာရကိုမူ ဟူကျင်း နားမလည်သေးကြောင်း တွေ့ရှိနေ သဖြင့် သူက အဓိကသော့ချက်ကို ထောက်ပြလိုက်ခြင်း ဖြစ် သည်။ ထို့ကြောင့် ဟူကျင်းသည် ချက်ချင်း သဘောပေါက် သွားပြီး မိမိ၏ အမှားများကို ချက်ချင်း ပြင်ဆင်လိုက်တော့ သည်။ ရိဝန်အား မနားမနေ တိုက်ခိုက်တော့သည်။ ထိုင ရိဝန်က သူ၏ လက်ချောင်းများဖြင့် ဟူကျင်း၏ ရင်ဝ ထိုးစိုက်လိုက်၏။

ဟူကျင်းသည် သူ၏ လက်နှစ်ဘက်ကို တစ်ဘက်ပြ တစ်ဘက်နိမ့် ထားလိုက်သည်။ ရိဝန်၏ လက်ကို ရစ်ပတ် လိုက်သည်။

ထိုအခါ "ထပ် ထပ် ထပ်" ဟူသော အသံများ အဆက်မပြတ် ထွက်ပေါ်လာတော့သည်။ ရိဝန်၏ ညာလက်



လက်ဖျားကလေးများမှာ စ၍ လက်မောင်းရင်းအထိ အရိုးများ အဆစ်များ အပိုင်းပိုင်း အပြတ်ပြတ် ကျိုးသွားရာမှ ထွက်ပေါ် လာသည့် အသံများပေတည်း။

ဟူကျင်း၏ ရင်ထဲတွင် ရိဝန်အား အလွန်မုန်းတီးနေပြီ ဖြစ်ရာ ရိဝန်၏ ဘယ်ဘက်လက်ကိုလည်း ထပ်မံ ရစ်ပတ်လိုက် ပြန်သည်။ ရိဝန်သည် မည်သို့မျှ ရုန်းထွက်ရန် ကြိုးစားခြင်း မပြုနိုင်တော့ပေ။ ထို့ကြောင့် သူ၏ ဘယ်ဘက် လက်ဖျားမှ သည် လက်မောင်းရင်းအထိ အဆစ်ဆစ် အပိုင်းပိုင်း ကျိုးပြတ် ခဲ့ရပြန်တော့သည်။ ပြီးနောက် ခြေနှစ်ဘက်စလုံးသည်လည်း အပိုင်းပိုင်း အချိုးခံလိုက်ရတော့၏။

လေညာသို့ ဖုန်မှုန့်များကို လွှင့်ပစ်လိုက်သော သူသည် သူ၏ မျက်နှာသို့သာ ဖုန်မှုန့်များ လာရောက် ကပ်ငြိခံရသကဲ့သို့ ကောင်းမှုပြုသော သူသည်လည်း သူ့အပြစ်အတွက် ပြန်လည် ကော်ခတ်ခြင်း ခံရသည်သာတည်း။

အကယ်စင်စစ် ဟူကျင်းသည် ရိဝန်ကို အသေသတ်ပစ် နိုင်သည်။ သို့သော် သတ်၍ မဖြစ်သေး။ သူ့ထံမှ အရိုးဆက် ဆေးကို တောင်းယူရဦးမည် မဟုတ်ပါလား။ ထို့ကြောင့် သူ့အသက်ကို ချမ်းသာပေးထားလိုက်ခြင်း ဖြစ်ပေသည်။

ကျောက်မိန်၏ နောက်မှ လူတစ်ယောက်သည် ခုန်ထွက် ပြီး ရိဝန်ကို ဆွဲယူသွားသည်။ ထိုစဉ်အခိုက် ကတုံးကြီးက

www.burmeseclassic.com

www.burmeseclassic.com



ခုန်ထွက်လာပြီး ဟူကျင်း၏ ရင်ဝကို လက်ဝါးဖြင့် ရိုက်ချလိုက်ပြန်သည်။ သူ၏ အတွင်းအားသည် အတော်ကလေး ပြည့်ဝဟန် ရှိ၏။ ထို့ကြောင့် သူသည် ဟူကျင်းနှင့် အတွင်းအားချင်း ယှဉ်ပြိုင်လိုဟန် ရှိနေသည်။ ဟူကျင်းသည် စိတ်ထွက်နေပြီဖြစ်၍ . . .

"အေး မင်းနဲ့ ငါနဲ့ အတွင်းအားချင်း ယှဉ်ပြိုင်ချင်တယ်ဆိုရင် ငါကလဲ ပြိုင်ရတာပေါ့၊ မင်းတို့ရဲ့ ရှောင်လင် အတွင်းအားသိုင်းနဲ့ ငါ့ နေစကြာ အတွင်းအားသိုင်း ဘယ်သိုင်းက ပိုအစွမ်းထက်သလဲဆိုတာ သိရတာပေါ့"

ကတုံးကြီး ရိုက်လိုက်သည့် လက်ဝါးကို မရှောင်တိမ်းတော့ဘဲ သူ့လက်ဝါးဖြင့် ပြန်ရိုက်ထုတ်လိုက်၏။ ထိုလက်ဝါးနှစ်ဘက် ရိုက်မိပြီး "ဘန်း"ခနဲ မြည်ဟည်းသွားသည်။ နှစ်ယောက်စလုံး ကိုယ်တစ်ချက်စီ ယိုင်သွားကြ၏။ ထို့နောက် ဒုတိယအချက် ရိုက်လိုက်ကြပြန်သည်။ သည်တစ်ကြိမ်တွင်တော့ ကတုံးကြီးသည် နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားသည်။ ဟူကျင်းကမူ သူ့နေရာတွင် ရပ်မြဲရပ်နေသည်။

အခြေအနေသည် အပြင်းထန်ဆုံး အဆင့်သို့ ရွေ့လျားလာ ရှိနေပေပြီ။ ကတုံးကြီးသည် သက်ပြင်းတစ်ချက် ရှူလိုက်ပြီး သူ၏ လက်ဝါး နှစ်ဘက်စလုံးကို ရိုက်ထုတ်လိုက်သည်။ ထိုစဉ် ဟူကျင်းက အော်၍ . . .

"ဦးလေး ချင်လိုရှန်၊ ကျွန်တော် ဦးလေးအတွက် ပြန်တိုက်ခိုက်ပေးမယ်"



ထိုအချိန်တွင် ချင်လိုရှန်သည် ရန်ဝေ၊ ရှောင်ချောင်းတို့နှင့်အတူ ထမ်းစင်ဖြင့် ရောက်ရှိလာသည်ကို ဟူကျင်းက မြင်လိုက်သဖြင့် ဤသို့ လှမ်းအော်လိုက်ခြင်း ဖြစ်သည်။ အလံငါးဖွဲ့နှင့် မျက်ခုံးဖြူအဖွဲ့တို့လည်း ရောက်ရှိလာကြချေပြီ။

ဟူကျင်းသည် အော်ရင်းဟစ်ရင်း လက်သီးတစ်ချက် ထိုးလိုက်ပြန်ရာ "ဘန်း"ခနဲ မြည်သွားပြီး ကတုံးကြီး နောက်ဘက်သို့ သုံးလှမ်း ဆုတ်သွားသပြန်သည်။ ဟူကျင်းသည် ချင်လိုရှန်ဘက်သို့ အော်ဟစ် မေးမြန်းလိုက်သည်။

"ဦးလေး ချင်လိုရှန်၊ ဦးလေးကို ဝိုင်းတိုက်တဲ့အထဲမှာ ဒီကတုံးကြီး ပါသလား"

ချင်လိုရှန်က . . .

"ပါတယ်၊ သူက ခေါင်းဆောင်ပဲ"

ထိုစဉ် ကတုံးကြီး၏ တစ်ကိုယ်လုံးရှိ အရိုးအဆစ်များ၊ အကြောများမှ တဖျစ်ဖျစ်အသံများ မြည်လာသည်။ ကတုံးကြီးသည် သူ၏ အတွင်းအားကို အဆင့်အမြင့်ဆုံး အားကုန်ထုတ်လိုက်ခြင်း ဖြစ်ပေတော့၏။

"ဖြန်း"ဟူသော လက်ဝါးနှစ်ဘက်ရိုက်သံကြီးသည် ကျယ်လောင်စွာ မြည်ဟည်းထွက်လာပြီး ကတုံးကြီးသည် စူးစူးဝါးဝါး တစ်ချက်အော်ဟစ်လိုက်သည်။ ထို့နောက် သူ၏ တစ်ကိုယ်လုံးသည် ပြင်းထန်လှသော အရှိန်အဟုန်ဖြင့် တံခါးအပေါက်ဝမှ လွင့်စင်ထွက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



အုံ့ညြလွန်းကြသဖြင့် လူများစွာ ငေးကြောင် မှင်သက်နေကြစဉ် လွင့်စင်ထွက်သွားသော တံခါးပေါက်ကြီးမှ လူတစ်ယောက် ခုန်ဝင်လာပြန်သည်။ ခုန်ဝင်လာသူသည် သူထမ်းလာသည့် ကတုံးကြီး၏ ခန္ဓာကိုယ်ကို ကြမ်းပြင်ပေါ်သို့ လှိမ့်ချပေးလိုက်သည်။

ထိုသူက ဝဝဖိုင့်ဖိုင့်ဖြစ်သော်လည်း အလွန်ဖျတ်လတ်သွက်လက်လှပေသည်။ မြေကြီးအလံအဖွဲ့၏ ခေါင်းဆောင် ရယ်တန်း ဖြစ်ပေသတည်း။

ကတုံးကြီးသည် ရိုဝန်ထက်ပင် အဖြစ်ဆိုးသွားသည်။ တစ်ကိုယ်လုံးရှိ အရိုးများ ကျိုးကြေသွားရသည်။

ရယ်တန်းသည် ကတုံးကြီးကို ကြမ်းပြင်ပေါ်သို့ လှိမ့်ချလိုက်ပြီးသည်နှင့် ဟူကျင်းကို အရိအသေ ပေးလိုက်ပြီး အခန်းတွင်းမှ ခုန်ထွက်သွားတော့သည်။ မြေကြွက်တစ်ကောင်နှယ် လျင်မြန်လှသူ ဖြစ်ပေ၏။

ကျောက်မိန်သည် ဟူတန်းကိုဏ်း၏ အိမ်စေသူငယ်။ သူမ၏ ထိပ်သီးသိုင်းသမား နှစ်ယောက်ကို အပြတ်အသတ် အနိုင်ယူလိုက်သည်ကို တွေ့လိုက်ရသောအခါ မယုံသကဲ့ ဖြစ်လာတော့၏။ နောက်ဆုံး ရယ်တန်းက ဟူကျင်းအား အရိအသေပေးပြီး ထွက်သွားသည့် ခဏတွင်မှ ဟူကျင်းအား အသေအချာ ကြည့်ရှုလိုက်ရာ ချက်ချင်း မှတ်မိသွားတော့သည်။ သူမသည် သူ့ကိုယ်သူ ပြန်လည် ကျိန်ဆဲမိတော့သည်။



"ငါဟာ ကိုယ့်ကိုယ်ကို သတ်သေဖို့ပဲ ကောင်းတယ်၊ ဒီသရဲလေးဟာ အပြင်ဘက်ကနေ တစ်ခုခု စိစဉ်နေမယ်လို့ ငါက ထင်နေခဲ့တယ်၊ သူက တစ်ချိန်လုံး ဒီအထဲမှာ ရှိနေတော့တာကိုး"

သူမက . . .

"သြော် ဂိုဏ်းချုပ်ကြီးပါလား၊ ဘာကြောင့် ဒီလောက်အောက်တန်းကျတဲ့ အခစား ဝင်လုပ်နေရတာလဲ၊ နောက်ပြီး ပါးစပ်ကလဲ ဆရာဘိုးဘိုး၊ ဆရာဘိုးဘိုးနဲ့ မရှက်ဘူးလား"

ဟူကျင်းသည် ကျောက်မိန်က မိမိအား မှတ်မိသွားပြီကို သိလိုက်ရသဖြင့် ဆက်၍ ဟန်ဆောင်မနေတော့ဘဲ မျက်နှာကို ပဝါဖြင့် သုတ်ပစ်လိုက်ပြီး ဆံပင်များကို ပြုပြင်လိုက်သည်။

ထို့နောက် အသံကိုမြှင့်ပြီး ပြောလိုက်၏။

"ကျုပ်ရဲ့ အဖေ ကျန်းရွှေးဆန်းဟာ ဆရာဘိုးဘိုးရဲ့ တပည့်တွေထဲမှာ နံပါတ်ငါး တပည့် တစ်ယောက်ပဲ၊ ကျုပ် ဆရာဘိုးဘိုးလို့ခေါ်တာ ဘာရှက်နေရမှာလဲ"

သဦသည် ပြောပြီးသည်နှင့် ကျန်းဆန်းဖုန်းဘက်သို့ လှည့်ကာ ဒူးထောက်၍ ဦးချကန်တော့လိုက်သည်။

"ဆရာဘိုးဘိုး၊ ကျွန်တော် ကျန်းဟူကျင်းပါ၊ သိမ်အေးရေး ကြီးနေတဲ့ အချိန်ဖြစ်နေလို့ ဆရာဘိုးဘိုးနဲ့ ဦးကြီးတို့ကို ရှင်

www.burmeseclassic.com



တို့ကို ကြိုတင် အကြောင်း မကြားနိုင်ခဲ့ပါဘူး၊ ဒီအပြစ်အတွက် ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ကျန်းဆန်းဖုန်းနှင့် ရီတိုက်ရှင်တို့သည် ထိုစကားကို ကြားလိုက်ရသောအခါ အတိုင်းမသိ အံ့သြ ဝမ်းသာသွားကြ၏။ ထိပ်သီး သိုင်းသမားနှစ်ယောက်ကို အကျိုးအကြေ အလဲအကွဲ အနိုင်ယူခဲ့သော လူငယ်ကလေးသည် ဟိုးတစ်ချိန်က အအေးဓာတ် အဆိပ်ကြောင့် သေလုမျောပါး ပိန်လှီချောက်ကပ်နေခဲ့သည့် လူငယ်ကလေး ဟူကျင်း ဖြစ်လိမ့်မည်ဟု သူတို့ လုံးဝ မထင်မှတ်ခဲ့ကြချေ။

ကျန်းဆန်းဖုန်းသည် တဟားဟား အားရပါးရ ရယ်မောလျက် ဟူကျင်းကို ဆွဲထူလိုက်သည်။

"တယ်လိမ္မာတဲ့ လူကလေးပါလား၊ မင်း မသေဘူးဆိုတော့ မင်းအဖေ ကျန်းချွေးဆန်းရဲ့ မျိုးဆက် ကျန်ခဲ့တာပေါ့ကွာ"

သူသည် ပြောပြောဆိုဆိုဖြင့် ချင်ထင်းကျက်ဘက်သို့ လှည့်ကာ...

"ချင်ထင်းကျက်၊ ခင်ဗျားမှာ ဒီလောက်တော်တဲ့ မြေးလေး တစ်ယောက် ရှိနေတာကို ကျုပ် အများကြီး ဂုဏ်ယူပါတယ်"

ချင်ထင်းကျက်သည်လည်း ကျေနပ်အားရစွာ တဟားဟား ရယ်မောလျက်မှ...



"ဆရာကြီး ကျန်းဆန်းဖုန်းမှာလဲ ဒီလောက် တော်နေတဲ့ မြေးလေးတစ်ယောက် ရှိနေတာကို ကျုပ် ဂုဏ်ယူပါတယ်ဗျာ"

ကျောက်မိန်ကမူ နားကြားပြင်းကတ်သော လေသံဖြင့်...

"ဖြစ်နေလိုက်တာ၊ ဘာ မြေးကောင်း၊ တပည့်ကောင်းလဲကွင်၊ ရှင်တို့ အဘိုးကြီး နှစ်ယောက်ဟာ ဒီလောက် ကောက်ကျစ်ယုတ်မာတဲ့ သရဲလေးတစ်ကောင်ကို မွေးထုတ်ထားတာကိုများ ဂုဏ်ယူနေရသေးသတဲ့၊ အားတာ့ မင်း သွားစမ်း၊ ဒီ သရဲလေးဆီ သွားပြီး မင်းရဲ့ဓားနဲ့ ဆုံးမလိုက်စမ်း"

အမြဲတမ်းလိုလို မျက်နှာ ရှုံ့မဲ့ထားသော အားတာ့သည် ကျောက်မိန်အား အရိုအသေပေးလိုက်ပြီး တိမ်လွှာဓားကို ဆွဲထုတ်လိုက်သည်။

ဟူကျင်းသည် ဤ တိမ်လွှာဓားနှင့် ပတ်သက်၍ စိတ်ထဲ၌ မကျေမလည် ဖြစ်ခဲ့ရသည်မှာ ကြာခဲ့ပြီ။ ထို့ကြောင့် တိမ်လွှာဓားကို မြင်လိုက်သောအခါ သူ မရှင်းမလင်း ဖြစ်နေသည့် အချက်ကို မေးလိုက်သည်။

"ဒီဓားက ဝါမေဂိုဏ်းရဲ့ ဓားပဲ၊ ဘယ့်နှယ့် ခင်ဗျား လက်ထဲ ရောက်နေရတာလဲ"

ကျောက်မိန်က ဒေါသဖြင့် အော်ငေါက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း သရဲလေး၊ နင် ဘာသိလို့လဲ၊ မျက်ကြွယ် မယ်သီလရှင်ကြီးက တို့ဂိုဏ်းက ဓားကို ခိုးယူသွားတာ၊ အခု ငါတို့က ဒီဓားကို ပြန်ယူလိုက်တာပဲ၊ အဲဒါ ဘာဖြစ်သလဲ"

ကျောက်မိန်၏ ဒေါသဖြင့် အော်ဟစ် ပြောဆိုလိုက်သည့် စကားများကို ဟူကျင်းအနေဖြင့် မည်သို့မှ မတုံ့ပြန်တော့ချေ။ တုံ့ပြန်လျှင်လည်း အပိုစကားများဖြင့် ရှုပ်ထွေးခဲ့မည်သာဖြစ်၏။ တိမ်လွှာဓား၏ ဇာစ်မြစ်ကို သေသေချာချာ မသိရသေးမီ အတောအတွင်း ကျောက်မိန်နှင့် စကားများရန်မဖြစ်ခြင်းသာ အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

သို့သော် ဟူကျင်းသည် သူ့အတွက် အရေးတကြီး လိုအပ်နေသော အချက်တစ်ခုကို တောင်းဆိုလိုက်သည်။

"ကျောက်မိန် ခင်ဗျားအနေနဲ့ ကျုပ်ကို မဟူရာ အရိုးဆက်ဆေးကို ပေးရင် ကျုပ်တို့ ကျေအေးလိုက်မယ်"

ကျောက်မိန်သည် ခနဲ့ပြုံး ပြုံးရင်း ပြောလိုက်သည်။

"ဟင်း ဟင်း ဟင်း၊ ရယ်စရာ ကောင်းတော်ကောင်းနေတယ်၊ ငါက နင့်ကို အရေခွံခွာပြီး အရိုးတောင် ဝါးစားချင်နေတာ နင် ငါ့ကို ဟို ဂေဟာထဲမှာ ဘယ်လို စော်ကားခဲ့တယ်ဆိုတာ မေ့နေပြီလား"

"ဘယ်လို စော်ကားခဲ့တယ်" ဟူသည့် စကားကို ပြောလိုက်စဉ်အတွင်း ကျောက်မိန်ကိုယ်တိုင်ပင် ရဲခနဲ ရှက်သွေး



ဖြာခဲ့ရသည်။ ဟူကျင်း၏ မျက်နှာသည်လည်း နီရဲသွားခဲ့သည်။ ပတ်ဝန်းကျင်ရှိ လူများသည် ကျောက်မိန်၏ စကားကြောင့် မိမိသည် အကယ်ပင် သူများ၏ သားပျို သမီးပျိုကို စော်ကားခဲ့သည်ဟု မှတ်ထင်သွားကြမည်ကို ဟူကျင်း အလွန်စိုးရိမ်သွားသည်။ ထို့ကြောင့် ဟူကျင်းသည် စကားလမ်းကြောင်းကို အမြန်ဆုံး လွှဲပြောင်းလိုက်ရ၏။

"ကဲ ကျောက်မိန်၊ ခင်ဗျားအနေနဲ့ ကျုပ်ကို ဒီ မဟူရာ အရိုးဆက်ဆေး ပေးမလား၊ မပေးဘူးလား၊ ဒါပဲပြော"

ကျောက်မိန်သည် ရိတိုက်ရှင်နှင့် ချင်လိုရှန်တို့ဘက်သို့ စိတ်တစ်ချက် ဝေ့ကြည့်လိုက်ပြီး...

"ကောင်းပြီ၊ နင် လိုချင်ရင် ငါ ပေးမယ်၊ ဒါပေမယ့် ငါ့အတွက် အရေးကြီးတဲ့ ကိစ္စသုံးခုကို ဆောင်ရွက်ပေးရမယ်"

ချက်ချင်းပင် ဟူကျင်းက...

"ဘာကိစ္စတွေလဲ ပြော"

ကျောက်မိန်က...

"အခု ချက်ချင်းတော့ စဉ်းစားမထားလို့ ငါ မပြောနိုင်သေးဘူး၊ ဒါပေမယ့် နောက်ကျရင်တော့ ငါ ပြောမှာပါ၊ ငါ တစ်ခုပြောတဲ့အခါ နင် တစ်ခု လုပ်ပေးပေါ့"

"ဘယ် ဒီလိုဖြစ်မလဲ၊ တကယ်လို့ ခင်ဗျားက ကျုပ်ကို သတ်သေခိုင်းရင် ဘယ့်နှယ်လုပ်မလဲ"

www.burmeseclassic.com



"ဒီလိုတော့ ငါက လုပ်ခိုင်းပါ့မလား"

"ဒီလိုဆိုရင် အခုပြော၊ ကျုပ်က ရှင်းရှင်းပဲကြိုက်တယ်၊ ဝေ့လည်ကြောင်ပတ် လုပ်တာ မကြိုက်ဘူး၊ မှန်မှန်ကန်ကန် ဖြောင့်ဖြောင့်မတ်မတ် အလုပ်မျိုးဆိုရင် ဘာမဆို လုပ်ပေး အသင့်ပဲ"

ကျောက်မိန်သည် သူမ၏ စကားကို ဆက်ရန်ပြင်လိုက်စဉ် ရှောင်ချောင်း၏ ခေါင်း၌ မိမိပေးထားသည့် ပန်းကလေး ပန်ထားသည်ကို တွေ့လိုက်ရသည့်အခါတွင်မူ ဒေါသ အကြ အကျယ် ပြန်ထွက်လာတော့သည်။ တစ်ခု ပို၍ ဆိုးသွားသည် မှာ ရှောင်ချောင်းသည် ငယ်ရွယ် နုပျိုလှသည်သာမက ရုပ်ရည်မှာလည်း အလွန် လှပ ချောမွေ့နေခြင်းပင် ဖြစ် တော့သည်။

ရှောင်ချောင်း၏ ခေါင်းထက်မှ ပန်းပွင့်ကလေးကို မမြင် ရသေးမီက သူမ၏ လေသံများသည် အလွန် မာကျော ခက်ထန်လာပြန်တော့သည်။ ကျောက်မိန်သည် အံကို တင်းတင်း ကြိတ်လျက်. . .

"အားတော့၊ ဒီ သရဲလေးရဲ့ လက်ကို ဖြတ်လိုက်စမ်း"

အားတော့သည် ကျောက်မိန်ကို အရိုအသေပေးပြီ ဟူကျင်းရှိရာသို့လျှောက်လာသည်။ ဟူကျင်းသည် တိမ်လွှာအား အစွမ်းကို ကောင်းကောင်း သိသည်။ မည်သည့် လက်နက်မ



တိမ်လွှာဓားနှင့် ထိခိုက်လိုက်သည်နှင့် ကျိုးပဲ့ ပျက်စီးသွား မည်သာ ဖြစ်သည်။

တွေဝေ စဉ်းစားနေသည့် ဟူကျင်းအား ကျန်းဆန်းဖုန်းက သိမ်းခေါ်လိုက်သည်။

"ဟူကျင်းငါတို့ရဲ့ ထိုက်ကျိလက်သီးသိုင်းကို မင်း ကောင်း ကောင်း တတ်သွားပြီ၊ အခု ငါ့ရဲ့ ထိုက်ကျိ ဓားသိုင်းကို သင်ပေးလိုက်ဦးမယ်၊ အဲဒီ သိုင်းကွက်နဲ့ သူ့ကို ပြိုင်ပေ တော့"

ဟူကျင်းသည် ဝမ်းသာအားရ ဖြစ်သွားကာ အားတော့ ဘက်သို့ လှည့်ပြောလိုက်သည်။

"ဆရာကြီး၊ ကျုပ်မှာက ဓားသိုင်းပညာ ကောင်းကောင်း မရှိလို့ ကျုပ်ရဲ့ ဆရာဘိုးဘိုးဆီမှာ ခဏလောက် ပညာတက် လိုက်ပါစေဦး၊ ပညာတက်ပြီးရင် ခင်ဗျားနဲ့ ပြိုင်ပါ့မယ်"

အားတော့သည် ဟူကျင်း၏ သိုင်းပညာ အစွမ်းကို မြင်ထားလိုက်ရသဖြင့် အနည်းငယ် ကြောက်ရွံ့နေသည်။ ယခုမူ ဟူကျင်းသည် ဓားသိုင်းပညာကို ခဏချင်း သင်ယူပြီး သူနှင့် ယှဉ်ပြိုင်မည်ဟု ဆိုလိုက်သောအခါတွင်မူ ဖော်မပြနိုင်လောက် အောင် ဝမ်းသာသွားတော့သည်။

မည်သူသည် ခေတ္တခဏအတွင်း သင်ယူလိုက်သော ပညာဖြင့် မည်မျှ ကျွမ်းကျင်ပိုင်နိုင်စွာ ယှဉ်ပြိုင်နိုင်လိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



နည်း၊ သင်ယူပြီးသော ပညာတစ်ခုကို နှစ်ပေါင်း လပေါင်း များစွာ အထပ်ထပ် လေ့ကျင့်ပြီးမှသာ ကောင်းစွာ ကျွမ်းကျင် တတ်မြောက်နိုင်သည် မဟုတ်ပါလော။

ယခု အခြေအနေအတိုင်းဆိုပါလျှင် မိမိသည် ဟူကျင်းကို အလွယ်တကူ နိုင်နိုင်ပေလိမ့်မည်။ ထို့ကြောင့် သူသည် ချက်ချင်း ခေါင်းညိတ်ပြပြီး . . .

“မင်း သွားသင်ချင်ရင် သင်ပါ၊ ငါ မင်းကို စောင့်ပြီး ပြိုင်မယ်”

ကျန်းဆန်းဖုန်းက . . .

“အပြင်မှာ သွားသင်စရာ မလိုပါဘူး၊ ဒီနေရာမှာပဲ သင်ပေးမှာပါ၊ နာရီဝက်လောက်ဆိုရင် လုံလောက်ပါပြီ”

ကျန်းဆန်းဖုန်းသည် ထိုစကားကို ပြောပြီးသည်နှင့် လူသူ့ပရိသတ်ကြီးရှေ့တွင်ပင် သူ၏ ထိုက်ကျိ ဓားသိုင်းကွက်ကို သင်ပြလေတော့သည်။

သူ ကစားပြပြီးသောအခါ ဘေးနားမှ ကြည့်နေကြသော ပရိသတ်ကြီးသည် ဩဘာ မပေးသည့်ပြင် များစွာ အံ့သြသွား ကြရသည်။

“ဒီလောက် နှေးနှေးကွေးကွေး ဓားသိုင်းနဲ့ ဘယ်ရန်သူကို သွားတိုက်နိုင်တော့မှာလဲ”



လူအသီးသီး၏ စိတ်ထဲတွင် ဤသို့သာ ရေရွတ် တွေးတောမိလိုက်ကြသည်။

ကျန်းဆန်းဖုန်းက . . .

“လူလေး မင်း အခု အားလုံး မှတ်မိပြီလား”

ဟူကျင်းက . . .

“တစ်ဝက်လောက် မေ့သွားပြီ ဆရာဘိုးဘိုး”

ကျန်းဆန်းဖုန်းက . . .

“ကောင်းတယ် တောင်းတယ်၊ မင်း သိပ်မဆိုးဘူး၊ ငါပြတဲ့ အကွက်တွေကို သေသေချာချာ ထပ်စဉ်းစားကြည့်ဦး”

ဟူကျင်းသည် ငြိမ်သက်စွာဖြင့် လေးလေးနက်နက် စဉ်းစားသုံးသပ်နေသည်။ အတန်ကြာသောအခါ ကျန်းဆန်းဖုန်းက . . .

“အခုကော ဘယ်လိုလဲ”

ဟူကျင်းက ဝမ်းသာအားရ ပြန်ဖြေလိုက်သည်။

“သုံးပုံ နှစ်ပုံတော့ မေ့သွားပြီ”

ချူထင်းသည် ကျန်းဆန်းဖုန်းနှင့် ဂိုဏ်းချုပ်ကြီး ဟူကျင်း တို့ အပြန်အလှန် ပြောနေသည့် စကားများကို နားထောင်ရင်း အလွန် စိုးရိမ်ပူပန်လာသဖြင့် အော်ဟစ် ပြောကြားလိုက်သည်။

“ဒုက္ခပါပဲ၊ ဂိုဏ်းချုပ်ကြီးက ကြာလေ မေ့လေဆိုတော့ ဘယ်လိုလုပ် သွားပြိုင်နိုင်တော့မှာလဲ၊” ဆရာကြီး ခင်ဗျား၊

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးရဲ့ပညာ အင်မတန် နက်နဲပုံရတယ်၊ နောက်ထပ် တစ်ခေါက်လောက် ကစားပြမှ ကျွန်တော်တို့ ဂိုဏ်းချုပ်ကြီးက မှတ်မိနိုင်တော့မှာပေါ့"

ကျန်းဆန်းဖုန်းက ပြုံး၍...

"ကောင်းပြီ၊ ဒီလိုဆိုရင် နောက်တစ်ခေါက် ထပ် ကစားပြလိုက်ဦးမယ်"

ကျန်းဆန်းဖုန်းသည် ဓားကိုကိုင်၍ ဖြည်းညင်းစွာ ကစားပြ လိုက်သည်။ ကျန်းဆန်းဖုန်း ကစားနေသည်ကို ကြည့်ပြီး အားလုံး အံ့ဩသွားကြရပြန်သည်။ အဘယ်ကြောင့်ဆိုသော် ကျန်းဆန်းဖုန်း ကစားပြသော သိုင်းကွက်သည် ပထမတစ်ခေါက် ကစားပြခဲ့သည့် သိုင်းကွက်နှင့် လုံးဝ မတူသောကြောင့် ပေတည်း။

ချူထင်းသည် လုံးဝ မမျိုသိပ်နိုင်သဖြင့် ထပ်မံ၍ အော် ဟစ်လိုက်ပြန်သည်။

"ဒုက္ခပါပဲ၊ ဒီလိုဆိုရင် ဂိုဏ်းချုပ်ကြီး ဘယ် မှတ်မိနိုင် တော့မှာလဲ"

ထိုစဉ် ကျန်းဆန်းဖုန်းသည် ဟူကျင်းအား မေးလိုက်သည်။

"လူလေး ဘယ်လိုလဲ၊ မှတ်မိပြီလား"

"သုံးကွက်လောက် ကျန်နေသေးတယ် ဆရာဘိုးဘိုး"



ဟူကျင်းသည် ပြောပြောဆိုဆိုဖြင့် ဓားကို ကိုင်ကာ ခန်းမအတွင်း စက်ဝိုင်းကြီး စက်ဝိုင်းငယ်များကို ရေးဆွဲနေ တော့သည်။ ထိုသို့ ပြုလုပ်နေရင်းမှ ရုတ်တရက် ဝမ်းသာအားရ အော်ဟစ်လိုက်တော့လေသည်။

"ဘိုးဘိုး ကျွန်တော် မေ့သွားပြီ၊ အားလုံး မေ့သွားပြီ"

ကျန်းဆန်းဖုန်း၏ မျက်နှာ၌လည်း ကျေနပ်အားရသော အမူအရာများ ဖုံးလွှမ်းလျက် ရှိနေသည်။ နှုတ်မှ ဟူကျင်းအား ပြောလိုက်လေသည်။

"တော်တယ်၊ လူကလေး သိပ်တော်တယ်၊ ကဲ အခု ဓားသိုင်းဆရာကြီးနဲ့ မင်း ပြိုင်နိုင်ပြီ"

အားလုံးသည် ပါးစပ်အဟောင်းသားဖြင့် နားမလည် နိုင်လောက်အောင် အံ့ဩနေကြသည်။ ဆရာဘိုးဘိုးနှင့် မြေး အပြည့် နှစ်ယောက်တို့၏ စကားများကိုလည်း လုံးဝ နားမလည် နိုင်ကြ။

ထိုစဉ် အားတာ့သည် တိမ်လွှာဓားကို ဆွဲထုတ်လျက် ဟူကျင်းကို ထိုးလိုက်သည်။ ရှီးခနဲ လေတိုးသံ တစ်ချက်ကို လည်း ကြားလိုက်ကြရသည်။ ထိုဓားချက်၏ အသံကို ကြားလိုက် ရသည်နှင့် အားတာ့၏ အတွင်းအား မည်မျှ ပြည့်ဝပြင့်မား ကြောင်းကို သိလိုက်မိကြလေတော့သည်။ ဟူကျင်းကလည်း သူ၏ ဓားကို စက်ဝိုင်းပုံ ဝှေ့ယမ်းလိုက်ပြီး တိမ်လွှာဓားကို

www.burmeseclassic.com

www.burmeseclassic.com



ဖိကပ်လိုက်သည်။ ထိုအခါ အားတာ့၏ တိမ်လွှာဓားသည် ဟူကျင်း၏ ဓားကို လုံးဝ ခုတ်ဖြတ်ခြင်း မပြုနိုင်တော့ပေ။

အမှန်စင်စစ် ကျန်းဆန်းဖုန်းက ဟူကျင်းအား သင်ကြား ပေးလိုက်သည့် ဓားသိုင်းပညာသည် သိုင်းကွက် မရှိသော ဓားသိုင်းပညာဖြစ်သည်။ ထိုပညာသည် ဓားသိုင်းပညာ၌ အဆင့် အမြင့်ဆုံး ဖြစ်၏။ ဓားသိုင်းပညာတွင် သိုင်းကွက်ရှိနေလျှင် ထိုအကွက်များ၏ လွတ်ကွက်၊ ဟာကွက်၊ ချွတ်ယွင်းချက်များ ရှိရမည်မှာ သေချာလှသည်။ ဓားသိုင်းပညာတွင် အဆင့်အမြင့် ဆုံးသို့ ရောက်ရှိသောအခါတွင်မူ သိုင်းကွက်ဟူ၍ မရှိတော့ဘဲ မိမိ စိတ်ထင်သလို တိုက်ခိုက်လာနိုင်တော့သည်။

ထို့ကြောင့် ကျန်းဟူကျင်းက သိုင်းကွက်အားလုံး မေ့သွား ခြင်းကို အလွန် ဝမ်းသာအားရ အော်ဟစ် ပြောဆိုလိုက်ခြင်း ဖြစ်သည်။ ဟူကျင်းသည် ဓားသိုင်းပညာ၌ ရှာမှရှားလှသော ဓားသိုင်းပညာကို တတ်မြောက်သွားခြင်း ဖြစ်ပေသည်။

ဓားသိုင်းပညာ၌ သာမန် အသိအမြင် အတွေးအခေါ်သာ ရှိသူများအဖို့ ထိုအချက်ကို သဘောပေါက်နိုင်ကြမည် မဟုတ် ပေ။

ထိုစဉ် ရှမ်းခနဲ ရှမ်းခနဲ လေထဲ၌ ဓားဖြတ်သန်းသွား နေသည့် အသံများကို ကြားနေရသည်။ အားတာ့၏ ဓားချက်သည် ကြောက်မက်ဖွယ်ရာ ပြင်းထန်လှသည်။ ဟူကျင်းကမူ သူ့



ဓားကို စက်ဝိုင်းကြီး၊ စက်ဝိုင်းကလေးများအဖြစ် ဖန်တီးပြီး အားတာ့၏ တိုက်ကွက်ကို ပြန်လည် တိုက်ခိုက်နေသည်။

သူတို့၏ တိုက်ပွဲသည် တဖြည်းဖြည်းနှင့် အချိန်ကြာ မြင့်ခဲ့လေပြီ။ အချိန်ကြာမြင့်လှသည်နှင့်အမျှ အားတာ့သည် သူ၏ လက်ထဲမှ ဓားကို မနိုင်၊ နိုင်လောက်အောင် ဖြစ်လာ တော့သည်။ တိမ်လွှာဓားသည် သူ့လက်ထဲ၌ တဖြည်းဖြည်း လေးလံလာလျက် ရှိနေချေပြီ။

ဟူကျင်း၏ လက်ထဲက ဓားမှာမူ တိုက်ခိုက်လိုက်တိုင်း အတွင်းအားလှိုင်း ပိုမို ပြင်းထန်လာကြောင်း တွေ့ရှိရသည့် အပြင် ဓားသွား အသွင်းအနုတ်၊ အဝေ့အဝိုက်များသည်လည်း အလွန် ပေါ့ပါးသွက်လက်လာကြောင်း တွေ့နေကြရပေသည်။

အားတာ့ခမျာမူ စ,တိုက်စဉ်ကကဲ့သို့ ပေါ့ပါး သွက်လက် စွာ မကစားနိုင်တော့ချေ။ ထို့ကြောင့် တိုက်ရင်းတိုက်ရင်း ကြောက်ရွံ့ တုန်လှုပ်လာတော့သည်။ ချွေးများလည်း ပြိုက်ပြိုက် ထွက်နေရချေပြီ။

ယခုအချိန်အထိ သိုင်းကွက်ပေါင်း သုံးရာကျော်အထိ အားထုတ်တိုက်ခိုက်ခဲ့ပြီး ဖြစ်သော်လည်း ဟူကျင်း၏ ဓားကို အစ်ချက်တလေမျှ ခုတ်မိသွားအောင် မရိုက်နိုင်ချေ။ အားတာ့ သည် တစ်ခုံတစ်ခုကို ဆုံးဖြတ်လိုက်သည်။ ယခုအတိုင်း ဆက်၍ ဆွဲ၍ တိုက်ခိုက်နေလျှင် မိမိအဖို့ အရှုံးမှတစ်ပါး

www.burmeseclassic.com

www.burmeseclassic.com



အခြား မရှိတော့ပြီ။ ထို့ကြောင့် အားတာ့သည် အံကို တင်းတင်း ကြိတ်လျက် တစ်ကိုယ်လုံးရှိ အတွင်းအားများကို ညှစ်ထုတ်လိုက်ပြီး ဟူကျင်း၏ ရင်ဘတ်သို့ သူ၏ နောက်ဆုံး ဓားချက်ကို ထိုးသွင်းလိုက်တော့၏။

ဟူကျင်းသည် အားတာ့၏ တစ်ချက်လွှတ် တိုက်ကွက်ကို မတတ်နိုင်တော့သည့်အဆုံး သူ၏ဓားဖြင့် ကာလိုက်ရသည်။ "ထန်း"ခနဲ မြည်လျက် သူ၏ ဓားထိပ်ဖျား ကျိုးသွားတော့သည်။ ထိုစဉ် ဟူကျင်း၏လက်သည် အားတာ့၏ တိမ်လွှာဓားကို ဖမ်းညှစ်လိုက်တော့သည်။

အားတာ့သည် သူ၏ဓားကို အားကုန် ပြန်ဆွဲလိုက်သည်။ သို့သော် သူ၏ ဓားသည် ကျောက်ဆိုင်ကျောက်သားကျောက်ပတ်ကြားအက်ကြား၌ ညှပ်နေသည့်ပမာ လုံး၀ ဆွဲနုတ်ယူ၍ မရဘဲ ဖြစ်နေသည်။ အနည်းငယ်မျှပင် မလှုပ်ရှားတော့ချေ။

ထိုစဉ် ဟူကျင်းသည် သူ့ဓားဖြင့် ကိုင်ထားသော အားတာ့၏ လက်ကို ခုတ်ချလိုက်သည်။ အမှန်စင်စစ် ဟူကျင်း၌ ဤမျှ ရက်စက်သော စိတ်ထား မရှိချေ။ အားတာ့သည် သူ၏ ဓားကို လက်လွှတ်လိုက်စေရန် ရည်ရွယ်ပြီး ဟူကျင်းက ခုတ်ချလိုက်ခြင်း ဖြစ်သည်။



သို့သော် အားတာ့သည် သူ၏လက်ကို လုံး၀မလွှတ်။ ထို့ကြောင့် ဟူကျင်း၏ ဓားသည် အားတာ့၏ လက်ကို ဖမ်းခနဲ ဖြတ်ချလိုက်တော့သည်။

အားတာ့သည် သူ၏ဓားကို ပြန်နုတ်ယူနေစဉ် ဟူကျင်း ဤသို့ ဖြတ်ချနိုင်သည်ကို သိရှိသည်သာ ဖြစ်သည်။ ထိုသို့ပင်ဖြစ်စေ သူ့အနေဖြင့် ဓားကို လုံး၀ လက်မလွှတ်နိုင်ခြင်းဖြင့် ဖြတ်မှ ဖြတ်စေတော့ ဟူသော သဘောဖြင့် ဓားကို အတင်းဆွဲနုတ်ယူရန် ကြိုးစားနေခြင်းဖြစ်၏။

ယခု သူ၏ ညာဘက်လက်သည် လက်မောင်းရင်းမှ ပြတ်ကျသွားပေပြီ။ တိမ်လွှာဓားကိုမူ လက်ပြတ်ကြီးသည် ဆုပ်ကိုင်ထားဆဲ ရှိနေသေးသည်။ ဓားသည် သူ၏ တစ်ဆက်တည်းသော ခန္ဓာကိုယ်နှင့် ကင်းကွာရချေပြီ။

ထိုစဉ် အားတာ့သည် မည်သူမျှ မမျှော်လင့် မထင်မှတ်သော အပြုအမူကို ပြုလုပ်လျက် သူ၏ ရဲစွမ်းသတ္တိကို ပြသသွားသည်။ တိမ်လွှာဓားကို ဆုပ်ကိုင်ထားသည့် ညာလက်ပြတ်ကျသွားလျှင်သွားချင်း သူ၏ ဘယ်လက်သည် ညာလက်ကို ဖမ်းဆွဲလိုက်ကာ နောက်ဘက်သို့ ခုန်ရှောင် ထွက်သွားတော့သည်။ သူ၏ တိမ်လွှာဓားကို ပြန်လည် ရရှိသွားပေပြီ။

ဟူကျင်းသည် အားတာ့၏ သတ္တိကို လေးစားလှသဖြင့် ဆက်မတိုက်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ကျောက်မိန်သည် ကျန်းဆန်းဖုန်းဘက်သို့ လှမ်းပြောလိုက်သည်။

"ဒီတစ်ကြိမ်မှာတော့ ဒီသရဲလေးရဲ့ စွမ်းရည် ထောက်ထားတဲ့ အဖေနဲ့ ဟူတန်းဂိုဏ်းကို သက်ညှာလိုက်မယ်"

သူမသည် သူ၏ လူများဘက်သို့ လက်ဖြင့် တစ်ချက် ပြလိုက်ရင်း...

"ကဲ သွားကြမယ်"

သို့နှင့် ကျောက်မိန်နှင့်တကွ သူ့လူများသည် ကျန်း ဆန်းဖုန်းတို့ အားလုံးကို ကျောခိုင်း၍ ထွက်ခွာသွားကြ တော့သည်။ ဟူကျင်းသည် ရုတ်တရက် သတိရလိုက်သည် ကျောက်မိန်ရှိရာဘက်သို့ လှမ်းအော်လိုက်သည်။

"ကျောက်မိန် မဟူရာ အရိုးဆက်ဆေးကို ပေး စမ်းပါ"

အော်သံနှင့်အတူပင် ကျောက်မိန် ရှိရာသို့ ခုန်အုပ်လိုက် သည်။ ဟူကျင်း၏ လက်သည် ကျောက်မိန်၏ ပခုံး ဖမ်းဆုတ်လိုက်ရန် ဟန်ပြင်လိုက်သည်။ ထိုစဉ် ထူးခြားသော အသံများကို တစ်ချက်မျှ မကြားဘဲနှင့် သူ၏ ဘေးနှစ်ဘက် ကြီးမား ပြင်းထန်လှသော အားလှိုင်းနှစ်ခုက ဝင်ရောက် တိုက်ခိုက်လာတော့သည်။



ဟူကျင်းသည် အကြီးအကျယ် တုန်လှုပ် ချောက်ချား သွားရပြီး သူ၏ လက်ဝါးနှစ်ဖက်ဖြင့် ထိုအားလှိုင်း နှစ်ခုကို ခုခံ ကာကွယ်ရသည်။

"ဖြန်း ဖြန်း" ဟူသော အသံကြီး နှစ်ချက်ကို ကြားလိုက်ရပြီး ဟူကျင်းသည်လည်း နောက်ဘက်သို့ ခုန်ရှောင် ထွက်လိုက်ရသည်။ ရန်သူ၏ အားလှိုင်းများတွင် မိမိနှင့် လွန်စွာ ရင်းနှီး ကျွမ်းဝင်လှသည့် အလွန် အေးစက်နေသော အားလှိုင်းများ ဖြစ်နေကြောင်း ဟူကျင်း သိလိုက်သည်။

ဟူကျင်း၏ ခေါင်းထဲတွင် ထိုအားလှိုင်းများနှင့် ပတ်သက်၍ ပြီးခနဲ ပြက်ခနဲ သိလိုက်မိသည်။

"အဆင့်မြင့် လက်ဝါးစောင်း အားလှိုင်းပင်တည်း"

ဟူကျင်း နောက်သို့ ခုန်ရှောင်လျက် စဉ်းစားနေသည့် အခိုက်တွင်ပင် ဟူကျင်းအား တိုက်ခိုက်လိုက်သော အဘိုးကြီး နှစ်ယောက်တို့သည် ကျောက်မိန်နှင့်အတူ ထွက်ခွာသွားကြ သပြီ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅၁)

www.burmeseclassic.com

www.burmeseclassic.com

## ဘတိစဏား

“လက်စသတ်တော့ ဒီအဘိုးကြီးနှစ်ယောက်ဟာ အဆင့်မြင့် ဝါးစောင်း သိုင်းပညာရှင်တွေကိုး”

ဟူကျင်းသည် မဲ့ပြုံးပြုံးရင်း တစ်ယောက်တည်း ရေရွတ်လိုက် ည်။ ထိုစဉ် ကျန်းဆန်းဖုန်းက

“ကြာတော့ ကြာခဲ့ပြီပေါ့လေ၊ ဒီအိုးကြီးနှစ်ယောက်ထဲက ယောက်နဲ့ ငါ လက်ဝါးချင်း ရိုက်ခဲ့ ကြသေးတယ်၊ အဲဒီတုန်း သူက မွန်ဂိုစစ်ဗိုလ် ဟန်ဆောင်ထားတယ်၊ သူက ဟူကျင်းကို ခေါ် လာတာပေါ့”

ရန်ရောင်က ဝင်ပြောလိုက်သည်။

“ဟို ကျောက်မိန်ဆိုတဲ့ မိန်းကလေးက ဘာလဲတော့ မသိဘူး၊ တော်ကလေး ထူးဆန်းနေတာတော့ အမှန်ပဲ၊ ဒီလို လက်ဝါး

www.burmeseclassic.com

www.burmeseclassic.com



စောင်း သိုင်းပညာရှင်ကြီး အဘိုးကြီး နှစ်ယောက်ကို သူ့ရဲ့ သ
တော်စောင့် ကိုယ်ရံတော်တွေ ဖြစ်အောင် လုပ်ထားနိုင်တဲ့အချက်ဟ
တော်တော်ကလေး စဉ်းစားစရာ ကောင်းတဲ့အချက်ပဲ"

ဟူကျင်းက ကြားဖြတ်၍ ပြောလိုက်သည်။

"အခု လောလောဆယ် အရေးတကြီး ဆောင်ရွက်ရမ
ကိစ္စနှစ်ခု ရှိနေတယ်၊ တစ်ခုက မဟူရာ အရိုးဆက်ဆေးကို
အောင် ယူရမယ်၊ ဒါမှ ဦးကြီးရိတိုက်ရှင်နဲ့ ဦးလေး ချင်လိရှုန်တို့
ဒဏ်ရာတွေကို ကုသပေးနိုင်မှာ"

"ဒုတိယ အရေးကြီးတဲ့ တစ်ချက်ကတော့ ဦးကြီး ချိုရှင်ချော
တို့ ဘယ်ရောက်နေသလဲ၊ ဘာအန္တရာယ်တွေ တွေ့နေကြရသ
ဆိုတာ စုံစမ်းရမယ်၊ ဒီကိစ္စနှစ်ခုစလုံးရဲ့ အဖြေဟာ ကျောက်မိန့်
မှာ ရှိနေတယ်"

ထိုစဉ် ရိတိုက်ရှင်သည် ပြုံး၍ ပြောလိုက်သည်။

"ဦးကြီးအတွက်ကတော့ အရေးမကြီးလှတော့ပါဘူးကွယ်
အနှစ်နှစ်ဆယ်လုံးလုံး ဒီ ဒုက္ခကြီးကို ခံစားခဲ့ရပြီပဲ၊ ဆေး ဘယ်လော
ကောင်းကောင်း ဦးကြီး အတွက်ကတော့ သိပ်အကျိုးထူးလှတော
မယ် မထင်တော့ပါဘူး၊ အရေးကြီးတာကတော့ မင်းရဲ့ ဦးလေ
ချင်လိရှုန်နဲ့ ဦးကြီး ချိုရှင်ချောင်းတို့ကို ကယ်ဖို့ပဲ"

ကျန်းဟူကျင်းက . . .

"ဘယ်လိုပဲဖြစ်ဖြစ် ဒီကိစ္စကို အချိန်ဆွဲလို့ မဖြစ်တာတော



ခမှန်ပဲ၊ ဒီတော့ လက်ဝဲရံ ရန်ရောင်၊ ဝေရိ၊ စောပုတက်တို့က
ကျွန်တော်နဲ့ အတူတူ လိုက်ခဲ့ကြရမယ်၊ ကျွန်တော်တို့တစ်သိုက်ဟာ
န်သူ့နောက်ကို လိုက်ပြီး စောစောက ပြောတဲ့အချက်ကြီး နှစ်ချက်
ကို ဆောင်ရွက်ကြမယ်၊ အလံငါးဖွဲ့ထဲက ဒုခေါင်းဆောင် တစ်ယောက်
က ဝါမေ၊ ဝါဆန်း၊ ခွန်းလွန်၊ ခုံးတုံနဲ့ ဖုကျုက်နယ်က ရှောင်လင်
န်းကြီးကျောင်းတွေဆီကို သွားပြီး အခုသတင်းတွေကို အကြောင်း
ကြားလိုက်ပါ၊ သူတို့ရဲ့ အခြေအနေကိုလဲ စုံစမ်းခဲ့ပါ၊ ကျန်နေတဲ့
ခမောက်၊ ချူထင်း၊ ဖန်ဟိုဆန့်နဲ့ အလံငါးဖွဲ့လုံးက အဖွဲ့သားတွေက
တော့ ဒီ ဟူတန်းတောင်မှာပဲ ခေတ္တစခန်းချပြီး ကျွန်တော် ဆရာ
ဘိုးရဲ့ မှာကြားချက်တွေအတိုင်း ဆောင်ရွက်ကြပါ"

ဟူကျင်းသည် သူ၏ ဂိုဏ်းသားများ လုပ်ရမည့် တာဝန်ကိုယ်
ကို ရှည်လျားစွာ အမိန့်ပေးလိုက်သည်။ ဟူကျင်း၏ အမိန့်ကို
ဏ်းသားအားလုံးက ခါးများကိုင်း၍ နာခံလိုက်ကြသည်။ ဤမြင်
ကွင်းကို တွေ့လိုက်ရသော ကျန်းဆန်းဖုန်းသည် များစွာ ကျေနပ်
တိ ဖြစ်သွားသည်။

ကျန်းဆန်းဖုန်း၏ စိတ်ထဲတွင် ဟူကျင်းသည် ဂိုဏ်းချုပ်
ဖြစ်သည်မှာ မှန်သော်လည်း အသက်ငယ်ရွယ်လွန်းလှသဖြင့် အလင်း
ဆန့်ဂိုဏ်းသားများက ဂိုဏ်းချုပ်၏ အမိန့်ကို နာမှနာခံပါ့မလား
ဟု တွေးတောနေမိခဲ့သည်။ ယခုမူ သူ၏ မြေး၏ ဩဇာအာဏာ
သက်ရောက် လွှမ်းခြုံနိုင်ပုံကို ကိုယ်တိုင် မြင်တွေ့ရပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရန်ရောင်၊ ဝေရီ၊ စောပုတက်နှင့် ဟူကျင်းတို့ လေးယောက်သည် အစားအသောက်များကို စားသောက်လျက် သူတို့၏ ဝမ်းများကိုဖြည့်တင်းလိုက်ကြသည်။ ပြီးစီးကြသောအခါ ခရီးထွက်ရန် ပြင်ဆင်ကြတော့သည်။

ထိုစဉ်...ရန်ဝေသည် ရုတ်တရက် ရောက်ရှိလာပြီး ဟူကျင်း အား လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"အစ်ကို ဟူကျင်း...ကျွန်မ အစ်ကို့ကို စကားနည်းနည်း လောက် ပြောစရာရှိတယ်၊ အစ်ကို ခဏလောက် နားထောင်ပါလား"

ရန်ရောင်နှင့် ဝေရီတို့ နှစ်ယောက်သည် သိနားလည်သော အပြုံးများကို ပြုံးလိုက်ကြသည်။ စိတ်ထဲတွင်လည်း

"သူတို့နှစ်ယောက်ဟာ ငယ်ကျွမ်းဆွေတွေဆိုတော့ ခုလို ခွဲ ကွာရမယ့် အချိန်မျိုးမှာ ပြောစရာတွေ ရှိနေမှာပေါ့လေ"

ဤသို့ စိတ်ထဲတွင် တွေးလိုက်မိကြသဖြင့် အခန်းအပြင်သို့ ရှောင်ထွက်သွားကြတော့၏။

ရန်ဝေ၏ မျက်နှာကလေးသည် ထူးခြားနေသည်။ သူ၏ မျက်နှာ တစ်ခုလုံးသည်လည်း သူပြောမည့် စကားများအတွက် ရှက်သွေးဖျန်းနေဟန် ရှိသည်။ အတန်ကြာမှ...

"အစ်ကို ဟူကျင်း...အစ်ကို ဟူကျင်းဟာ ငယ်ငယ်ကလေး ကတည်းက ကျွန်မကို အမြဲတမ်း ဂရုစိုက်ကာကွယ် စောင့်ရှောက်ပေးခဲ့တာ နော်"



ဟူကျင်းသည် ရန်ဝေ၏ အဆက်အစပ် မရှိသော စကားတို့ ကို နားမလည်သဖြင့်

"အဲဒါ ဘာဖြစ်လို့လဲ"

"အစ်ကိုက ကျွန်မကို အမြဲတမ်း စောင့်ရှောက်ခဲ့တော့ ကျွန်မကလဲ အစ်ကို့ကိုပဲ အားကိုးတယ်၊ ဒါကြောင့်မို့ အခု စကား ကို အဖေ့ကိုတောင် မပြောဘဲနဲ့ အစ်ကို့ကို အရဲစွန့်ပြီး လာပြောတာ ..."

"ရန်ဝေရယ် ဒါများ အဆန်းလုပ်ပြီး လာပြောနေရသလား၊ ဒါဟာ နင့်အစ်ကိုပဲ၊ ပြောစရာရှိတာကိုပြော၊ ဘာပြောချင်သလဲ"

ရန်ဝေ၏ အသံသည် ချက်ချင်း တိုးညင်းသွားတော့သည်။

"အစ်ကို...အဖေနဲ့ အမေတို့ဟာ ဦးလေး ချင်လီရှန် အပေါ် မှာ အင်မတန် ကြေကွဲစရာကောင်းတဲ့ အပြစ်တွေ ကျူးလွန်မိခဲ့ကြ တယ် မဟုတ်လားဟင်"

"ဒါကတော့ကွယ် ဖြစ်ပြီးတဲ့ ကိစ္စတွေပါ၊ ဒါတွေ ပြန်ပြော နေရင် အားလုံး စိတ်မကောင်းဖြစ်ကြရမှာပါ၊ ပြန်ပြောမနေနဲ့တော့"

"ဟင့်အင်း...ဟင့်အင်း...မဟုတ်ဘူး အစ်ကို၊ ဟူကျင်း၊ ...က လူတွေ အနေနဲ့ကတော့ ဒီကိစ္စဟာ ဟောင်းနေပြီ၊ ဆွေးနေ ... အခုတွေးလို့ ဘာမှ အကျိုးမရှိတော့ဘူးလို့ ထင်ကြမှာပေါ့၊ ... ကြာလဲ ကြာခဲ့တာကိုး၊ အခုဆိုရင် ကျွန်မတောင်မှ အသက် တစ် ဆယ့်ခုနစ်နှစ် ရှိပြီမဟုတ်လား၊ ဒါပေမယ့် ဦးလေး ချင်လီရှန်ကတော့

www.burmeseclassic.com



အမေ့ကို ခုထက်ထိ မမေ့သေးဘူး၊ အခုတစ်ကြိမ်မှာ သူ ရထားတဲ့ ဒဏ်ရာက ပြင်းထန်လွန်းလို့ မှုးမှုးမေ့မေ့နဲ့ သတိကလဲ ရတစ်ချက် မရတစ်ချက် ဖြစ်နေတယ်၊ တစ်ခါ တစ်ခါကျတော့ သူ့ အာရုံတွေ ရှုပ်ထွေး ထွေပြားသွားပြီး ကျွန်မလက်မောင်းကို ဆွဲပြီး ကျိုးရှောင်မှု...ကျိုးရှောင်မှုနဲ့ ခေါ်နေတာပဲ၊ နောက်ပြီး ကျွန်မကို ကျိုးရှောင်မှု...အခု ငါ့ခြေလက်တွေ ကျိုးကုန်ပြီ၊ ငါဒုက္ခိတ ဖြစ်သွားပြီ။ ငါ မင်းကို တောင်းပန်ပါတယ်၊ ငါ့ကို တစ်ယောက်တည်း ပစ်မသွားပါနဲ့လို့ တတွတ်တွတ် ပြောနေတော့တာပဲ"

ရန်ဝေသည် ထိုမျှ များပြားလှသော စကားများကို ပြောလိုက်ပြီးသောအခါ သူ၏ မျက်ဝန်းထဲတွင် မျက်ရည်ဥကလေးများ စိုတွဲလျက်ရှိလာသည်။ စိတ်လည်း အလွန်လှုပ်ရှားနေဟန် ရှိနေသည်။

ဟူကျင်းသည် များစွာ စိတ်ကောင်း ဖြစ်သွားသဖြင့်...

"ဒါက ဦးလေး ချန်လိရှန် ဒဏ်ရာတွေကြောင့် စိတ်တွေ ကယောင်ချောက်ချားဖြစ်ပြီး လျှောက်ပြောနေတဲ့ စကားတွေပါကွယ်"

"မဟုတ်ဘူး၊ ဒီလို မဟုတ်ဘူး၊ ကျွန်မ ကောင်းကောင်းသိတယ် အစ်ကို၊ သူ့အာရုံတွေ ကောင်းနေတဲ့ အချိန်မှာလဲ ကျွန်မကို ဒီလို အမူအရာတွေနဲ့ပဲ ကြည့်ကြည့်နေတာပဲ၊ သူ့နှုတ်က ပြောမထွက်ပေမယ့် မျက်နှာကတော့ ဒီလို တောင်းပန်နေတဲ့ အမူအရာမျိုးကိုပဲ တွေ့နေရတယ်"

ရန်ဝေ၏ စကားများကို ကြားလိုက်ရသောအခါ ဟူကျင်း



အလွန်ရင်မောသွားသည်။

ထို့ကြောင့် မသက်မသာရှိလှသော သက်ပြင်းကြီးတစ်ခုကို ချလိုက်မိသည်။

ဟူကျင်းသည် သူ့ဦးလေး ချင်လိရှန် အကြောင်းကို ကောင်းကောင်းသိသည်။ ချင်လိရှန်၏ စိတ်ဓာတ်သည် အလွန်နူးညံ့ ပျော့ပျောင်းလှသည်။ မိမိ ငယ်စဉ်တုန်းက မိမိ နှင့်ပတ်သက်သည့် အသေး အဖွဲ့ ကိစ္စလေးတစ်ခုနှင့်ပင် ချုံးပွဲချ ငိုကြွေးခဲ့ဖူးကြောင်း မှတ်မိနေသည်။ အတန်ကြာသော် ဟူကျင်းက...

"အင်းလေ...ငါလဲ မဟူရာ အရိုးဆက်ဆေးရအောင် တတ်နိုင်သလောက် ကြိုးစားနေပါတယ်၊ ဒီဆေး ရပြီးရင်တော့ ဦးကြီးနဲ့ ဦးလေးတို့ရဲ့ ဒဏ်ရာတွေ သေချာပေါက် ပျောက်သွားရတော့မှာပါ"

ရန်ဝေသည် ဟူကျင်းကို ကြည့်မနေချေ။ ဟူကျင်း၏ စကားများသည်လည်း သူ့နားထဲသို့ ဝင်ဟန်မတူ။ ရန်ဝေသည် အဝေးသို့ ငေးကြည့်နေခြင်းသာ ဖြစ်သည်။ အတန်ကြာမှ တိုးညင်းသော လေသံကလေးဖြင့်...

"ဦးလေး ချန်လိရှင်က ကျွန်မကို ဒီလို ကြည့်ကြည့်နေတော့ ကျွန်မလဲ သနားလာမိတယ်၊ အဖေနဲ့ အမေတို့ကြောင့် ဦးလေး ချင်လိရှန် ဒီလိုဖြစ်ခဲ့ရတာ မဟုတ်လား အစ်ကို"

ထိုနေရာသို့ ရောက်သောအခါ ရန်ဝေ၏ စကားသည် ရုတ်ချက် ပြတ်သွားသည်။ မဝံ့မရဲ ပြောမိထွက်သော လေသံဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ ပြောချလိုက်သည်။

"အစ်ကို...ကျွန်မ...ကျွန်မလေ ဦး...ဦးလေး ချင်လိုရှ်
ကတိပေးလိုက်ပြီ၊ သူ့ ခြေတွေလက်တွေ ပြန်ကောင်းသည်ဖြစ်စေ
ပြန်မကောင်း သည်ဖြစ်စေ တစ်သက်လုံးပဲ ဒုက္ခတိဘဝ ရောက်နေ
ကျွန်မ သူ့ကို တစ်သက်လုံး မခွဲတော့ဘူးလို့"

ထိုစကားကို ပြောချလိုက်စဉ် ရန်ဝေ၏ ပါးနှစ်ဘက်
မျက်ရည်များသည် စမ်းချောင်းကလေး ပမာနှယ် စီးဆင်း လာ
သည်။ သို့သော် သူမ၏ မျက်နှာမှာမူ ဝင်းကြည်တောက်ပလျ
ရှိနေသည်။ သူမ၏ ရင်ထဲ၌ အရှက်နှင့် အချစ်သည် ပဋိပက္ခဖြစ်နေ
မှ နောက်ဆုံးအချစ်က အနိုင်ရသွားဟန်တူသည်။ ဟူကျင်းအား
သိပေးရာတွင်မူ အရှက်ကို မငဲ့ကွက်နိုင်တော့ဘဲ ဖွင့်ပြောလိုက်ရခြ
ဖြစ်ဟန်တူသည်။

ဟူကျင်းမှာမူ ရန်ဝေထံမှ မမျှော်လင့်သော စကားကို ကြ
လိုက်ရသောအခါ မည်သည့် စကားကို ပြန်ပြောရမည်မှန်း မသိအော
မှင်တက် တွေဝေသွားမိတော့၏။

ရန်ဝေကမူ ဟူကျင်းအား တစ်ချက် ကြည့်လိုက်ပြီး အခန်းထဲ
ပြေးထွက်သွားလေတော့သည်။ ဟူကျင်းသည် ရန်ဝေအား တား
ရန်လည်း မကြံမိ။ သူမ၏ နောက်ကျောကိုသာ ငေးမော ကြည့်
မိလိုက်တော့သည်။

ဝေရီနှင့် စော်ပုတတ်တို့ နှစ်ယောက်သည် ရန်ဝေ မျက်



စက်လက်နှင့် ပြေးထွက်လာသည်ကို မြင်လိုက်ရသောအခါ
ရန်ရောင်အား ပြုံး၍ ကြည့်လိုက်သည်။

"ကျုပ်တို့ ဂုဏ်ပြုပါတယ်ဗျာ၊ မကြာခင်မှာ လက်ဝဲရဲ ရန်
ရောင်ဟာ ဂိုဏ်းချုပ်ကြီးရဲ့ ယောက္ခမ ဖြစ်တော့မှာ သေချာနေပါပြီ"

ထိုစဉ် အပြင်ဘက်မှ ယဲသားတစ်ဦး ရောက်ရှိလာသည်။
သူသည် ကျန်းဟူကျင်းအား...

"ဂိုဏ်းချုပ်ကြီး...အပြင်မှာ ကျောက်မိန် ရောက်နေပါတယ်၊
ဂိုဏ်းချုပ်ကြီးနဲ့ တွေ့ချင်လို့တဲ့"

ထိုစကားကို ကြားလိုက်ရသောအခါ ဟူကျင်းသည် အလွန်
ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ ယခုသူတို့ ဆောင်ရွက်ရမည့်
ကိစ္စမှာ ကျောက်မိန်ကို အတင်းအကျပ် ဖမ်းလျက် မဟူရာ အရိုး
ဆက်ဆေးကို တောင်းယူရန်ပင် မဟုတ်ပါလား။

ယခု ရေကန်အသင့် ကြာအသင့် ဆိုသလို မိမိတို့ပင် ခရီး
မထွက်ကြရသေး။ ကျောက်မိန်က မိမိတို့ဆီသို့ ရောက်လာခဲ့လေပြီ။
ရေငတ်တုန်း ရေတွင်းထဲ လိမ့်ကျခြင်းပေတည်း။

ထို့ကြောင့် ဟူကျင်းသည် ကျောက်မိန်နှင့် တွေ့ဆုံရန် အ
ပြင်သို့ လှမ်းထွက်လိုက်ဟန် ပြင်လိုက်သည်။ ထိုစဉ် ရှောင်ချောင်း
သည် သူမ ခေါင်းတွင် ပန်းထားသော ကျောက်မိန်၏ ပန်းကလေး
အား ဟူကျင်းသို့ လှမ်းပေးလိုက်သည်။

"အစ်ကိုလေး...သူ့ပန်းကို ပြန်ပေးလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် ရှောင်ချောင်း၏ စိတ်သဘောထားကို သိသည်။

ကျောက်မိန်သည် ယခုအခါ မိမိတို့နှင့် လုံးဝ ရန်သူဖြစ်နေပြ ဖြစ်ရာ ရန်သူ၏ ပစ္စည်းကို လက်ဝယ် ပိုင်ဆိုင်ထားလိုခြင်းမရှိကြောင်း ပြသလိုက်ခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဟူကျင်းသည် ပန်းကိုယူ လိုက်ပြီး အပြင်ဘက်သို့ ထွက်သွားတော့သည်။

အပြင်ဘက် သစ်ပင်တစ်ပင်အောက်တွင် ကျောက်မိန်သည် ရပ်စောင့်လျက် ရှိသည်။

ဟူတန်းတောင်၏ ညနေဆည်းဆာသည် အလွန် သာယာ လှပနေသည်။ သဘာဝ၏ အလှအပများသည် ကျောက်မိန်၏ နတ် သမီး ကလေးတစ်ပါးနှယ် လှပချောမွေ့နေမှုကို ဖြည့်စွက်ပေးလိုက် သောအခါ သူမ၏ အလှသည် အခေါင်အဖျားသို့ ရောက်ရှိသွားတော့ သည်။

သူမနှင့် အတန်ငယ် ကွာလှမ်းသော နေရာတွင်မှ လက်ဝါး စောင်း သိုင်းပညာရှင် အဘိုးကြီးနှစ်ယောက်တို့ ရပ်စောင့်နေကြသည်။ သူတို့၏ လက်ထဲတွင် မြင်းသုံးကောင်၏ ဇက်ကြိုးများကို ကိုင်ဆွဲ ထားကြသည်။ သူတို့သည် ကျောက်မိန်နှင့် ဟူကျင်းတို့ဘက်သို့ ကြည့်မနေကြဘဲ အခြားတစ်ဘက်သို့ ငေးမောနေကြကြောင်း ဟူကျင်း သတိပြုလိုက်မိသည်။

ဟူကျင်းသည် လျှပ်တစ်ပြက် ကျောက်မိန်ထံသို့ ခုန်အုပ်လိုက် ပြီး သူ၏ ဘယ်ဘက်လက်ဖြင့် ကျောက်မိန်၏ လက်နှစ်ဘက်ကို



းယူ ချုပ်ကိုင်လိုက်သည်။ ပြီးနောက် အော်ဟစ် တောင်းဆိုလိုက် သည်။

"ဆေးဘယ်မှာလဲ၊ မဟူရာ အရိုးဆက်ဆေး ပေးစမ်း"

ကျောက်မိန်သည် ပြုံးရင်း ပြောလိုက်သည်။

"ရှင် ဘယ်လိုလဲ၊ အရင်တစ်ခါကလဲ ဒီလိုပဲ အတင်းအကျပ် နိုင်ကျင့်ခဲ့ပြီးပြီ၊ အခုလဲ အနိုင်ကျင့်ချင်ပြန်ပြီးလား၊ ကျွန်မက ဒီ သက်သက်လာခဲ့တာ၊ ရှင်က ဒီလိုပဲ ဆက်ဆံရသလား"

ကျောက်မိန်၏ အသုံးအနှုန်းများသည် ပြောင်းလဲသွားပြန်လေ စောစောပိုင်းကမူ ဟူတန်ဂိုဏ်းကို ဖြိုဖျက်မည့် သူမ၏ အကြံအ ည် ပျက်သွားရသဖြင့် ဒေါသအမျက် ခြောင်းခြောင်း ထွက်လျက် ကျင်းအား ရိုင်းစိုင်းစွာ ပြောဆို ဆက်ဆံခဲ့သည်။ နင့်ငါ ပြောရုံ သာ မကဘဲ သရဲလေးဟူ၍ပင် ဆိုးဆိုးဝါးဝါး နာမည် တစ်ခုပင် လိုက်ပေးသေးသည်။ ယခုမူ ဟူကျင်းအား ချိုသာပြေပြစ်စွာ က်ဆံလျက် ရှိနေပြန်သည်။

ထိုအခါ ဟူကျင်းက

ခင်ဗျားကို ကျုပ်က အလကားသက်သက် အနိုင်ကျင့်နေ မဟုတ်ဘူး၊ ခင်ဗျားဆီမှာ ကျုပ်လိုချင်တဲ့ ဆေးရှိနေတယ်၊ အဲ ဆေးကို ပေးပေတော့

သူသည် ပြောပြောဆိုဆိုဖြင့် ကျောက်မိန် ပေးထားသော န်းကလေးအား သူမထံသို့ လှမ်းပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှော့...ခင်ဗျားရဲ့ပန်း၊ ပြန်ယူသွားတော့"

"ကျွန်မက ရှင့်ကို လက်ဆောင် ပေးလိုက်ပြီးသားပဲ၊ ရှင် ဘာဖြစ်လို့ မယူဘဲ ပြန်ပေးရတာလဲ"

"ခင်ဗျားဟာ ကျုပ်ကို မကောင်းကြံခဲ့တာ တစ်ကြိမ် မဟုတ်ဘူး၊ အကြိမ်ကြိမ်အခါခါ ဖြစ်နေပြီ၊ ဒီလို မိန်းကလေး ပစ္စည်းကို ကျုပ် မလိုချင်တော့ဘူး"

ကျောက်မိန်သည် ပြုံးထေ့ထေ့ဖြင့်...

"တကယ် ပြောနေတာလား၊ ဒါဖြင့်ရင် အခု ဘာဖြစ် ကျွန်မဆီက အရိုးဆက်ဆေး တောင်းနေရသေးသလဲ"

ဟူကျင်း ဘာမှပြန်မပြောနိုင်တော့။ ဟူကျင်း အနေဖြ သူမနှင့် အချေအတင် စကားစစ်ထိုးရတိုင်း ရှုံးရစမြဲပင်။ မည်သို့ ဖြစ်စေ ယခု လောလောဆယ်၌ သူ့အတွက် အလိုအပ် အရာသည်ကား ဦးကြီးနှင့် ဦးလေးတို့ကို ကုသပေးနိုင်မည့် မဟု အရိုးဆက်ဆေးသာတည်း။

ထို့ကြောင့် သူမ၏ လက်ကိုမလွှတ်ဘဲ တင်းကျပ်စွာ ဆုပ်ကိုင် ထားလိုက်သည်။ ထိုအခါ ကျောက်မိန်က

"ကျွန်မကတော့ လက်ဝါးစောင်း အဘိုးကြီးနှစ်ယောက် လက်ဝါးဒဏ် ခံလိုက်ရလို့ ရှင်တော့ ပြင်းပြင်းထန်ထန် ဒဏ်ရာ နေပြီဆိုပြီး စေတနာနဲ့ လာကြည့်တာ၊ အခုတော့ ကြည့်စမ်းပါဦး ရွေ့ တွေ့ချင်း လက်ဆွဲ ဘာဆွဲနဲ့၊ ရှင် ကျွန်မလက်ကို မလွှတ်သေး



းလား"

ဟူကျင်းသည် ရှက်သွားသဖြင့် မျက်နှာရဲခနဲ ဖြစ်သွားလေ သည်။ ကျောက်မိန်၏ လက်ကိုလည်း လွှတ်ပေးလိုက်သည်။

ခပ်လှမ်းလှမ်းတွင် ရှိနေသော လက်ဝါးစောင်း အဘိုးကြီး နှစ်ယောက်ကမူ ကျောက်မိန်သည် သူတို့နှင့် မည်သို့မျှ မသက်ဆိုင် သည့်အလား အနည်းငယ်မျှ အရေးမစိုက်ဘဲ အခြားတစ်ဘက်သို့သာ ကြည့်နေကြသည်။

ကျောက်မိန်က ဟူကျင်းအား စူးစမ်းသကဲ့သို့ ကြည့်လိုက်ပြီး...

"ရှင့်ကို ကြည့်တော့လဲ ပြင်းထန်တဲ့ လက်ဝါးစောင်းဒဏ် ဘာမှမခံရသလိုပါပဲလား"

ဟူကျင်းက အေးဆေးစွာပင် ပြောလိုက်သည်။

"ဒီလက်ဝါးစောင်းလောက်တော့ ကျုပ်က မမှုသေးဘူး"

ကျောက်မိန်က စကားလမ်းကြောင်း ပြောင်းလိုက်သည်။

"ရှင်...မဟုရာ အရိုးဆက်ဆေးကို လိုချင်တယ် မဟုတ်လား၊ လိုချင်ရင် ရပါတယ်၊ ဒါပေမယ့် ရှင်ကျွန်မကို ကျွန်မခိုင်းတဲ့ ကိစ္စ သုံးခု ဆောင်ရွက်ပေးရမယ်"

ဟူကျင်း အလွန် ဝမ်းသာသွားသည်။ ကျောက်မိန်ထံမှ ဆေး ကိုဤမျှ လွယ်ကူစွာ ရရှိလိမ့်မည်ဟု မယုံကြည်ခဲ့ချေ။ ဟူကျင်းက အလျှင်စလို မေးလိုက်သည်။

"ပြော...ဘာကိစ္စ သုံးခုလဲ"

www.burmeseclassic.com

www.burmeseclassic.com



"စောစောကတည်းက ရှင့်ကို ကျွန်မ ပြောထားတာပဲ၊ နိုင်ရမယ့် ကိစ္စကိုတော့ ကျွန်မ မစဉ်းစားရသေးဘူး၊ စဉ်းစားပြီးရင်တော့ လာပြောမယ်၊ အဲဒီ အခါကျရင်သာ ရှင့် ကတိကို မဖျက်ပါနဲ့ ကျွန်မက ရှင့်ကို မတော်မတရားတဲ့ အလုပ်တွေ မလုပ်ခိုင်းပါဘူး"

ကျောက်မိန်၏ လေသံသည် အတော်ပင် တည်ကြည်နေသ ဖြင့် ဟူကျင်းက စိတ်ချသွားသည်။ ထို့ကြောင့် ဟူကျင်းက...

"ကျောက်မိန် ...ခင်ဗျားက ကျုပ်ကို အမှန်တကယ် ဆေးပေး မယ်ဆိုရင် ဒီဆေးကြောင့် ကျုပ်ဦးကြီးနဲ့ ဦးလေး နှစ်ယောက်စလုံး ပြန်ကောင်းလာတယ်ဆိုရင် ခင်ဗျားပြောတဲ့ ကိစ္စ သုံးခုကို အချိန် မရွေး ဆောင်ရွက်ပေးမယ်"

ကျောက်မိန်သည် သူ့လက်ထဲမှ ပန်းပွင့်ကလေးကို ဟူကျင်း အား ပြန်ကမ်းပေးလိုက်သည်။

"ကဲ ...အခု အချိန်မှာတော့ ကျွန်မရဲ့ ပန်းကိုယူတော့မယ် မဟုတ်လား"

"ယူမှာပေါ့ဗျာ"

ဟူကျင်းသည် မဟူရာ အရိုးဆက်ဆေး မပေးမည်စိုးသဖြင့် ပြောပြောဆိုဆိုနှင့် သူမ ကမ်းပေးသည့် ပန်းပွင့်ကလေးကို လှမ်းယူ လိုက်ရသည်။

"ဒီတစ်ခါတော့ ရှင် ဟိုကောင်မလေးကို မပေးရဘူးနော်"

ဟူကျင်း ခေါင်းညိတ်ပြလိုက်သည်။ ကျောက်မိန် ကျေနပ်



သွားသည်။ သူမသည် ဆေးဘူးတစ်ဘူးကို ထုတ်ပြီး ဟူကျင်းအား ကမ်းပေးလိုက်သည်။

ဟူကျင်းအား တစ်ချက်မျှ စူးစူးစိုက်စိုက်ကြည့်လိုက်သည်။ ပြီးနောက်အဆင့်မြင့် လက်ဝါးစောင်း အဘိုးကြီး နှစ်ယောက်နှင့်အတူ မြင်းကို ဒုန်းစိုင်းစီးကာ ထွက်ခွာသွားကြလေတော့သည်။

ဟူကျင်းသည် ဆေးဘူးကိုကိုင်လျက် အလွန်ဝမ်းသာနေမိသည်။ သည်ဆေးကို ခက်ခက်ခဲခဲဖြင့် ရှာယူရမည်ဟု သူ ထင်ထားခဲ့သည်။ သခုမူ အလွယ်တကာ အလွယ်ဆုံးနည်းဖြင့် သူ ရရှိလိုက်ပြီ။ ရလျှင် ချင်း ဦးကြီး ရီတိုက်ရှွင်နှင့် ဦးလေး ချင်လိရှုန်တို့ထံ အပြေးအလွှား ထွက်ခွာသွားတော့သည်။

ရီတိုက်ရှွင်နှင့် ချင်လိရှုန်တို့၏ တစ်ကိုယ်လုံးကို မဟူရာ အရိုးဆက်ဆေးဖြင့် လိမ်းကျံ ပေးလိုက်တော့သည်။ ဦးကြီးနှင့် ဦးလေး ဖြစ်သူတို့သည် တူဖြစ်သူ ဟူကျင်း၏ စေတနာနှင့် မေတ္တာ တို့ကို သိရှိကြရသောအခါ မျက်ရည်ကျလုမတတ် ဝမ်းနည်းဝမ်းသာ ဖြစ်ကဲ့ကြရတော့သည်။

မဟူရာ အရိုးဆက်ဆေးကား အမှန်တကယ် အစွမ်းထက်လှ သော ဆေးဖြစ်ပေသည်။ ဆေးလိမ်း၍ နှစ်လကြာသောအခါတွင် ချင်လိရှုန်၏ ခြေလက်များ လှုပ်ရှားလာနိုင်၏။

ရီတိုက်ရှွင်မှာမူ ဒဏ်ရာဒဏ်ချက်များ အချိန်ကြာမြင့်စွာ ခံ စားခဲ့ရသူဖြစ်၍ အကောင်းပကတိ ပြန်မဖြစ်တော့ချေ။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com



ချိုင်းထောက်ဖြင့်မှ သွားလာ လှုပ်ရှားနိုင်ပေသည်။

ထိုအချိန်အတွင်း ဟူကျင်း၏ အစီအစဉ်ဖြင့် ဂိုဏ်းကြီးငါးဂိုဏ်းသို့ သွားရောက် စုံစမ်းသူများ ဟူတန်းတောင်သို့ ပြန်လည် ဆိုက်ရောက်လာကြသည်။ ဆိုက်ရောက်လာကြသူများသည် ဂိုဏ်းချုပ်ကြီး ဟူကျင်းအား အရှိအသေပေး၍ သူတို့တွေ့ခဲ့ရသည့် သတင်းကို တင်ပြ ပြောကြားလိုက်သည်။ သူတို့ပြောသည့် သတင်းကို ကြားလိုက်ရသည့် တစ်ခဏအတွင်း ဟူတန်းတောင်ပေါ်မှာ လူအားလုံး တုန်လှုပ်ချောက်ချား ကုန်ကြတော့သည်။

ထိုသတင်းကား . . .၊ ကွမ်းမိန်တောင်သို့ သွားရောက်ခဲ့ကြသော ဂိုဏ်းကြီးခြောက်ဂိုဏ်းမှ ထိပ်သီးသိုင်းသမား အားလုံးမှာ သူတို့၏ ဌာနချုပ်များသို့ တစ်ယောက်မျှ ပြန်လည်ရောက်ရှိခြင်း မရှိဘဲ လမ်းခုလတ်တွင် ထူးဆန်းစွာ ပျောက်ဆုံးသွားကြသည့် သတင်းပင် တည်း။

ထိုသတင်းကား ဟူကျင်းအတွက် သတင်းကောင်း မဟုတ်ပါချေ။ ထိုသတင်းကြောင့် သိုင်းလောက တစ်ခုလုံးသည် ချောက်ချောက်ချားချား ဖြစ်သွားကြလျက် အလင်းမာန်ဂိုဏ်းကို မြွေပွေးမြွေဟောက်များထက် ကြောက်ရွံ့ကုန်ကြ ပေတော့သည်။ သူတို့၏ စိတ်ထဲတွင် အလင်းမာန်ဂိုဏ်းသည် ကောက်ကျစ် ယုတ်မာသော အစီအစဉ်ဖြင့် ဂိုဏ်းကြီးခြောက်ဂိုဏ်းမှ ထိပ်သီးသိုင်းသမားများကို တစ်စုံတစ်ခု ပြုလုပ်လိုက်ပြီဟု ထင်မှတ်သွားကြပေလိမ့်သည်။



ချင်ထင်းကျက်တို့ သားအဖကမူ မြေပြန်သို့ ဆင်းသွားပြီး ...တို့၏ မျက်ခုံးဖြူ ဂိုဏ်းသားများ အားလုံးကို ပြန်လည်စည်းရုံး...က် အလင်းမာန်ဂိုဏ်းအတွင်းသို့ သွတ်သွင်းနိုင်လိုက်ပေသည်။

ထိုအချိန်၌ တရုတ်ပြည်ကြီး တစ်ပြည်လုံးသည် ပေါက်ကွဲ...း ယမ်းအိုးကြီး တစ်လုံးနှယ် ဆူပွက်လျက် ရှိနေတော့သည်။ မ...သက်မှုများသည် တစ်တိုင်းပြည်လုံးကို လွှမ်းခြုံလျက် ရှိနေပါ၏။

တရုတ်ပြည်၏ တောင်ပိုင်းတွင် မွန်ဂိုဘုရင်ကို တော်လှန်...ာန်ကြသည့် မျိုးချစ် သူပုန်တပ်ဖွဲ့များသည်လည်း တစ်ဖွဲ့ပြီး ...ဖွဲ့ ပေါ်ထွက်လျက် ရှိနေပေတော့၏။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇၂)

www.burmeseclassic.com

www.burmeseclassic.com

# သဲလွန်စ

ဤကြားကာလအတွင်း၀ယ် ဟူကျင်းသည် ကျန်းဆန်း
းထဲမှ အဆင့်မြင့် သိုင်းပညာကို ထပ်မံ သင်ယူလိုက်သည်။
ကြောင့် ဟူကျင်း၏ သိုင်းပညာသည် လွန်ခဲ့သည့် နှစ်လက
က် ပို၍ မြင့်မားခဲ့ရလေသည်။

ဟူကျင်း သည်လည်း မျိုးချစ် တရုတ်အမျိုးသား
စ်ယောက်ဖြစ်ရာ သူ၏ အလင်းမာန်ဂိုဏ်းသား အားလုံးကို
င့်ခေါ်လျက် ဂိုဏ်းလုံးကျွတ် အစည်းအဝေးကြီးတစ်ခု ကျင်းပ
ိုက်၏။ ထိုအစည်းအဝေးကြီးမှ ကျူးကျော်ရေးသမား နှိုက်ို
ယ်များကို တော်လှန် တိုက်ခိုက်ကြမည့် စီမံကိန်းတစ်ခုကို

www.burmeseclassic.com

www.burmeseclassic.com



ရှေးဆွဲလိုက်ကြသည်။ သို့သော် သူတို့အနေဖြင့် လောလောဆယ် ဆောင်ရွက်ရမည့် ကိစ္စမှာ ဂိုဏ်းကြီး ခြောက်ဂိုဏ်းမှ ထိပ်သီး သိုင်းသမားများ မည်သည့်နေရာသို့ ရောက်နေသည်ကို စုံစမ်း ရန်ပင်ဖြစ်သည်။

ယခု ဖြစ်ပျက်နေသည့် အခြေအနေများအရ ထိုသူ အားလုံး ကျောက်မိန်၏ လက်တွင်းသို့ ကျရောက်နေမည်မှာ သေချာလှသည်။ သို့သော် ဘယ်သူလဲ၊ ဘယ်ကလဲ ဆိုသည့် အချက်ကိုမူ မည်သူမျှ မသိရှိကြပေ။ ထို့ပြင် ထိုထိပ်သီး သိုင်းသမားများကို အဘယ့်ကြောင့် ဖမ်းဆီးချုပ်နှောင် ထားသည့် အချက်ကိုလည်း မသိရှိကြပေ။

သို့ရာတွင် ကျောက်မိန်သည် ဟူကျင်းအား မဟုတ် အရိုးဆက်ဆေးကို ပေးပြီးသည့်နောက် မည်သည့်နေရာသို့ ရောက်နေမှန်း မသိကြရတော့ချေ။ လုံးဝ ခြေရာ ပျောက်နေ သည်။ ဟူကျင်းတို့က သူ့မအား ခြေရာခံ လိုက်ရှာကြသော် လည်း မည်သို့မျှ ခြေရာခံ၍ မရကြတော့ပေ။

ထိုစဉ် ဟူကျင်း လွှတ်ထားသည့် အလင်းမာန်ဂိုဏ်း အထောက်တော်အချို့ ပြန်လည် ရောက်ရှိလာကြသည်။ ထို အထောက်တော်များသည် ဂိုဏ်းချုပ်ကြီး ဟူကျင်းထံသို့ အမော တကော ပြေးလွှားရောက်ရှိလာလျက် သူတို့ သိရှိခဲ့သည့် သတင်းကို တင်ပြ အစီရင်ခံကြတော့သည်။



“ဂိုဏ်းချုပ်ကြီး ကျွန်တော်တို့ လမ်းမှာ ထူးခြား ဆန်းကြယ်တဲ့ ဖြစ်အပျက်တစ်ခု တွေ့ခဲ့ရပါတယ်၊ ဟိုနန် နယ်ထဲမှာ ထောက်လှမ်းနေကြတုန်း မြင်းလှည်းတန်းရှည်ကြီး တစ်ခု ရိုးထွက်လာတာကို တွေ့လိုက်ကြရပါတယ်၊ ကျွန်တော် တို့က ထမ်းသမားတွေလို ရုပ်ဖျက်ထားကြတော့ မြင်းလှည်း သမားတွေက ကျွန်တော်တို့ကို လုံးဝ ဂရုမစိုက်ကြဘူး၊ မြင်းလှည်း တွေ ကျွန်တော်တို့နားကို ဖြတ်သွားတော့ မြင်းလှည်းတစ်စီး ထဲမှာ ဘုန်းကြီးတွေချည်း ထိုင်နေကြတာ တွေ့ရတယ်၊ ဘုန်းကြီး တွေ အားလုံးရဲ့ မျက်နှာတွေဟာ ညှိုးနွမ်းနေကြတယ်၊ သူတို့ အားလုံး အားအင်တွေ ကုန်ခန်းနေသလိုပါပဲ၊ ဒါပေမယ့် သူတို့ကို ကြည့်လိုက်တာနဲ့ ထိပ်သီး သိုင်းသမားတွေဆိုတာ တော့ သိနိုင်တာပါပဲ၊ ဒါနဲ့ ကျွန်တော်တို့လဲ မသင်္ကာဖြစ်ပြီး နောက်ကနေ မသိမသာ လိုက်သွားကြတယ်၊ တစ်နေရာကျ တော့ လှည်းတန်းကြီးကို ရပ်ပြီး အစားအသောက် ဝေတာကို တွေ့ရတယ်၊ ကျွန်တော်တို့ကတော့ သစ်ပင်ပေါ် တက်ပြီး ပုန်းကြည့်ကြရတယ်”။

ဟူကျင်းက ဖြတ်မေးလိုက်သည်။

“အင်း ပြောစမ်းပါဦး၊ အစားအသောက် ဝေတော့ ဘာထူးခြားချက် တွေ့ရလို့လဲ”

အထောက်တော်က ...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ အစားအသောက်အတွေ ဝေရတဲ့အခါမှာ ပါလာတဲ့ အစောင့်အကြပ်တွေက နည်းနေလို့ လှည်းတိုင်း လှည်းတိုင်း ကိုယ်စီကိုယ်ငှ မဝေနိုင်ကြပါဘူး၊ လှည်းတွေထဲက ပါလာတဲ့ လူတွေရဲ့ နာမည်တွေကို တစ်ယောက်ချင်း ခေါ်ပြီး အစားအသောက် ပေးကြပါတယ်၊ အဲဒီအထဲမှာ ဂိုဏ်းချုပ်ကြီးရဲ့ ဦးကြီး ချိုရှင်ချောင်းရဲ့ နာမည်ကို ခေါ်လိုက်သံ ကျွန်တော်တို့ နားနဲ့ဆတ်ဆတ် ကြားလိုက်ရ ပါတယ်၊ ဒီတော့ ကျွန်တော်တို့လဲ သိပ်အားတက်သွားတယ် သူတို့နဲ့ မလှမ်းမကမ်းကနေပြီး နောက်ယောင်ခံ လိုက်ကြတော့ တာပဲ၊ ဒါနဲ့ နေပြည်တော်ကို နောက်ဆုံး ရောက်သွားခဲ့ကြ ပါတယ်"

ဟူကျင်းသည် စဉ်းစဉ်းစားစားဖြင့် ပြောလိုက်သည်။

"ဪ... နေပြည်တော်ကိုတောင် ရောက်သွားပြီကိုး တကယ်ပဲ မွန်ဂိုတွေရဲ့ လက်ချက်တွေပါပဲကလား၊ နောက်တော့ ကော"

အထောက်တော်က...

"နောက်တော့ သူတို့အားလုံး တိဗက် ဘုရားကျောင်းကြီး တစ်ခုထဲ ဝင်သွားကြတယ်"

"ဒီဘုရားကျောင်းရဲ့ နာမည်ကကော"

အထောက်တော်က ပြန်ဖြေသည်။



"ဝမ်ဖား ဘုရားကျောင်းတဲ့၊ ကျွန်တော်တို့ ဘုရားကျောင်းကြီးထဲကို ဝင်ပြီး စုံစမ်းချင်ကြသေးပေမယ့် တော်ကြာ သူတို့ ရိပ်မိသွားပြီး စုံစမ်းရခက်သွားမှာ စိုးတာနဲ့ ချက်ချင်း နောက်ပြန်ဆုတ်ပြီး ဂိုဏ်းချုပ်ကြီးဆီ လာအကြောင်းကြားတာပါ"

ထိုအခါ ဟူကျင်းက ကျေနပ်စွာဖြင့်...

"အေး မင်းတို့ တာဝန်ကျေပါတယ်၊ ကောင်းကောင်းအနားယူကြပေတော့"

ထိုသို့ ခြေရာခံမိပြီးဖြစ်သဖြင့် ဟူကျင်းတို့သည် နေပြည်တော်သို့ ခရီးထွက်ရန် ပြင်ဆင်ကြရတော့သည်။

ဟူကျင်းသည် ခရီးထွက်ခါနီးအချိန်တွင် ရှောင်ချောင်းအား နှစ်သိမ့်လိုက်သည်။

"ရှောင်ချောင်း၊ မင်း ဒီမှာပဲ အေးအေးဆေးဆေး အနားယူနေခဲ့ [illegible]တ်လား၊ သံကြိုးကြိုး တန်းလန်းနဲ့ဆိုတော့ သွားရ လာရတာလဲ အဆင်ပြေလှတာ မဟုတ်ပါဘူး"

ထိုစကားကို ကြားလိုက်ရသောအခါ ရှောင်ချောင်းသည် များစွာ စိတ်ထိခိုက်သွားသည်။ သူမ၏ မျက်နှာကလေးသည် ရုတ်ခြည်း ညှိုးကျသွားသည်။ သို့သော် သူမ၏ ခေါင်းကလေးသည် ဆတ်ခနဲ မော့လာပြီး...

"အစ်ကိုလေး နေပြည်တော်ကိုသွားရင် ကျောက်မိန်နဲ့ တွေ့နိုင်မလား"

www.burmeseclassic.com

www.burmeseclassic.com



"တွေ့နိုင်မယ်လို့ ထင်တယ်"

"ဒီလိုဆိုရင် အစ်ကိုလေး နေပြည်တော်ကိုသွားရင် ကျွန်မကို ခေါ်သွားပါ အစ်ကိုလေးရယ်၊ သူနဲ့ တွေ့တဲ့အခါကျတော့ တိမ်လွှာ ဓားကို ခဏငှားပြီး ကျွန်မလက်က သံကြိုးကို ခုတ်ဖြတ်ပေးပေါ့၊ အစ်ကိုလေးငှားရင် ကျောက်မိန်က ပေးမှာပဲ"

ဟူကျင်းသည် ရှောင်ချောင်း၏ စကားကြောင့် မျက်နှာပူ သွားသည်။ မည်သို့မျှ စကားမပြန်တော့ဘဲ ရှောင်ချောင်းအား သူတို့နှင့်အတူ နေပြည်တော်သို့ လိုက်ခွင့်ပြုလိုက်သည်။ ခရီးစကြပြီ၊ နေပြည်တော်သို့ သွားကြသည့် သူတို့အုပ်စုတွင် လူများစွာမပါ၊ အရေးတကြီး သိုသိုသိပ်သိပ် ဆောင်ရွက်ကြရမည့် ခရီးစဉ်ဖြစ် သဖြင့် ထိပ်သီးသိုင်းသမား အချို့သာ လိုက်ပါလာကြသည်။ ထို့ကြောင့် ဆူဆူညံညံ အုတ်အုတ်ကျက်ကျက် မရှိတော့သဖြင့် လမ်းခရီးမှ လူများသည် သူတို့အား ထူးထူးခြားခြား အမှတ်မထား ကြတော့ချေ။

နေပြည်တော်သို့ ဆိုက်ရောက်ကြသောအခါ တည်းခိုခန်း တစ်ခုတွင် ဝင်ရောက် တည်းခိုလိုက်ကြသည်။ တစ်နေကုန်ဆုံး အမှောင်ဖုံးသွားသည့် အချိန်တွင်မှ လူသုံးယောက် တည်းခိုခန်းမှ ထွက်လာကြသည်။ ထိုသူ သုံးယောက်တို့ကား ဟူကျင်း၊ ဝေ ရန်ရောင်တို့ပင် ဖြစ်ကြချေသည်။ သူတို့သည် ဝမ်ဖား ဘုရားကျောင်း ဘက်သို့ ဦးတည်ထွက်ခွာလျက် ရှိနေကြ၏။ ဝမ်ဖားဘုရားကျောင်း



...ည် အထပ်လေးထပ် ရှိသဖြင့် မြင့်မား ခံ့ညားလှပေသည်။ ...ရာတွင် ဘုရားကျောင်းနောက်ဘက်ရှိ မျှော်စင်ကြီးကမှ ထို ...ရားကျောင်းထက်ပင် ပို၍ မြင့်မားနေပေသေးသည်။

ဟူကျင်းတို့ သုံးယောက်သည် မျှော်စင်ကြီး ရှိရာဘက်သို့ ...တည်ထွက်လာကြသည်။ သူတို့ ရှာဖွေနေသူများသည် ဘုရား ...ကျောင်းမှာထက် မျှော်စင်ကြီးတွင် ပို၍ ရှိနိုင်သည် မဟုတ်ပါလား။

မျှော်စင်ကြီးသည် ကိုးထပ်အမြင့်အထိ ဆောက်လုပ်ထား ...သည်။ ထိုမျှော်စင်နား ချဉ်းကပ်မိသည်နှင့် မျှော်စင်အခြေ ဘေးပတ် ...ည်တွင် အစောင့်စစ်သားများ စောင့်ကြပ်နေသည်ကို တွေ့လိုက် ...ရသည်။

ဟူကျင်းတို့ သိလိုက်ကြပြီ။ ဤမျှော်စင်ကြီးကို ဤမျှလောက် ...စောင့်အကြပ် များပြားစွာ ချထားခြင်းကပင် ဤမျှော်စင်အတွင်း ...လွန် အရေးကြီးသူများ ရှိနေခြင်းကို ဖော်ပြခြင်းပေတည်း။ ဤ ...မျှော်စင်ကြီးအတွင်း၌ ဂိုဏ်းကြီးခြောက်ဂိုဏ်းမှ ထိပ်သီးသိုင်းသမား ...များကို ဖမ်းဆီး ချုပ်နှောင်ထားမည်မှာ သေချာလှသည်။

ထိုစဉ် မျှော်စင်အပေါ်ထပ်မှ လူအချို့ ဆင်းသက်လာကြ ...သည်။ လူတစ်ယောက်သည် ရှေ့မှ မီးတုတ်တစ်ခု ကိုင်ဆောင် ...ပြီးထွက်လာပြီး ကျန်နှစ်ယောက်ကမူ လူတစ်ယောက်ကို တစ်ဖက် ...စီချက်မှ တွဲချလာကြသည်။ သူတို့သည် မျှော်စင်အောက်သို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်နှင့် ဘုရားကျောင်း၏ နောက်ဘက် တံခါး
လျှောက်သွားကြပြန်သည်။

ဟူကျင်းတို့သည် တွဲချလာသူကို မီးတုတ်၏ အလင်း
ဖြင့် ရုတ်တရက် တွေ့မြင်လိုက်ကြရသည်။ အခြားလူ မဟုတ်
ခွန်းလွန်ဂိုဏ်းမှ ဂိုဏ်းချုပ်ကြီး ဟိုတိုက်ချုံးပေတည်း။

“ဟိုတိုက်ချုံးလဲ သူတို့လက်ထဲ ရောက်နေတာကိုး”

ဟူကျင်းသည် တိတိုး ရေရွတ်လိုက်မိသည်။

အစောင့် သုံးယောက်တို့သည် ဟိုတိုက်ချုံးကို ဘု
ကျောင်း၏ အနောက်ဘက် တံခါးမှ အထဲသို့ သွင်းသွားကြ
ဟူကျင်းတို့ သုံးယောက်သည် အတန်ကြာမျှ အခြေအနေကို
ကြည့်လိုက်ကြသည်။ မည်သည့် လှုပ်ရှားသံမျှ မကြားရသော
ကျမှ သုံးယောက်စလုံး ပေါ့ပါးစွာဖြင့် လျှပ်တစ်ပြက် ခုန်ဝင်လို
ကြသည်။ သူတို့ သုံးယောက် ဝင်သွားသည့်အခန်းတွင် လူသူ
ရှိမနေကြောင်း တွေ့ကြရသည်။ သူတို့၏ ဘေးဘက် အလ
ခန်းမတွင်မူ မီးရောင်လင်းနေသည်ကို တွေ့ရှိကြရသဖြင့် ထိုအ
တွင် လူရှိနေပြီဖြစ်ကြောင်း သိလိုက်မိကြသည်။

သူတို့ သုံးယောက်စလုံးသည် ထိပ်သီး သိုင်းသမား ပီ
လှုပ်ရှားမှုများ ညင်သာကြသည်။ ရုတ်တရက် ဟူကျင်း
အမှောင်ထဲသို့ ထိုးကပ်လိုက်ပြီး ပြတင်းပေါက်မှ တစ်ဆင့် အတွင်း
ချောင်းကြည့်လိုက်သည်။ ရန်ရောင်နှင့် ဝေရီတို့ နှစ်ယောက်



နောက်ဘက်တွင် ရပ်လျက် ဟူကျင်းအတွက် အကာအကွယ်
ပေးထားကြသည်။

ဟူကျင်း ပြတင်းပေါက်မှ အတွင်းသို့ ကြည့်လိုက်သည့်အခိုက်
မြင်ကွင်း အားလုံးကို မတွေ့လိုက်ရသေးမီ ဟိုတိုက်ချုံး၏ အော်ဟစ်
ပြောကြားလိုက်သည့် စကားသံကို ရှေးဦးစွာ ကြားလိုက်ရသည်။

“မင်းတို့ ငါ့ကို မိန်းမကျင့် မိန်းမကြံနဲ့ ဖမ်းမိလိုက်ကြပေ
မယ့် ငါက မင်းတို့ကို တစ်သက်လုံး ဒူးမထောက်ဘူးကွ၊ ငါ့ကို
မွန်ဂိုဘက်တော်သား လုပ်ခိုင်းဖို့များတော့ ယောင်လို့တောင်မစဉ်းစား
ကြနဲ့၊ ရွှေပုံကြီးတွေ ပုံပြီးပေးထားတာတောင် မွန်ဂိုဘက်သား
မလုပ်ဘူးကွ”

ဟိုတိုက်ချုံးသည် လူကောင်းတစ်ယောက် မဟုတ်သော်
လည်း မျိုးချစ်စိတ်ဓာတ် ရှိသည့်နေရာတွင် လူကောင်းတစ်ယောက်
တွင်ရှိသည့် မျိုးချစ်စိတ်ဓာတ်ထက် မလျော့နည်းကြောင်း တွေ့ရှိ
လိုက်ရသော ဟူကျင်းသည် ဟိုတိုက်ချုံး၏ စိတ်ဓာတ်ကို လေးစား
ချီးကျူးမိတော့သည်။

ထိုစဉ် ယောကျ်ားသံ တစ်သံက...

“ကျုပ်တို့ စည်းကမ်းကို ခင်ဗျား သိတယ်မဟုတ်လား၊
ခင်ဗျားက ကျုပ်တို့ဘက်က လူသုံးယောက်ကို နိုင်အောင် တိုက်နိုင်
ရင်တော့ ခင်ဗျားကို ပြန်လွှတ်ပေးမယ်၊ ရှုံးသွားပြီဆိုရင်တော့
ခင်ဗျား ဝမ်းနည်းရတော့မယ်၊ ရှုံးသွားတဲ့လူကို ကျုပ်တို့က လက်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ချောင်း ဖြတ်မယ်၊ အခု ခင်ဗျား ကျုပ်တို့ကို အရှုံးပေးမလား မပေးဘူးလား”

ဟိုတိုက်ချုံး၏ သံမဏိစိတ်ဓာတ်သည် အလွန် ချီးကျူးဖွယ်ရာ ကောင်းလှကြောင်းကို သူ၏ ဖြေသံက ဖော်ပြလျက် ရှိသည်။

“အေး၊ မင်းတို့က ငါ့လက်ချောင်း နှစ်ချောင်းကို ချုံးပြီးပြီ နောက်ထပ် ရှစ်ချောင်း ထပ်ချုံးလဲ ငါ ဂရုမစိုက်ဘူးကွ၊ မင်းတို့ကို တစ်သက်လုံး အရှုံးမပေးဘူးကွ၊ ဓားယူခဲ့စမ်း၊ မင်းတို့နဲ့ တိုက်မယ်”

ထိုအခါ ယောကျ်ားသံက . . .

“ဒီလိုဆိုရင်တော့ ခင်ဗျားရဲ့ သဘောပဲ၊ မော်ဟို သူ့ကို ကစားလိုက်စမ်း”

“ဟုတ်ကဲ့” ဟူသော နောက်ထပ် အသံတစ်သံ ကြားလိုက်ရပြန်သည်။

ဟူကျင်းသည် ထိုအခန်းတွင်းမှ မြင်ကွင်းများကို ထင်ထင်မြင်မြင် ကြည့်ရှုနိုင်ရန် တံခါးရွက်များကို ဖြည်းညင်းစွာ တွန်းဖွင့်လိုက်သည်။ စိတ်မသက်သာဖွယ် ကောင်းလှသော မြင်ကွင်းတစ်ခုကို ဟူကျင်း တွေ့လိုက်ရပေပြီ။

ဟိုတိုက်ချုံး၏ လက်ထဲတွင် သစ်သားဓား တစ်ချောင်းကို ကိုင်ထားကြောင်း တွေ့ရသည်။ သို့ရာတွင် ထိုသစ်သားဓား၏



ထိပ်ဖျားကို ပိတ်စများဖြင့် စည်းကျပ် ချည်နှောင်ထား၏။ သည်လို ဓားမျိုးကတော့ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ ထိခိုက် နာကျင်စေနိုင်မည် မဟုတ်ပေ။ သူနှင့် ယှဉ်ပြိုင်ရန် မျက်နှာချင်းဆိုင်၌ ရပ်နေသူမှာမူ အရပ်ထောင်ထောင်မောင်းမောင်း တိဗက် ဘုန်းကြီး တစ်ပါး ဖြစ်နေသည်။ တိဗက်ဘုန်းကြီး လက်ထဲတွင်မူ အရောင် တလက်လက် တောက်ပနေသော ဓားကြီးတစ်ချောင်း။ လက်နက်ချင်း ယှဉ်ကြည့်လိုက်ရုံဖြင့် အရှုံးအနိုင်ကို သိနိုင်လောက်ပေပြီ။

အာဂ ဟိုတိုက်ချုံးပါပေ။

ဟိုတိုက်ချုံးသည် မတော်မတရား ယှဉ်ပြိုင်ရသည့်ပွဲတွင် အရှုံးမပေးဘဲ စတင် တိုက်ခိုက်တော့သည်။ ဟိုတိုက်ချုံး၏ ခြေထောက်များ သွက်လက်မှုမရှိဘဲ လုံးဝပျော့နေသည်ကို ဟူကျင်း တွေ့လိုက်ရသည်။

“ဟိုတိုက်ချုံးမှာ အတွင်းအားတွေ မရှိတော့ပါကလား”

ဟိုတိုက်ချုံးတွင် အတွင်းအား လုံးဝ မရှိတော့သော်လည်း သူ၏ သိုင်းပညာကမူ ထို တိဗက်ဘုန်းကြီးထက် နှစ်ဆင့်ခန့် ပိုမြင့်မားသဖြင့် များမကြာမီ အချိန်အတွင်းပင် ဘုန်းကြီး၏ နံရိုးကို သစ်သားဓားဖြင့် ထိုးလိုက်နိုင်သည်။

သူတို့၏ တစ်ဘက်သတ် အစီအစဉ် ကောင်းမှုကြောင့် ထို တိဗက်ဘုန်းကြီးတွင် မည်သည့် ဒဏ်ရာမျှ မရလိုက်ပေ။ ထိုစဉ် ယောကျ်ားသံက ထွက်ပေါ်လာပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"မော်ဟို နောက်ဆုတ်စမ်း၊ ဝန်းအော် ဟက်"

ဟူကျင်းသည် ထို ယောက်ျားသံ ထွက်ရာဘက်သို့ ကြည့်လိုက်သောအခါ "အလို၊ လက်ဝါးစောင်း အဘိုးကြီး နှစ်ယောက်ပါကလား"။

ထိုနှစ်ယောက်အနက်မှ တစ်ယောက်က အမိန့်ပေးနေခြင်း ဖြစ်သည်။ ထိုအဘိုးကြီး နှစ်ယောက် ဘေးနားတွင် ကျောက်မိန်ကို တွေ့လိုက်ရသည်။ ဟူကျင်းသည် ကျောက်မိန်ကို တွေ့လိုက်ရသည်နှင့် မျက်နှာထူပူသွားမိတော့သည်။

ကျောက်မိန်ကမူ ဟိုတိုက်ချုံး၏ ဓားကွက်များကို အသေအချာ အာရုံစူးစိုက်လျက် ရှိသည်။ တိုက်ပွဲတွင်းမှ ဝန်းအော်သည်လည်း ရှုံးနိမ့်သွားပြန်ချေပြီ။ သို့သော် ဟိုတိုက်ချုံးသည် နှစ်ယောက်ဆက်တိုက် တိုက်ခိုက်လိုက်ရသဖြင့် အလွန် မောပန်းလျက် ရှိနေချေပြီ။ ထို့ကြောင့် တတိယလူကိုမူ အရှုံမပေးလိုက်ရတော့သည်။

လက်ဝါးစောင်း အဘိုးကြီးက...

"ဟိုတိုက်ချုံး၊ ခင်ဗျား အရှုံးပေးပြီလား"

ဟိုတိုက်ချုံးသည် ပမာမခန့်ပင် ပြန်ပြောလိုက်သည်။

"ကျုပ် အရှုံးမပေးဘူး၊ ကျုပ်မှာ အတွင်းအား ရှိနေရင် ဒီလူတွေလောက်တော့ ကျုပ်က ကလေးတွေနဲ့ ကစားရတာလောက်မှတ်တယ်"



လက်ဝါးစောင်းသိုင်း အဘိုးကြီးသည် အစောင့်များကို အမိန့်ပေးလိုက်သည်။

"သူ့ကို ခေါ်သွားပြီး လက်ချောင်းတစ်ချောင်း ဖြတ်လိုက်"

ဟူကျင်းသည် နောက်ဘက်သို့ လှည့်၍ ရန်ရောင်ကို ကြည့်လိုက်သည်။ ရန်ရောင်က ခေါင်းခါပြလိုက်သည်။

ဆိုလိုသည့် သဘောမှာ ယခု ဝင်တိုက်ရန် အချိန်မကျသေး။ ယခု ဝင်တိုက်ခဲ့ပါလျှင် ကျန်လူများကို အကယ်ရခက်သွားမည်ဆိုသည့် သဘော။ ထိုစဉ် ဟိုတိုက်ချုံးကို အစောင့်များက ... ယောက်တို့သည် အပြင်ကို ခေါ်ထုတ်သွားကြတော့သည်။

ထိုအခါ ကျောက်မိန်က ပြောလိုက်သည်။

"ဆရာကြီး လူကျန်၊ ခွန်းလွန်ဂိုဏ်းရဲ့ ဓားသိုင်းက တကယ်ပဲ ...င်းတာပဲနော်၊ စောစောတုန်းက ဟိုတိုက်ချုံး မော်ဟိုကို ...တုန်းက ဒီလို တစ်ချက်ခုတ်၊ ဒီလို တစ်ချက်လှည့်နဲ့"

သူမသည် ပြောပြောဆိုဆို ဟိုတိုက်ချုံး၏ ဓားကွက်ကို ...စားပြလိုက်သည်။ တိဘက်ဘုန်းကြီး မော်ဟိုက ဓားကို ...ကိုင်၍ ကျောက်မိန်နှင့် လက်တွေ့ လေ့ကျင့် ကစားပေးလိုက် ...ည်။

ထိုအခါ မျက်နှာမည်းမည်းနှင့် လက်ဝါးစောင်းသိုင်း အဘိုးကြီး ...ချီးကျူးထောပနာ ပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သခင်မလေးက တကယ်ဉာဏ်ကောင်းတာပဲ၊ တစ်ကွ
မမှားဘူး"

ကျောက်မိန်ကလည်း တစ်ခေါက်ပြီးတစ်ခေါက် အထပ်ထ
ပြန်လှန် လေ့ကျင့် ကစားလိုက်သည်။ သူကစားသည့် ဒ လှည့်တ
မော်ဟို၏ နံရိုးကို ထိမှန်အောင် ထိုးနိုင်ခဲ့သည်။

ထိုကစားကွက် လေ့ကျင့်ပြီးသောအခါ ဝန်းမော်
ဟိုတိုက်ချုံအား နိုင်လိုက်သည့် ဓားကွက်ကို လေ့ကျင့်ပြန်သည်

"အလို၊ လက်စသတ်တော့ သိုင်းကွက်သူခိုးပါကလား"

ဟူကျင်းသည် ယခုမှ ကောင်းကောင်း သဘောပေါက်
သည် ကျောက်မိန်သည် ဂိုဏ်းအသီးသီးမှ ထိပ်သီး သိုင်းသမားများ
ဖမ်းဆီးထားပြီး သူတို့၏ အတွင်းအားများကို အသုံးမပြုစေနိုင်
ဆေးဖြင့် ထိန်းချုပ်ထားလိုက်တော့သည်။ ထိုအခါကျမှ မွန်ဂိုတို့
ဒူးထောက် အညံ့ခံနိုင်သည်။ သို့သော် သိုင်းသမားများက လုံး
အရှုံးပေး လက်မြှောက်ခြင်း မရှိကြ၍ ထိုသိုင်းသမားများ
တစ်ယောက်ချင်း ခေါ်ထုတ်ပြီး သူလူများနှင့် ယှဉ်ပြိုင်ကစား
တော့သည်။ စိတ်ကောင်း စေတနာကောင်းဖြင့် ကစားစေ
မဟုတ်။ ထိုကစားကွက်များကို ခိုးကျင့်ရန်အတွက် ကစားခိုင်း
ဖြစ်ပေသည်။ သူ၏ အကြံအစည်ကား တကယ်ပင် လက်မှ
လောက်သော အကြံအစည်ပေတည်း၊



သူမသည် ဝန်းမော်အား အနိုင်ယူသွားခဲ့သော သိုင်းကွက်ကို လေ့ကျင့်၍ ရသွားပြန်သည်။ နောက်ဆုံး ဟိုတိုက်ချုံကို အနိုင်ယူသွားသော လူနှင့် တစ်ဖန် လေ့ကျင့်ပြန်တော့သည်။ ထိုတကယ် လူ၏နာမည်မှာ အေးလင်ဖြစ်သည်။ သူ၏ လက်နက်မှာမူ သံမဏိ တောင်ဝှေးကြီးတစ်ချောင်း ဖြစ်သည်။ သူမသည် ဟိုတိုက်ချုံ၏ ဓားသိုင်းကွက်ဖြင့် လေ့ကျင့်ရာ အေးလင်ကို အနိုင်ယူရန်မလွယ် တော့ပေ။ ထို့ကြောင့် လုကျန့်ဘက်သို့ လှည့်၍…

"ဦးလေးလုကျန့်၊ ဒီလိုပဲ မဟုတ်လား"

လုကျန့်သည် ဓားသိုင်းကွက်နှင့် ပတ်သက်၍ အတိအကျ မပြောနိုင်သဖြင့်…

"ခုတိုကို ကြည့်နိုင်းရင် ကောင်းမယ် သခင်မလေး"

ထိုအခါ ကျောက်မိန်သည် ပြုံးရယ်လိုက်ရင်း…

"ဦးလေးခုတို ကျွန်မကို လာသင်ပေးပါဦး"

ထိုအခါ ဘယ်ဘက် အခန်းထောင်မှ ဆံပြူခါးကုန်း ခြေထောက်ထော့နင်း ထော့နင်းဖြင့် လူတစ်ယောက် လျှောက်ထွက် လာသည်။ မျက်နှာတစ်ခုလုံး ဓားဒဏ်ရာများဖြင့် ပြည့်နှက်နေသည်၊ ထိုဒဏ်ရာများကြောင့် သူ၏ နဂိုရုပ်သွင်ပြင်ကို မည်သို့မျှ မှတ်မိနိုင် တော့မည် မဟုတ်ချေ။

ထိုကိုရုပ်ဆိုးကြီးသည် စကားတစ်ခွန်းမျှ မပြောတော့ဘဲ ကျောက်မိန်၏ လက်ထဲမှ သစ်သားဓားကို လှမ်းယူပြီး အေးလင်ကို

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်တော့သည်။ သူအသုံးပြုသည့် ဓားသိုင်းကွက်မှာ ခွန်းလွန်ဂိုဏ်း၏ ဓားသိုင်းကွက်ပင် ဖြစ်ချေသည်။ သူကစားနေပုံမှာ အလွန်ကျွင်လည် သွက်လက်လှသဖြင့် ထိုဓားသိုင်းကွက်ကို သူငယ်စဉ်ကတည်းက ကစားခဲ့သည်ပမာ မှတ်ထင်ရတော့သည်။

ခူတို ကစားပြပုံမှာ စောစောက ဟိုတိုက်ချုံးနှင့် အေးလင်တို့ တိုက်ခိုက်ခဲ့သည့် သိုင်းကွက်များအတိုင်း တစ်ကွက်မကျန် ပြန်ကစားပြခြင်း ဖြစ်သည်။ နောက်ဆုံးတွင် အေးလင်က တောင်ဝှေးဖြင့် လွှဲရိုက်လိုက်သည်။ ထိုအကွက်ကို ဟိုတိုက်ချုံး မရှောင်နိုင်ဘဲ သစ်သားဓားဖြင့် ကာလိုက်မိသဖြင့် ရှုံးနိမ့်သွားရခြင်း ဖြစ်သည်။

သို့သော် ခူတိုကမူ သစ်သားဓားကို ချက်ချင်းလှည့်လိုက်ပြီး ဓားပြားဖြင့် တောင်ဝှေး၏ အလျားလိုက်အတိုင်း ရှပ်၍ ခုတ်လိုက်သည်။ ထိုအခါ တောင်ဝှေးကိုင်ထားသည့် အေးလင်၏ လက်ချောင်းများကို ဓားနှင့် ခုတ်လိုက်မိရာ အလွန်နာကျင်လှသဖြင့် တောင်ဝှေးကို လွှတ်ချလိုက်ရတော့၏။

အေးလင်သည် မျက်နှာကြီး နီသွားသည်။ အကယ်၍ ခူတို၏ဓားသာ သစ်သားဓား မဟုတ်ခဲ့ပါလျှင် ယခုဆို သူ၏လက်သည် ပြတ်နေလောက်ပေပြီ။

ခူတိုက သစ်သားဓားကို ကိုင်၍ ကျောက်မိန်ကို လှမ်းပေးလိုက်သည်။ ကျောက်မိန်က ပြုံးရယ်၍ ...



"ဦးလေးခူတို ဒီနောက်ဆုံးအကွက်က သိပ်ကောင်းတာပဲ၊ ဒါလဲ ခွန်းလွန်ဂိုဏ်းရဲ့ ဓားသိုင်းပဲလား"

ခူတိုက ခေါင်းညိတ်ပြလိုက်သည်။

"ဦးလေးခူတိုက သိပ်တော်တာပဲ၊ ကျွန်မကို ပြန်သင်ပေးပါနော်"

ဟူကျင်းသည် ကျောက်မိန်၏ ချွဲချွဲနွဲ့နွဲ့ဖြင့် ပြောလိုက်သောစကားကြောင့် ရင်တစ်ချက် နုန်သွားသည်။ သူလို တပည့်မျိုး ဒီလို ပြောမျိုးနဲ့သာ တွေ့ရင်တော့ ဘယ်ဆရာကမှ သင်မပေးဘဲ နေနိုင်မှာ မဟုတ်တော့ဘူး။

ခူတိုသည် သစ်သားဓားကို ကိုင်၍ နောက်ဆုံးအကွက်ကို ကဓားပြလိုက်သည်။ သုံးကြိမ်မျှ လေ့ကျင့်ပြီးသောအခါတွင်မူ ထိုသိုင်းကွက်ကို ကျောက်မိန် တတ်ကျွမ်းသွားပြန်လေသည်။

ထိုအခါ ခူတိုသည် ဓားကို ပြန်ပေးလျက် သောဘက်သို့ က်ထွက်သွားတော့သည်။ ဟူကျင်း၏ စိတ်ထဲတွင် ...

"ဒီ ခါးကုန်းကြီး ခူတိုရဲ့ သိုင်းပညာက ဟိုလက်ဝါးစောင်း သိုးကြီး နှစ်ယောက်ထက်တောင် တော်နေပါကလား၊ သူ့ရဲ့ င်းအား အခြေအနေတော့ မသိရဘူး၊ စကား လုံးဝ မပြောဘဲ လက်ဟန်ခြေဟန်နဲ့ ပြောနေပုံထောက်ရင်တော့ အ,များနေသလား နိုင်ဘူး၊ ဒါပေမယ့် သူ့နားကတော့ ကြားနေရတာပဲ၊ နားကြားရင် အ,တော့ မဖြစ်နိုင်ဘူး၊ ဒီလူ တစ်ခုခုတော့ တစ်ခုခုပဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကျောက်မိန်သည် ခုံးတုံဂိုဏ်းမှ သိုင်းသမားတစ်ယော ကို ခေါ်လိုက်ပြန်သည်။ ပြီးနောက် ခုံးတုံ၏ လက်ဝါးစော သိုင်းကွက်ကို လေ့ကျင့်ပြန်တော့သည်။ ပြီးနောက် ကျောက် က...

"မျက်ကြွယ် မယ်သီလရှင်ကြီးကို ခေါ်ခဲ့"

ထိုအခါ အစောင့်တစ်ယောက်က ဖြေလိုက်သည်။

"မျက်ကြွယ် ဆရာမကြီး အစာတော် ခံနေတာ ငါး ရှိသွားပါပြီ၊ သူက အခုထက်ထိ ခေါင်းမာနေတုန်းပဲ ရှိပါ တယ်"

ကျောက်မိန်သည် ရယ်ရင်း ပြောလိုက်သည်။

"အေး ကောင်းတယ်၊ ငတ်ပြီး သေသွားရင်လဲ ကော တာပဲ၊ ဩော် ဟုတ်ပြီ၊ ဝါမေဂိုဏ်းက ချူကျူးကို ခေါ်ခဲ့

နောက်ဆုံး ဟူကျင်းတို့ ဟူတန်းတောင်၌ ခေတ္တနေ နေကြစဉ်အတွင်း ကျန်းဆန်းဖုန်း၏ ပြောပြချက်အရ မိမိ က ဘဝတုန်းက လှေပေါ်တွင် တွေ့ဆုံ၍ မိမိအား ကယ်တင်လိုက် ကလေးမှာ ချူကျူးဖြစ်နေကြောင်း သိရှိခဲ့ရသည်။

သူသည် ချူကျူးအပေါ်တွင် လုံးဝ ချစ်နေမိပြီဟု မဆို သော်လည်း ထိုငယ်စဉ်အခါက မိမိကို ကောင်းစွာ ပြုစုခဲ့သ ချူကျူးကို ကျေးဇူးတင်နေမိသည်၊ ကွမ်းမိန်တောင် သိုင်းပြိုင်ပွဲ ချူကျူးက မိမိအား ဓားနှင့် ထိုးခဲ့သည်မှာ မှန်သော်လည်း သူ



တ်ဆန္ဒအရ မဟုတ်ဘဲ မျက်ကြွယ်ဆရာမကြီး၏ အမိန့်အရသာ ပ်လိုက်ခြင်းဖြစ်ကြောင်း ဟူကျင်း သိနေမိသည်။ ထို့ကြောင့် မှ အပေါ်တွင် လုံးဝ ရန်ငြိုးလည်း မထားခဲ့ပေ။

ယခု ကျောက်မိန်က ချူကျူးကို ခေါ်ထုတ်ရန် အမိန့်ပေးလိုက် ကို ကြားလိုက်ရသောအခါ ဟူကျင်း အလွန် တုန်လှုပ်ချောက် ားသွားတော့သည်။

အတန်ကြာသောအခါ ချူကျူးကို ခေါ်ဆောင် ရောက်ရှိ ာကြသည်။ သူမ၏ မျက်နှာလေးသည် ညှိုးငယ် ခွမ်းရော်နေသည် ်သော်လည်း ကြောက်ရွံ့တုန်လှုပ်သည့် အမူအရာ တစ်စက်ကလေးမျှ တွေ့ရချေ။

လက်ဝါးစောင်း အဘိုးကြီးက ထုံးစံအတိုင်း လက်နက် ချေ၊ ဒူးထောက် အရှုံးပေးမပေး မေးမြန်းသည်။ ချူကျူးက ခေါင်းကိုသာ တွင်တွင်ခါယမ်းပြနေသည်။ ထိုစဉ် ကျောက်မိန် ော်တရက် ဝင်ပြောလိုက်သည်။

"ချူကျူး မင်းဟာ အသက်ငယ်ငယ်လေးနဲ့ ဝါမေဂိုဏ်းထဲမှာ သိသိုင်းသမား ဖြစ်နေတယ် ဆိုတာက တကယ် ချီးကျူးစရာ ောင်းနေတယ်၊ မင်း မျက်ကြွယ်ဆရာမကြီးရဲ့ ဓားသိုင်းကို ောင်းကောင်းတတ်ကျွမ်းမှာပေါ့"

ထိုအခါ ချူကျူးက...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ဆရာမကြီးရဲ့ သိုင်းပညာက သာမည သိုင်းပညာ မဟုတ်ဘူး၊ အင်မတန် နက်နဲတဲ့ သိုင်းပညာပါ၊ ဒီလော နက်နဲတဲ့ သိုင်းပညာကို ကျွန်မ လွယ်လွယ်ကလေးနဲ့ ဘယ်တတ် လိမ့်မလဲ"

ကျောက်မိန်က...

"မင်းရဲ့ ဆရာမကြီးက ဘာဖြစ်လို့ ငါတို့နဲ့ မယှဉ်ပြိုင် ရတာလဲ"

ချူကျူးက တင်းမာသော လေသံဖြင့် ပြောလိုက်သည်။

"ဆရာမကြီးက သူ့အသက်သာ အသေခံမယ်၊ အသ ချမ်းသာဖို့ တစ်ချက်ကလေးအတွက်နဲ့တော့ သူများကို ဘယ်တော ဒူးထောက် အညံ့မခံဘူး၊ ဆရာမကြီးက ပြောတယ်၊ ဒီလို အောက်တ ကျပြီး ကောက်ကျစ် ယုတ်မာတဲ့ လူတွေနဲ့ ယှဉ်ပြိုင်ရမှာ တယ်တဲ့"

ချူကျူး၏ စကားကို ကျောက်မိန် စိတ်မဆိုးချေ။ စိ မဆိုးသည့်ပြင် ပြုံးလိုက်ပြီး...

"ဒီလိုဆိုရင် မင်းကကော"

"ကျွန်မက ဆရာမကြီးရဲ့ တပည့်ပဲ၊ တပည့်ဆိုတာ ဆ လမ်းစဉ်အတိုင်း လိုက်ရတာပဲ"

"မင်းရဲ့ ဆရာမကြီးက မင်းကိုလဲ တို့နဲ့ မပြိုင်ဖို့ ပြော တယ်မပေါ့ ဟုတ်လား၊ ဘာဖြစ်လို့လဲ"



"ကျွန်မတို့ ဂါမေဂိုဏ်းရဲ့ ဓားသိုင်းပညာဟာ သိုင်းလောကမှာ ထိပ်ထိပ်ကြဲ ဓားသိုင်းပညာလို့မဆိုနိုင်ပေမယ့် မြေပြန့် သိုင်းပညာကြီး တစ်ရပ်အနေနဲ့ ထိုက်ထိုက်တန်တန် လေးစားခံရတာပဲ၊ ဒါကြောင့် ယုတ်မာ နိမ့်ကျတဲ့လူတွေ ခိုးမသင်သွားစေချင်လို့ပဲ"

ကျောက်မိန်က ရုတ်တရက် အံ့သြသွားသည်။ မျက်ကွယ် ဆရာမကြီးသည် သူမ၏ အကြံအစည်ကို ရိပ်မိနေပေပြီ။ ထို့ပြင် ချူကျူး၏ စကားထဲတွင် ယုတ်မာ နိမ့်ကျတဲ့ လူတွေ၊ ယုတ်မာ ကောက်ကျစ်တဲ့လူတွေဟု ထပ်ခါတလဲလဲ ပြောနေသည့် စကား များကို ကြားနေရသည့်အတွက်လည်း ဒေါသ ထွက်လာသည်။ ထို့ကြောင့် ကျောက်မိန်သည် သူ၏ တိမ်လွှာဓားကို "ရှမ်း"ခနဲ ဆွဲထုတ်လိုက်ပြီး...

"သူများတွေက ငါတို့နဲ့ ယှဉ်ပြိုင်လို့ တို့ကို ရှုံးသွားရင်ငါတို့က လက်တစ်ချောင်းဖြတ်မယ်၊ မင်းကတော့ ကိုယ့်ကိုယ်ကို ရုပ်ချော တယ်ဆိုပြီး ဘဝင်မြင့်နေတဲ့လူဆိုတော့ သူများတွေလို လက်ကို မဖြတ်ဘူး၊ မျက်နှာကို ကြက်ခြေခတ် ခြစ်ပေးလိုက်မယ်"

သူမသည် စကားဆုံးသည်နှင့် လက်တစ်ချက် ဝှေ့ယမ်း ပြီး အချက်ပေးလိုက်ရာ အစောင့်နှစ်ယောက်က ချူကျူးကို တစ်ဘက်တစ်ချက် ဝင်ချုပ်လိုက်ကြသည်။ ချူကျူး၏ ကိုယ်လုံး ကလေးမှာ တုန်တုန်ယင်ယင်ဖြစ်လျက် ရှိနေပေပြီ။ တိမ်လွှာဓား

www.burmeseclassic.com

www.burmeseclassic.com



သည်လည်း သူမ၏ မျက်နှာရှေ့၌ တဝေ့ဝေ့ တယမ်းယမ်း ရှိနေပေပြီ။ ကျောက်မိန်သည် ရယ်၍...

"မင်း ကြောက်နေသလား"

ချူကျူးက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

ကျောက်မိန်က...

"အေး ကြောက်တယ်ဆိုရင် မင်း တို့ကို လက်နက်ချ အရှုံးပေးပြီပေါ့"

ချူကျူးသည် သူမ၏ ခေါင်းကလေးကို တွင်တွင်ယမ်းလျက်...

"ကျွန်မ လက်နက်ချ အရှုံးမပေးနိုင်ဘူး၊ ရှင် ကျွန်မကို သတ်ချင်ရင် သတ်လိုက်ပါ"

ကျောက်မိန်သည် အားစက်စွာ ရယ်မောလိုက်ပြီး...

"ငါက မင်းကို ဘယ်သတ်မလဲ၊ မင်း မျက်နှာက အသားကို နည်းနည်းလေး ခြစ်ပေးလိုက်မှာပါ"

ပြောရင်း သူမသည် သူမ၏ ဓားကို လှုပ်ရှားလိုက်သည်။ ရုတ်တရက် အပြင်ဘက်မှ အရာဝတ္ထုတစ်ခုသည် ပျံဝဲ ဝင်ရောက်လာကာ တိမ်လွှာဓားကို "ထန်း"ခနဲ ထိမှန် ရိုက်ခတ်လိုက်ပြီး ချူကျူး၏ မျက်နှာရှေ့မှ ဓားသွားများကို ရွှေ့လျောဖယ်ရှားသွားစေတော့သည်။ တစ်ဆက်တည်း လူတစ်ယောက် ခုန်ပျံဝင်ရောက်လာသည်ကို ရိပ်ခနဲ တွေ့လိုက်ရစဉ်ပင် ချူကျူးကို ချုပ်နှော



...သူ နှစ်ယောက်သည် အလိုလို အခန်းအပြင်သို့ လွင့်စဉ်...သွားကြတော့သည်။ ထိုလူသည် လက်တစ်ဖက်ဖြင့် ချူကျူးကို ...တ်ကာကွယ်လိုက်ပြီး အခြား လက်တစ်ဖက်ဖြင့် လက်ဝါးစောင်း ...ကြီး လုကျန့်၏ ရိုက်ချက်ကို ခုခံလိုက်သည်။ နှစ်ယောက် ...း နောက်သို့ တစ်လှမ်းဆီ ဆုတ်သွားကြရသည်။

ထိုလူကို အားလုံးက သေချာစွာ ကြည့်လိုက်သောအခါ ...င်းမာန်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီး ကျန်းဟူကျင်း ဖြစ်နေကြောင်းကို ...ရှိကြရတော့သည်။

သူတို့၏ ပိုင်နက် နယ်မြေအတွင်း ယခုကဲ့သို့ ကျန်းဟူကျင်း ...တစ်ပြက် ဝင်ရောက် တိုက်ခိုက်နိုင်သည်ကို လူတိုင်းက ...က်ရှံ့တုန်လှုပ်သွားကြတော့သည်။ လုကျန့်မှာ ဟူကျင်း၏ ...ဝါးစောင်းဒဏ်ကြောင့် နောက်သို့ ဆုတ်ခွာသွားရသည်ကို ...သည် ထိန်းသိမ်းလိုက်ပြီး နောက်တစ်ကျော့ ထပ်မံ တိုက်ခိုက်ရန် ...ပြင်လိုက်သည်။ သို့သော် ရုတ်တရက် ချက်ချင်းပင် သူ၏ ...လုံး မီးပုံထဲသို့ ကျရောက်သွားသကဲ့သို့ ပူပူလောင်လောင်ကြီး ...လိုက်ရတော့သည်။

အမှန်စင်စစ် ဟူကျင်း၏ နေစကြာ အတွင်းအားသည် ...၏ ခန္ဓာကိုယ်အတွင်းသို့ ရိုက်သွင်းခံလိုက်ရသကဲ့သို့ ဖြစ်သွားပြီး ...၏ ခန္ဓာကိုယ်ထဲမှ အအေးဓာတ်ဖြင့် တွေ့ကာ ဆန့်ကျင်ဘက် ...ကျ ဖြစ်သွားရခြင်းကြောင့် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယတစ်ယောက်ဖြစ်သည့် လက်ဝါးစောင်း အဘိုးကြီးကမူ သူ့အဖော်၏ မျက်နှာ အမူအရာကို တွေ့လိုက်ရသောအခါ စိုးရိမ်ဖွယ် အခြေအနေကို စဉ်းစားမိသွားသည်နှင့် ချက်ချင်းပင် သူ့အဖော်၏ ဘယ်လက်ကို ဆုတ်ကိုင်လိုက်ပြီး သူတို့ နှစ်ယောက်၏ အအေးခတ် အတွင်းအားကို ပေါင်းစပ်ကာ နေစကြာ အတွင်းအားကို ချေဖျက်လိုက်ကြရတော့သည်။

ချူကျူးမှာလည်း ဤသို့ အရေးကြီးလှသည့် အချိန်အတွင်း လူတစ်ယောက်က ရုတ်တရက် ဝင်ရောက်ကယ်ဆယ်ခြင်း ခံလိုက်ရသောအခါ အံ့ဩသွားမိသည်။ မိမိအား ဝင်ရောက် ကယ်တင်လိုက်သူသည် ဟူကျင်း ဖြစ်နေကြောင်းကို သိရှိလိုက်ရသောအခါတွင်မူ သူ၏ ရင်ထဲတွင် ခံစားချက်များစွာဖြင့် အံ့ဩ တုန်လှုပ်သွားရလေတော့သည်။

ဟူကျင်း၏ လက်တစ်ဖက်မှာ သူမ၏ ခါးကို ရစ်ပတ်လျက် ရှိနေပြီး သူမ၏ တစ်ကိုယ်လုံးမှာမူ ဟူကျင်း၏ ကျယ်ပြန့်သော ရင်ခွင်အတွင်း ရောက်ရှိနေလေသည်။ သူမ၏ နှာခေါင်းထဲတွင် ဟူကျင်း၏ ယောကျ်ားကိုယ်သင်းနံ့ကိုပင် ရှူရှိုက်မိနေလေ၏။

ထို တဒင်္ဂအတွင်းဝယ် ချူကျူးခမျာ ကြောက်လန့်ရခြင်း၊ ဝမ်းသာရခြင်း၊ အံ့ဩတုန်လှုပ်ရခြင်း ဝေဒနာမျိုးစုံကို ခံစားလိုက်ရသဖြင့် တစ်ကိုယ်လုံး ပျော့ခွေကာ မေ့လုမတတ် ဖြစ်သွားရသည်။



အမှန်စင်စစ် ချူကျူးသည် ချစ်သွေးကြွယ်စ နုနယ်ပျိုမျစ်သူကလေး တစ်ယောက် ဖြစ်သည့်အပြင် တစ်ကြိမ်တစ်ခါမျှ ယောကျ်ားကလေးများဖြင့် ဖက်လှဲတကင်း ရင်းနှီးစွာ နေဖူးခဲ့သူကလေး မဟုတ်ပေ။ ယခုမူ သူ့ရင်ခွင်ထဲတွင်ပင် ပူးကပ်ရောက်ရှိလျက် ရှိနေပေပြီ။ ယခု မိမိအား ပွေ့ဖက်ထားသူမှာ အခြားသူတစ်ယောက် မဟုတ်သေး။ မိမိက နေ့စဉ် တမ်းတ သတိရနေခဲ့သည့် မိမိ၏ ရင်ထဲကချစ်သူ ဖြစ်နေပြန်သေးသည်။ ထို့ကြောင့် ယခုအချိန်တွင်မူ ချူကျူးအနေဖြင့် ဓားချက်ပေါင်း တစ်ထောင်ဖြင့် သူမအား ခုတ်ထစ်လိုက်စေဦးတော့ ပြုံးပြုံးလေးဖြင့် ကျေကျေနပ်နပ် အသေခံသွားတော့မည်သာ ဖြစ်ပေသည်။

ရန်ရောင်နှင့် ဝေရီတို့သည် သူတို့၏ ဂိုဏ်းချုပ်ကြီး ခုန်ဝင်သွားသည်နှင့် သူတို့လည်း တစ်ပါတည်း ခုန်ဝင်လိုက်ကြသည်။ သူတို့နှစ်ယောက်သည် ဟူကျင်း၏ လက်ဝဲနှင့် လက်ယာတို့တွင် အသင့်ရပ်လျက် ရှိနေကြပေပြီ။

ကျောက်မိန်တို့မှာ အစ ပထမတွင် များစွာ တုန်လှုပ်သွားခဲ့ကြသည်။ သို့သော် နောက်ထပ် ရန်သူများ မရှိကြောင်း အစောင့်များ အချက်ပေးသံ ကြားလိုက်ရသောအခါမှ ပြန်လည် တည်ငြိမ်သွားကြပြီး အတွင်းအပြင် အစောင့်များဖြင့် သေချာစွာ ဝိုင်းရံပိတ်ဆို့ထားလိုက်ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ကျောက်မိန်၏ အမိန့်ကို အသင့် စောင့်ဆိုင်းလျက် ရှိနေကြပေပြီ။ ကျောက်မိန်သည် စိတ်ဆိုးခြင်း မရှိဘဲ ဟူကျင်းကို အတန်ကြာ ငေးမောကြည့်နေလိုက်ပြီးမှ မြေကြီးပေါ်တွင် ကျနေသော အရာဝတ္ထုလေးကို လှမ်းကြည့်လိုက်သည်။

ထိုအရာဝတ္ထုကလေးမှာ ရွှေဘူးကလေးသာ ဖြစ်သည်။ ယင်း ရွှေဘူးကလေးဖြင့် ကျောက်မိန်၏ ဓားကို ပစ်ပေါက်လိုက်ခြင်း ဖြစ်ရာ တိမ်လွှာဓားသည် အလွန်ထက်လှသဖြင့် ရွှေဘူးကလေး နှစ်ပိုင်းပြတ်သွားရခြင်း ဖြစ်သည်။ ယင်း ရွှေဘူးကလေးသည် ဟူကျင်းအား ပုလဲပန်းကလေး လက်ဆောင်ပေးစဉ်အခါက ပန်းထည့်သော ရွှေဘူးကလေးပင် ဖြစ်ချေသည်။

သူမသည် ရွှေဘူးကလေး နှစ်ပိုင်းကို အတန်ကြာ ကြည့်နေပြီးမှ...

"ရှင် ဒီဘူးလေးကို ဒီလောက်တောင် ရွံ့မုန်းနေပြီလား။ ဒီဘူးကလေးကို မပျက်စီး ပျက်စီးအောင် လုပ်လိုက်တာပေါ့ ဟုတ်လား"

ဟူကျင်း အံ့ဩသွားသည်။ အလွန် အံ့ဩသွားသည်။

ထို ရွှေဘူးကလေးအတွက် ကျောက်မိန် ဒေါသ ထွက်သွားမည်ဟု အစပထမတွင် ထင်လိုက်မိသည်။ သို့သော် သူ့အား မေးလိုက်သည့် ကျောက်မိန်၏ မျက်လုံးထဲတွင် ဒေါသ၏ အရိပ်အယောင်များ လုံးဝမတွေ့ဘဲ ဝမ်းနည်းခြင်း အရိပ်အယောင်များ ကိုသာ တွေ့လိုက်ရသဖြင့် လွန်စွာ အံ့ဩသွားရခြင်း ဖြစ်သည်။ ဟူကျင်း အားတုံ့အားနာသော လေသံဖြင့်...

"ကျုပ်မှာ လျှို့ဝှက် လက်နက်ပုန်း မပါလို့ ဒါလေးနဲ့ ပစ်လိုက်ရတာပါ၊ တမင်သက်သက် လုပ်လိုက်တာတော့ မဟုတ်ပါဘူး"

ထိုစကားကြောင့် ကျောက်မိန်၏ မျက်လုံးတွင် တောက်ပသော အရိပ်အယောင်များ ပြန်လည် ဖုံးလွှမ်းလာပြန်သည်။

"ရှင် ဒီရွှေဘူးကလေးကို အမြဲတမ်း ဆောင်ထားတာပဲလား"

ဟူကျင်းက ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

ထိုစဉ် ကျောက်မိန်သည် ချူကျူး၏ခါးတွင် ရစ်ပတ်ထားသည့် မိမိ၏ လက်များကို စူးစိုက်ကြည့်နေသဖြင့် မျက်နှာတစ်ချက် နီသွားပြီး ချူကျူးကို လွှတ်လိုက်မိသည်။

ကျောက်မိန်သည် သက်ပြင်းတစ်ချက် ချရင်း...

"ကျွန်မက ရှင်နဲ့ ချူကျူး သူငယ်ချင်းတွေဆိုတာ မသိပါဘူး၊ သိရင်လဲ ဒီလို မလုပ်ပါဘူး၊ ဒါပေမယ့် အခုတော့ ရှင်နဲ့ ချူကျူးဟာ သူငယ်ချင်းတောင်မက..."

သူမသည် စကားကို တစ်ဝက်တစ်ပျက်ဖြင့် ရပ်လိုက်ပြီး ခေါင်းကို ဘေးသို့ လှည့်လိုက်သည်။

"ကျုပ်နဲ့ ချူကျူး ဘာမှ မဟုတ်ပါဘူး၊ ဒါပေမယ့်..."



www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် သူ၏ စကားကို မည်သို့ အဆုံးသတ်ရမည်ကို မသိတော့သဖြင့် ဤအတိုင်း တစ်ဝက်တစ်ပျက်ကြီးနှင့်ပင် ရပ်ထား လိုက်ရတော့သည်။

ကျောက်မိန်ကမူ နှစ်ခြမ်းပြတ်နေသော ရွှေဘူးကလေးသ ကြေကွဲ ဝမ်းနည်းစွာ ကြည့်နေပြန်သည်။ သူမ၏ နှုတ်က မည်သည့် စကားသံမျှ ထွက်မလာ။ သူမ၏ ကြေကွဲနေသော အကြည့်ထဲတွင် အနက်အဓိပ္ပာယ်ပေါင်း ထောင်သောင်းမက ပါဝင် ပေသည်။

အမူအရာများသည် စကားလုံး ထောင်သောင်းထက် ကျယ်လောင်လှသည်ဟု ဆိုရိုးစကားရှိသည် မဟုတ်ပါလား။

ချူကျူးသည် ကျောက်မိန်၏ အမူအရာကို ကြည့်လို သည်နှင့် မိန်းကလေးချင်း သိတတ်သည့် ဆဋ္ဌမ အာရုံကြော ရင်ထဲ၌ တုန်လှုပ်ချောက်ချားသွားတော့သည်။

"ဒီ မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးက ဟူကျင်းကို ချစ်နေ ပါကလား၊ ဘုရား ဘုရား"

ဟူကျင်းကမူမိန်းကလေးနှစ်ယောက်၏ အတွင်းသဘော ရိပ်မိ သဘောပေါက်သူ မဟုတ်ပေ။ သို့သော် ကျောက်မိန်၏ အပြုအမူကြောင့် သူ ဝိုးတိုးဝါးတား သဘောပေါက်လာသ ဖြစ်လာသည်။ သို့ရာတွင် သည့်ထက်ပို၍ နက်နက်နဲနဲတော့ မိပေ။ ထို့ကြောင့် သူသည် သူ့ကြောင့် ပျက်စီးသွားသော ရွှေ



အက်ပိုင်းပြတ်ကလေးများကို ကောက်ယူလိုက်ပြီး အားတုံ့အားနာစွာ ပြောလိုက်သည်။

"ဒီရွှေဘူးလေးကို ပန်းထိမ်ဆရာဆီမှာ အပ်ပြီး ပြန်ဆက်ခိုင်း လိုက်ပါ့မယ်"

ကျောက်မိန်သည် ဝမ်းသာအားရ လေသံဖြင့်...

"ရှင် တကယ်ပြောတာလား ဟင်"

ဟူကျင်းသည် ခေါင်းညိတ်ပြလိုက်သည်။ သို့သော် စိတ်ထဲ တွင်မူ အလွန် အံ့သြနေမိသည်။

"ဒီ မိန်းကလေးဟာ သိုင်းသမား အရင့်အမာကြီးတွေ အများကြီးကို အုပ်ချုပ်နေနိုင်လျက်သားနဲ့ ဘာမဟုတ်တဲ့ ကိစ္စ လေးကျမှ ဘာဖြစ်လို့ ဒီလောက် ပျော့ညံ့နေရတာလဲ မသိဘူး၊ ဒီရွှေဘူးကလေးက ဘယ်လောက်များ တန်ဖိုးရှိမှာမို့လို့လဲ၊ အခု ငါရောက်နေတာ ကြာပြီ၊ ဒီရွှေဘူးအကြောင်းချည်း ပြောနေတယ်၊ အခြား အရေးကြီးလှတဲ့အကြောင်း တစ်ခုမှ မပြောသေးဘူး"

ဟူကျင်းသည် တွေးရင်းဖြင့် ရွှေဘူးကလေးကို သူ့ရင်ခွင်ထဲ ထိုးထည့်လိုက်သည်။ ထိုအခါ ကျောက်မိန်က...

"ကဲ ရှင် ပြန်တော့လေ"

ဟူကျင်းသည် သူ့ဦးကြီး ချို့ရှင်ချောင်းတို့ကို ကယ်တင်ရန် ရောက်လာခြင်း ဖြစ်သော်လည်း ယခုမှ မိမိတို့ ရင်ဆိုင်ရမည့် ထိပ်သီး သိုင်းသမားများမှာ လွန်စွာ များပြားနေကြောင်း တွေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



နေရသဖြင့် ကယ်တင်ရန် မလွယ်ကူသေးကြောင်း သဘောပေါ လိုက်သည်။ ထို့ကြောင့် ကျောက်မိန်အား မေးလိုက်သည်။

"ကျောက်မိန်၊ ခင်ဗျားက ကျုပ် ဦးကြီးတွေကို ဘာသဘော ဖမ်းချုပ်ထားတာလဲ"

ကျောက်မိန်က ပြုံး၍...

"ကျွန်မက စေတနာနဲ့ သူတို့ကို ဖိတ်ကြားထားတာ၊ ဘု ကြီးရဲ့ အကျိုးဆောင်ပေးရင် သူတို့ စည်းစိမ်နဲ့ နေရမှာ သူတို့က ခေါင်းမာနေကြတော့ ကျွန်မက ဖြည်းဖြည်းချင်း ဈေး ပျောင်းဖျနေရတာပေါ့"

ဟူကျင်းသည် အခန်းထဲရှိ လူအားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်ပြီး...

"ကောင်းပြီလေ၊ ဒီလိုဆိုရင် ကျုပ်တို့ သွားတော့မယ်"

သူက ပြောပြောဆိုဆိုနှင့် ချူကျူး၏လက်ကို ဆွဲ လှည့်ထွက်လိုက်သည်။ ကျောက်မိန်က ရုတ်တရက် အော်ဟ တားမြစ်လိုက်သည်။

"ရှင် သွားချင်ရင်တော့ သွားပါ၊ ကျွန်မ မတားပါဘူး ပါပေမယ့် ရှင် ချူကျူးကို ခေါ်သွားဖို့ ကျွန်မဆီက တစ်ခွန်းမှတော ခွင့်မတောင်းပါလား"

"ဒီလိုဆိုရင်တော့ ကျုပ် တောင်းပန်ပါတယ်၊ ကျေးဇူးပြု သူ့ကို ကျုပ်တို့နဲ့အတူ ပြန်ခွင့်ပြုပါ"



ကျောက်မိန်သည် ဟူကျင်းစကားကို အဖြေမပေးတော့၊ လက်ဝါးစောင်း အဘိုးကြီး နှစ်ယောက်ကိုသာ မျက်ရိပ်ပြလိုက်တော့သည်။ ထိုအခါ ကော့ပိက...

"ကျန်းဟူကျင်းမင်းက လာချင်တိုင်းလာ၊ ဝင်ချင်တိုင်း ဝင်၊ ထွက်ချင်တိုင်း ထွက်၊ ခေါ်ချင်တဲ့လူ ခေါ်သွား လုပ်နေတာတွေ ငါတို့က ရပ်ကြည့်နေရင် ငါတို့ သိက္ခာကျကုန်မှာပေါ့၊ ဒီတော့ မင်းရဲ့ အစွမ်းအစလေး တစ်ကွက် နှစ်ကွက်လောက် ပြပါဦး၊ ဒါမှသာ တို့ ကျေနပ်နိုင်မယ်"

ဟူကျင်းသည် ကော့ပိ၏ လေသံကို ကြားလိုက်ရသည်နှင့် ရုတ်ချည်း ဒေါသဟုန်းဟုန်း ထွက်လာသည်။

"ကျုပ် ငယ်ငယ်တုန်းက ခင်ဗျားရဲ့ လက်ချက်နဲ့ အသက် သေရမလောက် ဖြစ်ခဲ့ရတယ်၊ အခု ခင်ဗျားက ကျုပ်ရဲ့ အစွမ်းအစ ကလေး နည်းနည်းပါးပါးလောက် သိချင်နေသေးတယ် ဟုတ်လား၊ သိရမှာပေါ့လေ"

ဟူကျင်းသည် သူ၏ လက်ဝါးစောင်းဖြင့် "ဖြန်း"ခနဲ ကော့ပိကို ခုတ်ချလိုက်သည်။ ကော့ပိသည် ဟူကျင်း ငယ်စဉ်အခါက ဟူကျင်း၏ နောက်ကျောကို လက်ဝါးစောင်းဖြင့် ရိုက်ခဲ့သည့် ရန်သူတော်ပေါင်းကြီး တစ်ဦး ဖြစ်ပေသည်။

ထိုအခါတွင် ဘေးမှ ရပ်နေသူ လုကျန့်သည် စောစောက ဟူကျင်း၏ လက်ဝါးအစွမ်းကို သိရှိခဲ့ပြီးဖြစ်ရာ ကော့ပိအနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်း၏ လက်ဝါးစောင်းကို လုံးဝ ခံနိုင်မည်မဟုတ်ကြောင်း သိသည်။ ထို့ကြောင့် သူသည် ဟူကျင်း၏ ဘေးသို့ ခုန်ဝင်ပြီး ကော့ပီအား တိုက်ခိုက်နေသည့် ဟူကျင်းအား အလစ် ခုတ် လိုက်သည်။

ဟူကျင်း၏ သိုင်းပညာသည် သည်နှစ်လအတွင်း အလွ တိုးတက်လာခဲ့သည်ဖြစ်ရာ ဟူတန်းတောင်တွင် အသိုးဖြ နှစ်ယောက်၏ ရိုက်ချက်ကြောင့် လွင့်စဉ် ဆုတ်ခွာခဲ့ရသော်လည် ယခုမူ ကောင်းစွာ ခုခံချေဖျက်နိုင်ချေပြီ။

ဟူကျင်းသည် အားပြောင်းအားလွှဲ သိုင်းပညာကို အသုံး လိုက်ရာ "ဖြန်း"ခနဲ မြည်ဟည်းသွားပြီး ကော့ပီ၏ ဘယ်ဘ လက်ဝါးစောင်းက လုကျန့်၏ ညာလက်ဝါးစောင်းကို ရိုက်ခတ် လေတော့သည်။ သူတို့ နှစ်ယောက်စလုံး၏ သိုင်းပညာသ အဆင့်တူ ဖြစ်ကြသဖြင့် နှစ်ယောက်စလုံး၏ လက်နှစ်ဖက် ထုံကျင်သွားကြတော့သည်။

ဟူကျင်းက နောက်ထပ်တစ်ချက် ရိုက်လိုက်ပြန်ရာ သူ နှစ်ယောက်ကလည်း တန်ပြန် ပြန်ရိုက်လိုက်ကြသည်။ သို့ သူတို့၏ လက်ဝါးစောင်းများသည် ဟူကျင်း၏ ကိုယ် မရောက်ဘဲ သူတို့ အချင်းချင်းသာ ရိုက်မိကြတော့သည်။

ထိုအခါ ကော့ပီနှင့် လုကျန့်တို့သည် အကြီးအကျ တုန်လှုပ်ချောက်ချားသွားကြသည်။ သို့သော် သူတို့သည်



တင်းတင်းကြိတ်၍ ဟူကျင်း၏ တိုက်ကွက်များကို ခုခံနေကြသည်။ ဟူကျင်းသည် ကော့ပီကို ဖိ၍တိုက်သည်။ သူ၏ ရာဇဝင်ကြွေးကို ပြန်ဆပ်ရမည် မဟုတ်ပါလား။

သိုင်းကွက် နှစ်ဆယ်သို့ ရောက်သောအခါ ကော့ပီ၏ မျက်နှာတစ်ခုလုံးသည် ရဲရဲနီနေလေပြီ။ အားကုန်ထုတ်၍ တိုက်နေရလေပြီ။

ထိုစဉ် ဟူကျင်းက နောက်ထပ်တစ်ချက် ခုတ်လိုက်ပြန်သည်။ ကော့ပီက ကာကွယ်လိုက်သည်။ သို့သော် ကာကွယ်လိုက်သော ကော့ပီ၏ လက်သည် လုကျန့်၏ ပခုံးကို သွားရောက်ရိုက်မိတော့သည်။ ထို တဒင်္ဂအတွင်း ဟူကျင်း၏ လက်ဝါးသည် ကော့ပီရင်ဝကို ရိုက်လိုက်မိသွားသည်။

အမှန်စင်စစ် ဟူကျင်းက သူ့ကို အသေရိုက်လျှင် သေသွားနိုင်သည်။ သို့သော် ဟူကျင်းသည် အသေ မသတ်လို၍ အားကို အဆင့် သုံးဆင့်လောက်သာ ထုတ်၍ ရိုက်လိုက်ခြင်းဖြစ်သဖြင့် ခွဲချင်းပြီး သေမသွားခြင်း ဖြစ်သည်။

သို့ရာတွင် ကော့ပီသည် "ဝေါ"ခနဲ သွေးများကို အန်ထုတ်လိုက်သည်။ တစ်ကိုယ်လုံး ယိမ်းထိုးနေပြီး ပြိုလဲကျလုလု ဖြစ်နေပေပြီ။ ဟူကျင်းကသာ နောက်ထပ်တစ်ချက် ထပ်ရိုက်လိုက်လျှင် ကော့ပီ အသက်ထွက်ရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



လုကျန့်မှာလည်း ကော့ပိ၏ လက်ဝါးစောင်းဒဏ်ချက် တစ်ကိုယ်လုံး နာကျင်ကာ တုန်တုန်ယင်ယင် ဖြစ်နေသေ သည်။

ဤလက်ဝါးစောင်း သိုင်းပညာရှင် အဘိုးကြီးတို့သ ကျောက်မိန်၏ လက်အောက်ရှိ သိုင်းသမားများအနက် တကာ ထိပ်သီး သိုင်းသမားကြီးများ ဖြစ်ကြသည်။

သို့ပါသော်လည်း တိုက်ကွက်သုံးဆယ်မျှ မပြည့်သေး နှစ်ယောက်စလုံး ဒဏ်ရာကိုယ်စီရလျက် ရှိနေကြပြီ။ ထို့ကြော ကျောက်မိန်၏ လက်အောက်ငယ်သားများသည် အလွန် တုန်လှု ချောက်ချားနေကြတော့သည်။

ရန်ရောင်နှင့် ဝေရီတို့သည် အလွန် အံ့သြနေကြသည် ဟူတန်းတောင်ထိပ်တွင် ကျောက်မိန်တို့ လာရောက်တိုက်ခိုက် ကထက် ဟူကျင်း၏ သိုင်းပညာသည် အံ့မခန်း တိုးတက်လျ ရှိနေချေပြီ။

အမှန်စင်စစ် ယခု နှစ်လအတွင်း၌ ဟူကျင်းသည် ဟူတ တောင်၌ နေထိုင်ခဲ့သည်ဖြစ်ရာ ဆရာကြီး ကျန်းဆန်းဖုန်း ဟူကျင်း၏ နေစကြာအတွင်းအား အားပြောင်းအားလွှဲသိုင်း ထိုက်ကျိသိုင်းပညာ သုံးခုကို တစ်ခုတည်းဖြစ်အောင် ပေါင်းစ ပေးလိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် ဟူကျင်း၏ သိုင်းပညာသ နောက်ထပ် အဆင့်သစ်တစ်ခုသို့ တက်သွားရခြင်းဖြစ်သည်။



ထိုစဉ် လက်ဝါးစောင်းအဘိုးကြီး နှစ်ယောက်တို့သည် တ်တရက် လက်နက်ကိုယ်စီ ထုတ်လိုက်ကြသည်။

ကော့ပိက သံမဏိစုတ်တံနှစ်ချောင်း။

လုကျန့်က မည်းနက်သော တောင်ဝှေးတို တစ်ချောင်း။

သူတို့သည် ဟူကျင်းအား အပြင်းအထန် တိုက်ခိုက်ကြ ာသည်။ ဟူကျင်းသည် လက်နက်မရှိသဖြင့် ရုတ်တရက် တို့ကို အနိုင် မယူနိုင်တော့ပေ။ ကျန်လူများကလည်း ရန်ရောင် ဝေရီတို့ကို အပြင်းထန်ဆုံး ဝိုင်းဝန်း တိုက်ခိုက်ကြတော့ ည်။

အစောင့်နှစ်ယောက်ကမူ ချူကျူးကို ဖမ်းချုပ်လျက် ားဖြင့် တ်ထားလိုက်တော့သည်။

ရန်ရောင်နှင့် ဝေရီတို့သည် ရန်သူများကို တစ်ယောက်ပြီး ယောက် အသေအလဲ တိုက်ခိုက်နိုင်ကြသည်။ သို့သော် ရန်သူ၏ အား များလှသဖြင့် ကုန်အောင် မတိုက်နိုင်ချေ။

ထိုစဉ် ကျောက်မိန်သည် ရုတ်တရက် အော်ဟစ်လိုက် ည်။

"အားလုံး ရပ်လိုက်"

သူမ၏ လက်အောက်ငယ်သားများ အားလုံး ချက်ခြင်း င်သို့ ခုန်ဆုတ်၍ ရပ်လိုက်ကြသည်။ ဝေရီက သူ့ လူသူထား

www.burmeseclassic.com

www.burmeseclassic.com



သော ဓားကို ပိုင်ရှင်လက်သို့ ပစ်ပေးလိုက်သည်။ ရယ်မောရင်း ဟူကျင်း ဘေးနားသို့လာရပ်လိုက်သည်။

ကျောက်မိန်တို့ဘက်မှ ခါးကုန်းကြီး ခူတိုနှင့် အခြား ထိပ်သီး သိုင်းသမားများ မပါဝင်သေးချေ။ အကယ်၍ အားလုံး တညီတညွတ် တည်း ဝိုင်းဝန်းတိုက်ခိုက်ပါက ဟူကျင်းတို့ မုချ ရှုံးနိမ့်ရပေလိမ့်မည်။

သို့သော် ရန်ရောင်နှင့် ဝေရီတို့သည် ဤမျှလောက် များပြား လှသော အန္တရာယ်များအကြားတွင် ပြုံးရင်း ရယ်ရင်း ရှိနေသည်ကို တွေ့ကြရသဖြင့် သူတို့၏ စိတ်ထဲတွင် ကျိတ်၍ ချီးကျူးနေမိကြ သည်။ ထိုစဉ် ချူကျူးက ညှိုးနွမ်းလှသော မျက်နှာကလေးနှင့်...

"အစ်ကိုဟူကျင်း ပြန်သွားပါတော့၊ အစ်ကိုတို့ရဲ့ စေတနာ ကျွန်မ ကျေးဇူးတင်ပါတယ်"

ကျောက်မိန်က...

"ဟူကျင်း၊ ဒီလောက် ချစ်စရာကောင်းတဲ့ မိန်းကလေး လူတိုင်းက ချစ်ကြမှာပဲ၊ သူဟာ ရှင့်ရဲ့ ချစ်သူ မဟုတ်လား"

ဟူကျင်းသည် ရုတ်ခြည်း မျက်နှာရဲတက်သွားကာ...

"ချူကျူးနဲ့ ကျုပ်က ငယ်ငယ်လေးကတည်းက အတူ နေလာခဲ့ကြတာ၊ ကျုပ် ငယ်ငယ်တုန်းက ဟောဒီ ကော လက်ဝါးစောင်းဒဏ်ကို ခံလိုက်ရဖူးတယ်၊ ချူကျူး ကျုပ် ကောင်းကောင်းကြီး ပြုစု စောင့်ရှောက်ခဲ့လို့ ကျုပ် ခုထိ အသက်ရှ နေခဲ့ရတာ၊ ဒီကျေးဇူးတွေကို မေ့ပစ်လို့ ဘယ်ဖြစ်မလဲ"



ကျောက်မိန်က...

"ဒီလိုဆိုရင် ရှင်က ကျေးဇူးဆပ်တဲ့အနေနဲ့ သူ့ကို ဂိုဏ်းချုပ် တော် မြှောက်ဦးမလို့ပေါ့လေ ဟုတ်လား"

ဟူကျင်း မျက်နှာနီသွားပြန်သည်။

"အခုအချိန်မှာ ကျုပ်က နယ်ချဲ့ မွန်ဂိုတွေကို တိုက်ထုတ် ဦးမယ်၊ မွန်ဂိုတွေကို မချေမှုန်းနိုင်သေးခင်မှာ အိမ်ထောင်ရေးကို စဉ်းစားသေးဘူး"

ကျောက်မိန်သည် ဒေါသဖြင့် အော်ဟစ် ပြောဆိုလိုက်လေ သည်။

"ရှင်က ကျွန်မနဲ့ အမြဲတမ်း ရန်ဖြစ်နေချင်တာပေါ့လေ၊ တ်လား၊ ကျွန်မကို ချေမှုန်းချင်တယ်ပေါ့ ဟုတ်လား"

ဟူကျင်းက ခေါင်းကိုခါ၍...

"ခင်ဗျား ဘယ်သူဆိုတာ ကျုပ် မသိဘူး၊ ဒါပေမယ့် ဒီလို ထိဖြစ်ခဲ့တဲ့ ကိစ္စတွေမှာ ခင်ဗျားက စလို့ ဖြစ်ခဲ့ရတာချည်းပဲ၊ ခင်ဗျားကသာ ကျုပ်ရဲ့ ဦးကြီးနဲ့ ဂိုဏ်းအသီးသီးက ဆရာကြီး ကို ပြန်လွှတ်ပေးမယ်ဆိုရင် ကျုပ် ခင်ဗျားကို ဘယ်လောက် ူးဇူးတင်မယ်ဆိုတာ ပါးစပ်ကတောင် ဖွင့်ထုတ်ပြီး ပြောနိုင်မှာ တ်ဘူး၊ ခင်ဗျားကသာ ကျုပ်ကို ပြေပြေလည်လည် ဆက်ဆံရင် ျား ခိုင်းတာကို ကျုပ်က ဆောင်ရွက်ပေးမှာပါ"

ကျောက်မိန်သည် ခနဲ့ပြုံးဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ရှင် မမေ့သေးဘူးဆိုတော့ တော်သေးတာပေါ့"

သူမသည် ချူကျူးဘက်သို့ ခက်ထန်စွာ ကြည့်လိုက်ရင်း ဟူကျင်းအား ပြန်ပြောလိုက်ပြန်သည်။

"ဒီမိန်းကလေးဟာ ရှင့်ရဲ့ ချစ်သူလဲ မဟုတ်ဘူး၊ ရှင့်ရဲ့ နှမလဲ မဟုတ်ဘူး၊ ရှင့်ရဲ့ ဆွေမျိုးသားချင်းလဲ မဟုတ်ဘူး၊ အဲဒါ ကျွန်မက သူ့မျက်နှာကို ဓားနဲ့ ခြစ်မှာကို ဘာဖြစ်လို့ ကာဆီး ကာဆီး လုပ်နေရတာလဲ"

✦ ✦ ✦

# အခန်း ( ၅၃ )

www.burmeseclassic.com

www.burmeseclassic.com

# လတ်ယာအလင်းမာန်

သူမက မျက်ရိပ်ပြလိုက်သောအခါ လက်ဝါးစောင်း အဘိုးကြီး နှစ်ယောက်သည် ချူကျူးရှေ့တွင် ရပ်လိုက်ပြီး နောက်တစ်ယောက်က ချူကျူး၏ မျက်နှာကို ဓားဖြင့် ချိန်ရွယ်လိုက်သည်။

ဟုကျင်းမှာ ချူကျူးကို ကယ်တင်လိုလျှင် လက်ဝါးစောင်း အဘိုးကြီး နှစ်ယောက်ကို တိုက်ခိုက် ဖြတ်ကျော်ပြီးမှ ချူကျူးကို ကယ်တင်ရမည် ဖြစ်သည်။ အဘိုးကြီး နှစ်ယောက်ကို တိုက်ခိုက်နေစဉ်မှာပင် ချူကျူးမှာ ကျန်တစ်ယောက်၏ ဓားဖြင့် မျက်နှာ တစ်ခုလုံး ပျက်စီးရပေတော့မည်။ ကျောက်မိန်က အေးစက်စွာဖြင့် ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟူကျင်း ရှင် ကျွန်မနဲ့ စကား ကောင်းကောင်းပြော မလား၊ မပြောဘူးလား၊ ဒါပဲပြော"

ထိုစဉ် ဝေရီသည် လက်ကို တံတွေးဆွတ်လိုက်ပြီး ဖိနပ်မှ ဖုန်မှုန့်များဖြင့် လူးလိုက်သည်။ သူသည် ထိုသို့ လုပ်ကိုင်နေရင်း တဟားဟားဖြင့် ရယ်မောနေပေသေး၏။

ဝေရီ၏ ရယ်သံကြောင့် ဟူကျင်းနှင့် တင်းတင်းမာမာ စကားပြောနေသည့် ကျောက်မိန်သည် ရုတ်တရက် ပြောင်းသွားသည်။ မည်သည့် ရယ်စရာ အကြောင်းအချက်ကို တွေ့သွားသဖြင့် ရယ်ရသနည်းဟူသော စူးစမ်းသည့် အကြည့်ဖြင့် ဝေရီကို ကြည့်လိုက်၏။ ထိုစဉ် ရိပ်ခနဲ လှုပ်ရှားလိုက်သော ဝေရီ၏ အသွင်သဏ္ဌာန်ကို တွေ့ရှိလိုက်ရပြီး မိမိ ပါးတစ်ဘက်ကို တစ်စုံတစ်ယောက်က လာရောက် ပွတ်သပ်သွားသကဲ့သို့ ခံစားလိုက်ရသည်။

သူမသည် ဝေရီကို သေချာစွာ စူးစိုက်ကြည့်လိုက်သည်။ ဝေရီမှာ သူရပ်နေသည့် မူလနေရာ၌သာ ရပ်လျက်ရှိနေကြောင်း တွေ့ရှိရပြန်သည်။

ကျောက်မိန်၏ အာရုံထဲတွင် တစ်စုံတစ်ခု ထူးထူးခြားခြား ဖြစ်ခဲ့ပြီဟု ခံစားလိုက်ရသဖြင့် သူမ၏ ပဝါကို ထုတ်ကာ ပါးပြင်ကို ပွတ်လိုက်သည်။ ထိုအခါ လက်ကိုင်ပဝါတွင် ပေကျံနေသော ဖုန်မှုန့်များကို တွေ့လိုက်ရတော့သည်။ ကျောက်မိန်သည် လွန်စွာ တုန်လှုပ် ချောက်ချားသွားတော့သည်။ သူမအနေဖြင့် မကြောက်ဘဲ



မတုန်လှုပ်ဘဲ မည်သို့မျှ မနေနိုင်။ ဝေရီသည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း မိမိ၏ ပါးပြင်ကို ဖုန်မှုန့်များဖြင့် လာသုတ်သွားခဲ့ပေပြီ။

ထိုစဉ် ဝေရီက...

"ကျောက်မိန်၊ ခင်ဗျားက ချူကျူးရဲ့ မျက်နှာကို ဖျက်ဆီးပစ်ချင်တယ်၊ ရုပ်ဆိုးသွားအောင် လုပ်ပစ်ချင်တယ်ဆိုရင်တော့ ခင်ဗျားရဲ့ သဘောပဲ၊ ကျုပ်တို့ ဂိုဏ်းချုပ်ကြီးလို နာမည်ကျော် လူလဲချောတဲ့ လူတစ်ယောက်အဖို့ မိန်းမလှတစ်ယောက်မက နှစ်ယောက်မက သုံးလေးယောက်တောင် ယူလို့ရတယ်၊ ခင်ဗျားက ချူကျူးရဲ့ မျက်နှာကို ဖျက်ဆီးပစ်ရင် ကျုပ်ကလဲ ခင်ဗျားရဲ့ မျက်နှာကို ပိုဖျက်ဆီးပစ်မှာပဲ၊ ခင်ဗျားက သူ့မျက်နှာကို ဓားနဲ့ တစ်ချက်ခြစ်ရင် ကျုပ်က ခင်ဗျားရဲ့ မျက်နှာကို နှစ်ချက်ခြစ်မှာပဲ၊ ကျုပ် ပြောသလို လုပ်တတ်တယ်၊ လုပ်နိုင်တယ်ဆိုတာကို ခင်ဗျား တွေ့သွားပြီ မဟုတ်လား၊ အေး ခင်ဗျားက ကျုပ်ရန်ကို ကြောက်လို့ အစောင့် အကြပ်တွေနဲ့ တစ်နှစ် နေနိုင်ချင် နေနိုင်မယ်၊ နှစ်နှစ် နေနိုင်ချင် နေမယ်၊ ဆယ်နှစ်အထိတော့ ခင်ဗျား နေနိုင်မှာ မဟုတ်ပါဘူး၊ ကျုပ်ကို လူလွှတ်ပြီး သတ်ဖို့ ကြိုးစားမယ်ဆိုလဲ ကျုပ်က မမှုပါဘူး၊ ကဲ သွားတော့မယ်"

နောက်ဆုံးတွင် ဝေရီ၏ "သွားတော့မယ်" ဟူသော စကားသံကို ကြားလိုက်ပြီးသည်နှင့် သူသည်လည်း လုံးဝ ပျောက်ကွယ်

www.burmeseclassic.com

www.burmeseclassic.com



သွားချေပြီ။ ဝေရီ၏ ကိုယ်ဖော့ သိုင်းပညာသည် အလွန် ကြောက်စရာ ကောင်းလောက်အောင် ထက်မြက်ကြောင်းကို ရန်သူအားလုံး သတိပြုမိလိုက်ကြသည်။

ဝေရီ၏ ခြိမ်းခြောက်စကားသည်လည်း အလွန်ပင် ထိရောက်လှသည်။ ထိုသို့ ထိရောက်သွားစေရန် သူ၏ ကိုယ်ဖော့ သိုင်းပညာကလည်း အထောက်အကူ ပြုသွားသည်။ အကယ်၍သာ သူ့လက်ထဲတွင်သာ ချွန်မြသော အရာဝတ္ထု တစ်ခုခု ကိုင်ထားခဲ့လျက် ကျောက်မိန်၏ မျက်နှာကို ပျက်စီးသွားစေလိုသော ဆန္ဒသာ ရှိခဲ့လျှင် စောစောကတည်းကပင် ကျောက်မိန်၏ မျက်နှာကလေးမှာ ပျက်စီး အရုပ်ဆိုးခဲ့ရပေတော့မည်။

ဟူကျင်းကလည်း နှုတ်ဆက်လိုက်သည်။

"ကျောက်မိန်၊ ကျုပ်တို့ သွားတော့မယ်"

ပြောပြီးသည်နှင့် ဟူကျင်းသည် ရန်ရောင်နှင့်အတူ ထွက်ခွာသွားတော့သည်။ ဝေရီ၏ ခြိမ်းခြောက်စကားကြောင့် ကျောက်မိန်သည် ချုံကျူးကို ဖျက်လိုဖျက်ဆီး လုပ်ဝံ့တော့မည် မဟုတ်ကြောင်း ဟူကျင်း ကောင်းစွာ သိလိုက်သည်။

ဟူကျင်းနှင့် ရန်ရောင်တို့ တည်းခိုခန်းသို့ ပြန်လည်ရောက်ရှိလာကြသောအခါ ဝေရီတစ်ယောက် အခန်းထဲမှ စောင့်နေကြောင်း တွေ့လိုက်ကြရသည်။ သူတို့ သုံးယောက် ဤမြို့သို့ ရောက်ရှိနေမှန်း ကျောက်မိန် သိသွားသည့်အပြင် သူတို့၏ ရည်ရွယ်ချက်ကိုလည်း



ရှိသွားပြီ ဖြစ်သဖြင့် ထိပ်သီး သိုင်းသမားများကို ကယ်ဆယ်ရလဲ စွသည် ပိုမို ခက်ခဲသွားကြောင်း သူတို့ တွက်ချက်မိကြသည်နှင်

အရုဏ်မိုးသောက် နံနက်ခင်းသို့ ရောက်ရှိလေပြီ။ ဟူကျင်း ည် အိပ်ရာမှ ထသောအခါ ပြတင်းပေါက်မှ ရပ်လျက် ဩကာသ သာကကြီး၏ နံနက်ခင်းကို ငေးမော်ကြည့်ရှုလိုက်မိသည်။ ငြ

ထိုစဉ် အလို... ခါးကုန်းကြီး ခူတိုပါလား။

ဟူကျင်းသည် ထပ်မံ၍ အံ့ဩသွားရသည်မှာ ခါးကုန်းကြီး တို၏ ဘေးတွင် ရန်ရောင်နှင့် ဝေရီတို့ နှစ်ယောက် ရပ်လျက် နေခြင်းပင်တည်း။

ဟူကျင်း စိုးရိမ်သွားသည်။

ခါးကုန်းကြီး ခူတိုသည် ကျောက်မိန်၏ လက်အောက်တွင် အတော်ဆုံးဟု ဆိုလောက်သူ တစ်ယောက်ဖြစ်သည်။ အတော်ဆုံးဟု လောက်သူ တစ်ယောက်သည် အဘယ့်ကြောင့် မိမိ၏ လူများနှင့် ာရောက်ဆက်သွယ်နေရသနည်း။

ဟူကျင်းသည် သူတို့ သုံးယောက်အနားသို့ ခုန်ထွက်သွား လိုက်သည်။ ခါးကုန်းကြီး ခူတိုသည် ဟူကျင်းကို တွေ့လိုက်ရသည် င် ရုတ်တရက် ချက်ချင်းပင် ဒူးထောက်လျက် လက်ကို အပေါ်သို့ မြှောက်ပြီး မိုးတောက်မီးလျှံ ပုံသဏ္ဌာန် ပြုလိုက်သည်။

"ဂိုဏ်းချုပ်ကြီး၊ ကျုပ်က လက်ယာရဲ ဖန်းရောင်ပါ၊ ဂိုဏ်း ချုပ်ကြီးကို မနေ့ညတုန်းက နှုတ်မဆက်ခဲ့မိတာကို တောင်းပန်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သွား၊ ဟုကျင်းသည် အလွန် အံ့သြသွားမိသည်။ ဆွံ့အ,နေသူမ
စရာ ...န်ဆောင်ထားသည့် ခါးကုန်းကြီး ရှုတိုသည် ဖိုမိတို့ အလင်းမာ
သင့် ...ဂါးကြီး၏ လက်ယာရံကြီး ဖြစ်နေချေသည်တကား။ ဟုကျင်းသည်
...ရန်ရောင်တို့ကို စူးစမ်းမေးမြန်းသော အကြည့်ဖြင့် ကြည့်လိုက်သည်။
လှ ...ရန်ရောင်နှင့် ဝေရီတို့သည် အလွန် အားရ ရွှင်လန်းလျက်ရှိကြောင်း
က ဟုကျင်း တွေ့လိုက်ရသဖြင့် ဟုကျင်းသည် ဒူးထောက်နေသော
တ ဖန်းရောင်ကို ကမန်းကတန်း ဆွဲထူလိုက်မိသည်။

"လက်ယာရံကြီး ထပါ၊ ထပါ"

ထိုစဉ် ရန်ရောင်နှင့် ဝေရီတို့သည် ဖန်းရောင်၏ လက်မှ... ဘက်ကို ဆုတ်ကိုင်လျက် ဖန်းရောင်၏ မျက်နှာကို ကြည့်လိုက်ကြပြီး မျက်ရည်တွေတွေ ကျမိကြတော့သည်။ ရန်ရောင်က...

"အစ်ကိုကြီး ဖန်းရောင်ကို ကျွန်တော်တို့ အမြဲတမ်း သတိ... နေမိတာပဲ"

ဖန်းရောင်က သူတို့ကို ပြန်လည်ပွေ့ဖက်ပြီး ခင်မင်ကြင်နာ... စွာဖြင့် နှစ်သိမ့်လိုက်သည်။

"ညီလေး၊ အခု ငါတို့ကို ဘုရားသခင်က စောင်မ,နေပါပြီ ကွာ၊ ငါတို့ ညီအစ်ကိုတစ်တွေ ပြန်တွေ့ကြရတာတွေ၊ အင်မတန်... တော်တဲ့ ဂိုဏ်းချုပ်ကြီးတစ်ယောက် ရနေတာတွေဟာ ဘုရားသခင်... ကြည့်ရှုစောင်မလို့ပေါ့ကွာ"

ရန်ရောင်က...



"အစ်ကိုကြီးရဲ့ မျက်နှာက ဘယ့်နှယ် ဒီလိုဖြစ်သွားရတာလဲ ...ဟင်၊ ကျွန်တော်တို့တောင် မမှတ်မိတော့ဘူး၊ နဂိုရုပ်ရည်ပေါ်အောင် ...မနည်းကြည့်ယူရတယ်"

ဖန်းရောင်က...

"ဒီလိုမှ မလုပ်ရင်လဲ ဟို လူဆိုးကြီး မိုးကြိုးလက်သီးရှင် ...ချန်ခွန်းကို ဘယ်လို သွားလိမ်ညာလို့ ရတော့မှာလဲ ညီလေးရ၊ ...မျက်နှာကို ဒီလို လုပ်ရုံတင်မကဘူး၊ ခြေထောက်ကိုပါ ထော့နင်း ...ထော့နင်းဖြစ်အောင် တမင် ရိုက်ချိုးပစ်လိုက်ရတာ"

ဟုကျင်းတို့ သုံးယောက်သည် ဖန်းရောင်၏ စကားကို ...ကြားလိုက်ရသောအခါ ကြက်သီးတဖြန်းဖြန်း ထ,သွားကြလျက် ...တကျွတ်ကျွတ်ဖြင့် စုတ်သပ်မိကြတော့သည်။ ဖန်းရောင်၏ စကား ...ကိုလည်း အဓိပ္ပာယ်ပေါက်လိုက်ကြသည်။ ဖန်းရောင် ဤသို့ ...ရုပ်ဖျက်ရခြင်းမှာ အလင်းမာန် ဂိုဏ်းချုပ်ကြီး ရန်ဖော့ထင်း သေဆုံး ...ရသည့်အကြောင်းရင်းကို စုံစမ်းရန်ပင် ဖြစ်ပေသည်။

ရန်ရောင်သည် ဖန်းရောင်၏ စကားကြောင့် သူ့စိတ်များ ...များစွာ လှုပ်ရှား တုန်ယင်သွားမိတော့သည်။ ဝေရီလည်း ဖန်းရောင်အား ...ဒူးထောက် အရိုအသေပေးလိုက်ကာ...

"လက်ယာရံကြီး လင်းဆွဲမင်း၊ ဝေရီက လက်ယာရံကြီးကို ...ရှင်ထဲက လှိုက်လှိုက်လှဲလှဲ လေးစားချီးကျူးမိတဲ့အကြောင်း အလေး ...အနက် ပြောကြားပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



ရန်ရောင်သည် စိုးရိမ်သော မျက်နှာဖြင့် ပတ်ဝန်းကျင် အရပ်လေးမျက်နှာစလုံးကို လှည့်ပတ် အကဲခတ် ကြည့်ရှုလိုက်၏။ ပြီးနောက် . . .

“ဒီနေရာမှာ စကားပြောလို့ သိပ်မကောင်းဘူး၊ အန္တရာယ် တွေက ဝိုင်းဝိုင်းလည်နေတာ၊ ဟိုရှေ့ဘက်က တောင်ကုန်းမှာ လူသူ အရိပ်အယောင် လုံးဝမတွေ့ရဘူး၊ အဲဒီမှာ သွားစကားပြော ကြရအောင်”

သူတို့ လေးယောက်သည် တောင်ကုန်းထိပ်သို့ ရောက်သည် အခါမှ ဝိုင်းထိုင်၍ စကားပြောကြသည်။ ဤနေရာသို့ ရှေးရှုလာမည့် မည်သူ့ကိုမဆို သူတို့က အရင်ဦးစွာ မြင်တွေ့ရမည်။ ထို့ပြင် သူတို့ စကားကို ချောင်းမြောင်း နားထောင်မည့် ဘေးအန္တရာယ်ကိုလည်း မစိုးရိမ်ရတော့ချေ။

ယခင်က အလင်းမာန် ဂိုဏ်းချုပ်ကြီး ရန်ဖော့ထင်း ရုတ်တရက် ပျောက်ကွယ်သွားသောအခါ အလင်းမာန်ဂိုဏ်းရှိ ထိပ်သီးသိုင်းသမား များသည် ဂိုဏ်းချုပ်ကြီးနေရာကို ဆက်ခံနိုင်ရန် အလုအယက် အပြိုင်အဆိုင် ကြိုးစားကြတော့သည်။

ဖန်းရောင်မှာမူ ဤ နေရာလုပွဲတွင် လုံးဝ မပါဝင်ဘဲ ရန်ဖော့ထင်းကို ရှာဖွေရန် သိုင်းလောကအတွင်းသို့ လွင့်သွား တော့၏။ သူ မည်မျှ ကြိုးပမ်းရှာဖွေပါသော်လည်း ရန်ဖော့ထင်းကို လုံးဝ မတွေ့ရတော့ပေ။ ထို့ပြင် အလင်းမာန်ဂိုဏ်းကြီးသည်လည်း



ာက်ဆုံးတွင် တကွဲတပြား ဖြစ်သွားပြီကို တွေ့ရှိရသောအခါ ရောင်သည် စိတ်ဓာတ် အကြီးအကျယ် ကျဆင်းသွားပြီး သူ ယောက်တည်း သိုင်းလောကအတွင်း လေလွင့်နေလိုက် ာ၏။

ကြံစည်သော်လည်း မဖြစ်၊ မကြံစည်သော်လည်း ဖြစ်၏ သည့် စကားအတိုင်း ည တစ်ညတွင် ပျက်စီး ယိုယွင်းနေသော ားကျောင်းပျက်တစ်ခု၌ ဝင်ရောက် မိုးခို အနားယူနေစဉ် ကြီးလက်သီးရှင် ချန်ခွန်းနှင့် ရောင်လင်ဘုန်းကြီး ခုံးကျက်တို့ ုတကွ ဝင်ရောက်လာသည်ကို တွေ့လိုက်ရတော့သည်။

ချန်ခွန်းသည် အလင်းမာန်ဂိုဏ်းချုပ်ကြီး ရန်ဖော့ထင်း၏ ်းတူညီ ဖြစ်ကြောင်းကိုမူ ဖန်းရောင်အနေဖြင့် ကောင်းစွာ သိရှိ သည်။

ဖန်းရောင် ဘုရားစင်အောက်၌ ဝင်အိပ်နေသည်ကို ချန်ခွန်း ဘုန်းကြီးခုံးကျက်တို့ လုံးဝ မသိရှိကြချေ။ ခုံးကျက်ဆရာတော်၏ ောက်၌ ချန်ခွန်းက သူ၏တပည့် ရှက်စွန်းအပေါ် သူ ကျူးလွန် ည့် အပြစ်များကို ငိုကြွေးလျက် ဖွင့်ဟဝန်ခံလိုက်ပြီး၊ ခုံးကျက် ာတော်က သူ့အား တပည့်အဖြစ် လက်ခံပါရန် မျက်ရည် ယက်ဖြင့် တောင်းပန်လျှောက်ထားလိုက်သည်။ နောက်ဆုံးတွင် ုက်ဆရာတော်က ချန်ခွန်း၏ ဆံပင်ကို ရိတ်ဖြတ်ပေးပြီး သူ၏ ည့်အဖြစ် လက်ခံလိုက်၏။ ဘွဲ့နာမည်ကိုလည်း ရှင်ကျင်းဟု

www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သဖြင့် ချန်ခွန်းသည် ဘုန်းကြီးရှင်ကျင်းဘဝသို့ ရော
သွားတော့သည်။

ထိုအခါ ဟူကျင်းက ကြားဖြတ်၍ ကွမ်းမိန်တော ချန်ခွန်း တိတ်တဆိတ် တက်ရောက်လာလျက် မည်သို့ တိုက်ခိုက်ကြောင်းများနှင့် နောက်ဆုံး မည်သို့ သေဆုံးခဲ့သည ပြောပြလိုက်သည်။

ဖန်းရောင်က...

"ရှက်ခွန်းက ကျုပ်နဲ့ သိပ်ခင်တယ်၊ သူ့တစ်အိမ်သား အသတ်ခံလိုက်ရတယ် ဆိုတာကိုလဲ သိရော ချန်ခွန်းကို တိုက်ခို ကျုပ် ကြိုးစားခဲ့တယ်၊ ကျုပ် ချန်ခွန်းနောက် ဒီလိုလိုက်နေ သိတော့ ဘုန်းတော်ကြီး ခုံးကျက်က မလိုက်ဖို့ အရိပ်အမြွ ပြတယ်၊ ဒါနဲ့ ကျုပ်လဲ ဆက်မလိုက်ရဲတော့ဘဲနဲ့ အသာ ကိုယ် သတ်နေလိုက်ရတယ်"

ဟူကျင်းက မေးလိုက်သည်။

"နောက်ကော ဘယ်လိုဖြစ်သေးသလဲ"

"နောက် တစ်နှစ်ကျော်တော့ ခုံးကျက်ဆရာတော်ကြီး ပျံ တော်မူသွားတယ်ဆိုတဲ့ သတင်းကို ကြားလိုက်ရတယ်၊ ကျုပ် ဘ အငြိမ်နေတော့မလဲ၊ ရှောင်လင်ဘုရားကျောင်းကို လာပြီး ချန် နောက်ကို လျှို့ဝှက်ပြီး နောက်ယောင်ခံ လိုက်တော့တာပဲ တစ်ကြိမ်မှာတော့ ဘုရားသခင်ရဲ့ ကျေးဇူးတော်နဲ့ ချန်ခွန်းရဲ့



ကို ဘွားဘွားကြီး သိလိုက်ရတော့တယ်၊ ဒီကောင် မွန်ဂိုဘုရင်က တ်လိုက်တဲ့ သူလျှိုနဲ့ စကားပြောနေတာကို၊ ဒီ သူလျှိုဟာ ယ်သူတွေ မှတ်နေသလဲ၊ မနေ့ညက ဂိုဏ်းချုပ်ကြီးကို ရှုံးသွားတဲ့ ကျန့်တို့ ညီအစ်ကို နှစ်ယောက်ပဲ"

ဟူကျင်းက ပြောလိုက်သည်။

"အင်း အခုမှ ဓာတ်ရည်တော်တော်လည်လာတာကိုး"

ဖန်းရောင်က ဆက်ပြောသည်။

"သူတို့သုံးယောက် စကားပြောနေတဲ့ နေရာနားကို ကျုပ် နေနဲ့ သိပ်မကပ်ရဲဘူး၊ သူတို့ သုံးယောက်ရဲ့ သိုင်းပညာက ပ်ကောင်းတယ် မဟုတ်လား၊ ဒါကြောင့် ခပ်လှမ်းလှမ်းကပဲ းထောင်ရတာ၊ သူတို့ရဲ့ စကားထဲမှာ အလင်းမာန်ဂိုဏ်းကို ချင်ဖြိုရမယ်ဆိုတဲ့စကား ပါလာတာ ကြားလိုက်ရတယ်၊ ဒါနဲ့ ျုပ်လဲ ဒီ လုကျန့်တို့ နှစ်ယောက်နောက်ကို လိုက်သွားတယ်၊ ောက်ဆုံးတော့ လက်ဝါးစောင်း အဘိုးကြီးနှစ်ယောက်ဟာ မွန်ဂို ဘုရင်ကြီးရဲ့ စစ်သေနာပတိချုပ်ကြီး ဟာမာဖူရိရဲ့ လက်အောက် ယ်သားတွေ ဖြစ်နေတာကိုး"

စစ်သေနာပတိချုပ်ကြီး ဟာမာဖူရိမှာ မွန်ဂို နန်းတွင်းတွင် သြဇာအာဏာ အလွန်ကြီးမားသူဖြစ်သည်။ စစ်တပ်များကိုလည်း ိုင်နိုင်စွာ ချုပ်ကိုင်ထားနိုင်သူ ဖြစ်၏။ အလွန် အရည်အချင်း ပြည့်ဝပြီး အတိုက်အခိုက် ကောင်းသဖြင့် တရုတ်မျိုးချစ်တော်လှန်

www.burmeseclassic.com



ရေးအဖွဲ့ အတော်များများသည် သူ၏ တိုက်ခိုက်ချေမှုန်းမှု အလူးအလဲ ခံနေခဲ့ရပေသည်။

ဤ လက်ဝါးစောင်းအဘိုးကြီး နှစ်ယောက်သည် ဟာ ဖူရီ၏ လက်အောက်ငယ်သားများမှန်း သိလိုက်ရသောအခါ ဟူကျင်း အလွန် အံ့သြသွားသည်။ ရန်ရောင်က...

"ဒီလိုဆိုရင် ဟို ကျောက်မိန်ဆိုတဲ့ မိန်းကလေးကကော"

"အဲဒါ စစ်သေနာပတိချုပ်ကြီးရဲ့ သမီးပေါ့၊ စစ်သေနာပ ချုပ်ကြီးမှာ သားတစ်ယောက်၊ သမီးတစ်ယောက် ရှိတယ်၊ သား နာမည်က ခွန်းခွန်းဆက်တဲ့၊ သူတို့ မောင်နှမ နှစ်ယောက်စလုံး ငယ်ငယ်ကလေးကတည်းက သိုင်းပညာကို ဝါသနာ ပါကြတယ် နောက်ပြီး တရုတ် မြေပြန့်သားတွေရဲ့ အဝတ်အစားတွေကို သိပ်ဝတ်ဆင်ချင်တယ်"

ထိုအခါ ဟူကျင်းသည် ကျောက်မိန်၏ စိတ်နေသဘောထား နှင့် ဟန်အမူအရာများကို ပြန်လည် သတိရမိလိုက်သည်။ ထိုအကြောင်း များကြောင့်သာ ကျောက်မိန်သည် မြေပြန့် တရုတ်မိန်းကလေးများ ကဲ့သို့ နူးညံ့ပျော့ပျောင်းခြင်း မရှိဘဲ လွန်စွာ ရဲတင်းဖျတ်လတ် နေခြင်း ဖြစ်ပေတော့သည်။ ဖန်းရောင်က ဆက်၍ ပြောသည်။

"ဒီအခါမှာ ကျုပ်အနေနဲ့ ဆုံးဖြတ်ချက်တစ်ခု ချလိုက် တယ်၊ ဂိုဏ်းချုပ်ကြီးကို ကယ်တင်မယ်ဆိုရင် ဒီ စစ်သေနာပတိ လက်အောက်မှာ ဝင်လုပ်မှ ဖြစ်လိမ့်မယ် ဆိုတာကို ကျုပ် ဆုံးဖြ



လိုက်တယ်၊ ဒါမှ သူတို့က ကျုပ်တို့ရဲ့ ဂိုဏ်းကို ဖျက် များကို အကြံအစည်တွေကို ကြိုသိနိုင်မှာ မဟုတ်လား၊ ဒီလို တော် သူတို့ အကြံအစည်ကို ကြားဝင်ဖျက်ဆီးနိုင်မှာ" ဉ်။

မွန်ဂို စစ်သေနာပတိချုပ်ကြီးသည် အလွန် အကြံကြီး အခါ ဖြစ်ပေသည်။ တော်လှန်ရေးတပ်သား အများစုတို့သည် သိုင်းလေ စဉ်က ဏ်းကြီးအသီးသီးမှ ပေါက်ဖွားလာကြသည်ကို ကောင်းစွာ သိမြ အားသည်။ ထို့ကြောင့် ဂိုဏ်းကြီးများကို ဖြိုခွဲဖျက်ဆီးရန် ခပ်စော အချိန်ကတည်းက ကြိုတင်စီစဉ်ထားခြင်း ဖြစ်ပေသည်။ ဂန်

သို့သော် ထိုစဉ်က သူ၏ စစ်တပ်များကို ဦးဆောင်လျှ ရုတ်တော်လှန်ရေးစစ်တပ်များကို နှိမ်နင်း တိုက်ခိုက်နေရသော ကြောင့် သိုင်းလောကမှ ဂိုဏ်းအဖွဲ့ အသီးသီးကို ဖြိုဖျက်ရှ အစဉ်ကို မကိုင်နိုင်ခဲ့ပေ။

နောက်ဆုံး သူ၏ သားနှင့် သမီးတို့ အရွယ်ရောက်လာကြ သို့အခါတွင် သားဖြစ်သူကိုမူ သူနှင့်အတူ တော်လှန်ရေးစစ်တပ် ကို လိုက်လံ နှိမ်နင်းစေပြီး သမီးဖြစ်သူကိုမူ သိုင်းလောကရှိ င်းသမားများကို သိမ်းသွင်းရန်နှင့် သိုင်းဂိုဏ်းကြီးများကို ဖြိုခွဲရန် တာဝန်ယူစေလိုက်သည်။

ချန်ခွန်းက နောက်ကွယ်မှနေ၍ ကျောက်မိန်ကို တိတ်တခိုးတိတ် ကူအညီပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေးအပ်ဆို့ကြောင့် ဂိုဏ်းကြီး ခြောက်ဂိုဏ်းက ကွမ်·မိန်တောင်သို့ အလူးအက် တိုက်ခိုက်ကြမည့် အစီအစဉ်ကို ကျောက်မိန်က သတင်း ခြင်း ဖြစ်သည်။

ဖူရိ၏ ကျောက်မိန်တို့သည် ဂိုဏ်းကြီးခြောက်ဂိုဏ်းမှ သိုင်းသမား အလွန် ၂န်လာကြမည့် လမ်းခရီးတစ်လျှောက် ကျေးရွာများရှိ ရေတွင် န်များတွင် တိဗက်မှ အဆိပ်တစ်မျိုး ခတ်ထားလိုက် ့သည်။

ချုပ် ထိုအဆိပ်ကို အကြောပျော့ဆေးဟု ခေါ်တွင်ပြီး ထိုအဆိ နား းမိသူသည် သူ၏ ကိုယ်တွင်းမှ အတွင်းအားကို မထုတ်နိ ငယ် နေ တာဘဲ ချည့်နဲ့ နွမ်းနယ်သွားကြရတော့သည်။

သို သိုင်းသမားအားလုံးကို ဖမ်းဆီးနိုင်သောအခါ ကျောက် တို့သည် ရှေ့ဦးစွာ ရှောင်လင်ဂိုဏ်းကြီးကို သွားရောက် ဖြို တိုက်ခိုက်ကြတော့သည်။ အစစအရာရာ အသေအချာ စီစဉ်တိုက် ကြခြင်း ဖြစ်သဖြင့် ရှောင်လင်ဂိုဏ်းသည် သူတို့၏ တိုက်ခို အောက်၌ ပြိုကွဲ ရှုံးနိမ့်သွားရတော့သည်။

ထို့ပြင် တားမာကျောင်းတိုက်ရှိ ဘုရားဆင်းတုတော် တွင် အလင်းမာန်ဂိုဏ်းက ရှောင်လင်ဂိုဏ်းအား တိုက်ခိုက်ဖျက် သွားသည်ဟု ကျန်ဂိုဏ်းများက အထင်မှားသွားစေရန် စာ ရေးသားခဲ့ကြပြန်သေးသည်။



သူတို့နှင့် အတူပါလာသော ဖန်းရောင်က ထိုစာများကို ခြားသူများ ရုတ်တရက် တွေ့မသွားနိုင်စေရန် ဘုရားဆင်းတုတော် ကြီးအား နံရံဘက်သို့ တိတ်တဆိတ် ပြန်လှည့်ထားခဲ့သည်။

ထိုအဖြစ်များကို ဖန်းရောင်ထံမှ ကြားသိရပြီးသည့် အခါ မှ ဟုကျင်းတို့ ရှောင်လင်ကျောင်းတိုက်အတွင်း ရောက်ရှိစဉ်က းရောင်၏ ခန့်မှန်းချက်များ မှန်ကန်နေကြောင်း သိလိုက်မိ ကြသည်။

ဖန်းရောင်အား ရန်ရောင်က ယခု သူတို့၏ အလင်းမာန် ဏ်းကြီး၏ ရပ်တည်ချက်ကို ရှင်းလင်းပြောပြသည်။ အလင်းမာန် ဏ်းကြီးသည် ဂိုဏ်းကြီးခြောက်ဂိုဏ်းနှင့် သင့်မြတ်စွာ နေထိုင် က်တွဲပြီး ကျူးကျော်သူ မွန်ဂိုတို့ကို တိုက်ထုတ်ရန် ပိုင်းဖြတ်ထား ကြောင်းနှင့် ယခု လာရောက်ခြင်းမှာ ထိပ်သီး သိုင်းသမားများကို ယ်တင်ရန် လာရောက်ကြခြင်းဖြစ်ကြောင်း ပြောပြလိုက်သည်။

ဖန်းရောင်က ရန်ရောင်ဘက်သို့ လှည့်ပြောလိုက်သည်။

"ရန်သူ့ဘက်မှာက လူတွေ အများကြီး ရှိနေတယ်၊ တို့မှာက သားယောက်တည်းရှိတော့ သိပ်မလွယ်လှဘူး၊ အခုနေ အဖမ်းခံရတဲ့ ူတွေကို သွားကယ်လဲ အလကားပဲ၊ သူတို့မှာ မိထားတဲ့ အကြော ျော့အဆိပ်ကို ဖြေနိုင်တဲ့ ဖြေဆေးကို ရအောင်ရှာဖို့က အရေးကြီး တယ်၊ အဖမ်းခံထားရတဲ့ လူတွေဟာ ဒီဖြေဆေးကို စားပြီး သူတို့

www.burmeseclassic.com



အတွင်းအားတွေ ပြန်ရလာပြီဆိုရင် တစ်ခါတည်း ထိုးဖောက်ပြီး လွတ်အောင် ထွက်ပြေးနိုင်တယ်"

ဟူကျင်းက . . .

"ဒီအကြံကတော့ ကောင်းပါတယ်၊ ဒီအကြောပျော့ အဆိပ် ဖြေဆေးကို ဘယ်က ရနိုင်မှာလဲ"

ဖန်းရောင်က . . .

"ဒီဖြေဆေးကို လက်ဝါးစောင်းအဘိုးကြီး နှစ်ယောက် သိမ်းဆည်းထားကြတာ၊ တစ်ယောက်က ဖြေဆေးကို သိမ်းထားတယ်၊ နောက်တစ်ယောက်က အဆိပ်ဆေးကို သိမ်းထားကြတယ်၊ ဒါပေမဲ့ ဘယ်သူ့ဆီမှာ အဆိပ်ဆေးရှိသလဲ၊ ဘယ်သူ့ဆီမှာ ဖြေဆေးရှိသလဲ ဆိုတာတော့ ခွဲခြားပြီး မသိရဘူး၊ ကျောက်မိန်ကတော့ သူ နှစ်ယောက်ကို ချော့လိုက်၊ မြှောက်လိုက်နဲ့ အပိုင်ကို သိမ်းသွင်းထား နိုင်တယ်"

ရန်ရောင်သည် သက်ပြင်းချရင်း ပြောလိုက်သည်။

"ဒီကောင်မလေးဟာ ဉာဏ်နီဉာဏ်နက် ထုတ်နိုင်တဲ့နေရာ မှာတော့ ပထမတန်းထဲကပဲ"

ထိုစဉ် ဝေရီက ရုတ်တရက် ဝင်မေးလိုက်သည်။

"ဒီအဘိုးကြီး နှစ်ယောက်ရဲ့ ပျော့ကွက်ကို သိထားရင် လုပ်နိုင်တာပဲ၊ ဒီနှစ်ယောက်ဟာ ဘာတွေ ဝါသနာပါလဲ"

ဖန်းရောင်က ဖြေကြားလိုက်သည်။



"လုကျုန့်ကျတော့ မိန်းမဆိုရင် ငမ်းငမ်းတက်ပဲ၊ သိပ် ဝါသနာပါတယ်၊ ဟို ကော့ပိကတော့ အရက်ပဲ"

ဝေရီက . . .

"ဂိုဏ်းချုပ်ကြီး၊ အကြောပျော့ဆေးလို သောက်လိုက်ရင် တစ်ကိုယ်လုံး အင်အား ချည့်နဲ့သွားမယ့် ဆေးမျိုး မရှိဘူးလား"

ဟူကျင်းက တစ်ချက်မျှ စဉ်းစားလိုက်ပြီး ရယ်မော၍ ဖြေ လိုက်သည်။

"လူတစ်ယောက်ကို တစ်ကိုယ်လုံး အားပျော့ ချည့်နဲ့သွား အောင် လုပ်ဖို့က လွယ်ပါတယ်၊ ဒါပေမယ့် တယယ့် အတွင်းအား သိုင်းသမားနဲ့ တွေ့ရင်တော့ အလွန်ဆုံး နာရီဝက်လောက်ပဲ ခံနိုင် မှာ၊ အကြောပျော့ အဆိပ်လောက်တော့ ဒီဆေးက ကြာကြာ ထိန်းမထားနိုင်ဘူး"

ဝေရီကလည်း ရယ်မောရင်း ပြောသည်။

"နာရီဝက်လောက်ဆိုရင် လုံလောက်ပါပြီ၊ ကျုပ်မှာ အကြံ တစ်ခု ရှိတယ်၊ ဒီအကြံအတိုင်း လုပ်လို့ဖြစ်မလား၊ မဖြစ်ဘူးလား ဆိုတာတော့ အသေအချာ မပြောနိုင်သေးဘူး၊ အကြံက ဒီလိုပါ အစ်ကိုကြီး ဖန်းရောင်၊ ဟို လုကျုန့်တို့ ညီအစ်ကို သောက်တဲ့ အရက်ထဲမှာ ဒီဆေးထည့်ထားလိုက်၊ နောက်ပြီး အစ်ကိုကြီး ကိုယ်တိုင်လဲ ဆေးမိသွားတဲ့ပုံနဲ့ ထ,ပြီးအော်လိုက်၊ ဒီအခါကျရင် ဖြေဆေး ဘယ်သူ့ဆီမှာ ရှိတယ်ဆိုတာ သိရတာပေါ့၊ အဲဒီတော့မှ

www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးအနေနဲ့ အစီအစဉ် တစ်ခုခုလုပ်ပြီး ဒီဆေးကို ရအောင် ယူလိုက်ပေါ့၊ ဘယ့်နှယ့်လဲ ကျုပ်အကြံ”

ဖန်းရောင်သည် တစ်ချက် စဉ်းစားလိုက်သည်။

“ဖြေဆေးသာ ကော့ပိလက်ထဲမှာ ရှိရင် တို့ ယူဖို့လွယ်တယ် ဒါပေမယ့် လုကျန့်ရဲ့ လက်ထဲမှာဆိုရင်တော့ မလွယ်တော့ဘူး ဒီကောင်က အင်မတန် ပါးနပ်တဲ့အကောင်၊ သူ့ကို တစ်နည်းနည်းနဲ့ နိုင်ကွက်ကို အကျပ်ကိုင်ပြီးမှ ဒီကောင့်ဆီက ဆေးကို ရနိုင်မှာ”

ရန်ရောင်က . . .

“ဒီအဘိုးကြီး နှစ်ယောက်ကို အကျပ်ကိုင်နိုင်တဲ့ နိုင်ကွက်ကလေး ဘာလေးများ အစ်ကိုကြီးဖန်းရောင် သိမထားဘူးလား”

ထိုအခါ ဖန်းရောင်က ခေါင်းကို ဆတ်ခနဲ ညိတ်ပြလိုက်ပြီး . . .

“အဘိုးကြီး လုကျန့်ဟာ အသက်သာကြီးတယ် မိန်းမနဲ့ ပတ်သက်လာရင် အင်မတန် မထိန်းနိုင် မသိမ်းနိုင်တဲ့ အဘိုးကြီး သူက စစ်သေနာပတိချုပ်ကြီးရဲ့ နောက်ပိတ်ဆုံး ယူထားတဲ့ ဇနီးချော လေးကို သိပ်မျက်စိကျနေတာ”

“ဒီတော့ . . .”

ဝေရီက ဖန်းရောင်၏ စကားကို ဝင်ထောက်ပေးလိုက်သည်။ ဖန်းရောင်က သူ့အစီအစဉ်ကို ဆက်ပြောသည်။



“ဒီတော့ ဒီကိစ္စကို ဆောင်ရွက်ဖို့ ကိစ္စကတော့ ဝေရီကိုပဲ အားကိုးရမှာပဲ၊ စစ်သေနာပတိချုပ်ကြီးရဲ့ နောက်ဆုံး ဇနီးလေးကို ဝေရီ သွားခိုးထုတ်ရမယ်၊ ပြီးရင် လုကျန့်ရဲ့ ခုတင်ပေါ် တင်ထား ပေးလိုက်၊ ဒီကောင်ကြီး ဘယ်လိုမှ စိတ်ထိန်းနိုင်မှာ မဟုတ်ဘူး၊ စိတ်ထိန်းနိုင်လဲ အကြောင်းမဟုတ်ဘူး၊ ကျုပ်က သူ့ကို လက်မှုး လက်ကြပ် ဝင်ဖမ်းလိုက်ပြီးပြီ ဆိုရင်တော့ ဒီကောင်ကြီး ဖြေဆေးကို ပေးဘဲ မနေနိုင်တော့ဘူး၊ ပေးကို ပေးရမှာပဲ”

ဝေရီတို့ အားလုံးသည် ဖန်းရောင်၏ အကြံကို လက်ခံလိုက်ကြသည်။ ထို့ပြင် နောက်ဆက်တွဲ ဆက်လက် ဆောင်ရွက်ရမည့် တာဝန်များကိုလည်း ကိုယ်စီတာဝန်ယူရန် အစီအစဉ်ဆွဲလိုက်ကြသည်။

အကယ်၍ ဖြေဆေးကို ရပြီးပြီဆိုလျှင် ဖန်းရောင်က မျှော်စင်သို့သွားပြီး အကျဉ်းသားများကို သွားရောက် ပေးစေရမည်။ ဟူကျင်း၊ ဝေရီတို့ကမူ အပြင်ဘက်မှ စောင့်ကြပ်လျက် ဖန်းရောင်၏ အခြေအနေကို စောင့်ကြည့်နေကြမည်။ ဖန်းရောင်ကလည်း သူ လုပ်ဆောင်ရမည့်တာဝန်ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီဟု ဆိုပါလျှင် မီးခိုးဖြင့် အချက်ပြရမည်။ ထိုအခါ ဟူကျင်းတို့သည် ဘုရားကျောင်းဝန်းအတွင်းရှိ အိမ်တန်းလျားများကို မီးရှို့လိုက်မည်။ မီးလောင်စဉ် ပြေးလွှားငြိမ်းသတ်နေသည့် ရှုပ်ရှုပ်ထွေးထွေး အခြေအနေအတွင်း ဂိုဏ်းကြီး ခြောက်ဂိုဏ်းမှ သိုင်းသမားများ ထွက်ပြေးကြရမည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေသို့ ရောက်ရှိပြီ ဆိုပါက မြင်းလှည်းများကို အဆင်သင့် ပြင်ဆင်လျက် အနောက်ဘက်မြို့ဖြင်၌ ရပ်စောင့်နေမည့် ရန်ရောင်တို့ထံသို့ အရောက်ပြေးကြရမည်။ အရောက် ပြေးလာသူ တိုင်းသည် မြင်း၊ မြင်းလှည်း စသည်တို့ဖြင့် ဤမြို့မှ ဝေးနိုင်သမျှ ဝေးရန် အမြန်ဆုံး ထွက်ခွာကြရမည်။ နောက်ဆုံး ချန်းမိန်နယ်မြေ တွင် အားလုံး ပြန်လည် စုစည်းကြမည်။

သူတို့ လေးယောက်သည် ဂိုဏ်းခြောက်ဂိုဏ်းမှ ထိပ်သီး သိုင်းသမားများကို ကယ်တင်မည့် အစီအစဉ်ကြီးကို အသေအချာ ရေးဆွဲ စီစဉ်ကြပြီးမှ မြို့တွင်းသို့ ပြန်ဝင်လျက် ကိုယ် တာဝန်ယူ ထားသည့် အလုပ်ကို ဆက်လုပ်ကြတော့သည်။

ရန်ရောင်က မြင်းများသွားဝယ်လျက် အဆင်သင့် ပြင်ဆင် သည်။ ဟူကျင်းကမူ စီစဉ်ထားသည့် ဆေးကို စပ်၏။ ပြီးသော် ဖန်းရောင်အား သွားရောက်ပေးရန် ဝေရိအား ဝေလွှတ်လိုက်သည်။ ဝေရိကမူ အိတ်ကြီးတစ်လုံးကို ဝယ်ယူကာ ညအမှောင်ရောက်သည် နှင့် တစ်ပြိုင်နက် သေနာပတိချုပ်ကြီး၏ နောက်ဆုံး ဇနီးလေး ခိုးယူရေးအတွက် ထွက်ခွာသွားလေတော့သည်။

◆ ◆ ◆

# အခန်း (၂၄)

www.burmeseclassic.com

www.burmeseclassic.com

# ဈေးဆေး

လက်ဝါးစောင်းအဘိုးကြီး နှစ်ယောက်နှင့် ဖန်းရောင်တို့ လှသိုက်သည် ဝမ်ဖား ဘုရားကျောင်းဝင်း အတွင်း၌ပင် နေထိုင်ကြသည်။ ကျောက်မိန်က နန်းတော်အတွင်း၌ နေသည်။ သူမသည် ညအချိန်၌ သိုင်းပညာ လေ့ကျင့်လေ့ ရှိပေသည်။ ထိုသို့ လေ့ကျင့်ချိန် ရောက်မှသာလျှင် မြင်းရထားဖြင့် ဘုရားကျောင်းသို့ လာလေ့ရှိသည်။

ည…။

အလင်းကုန်ပျောက်၍ အမှောင်ရောက်ပေပြီ။

ဖန်းရောင်သည် သူ့အစီအစဉ်အတိုင်းပင် ကောဲပိကိုခေါ်၍ လေးသမားနှစ်ယောက်နှင့်အတူ အရက်သောက်တော့သည်။ အရက်ထဲတွင်မူ ဟူကျင်း၏ ဆေးကို တိတ်တဆိတ် ခတ်ခိုက်သည်။ များမကြာမီပင် ဆေး၏ အာနိသင် ပြပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အရက်သောက်သူတိုင်း အားအင်ချည့်နဲ့ကာ နွမ်းနွေလာကြတော့သည်။ အားလုံးက အကြောပျော့အဆိပ် မိပြီဟု ထင်မှတ်လိုက်ကြသဖြင့် ကော့ပိထံမှ ဖြေဆေးကို တောင်းကြတော့သည်။

ကော့ပိ စိတ်ရှုပ်သွားသည်။ မည်သို့ ဖြစ်သွားရသနည်း။ ဤလူအားလုံး မည်သို့ ဖြစ်သွားရသနည်း။ ဤလူများအား သူအဆိပ်ခတ်လိုက်ခြင်း မဟုတ်။ သို့သော် ယခု အဆိပ်မိသည့် လက္ခဏာများ တွေ့နေရသည်။ ကော့ပိသည် နားမလည်နိုင်အောင် ဖြစ်နေရတော့သည်။ ယခု ဤလူများက သူ့ထံမှ ဖြေဆေးတောင်းနေကြသည်။ သူ့မှာ ဖြေဆေးမရှိ။ ဖြေဆေးမှာ သူ၏ဂိုဏ်းတူအစ်ကို လုကျန့်ထံတွင်သာ ရှိသဖြင့် သူက ဖန်းရောင်အား ခေါ်ဆောင်လျက် လုကျန့်ထံသို့ အလျင်အမြန် သွားတော့၏။

ဖန်းရောင်တို့ လုကျန့်အခန်းသို့ ရောက်သောအခါ အခန်းထဲမှာ စစ်သေနာပတိချုပ်၏ ဇနီးလေးနှင့်အတူ တွေ့ရတော့သည်။ ဖန်းရောင်က အခွင့်ကောင်းကို လုံးဝ လက်လွှတ်မခံ။ စစ်သေနာပတိချုပ်၏ ဇနီးချောကလေး လုကျန့်အခန်းတွင်းသို့ ရောက်ရှိနေခြင်းသည် မည်မျှ အန္တရာယ်ကြီးကြောင်းနှင့် ရာဇဝတ်အိုးကို တုတ်နှင့်ထိုးခြင်းသာဖြစ်ကြောင်း ခြိမ်းခြောက်လိုက်သည်။

ဖန်းရောင်၏ တွက်ကိန်း မှန်ကန်လှပါသည်။ အကျပ်ကိုင်ခြိမ်းခြောက်သည့် စကား နည်းနည်းသာ ပြောလိုက်ရသေးသည်။



ကျန့်သည် သူ၏ ဖြေဆေးကို ဖန်းရောင်၏ လက်ထဲသို့ ည့်ပေးလိုက်တော့သည်။

သို့သော် သူက သည်သတင်းအဖြစ်နှင့် ပတ်သက်၍ ည်သူ့ကိုမျှ ဖွင့်ဟမပြောရန် တောင်းဆိုသည်။ ဖန်းရောင်အဖို့ ြေဆေးရရှိရေးသည်သာလျှင် အရေးအကြီးဆုံး အဓိကအချက် သဖြင့် သည်အဖြစ်နှင့် ပတ်သက်၍ နှုတ်ပိတ်ထားရန် ဘောတူလိုက်သည်။

မည်သို့ပင်ဖြစ်စေ ဖန်းရောင် သိသည်။ လုကျန့်အကြောင်း းရောင် ကောင်းစွာသိသည်။ လုကျန့်သည် စစ်သေနာပတိ ပ်ကြီး၏ ဇနီးချောကလေးကို လုံခြုံစိတ်ချရသည့် နေရာသို့ ဦးစွာ ပို့ထားလိုက်ဦးမည်။ ပြီးလျှင် မိမိ ထာဝရ တ်ပိတ်သွားအောင် မိမိကို လိုက်၍ အသေသတ်ပေတော့မည်။

သို့သော် ယခုညတွင်းချင်းပင် မိမိသည် ဤနေရာမှ ွက်ခွာသွားရတော့မည်။ ဂိုဏ်းကြီး ခြောက်ဂိုဏ်းမှ ထိပ်သီး င်းသမားများနှင့်အတူ ဤမှ ထွက်ခွာသွားရတော့မည်။ ကြောင့် သည်လူယုတ်မာ ညီအစ်ကိုနှစ်ယောက်ကို ကြောက် ာ မလိုတော့။ ဖန်းရောင်သည် ဖြေဆေးကို ရသည်နှင့် ကျန့်အခန်းတွင်းမှ ထွက်လာခဲ့သည်။ ထွက်လာလာချင်းပင် ျာက်မိန်နှင့် မျက်နှာချင်းဆိုင် တိုးမိကြတော့သည်။

ယမန်နေ့ညက ဟူကျင်းတို့ သုံးယောက် ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



လာခြင်းသည် သူမ၏ အစီအစဉ်များကို ထိခိုက်ကောင်း ထိခိုက်လာနိုင်သည်။ ထို့ကြောင့် စိတ်မချသဖြင့် အခြေအနေကို ကြည့်ရှုစစ်ဆေးရန် လာခြင်းဖြစ်ဟန် တူပေသည်။

ကျောက်မိန်သည် ဖန်းရောင်ကို တွေ့လိုက်သည်နှင့်...

"ဦးလေး ခုတို၊ ကျွန်မနဲ့ လိုက်ခဲ့ပါ"

ဖန်းရောင် အလွန် စိတ်လှုပ်ရှားသွားသည်။ သူ့အတွက် အချိန်သည် ရွှေနှင့် စက်ရမျှမတတ် အရေးကြီးနေသည် ဖြစ်သော်လည်း ယခုအခြေအနေမျိုးတွင် ကျောက်မိန်၏ စကားကို မည်သို့မျှ ငြင်းပယ်၍ မဖြစ်နိုင်သော အခြေအနေမျိုး ဖြစ်နေပေသည်။ ထို့ကြောင့် သူဘာမျှ မတတ်နိုင်တော့ဘဲ ကျောက်မိန် ခေါ်ရာသို့ လိုက်ပါသွားရတော့သည်။

အပြင်သို့ ရောက်သောအခါ ကျောက်မိန်က အသံ တိုးတိုးဖြင့်...

"ဦးလေး ခုတို၊ ကျွန်မတို့ ဟို သရဲလေးဆီ သွားကြအောင်နော်"

ဖန်းရောင် တစ်ချက် တုန်လှုပ် သွားတော့သည်။ ကျောက်မိန်၏ မျက်နှာပေါ်၌ အဓိပ္ပာယ် ရှာဖွေလိုက်သည်။ ကျောက်မိန်၏ မျက်နှာကလေးသည် နီမြန်းနေသည်။ ရှက်သွေးဖျန်းနေသည်။ မျက်လုံးများက ဝမ်းသာသယောင် ကြည့်ရှုသယောင် အရောင်များ တောက်ပနေသည်။ ထိုအခါကျ



ဖန်းရောင် "ဟင်း" ခနဲ သက်ပြင်းချနိုင်တော့သည်။ ဖန်းရောင် စိတ်အေးသွားပြီ။ ယမန်နေ့ညက ဟူကျင်းနှင့် စကားပြောနေသည့် ကျောက်မိန်၏ ဟန်အမူအရာများကို ပြန်လည် မြင်ယောင်လာသည်

သြော် ... ကြိုက်မရှက် ငိုက်မရှက်ဆိုသည့် စကားသည် မှန်လှပေတကား။ ထို့ကြောင့် ဖန်းရောင်က သူ့စိတ်ထဲတွင်ပင် ပြောလိုက်မိပေသည်။

"ဒီ ကျောက်မိန်ဆိုတဲ့ မင်းသမီးလေးဟာ ငါတို့ရဲ့ ဂိုဏ်းချုပ်ကြီးကို တိတ်တခိုး ချစ်ကြိုက်မိနေပြီ ထင်ပါရဲ့"

ဖန်းရောင် ဤသို့ စိတ်ထဲတွင် ရေရွတ်မိလျှင် မိချင်း ခစ်ပြုံးနက်ပြုံးမိသွားတော့သည်။ ကျောက်မိန်က ရှက်ယမ်းယမ်းဖြင့် မေးလိုက်သည်။

"ဘာ ပြုံးနေတာလဲ"

ဖန်းရောင်က လက်ဟန် ခြေဟန်နှင့် ထင်ရာမြင်ရာ ထပ်ပြလိုက်သည်။ ကျောက်မိန်ကလည်း ဘာမျှ မပြောတော့။ ကြာမီ ဟူကျင်းတို့ တည်းခိုသော တည်းခိုခန်းသို့ ရောက်ရှိလာကြသည်။ ဖန်းရောင်က စိတ်ထဲတွင်ပင် ပြောလိုက်မိသည်။

"အင်း... ဒီ မင်းသမီးကလေးဟာ အစွမ်းအစရှိတာတော့ မှန်ပဲ၊ ဂိုဏ်းချုပ်ကြီး တည်းနေတဲ့ နေရာကို သူချက်ချင်း သိသွားပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မိန်သည် ဆိုင်ထဲသို့ ဝင်ထိုင်ကာ ဆိုင်ရှင်အား ပြောလိုက်သည်။

"ကျွန်မတို့ နွားလေးဆိုတဲ့ လူနဲ့တွေ့ချင်ပါတယ်၊ ခေါ်ပေးပါလား"

ဟူကျင်းသည် ဤဆိုင်တွင် သူ၏ နာမည်ကို နွားလေးဟု ပေးထားသည်ကိုး။

ဟူကျင်းသည် ထိုအချိန်က အရေးတကြီးလာရောက်လျက် အပြင်ဘက်တွင် ချောင်းသည်ရောက်နေကြောင်း လာအကြောင်းကြားသဖြင့် အလွန်အံ့သြသွားသည်။ ထို့နောက် ချက်ချင်းပင် ထွက်ကြည့်လိုက်မိသည်။

အပြင်ဘက်တွင် ကျောက်မိန်နှင့် ဖန်းရောင်တို့ ထိုင်နေကြသည်ကို တွေ့လိုက်ရသောအခါ ဟူကျင်း တုန်လှုပ်သွားသည်။ ထို့ကြောင့် ဟူကျင်း၏ စိတ်ထဲတွင်...

"ဒုက္ခပဲ... ကွေ့ ကျောက်မိန်က ဖန်းရောင် ဟန်ဆောင်တာ သိသွားလို့ ငါနဲ့လာရှင်းတာနဲ့ တူတယ်"

သို့သော် ဟူကျင်းသည် သူ့ကိုယ်သူ ထိန်းသိမ်းလိုက်သည်။ သူသည် သာမည လူတစ်ယောက် မဟုတ်။ ဂိုဏ်းချုပ်ကြီးတစ်ယောက်ဖြစ်သည်မဟုတ်ပါလား။ ဂိုဏ်းချုပ်ကြီး တစ်ယောက်ဖြစ်ပါလျက်နှင့် သာမန်လူတစ်ယောက်ကဲ့သို့ တုန်လှုပ်ချောက်ချားနေ၍မသင့်လျော်။ ထို့ကြောင့် အေးဆေးသော လေသံဖြင့်...



"ဪ...ဘယ်သူများလဲလို့ ကျောက်မိန်ပါလား"

ကျောက်မိန်က...

"ဒီနေရာမှ စကားပြောလို့ မကောင်းဘူး၊ ဟိုဘက်က အရက်ဆိုင်ကလေးကို သွားကြရအောင်"

"ကောင်းသားပဲ"

ကျောက်မိန်သည် ရှေ့မှ ဦးဆောင်ခေါ်သွားသည်။ ထိုဆိုင်ကလေးသည် အလွန်သေးငယ်သော ဆိုင်ကလေးဖြစ်သည်။ အတွင်းဘက်အခန်းတွင် စားပွဲခုံ နှစ်ခုံသုံးခုံခန့်သာရှိသည်။ ဆိုင်ထဲတွင် လူတစ်ယောက်မျှ မရှိ။

ကျောက်မိန်နှင့် ဟူကျင်းတို့က အတွင်းဘက်အခန်းထဲသို့ ဝင်ကြပြီး မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။ ဖန်းရောင်က အလိုက်သိစွာပင် အပြင်ဘက်၌ အရက်သောက်မည်ဟု လက်ဟန်ခြေဟန်ဖြင့် ပြပြီး ထွက်ခွာသွားသည်။

ဤမျှ အောက်တန်းကျသော အရက်ဆိုင်ကလေးသို့ မိမိအား ကျောက်မိန်က ခေါ်ဆောင်လာပြီး အရက်သောက်ခိုင်းသည့်အဖြစ်ကို ဟူကျင်း စဉ်းစား၍ မရတတ်အောင် ဖြစ်နေမိသည်။ ကျောက်မိန်သည် အရက်နှစ်ခွက် ချထားသည့်အနက် ဟူကျင်း၏ ရှေ့မှ အရက်ခွက်ကိုယူ၍ တစ်ကျိုက်မျှ သောက်လိုက်ပြီး...

"အရက်ထဲမှာ ဘာအဆိပ်မှ ခတ်မထားဘူးနော်၊ ကျွန်မ သောက်ပြတာ တွေ့တယ်မဟုတ်လား၊ ရှင်စိတ်ချ လက်ချသာ သောက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်း အရက်ခွက်ကို ယူလိုက်ပြီး...

"ခင်ဗျားကျုပ်ကို ဒီခေါ်လာတာ ကိစ္စ ရှိလို့လား"

ကျောက်မိန်က...

"ပြောတာပေါ့လေ...ဖြည်းဖြည်းပေါ့၊ အရက်သောက်ပါဦး"

သူမသည် ပြောပြောဆိုဆိုနှင့် သူမ၏ လက်ထဲမှ ခွက်ကို ယူ၍ မော့သောက်လိုက်သည်။ ဟူကျင်းကလည်း သူ၏ ခွက် နှုတ်ခမ်းတွင် ကျောက်မိန်၏ နှုတ်ခမ်းဆိုးဆေး အရာများ ပေကျံနေပြီး သင်းပျံ့မွှေးကြိုင်နေသည်ကို သတိပြုလိုက်မိသည်။

အရက်များက ဟူကျင်း၏ လည်ချောင်း တစ်လျှောက် စီးဆင်းသွားပြီးနောက်ဝယ် တဖြည်းဖြည်း ပူနွေး ရှိန်းမြလာတော့သည်။ ကျောက်မိန်၏ နီထွေးထွေးဖြစ်နေသော မျက်နှာကလေး သည်လည်း ပိုမိုချောမောလာသည်ဟု ဟူကျင်း၏ စိတ်ထဲတွင် ပို၍ပို၍ ချစ်ခင် စွဲမက်စဖွယ်ပင် ဖြစ်လာတော့သည်။

ထိုစဉ် ကျောက်မိန်ကလည်း ဟူကျင်းကို လှမ်းကြည့်လိုက်သည့်အခိုက် ဖြစ်သဖြင့် မျက်လုံးချင်း ဆုံသွားကြတော့သည်။ နှစ်ယောက်စလုံး၏ ရင်များသည် တထိတ်ထိတ် ခုန်နေမိကြလေသည်။ ကျောက်မိန်က တိုးညင်းသော အသံကလေးဖြင့်...

"ဟူကျင်း... ကျွန်မ တယ်သူဆိုတာ ရှင်သိလားဟင်"

ဟူကျင်းက ခေါင်းကို ခါယမ်းပြလိုက်သည်။



ကျောက်မိန်က သူ့အကြောင်း ဆက်ပြောပြသည်။

"ဒီနေ့ ကျွန်မ ဒီကိုလာတာ အဲဒီအကြောင်း ပြောပြချင်လို့ပဲ၊ ကျွန်မ ဖေဖေဟာ မွန်ဂိုဘုရင်ကြီးရဲ့ စစ်တပ် တစ်ခုလုံးကို ကြီးကြပ်ကွပ်ကဲရတဲ့ စစ်သေနာပတိချုပ်ကြီး ဟာမာဖူရိပဲ၊ ကျွန်မရဲ့ မွန်ဂိုနာမည်ရင်းက မိန်မိန်ထက်တဲ့၊ ဒါပေမယ့် ကျွန်မက မြေပြန့်တရုတ်နာမည်ကို ပိုသဘောကျတယ်၊ ဒါကြောင့် မို့ ကျောက်မိန် ဖြစ်သွားတာပေါ့"

အကယ်၍ သည်သတင်းကိုသာ ဖန်းရောင်က ပြောပြမထားပါက ဟူကျင်းသည် အရက်ခွက် လွတ်ကျသွားမတတ် အံ့သြသွားမိပေမည်။ ယခုမူ ဟူကျင်းအနေဖြင့် သိထားပြီးသား ဖြစ်၍ အံ့သြမှု မရှိလှတော့ချေ။ ဟူကျင်း၏ ဟန်အမူအရာ မည်သို့မျှထူးခြားမသွားသည်ကို ကျောက်မိန် တွေ့ရသောအခါ...

"ဘာလဲ...ရှင်က ကျွန်မအကြောင်း အစောကြီးကတည်းက သိနေတာပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး၊ ဒါပေမယ့် မင်းလို အသက်ငယ်ငယ်ကလေးနဲ့ ထိပ်သီးသိုင်းသမားတွေကို အုပ်ချုပ်နိုင်တာကို ကြည့်လိုက်တာနဲ့ မင်းဟာ သာမန်မိန်းကလေးမဟုတ်ဘူးဆိုတာတော့ သိလိုက်တာပေါ့"

ဟူကျင်း၏ အသုံးအနှုန်းများသည် တဖြည်းဖြည်း ရင်းနှီးမှုကို ပြလာပြီး ခင်ဗျားဟု မသုံးနှုန်းတော့ဘဲ မင်းနှင့်ငါနှင့် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဟာပေပြီ။ အရက်ကလည်း သွေးကြွစေသည် မဟုတ်ပါလား။

ကျောက်မိန်က ရုတ်တရက် ပြောလိုက်သည်။

"ဟူကျင်း... ကျွန်မရှင့်ကို တစ်ခုမေးမယ်၊ ရှင်အမှန်အတိုင်း ပြောနော်၊ တကယ်လို့ ကျွန်မကသာ ချူကျူးကို သတ်ပစ်လိုက်ရင် ရှင်ဘယ်လို လုပ်မလဲဟင်"

"ချူကျူးက မင်းကို ဘာမှ စော်ကားတာလဲ မဟုတ်ဘဲနဲ့ မင်းက ဘာဖြစ်လို့ သတ်ရမှာလဲ"

"တချို့လူတွေကို ကျွန်မ သဘောမကျဘူး၊ ဒါကြောင့် သတ်တာယ်၊ ကျွန်မကို စော်ကားမှ သတ်ရမှာလား၊ တချို့ဆိုရင် ကျွန်မကို တစ်ချိန်လုံးစော်ကားနေတာပဲ၊ ဒါပေမယ့် ကျွန်မမသတ်ဘူး၊ ဥပမာ ရှင့်လို လူမျိုးပေါ့၊ ရှင် ကျွန်မကို စော်ကားတာ နည်းမှတ်လို့လား"

ကျောက်မိန်သည် ထိုစကားပြောရင်း သူမ၏ မျက်လုံးထဲ၌ ကြည်နူး ကျေနပ်သော အရိပ်အယောင်များပေါ်ထွက်နေသည်။ ဟူကျင်းက သက်ပြင်းချရင်း ပြောသည်။

"ငါက မင်းကို သက်သက်စော်ကားချင်လို့ မဟုတ်ပါဘူး၊ မတတ်သာလို့ လုပ်ရတာပါ၊ မင်း ငါ့ရဲ့ဦးကြီးနဲ့ ဦးလေးကို ဆေးပေးပြီး ကုသပေးတာမျိုးကို ငါ အမြဲတမ်း ကျေးဇူးတင်နေတာပါ"

"ဟင်း...ဟင်း...ဟင်း ...ရှင့် ဦးကြီးနဲ့ ဦးလေးကို ဒီလို ဖြစ်သွားအောင် လုပ်တာဟာ ကျွန်မ လက်အောက်ကလူ



တွေပဲ၊ ရှင်ကျွန်မကို စိတ်မဆိုးဘဲ ကျေးဇူးတောင်တင်သေးတယ် ဟုတ်လား"

ဟူကျင်းက ပြုံးရင်း ပြောလိုက်သည်။

"ငါ့ဦးကြီး ဒဏ်ရာရတုန်းက ဆိုရင် မင်းကိုတောင် မမွေးသေးဘူး"

"ကဲပါ စကားလမ်းကြောင်း မပြောင်းပါနဲ့၊ ရှင့်ကို မေးမယ်၊ ကျွန်မ ချူကျူးကို သတ်လိုက်ရင် ရှင် ကျွန်မအပေါ် ဘယ်လိုဆက်ဆံမလဲ၊ ကျွန်မကို တိုက်ခိုက်မလားဟင်"

"ငါ တိတိကျကျ မပြောတတ်ဘူး"

"ဘာလို့ မပြောတတ်ရမှာလဲ၊ ရှင် မပြောချင်လို့ပါ"

"ငါပြောမယ်၊ မင်း သေသေချာချာ နားထောင်၊ ငါ့အဖေနဲ့ အမေကို သူများက နှိပ်စက်လို့ သေခဲ့ရတယ်၊ အဲဒီနေ့တုန်းက ဟုတန်းတောင်ထိပ်မှာ ငါ့အမေကို ငါ ကတိပေးခဲ့တယ်၊ ငါ လူလားမြောက် အရွယ်ရောက်လာရင် ဒီလူတွေကို ပြန်ပြီး တိုက်ခိုက်မယ်လို့၊ ငါ့အဖေ အမေတွေကို နှိပ်စက်ခဲ့တဲ့ ထိပ်သီးသိုင်းသမားတွေရဲ့ မျက်နှာတွေကို ငါ့ရင်ထဲ အသည်းထဲ ကနေ မှတ်ထားတယ်၊ ဒါပေမယ့် အခု ငါ အသက်လဲကြီးရော ငါ့ရင်ထဲက အစီအစဉ်တွေဟာ တဖြည်းဖြည်း ပြေလာတယ် အခု ဒီလူတွေကို အရင်တုန်းကလို မုန်းမနေမိတော့ဘူး၊ ကျောက်မိန် အဲဒီတော့ ငါတစ်ခု စဉ်းစားမိတယ်၊ တကယ်လို့

www.burmeseclassic.com

www.burmeseclassic.com



လူတွေအားလုံးဟာ တစ်ယောက်ကိုတစ်ယောက် မသတ်မဖြတ်ကြဘဲနဲ့ ချစ်ချစ်ခင်ခင် မိတ်ဆွေသူငယ်ချင်း ဖြစ်သွားကြရင် ဘယ်လောက် ကောင်းမလဲလို့"

ဟူကျင်းသည် သူ၏ နှလုံးသားထဲမှ ထွက်ပေါ်လာခဲ့သည့် ခံစားချက်များကို ထုတ်ဖော် ပြောဆိုခြင်းဖြစ်သည်။ သည်ခံစားချက်များ သူ၏ ရင်ထဲ၌ ကိန်းအောင်းလာခဲ့သည်မှာ ကြာခဲ့ပြီ။ သူ၏ ခံစားချက်များကို ရန်ရောင်အားလည်း ပြောမပြခဲ့။ သူ၏ဆရာ ဘိုးဘိုး ကျန်းဆန်းဖုန်းအားလည်း ပြောမပြခဲ့။ သူ့ဦးလေး ချင်လီရှန်ကိုလည်း ပြောမပြခဲ့။ ယခု ဘာမဟုတ် ညာမဟုတ် ကျောက်မိန်ကျမှ ပြောပြနေမိသည်ကို သူကိုယ်တိုင်လည်း အံ့သြနေမိသည်။

ကျောက်မိန်ကလည်း သည်စကားများသည် ဟူကျင်း၏ ရင်ထဲရှိနေသည့် တကယ်ရိုးရိုးသားသား စကားများဖြစ်ကြောင်း သိရှိသည်။ ထို့ကြောင့် တစ်ချက်မျှ စဉ်းစားပြီး ပြောလိုက်သည်။

"ဒါကတော့ ရှင့်ရဲ့ စိတ်သဘောထား ကြီးလာလို့ပါ၊ ကျွန်မဆိုရင် ဒီလို ဘယ်ရလိမ့်မလဲ၊ ကျွန်မရဲ့ အဖေတို့ အစ်ကိုတို့ကို သတ်ခဲ့တဲ့ လူဆိုရင် ဟင်း...အဲဒီလူမပြောနဲ့ တစ်ဆွေလုံး တစ်မျိုးလုံး တစ်ယောက်မကျန် ပြန်သတ်ပစ်မှာပဲ"

"မင်းသာ ဒီလို ရက်ရက်စက်စက် အလုပ်မျိုး လုပ်ရင်တော့ ငါက တားမိမှာပဲ"



"ဘာလဲ၊ ရှင်က ရန်သူကို အကာအကွယ် ပေးချင်တာပေါ့၊ ဟုတ်လား"

ကျောက်မိန်သည် ထိုစကားကိုပြောရင်း တစ်ချက်မျှ ရယ်လိုက်သည်။ ပြီးနောက် တစ်ဆက်တည်း ပြောလိုက်ပြန်သည်။

"ကဲပါ...ကျွန်မ ပထမဆုံးမေးထားတဲ့ စကားကိုပဲ ဖြေစမ်းပါဦး"

"မင်းသာ ချူကျူးကို သတ်လိုက်ရင် ချူကျူးမှ မဟုတ်ဘူး၊ ဒီပြင် ငါ့အသိမိတ်ဆွေ တစ်ယောက်ယောက်ကို သတ်လိုက်ရင်လဲ ငါ့အနေနဲ့ မင်းကို ငါ့သူငယ်ချင်းစာရင်းက ပယ်ဖျက်ပစ်လိုက်မှာပဲ၊ ငါ့တစ်သက်လုံး မင်းကို မတွေ့တော့ဘူး၊ မင်းနဲ့လဲ အရက်အတူတူ မသောက်တော့ဘူး"

ဟူကျင်းသည် သူ့ဦးခေါင်းကို လက်နှစ်ဘက်ဖြင့် ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ပြီး...

"ဟင်း...ငါ့စိတ်ထဲမှာ လူတစ်ယောက်ကို မုန်းဖို့ဆိုတာ သိပ်ခက်ခဲတဲ့ အလုပ်ကြီး တစ်ခုပါပဲလေ၊ အရင်တုန်းက ချန်ခွန်းဆိုရင် အစိမ်းဝါးစားပစ်ချင်လောက်အောင်ကို မုန်းခဲ့တာ၊ အခု သူသေသွားတော့ ငါ သူ့ကို သနားမိပြန်ရော ခက်ပါတယ်လေ"

ကျောက်မိန်က ပြုံးတွေ့တွေ့ဖြင့်...

"တကယ်လို့ နက်ဖြန် ကျွန်မ သေသွားရင်ကော

www.burmeseclassic.com

www.burmeseclassic.com



ရှင့်စိတ်ထဲမှာ ဘယ်လိုနေမလဲဟင်၊ ဟင်း…ဟင်း…သေချာပါတယ်၊ ဒီဂြိုဟ်ကောင်မလေး မြန်မြန်သေသွားတာ မြန်မြန်အေးတယ်လို့ ရှင်ထင်မှာ မဟုတ်လား"

ဟူကျင်းက ကမန်းကတန်းနှင့် ပြောလိုက်သည်။

"ဟင့်အင်း…ဟင့်အင်း၊ ငါ မင်းကို မသေစေချင်ဘူး၊ ငါ တကယ်ပြောတာ၊ ဝေရိက မင်းမျက်နှာကို ဖျက်ဆီးပစ်မယ်လို့ ခြိမ်းခြောက်လိုက်တာကို တွေးမိတိုင်း မင်းအတွက် ငါ အမြဲ ပူပန်နေမိတာပဲ၊ ဝေရိအကြောင်း ငါသိတယ်၊ သူကပြောရင် ပြောသလို လုပ်တဲ့သူ၊ အင်မတန် ကြောက်စရာကောင်းတယ်၊ ကျောက်မိန် မင်းအနေနဲ့ ငါတို့ရဲ့ ဂိုဏ်းကြီးခြောက်ဂိုဏ်းက လူတွေကို လွှတ်ပေးပြီး တစ်ယောက်နဲ့တစ်ယောက် မုန်းစကို တိုစေ၊ ချစ်စကို ရှည်စေဖြစ်အောင် လုပ်ကြရင် မကောင်းဘူးလားဟင်"

ကျောက်မိန်က အားရဝမ်းသာဖြင့်

"ကောင်းတာပေါ့၊ သိပ်ကောင်းတာပေါ့၊ ကျွန်မကလဲ ဒီလိုပဲ ဖြစ်စေချင်တာ၊ ရှင်က အလင်းမာန်ဂိုဏ်းချုပ် ဆိုတော့ ရှင့်စကားကို သူတို့ နားထောင်ကြမှာပဲ၊ ကျွန်မတို့ မွန်ဂိုဘုရင်ရဲ့ အမှုတော် ထမ်းမယ်ဆိုရင် ရှင်တို့ကို ရာထူးရာခံ ကောင်းကောင်း ပေးမှာပါ"



သို့သော် ဟူကျင်းက သူ၏ ဦးခေါင်းကို ဖြည်းညင်းစွာ ယမ်းလိုက်ရင်း…

"ငါတို့ တရုတ်လူမျိုးတွေ အားလုံးမှာ မျှော်မှန်းချက် ခုပဲရှိတယ်၊ အဲဒါကတော့ မင်းတို့ မွန်ဂိုတွေ တို့မြေပြန့်က ကျော်ခွာသွားဖို့ပဲ"

ကျောက်မိန်သည် ဆတ်ခနဲ မတ်တတ်ရပ်လိုက်ပြီး…

"ဘာ…ရှင်က ဒီလိုပုန်ကန်တဲ့ စကားမျိုး ပြောရဲသလား"

ဟူကျင်းက အေးအေးဆေးဆေးပင်…

"ငါက နဂိုကတည်းက သူပုန်ပဲ၊ မင်းလဲ သိပြီးသားပဲ၊ အဖြစ်လို့ ပုန်ကန်တဲ့ စကားမျိုး မပြောရဲရမှာလား"

ကျောက်မိန်သည် စကားမပြောနိုင်တော့။ ဟူကျင်းကို ကြာမြင့်စွာ စူးစိုက်ကြည့်နေမိသည်။ သူမ၏ ဒေါသများနှင့် ည်ြမှုများသည် တဖြည်းဖြည်း ပျောက်ကွယ်သွားလျက် တ်ပျက်နွမ်းနယ်လှစွာ ထိုင်ခုံတွင် ပြန်ထိုင်ချလိုက်သည်။ ို့နောက် ဖြည့်ညင်းစွာဖြင့် ပြောသည်။

"ကျွန်မ အစောကြီးကတည်းက ထင်ပါတယ်လေ၊ ါပေမယ့် ရှင်ကိုယ်တိုင် ပြောတာကို ကြားချင်လို့ပါ၊ အခုတော့ ကယ်မှန်း သိရပြီပေါ့"

သူမ၏ လေသံသည် အလွန် ဝမ်းနည်းကြေကွဲနေသည်။ ူကျင်းသည်လည်း သူ၏ စိဓစိတ်ကိုက နူးညံ့သိမ်မွေ့သူ

www.burmeseclassic.com



ဖြစ်ရာ ကျောက်မိန်အား ချော့မော့နှစ်သိမ့်လိုသော်လည်း မည်သည့် စကားဖြင့် နှစ်သိမ့်ရမည်မှန်းမသိ ဖြစ်နေသည်။

နှစ်ယောက်သား အတန်ကြာ တိတ်ဆိတ် ငြိမ်သက်စွာ ထိုင်နေကြပြီးမှ ဟူကျင်းက

"ကျောက်မိန် ညဥ့်နက်လှပြီ၊ ငါ မင်းကို လိုက်ပို့ပေးမယ် ပြန်တော့နော်"

ကျောက်မိန်က...

"ဘာလဲ...ရှင်က ကျွန်မနဲ့ ခဏတစ်ဖြုတ်တောင် ထိုင်ပြီး စကားမပြောချင်တော့ဘူးပေါ့ ဟုတ်လား"

"ဟာ...မဟုတ်တာပဲ၊ မင်း စကားပြောချင်တယ်ဆိုရင် မင်းဘေးမှာ တစ်ညလုံး ထိုင်ပြီး ငါ နားထောင်မယ်"

ကျောက်မိန် ကျေနပ်သွားသည်။ ပြုံးလိုက်ရင်း...

"ကျွန်မလေ တစ်ခါတစ်ခါ တစ်ယောက်တည်းထိုင်ပြီး စဉ်းစားမိတယ်၊ မွန်ဂိုမင်းသမီးတစ်ပါး မဟုတ်ဘဲ ချူကျူးလို တရုတ်မိန်းကလေးတစ်ယောက် ဖြစ်နေရင် ဘယ်လောက် ကောင်းမလဲလို့၊ အဲဒီလိုဆိုရင် ရှင် ကျွန်မအပေါ် ဆက်ဆံတာ ဒီထက် ပိုပြီး နူးညံ့ပျော့ပျောင်းလာမှာပဲနော်၊ ကျွန်မ တစ်ခုမေးမယ် ကျွန်မက ချောသလား၊ ချူကျူးက ချောသလားဟင်"

သည်မေးခွန်းကလေးက ဟူကျင်း၏ ဦးခေါင်းကို မိုးကြိုး ပစ်လိုက်သည်နှင့် တူလှသည်။ သည်မေးခွန်းမျိုး မေးလာ လိမ့်မည်ဟု လုံးဝ မထင်မှတ်ခဲ့။ မွန်ဂိုအမျိုးသမီး ဖြစ်နေ၍ အလွန် ပွင့်လင်းလှသောကြောင့်သာ သည်လို မေးခွန်းမျိုး မေးရဲခြင်းဖြစ်သည်။



မီးရောင်အောက်၌ ကျောက်မိန်၏ မျက်နှာကလေးမှာ အမှန်တကယ်ပင် လှပနေသည်ဖြစ်၍ ဟူကျင်းက လွတ်ခနဲ ဖြေလိုက်သည်။

"မင်းက ချောတာပေါ့"

ကျောက်မိန်၏ မျက်နှာကလေးသည် ဝင်းလက်သွားပြီး သူမ၏ ညာလက်ဖြင့် ဟူကျင်း၏ လက်ကို ဆုပ်ကိုင်ပြီး...

"ဟူကျင်း...ရှင် ကျွန်မကို အမြဲတွေ့ချင်သလားဟင်၊ အခုလို အရက်သောက်ဖို့ လာခေါ်ရင်ကော အမြဲ လိုက်မလား ဟင်"

ဟူကျင်းသည် မိမိ၏လက်ကို ပူနွေးနူးညံ့သော သူ၏ လက်ကလေးဖြင့် ဆုပ်ကိုင်ထားခြင်းကို ခံရသောအခါ တစ်ကိုယ်လုံး ရှိန်းရှိန်းမြမြ ခံစားသွားရပြီး ရင်လည်း တဒိတ်ဒိတ် ခုန်လာတော့သည်။ သူသည် စိတ်ကို ထိန်းလိုက်ပြီးမှ...

"ငါ ဒီမှာအကြာကြီး မနေနိုင်ဘူး၊ နောက် သုံးလေးရက်ဆိုရင် တောင်ပိုင်းကို သွားရတော့မယ်"

"တောင်ပိုင်းကို ဘာသွားလုပ်မလို့လဲဟင်"

ဟူကျင်းသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ မပြောရင်လဲ မင်း ရိပ်မိမှာပဲ၊ ငါ ပြောပြန်ရင်လဲ မင်း စိတ်ဆိုးဦးမှာပဲ"

ကျောက်မိန်သည် ချက်ချင်း သဘောပေါက်သွားသည်။ ဟူကျင်းသည် တောင်ပိုင်းသို့ဆင်း၍ တော်လှန်ရေး အင်အားစုများကို စုစည်းတော့မည်။ သူမသည် တစ်ချက် ငေးမောသွားရင်း ရုတ်တရက်...

"ရှင် ကျွန်မကို ကိစ္စသုံးခု ဆောင်ရွက်ပေးမယ်ဆိုတဲ့ ကတိကို မမေ့သေးဘူးနော်"

"မမေ့ပါဘူး"

"ဒါဖြင့် ကျွန်မ ပထမဆုံး ကိစ္စတစ်ခု ပြောမယ်၊ ကျွန်မနဲ့ အတူသွားပြီး နဂါးနိုင်ဓား သွားယူမယ်"

ဟူကျင်းသည် စောစောကတည်းကအစ ကျောက်မိန်ခိုင်းသည့် ကိစ္စများသည် လွယ်ကူသော ကိစ္စများဖြစ်မည် မဟုတ်ကြောင်းကို ကြိုတင်ရိပ်စားမိသည်သာ ဖြစ်ပါ၏။ သို့သော် နဂါးနိုင်ဓား ယူရမည့် ကိစ္စလောက် ခက်ခဲမည်လို့တော့ မထင်မှတ်ခဲ့ချေ။

ကျောက်မိန်သည် ဟူကျင်း၏ မျက်နှာကို အကဲခတ်ပြီး...

"ဘာလဲ...ရှင် သဘောမတူဘူးပေါ့၊ ကတိပျက်ချင်ပြီပေါ့"

ဟူကျင်း၏ စိတ်ထဲတွင်...

"နဂါးနိုင်ဓားဟာ ငါ့မွေးစားအဖေရဲ့ လက်ထဲမှာ ရှိနေတာကို သိုင်းလောက တစ်ခုလုံးက သိနေတာပဲ၊ သူ့ကို ဖုံးကွယ်စရာ မလိုပါဘူး"



သို့နှင့် ဟူကျင်းက ကျောက်မိန်အား ပြောလိုက်သည်။

"နဂါးနိုင်ဓားဟာ ငါ့မွေးစားအဖေ ရှက်စွန်းရဲ့ လက်ထဲမှာပဲ၊ ါက ဘယ့်နှယ့် သူ့လက်က ဓားကိုလုပြီး မင်းကို ပေးနိုင်မှာလဲ"

ကျောက်မိန်က...

"ကျွန်မက ရှင့်ကို သွားလုခိုင်း ခိုးခိုင်းတာမှ မဟုတ်တာ၊ ျွန်မက ဒီဓားကို ငှားကြည့်ပြီး ပြန်ပေးမှာပဲ၊ ကျွန်မ ကြည့်ချင်တဲ့ အချိန်မှာ ရှင်ကလဲ ကျွန်မ ဘေးနားမှာ ရပ်ကြည့် နေပေါ့၊ ကျွန်မ ထွက်မပြေးပါဘူး"

ဟူကျင်းသည် သူမ၏ စကားကို နားထောင်နေရင်း ာဘာသာ သူလည်း အတွေးဝေနေမိသည်။

"ဒီဂိုဏ်းကြီး ခြောက်ဂိုဏ်းက လူဖျော့ကို ကယ်ပြီးတဲ့အခါ အဖေကြီးကို ပြန်ခေါ်ပြီး ငါတို့ ဂိုဏ်းချုပ်လုပ်နိုင်းဖို့ တ်ကူးထားတာနဲ့တော့ အတော်ပဲ၊ ငါ ပါနေရင်တော့ ျောက်မိန် ဘာမှ လုပ်နိုင်မှာ မဟုတ်ဘူး"

ထို့ကြောင့် ဟူကျင်းက ကျောက်မိန်အား...

"ကောင်းပြီ၊ ငါ သဘောတူတယ်"

"ဒါဖြင့် ရှင် ဘယ်အချိန် သွားမှာလဲ"

"နောက် သုံးလေးရက်ဆိုရင် သွားဖြစ်မယ်ထင်တယ်"

"ကောင်းတယ်၊ ဒါဆိုရင် ကျွန်မလဲ ပြင်ဆင်စရာကလေးတွေ ဆင်ထားရတာပေါ့၊ ရှင် သွားခါနီးကျရင် ကျွန်မကို လာခေါ် ဦး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ...မင်းလဲလိုက်မယ်၊ ဟုတ်လား"

"လိုက်မှာပေါ့၊ ရှင့်မွေးစားအဖေက ပင်လယ်ရပ်ခြား ကျွန်းတစ်ခုမှာ မဟုတ်လား၊ တကယ်လို့ သူက မြေပြန့်ကို မပြန်ချင်ဘူးဆိုရင် ဘယ့်နှယ်လုပ်မလဲ၊ ရှင်က ဒီဓားကြီး ခဏယူလာ၊ ကျွန်မကို ပြပြီးရင် ပြန်ယူသွားပေးနဲ့ ဘယ်လောက် ရယ်စရာ ကောင်းသလဲ၊ ကျွန်မက အခုလို တစ်ခါတည်း လိုက်ခဲ့တော့ ဓားကို ကြည့်ပြီးတာနဲ့ ရှင့် မွေးစားအဖေကို ချက်ချင်း ပြန်ပေးလိုက်ရုံပေါ့"

ဟူကျင်းသည် သူ့မွေးစားအဖေထံ သွားသည့် ပင်လယ်ခရီးသည် အလွန်ကြမ်းတမ်း၍ အန္တရာယ်ကြီးလှကြောင်း ကောင်းစွာသိသည်။ ထို့ကြောင့် သူက ...

"ပင်လယ်ထဲမှာ လှိုင်းလေ သိပ်ထန်ပြီး အန္တရာယ်ကြီး သိပ်ကြီးတာ ဘာဖြစ်လို့ ကိုယ်တိုင်လိုက်ချင်ရတာလဲ ကျောက်မိန်"

"ရှင်တောင် သွားရဲသေးတာ၊ ကျွန်မက ဘာဖြစ်လို့ မသွားရဲရမှာလဲ"

"မင်းအဖေကကော သဘောတူပါ့မလား"

"ကျွန်မအဖေက ကျွန်မကို ဘာမှ မပြောဘူး၊ အလိုလိုက်ထားတာ၊ ကျွန်မလုပ်ချင်တာလုပ်၊ ဘာမဆို လုပ်လို့ရတယ်"

"ဒီလိုဆိုရင် သွားကာနီးကျတော့ ငါ မင်းကို လာခေါ်မယ် ဟုတ်လား"



သူတို့၏ စကားမဆုံးမီပင် အလန့်တကြား ဆူညံအော်ဟစ်သံများကို ကြားလိုက်ရသဖြင့် ကျောက်မိန်က လှမ်းကြည့်လိုက်ရာ...

"ဟာ...ဝမ်ဖားဘုရားကျောင်း မီးလောင်နေပါကလား၊ ဦးလေးခုတို... ဦးလေး ခုတို... မြန်မြန်လာ"

သို့သော် ဦးလေးခုတို အမည်ခံ ဖန်းရောင်ကား ဆိုင်အပြင်ဘက်တွင် လုံးဝမရှိတော့ချေ။ ကျောက်မိန်က ဆိုင်ရှင်အား မေးကြည့်ရာ ဖန်းရောင် ရောက်ရောက်ချင်းပင် အပြင်သို့ထွက်ခွာသွားကြောင်း သိလိုက်ရသည်။ သူမသည် ရုတ်တရက်တော့ ဖန်းရောင်က မိမိကို သစ္စာဖောက်လိမ့်မည်ဟု မထင်မှတ်လိုက်ချေ။

ဟူကျင်းကမူ သူတို့၏ အစီအစဉ်အတိုင်း လုပ်ငန်းစတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိလိုက်၍ ချက်ချင်း ကျောက်မိန်အား...

"ကဲ... ငါ သွားဦးမယ်"

ပြောပြောဆိုဆိုနှင့် ပြတင်းပေါက်မှ ခုန်ထွက်သွားတော့သည်။ ကျောက်မိန်ကလည်း...

"နေဦး... နေဦး၊ ကျွန်မလဲ ရှင်နဲ့ အတူတူလိုက်မယ်"

သို့သော် သူမ ပြူတင်းပေါက်အပြင်သို့ ရောက်သောအခါတွင် ဟူကျင်းကို အရိပ်အယောင်မျှပင် မမြင်မတွေ့ရတော့ချေတကား။

* * *

www.burmeseclassic.com

www.burmeseclassic.com

ဖန်းရောင်သည် ကျောက်မိန်ကို အရက်ဆိုင်ထဲသို့ ပို့ပေး လိုက်ပြီးသည်နှင့် သူ့လုပ်ငန်းကို စတင်ဆောင်ရွက်ရန် ချက်ချင်း ထွက်ခွာသွားတော့သည်။

ထိုအချိန်တွင် မျက်ကြွယ် မယ်သီလရှင်ကြီးသည် သူမ၏ သီးသန့်အခန်းထဲသို့ ချူကျူးကို ခေါ်ငင်လျက် လှို့ဝှက်စကား များကို ပြောပြနေသည်။ ချူကျူးသည် သူမ၏ ဆရာမနှင့် များမကြာမီ သေကွဲတွဲရတော့မည်ကို တွေးမိသဖြင့် မျက်ရည် ပူဆွေးဝမ်းနည်းနေမိသည်။ မျက်ကြွယ်ဆရာမကြီး အစာတော် သည်မှာ ငါးရက်ကျော်ကြာပြီဖြစ်ရာ သူမသည် အလွန်အားအင် ချည့်နဲ့နေပြီ ဖြစ်၏။ သူမသည် ချူကျူး တစ်နေ့ည ဖြစ်ပျက်ခဲ့သည်များနှင့် ပတ်သက်၍ မေးမြန်းလိုက်သည်။



ချူကျူးက ဟူကျင်း သူမကို လာရောက်ကယ်တင်ခဲ့ပုံကို ပြောပြလိုက်သည်။ မျက်ကြွယ် ဆရာမကြီးသည် မျက်မှောင် ကုတ်လိုက်ပြီး . . .

"သူက ဘာဖြစ်လို့ ညည်းတစ်ယောက်တည်းကိုမှ ကယ်ရ တာလဲ တခြားလူတွေကိုတော့ တစ်ယောက်မှ မကယ်ဘူး၊ သူ့ ကိုဓားနဲ့ ထိုးထားတဲ့ ညည်းကိုမှ ဘာဖြစ်လို့ လာကယ်ရတာလဲ"

ချူကျူးသည် မျက်နှာနီရဲသွားပြီး . . .

"ဒါတော့ ကျွန်မ မသိဘူး"

"ဒီကောင်ဟာ အင်မတန်ကြောက်စရာကောင်းတဲ့ကောင်၊ သူဟာ မကောင်းဆိုးဝါးဂိုဏ်းရဲ့ ခေါင်းဆောင်ပဲဥစ္စာ၊ ဘယ်မှာ လာပြီး စိတ်ကောင်းရှိနိုင်မှာလဲ၊ ဒီကောင် တမင်သက်သက် အကွက်ဆင်ထားတာ သိရဲ့လား"

"သူ အကွက်ဆင်ထားတယ် ဟုတ်လား"

"ဟုတ်တယ်၊ သူ အကွက်ဆင်ထားတာ၊ ငါတို့က သူတို့ရဲ့ ကောင်းဆိုးဝါးဂိုဏ်းသားတွေကို ဒီလောက်သတ်ထားခဲ့တာ ဘယ်လိုလုပ်ပြီး တို့အပေါ် စေတနာရှိနိုင်ပါ့မလဲ၊ ဒီကောင်က ညည်းကို ကြိုက်နေလို့ အခုလို တမင်သက်သက် ညည်း သူ့ ဆက် စိတ်ယိုင်လာအောင် လုပ်တာ"

ချူကျူးသည် တိုးညင်းသော လေသံကလေးဖြင့် . . .

"ဆရာမကြီး ကျွန်မသူ့ကိုကြည့်ရတာ ဟန်ဆောင်ပုံ မရပါ ဘူး"

www.burmeseclassic.com

www.burmeseclassic.com



မျက်ကြွယ်ဆရာမကြီးသည် ဒေါသတကြီးဖြင့် အော်ဟစ်လုက်သည်။

"ညည်းလဲ ဟို အသုံးမကျတဲ့ ကောင်မ ကျိုရှောင်မှုလို ဖြစ်ချင်ပြန်ပြီထင်တယ်၊ ဒီအသုံးမကျတဲ့ကောင်ကိုပဲ မျက်စိကျနေပြန်ပြီ၊ ငါ... အခုအားမရှိလို့ ရှိရင် ညည်းကို တစ်ချက်တည်းနဲ့ ရိုက်သတ်ပစ်မိတော့မှာပဲ"

ချူကျူးက ကြောက်ရွံ့တုန်လှုပ်လာသဖြင့်...

"ကျွန်... ကျွန်မ ဒီလို မဟုတ်ပါဘူး"

"နင်သာ တကယ် ဒီလို မဟုတ်ဘူးဆိုရင် ငါ့ရှေ့မှာ ဒူးထောက်ပြီး ကျိန်ရမယ်"

ချူကျူးသည် မျက်ရည်စက်လက်ဖြင့် မျက်ကြွယ်၏ ရှေ့တွင် ဒူးထောက်လိုက်သည်။ သို့သော် မည်သည့်စကား ကျိန်ဆိုရမည်မှန်း မသိဘဲ ဖြစ်နေသည်။

"ညည်း... ငါဆိုသလို လိုက်ဆိုစမ်း"

မျက်ကြွယ်သည် ခက်ထန်သောအသံဖြင့် ချူကျူးကို ခြိမ်းခြောက်အမိန့်ပေးလိုက်ပြီး သူမက ရှေ့မှ ဦးဆောင်ဆိုသွားသည်။

"ကျွန်မချူကျူး ဘုရားကို တိုင်တည်ပြီး ကျမ်းကျိန်သစ္စာဆိုပါသည်၊ နောင်တစ်ချိန်ချိန်၌ မကောင်းဆိုးဝါး ဂိုဏ်းသားကျန်းဟူကျင်းဆိုသည့် လူယုတ်မာကလေးကို ချစ်စိတ် ထားခဲ့ပါလျှင်၊ အကြင်လင်မယားအဖြစ် ပေါင်းမိခဲ့ပါလျှင် ကျွန်မ၏ ကွယ်လွန်သူ မိဘနှစ်ပါးစလုံး ငရဲပြည်သို့ ကျပါစေ၊ ကျွန်မ၏ ဆရာမမျက်ကြွယ်သည်လဲ သရဲတစ္ဆေဖြစ်လျက် ကျွန်မကို နေ့စဉ် မပြတ် ချောက်လှန့်နေပါစေ၊ အကယ်၍ ကျန်းဟူကျင်းနှင့် ပေါင်းသင်းလျက် သားသမီးများရခဲ့ပါက သားယောကျ်ား မျိုးဆက်တိုင်းသည် ကျွန်ယောကျ်ားကလေးများဖြစ်၍ သမီးမိန်းကလေး မျိုးဆက်တိုင်းသည် ပြည့်တန်ဆာမများအဖြစ် ကျရောက်ပါစေဘုရား"

ဤမျှလောက် ကြမ်းတမ်းရက်စက်သော ကျိန်ဆို စကားများကို မျက်ကြွယ်ဆရာမကြီးသည် ရှေ့မှ တိုင်ပေးလိမ့်မည်မဟုတ်ဟု ချူကျူးထင်မှတ်ခဲ့သည်။ သို့သော် မျက်ကြွယ်ဆရာမကြီး ကျိန်ခိုင်းသည်တို့ကို ချောက်အိပ်မက်နှယ် ခံစားလိုက်ရပြီး ကျိန်ဆို လိုက်ရရှာတော့သည်။

မျက်ကြွယ် မယ်သီလရှင်ကြီးသည် ထိုအခါမှ ကျေနပ်သွားပြီး...

"ကောင်းပြီ... ညည်း ထ, ပေတော့"

ချူကျူးသည် မျက်ရည်လည်ရွဲဖြင့် ဖြစ်နေရှာတော့သည်။ ချူကျူးခံစားနေရသည်တို့ကို မျက်ကြွယ် လုံးဝ ဂရုမစိုက်ချေ။ သူမ၏ လက်ထဲတွင် ဝတ်ထားသော သံလက်စွပ်ကို ဖြုတ်၍ ချူကျူးအားပြောလိုက်သည်။

"ချူကျူး... ဒီနေ့ ဒီအချိန်ကစပြီး ညည်းဟာ ငါတို့ရဲ့ ဒါမေဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ပြောပြောဆိုဆိုနှင့် ထိုသံလက်စွပ်ကို ချူကျူး၏ လက်၌ ဝတ်ဆင်ပေးလိုက်သည်။ ချူကျူးမှာမူ ကျောက်ရုပ်သဖွယ် မှင်သက် နေမိတော့သည်။ ထိုစဉ် မျက်ကြွယ်သည် တည်ကြည် လေးနက်သော လေသံဖြင့် ချူကျူးတစ်ယောက် ကြားနိုင်သည့် စကားကို ပြောလိုက်သည်။

"ချူကျူး အခု ငါတို့ ဝါမေဂိုဏ်းတစ်ခုတည်းကသာ သိထားတဲ့ ထိပ်တန်းလျှို့ဝှက်ချက် တစ်ခုကို ပြောပြမယ်၊ ညည်း သေသေချာချာ ဂရုစိုက်ပြီး နားထောင်ပါ၊ သိုင်းလောကက လူတွေဟာ နဂါးနိုင်ဓားကိုရရင် သိုင်းလောကမှာ ဥသျှောင်သရဖူ ဖြစ်နိုင်တယ်ဆိုတာပဲ သိကြတယ်၊ ဘာကြောင့် ဖြစ်နိုင်တယ်ဆိုတာတော့ လုံးဝ မသိကြဘူး၊ ဒီအကြောင်းကို ငါတို့ ဝါမေဂိုဏ်း တစ်ခုတည်းကသာ သိထားတာ၊ အခု ညည်းဟာ ဝါမေဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်သွားပြီဆိုတော့ ညည်းကို ပြောပြမယ်၊ ဒီလျှို့ဝှက်ချက်ကိုတော့ ဘယ်သူ့ကိုမှ သွားမပြောရဘူး"

ချူကျူးသည် မျက်ကြွယ်ဆရာမကြီး ခြိမ်းခြောက်သမျှ ကြောက်ရွံ့စွာဖြင့် လိုက်နာ ဆောင်ရွက်နေရပေရာ မူးယိုင်ယိမ်းထိုးလျက် မူးမေ့ကျမတတ် ခံစားနေရတော့သည်။ မျက်ကြွယ်ကမူ သူမ၏ စကားကိုသာ ဆက်ပြောနေသည်။

"အမှန်ကတော့ နဂါးနိုင်ဓားနဲ့ တိမ်လွှာဓားကို သွန်းလုပ်ခဲ့တဲ့ လူဟာ တစ်ယောက်တည်းပဲ၊ သူက တကယ့် သိုင်းပညာ



ကြီး မဟုတ်ဘူး၊ ဒီဓားနှစ်လက်ကို လုပ်တုန်းက နဂါးနိုင်ထဲမှာ စစ်သေနင်္ဂဗျူဟာ ကျမ်းစာအုပ်ကို ထည့်ထားတယ်၊ မ်လွှာဓားတော့ သိုင်းပညာမှာ ထိပ်တန်းလို့ ဆိုနိုင်တဲ့ စကြာ သိုင်းကျင့်စဉ်ကို ထည့်ထားလိုက်တယ်၊ ဒီဓားနှစ်လက် က စာအုပ်နှစ်အုပ်ကို ယူဖို့ကတော့ နည်းတစ်နည်းပဲရှိတယ်၊ ကတော့ တိမ်လွှာဓားနဲ့ နဂါးနိုင်ဓားကို တစ်ဖက်တစ်ချက်စီမှာ ိုင်ပြီး အချင်းချင်း ခုတ်ဖြစ်လိုက်တဲ့အခါမှာ ဓားနှစ်လက်စလုံး ျိုးသွားပြီး ကျမ်းစာအုပ် နှစ်အုပ်စလုံး ထွက်လာနိုင်တယ်၊ စစ်သေနင်္ဂဗျူဟာ ကျမ်းစာအုပ်ကတော့ မွန်ဂိုတွေကို ွန်းလှန်တဲ့အခါမှာ အများကြီး အထောက်အကူပြုနိုင်တဲ့ ာအုပ်ဖြစ်တယ်"

ချူကျူးသည် မဟာလျှို့ဝှက်ချက်ကြီးကို ကြားလိုက်ရသော ခါ၊ အိပ်မက် မက်နေသကဲ့သို့ ဖြစ်နေမိတော့သည်။ မျက်ကြွယ် ဆက်၍…

"အခု နဂါးနိုင်ဓားက ဟို လူယုတ်မာရဲ့ မွေးစားအဖေ က်စွန်းရဲ့ လက်ထဲမှာ၊ ဒီလူယုတ်မာလေးဟာ သူ့ရဲ့ မွေးစား အဖေ ဘယ်မှာရှိတယ်ဆိုတာ ဘယ်သူ့ကိုမှ ပြောပြမှာ မဟုတ်ဘူး၊ ါပေမယ့် ဒီလောကမှာ ဒီကောင်ကို ပြောပြနိုင်အောင် လုပ်နိုင်တဲ့ သူ တစ်ယောက်တော့ ရှိတယ်၊ အဲဒါ ဘယ်သူလဲ သိလား၊ အဲဒါ ညည်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



ချူကျူးသည် ထိုစကားကို ကြားလိုက်ရသောအခါ ရှက်ကြောက် ဝမ်းသာ ခံစားမှုများကို တစ်ပြိုင်နက် ခံစားလိုက်ရ ရှာသည်။ မျက်ကြွယ်က…

"ဒါကြောင့် ညည်းအနေနဲ့ ဒီလူယုတ်မာလေးရဲ့ လက်ထဲက နဂါးနိုင်ဓားကိုပြန်ရအောင် မိန်းမမာယာသုံးပြီး ယူ၊ တိမ်လွှာဓားက ဟိုမွန်ဂိုမရဲ့ လက်ထဲမှာဆိုတော့ ပြန်ယူဖို့က လွယ်တယ်။ ချူကျူး ဒီတာဝန်ကြီးဟာ အင်မတန် ကြီးမားလေးလံ ခက်ခဲတယ်ဆိုတာ ငါသိပါတယ်၊ ဒါပေမယ့် ငါတို့ တိုင်းပြည်ကို မွန်ဂိုတွေရဲ့ လက်ထဲက ပြန်လုယူနိုင်ဖို့၊ မကောင်းဆိုးဝါးရဲ့ လက်ထဲက ပြန်လွတ်မြောက်နိုင်ဖို့အတွက် တစ်တိုင်းပြည်လုံးက ပြည်သူတွေရဲ့ကိုယ်စား ဒီတာဝန်ကြီးကို ဆောင်ရွက်ပေးပါလို့ ဒူးထောက် တောင်းပန်ပါတယ်"

မျက်ကြွယ်သည် ဇ.ကယ်ပင် ဒူးထောက် ထိုင်ချလိုက် တော့သည်။ ချူကျူးသည် အကြီးအကျယ် ထိတ်လန့်တုန်လှုပ် သွားလျက် ကမန်းကတန်း ဒူးထောက်လိုက်ပြီး မျက်ကြွယ်အား ပြန်တောင်းပန်ရှာသည်။

"ဆရာမကြီး ဒီလိုမလုပ်ပါနဲ့၊ ထပါ"

"ငါ ပြောတဲ့ ကိစ္စကြီးကို ဆောင်ရွက်ပေးပါလို့ သဘော တူသလား၊ မတူဘူးလား၊ သဘောတူတယ်လို့ ကတိမပေးမချင်း တစ်သက်လုံး ဒီလိုပဲဒူးထောက်ထားမယ်၊ ဘယ်တော့မှ ပြန်မထ တော့ဘူး"



ချူကျူးအဖို့မူ ကမ္ဘာလောကကြီး တစ်ခုလုံး ပတ်ချာလည် ယိမ်းထိုးနေသကဲ့သို့သာ ခံစားနေမိတော့သည်။ မည်မျှ ရက်စက် မာကျောသော စိတ်ထားရှိသည့် မယ်သီလရှင်ကြီးပေတည်း။ သူမ စွဲမက် ချစ်နှစ်သက်ရသည့် ချစ်သူနှင့် လက်မဆက်နိုင်စေရန် ကြောက်မက်ဖွယ်ရာ ကျိန်စာများဖြင့် အတင်းအကျပ် ကျိန်တွယ် သစ္စာဆိုခိုင်းခဲ့သည်။ ထို့ပြင် သူမ မလုပ်ချင်သည့် ဂိုဏ်းချုပ် ရာထူးကို အတင်းအကျပ် ယူခိုင်းပြီး မိန်းမမာယာဖြင့် ဟုကျင်းအား မြူဆွယ်ကာ နဂါးနိုင်ဓားကို ယူခိုင်းပြန်သည်။

ခံစားမှုများ ပြင်းထန်လှသဖြင့် ချူကျူးသည် မိုက်ခနဲ ဖြစ်သွားပြီး သတိမေ့သွားလေတော့သည်။ အတန်ကြာ၍ သူမ သတိပြန်ရလာသောအခါ မျက်ကြွယ် သီလရှင်ကြီးသည် ဒူးထောက် ထိုင်လျက်ရှိသေးကြောင်း တွေ့ရှိရပြန်သည်။ ထို့ကြောင့် ချူကျူးက…

"ဆရာမကြီး မတ်တတ် ပြန်ရပ်လိုက်ပါ၊ ကျွန်မ တောင်းပန် ပါတယ်"

"ညည်း ငါ့ရဲ့ တောင်းဆိုချက်ကို သဘောတူရင် ငါ မတ်တတ်ထမယ်"

ချူကျူးသည် ပြန်လည် မူးမေ့သွားမတတ် ဖြစ်နေရှာ အားတင်းလျက် ခေါင်းညိတ်ပြလိုက်ရရှာသည်။

ယိုစဉ်ပင် အခန်းတံခါး ပွင့်သွားပြီး လူတစ်ယောက် အခန်းထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ခုန်ဝင်လာတော့သည်။ ထိုလူမှာ ဖန်းရောင် ဖြစ်သည်။ ဖန်းရောင်က အသံတိုးတိုးဖြင့်…

"ဒါက ခင်ဗျားတို့ ကိုယ်ထဲက အဆိပ်ကို ဖြေပေးမယ့် အဆိပ်ဖြေဆေးပဲ၊ မြန်မြန်စားလိုက်ပါ၊ တော်တော်ကြာ အပြင်ဘက်ကအော်သံကြားရင် အားလုံး တစ်ချိန်တည်းမှာ ထိုးဖောက်ထွက်ကြရမှာ"

မျက်ကြွယ်သည် အလွန် အံ့သြသွားဟန်ဖြင့်…

"ရှင်က ဘယ်သူလဲ၊ ဘာဖြစ်လို့ ဖြေဆေး လာပေးရတာလဲ"

ဖန်းရောင်က…

"ကျုပ်က အလင်းမာန်ဂိုဏ်းရဲ့ လက်ယာရံ ဖန်းရောင်ပဲ၊ အခု ဖြေဆေးကို ခိုးလာနိုင်ခဲ့လို့ လာပေးတာပဲ"

မျက်ကြွယ်သည် ဒေါသတကြီးဖြင့် အော်ဟစ်လိုက်သည်။

"မကောင်းဆိုးဝါးဂိုဏ်းက သရဲတစ္ဆေတွေ၊ ဟင် မင်းတို့ အခုအချိန်အထိ နောက်ပြောင်ရဲသေးတယ်ပေါ့၊ ဟုတ်လား"

ဖန်းရောင်က လေသံတင်းတင်းဖြင့် ပြောလိုက်သည်။

"ဟုတ်တယ်၊ ကျုပ်တို့က နောက်ပြောင်နေတာ၊ အခု ခင်ဗျားကိုပေးတာ အဆိပ်၊ နားလည်လား၊ အဆိပ်ရဲ့ အပြင်းထန်ဆုံး အဆိပ်ပဲ၊ ခင်ဗျားသတ္တိရှိရင် ဒီအဆိပ်ကို စားကြည့်ပါလား"

မျက်ကြွယ်သည် မည်သို့မျှ တုံ့ပြန် မပြောတော့ဘဲ ဖန်းရောင်



လက်ထဲမှ ဆေးကိုယူ၍ ချက်ချင်း စားပစ်လိုက်တော့သည်။ ချူကျူးသည် အလန့်တကြား အော်ဟစ်လိုက်သည်။

"ဆရာမကြီး…ဆရာမ…ဆရာမ"

ဖန်းရောင်အဖို့ အခြေအနေအားလုံးကို အသေးစိတ် ရှင်းမပြနိုင်ချေ။ လုပ်ငန်းအားလုံးကို အချိန်ကိုက် ဆောင်ရွက်နေရခြင်း ဖြစ်သဖြင့် စကားကြော ရှည်နေခြင်းဖြင့် အစီအစဉ် အားလုံး အပျက်မခံနိုင်။ ထို့ကြောင့် ဖန်းရောင်သည် ချူကျူးကို ဖမ်းချုပ်လိုက်ပြီး သူမ၏ ပါးစပ်ထဲသို့ ဖြေဆေးကို အတင်းသွတ်သွင်းပေးလိုက်လေတော့သည်။

မျက်ကြွယ်သည် သူမ၏ ရည်ရွယ်ချက်ကြီးကို အကောင်အထည် ဖော်နိုင်ရန် ချူကျူးအပေါ် လုံးဝ မှီအပ်ခဲ့ပြီးဖြစ်ရာ ယခု ချူကျူးကိုလည်း အဆိပ်ကျွေးနေသည်ကို မြင်ရသောအခါတွင် ဒေါသပြင်းစွာ ထွက်မိတော့သည်။

ချူကျူး သေပြီဆိုလျှင် သူမ၏ ရည်ရွယ်ချက်ကို မည်သူက အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်တော့မည်နည်း။

ထို့ကြောင့် သူမသည် ရုတ်တရက် အော်ဟစ်လိုက်ပြီး ဖန်းရောင်ကို ခုန်အုပ်လိုက်သည်။ သို့ရာတွင် သူမ၌ အတွင်းအား လုံးဝ မရှိတော့သဖြင့် ဖန်းရောင် မခုန်အုပ်နိုင်ဘဲ ဖြစ်သွားရသည်။ ဖန်းရောင်က အလွယ်တကူပင် ရှောင်တိမ်းလိုက်သည်။ ဖန်းရောင်က ရယ်မောလျက်…

www.burmeseclassic.com

www.burmeseclassic.com



"ရှောင်လင်ဂိုဏ်းက ဘုန်းကြီးတွေ၊ ဟွာတန်းဂိုဏ်းက ထိပ်သီးတွေအားလုံး ကျုပ်ရဲ့ အဆိပ်ဖြေဆေးကို စားပြီးကြပြီ၊ တော်တော်ကြာလောက်ရင် ကျုပ်တို့ အလင်းမာန်ဂိုဏ်းဟာ လူဆိုးဂိုဏ်းလား၊ သူတော်ဂိုဏ်းလားဆိုတာ ခင်ဗျား သိရမယ်"

ဖန်းရှောင်သည် တဟားဟား ရယ်မောလျက် ထွက်ခွာသွားတော့သည်။

ဖန်းရှောင်သည် အရက်ဆိုင်မှ ပြန်တွက်လာပြီးသည့်နောက် လုကျန့်ကို သွားရှာလိုက်သည်။ လုကျန့်သည် ထိုအချိန်၌ စစ်သေနာပတိချုပ်ကြီး၏ နောက်ဆုံး ဇနီးချောလေးနှင့် ပျော်ပါးနေသည်။

ဖန်းရှောင်က အခွင့်ကောင်းကို လက်လွတ်မခံဘဲသူ၏ အကြောကို ထိုးပိတ်လိုက်သည်။ လုကျန့်၏ သိုင်းပညာ အလွန်မြင့်မားမှန်း သိသဖြင့် ပိုမို စိတ်ချ လုံခြုံသွားစေရန် လုကျန့်၏ ခြေလက်များကိုပါ ရိုက်ချိုးပစ်လိုက်သည်။ လုကျန့်၏ မြင့်မားလှသော သိုင်းပညာကြောင့် အကြောများ ပြန်ပွင့်သွားမည်ကိုလည်း မစိုးရိမ်ရတော့ပေ။ ခြေကျိုး လက်ကျိုးနှင့် သူ့ကို မည်သို့မျှ တိုက်ခိုက်နိုင်တော့မည် မဟုတ်ပေ။

ပြီးနောက် သူသည် လုကျန့်နှင့် စစ်သေနာပတိချုပ်ကြီး၏ ဇနီးချောကလေးကိုပါ စောင်တစ်ထည်ဖြင့် ရစ်ပတ်လျက် မျှော်စင်ထိပ်သို့ ပို့ဆောင်ထားပြီးမှ ထိပ်သီးသိုင်းသမားများကို



အဆိပ်ဖြေဆေး ဝေလိုက်ခြင်း ဖြစ်ပေသည်။ သူ၏ လက်ထဲ၌ လုကျန့်ရှိနေပါက လုကျန့်ကို ဓားစာခံအဖြစ် အသုံးချနိုင်သေးသည် မဟုတ်ပါလား။

သူသည် ဖြေဆေးကို အားလုံးသို့ ဝေငှပြီး ဖြစ်သဖြင့် မျှော်စင်ထိပ်၌ အလွန်အားရကျေနပ်နေစဉ် ရုတ်တရက် မျှော်စင်အောက်ဘက်မှ ဆူဆူညံညံ အော်ဟစ်သံများကို ကြားလိုက်ရတော့သည်။

အကြောင်းရင်းမှာ ဤသို့တည်း။

လုကျန့်၏ ဂိုဏ်းတူညီ ကော့ပိသည် ဖန်းရှောင် သစ္စာဖောက်လျက် သူ့အစ်ကို လုကျန့်ကို ဖမ်းဆီးသွားမှန်း သိလိုက်သဖြင့် စစ်သေနာပတိချုပ်ကြီး၏သား ခွန်းခွန်းဆက်ကို အကြောင်းကြားလိုက်သောကြောင့် ခွန်းခွန်းဆက်က စစ်တပ်များ၊ သိုင်းသမားများဖြင့် မျှော်စင်တစ်ခုလုံးကို ဝိုင်းထားလိုက်ခြင်း ဖြစ်ပေသည်။

လက်ဝါးစောင်း အဘိုးကြီး ကော့ပိသည် ဆွေ့ဆွေ့ခုန်မျှ ဒေါသထွက်လျက် ရှိနေသည်။ အပေါ်ဆုံးရှိ ဖန်းရှောင်အား အော်ခေါ်လျက် တစ်ပွဲတစ်လမ်း တိုက်ခိုက်ရန် မကြားဝံ့မနာသာ စကားများဖြင့် စိန်ခေါ်လျက် ရှိနေသည်။ ဖန်းရှောင်ကလည်း ဒေါသဖြစ်နေသည်။ စိတ်ထဲတွင်လည်း မခံချိမခံသာ ရှေ့တော် နေမိသည်။

www.burmeseclassic.com



"ငါလို အလင်းမာန်ဂိုဏ်းကြီးရဲ့ လက်ယာရံကများ မင်းကို ကြောက်နေမယ် ထင်သလား၊ ဟင်...မင်းက ဘယ်လောက်များ အစွမ်းထက်နေလို့လဲ၊ ငါ့မှာက ဟိုဘုန်းကြီးတွေ၊ မယ်သီလရှင်တွေ အဆိပ်မပြေသေးလို့ ခုလို ဒုက္ခရောက်နေတာ၊ နို့မို့ရင်တော့လား ဟင်း..."

ထိုစဉ် ကော့ပိက အော်ပြောလိုက်သည်။

"ခုတို မင်း ဆင်းမလာရင် ငါ တက်လာခဲ့မယ်ကွ"

ဖန်းရောင်က ကမန်းကတန်းပင် လုကျန့်နှင့် စစ်သေနာပတိချုပ်ကြီး၏ ဓနီးချောလေးတို့ကို ထုတ်ယူကာ မျှော်စင်ထိပ်မှ မြှောက်ပြလိုက်သည်။

"ဟော့ကောင် ကော့ပိ၊ ဒီမှာတွေ့လား၊ မင်း ရှေ့တိုးရဲရင် တိုးခဲ့စမ်း၊ မျှော်စင်နားကို ခြေတစ်လှမ်း ကပ်လာတာနဲ့ မင်းအစ်ကိုကို ငါက ပစ်ချလိုက်မှာ"

မျှော်စင်သည် အလွန်မြင့်လှသဖြင့် မျှော်စင်ပေါ်မှ ကျလာလျှင်တော့ အရိုးတခြား အသားတခြား ဖြစ်ရန်သာ ရှိတော့သည်။

ကော့ပိသည် သူ၏ ဂိုဏ်းတူအစ်ကို လုကျန့်ကို တွေ့ရသောအခါ အော်ဟစ် မေးလိုက်ပြန်သည်။

"အစ်ကို...အစ်ကို...အစ်ကို ဘာဖြစ်နေသေးသလဲ"

ဖန်းရောင်သည် လုကျန့် အသံထွက်နိုင်အောင် အကြော



ဖြေပေးလိုက်သည်။ လုကျန့်က အော်ဟစ် ပြောဆိုလိုက်သည်။

"ညီလေး...ဒီကောင့်ကို မလွှတ်..."

ဖန်းရောင်က အကြောကို ပြန်ထိုးပိတ်လိုက်သဖြင့် သူ့စကားကိုပင် ဆုံးအောင် မဆက်နိုင်တော့ချေ။ ကော့ပိက သူ့အစ်ကို မည်သို့မျှ မဖြစ်ဘဲ ပြန်လည်ပြောဆိုနိုင်သည်ကို တွေ့လိုက်ရသောအခါ မျှော်စင်နားသို့ လုံးဝ မကပ်တော့ချေ။

ထိုစဉ် စစ်သေနာပတိချုပ်ကြီး၏သား မင်းသား ခွန်းခွန်းဆက်က မျှော်စင်ကြီးကို မီးရှို့လိုက်ရန် သူ့တပ်သားများကို အမိန့်ပေးလိုက်တော့သည်။ ဤသို့ အမိန့်ပေးခြင်းမှာလည်း အကြောင်းရှိသည်။ ဖန်းရောင် လုကျန့်ကို ဖမ်းဆီးခြင်းမှာ အဆိပ်ဖြေဆေးအတွက်ဖြစ်ကြောင်း သိလိုက်ရ၍ ဖြစ်ပေသည်။

ကော့ပိသည် မင်းသား၏ မီးရှို့ရန် အမိန့်ကို ကြားလိုက်ရသောအခါ အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားသည်။

"မင်းသားလေး၊ ကျုပ်ရဲ့ ဂိုဏ်းတူအစ်ကို အပေါ်မှာ ရှိသေးတယ်"

မင်းသား ခွန်းခွန်းဆက်ကမူ အေးဆက်စွာဖြင့် ပြန်ပြောလိုက်သည်။

"ခုတို အပေါ်မှာ တစ်သက်လုံး မနေနိုင်ပါဘူး၊ အောက်ကနေ မီးရှို့လိုက်ရင် သူ ခုန်ချလာရမှာပဲ"

ကော့ပိက အော်ဟစ် တားမြစ်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူက တကယ်လို့ ကျုပ်အစ်ကိုကို ပစ်ချလိုက်ရင် ဘယ့်နှယ့်လုပ်မလဲမင်းသားလေး၊ ဒီလို မီးရှို့လို့ မဖြစ်ဘူး၊ အများကြီး အန္တရာယ်ရှိတယ်"

ကော့ပိ ဤမျှ တားဆီးနေသော်လည်း မင်းသား ခွန်းခွန်းဆက်သည် လုံးဝ ဂရုမစိုက်တော့ဘဲမီးရှို့ရန် အမိန့်ကို ထပ်ပေးလိုက်တော့သည်။ ထိုအခါ စစ်သားများသည် မီးစာနှင့် ထင်းများကို ယူလာကြလျက် မျှော်စင်အောက်ခြေ၌ ဝိုင်းပတ်ချထားပြီး မီးရှို့လိုက်တော့သည်။

* * *

ကော့ပိမှာ သိုင်းလောက၌ သာမည သိုင်းသမားတစ်ယောက်မဟုတ်၊ နာမည်တစ်လုံးနှင့် နေသူဖြစ်ပြီး အရှိန်အဝါကြီးသူတစ်ယောက် ဖြစ်သည်။ ယခု မင်းသား ခွန်းခွန်းဆက်က သူ၏ စကားကို လုံးဝ အရေးမယူ ဂရုမစိုက်ဘဲ မီးရှို့နိုင်းလိုက်သည်ကို တွေ့ရသောအခါ ဒေါသဟုန်းဟုန်း ထမိတော့၏။ သူသည် ချက်ချင်း ခုန်ထွက်လိုက်ပြီး မီးရှို့နေသော စစ်သားများကို တစ်ယောက်ပြီးတစ်ယောက် ရိုက်သတ်လေတော့သည်။

မင်းသား ခွန်းခွန်းဆက်သည် ကော့ပိ၏ အပြုအမူကြောင့် ခဏတရက် အလန့်တကြား ဖြစ်သွားရာမှ ပြန်လည်သတိဝင်လာပြီး အော်လိုက်သည်။

"ကော့ပိ...ဒါ ဘာလုပ်တာလဲ၊ ခင်ဗျားက ကျုပ်ကို ဗုန်ကန်တဲ့ သဘောလား"

www.burmeseclassic.com

www.burmeseclassic.com



"မင်းသားကို ကျုပ် ပြောသားပဲ၊ မျှော်စင်ကို မီးနဲ့ မရှို့နိုင်းပါနဲ့လို့၊ မီးရှို့ရင်တော့ ကျုပ် သတ်ရမှာပဲ၊ မီးကို ပြန်ငြိမ်းခိုင်းလိုက်ပါ"

"ဒီကောင်...ကော့ပိကို ဖမ်းလိုက်ကြစမ်း"

မင်းသား၏ ခက်ထန်သော အမိန့်ပေးသံသည် ဟိန်း၍ ထွက်ပေါ်လာသည်။ ထိုအခါ မင်းသားဘေးမှ အနီရောင် သက်နီးများ ဝတ်ဆင်ထားသော တိဗက်ဘုန်းကြီး ငါးပါးတို့သည် လျင်မြန်သော အဟုန်ဖြင့် ခုန်ထွက်လာကြလျက် ၎င်းတို့ အသီးသီး ကိုင်ဆောင်ထားကြသည့် သံမဏိ တောင်ဝှေးများဖြင့် ကော့ပိကို ဝိုင်းဝန်း တိုက်ခိုက်ကြတော့သည်။

ဤဘုန်းကြီးများသည် သာမည ဘုန်းကြီးများ မဟုတ်။ မင်းသား ခွန်းခွန်းဆက်၏ လှူယုံတော် သိုင်းအကျော်အမော်များ ဖြစ်သည့် နဂါးတစ်ဆယ့်ရှစ်ကောင်ဟု ကျော်ကြားနေသည့် တိဗက် ဘုန်းကြီးတစ်ဆယ့်ရှစ်ပါး အနက်မှ ငါးပါးဖြစ်ကြသည်။

ဤတိဗက်ဘုန်းကြီး တစ်ဆယ့်ရှစ်ပါး၏ သိုင်းပညာမှာ အတော်ပင် ဆန်းကြယ်ပေသည်။ သူတို့၏ ထူးခြားချက်မှာ တစ်ဆယ့်ရှစ်ပါးစလုံး အကွက်ချ စုပေါင်း၍ တိုက်ခိုက်ကြခြင်း၊ အကွက်ချ၍ စုပေါင်း ခုခံကြခြင်းပင် ဖြစ်သည်။ သူတို့၏ စုစည်းအားသည် လွန်စွာ ကျစ်လျစ်ကောင့်တင်းလှပြီး သာမန် သိုင်းသမားတို့ မယှဉ်နိုင် မတုနိုင် ဖြစ်ကြရသည်။



ယခု တစ်ဆယ့်ရှစ်ပါးစလုံး တိုက်ခိုက်ကြခြင်းမဟုတ်၊ ငါးပါးတည်းသာ တိုက်ခိုက်ကြခြင်း ဖြစ်သည်။ သို့သော် ကော့ပိသည် မျှော်စင်နားသို့ တိုးကပ်နိုင်ရန် ကြိုးပမ်းမှုသည် အချိုးအနှီး ဖြစ်ရတော့သည်။ မျှော်စင်နားသို့ တိုးကပ်နိုင်ရန်ထက် တိဗက်ဘုန်းကြီး ငါးပါး၏ တိုက်ခိုက်မှုကို အကွက်လည်အောင် နည်း ခုခံနေရတော့သည်။

မီးကား စတင် ဖွဲလောင်လေပြီ။

ထိုအကျဉ်းအကျပ် အခြေအနေအတွင်း အကြံရ ခက်နေသူမှာ လင်းမာန်ဂိုဏ်းကြီး၏ လက်ယာရံ ဖန်းရောင်ပင် ဖြစ်သည်။ သူသည် မျှော်စင်၏ ထိပ်ဆုံးထပ်တွင် ရှိနေရာ အောက်ခြေမှ းများ စတင်လောင်ကျွမ်းလာသည်ကို ကြည့်ပြီး မည်သို့ လုပ်ရမည်ကို မဆုံးဖြတ်နိုင်အောင် ဖြစ်နေတော့သည်။ သို့ကြောင့် ဖန်းရောင်သည် အောက်ထပ် အခန်းများအတွင်းရှိ တ်ဂိုဏ်းသားများကို လှမ်း၍ အော်ဟစ် မေးမြန်းလိုက်သည်။

"မွန်ဂိုတွေကတော့ မျှော်စင်အောက်ခြေကို မီးရှို့နေပြီဗျို့၊ င်ဗျားတို့ရဲ့ အတွင်းအားတွေ ပြန်ရကြပြီလား"

သို့သော် ဖန်းရောင်၏ အမေးစကားကို မည်သူမျှ ပြန်လည် ကြားခြင်း မပြုကြချေ။ သိုင်းသမားအားလုံးသည် ငြိမ်သက်စွာ ိုင်လျက် ထွက်သက် ဝင်သက်များကို ရှုမှတ်နေကြသည် မြင်ကွင်းကြောင့် သူတို့၏ အတွင်းအား ပြန်မရသေးကြောင်း

www.burmeseclassic.com



သိသာနိုင်ပေသည်။ ဖန်းရောင်အဖို့မှာမူ နောက်ထပ် စောင့်ဆိုင်းရုံမှတစ်ပါး အခြား မရှိတော့ပြီ။

အောက်ခြေမှ စတင် စွဲလောင်လာသောမီးသည် အောက်ထပ်များကို တဖြည်းဖြည်း ဝါးမျိုလောင်မြိုက်လာရာ သုံးထပ်သို့ပင် ရောက်ရှိလာပြီ ဖြစ်သည်။ ထို့ကြောင့် သုံးထပ်တွင် အကျဉ်းခံနေရသည့် ဝါဆန်းဂိုဏ်းသားများသည် အတွင်းအားများ ပြန်လည် မရရှိသေးကြသဖြင့် မီးဒဏ်မှ လွတ်ကင်းရန် အလို့ငှာ အပေါ်ထပ်သို့ အလျင်အမြန် ပြေးတက်လာကြပေသည်။ ထိုအခါ လေးထပ်တွင် ရှိနေကြသော ခုံးတုံဂိုဏ်းသားများသည်လည်း သူတို့၏ အခန်းများတွင် မနေဝံ့တော့ဘဲ အပေါ်ထပ်များသို့ ပြေးတက်လာကြပြန်သည်။

ဤသို့ ဝရုန်းသုံးကား ဖြစ်နေသည့် အခြေအနေများကို ကြည့်၍ ဖန်းရောင် မည်သို့စီစဉ်ရမည်ကို မကြံနိုင်တော့ဘဲ ချွေးသီးချွေးပေါက်များကျလျက် အကြံအိုက်နေမိတော့သည်။

ထိုစဉ် အော်ဟစ် ပြောဆိုသံ တစ်သံကို ကြားလိုက်ရ၏။

"လက်ယာရံ...ဖမ်းလိုက်"

ဝေရှိ၏ အသံတည်း။

ဝေရှိသည် ဘုရားကျောင်း၏ အနောက်ဘက်ရှိ အိမ်ခေါင် မိုးပေါ်တွင် ရပ်လျက်ရှိနေပြီး သူ့လက်ထဲမှ ကြိုးရှည်တစ်ချောင်းကို လွှဲယမ်းလျက် ဖန်းရောင်ထံသို့ လှမ်းပစ်ပေးလိုက်၏။



အော်ဟစ်လိုက်ခြင်း ဖြစ်သည်။

ဖန်းရောင်ကလည်း မိမိထံသို့ ရောက်ရှိလာသော ကြိုးကို လှမ်းဆွဲလိုက်သည်။ ဝေရှိက အော်ဟစ် ပြောလိုက်ပြန်သည်။

"ဝရန်တာမှာ ချည်လိုက်ပြီး ကြိုးတံတား လုပ်လိုက်ပါ"

ဖန်းရောင်ကလည်း ဝေရှိ၏ အကြံပေးချက်အတိုင်း ဝရန်တာ၌ချည်ရန် ကြိုးကိုပတ်လိုက်သည်။ ထိုခဏ၌ပင် လက်ဖြောင့် လေးသမား ရှစ်ဦးထဲမှ တစ်ယောက်က ချွန်းခၽ်နဲ မြားဖြင့်ပစ်လိုက်ရာ ကြိုးသည် အလယ်တစ်ဝက်မှ ပြတ်သွား လေတော့သည်။

တစ်ဖက် အိမ်ခေါင်မိုးပေါ်မှ ရပ်စောင့်ကြည့်နေသော ဝေရှိ သည် ဒေါသထွက်လာတော့သည်။ ထို လက်ဖြောင့် လေးသမား များ ရှိနေသမျှ ကာလပတ်လုံး သည်ကြိုးတံတားကို ပြုလုပ်၍ ရတော့မည် မဟုတ်။ ထို့ကြောင့် နောက်ထပ် ကြိုးတစ်ချောင်း မဆင်မီ ထိုလက်ဖြောင့် လေးသမားများကို သတ်ပစ်မှ ဖြစ်တော့မည်။

ဝေရှိသည် အိမ်ခေါင်မိုးပေါ်မှ ခုန်ဆင်းလိုက်ပြီး သူ၏ ဓားကိုထုတ်ကာ တိုက်ခိုက်ထိုးခုတ်ရန် အသင့်ပြင်လိုက်၏။ သူ့ခြေထောက် မြေကြီးပေါ်သို့ နင်းလိုက်မိသည်နှင့် တိဗက်ဘုန်းကြီး ငါးပါးတို့သည် ချက်ချင်း ဝိုင်းလာကြ တော့သည်။

www.burmeseclassic.com



ထိုအချိန်အခါတွင် အပေါ်ထပ်များရှိ ဂိုဏ်းအဖွဲ့ အသီးသီးမှ သိုင်းသမားများသည် သူတို့၏ အတွင်းအားများကို ပြန်လည်ရရှိနေကြပြီဖြစ်သည်။ မီးတောက် မီးလျှံများမှာမူ ငါးထပ်ကို ဝါးမျိုလောင်မြိုက်စ ပြုနေပေပြီ။ ထိုစဉ် မျှော်စင်အောက်ဘက်၌ ဆူဆူညံညံ အသံများကို ရုတ်တရက် ကြားလိုက်ရသဖြင့် ဖန်းရောင်သည် အောက်သို့ ငုံ့ကြည့်လိုက်မိသည်။ မွန်ဂိုများအကြားတွင် လူတစ်ယောက် လှည့်ပတ် တိုက်ခိုက်နေချေသည် တကား။

တိဗက်ဘုန်းကြီးများ သံမဏိတောင်ဝှေးများသည် လွင့်စဉ်ထွက်ကုန်ကြပြီ။ ဂိုဏ်းချုပ်ကြီးဟူကျင်း ရောက်ရှိတိုက်ခိုက်နေခြင်းဖြစ်တော့သည်။ ဝေရီကို ဝိုင်းဝန်းတိုက်ခိုက်နေကြသော တိဗက်ဘုန်းကြီးများ၏ လက်နက်များသည်လည်း လွင့်စဉ်ထွက်သွားကြရပြန်သည်။

ဝေရီသည် ဟူကျင်းနားသို့ ခုန်ကပ်သွားပြီး လေသံတိုးတိုးဖြင့် ပြောလိုက်သည်။

"ဂိုဏ်းချုပ်ကြီး၊ ကျုပ် စစ်သေနာပတိချုပ်ကြီးရဲ့ အိမ်တော်ကို မီးသွားရှို့ပစ်လိုက်မယ်"

ဟူကျင်းသည် ဝေရီ၏ ဆိုလိုချက်သဘောကို နားလည်လိုက်သဖြင့် ခေါင်းညိတ်ပြလိုက်သည်။

မိမိတို့၏ လူအင်အားမှာ များစွာ နည်းလှသည်။ ဤမြင်း



စလောက် လူအင်အားကလေးဖြင့် ဤမွန်ဂိုစစ်သားများ၊ တိဗက်ဘုန်းကြီးများကို ရေရှည်တိုက်ခိုက်ပြီး ဂိုဏ်းကြီးခြောက်ဂိုဏ်းမှ သိုင်းသမားများကို ကယ်တင်ရန် မလွယ်ကူချေ။ ထို့ကြောင့် စစ်သေနာပတိချုပ်ကြီး၏အိမ်ကို မီးရှို့လိုက်ပြီး ဤမျှော်စင်ဘက်၌ စုရုံးနေသော မွန်ဂိုစစ်သားများ၏ အင်အားကို နောက်ဘက်သို့ ပြန်လှည့်သွားစေရန် အကြံသည်သာ ယခုအချိန်တွင် အကောင်းဆုံးအကြံ ဖြစ်ပေသည်။ သို့မှသာ ဂိုဏ်းကြီးခြောက်ဂိုဏ်းမှ သိုင်းသမားများကို ကယ်တင်ရန် လွယ်ကူပေလိမ့်မည်။

ဟူကျင်းသည် အခြေအနေကို တစ်ချက်မျှ အကဲခတ်ကြည့်ပြီး မျှော်စင်ထိပ်ဆုံးမှ ဖန်းရောင်ထံသို့ အသံကိုမြှင့်၍ မေးလေသည်။

"လက်ယာရံ...အခြေအနေ ဘယ်လိုရှိသလဲ"

"အခြေအနေ သိပ်ဆိုးနေတယ် ဂိုဏ်းချုပ်ကြီး၊ ထွက်ပေါက်လုံးဝမရှိသလို ဖြစ်နေတယ်၊ မီးတွေကလဲ ဂိုဏ်းချုပ်ကြီးမြင်တဲ့အတိုင်းပဲ"

ထိုစကားကို ကြားရသောအခါ ဟူကျင်းကိုယ်တိုင်ပင် အကြံရခက်သွားသည်။ တစ်ခဏမျှ တွေဝေသွားပါသော်လည်း ချက်ချင်းပင် အကြံတစ်ခု ရလိုက်သည်။ မင်းသား ခွန်းခွန်းဆက်ကို ဖမ်းပြီး အကျပ်ကိုင်နိုင်လျှင် မိမိတို့၏ ကယ်တင်ရေးလုပ်ငန်းကြီး အောင်မြင်ရပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် တိဗက်ဘုန်းကြီးများကို ဖောက်ထွင်း တိုက်ခိုက်ကြတော့သည်။ ဤတိဗက်ဘုန်းကြီးများကို ဖောက်ထွင်းပြီးက မင်းသားကို လက်ရ ဖမ်းဆီးနိုင်ပေလိမ့်မည်။ ဘုန်းကြီးများကို အပြင်းအထန် တိုက်ခိုက်လျက် မင်းသားနားသို့ ချဉ်းကပ်ရန် ပြုလိုက်စဉ်တွင် ရုတ်တရက် အေးစက်သော ဓားငွေ့တစ်ချက် ရိုက်ခတ်လာကြောင်း သိလိုက်ရသဖြင့် ဟူကျင်းသည် နောက်ဘက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်ရ၏။

မိန်းကလေးတစ်ဦး၏ အသံတစ်သံလည်း ထွက်ပေါ်လာသည်။

“ဟူကျင်း...ဒါက ကျွန်မရဲ့ အစ်ကို၊ ရှင် ကျွန်မအစ်ကိုကို မထိနဲ့”

ဟူကျင်းက လှည့်ကြည့်လိုက်သောအခါ ကျောက်မိန်သည် သူမ အစ်ကို၏ ရှေ့၌ရပ်လျက် တိမ်လွှာဓားကိုကိုင်၍ သူ့ကို တားဆီးထားကြောင်း တွေ့လိုက်ရသည်။

အခြေအနေသည် ဤမျှနှင့် ရပ်တန့်သွားခြင်း မဟုတ်ပေ။ တိဗက်ဘုန်းကြီး တစ်ဆယ့်ရှစ်ပါးတို့သည် မင်းသားနှင့် မင်းသမီး ကျောက်မိန်တို့ရှေ့တွင် ကာဆီးလိုက်ကြကာ သူတို့၏ နဂါး တစ်ဆယ့်ရှစ်အင်း သိုင်းကွက်များကို ချလျက် ဟူကျင်းအား ကာဆီးထားလိုက်ကြသည်။

ဤအခြေအနေ၌ ဟူကျင်းအဖို့ မင်းသားကို အလွန်



လွယ်ကူစွာ ဖမ်းဆီးနိုင်တော့မည် မဟုတ်ချေ။

ထိုစဉ် မျှော်စင်ကို လောင်နေသောမီးသည် ခုနစ်ထပ်သို့ ရောက်ရှိ လောင်ကျွမ်းနေလေပြီ။ ဟူကျင်းသည် မျှော်စင်ကြီးကို မော့ကြည့်လိုက်ရာမှ အတွေးတစ်ခု ဝင်လာသည်။

“သူတို့ အတွင်းအားတွေ ဘယ်လောက်ပဲ ပြန်ရရ ဒီလောက်မြင့်တဲ့ မျှော်စင်ကြီးပေါ်ကတော့ ဘယ်သိုင်းသမားမှ လွယ်လွယ် ခုန်ချနိုင်မှာ မဟုတ်ဘူး၊ စွန့်စားပြီး ခုန်ချရဲတဲ့လူလဲ အောက်ရောက်ရင်တော့ သေမှာပဲ၊ ဒါကြောင့် သူတို့ ခုန်မချဘဲ နေကြတာ ဖြစ်ရမယ်”

သူသည် ထိုတဒင်္ဂအတွင်းပင် အကြံတစ်ခု ရလိုက်သဖြင့် သူတို့အား ဒုက္ခအပေးနိုင်ဆုံးဖြစ်မည့် လက်ဖြောင့် လေးသမား ရှစ်ယောက်စလုံးကို အလဲ ရိုက်ချလိုက်တော့သည်။ ထို့ပြင် မွန်ဂိုစစ်သားများအကြားဝယ် စက်ဝိုင်းတစ်ခု လည်ပတ်နေသကဲ့သို့ ဝင်ရောက်တိုက်ခိုက်ပြီး လေးမြားကိုင်ဆောင်သူ စစ်သားများ၏ လက်ထဲမှ လေးကိုင်းအားလုံးကို ရိုက်ချိုးပစ်လိုက်တော့သည်။

တိဗက်ဘုန်းကြီး တစ်ဆယ့်ရှစ်ပါးတို့မှာမူ ဟူကျင်း၏ အစွမ်းကို သိထားကြသဖြင့် တစ်ပါးမျှ ရှေ့သို့ ထွက်မလာရဲကြချေ။ မွန်ဂိုစစ်သားများကို ဟူကျင်း လှည့်ပတ်တိုက်ခိုက်နေပုံကိုသာ ရပ်ကြည့်နေကြရတော့သည်။ ဟူကျင်း၏ ပရိယာယ်

www.burmeseclassic.com

www.burmeseclassic.com



များကို သူတို့အနေဖြင့်ကြိုတင် ခန့်မှန်းနိုင်စွမ်း မရှိကြကြောင်း သူတို့၏ ငြိမ်သက်နေသော အမူအရာများအရ သိရှိကြရပါသည်။ ဘုန်းကြီးများအနေဖြင့် မွန်ဂိုစစ်သားများ၏ ဒုက္ခကို ဝင်ရောက်ကယ်တင်လိုက်ပါက မင်းသားနှင့် မင်းသမီးတို့ကို ကာကွယ်ထားချက်များ လစ်ဟာသွားပေလိမ့်မည်။ ဟူကျင်း အနေဖြင့် ထိုလစ်ကွက် ဟာကွက်ကို လုံးဝ ဝင်မယူဟု မည်သူမျှ မပြောနိုင်ပေ။ ထို့ကြောင့် မင်းသားနှင့် မင်းသမီးတို့၏ လုံခြုံရေးအတွက်သာ အပြည့်အဝ ကာကွယ်ထားလျက် စောင့်ကြည့်နေကြရတော့သည်။

ဟူကျင်းသည် စိတ်ချရလောက်ပြီဟု ယုံကြည်သည့် အချိန်ကျမှ မျှော်စင်အောက်ခြေမှ အပေါ်သို့ အော်ဟစ် ပြောဆိုလိုက်သည်။

"မျှော်စင်ပေါ်က ဆရာကြီးတို့၊ တစ်ယောက်ချင်း အပေါ်ကနေ ခုန်ဆင်းကြပါ၊ ဘာမှ မစိုးရိမ်ကြပါနဲ့၊ အောက်ကနေ ကျွန်တော် စောင့်ဖမ်းပါ့မယ်၊ ရဲရဲသာ ခုန်ဆင်းကြပါ"

မျှော်စင်ပေါ်မှ သိုင်းသမားများသည် ဟူကျင်း၏ စကားကို ကြားလိုက်ရသောအခါ နားမလည် သဘောမပေါက်နိုင်သည့် မျက်နှာအမူအရာများ ပေါ်လာကြတော့သည်။

ဤမျှလောက်မြင့်သော နေရာမှ ခုန်ချလိုက်သူတစ်ယောက်၏ ကျဆင်းနှုန်းအရှိန် မည်မျှ ပြင်းထန်မည်ကို သူတို့ ခန့်မှန်းသိရှိ



ကြသည်။ ထိုအရှိန်နှုန်းကို ပိဿာတစ်ထောင်မျှ ချီမ,နိုင်သူ ကြံ့ခိုင်သန်စွမ်းသူ လူတစ်ယောက်သည်ပင် ကြံ့ကြံ့ခံ တားဆီးနိုင်မည် မဟုတ်ချေ။

ဟူကျင်း အနေဖြင့် သည်အရှိန်နှုန်းကို မည်သို့ တားဆီးပြီး ခုန်ဆင်းလာသူကို မည်သို့ ဖမ်းဆီးနိုင်ပါမည်နည်း။

ထိုစဉ် အလင်းမာန်ဂိုဏ်းအပေါ် သဲသဲမဲမဲ အညှိုးကြီးလှသည့် ခုံးတုံနှင့် ခွန်းလွန်ဂိုဏ်းမှ ဂိုဏ်းသားအချို့က အော်ဟစ်သတိပေးကြသည်။

"မခုန်ကြနဲ့၊ ဘယ်သူမှ ခုန်မဆင်းကြနဲ့၊ ဒီကောင် တို့ကို ညာနေတာ၊ ခုန်ဆင်းတဲ့လူဟာ ကိုယ့်ကိုယ်ကို သတ်သေတာနဲ့ အတူတူပဲ"

သူတို့ ဤသို့ အော်ဟစ်သာ နေကြသည်။ ခုန်မဆင်းကြဘဲ မီးလောင် အသေခံကြမည်လော။ ဟူကျင်းသည် ထပ်မံ အော်ဟစ်လိုက်ပြန်သည်။

"ဦးလေး မော်ကုဆန်း...ကျွန်တော့်ကို ယုံပါ၊ ဦးလေး အရင်ခုန်ချမှ ကျန်တဲ့လူတွေ ခုန်ချရဲမှာ၊ ဦးလေးပဲ အရင်ခုန်ချလိုက်ပါ"

မော်ကုဆန်းသည် တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် စွန့်ဝံ့သူ၊ သတ္တိရှိသူတစ်ယောက် ဖြစ်သည်။ မီးလောင်၍ အချိုးမဲ့ အသေခံရခြင်းထက် အသက် ရှင်ကောင်း ရှင်နိုင်မည်ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ခုန်ချခြင်းက ပိုကောင်းမည်ဟု ယူဆသူဖြစ်သည်။ ထို့ကြောင့်...

"ကောင်းပြီ ဟူကျင်း၊ ငါ ခုန်ချလိုက်ပြီ"

မော်ကုဆန်းသည် ပြောပြောဆိုဆိုနှင့် မျှော်စင်ပေါ်မှ ဝပ်ပျံ ခုန်ဆင်းလိုက်တော့သည်။ ခုန်ဆင်းလိုက်သူအဖို့ မည်သို့ ခံစားကြရမည် မသိသော်လည်း မြင်ရသူအပေါင်း၏ ရင်ထဲတွင်မူ အသည်းတဖိုဖို ရင်တမမ ခံစားလိုက်ကြရတော့သည်။

ဟူကျင်းသည် မော်ကုဆန်း ခုန်ဆင်လာပုံကို အသေအချာ ဂရုတစိုက် ကြည့်နေလိုက်ပြီး အားပြောင်းအားလွှဲသိုင်း၏ ရေပြင်ညီသိုင်းကို ထုတ်သုံးလိုက်သည်။ အပေါ်မှ ပြင်းထန်သော အရှိန်ဖြင့် ကျလာသော မော်ကုဆန်း၏ အရှိန်းနှုန်းသည် ရေပြင်ညီသိုင်း၏ အရှိန်ကြောင့် ဘေးသို့ လွင့်ထွက် လွဲပြောင်း သွားတော့သည်။ အပေါ်မှ ကျရှိန်နှုန်း ပြောင်းလဲသွားသဖြင့် မော်ကုဆန်းသည် ချက်ချင်း တစ်ပတ်ကျွမ်းပစ်ကာ မြေပြင်ပေါ်သို့ ကောင်းစွာ ရပ်လိုက်နိုင်သည်။

ထိုမြင်ကွင်းသည် အားလုံးအဖို့ ရင်သပ်ရှုမော အံ့သြ သွားကြရသည့် မြင်ကွင်းပင် ဖြစ်တော့သည်။ မော်ကုဆန်းသည် အပေါ်ထပ်သို့ မော်ကြည့်ကာ အော်ဟစ်လိုက်သည်။

"အစ်ကိုကြီးတို့ ခုန်ချလိုက်ကြတော့"

မျှော်စင်ထိပ်မှ လူများသည် ရင်တထိတ်ထိတ်ဖြင့် ကြည့်နေကြရာမှ မော်ကုဆန်း ဘေးရန်ကင်းရှင်းစွာ ဆင်းနိုင်



သွားသည်ကို တွေ့လိုက်ရသောအခါ အလွန်ပင် ဝမ်းသာသွား မိကြသည်။

ချိုရှင်ချောင်းက ဆို့ချင်စူးကို အရင် ခုန်ချခိုင်းလိုက်သည်။ ဆို့ချင်စူးသည် ဤမျှ အသက်ဘေးနှင့် နီးကပ်နေသည့်အချိန် ဖြစ်နေသော်လည်း ချူကျူး၏ဘေးတွင် တစ်ချိန်လုံး ရှိနေခဲ့ ပေသည်။

သူ့ဖခင်က သူ့ကို အရင် ခုန်ဆင်းခိုင်းလိုက်ခြင်း ဖြစ်သော် လည်း သူက ချူကျူးကို အရင် ခုန်ဆင်းရန် တိုက်တွန်း နေပေသည်။

"ဟင့်အင်း...ကျွန်မ တစ်ယောက်တည်း ခုန်မဆင်းပါဘူး၊ ကျွန်မ ဆရာမနဲ့ အတူတူဆင်းမှာ၊ ရှင်သာ အရင်ခုန်ဆင်းပါ"

ထို့နောက် သိုင်းသမားများသည် တစ်ယောက်ပြီးတစ်ယောက် ဘေးမသိ ရန်မခ ခုန်ဆင်းသွားကြတော့သည်။

အရင်ဆုံး မြေပြင်သို့ ရောက်ရှိသွားသူများသည် အတွင်းအား ကောင်းစွာ ပြည့်ဝနေကြပြီဖြစ်၍ လက်နက်များကို ကောက်ယူ လိုက်ကြကာ ဟူကျင်း၏ ဘေးမှ မွန်ဂိုစစ်သားများကို တိုက်ခိုက်ကြတော့သည်။ ထို့ကြောင့် မွန်ဂိုစစ်သားများအဖို့ အခြေမလှမပ ဖြစ်နေတော့သည်။ ထိုအခြေအနေများကို မြင်လိုက် ရသော မင်းသား ခွန်းခွန်းဆက်သည် အမိန့်တစ်ခု ပေးလိုက်သည်။

"ငါ့ရဲ့ လေးတပ်သား အဖွဲ့ကို အမြန်ဆုံး သွားခေါ်ကြစမ်း"

www.burmeseclassic.com



သူ၏ စကားမျှပင် မဆုံးသေး၊ အရှေ့တောင်ဘက် အရပ်မှ မီးခိုးများ တလိပ်လိပ် တက်လာသည်ကို မြင်လိုက်ကြရတော့သည်။ ထို့ကြောင့် မင်းသားသည် ထိတ်လန့်တကြား အော်ဟစ်လိုက်မိပြန်သည်။

"ငါ့ ခမည်းတော်အိမ်ကို မီးရှို့နေပြီ၊ မြန်မြန်ပြန်ပြီး ကယ်ကြစမ်း"

မင်းသား ခွန်းခွန်းဆက်သည် ဟူကျင်းကိုလည်း အရေးမစိုက်နိုင်။ လွတ်မြောက်ထွက်လာသည့် အကျဉ်းသား သိုင်းသမားများကိုလည်း ဂရုမစိုက်နိုင်။ သူ့ ခမည်းတော်အား ကယ်တင်ရန်သာ နောက်သို့ အပြင်း လှည့်ပြေးရတော့သည်။ စစ်သားများသည်လည်း မင်းသား၏ နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားတော့သည်။

ကျောက်မိန်သည်လည်း သူမ၏ အစ်ကို မင်းသားနောက်သို့ လှည့်ထွက်လိုက်ရန် ဟန်ပြင်လိုက်သည်။ မလိုက်မီ ဟူကျင်းအား လှမ်းပြောလိုက်၏။

"မနက်ဖြန် ညနေစောင်းကျရင် ရှင့်ကို ကျွန်မ အရက် ထပ်တိုက်ဦးမယ်၊ ဟို အရင် နေရာကို လာခဲ့နော်"

□

# အခန်း(၂၅)

www.burmeseclassic.com

www.burmeseclassic.com

# ဈေးရှူးတန်ခြင်း

ကျောက်မိန်၏ လှမ်းပြောလိုက်သော စကားကြောင့် ဟူကျင်း ရုတ်တရက် ကြောင်သွားသည်။ ဤမျှ ဝရုန်းသုံးကား နိုင်လှသော အခြေအနေအတွင်း ဤစကားမျိုးကို သူမ ပြောလိမ့်မည်ဟု ဟူကျင်း လုံးဝ မတွေးမိချေ။ ဟူကျင်း မည်သို့မျှ မပြောနိုင်မီမှာပင် ကျောက်မိန်သည် တစ်ချက်မျှ ပြုံးပြပြီး ထွက်ခွာသွားတော့သည်။

ထိုအချိန်၌ မျှော်စင်ထိပ်တွင် ချူကျူးနှင့် မျက်ကြွယ် ဆရာမကြီးတို့ နှစ်ယောက်သာ ကျန်ရှိနေတော့သည်။

ဖန်းရောင်က လုကျုန့်နှင့် စစ်သေနာပတိချုပ်ကြီး၏ ဇနီးကို ပစ်ချလိုက်ရာ ဟူကျင်းက ပထမအကြိမ်များက ကဲ့သို့ပင် အားပြောင်းအားလွှဲသိုင်းကို အသုံးပြုပြီး ဘေးသို့ ပို့လိုက်သည်။

ကော့ပိသည် သူ၏ အစ်ကိုကို ပွေ့ချီလိုက်ပြီး စစ်သေနာပတိချုပ်ကြီး၏ ဇနီးကိုမူ တစ်ချက်တည်း ရိုက်သတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့သည်။ ကော့ပိ အနေဖြင့် သူ့အစ်ကို လုကျန့်သည် စစ်သေနာပတိချုပ်ကြီး၏ ဇနီးကို အကယ်ပင် ခိုးယူလာခဲ့သည်ဟု ထင်မှတ်နေသဖြင့် ဤသို့ ရိုက်သတ်နှုတ်ပိတ်လိုက်ခြင်း ဖြစ်ပေသည်။

ထိုစဉ် မျက်ကြွယ် ဆရာမကြီးသည်လည်း ချူကျူးကို ပွေ့ချီ၍ မျှော်စင်ထိပ်မှ ခုန်ချလိုက်သည်။ သူမသည် မြေကြီးနှင့် ဆယ်ပေခန့် အကွာသို့ ရောက်သောအခါတွင် ချူကျူးကို အပေါ်သို့ ပင့်မြှောက်လျက် သုံးပေအမြင့်ခန့် ပစ်တင်လိုက်သည်။ ထိုအခါ ချူကျူးအဖို့ အလွန်မြင့်မားသော နေရာမှ ကျလာသည့် အရှိန်နှုန်း မရှိတော့ဘဲ ဆယ်ပေကျော်ကျော် အမြင့်မှ ခုန်ချလိုက်သကဲ့သို့ ဖြစ်သွားတော့သည်။

သို့သော် မျက်ကြွယ်ဆရာမကြီးအဖို့မှာမူ ချူကျူးကို ပင့်တင်လိုက်ရသည့်အတွက် အောက်ဘက်သို့ ကျဆင်းနှုန်း ပိုမို ပြင်းထန်သွားရတော့သည်။

ဟုကျင်းသည် မျက်ကြွယ်ဆရာမကြီး၏အဖြစ်အပျက်ကို မြင်တွေ့လိုက်ရသဖြင့် သက်သာရာ သက်သာကြောင်း ဖြစ်သွားစေရန် သူ၏ အားပြောင်းအားလွှဲ သိုင်းပညာကို ထုတ်လျက် မျက်ကြွယ် ဆရာမကြီး၏ ခါးကို ထိန်းကာ အောက်ဘက်သို့ ကျဆင်းလာသည့် အရှိန်နှုန်းကို ဘေးဘက်သို့ လွှဲပြောင်းပေးလိုက်သည်။



သို့သော် ဟုကျင်း၏ စေတနာသည် ရေပေါ်တွင် မျဉ်းသားသကဲ့သို့ အရာမထင်ဘဲ ဖြစ်ရတော့သည်။ အဘယ်ကြောင့်ဆိုသော် မျက်ကြွယ်ဆရာမကြီးသည် အလင်းမာန်ဂိုဏ်း၏ ကျေးဇူးကို လုံးဝ မခံယူလိုဘဲ အသက်သာ အသေခံရန် ဆုံးဖြတ်သောကြောင့် ဖြစ်ပေသည်။

ထို့ကြောင့် ဟုကျင်းသည် သူ၏ အားပြောင်းအားလွှဲသိုင်းကို ထုတ်လျက် မျက်ကြွယ်ကို ထိန်းပေးရန် လက်ဝါးကို ဆန့်ထုတ်လိုက်စဉ် မျက်ကြွယ်က သူမ၏ တစ်ကိုယ်လုံးရှိ အတွင်းအားများကို ထုတ်လျက် အားကုန် ရိုက်ချလိုက်တော့သည်။

'ဘန်း' ခနဲ လက်ဝါးချင်း ရိုက်မိသော အသံကြီး ပေါ်ထွက်လာပြီးသည်နှင့် မျက်ကြွယ်ဆရာမကြီး၏ ခါးရိုးသည် 'ချွတ်' ခနဲ ကျိုးသွားတော့သည်။

ထို့အတူ ဟုကျင်း၏ ရင်ခွင်တစ်ခုလုံးမှာလည်း ရေလှိုင်း အထပ်ထပ် အရိုက်ခံလိုက်ရ သကဲ့သို့ ခံစားလိုက်ရပြီး နောက်ဘက်သို့ လေးငါးလှမ်းခန့် ဆုတ်သွားလိုက်ရသည်။ မျက်ကြွယ်၏ရိုက်အား မည်မျှပြင်းထန်သည်ကို ပြသလိုက်ခြင်းပင် ဖြစ်တော့သည်။

ချူကျူးကမူ မြေပေါ်သို့ ချော်ကျသည်နှင့် တစ်ပြိုင်နက် သူမ၏ ဆရာမထံသို့ အပြေးအလွှား သွားတော့သည်။ ချိတင်ကဲငိုယိုလျက်မှ...

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမကြီး...ဆရာမကြီး... ဘယ်လို ဖြစ်သွားရတာလဲ ဆရာမကြီးရယ်"

ထိုအခါ ဝါမေဂိုဏ်းသား အားလုံးသည် မျက်ကြွယ် ဆရာမကြီးနားသို့ ပြေးလွှားဝိုင်းအုံ လာကြတော့သည်။ ဝါမေဂိုဏ်းသားများ အဖို့ကား ဝမ်းသာရမည့် အချိန်တွင် ဝမ်းနည်းကိန်း ကြုံတွေ့ရခြင်းပင် ဖြစ်တော့သည်။ ထိုအခါ မျက်ကြွယ်က...

"ချူကျူး... ဒီနေ့က စပြီး မင်းဟာ ဝါမေဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီး ဖြစ်သွားပြီ၊ ငါ မင်းကို လုပ်ခိုင်းထားတဲ့ ကိစ္စ ကြီးကို မင်း ကတိအတိုင်း လုပ်မယ်မဟုတ်လား"

ချူကျူးသည် မျက်ရည်လည်ရွှဲဖြင့် ငိုကြွေးနေရာမှ မျက်ကြွယ် အသေဖြောင့်စေရန် ဝန်ခံပြောကြားလိုက်ရသည်။

"ဟုတ်ကဲ့ဆရာမ... ကျွန်မ လုပ်ပါ့မယ်"

မျက်ကြွယ်သည် ကျေနပ် နှစ်သိမ့်သော အပြုံးကို ပြုံးလိုက်ပြီး...

"အေး...ဒီလိုဆိုရင် ငါ သေပျော်ပြီ"

ထိုစဉ် ဟူကျင်းသည် မျက်ကြွယ်၏ ဒဏ်ရာကို ကြည့် စစ်ဆေးရန်အတွက် မျက်ကြွယ်ရှိရာသို့ ရောက်လာသည်။ မျက်ကြွယ်သည် ရုတ်တရက် ဟူကျင်း၏လက်ကို အတင်း ဆုပ်ကိုင် ဖမ်းလိုက်သည်။ ပတ်ဝန်းကျင် တစ်ခုလုံးသည်လည်း



ရုတ်တရက် ထိတ်လန့်သွားကြသည်။ သို့သော် ဟူကျင်းအဖို့မှာမူ မည်သို့မျှ ထူးထူးခြားခြား ဖြစ်မသွားခဲ့ချေ။

မျက်ကြွယ်သည် ခက်ထန်စွာ အော်ဟစ် ပြောကြား လိုက်သည်။

"နင်ဟာ မကောင်းဆိုးဝါး၊ တကယ့် မကောင်းဆိုးဝါး၊ ငါ့ရဲ့ တပည့်မလေးကို အမည်းစွန်းထင်အောင် လုပ်ခဲ့ရင် ငါ သရဲဘဝရောက်တောင် နင့်ကို မကျေဘူး သိလား"

စကားဆုံးသည်နှင့် မျက်ကြွယ်သည် ဇက်ကျိုးကျကာ အသက်ထွက်သွားတော့သည်။ သို့သော် ဟူကျင်းအပေါ် အခဲမကျေသည့် စိတ်ထားများကိုမူ အသက် ထွက်သွားသည့် တိုင်အောင် ပြသခဲ့သေးသည်။ သူ၏ လက်ချောင်းများသည် ဟူကျင်း၏ လက်များကို အပိုင်းပိုင်း အပြတ်ပြတ် ကျိုးကျေ သွားစေချင်သည့်ပမာ တင်းကျပ်စွာ ဆုပ်ကိုင်ထားဆဲ ရှိနေ ချေသည်တကား။

ထိုအချိန် အတွင်း၌ ဖန်းရောင်က အရေးကြီးသော စကားကို ဆိုလိုက်သည်။

"က...ကဲ၊ အားလုံး ကျုပ်နောက်ကို လိုက်ခဲ့ပါ၊ ဒီမှာ အကြာကြီး အချိန်ဖြုန်းနေလို့ ကျုပ်တို့အတွက် ဘာမှ ကောင်းကျိုး ဖြစ်မလာနိုင်ဘူး၊ မွန်ဂိုတပ်တွေ လိုက်လာရင် ကျုပ်တို့ ဘာမှ တတ်နိုင်ဘဲ ဖြစ်နေကြဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ချူကျူးသည် ဟူကျင်း၏လက်ကို ဆုပ်ကိုင်ထားသည့် မျက်ကြွယ်၏ လက်ကို ဖြေလိုက်သည်။ ပြီး ဆရာမကြီးမျက်ကြွယ်ကို ပွေ့ချီကာ ဟူကျင်းအား တစ်ချက်မျှ မကြည့်ဘဲ ထိုနေရာမှ ထွက်ခွာသွားတော့သည်။

သိုင်းသမား အားလုံးသည်လည်း ဖန်းရောင်၏နောက်သို့ လိုက်ကြရသည်။ နောက်ဆုံးတွင် ရန်ရောင် စောင့်ဆိုင်းနေသည့် နေရာကို ရောက်ရှိလာကြသောအခါ မြင်းများ၊ မြင်းလှည်းများဖြင့် အစစအရာရာ အဆင်သင့် ဖြစ်နေသည်ကို အံ့သြစဖွယ် တွေ့ရှိကြရကော့သည်။ ထိုအခါ ရှောင်လင်ကျောင်းတိုက်၏ ခုံးဝန် ဆရာတော်ကြီးသည် လက်အုပ်ချီ၍...

"ဒီနေ့ ဒီရက်အဖို့ အလင်းမာန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးကျွန်းဟူကျင်းသာ ရောက်မလာခဲ့ရင်တော့ ငါတို့ ဂိုဏ်းကြီးခြောက်ဂိုဏ်းစလုံးဟာ ဒီသေတွင်းထဲကနေ လုံးဝ လွတ်မြောက်ထွက်လာနိုင်ဖို့ ဘယ်လိုမှ ဖြစ်နိုင်မှာ မဟုတ်ပါဘူး၊ ဒါကြောင့်မို့ ငါတို့ဟာ ဂိုဏ်းချုပ်ကြီး ဟူကျင်းကို အများကြီးကျေးဇူးတင်ကြောင်း လှိုက်လှိုက်လှဲလှဲ ပြောကြားပါရစေ၊ ယခုအချိန်မှာလဲ ဂိုဏ်းချုပ်ကြီး ဟူကျင်းအနေနဲ့ ငါတို့ဘာဆက်လုပ်သင့်တယ်ဆိုတာ စီစဉ်ပေးချင်ပါတယ်"

ဟူကျင်းကလည်း လက်အုပ်ချီ၍ ပြန်လည် လျှောက်တင်လိုက်သည်။



"တပည့်တော်အနေနှင့် လျှောက်ချင်တာကတော့၊ အရှင်ဘုရားတို့နဲ့ ဆရာကြီးတို့တွေ၊ နောင်တော်ကြီး တို့တွေအဖို့ အလွန်ပဲ ပင်ပန်းလာခဲ့ကြတာမို့ တစ်နေရာရာမှာ သွားပြီး အနားယူစေချင်ပါတယ်။ မကြာခင် မွန်ဂိုစစ်တပ်တွေ တပည့်တော်တို့ နောက်ကို လိုက်လာမှာ မြေကြီးလက်ခတ်မလွဲ သေချာလှပါတယ်။ တပည့်တော်တို့ အင်အားပြည့်ပြည့်ဝဝ လန်းလန်းဆန်းဆန်း ရှိနေရင် ဒီမွန်ဂိုတွေကို ခုခံပြီးကောင်းကောင်း ကိုယ်ရောင်ဖျောက်နိုင်ကြပါတယ်။ ဒါကြောင့်မို့ ပထမဦးဆုံး အရှင်ဘုရားတို့ အားလုံးအနားယူကြပါလို့ တပည့်တော်တောင်းပန်ချင်ပါတယ်"

ဟူကျင်း၏စကားများသည် များစွာ ကျိုးကြောင်း သင့်မြတ်လှသဖြင့် အားလုံးက လက်ခံသဘောတူကြပေသည်။ ထို့ကြောင့် သိုင်းသမားအားလုံးစုရုံး ထွက်ခွာလာကြပြီး လုံခြုံသော တောင်ကုန်းအာစ်ခုတွင် ကောင်းစွာ အနားယူလိုက်ကြတော့သည်။

ဂိုဏ်းကြီး ခြောက်ဂိုဏ်းစလုံးသည် ဟူကျင်းကို များစွာ အထင်ကြီးလေးစားသွားကြပြီ ဖြစ်သည်။ အလင်းမာန်ဂိုဏ်းသည် သူတို့၏ မွန်မြတ်သော စိတ်ဓာတ်ကို အပြောစကားနှင့် မဟုတ် အလုပ်ဖြင့် လက်တွေ့ဖော်ထုတ်ပြသခဲ့ပေပြီ။

ရှောင်လင်ဆရာတော်ကြီး ခုံးဝန်၏ အကြံပေးချက်အရ ဟူကျင်းကို ဂိုဏ်းအဖွဲ့ပေါင်းစုံ၏ ခေါင်းဆောင်ကြီးအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



တညီ တညွတ်တည်း ခန့်အပ်လိုက်ကြတော့သည်။ ဟူကျင်းက လည်း သူ့အတွက် ရေကန်အသင့် ကြာအသင့် ဖြစ်လာသော အခြေအနေကို လက်လွှတ်မခံချေ။ ကျူးကျော်ရေးသမား မွန်ဂိုများကို တွန်းလှန်တိုက်ထုတ်ရေး အတွက် မျိုးချစ်သိုင်းသမားများ အနေဖြင့် မည်မျှအရေးပါအရာရောက်နေပုံကို ရှင်းလင်းထင်ရှားစွာ ပြောပြလိုက်သည်။ အလင်းမာန်ဂိုဏ်းအနေဖြင့် တော်လှန်ရေး အင်အားစုများကို စတင်စုစည်းနေပြီဖြစ်ကြောင်းနှင့် အချိန်ကျရောက်လျှင် ယခုသိုင်းသမားအားလုံးတော်လှန်ရေး တပ်ပေါင်းစုအတွင်းသို့ ပင်လာရန် တိုက်တွန်းပြောဆိုတော့သည်။

ဂိုဏ်းကြီးခြောက်ဂိုဏ်းစလုံးသည် မျိုးချစ်တရုတ်သိုင်းသမားများချည်း ဖြစ်ကြရာ ဟူကျင်း၏ အစီအစဉ်နှင့် တောင်းပန်ချက်ကို အားလုံးက တညီတညွတ်တည်း လက်ခံလိုက်ကြသည်။ တော်လှန်ရန်အချိန်ကျရောက်ချိန်တွင် ဟူကျင်း အမိန့်တစ်ချက်ပေးလိုက်ရုံနှင့် ဟူကျင်းထံသို့ အမြန်ဆုံး လာရောက်ပူးပေါင်းကြပါမည်ဟု အာမခံပြောကြားကြသည်။ ဟူကျင်းသည် သိုင်းသမားများကို ကယ်တင်လိုက်သည့် အကျိုးဆက်ကို လွန်စွာကျေနပ်အားရမိတော့သည်။ မိမိတို့ အားလုံးသည် ကျူးကျော်ရေးသမား မွန်ဂိုများကို ညီညီညွတ်ညွတ်လက်တွဲတိုက်ခိုက်နှင်ထုတ်ကြရတော့မည် မဟုတ်ပါလား။

စည်းလုံးညီညွတ်ခြင်း၏ အရေးကြီးပုံကို အခြားသူများထက် အလင်းမာန်ဂိုဏ်းသားများ ဖြစ်ကြသည့် လင်းဆွဲမင်း ဝေရှီ



လက်ဝဲရံရန်ရောင်တို့က ပို၍ သဘောပေါက်ကြသည်။ ညီညွတ်ခြင်းသည် မည်သည့် အရာနှင့်မျှ နှိုင်းယှဉ်မရနိုင်သော အင်အားဖြစ်သည်။ ညီညွတ်သွေးစည်းမှု ခိုင်မာလျှင် မည်သည့် ရန်သူကိုမျှ ဂရုစိုက်နေရန်မလို။ ရန်ဟူသမျှကို အောင်နိုင်သည်သာ ဖြစ်တော့သည်။ နောက်ဆုံးတွင် ဟူကျင်းက နိဂုံးချုပ်စကားကို ပြောကြားလိုက်သည်။

"အခုဆိုရင် အားလုံးဟာ လုပ်သင့် လုပ်ထိုက်တဲ့ အလုပ်ဟာ ဘာလဲဆိုတာ သိသွားကြပါပြီ၊ ဒီတော့ ဆရာတော်ဘုရားတို့ ဆရာကြီးနဲ့ နောင်တော်ကြီးတို့အားလုံးဟာ လုံ့လစိုက်ချရမယ့် တစ်နေရာရာမှာ ကိုယ့်အရည်အသွေးကို ပိုမိုတက်လာအောင် သိုင်းပညာကို ထူးချွန်သထက် ထူးချွန်အောင် လေ့ကျင့်ကြဖို့ တပည့်တော်အနေနဲ့ လျှောက်ထား တိုက်တွန်းလိုပါတယ်၊ အခု လောလောဆယ် အချိန်မှာတော့ တပည့်တော်မှာ ပုဂ္ဂိုလ်ရေးရာ ကိစ္စကြီးတစ်ခုကို ဆောင်ရွက်စရာရှိနေလို့ တောင်ပိုင်းကို သွားရပါဦးမယ်၊ နောင်တစ်နှစ် နှစ်နှစ်အတွင်းမှာ နောင်တော်ကြီးတွေ အားလုံးနဲ့ ပခုံးချင်းယှဉ်ပြီး ဒီ မွန်ဂိုတွေကို တိုက်ထုတ်ပစ်နိုင်ဖို့ကို ကျွန်တော် မျှော်လင့်ထားပါတယ်"

သိုင်းသမားအားလုံးသည် ဟူကျင်း၏ စကားကို လက်ခုပ်တီး၍ နှစ်ထောင်းအားရစွာ သြဘာပေးလိုက်ကြပြီး ဟူကျင်းကို တောင်ကုန်းအပေါ်ဝအထိ လိုက်လံပို့ဆောင်ပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် မြင်းတစ်စီးနှင့် တောင်ပိုင်းသို့ ခရီးနှင်ရတော့သည်။ သူသည် နေပြည်တော်သို့ ပြန်သွားရဦးမည် မဟုတ်ပါလား။ နေပြည်တော်သို့ ပြန်ဝင်လျှင် ဤရုပ် ဤအသွင်ပြင်ဖြင့် ပြန်ဝင်၍မဖြစ်။ ဤအတိုင်းသာ ပြန်ဝင်သွားပါက ပဒုအုံကို တုတ်နှင့် ထိုးလိုက်သည်ထက် ဆိုးသွားပေမည်။ မွန်ရိုစစ်တပ်ကြီး တစ်ခုလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားရပေတော့မည်။ ထို့ကြောင့် ဟူကျင်းသည် ရုပ်ဖျက်၍ နေပြည်တော်သို့ ဝင်လာရသည်။

သူ၏ တည်းခိုခန်းသို့ ပြန်ရောက်သောအခါ ဟူကျင်းသည် ပတ်ဝန်းကျင် အခြေအနေကို သေချာစွာ အကဲခတ်လိုက်သည်။ ထူးခြားဆန်းကြယ်သော အရိပ်အယောင်များကို မတွေ့ရတော့မှ ဟူကျင်းသည် သူ၏ အခန်းထဲသို့ လှစ်ခနဲ ဝင်လိုက်တော့သည်။ အခန်းထဲတွင် ရှောင်ချောင်းတစ်ယောက်သာ အပ်ထိုးနေကြောင်း တွေ့ရှိရသည်။ ရှောင်ချောင်းသည် လူရိပ်တစ်ခုရိပ်ခနဲ တွေ့လိုက်ရသဖြင့် ရုတ်တရက် စိုးရွံ့သွားဟန် ပေါ်သွားသော်လည်း ရုတ်ခြည်းပင် ဟူကျင်းအား မှတ်မိသွားပြီး ပြုံးရွှင်စွာဖြင့် ပြောလိုက်သည်။

"အစ်ကိုလေးပါလား၊ ကျွန်မဖြင့် လန့်သွားတာပဲ၊ ဘယ်သူများလဲလို့"

ဟူကျင်းကလည်း ရယ်မောရင်းဖြင့်...



"နင်...ဘာတွေ လုပ်နေတာလဲ၊ နင် တစ်ယောက်တည်း နေရတာမပျင်းဘူးလား"

ရှောင်ချောင်းသည် ရုတ်တရက် မျက်နှာရဲခနဲ ဖြစ်သွားသည်။ သူမ၏ လက်ထဲ၌ ချုပ်နေသော အင်္ကျီကိုနောက်သို့ ရုတ်တရက် ဝှက်လိုက်ပြီး ရှက်စနိုးအမူအရာဖြင့် ပြောလိုက်လေသည်။

"မပျင်းပါဘူး အစ်ကိုလေးရာ၊ ကျွန်မလဲ တွေ့ကရာတွေ ခပ်နဲ့ လျှောက်ချုပ်နေတာပဲ"

သူမသည် ပြောပြောဆိုဆိုနှင့် သူမ၏ ချုပ်လက်စ အင်္ကျီကို အောက်သို့ ထိုးထည့်လိုက်ပြီး ဟူကျင်းကို လက်ဖက်ရည်ကြမ်း တစ်ခွက် ထည့်ပေးလိုက်သည်။ ဟူကျင်းသည် ရှောင်ချောင်း၏ ဆမ်းပေးသော လက်ဖက်ရည်ကြမ်းကို သောက်ရင်း အတွေး ထဲက်ပါအတွင်း နစ်မျောသွားနေမိတော့သည်။

"ကျောက်မိန်က နဂါးနိုင်ဓားကို ခဏကြည့်နိုင်ဖို့ သူ့ကိုပါ ခေါ်ပါလို့ ပြောတယ်၊ ငါက ကတိပေးထားတော့ ကတိအတိုင်း ခေါ်သွားရတော့မှာပဲ၊ နောက်ပြီး ငါကိုယ်တိုင်က ဖေဖေကြီးကို မြေပြန့် ပြန်ခေါ်သွားရတော့မှာပဲ၊ နောက်ပြီး ငါကိုယ်တိုင် ဆဖေကြီးကို မြေပြန့် ပြန်ခေါ်မယ်လို့ စိတ်ကူးထားတော့ သွားဖို့အတွက်ကတော့ အကျိုးမမဲ့လှပါဘူး၊ ဖေဖေကြီးကလဲ မြေပြန့်မှာ ရန်သူတွေ များလွန်းလို့သာ မပြန်ချင်သေးပါ၊ အခု

www.burmeseclassic.com



ဆိုရင် သိုင်းသမားအားလုံးဟာ တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်သွားကြပြီ၊ အားလုံးက မွန်ဂိုတွေကို တွန်းလှန်ဖို့လဲ အား စိုက်နေကြပြီဆိုတော့ ဖေဖေကြီးရဲ့ ရန်ညှိုးတွေကို ကျေအေး ကြတော့မှာပါ၊ အို...ဘယ်လိုပဲဖြစ်ဖြစ် ငါ ဖေဖေကြီးနား ရှိနေမှာပဲ၊ ဘယ်သူမှ ဖေဖေကြီးကို မထိစေရဘူး၊ အခု ဒီ လယ်ခရီးသွားရဖို့ ဆိုတာက သိပ်လွယ်လှတာ မဟုတ်ဘူး ခရီးက သိပ်ကြမ်းတမ်းလွန်းတာ၊ ရှောင်ချောင်းလေးကို ခေါ်သွား လို့ လုံးဝ မဖြစ်နိုင်ဘူး၊ အင်း...ဟုတ်ပြီ၊ ကျောက်မိန် ဂေဟာမှာ သူ့ကို ခဏအပ်ထားလိုက်ရင် ဒီမှာထက် ပိုတော တ်ချ လုံခြုံလိမ့်ဦးမယ်"

ဟူကျင်းသည် စကားမပြောဘဲ တိတ်ဆိတ်နေသဖြင့် အ ကလေးသည် မည်သည့် အသံဗလံမျှ မကြားရဘဲ လုံးဝ သက်နေတော့သည်။ ရှောင်ချောင်းကမူ ဟူကျင်း တစ်စုံတ ကို စဉ်းစားနေမှန်း သိသည်။

"အစ်ကိုလေး ဘာတွေ စဉ်းစားနေသလဲဟင်"

"အေး...ဟုတ်တယ်၊ ငါစဉ်းစားနေတယ်၊ ငါ အဝေး တစ်နေရာကို သွားစရာရှိတယ်၊ နင့်ကိုခေါ်ဖို့ သိပ်အဆင်မ လှဘူး၊ ဒါကြောင့် ငါက နင့်ကို တစ်နေရာရာမှာ ခဏအပ်ထ ဖို့ စဉ်းစားထားတယ်"



ထိုစကားကို ကြားလိုက်ရသောအခါ ရှောင်ချောင်းသည် အကြီးအကျယ် မျက်နှာပျက်သွားတော့သည်။

"အို...မဖြစ်နိုင်တာ၊ အစ်ကိုလေးက ဘယ်ကိုသွားမှာလဲ၊ အစ်ကိုလေး ဘယ်ကိုသွားသွား ကျွန်မ လိုက်မှာပဲ၊ အစ်ကိုလေး သွားရာလိုက်ပြီး အစ်ကိုလေးကို အမြဲတမ်း ပြုစုနေမယ်၊ သူများတွေနဲ့တော့ မနေရစ်ခဲ့ဘူး"

ဟူကျင်းက ပျောင်းပျောင်းဖျဖျ ပြောပြန်သည်။

"ငါက နင်ကောင်းဖို့အတွက် ပြောတာပါ၊ အတည်နဲ့ ပြောတာ၊ ငါသွားရမယ့် နေရာက တကယ့်ကို အဝေးကြီး၊ ဆေး ရုံတင်မကဘူး၊ အန္တရာယ်ကလဲ တကယ်များတဲ့ ခရီးလမ်း ဘယ်အချိန်ကျမှ ပြန်ရောက်မယ် ဆိုတာလဲ အတိအကျ မ ပြောနိုင်ဘူး"

"ဟင်အင်း...ဟင်အင်း၊ ဘာအန္တရာယ်ပဲ တွေ့တွေ့ ကျွန်မ ကတော့ လိုက်မှာပဲ၊ ဟို...ကွမ်းမိန်တောင်ရဲ့ လိုဏ်ဂူထဲမှာက တည်းက ကျွန်မ စိတ်ပိုင်းဖြတ်ထားတယ်၊ အစ်ကိုလေး ဘယ်သွား သွား ကျွန်မလိုက်မှာပဲ၊ အစ်ကိုလေး ကျွန်မကို ချန်ထားခဲ့ချင် တယ် ဆိုရင်တော့ ကျွန်မကို သတ်ပစ်လိုက်တော့၊ အစ်ကိုလေး ကျွန်မကို မုန်းလို့ ပစ်ထားခဲ့တော့မလို့လား"

"မဟုတ်ပါဘူး ရှောင်ချောင်းရယ်၊ ငါ နင်ကို ဘယ်လောက် ချစ်ချစ်ခင်ခင် ရှိတယ်ဆိုတာ နင်သိသားပဲ၊ ငါက နင့်ကို

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ်တွေ့မှာစိုးလို့ မလိုက်စေချင်တာပါ၊ ငါ ဒီကို ပြန်ရောက်တာနဲ့ နင့်ကို ချက်ချင်း ပြန်လာရှာမှာပေါ့"

"ဟင့်အင်း...ဟင့်အင်း၊ အစ်ကိုလေး ကျွန်မကို ချန်ထားပစ်ခဲ့လို့ မရဘူး၊ ကျွန်မက အစ်ကိုလေး ဘေးနားမှာ ရှိနေရင် ဘာအန္တရာယ်မှ မကြောက်ဘူး၊ အစ်ကိုလေး ကျွန်မကို ခေါ်သွားပါနော်"

ဟူကျင်းသည် ရှောင်ချောင်း၏ လက်ကလေးကို ကိုင်ဆွဲလျက် ကြင်နာစွာ ဖျောင်းဖျောင်းဖျဖျ ပြောပြန်သည်။

"ရှောင်ချောင်း... ငါ အမှန်အတိုင်း ပြောပြမယ်၊ ငါက ဒီခရီးမှာ ကျောက်မိန်ကို ခေါ်သွားပေးပါ့မယ်လို့ ကတိပေးထားလို့ သွားရတာ၊ နို့မို့ရင် ငါလဲ မသွားဘူး၊ နင်က ဘာဖြစ်လို့ ဒီအန္တရာယ်တွေနဲ့ ကြုံချင် တွေ့ချင်ရတာလဲကွယ်"

ထိုစကားကို ကြားလိုက်ရသောအခါ ရှောင်ချောင်း၏ ကိုယ်ကလေးသည် ဆတ်ခနဲဖြစ်သွားပြီ မျက်နှာကလေးသည် ရုတ်ခြည်း သွေးရောင်များ လွှမ်းတက်လာတော့သည်။

"ဘာ...အစ်ကိုလေး... အစ်ကိုလေးက ကျောက်မိန်နဲ့ သွားမယ်ဟုတ်လား၊ ဒီလိုဆိုရင် ကျွန်မ နေခဲ့လို့ကို မဖြစ်ဘူး၊ အစ်ကိုလေးနောက်ကို လိုက်ကိုလိုက်ရတော့မှာပဲ"

ဟူကျင်းသည် ရှောင်ချောင်း၏ အမူအရာနှင့် စကားတို့ကြောင့် အလွန်အံ့သြသွားပြီး...



"ဘာဖြစ်လို့လဲ ရှောင်ချောင်းရဲ့"

"ဒီ ကျောက်မိန်ဆိုတဲ့ မိန်းမက အင်မတန်ကို ကောက်ကျစ်တဲ့ဟာမ၊ သူက အစ်ကိုလေးကို ဘာလုပ်မယ်လို့ ရည်မှန်းထားမှန်းမှ မသိတာ၊ ကျွန်မ လိုက်လာမှ အစ်ကိုလေးကို ကျွန်မက စောင့်ရှောက်နိုင်မှာ"

ဟူကျင်းသည် ရှောင်ချောင်း၏ စကားကြောင့် သူ၏ရင်များ လှုပ်ခါသွားရတော့သည်။ စိတ်တွင်းမှလည်း...

"ဒီကောင်မလေး ငါ့အပေါ် မေတ္တာသက်ဝင်နေလို့များလား"

သို့သော် ဟူကျင်း၏ စိတ်အတွင်း၌ သည်အတွေးသည် ခိုင်မြဲစွာ ခိုဝင်နေသည် မဟုတ်ပါ။ ရုတ်တရက်တွေးမိပြီး ရုတ်တရက် ပျောက်သွားသသည့် အတွေးများသာ ဖြစ်ပါသည်။

ရှောင်ချောင်းက သူနှင့် အတူလိုက်ရန် အကြောက်အကန် ပြောနေသဖြင့် နောက်ဆုံးတွင် ဟူကျင်းအ...

"ကောင်းပြီလေ၊ နင် ဒီလှိုင်းဒဏ် လေဒဏ်တွေကို မကြောက်ဘူး၊ အန္တရာယ်တွေကိုလဲ မကြောက်ဘူးဆိုရင်တော့ လိုက်ခဲ့တော့၊ တော်ကြာ လှေပေါ်ရောက်တော့မှ ပြန်မယ်လို့ မပူဆာနဲ့၊ ဒါပဲ ငါပြောထားမယ်"

ရှောင်ချောင်းသည် ဟူကျင်း၏ ခွင့်ပြုချက်ကို ကြားရသောအခါ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားလျက် ဟူကျင်းကိုဖက်တွယ်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အစ်ကိုလေးကို စိတ်အနှောက်အယှက်ဖြစ်အောင် တစ်ခုခု လုပ်မိတယ်ဆိုရင် အစ်ကိုလေး ကျွန်မကို ပင်လယ်ထဲသာ ကန်ချလိုက်ပါ၊ ကျွန်မ ကျေနပ်ပါတယ်"

ဟူကျင်းသည် အားရပါးရ ရယ်မောရင်း...

"အမယ်လေး ငါက နင့်ကို ဒီလို လုပ်ရက်ပါ့မလား ရှောင်ချောင်းရယ်"

ဟူကျင်းနှင့် ရှောင်ချောင်းတို့သည် နေပြည်တော်တို့ ထွက်လာကြသည်။ ခရီးတစ်လျှောက်လုံး အတူတူ နေထိုင်လာခဲ့ကြရာတွင် ဟူကျင်းသည် ရှောင်ချောင်းကို နှမလေး တစ်ယောက်သဖွယ် စောင့်ရှောက်လာပြီး ရှောင်ချောင်းကလည်း သူမ ကိုယ်ကို အိမ်စေတစ်ယောက်သဖွယ် သဘောထားလျက် အစစအရာရာ လုပ်ကျွေး ပြုစုလာခဲ့ကြသာ ဖြစ်သည်။ ထို့ကြောင့် သူတို့ နှစ်ယောက်သည် မည်သည့်စကားမဆို မောင်နှမရင်းချာသဖွယ် ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ပြောဆိုခဲ့ကြသည်သာ ဖြစ်သည်။ သို့သော် ယခု ဟူကျင်း၏ နှုတ်မှလွတ်ခနဲ...

"ငါက နင့်ကို ဒီလို လုပ်ရက်ပါ့မလား ရှောင်ချောင်းရယ်" ဟု ပြောလိုက်သည့် အခါတွင်မူကား သူတို့ နှစ်ယောက်စလုံး၏ မျက်နှာများတွင် သွေးရောင်များ လွှမ်းတက်သွားပြီး မလုံမလဲ စိတ်များ ဖြစ်ပေါ်လာတော့သည်။

ရှောင်ချောင်းသည် သက်ပြင်းကလေးတစ်ချက် ချလိုက်ပြီး ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်သသည်။

"နင် ဘာဖြစ်လို့ သက်ပြင်းချရတာလဲ"

"သက်ပြင်းချရတာပေါ့ အစ်ကိုလေးရယ်၊ အစ်ကိုလေးမှာ ဒီလို မလုပ်ရက်တဲ့ လူတွေက အများကြီး မဟုတ်လား၊ ဝါမေဂိုက်းက ချူကျူး၊ နောက်ပြီး မွန်ကို မင်းသမီးလေး ကျောက်မိန်၊ နောက်ထပ် ဘယ်နှစ်ယောက်ရှိဦးမလဲ မသိဘူး၊ ဒီလောက် အဆင့်အတန်းမြင့်တဲ့လူတွေ အများကြီးရှိလျက်နဲ့ ကျွန်မလို အိမ်စေမလေး တစ်ယောက်ကို ဘယ်သတိထားနိုင်တော့မှာလဲ"

ဟူကျင်းသည် ရှောင်ချောင်း၏ ရှေ့သို့ ဖြည်းညင်းစွာ လှမ်းလျှောက်လာပြီး ပြောလိုက်သည်။

"ရှောင်ချောင်း နင် သေသေချာချာ နားထောင်စမ်း၊ ငါ့အပေါ်မှာ နင်ဒီလောက် ကောင်းထားတဲ့ဥစ္စာ၊ ငါက နင့်ကို သတိမရဘဲ ရှိပါ့မလား၊ ငါက ဒီလောက် ကျေးဇူးကန်းတတ်တဲ့လူမှ မဟုတ်တာ"

ဟူကျင်း၏ အသံသည် လေးနက်တည်ကြည် လွန်းလှသဖြင့် ရှောင်ချောင်းသည် ရှက်လည်း ရှက်၊ ဝမ်းလည်း ဝမ်းသာနှင့် ခေါင်းငုံ့လိုက်မိတော့သည်။

"အစ်ကိုလေးက ကျွန်မကို ဘယ်လိုမှ သဘောထားဖို့ မလိုပါဘူး၊ ကျွန်မကို အစ်ကိုလေး တစ်သက်လုံး ပြုစုခွင့်သာ ပေးထားပါ၊ ကျွန်မ ကျေနပ်ပါပြီ၊ ကျွန်မဟာ အစ်ကိုလေးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အစေခံမလေး လုပ်နေရရင်ပဲ ကျေနပ်ပါပြီ၊ ဒီပြင် ဘာအခွင့်အရေးမှ မလိုချင်ပါဘူး၊ ကဲ...အခ်စ်ကိုလေး ညတုန်းကလည်း တရေးမှ မအိပ်ရသေးဘူး၊ အခု ခုတင်ပေါ်မှာ သွားပြီး အနားယူလိုက်ဦးနော်"

ရှောင်ချောင်းသည် ဟူကျင်းအတွက် အိပ်ရာပြင်ဆင်ပေးပြီး ဟူကျင်း အိပ်ပျော်စေရန် ဘေးမှ ယပ်တောင်တစ်ချောင်းဖြင့် ဖြည်းညင်းစွာ ယပ်ခတ်ပေးနေတော့သည်။

ဟူကျင်းသည် တစ်ညလုံး ပင်ပန်းထားသည် ဖြစ်သဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့သည်။ ဟူကျင်း အိပ်ရာနိုးလာသောအခါ ညမှောင်စောင်းနေပြီကို တွေ့ရှိရတော့သည်။ ဟူကျင်းသည် ရှောင်ချောင်းကို ခေါ်၍ တည်းခိုခန်းမှ ထွက်လာခဲ့တော့သည်။

ဟူကျင်းနှင့် ကျောက်မိန်တို့ အရက်သောက်ခဲ့ကြသည့် အရက်ဆိုင်ကလေး ရှေ့သို့ ရောက်ရှိလာသောအခါ ဟူကျင်းသည် ရပ်တန့်လိုက်သည်။ ဟူကျင်းသည် ဆိုင်တွင်းသို့ လှမ်းကြည့်လိုက်သည်နှင့် ကျောက်မိန်မှာ သူ့ထက်စောစွာ ရောက်ရှိနေကြောင်း တွေ့ရှိရတော့သည်။ ကျောက်မိန်သည် နှစ်လိုဖွယ်ကောင်းသော အပြုံးဖြင့် လှိုက်လှိုက်လှဲလှဲ ထ၍ နှုတ်ဆက်လိုက်သည်။

"ဟူကျင်း ရှင်ဟာ တကယ်ပဲ ကတိတည်တာကိုး"



ဟူကျင်းမှာမူ မနေ့ညက ဂိုဏ်းကြီး ခြောက်ဂိုဏ်းမှ သိုင်းသမားများကို ကယ်တင်သည့် ကိစ္စနှင့် ပတ်သက်၍ သူ့အပေါ် ကျောက်မိန် စိတ်ဆိုးနေလိမ့်မည်ဟု ထင်ထားခဲ့မိသည်။ သို့သော် ယခု အထင်နှင့် အမြင် လွဲမှားစွာ တွေ့မြင်လိုက်ရသောအခါ အလွန် အံ့သြသွားမိတော့သည်။ ထို့ကြောင့် စိတ်ထဲတွင် တစ်ယောက်တည်း ပြောနေမိတော့သည်။

"အင်း...ဒီမိန်းကလေးဟာ တကယ် စိတ်ခိုင်တဲ့ မိန်းကလေးပဲ၊ ငါကြောင့် ဂိုဏ်းကြီးခြောက်ဂိုဏ်းက သိုင်းသမားတွေ လွတ်သွားတာလဲ သူ မဖြုဘူး၊ နောက်ပြီး သူ့ အဖေရဲ့ နောက်ဆုံး ဇနီးချောကလေး အသတ်ခံရတဲ့ ကိစ္စနဲ့ ပတ်သက်ပြီးတော့လဲ ငါ့ကို လုံးဝ စိတ်မဆိုးပါလား"

ဟူကျင်းသည် ခုံလွတ် တစ်လုံးတွင် ဝင်ထိုင်လိုက်သည်။ ရှောင်ချောင်းကမူ ဟူကျင်း၏ နောက်ဘက်တွင် ရပ်နေလိုက်သည်။ ဟူကျင်းက စတင်ပြောလိုက်သည်။

"ကျောက်မိန် မနေ့ညက ကိစ္စအတွက် မင်းကို ငါတောင်းပန်ပါတယ်၊ ငါ့ကို ခွင့်လွှတ်ပါနော်"

ကျောက်မိန်က ပြုံး၍ ပြန်ပြောသည်။ သူမ၏ စကားများသည် ဟူကျင်းအား အလွန် အံ့သြသွားစေတော့သည်။

"ရှင့်ကြောင့် ဟို ဘီလူး သရဲလိုမိန်းမ သေသွားတာကိုပဲ ကျွန်မက ရှင့်ကို ကျေးဇူးတင်နေတာ၊ ကျွန်မကလဲ ဒီမိန်းမကို

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့ကို မရဘူး၊ ဘယ်လိုရေစက်လဲ မသိဘူး၊ သိပ်မုန်းတာပဲ၊ ကျွန်မ အဖေကတောင် ရှင့်ကို ကျေးဇူးတင်ကြောင်း ပြောခိုင်းလိုက်သေးတယ်"

ဟူကျင်းမှာမူ မည်သည့်စကားကို ပြန်ပြောရမှန်းမသိတော့လောက်အောင် ဖြစ်နေမိတော့သည်။

ကျောက်မိန်သည် ဟူကျင်း အူကြောင်ကြောင် ဖြစ်နေပုံကို ရိပ်မိသဖြင့် . . .

"ကဲပါ . . . ဒီပြီးပြီးသား ကိစ္စတွေကို ပြောမနေပါနဲ့တော့၊ ရှင်တော့ မပြောတတ်ဘူး၊ ကျွန်မတော့ စိတ်ရှုပ်တယ်၊ အခု ကျွန်မ ပြောချင်တာက သိုင်းလောကမှာ ရှင့်လောက်နာမည်ကြီးတဲ့ လူတစ်ယောက်မှ မရှိတော့ဘူး၊ ဒီတော့ ကျွန်မက ရှင့်ကို အရက်နဲ့ ဂုဏ်ပြုမလို့"

သူမသည် ပြောပြောဆိုဆိုဖြင့် အရက်တစ်ခွက်ကို မြှောက်လိုက်သည်။ ဟူကျင်းကိုလည်း စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ သူမ၏ မျက်လုံးများမှ ကြည်လဲ့သော တောက်ပမှုများသည် ဟူကျင်း၏ ရင်ကို ခုန်စေတော့သည်။

ထိုစဉ် အရက်ဆိုင်ထဲသို့ လူတစ်ယောက်ဝင်လာပြီး ရှေ့ဦးစွာ ဟူကျင်းကို အရိုအသေပေးလိုက်ပြန်သည်။ ထိုသူကား အလင်းမာန်ဂိုဏ်း၏ လက်ယာရံ ဖန်းရောင်တည်း။ ဖန်းရောင်က . . .



"မင်းသမီး . . . ကျုပ် ခင်ဗျားကို လာနှုတ်ဆက်တာပါ"

"နှုတ် . . . ရှင်က ကျွန်မကို ကောင်းကောင်း လှည့်စားခဲ့တာပေါ့လေ ဟုတ်လား၊ အင်း . . . ကျွန်မအဖို့တော့ လူယုံသတ်လို့ သေတယ်ဆိုတာ ဒါမျိုးပဲ ဖြစ်မှာပဲ၊ ကျွန်မကောင်းကောင်းကြီးခံလိုက်ရတာပဲ"

ဖန်းရောင်က ပြန်ရှင်းပြလိုက်သည်။ သူ၏ လေသံသည် တည်ကြည်လွန်းလှသဖြင့် ကျောက်မိန်ပင် မှင်သက်မိသလို ဖြစ်သွားရသည်။

"ကျုပ်နာမည်အရင်းက ဖန်းရောင်ပါ၊ အလင်းမာန်ဂိုဏ်းကြီးရဲ့ လက်ယာရံဟာ ကျုပ်ပဲ၊ ကျုပ်ဘယ်သူ့ကိုမှ မလှည့်စားပါဘူး၊ ကျုပ်ဟာ အလင်းမာန်ဂိုဏ်းကြီးရဲ့ တာဝန်ကို ထမ်းဆောင်နေတာပါ၊ အခုဆိုရင် ကျုပ်ဆောင်ရွက်ရမယ့် တာဝန်တွေ ဆောင်ရွက်ပြီးသွားပါပြီ၊ ဒါကြောင့် မင်းသမီးဆီက ထွက်ခွာရပါတော့မယ်၊ ဒါကြောင့် လာနှုတ်ဆက်တာပါ"

ဖန်းရောင်သည် ပြောပြီးသည်နှင့် လှည့်ထွက်သွားတော့သည်။ သူသည် ရှောင်ချောင်း၏ ဘေးနားမှ ဖြတ်၍ အပြင်သို့ ထွက်ခွာသွားခြင်းဖြစ်ရာ ရှောင်ချောင်းကို မြင်တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် သူ၏ မျက်နှာပေါ်တွင် ထူးဆန်းလှသော အရိပ်လက္ခဏာများပေါ်လာတော့သည်။ ထို့ကြောင့် ရှောင်ချောင်းကို ကြည့်ရင်းမှ လွှတ်ခနဲ ပြောလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း . . . မင်း"

ရောင်ချောင်းကမူ ဖန်းရောင်၏ အမူအရာကို အလွန်အံ့သြသွားသဖြင့် မေးမြန်းလိုက်သည်။

"ဘာဖြစ်လို့လဲ . . . ဘာဖြစ်လို့လဲ"

ဖန်းရောင်သည် ရောင်ချောင်းကို အတန်ကြာ စိုက်ကြည့်ပြီးမှ ခေါင်းကို ခါလိုက်သည်။

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဘာမှ မဟုတ်ဘူး၊ ငါလူမှားသွားတာ"

ပြောပြောဆိုဆိုနှင့် ဖန်းရောင်သည် ဆိုင်အပြင်သို့ သုတ်ခြေတင် ထွက်ခွာသွားတော့သည်။

ထိုအခိုက်ဝယ် ဟူကျင်းက ရောင်ချောင်းကို လှမ်းခေါ်လိုက်ပြီး ကျောက်မိန်သို့ စကားတစ်ခွန်း ပြောလိုက်သည်။

"ကျောက်မိန် . . ငါ မင်းဆီက အကူအညီတစ်ခု တောင်းချင်တယ်၊ မင်းရဲ့ တိမ်လွှာဓားကို ခဏလောက် ငှားစမ်းပါ၊ ငါ့အဖို့ ခဏလောက် အသုံးပြုစရာ ရှိနေတယ်"

ကျောက်မိန်က တခစ်ခစ် ရယ်မောရင်း . . .

"ရှင်က ကျွန်မ့အတွက် နဂါးနိုင်ဓားကိုတောင် ငှားမပေးရသေးဘူး၊ အခု ကျွန်မရဲ့ တိမ်လွှာဓားကို ရှင်က အရင်စ,ငှားနေပါကလား"

ကျောက်မိန်သည် ပြောပြောဆိုဆိုဖြင့် သူမ၏ တိမ်လွှာဓားကို



လှမ်းပေးလိုက်သည်။ ဟူကျင်းသည် တိမ်လွှာဓားကို ဆွဲထုတ်လိုက်သည်။ ရောင်ချောင်း၏ လက်နှင့်ခြေများတွင် ချည်ထားသော ကြိုးများကို လုံးဝ ကင်းရှင်းသွားအောင် ဖြတ်တောက်ပစ်လိုက်တော့သည်။ တိမ်လွှာဓား၏ ထက်မြက်ပုံကား အံ့မခန်းပေ။ ယခင်က ဟူကျင်း အနေဖြင့် မည်သို့မျှ မဖြတ်တောက်နိုင်ခဲ့သော ရောင်ချောင်း၏ လက်နှင့်ခြေမှ သံကြိုးများသည် ကိခနဲ တိခနဲ ပြတ်ကျသွားတော့သည်။

ထိုစဉ် အပြင်ဘက် ခပ်လှမ်းလှမ်းမှ စူးရှကျယ်လောင်သော လေချွန်သံများ ရုတ်တရက် ကြားလိုက်ရတော့သည်။

ဟူကျင်းသည် ယင်းလေချွန်သံများကို အဆက်မပြတ်ကြားလိုက်ရသောအခါ မျက်နှာပျက်သွားမိတော့သည်။ အကြောင်းဆိုသော် ဤလေချွန်သံများသည် ဝါမေဂိုဏ်း၏ အဖွဲ့ကိုသာ အကြောင်း ကြားသည့်အခါ အချက်ပေး ဆက်သွယ်ကြသည့်သည်။ လေချွန်သံများ ဖြစ်နေသောကြောင့်တည်း။ ဟူကျင်း နားမလည်နိုင်အောင် ဖြစ်သွားရသည်။ မည်သည့် အကြောင်းများကြောင့် ဤသို့ အရေးပေါ် ဆက်သွယ်နေကြရခြင်း ဖြစ်သနည်း။

ဟူကျင်း ရုတ်ခနဲ မတ်တတ် ထ,လိုက်သည်။ နှုတ်မှလည်း သွက်ခနဲ ပြောကြားလိုက်သည်။

"ဝါမေဂိုဏ်းက ဘာကြောင့် ဒီလောက် အဆက်မပြတ် အရေးပေါ် လေချွန်သံတွေ ပေးနေရတာလဲမသိဘူး" သူကို

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ သွားစုံစမ်းကြရအောင်”

သူတို့ သုံးယောက်သည် အသံထွက်ပေါ်ရာသို့ လျင်မြန်စွာ ပြေးထွက်လိုက်ပါ သွားကြတော့သည်။ သူတို့သည် တောစပ် တစ်ခုကို ရောက်လာကြသောအခါ အခြေအနေကို ခေတ္တ စောင့်ကြည့်လိုက်ကြသည်။ တော၏ အတွင်းဘက်မှ လူသံများ ရုတ်တရက် ကြားလိုက်ကြရသောအခါ သူတို့အား ရုတ်တရက် မမြင်နိုင်လောက်အောင် အကာအကွယ်ပေးနိုင်သည့် ချုံပုတ်ကြီး တစ်ခုအတွင်းသို့ သုံးယောက်စလုံး ဝင်ရောက် ပုန်းခိုလိုက် ကြသည်။ ပြီးမှ လူသံကြားရာသို့ ချောင်းမြောင်းကြည့်ရှုလိုက်ကြ တော့သည်။

ကျော[?]င်လိုက်ရသည့် မြင်ကွင်းကား...

“ရွှေပန်းပွင့်ဘွားဘွားနှင့် အားလီတို့သည် ချူကျူးကို ဖမ်းဆီး ချင်တ[?]ဉ်ထားလျက် ရှိနေပေ၏။

ငါ[?]ဟူကျင်းအနေဖြင့် သူ၏ ညီမဝမ်းကွဲ အားလီအား တွေ့မြင်လိုက်ရသောအခါ လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား မိသည်။ သူတို့ ခွဲခွာခဲ့ကြသည်မှာ ကြာခဲ့ပြီ။ ထိုတစ်နေ့က ဝေရှိသည် သူမကို ဖမ်းဆီးသွားပြီး မည်သည့်နေရာသို့ ရောက်သွားမှန်း ဟူကျင်း မသိခဲ့ချေ။ သေသည် ရှင်သည်မှန်း မသိရခိုက် ဤကဲ့သို့ ရွှေပန်းပွင့်ဘွားဘွားနှင့် အသက်ရှင်လျက် တွေ့ရှိလိုက်ရသောအခါ အော်ခေါ်မိမတတ် ဖြစ်သွားခဲ့ရသည်။



ထိုစဉ် ဝါမေဂိုဏ်းမှ သီလရှင်တစ်ပါးက ခက်ထန်စွာဖြင့် မေးမြန်းလိုက်သည်ကို တွေ့မြင်လိုက်ကြရသည်။

“ရွှေပန်းပွင့်ဘွားဘွား၊ ရှင်က စော်စော်ကားကားနဲ့ ဘာဖြစ်လို့ ကျုပ်တို့ရဲ့ ဝါမေဂိုဏ်းချုပ်ကို ဖမ်းရတာလဲ”

“ဟား...ဟား...ဟား၊ ဖမ်းတယ်လေ၊ အကြောင်းရှိလို့ ဖမ်းတာပေါ့၊ မင်းတို့ရဲ့ မျက်ကြွယ်ဆရာမ ဘယ်မှာလဲလို့ မေးနေတာကို မင်းတို့က ဘာဖြစ်လို့ အမှန်အတိုင်း မဖြေကြ ရတာလဲ၊ ဒီတော့ ဖမ်းရတာပေါ့”

“ကျုပ်တို့ရဲ့ ဆရာမကြီးက ကွယ်လွန်သွားပြီ၊ ဒါကို ထပ်တလဲလဲ ပြောခဲ့တာပဲ၊ ဒါဟာ အမှန်ပဲ၊ ဘယ်နှစ်ခါ ထပ်ပြောရဦးမှာလဲ”

“ဒါဖြင့် တိမ်လွှာဓားကော ဘယ်မှာလဲ”

ရွှေပန်းပွင့်ဘွားဘွား၏ အသံသည် တိမ်လွှာဓားကိုသာ အာသာငမ်းငမ်း လိုချင်နေမှန်း သိသာ ထင်ရှားနေတော့သည်။ ထို့ကြောင့် ချူကျူးက ဝင်ရောက် ပြောပြလိုက်ရသည်။

“တိမ်လွှာဓားက ကျွန်မတို့ ဂိုဏ်းဝင်တွေ လက်ထဲမှာ မရှိတော့ဘူး၊ မွန်ဂိုမင်းသမီး ကျောက်မိန်ရဲ့ လက်ထဲမှာပဲ ရှိတယ်”

ရွှေပန်းပွင့် ဘွားဘွား၏ အမူအရာများသည် ချူကျူး၏ စကားများကို မယုံကြည်နိုင်ဟန် ပေါ်ပေါက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါက ခက်ခက်ခဲခဲနဲ့ နဂါးနိုင်ဓားကို ခဏငှားဖို့ ပြောခဲ့ရတာ၊ လွယ်လွယ်ကူကူနဲ့ ငှားဖို့ ပြောနိုင်ခဲ့တာ မဟုတ်ဘူး။ မင်းတို့ကို အကြောင်းမဲ့ မေးနေတာ မဟုတ်ဘူးဟေ့၊ ငါတ မျက်ကြွယ်အဘွားကြီးနဲ့ ဓားချင်း ယှဉ်ခုတ်မလို့ဘဲ၊ ဟင်း...အခု ငါက နဂါးနိုင်ဓားကို ငှားလို့ ရနိုင်တော့မယ်လဲဆိုရော မျက်ကြွယ်လဲ ပုန်းနေရော၊ ဒီလို ဘယ်ရလိမ့်မလဲအေ၊ မင်းတို့ရဲ့ မျက်ကြွယ်ဟာ မင်းတို့ပြောသလို သေသွားတယ်ပဲထား၊ မင်းတို့ကတော့ တိမ်လွှာဓားကို ရအောင်ယူခဲ့ကြ"

ချူကျူးသည် စိတ်မရှည်တော့သဖြင့် ရွှေပန်းပွင့်ဘွားဘွား၏ စကားကို ကြားမှ ဖြတ်ပြောလိုက်တော့သည်။

"ကျွန်မ ပြောနေတယ် မဟုတ်လား၊ တိမ်လွှာဓားက မွန်နဂိုမင်းသမီး ကျောက်မိန်ဆီမှာပါလို့"

ရွှေပန်းပွင့်ဘွားဘွားကမူ ချူကျူး၏ စကားကို လုံးဝ လက်မခံ။ သူ ပြောလိုရာကို ဆက်တိုက် ပြောချလိုက်သည်။

"အေး...ဘယ်သူ့ဆီမှာပဲဖြစ်ဖြစ် ငါ ဂရုမစိုက်ဘူး၊ မင်းတို့ ဝါမေကိုဏ်းအနေနဲ့ တိမ်လွှာဓားကိုသာ ရအောင်ယူခဲ့ကြ၊ နဂါးနိုင်ဓားနဲ့ တိမ်လွှာဓား ဘယ်သူ ထက်တယ်၊ ဘယ်သူ ပိုစွမ်းတယ်ဆိုတာ အဲဒီအခါကျတော့ သိကြတာပေါ့၊ တကယ်လို့ မင်းတို့ တိမ်လွှာဓားကိုသာ ရအောင် ယူမထားနိုင်ရင် ငါ မင်းတို့ရဲ့ ဂိုဏ်းချုပ်အသစ်လေးကို လုံးဝ ပြန်လွှတ်ပေးမှာ



မဟုတ်ဘူး၊ ငါ အခု နဂါးနိုင်ဓားကို သွားငှားလိုက်ဦးမယ်၊ သုံးလအတွင်း မြေပြန့်ကို ငါ ပြန်လာခဲ့မယ်၊ မင်းတို့လဲ အသင့်စောင့်နေကြပေတော့"

ရွှေပန်းပွင့်ဘွားဘွားနှင့် အားလီတို့သည် ချူကျူးကို ဆွဲ၍ ပြောပြောဆိုဆိုနှင့် ပြေးထွက်သွားကြတော့သည်။ ဝါမေဂိုဏ်းသားများ အဖို့မှု ရွှေပန်းပွင့်ဘွားဘွား၏ သိုင်းပညာကို မိသူ တစ်ယောက်မျှ မရှိကြသဖြင့် မလိုက်ရဲကြချေ။ ဟူကျင်းသည် ချူကျူးအတွက် စိတ်ပူပန်သဖြင့် ရုတ်ခနဲ ထွက်လိုက်သွားရန် ဟန်ပြင်လိုက်သည်။ သို့သော် ကျောက်မိန်က လက်ကို လှမ်းဆွဲ ထားလိုက်သဖြင့် ရုတ်တရက် ထွက်မလိုက်နိုင်တော့ချေ။ ကျောက်မိန်က လေသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

"ရှင် အခုအချိန်မှာ သိပ်ဆန္ဒစောဖို့ မလိုပါဘူး၊ စိတ် အေးအေး ထားစမ်းပါ၊ ကျွန်မ နောက်ကိုသာ လိုက်ခဲ့၊ ရှင့်ရဲ့ ချူကျူး ဘာမှ မဖြစ်စေရဘူး"

ဟူကျင်းသည် ကျောက်မိန်၏ ပြောစကားကြောင့် မျက်နှာ တစ်ပြင်လုံး ရဲခနဲ ဖြစ်သွားရသည်။ ကျောက်မိန်က ရှင့်ရဲ့ ချူကျူးဟု စွပ်စွပ်စွဲစွဲ ပြောဆိုလိုက်သည် မဟုတ်ပါလား။ ကျောက်မိန်၏ ရဲရဲဝံ့ဝံ့ အာမခံချက်ကိုလည်း အံ့သြသွားသဖြင့် ဟူကျင်းက ကျောက်မိန်အား မေးလိုက်သည်။

"မင်းက ဘာတွေ သိထားလို့ ဒီလောက် အာမခံနိုင်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် မကြားဘူးလား၊ အဘွားကြီး စောစောက ပြောခဲ့တာတွေလေ၊ နဂါးနိုင်မားကို ငှားဖို့ သူ ပြောနိုင်ခဲ့တယ်တဲ့ သူက ရှင့်ရဲ့ မွေးစားအဖေ ရှုက်စွန်းဆီက ငှားဖို့ ပြောခဲ့တာပဲ ဖြစ်မယ်၊ အခုနေ ကျွန်မတို့ သူ့နောက် လိုက်နေမှန်း ရိပ်မိသွားရင် နဂါးနိုင်မားဆီကို သွားချင်မှ သွားရတော့မှာ၊ ကျွန်မတို့ သူ့နောက်လိုက်ဖို့ မလိုပါဘူး၊ သူတို့လာမယ့် ပင်လယ်ကမ်းခြေကို သွားစောင့်နေလိုက်ရုံပဲ၊ သူတို့ မရောက်လာဘဲ မနေဘူး သေချာပေါက်ကို ရောက်လာရမှာ"

ကျောက်မိန်၏ စကားများကို ကြားလိုက်ရသော အခါတွင် ဟူကျင်းသည် တစ်ပူပေါ် နှစ်ပူဆင့် ဆိုသလို သူ့မွေးစားဖခင်ကြီး ရှုက်စွန်းအတွက် တွေးမိတော့သည်။ ဤရွှေပန်းပွင့်ဘွားဘွားသည် သူ၏ မျက်မမြင် ဖခင်ကြီးကို မည်သို့ လီဆယ် လိမ်ညာမည်ကို တွေးမိသောအခါ အလွန် စိုးရိမ်ပူပန်မိတော့သည်။

ထို့ကြောင့် ကျောက်မိန်၏ အကြံအစည်ကို လက်ခံလိုက်တော့သည်။ ဆို့နှင့် ကျောက်မိန်သည် သူမ၏ နန်းတော်သို့ အလျင်အမြန် ပြန်သွားပြီး ခရီးစရိတ် ရွှေဒင်္ဂါးများနှင့် မြင်းသုံးစီးကို ယူဆောင်လာတော့သည်။ ထို့နောက် မြင်းကိုယ်စီဖြင့် အရှေ့ဘက်သို့ ဦးတည် ခရီးပြင်း နှင်ကြတော့သည်။ ကျောက်မိန်သည် မွန်ဂိုအမျိုးသမီး ဖြစ်သည့်အားလျော်စွာ မြင်းစီး အလွန်



ကျွမ်းကျင်ကြောင်း ဟူကျင်းနှင့် ရှောင်ချောင်းတို့ တွေ့ရှိကြရသည်။

အရှေ့ပင်လယ်သို့ သူတို့ ရောက်ရှိလာကြသောအခါ ကျောက်မိန်သည် သူမ၏ အစီအစဉ်ကို အကောင်အထည် ဖော်တော့သည်။ သူ့၌ ပါလာသော ရွှေဒင်္ဂါးများကို အသုံးပြု၍ လှေကြီးတစ်စင်းကို အဆင်သင့် ပြင်ဆင်ထားသည်။ လှေပေါ်ရှိ လှေထိုးသား အားလုံးသည် ကျောက်မိန်၏ လူများပင် ဖြစ်တော့သည်။

ကျောက်မိန်၊ ဟူကျင်းနှင့် ရှောင်ချောင်းတို့ သုံးယောက်စလုံး မှာမူ ကိုယ့်ရုပ်ကိုယ် မမှတ်မိလောက်သည်အထိ ရုပ်ဖျက်ထား လိုက်ကြသည်။ ပြီးနောက် သုံးယောက်စလုံး လှေဝမ်းထဲတွင် ဝင်ရောက် ပုန်းအောင်းနေလိုက်ကြ၏။ ကျောက်မိန်သည် တကယ်ပင် အတွေးအခေါ် ကောင်းသော မိန်းကလေးပင်။

တစ်နေ့ညနေစောင်းတွင်မူ ရွှေပန်းပွင့်ဘွားဘွားနှင့် အားလီ တို့သည် ကျောက်မိန် မျှော်လင့်ထားသည့်အတိုင်း လှေလာငှား ကြတော့သည်။ သူတို့နှင့်အတူ ချူကျူးပါ ပါလာလေသည်။

လှေသူကြီးသည် ကျောက်မိန် သွန်သင်ထားသည့်အတိုင်း အစ ပထမတွင် ငြင်းပယ်လိုက်သေးသည်။ ရွှေပန်းပွင့်ဘွားဘွားနှင့် အားလီတို့က မရမက တောင်းပန်သည့် အခါကျမှသာ ငှား လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ရွှေပန်းပွင့်ဘွားဘွား၊ အားလီနှင့် ချူကျူးတို့ သုံးယောက်တို့သည် လှေပေါ်သို့ တက်လာကြပြီး အရှေ့ဘက်သို့ ရွက်လွှင့်ခိုင်းတော့သည်။ ဟူကျင်းတို့ သုံးယောက်မှာမူ လှေဝမ်း အတွင်း၌သာ ပုန်းခို လိုက်ပါခဲ့ကြရသည်။

ဤသို့ဖြင့် နှစ်ရက်ခန့် ရွက်လွှင့်ထွက်လာကြသောအခါ လှေသည် အရှေ့ဘက်သို့ ဦးတည်နေသည် မဟုတ်တော့ဘဲ တောင်ဘက်သို့ ဦးတည် ရွက်လွှင့်သွားနေကြောင်း တွေ့ရှိရတော့သည်။

ထို့ကြောင့် ဟူကျင်းက ကျောက်မိန်ကို ပြောလိုက်သည်။

"ကျောက်မိန်...ငါ့အဖေကြီး ရှက်စွန်းဟာ မြောက်ဘက်စွန်းက ရေခဲမီးတောင်မှာ နေတာပဲ၊ ငါတို့ သူ့ဆီ သွားချင်ရင် မြောက်ဘက်ကိုပဲ သွားရမယ်၊ အခု ဘာဖြစ်လို့ တောင်ဘက်ကို သွားနေရသလဲမသိဘူး၊ တောင်ဘက်ကို သွားလို့ကတော့ ဘယ်လိုနည်းနဲ့မှ ရေခဲမီးတောင်ကျွန်းဆီကို ရောက်မှာ မဟုတ်တော့ဘူး"

ဟူကျင်း၏ စကားကို ကြားလိုက်ရသော ကျောက်မိန်သည် လှေတစ်ယောက်ကို တိတ်တိတ်ဆိတ်ဆိတ် စေလွှတ်လျက် အဘယ်ကြောင့် တောင်ဘက်သို့ ရွက်လွှင့်နေရကြောင်းကို လှေသူကြီးအား စမ်းမေးမြန်းစေလိုက်သည်။ လှေသူကြီးထံမှ ထူးခြားသော ...ကိုးမရခဲ့ကြချေ။ ရွှေပန်းပွင့်ဘွားဘွားက တောင်ဘက်သို့



ရွက်လွှင့် ခိုင်းသဖြင့် တောင်ဘက်သို့ ရွက်လွှင့်ခြင်း ဖြစ်ကြောင်းနှင့် သူမသည် ယခု ခရီးလမ်းကြောင်းကို အလွန်ကျွမ်းကျင်ဟန် ရှိကြောင်းများကိုသာ ပြောပြခဲ့သည်။

မည်သို့ပင်ဖြစ်စေ လှေသူကြီး၏ ပြန်ကြားစကားကို ကြားလိုက်ရသောအခါ ဟူကျင်းသည် တစ်စုံတစ်ခုကို ရုတ်တရက် သတိရမိသွားပြီး...

"ဟာ...ဟုတ်ပြီ၊ အခု သူလင်းမြွေကျွန်းကို သွားမလို့ ဖြစ်ရမယ်"

ကျောက်မိန်က ပြန်မေးလိုက်သည်။

"ဘာ...လင်းမြွေကျွန်း ဟုတ်လား၊ လင်းမြွေကျွန်းနဲ့ သူနဲ့ ဘာဆိုင်လို့လဲ"

"ရွှေပန်းပွင့်ဘွားဘွားရဲ့ ဇာတိက လင်းမြွေကျွန်းပဲ။ ဒါကြောင့်မို့ သွားတာပေါ့"

ဟူကျင်းသည် မိမိ ငယ်စဉ်တုန်းက လိပ်ပြာကုန်းတွင် နေထိုင်ခဲ့ရပုံများနှင့် အဖြစ်အပျက်များကို ကျောက်မိန်နှင့် ရှောင်ချောင်းတို့အား ပြောပြလိုက်သည်။

ရွှေပန်းပွင့် ဘွားဘွားနှင့် အားလီတို့က မိမိအား လင်းမြွေကျွန်းသို့ ခေါ်ရန် ကြိုးစားခဲ့သော်လည်း မိမိက မလိုက်ခဲ့ပုံ၊ အားလီ၏ လက်ကိုကိုက်ပြီး သူတို့ထံမှ ထွက်ပြေးခဲ့ပုံကိုမူ ဟူကျင်းသည် ချန်လှပ်ထားခဲ့သည်။ အပြည့်အစုံတော့ ပြောမပြ လိုက်ချေ။

www.burmeseclassic.com

www.burmeseclassic.com



လေ့ကြီးမှာမှ လေကြောင်းအတိုင်း တဖြည်းဖြည်း ရွက်လွှင့် သွားလာလျက် ရှိနေသည်။ ယခုရက်အတွင်း၌ ဟူကျင်း စိတ်အပူပန်ရဆုံး ဖြစ်နေရသူမှာ ချူကျူးပင် ဖြစ်တော့သည်။ မပူပန်၍လည်း မဖြစ်ချေ။ ရွှေပန်းပွင့်ဘွားဘွား၏ ကြမ်းကြုတ် ရက်စက်ပုံကို ဟူကျင်း ကောင်းကောင်း သိထားသည် မဟုတ်ပါလား။

ရွှေပန်းပွင့်ဘွားဘွား၏ လက်ထဲ ကျရောက်နေသော အကျဉ်းသားတစ်ယောက်အဖို့ အန္တရာယ် ချောက်ကမ်းပါးအစွန်း လမ်းလျှောက်နေရသောသူနှင့် အသွင်သဏ္ဌာန် တူနေပေသည်။ ရွှေပန်းပွင့် ဘွားဘွားသည် စိတ်မထင်လျှင် မထင်သလို သတ်ဖြတ်တတ်သူ ဖြစ်သည်။

ကျောက်မိန်သည် လူကဲခတ် အလွန်တော်သည့် မိန်းကလေး တစ်ယောက် ဖြစ်သဖြင့် စိတ်နှလုံး နုံးညွှံသည့် ဟူကျင်း၏ စိုးရိမ်ပူပန်နေပုံကို ရိပ်မိသိရှိလိုက်သည်။ သူမ၏ လူတစ်ယောက် ကို စေလွှတ်၍ ချူကျူးအခြေအနေ ကောင်း မကောင်း ရွှေပန်းပွင့်ဘွားဘွား၏ လက်တွင်း၌ အားမသိ ရန်မခ ရှိ၊ မ အမြဲတမ်း စုံစမ်းနေစေသည်။ ထိုသူ စုံစမ်းပြီး ပြန်လာတိုင်း ချူကျူး ကောင်းကောင်းမွန်မွန် ရှိနေသည့် သတင်းကိုသာ ကြားသိကြရပေသည်။ သို့မှသာ ဟူကျင်းသည်လည်း စိတ်ပူပန် သက်သာသွားရတော့သည်။



ဟူကျင်းသည် သူငယ်စဉ်တောင်ကျေး ကလေးဘဝက အဖြစ်အပျက်များကို တရိပ်ရိပ် ပြန်လည် မြင်ယောင်လာ မိတော့သည်။ အားလီက မိမိအား မည်သို့ ဆက်ဆံခဲ့ပုံ၊ မည်မျှ ဂရုစိုက် ပြုစုခဲ့ပုံနှင့် တစ်ခါတစ်ရံ မိမိအား မည်သို့ အနိုင်ကျင့်ခဲ့ပုံကို ပြန်လည် တွေးတောမိလာသည်။

ဟိုတိုက်ချူး၊ ဟူလက်တို့နှင့် သူမ တိုက်ခိုက်ခါနီး အချိန်တွင် နောက်ဆုံးတစ်ကြိမ် မိမိအား လာရောက် ကြည့်ရှုခဲ့ပုံကိုလည်း ပြန်လည် မြင်ယောင်လာသည်။ ထိုအခါ မိမိက အားလီအား မိမိ၏ ဘဝကြင်ဖော်အဖြစ် တစ်သက်လုံး ပြုစုစောင့်ရှောက် သွားပါမည်ဟု ကတိပေးခဲ့သည်များကို သတိရလာမိတော့သည်။

ထိုအတွေးကြောင့် သူ၏ မျက်နှာသည် သွေးရောင်များ ရဲခနဲ တက်သွားတော့သည်။

ကျောက်မိန်သည် ဟူကျင်းအား အမြဲတမ်း ဂရုတစိုက် ကြည့်နေသူဖြစ်ရာ ဟူကျင်း၏မျက်နှာ ရဲခနဲဖြစ်သွားသည်ကို တွေ့လိုက်မိသည်နှင့် မေးမြန်းလိုက်သည်။

"ရှင်ကတော့ တကယ်ပဲ၊ ရှင့်ရဲ့ ချူကျူးအကြောင်းကို ပြန်စဉ်းစားနေပြန်ပြီပေါ့ ဟုတ်လား"

"မဟုတ်ပါဘူး၊ ချူကျူးအကြောင်း မစဉ်းစားပါဘူး"

"ယုံအောင်လဲ ပြောပါနော်၊ ယောကျ်ားဖြစ်ပြီး ဘာဖြစ်လို့ သာနေရတာလဲ၊ စဉ်းစားရင်လဲ စဉ်းစားတယ်ပေါ့၊ စဉ်းစားလို့

www.burmeseclassic.com

www.burmeseclassic.com



ရှင့်ကို ဘယ်သူကမှ အရေးမယူပါဘူး”

“ကျောက်မိန်...ဘာဖြစ်လို့ ငါက မင်းကို ညာရမှာလဲ၊ မဟုတ်လို့ မဟုတ်ကြောင်း ပြောနေတာပါ၊ ငါက ချူကျူး အကြောင်း စဉ်းစားနေတာ မဟုတ်ပါဘူး”

ဟူကျင်းက ဝန်မခံဘဲ အကြောက်အကန် ငြင်းနေသဖြင့် ကျောက်မိန်သည် မည်သည့် စကားကိုမျှ ဆက်မပြောတော့ဘဲ ဆိတ်ဆိတ်နေလိုက်တော့သည်။

ဟူကျင်းမှာမူ လှေဝမ်းထဲတွင် မည်သည့်ကိစ္စမျှ ပြုလုပ်ဆောင်ရွက်ရန် မရှိသဖြင့် အားလီ အကြောင်းကိုသာ ဆက်စဉ်းစားနေမိတော့သည်။

အားလီသည် ပင့်ကူလက်ညှိုးသိုင်းကို လေ့ကျင့်နေသူဖြစ်သဖြင့် သူမ၏ မျက်နှာမှာ ထိုစဉ်ကတည်းက မည်းနက်ယောင်ကိုင်းနေကြောင်း သိရှိထားခဲ့ပေသည်။ ယခုမူ ထိုစဉ်ကထက်ပင် အကြည့်ရဆိုးလျက် ရှိနေကြောင်း တွေ့ရှိရတော့သည်။ ဟူကျင်းသည် စိတ်မောလှသဖြင့် သက်ပြင်းတစ်ချက် ချလိုက်မိသည်။

ထိုစဉ်မှာပင်လျှင် လှေထိုးသားများ၏ အော်သံ၊ ဟစ်သံ၊ ဆူသံ၊ ညံသံများကို အုတ်အော်သောင်းတင်းကြားလိုက်ရသဖြင့် တစ်စုံတစ်ခု အခြေအနေထူးပြီဟု ဟူကျင်းတို့ ခန့်မှန်း လိုက်ကြသည်။ မေးမြန်း စုံစမ်းလိုက်သောအခါ ရွှေပန်းပွင့်ဘွားဘွားက



သူတို့ကို အရှေ့ဘက်ရှိ ကျွန်းကြီး တစ်ကျွန်းတွင် လှေကို ကပ်ခိုင်းလိုက်သဖြင့် လှေထိုးသားများသည် ညာသံပေးလျက် လှေကို ကမ်းတွင် ကပ်နိုင်ရန် ကြိုးပမ်းနေခြင်း ဖြစ်ကြောင်း သိရှိလိုက်ကြရသည်။

လှေကြီးသည် ကျွန်းကြီး၏ ကမ်းနဖူးသို့ ထိုးကပ် လိုက်သည်နှင့် ကျွန်းပေါ်မှ ရှည်လျားစူးရှလှသည့် လေချွန်သံကြီးကို ကြားလိုက်ရတော့သည်။ ထိုလေချွန်သံသည် အမှန်တကယ်ပင် ရှအောင်မြင့်လှသဖြင့် ကြားရသူအပေါင်း ရင်နှလုံး တုန်ဖွယ်ပင် ကောင်းလှတော့သည်။

ဟူကျင်းသည် ထိုလေချွန်သံကို ကြားလိုက်ရသောအခါ ဆခုန်မိမတတ် ဝမ်းသာသွားမိတော့သည်။

ဤလေချွန်သံသည် အခြားသူ၏ လေချွန်သံမဟုတ်၊ အဖေကြီး ရက်စွန်း၏ လေချွန်သံသာတည်း။ ဤလေချွန်သံမျိုးကို အဖေကြီး ရက်စွန်းသည် ယခု လှေကြီး ဆိုက်ကပ်လိုက်သော ကျွန်းပေါ်တွင် အမှန်မုချရှိနေပေပြီ။ အဖေကြီး ရက်စွန်း၏ လေချွန်သံကို မကြားခဲ့ရသည်မှာ ဆယ်နှစ်ကျော်မျှ ရှိခဲ့ပေပြီ။ ဤလေချွန်သံကို ကြားလိုက်ရသည်နှင့် ဟူကျင်း၏ စိတ်ဝမ်းနှလုံးသည် အေးမြလန်းဆန်းသွားရတော့သည်။

ဟူကျင်းသည် ရွှေပန်းပွင့် ဘွားဘွားကို လုံးဝ ဂရုမစိုက်တော့၊ လှေဝမ်းအတွင်းမှ ထွက်၍ ကုန်းပတ်ပေါ်သို့ တက်ပြီး ကျွန်းပေါ်သို့ လှမ်းကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အလို... ကျွန်းပေါ်တွင် လူလေးယောက်က လူတစ်ယောက်ကို ဝိုင်းဝန်းတိုက်ခိုက်နေကြပါကလား။ အတိုက် ခံနေရသော လူတစ်ယောက်သည် ဟူကျင်း၏ မွေးစားအဖေကြီး ရှက်စွန်းပင် ဖြစ်တော့သည်။

သူ၏ အဖေကြီး ရှက်စွန်းသည် မျက်စိနှစ်ကွင်း အလင်းမရှိ သူမဟုတ်သော်လည်း ရန်သူ လေးယောက်ကို လက်နက်မကိုင်ဘဲ ကျင်လည်စွာခုခံ တိုက်ခိုက်နိုင်သည်ကို တွေ့ရှိလိုက်ရသော အခါ လွန်စွာကျေနပ်အားရမိတော့သည်။ ယခုအချိန်တွင် ဟူကျင်း၏သိုင်းပညာမှာ အလွန်အဆင့်အတန်း မြင့်နေရာ ရှက်စွန်း၏ သိုင်းကွက်များကို ကြည့်လိုက်သည်နှင့် ရှက်စွန်းသည် ဝေရိုတိုထက် များစွာ သာလွန်နေကြောင်း သိရှိလိုက်ရသည်။

ကျန် လေးယောက်မှာမူ သူတောင်းစား ဂိုဏ်း၏ အဝတ်အစားများကို ဝတ်စားဆင်ယင် ထားကြောင်း တွေ့ရှိရပြီး၊ ကျန်သုံးယောက်မှာမူ တိုက်ပွဲအတွင်း မဝင်ဘဲ အခြေအနေကို စောင့်ကြည့်အကဲခတ် နေကြကြောင်း တွေ့ရှိလိုက်ရသည်။ သူတို့၏ လူလေးယောက်အခြေအနေ မကောင်းလျှင် သူတို့ ပါဝင်တိုက်ခိုက် ကြပေမည်။

ထိုစဉ် သူတောင်းစားဂိုဏ်းမှ လူတစ်ယောက်က ပြောလိုက်သည်။

"ရှက်စွန်း မင်းရဲ့ နဂါးနိုင်ဓားကို တို့လက်ထဲအပ်ပါဆိုရင် မင်းရဲ့ အသက်ကို ချမ်းသာခွင့်ပေးမယ်"



"ဟား...ဟား...ဟား၊ မင်းတို့ တစ်တွေဟာ တကယ် ရယ်စရာကောင်းတဲ့ လူတွေပဲ၊ နဂါးနိုင်ဓား ငါ့ကိုယ်ပေါ်မှာ ရှိနေတာ မမြင်ကြဘူးလား၊ ဘာဖြစ်လို့ အပိုစကားတွေ ပြောနေကြတာလဲ၊ အစွမ်းအစရှိရင် ယူပေါ့ကွ"

ရှက်စွန်းသည် တဟားဟား ရယ်မောရင်း သူတောင်းစား ဂိုဏ်းသားများကို ပြောလိုက်သည်။ ထိုစဉ် ရွှေပန်းပွင့် ဘွားဘွားသည် ကျွန်းပေါ်သို့ ခုန်တက်ပြီး ချောင်းတဟွပ်ဟွပ် ဆိုးရင်းမှ အော်ဟစ်လိုက်သည်။

"ဟေ့... သူတောင်းစားဂိုဏ်းက ကောင်တွေ၊ မင်းတို့ တစ်တွေဟာ ဘယ်လိုကောင်တွေလဲ၊ ငါ့ကျွန်းကိုလဲ လာတယ်၊ ငါ့ရဲ့ ဧည့်သည်တော်ကိုလဲ စော်ကားတယ်၊ ဘာ သဘောလဲကွ"

ဟူကျင်းက စိတ်ထဲတွင် အတွေးများ ဝေနေမိတော့သည်။

"ဩော်...လက်စသတ်တော့ ဒါက ရွှေပန်းပွင့်ဘွားဘွားရဲ့ လင်းမြွေကျွန်းပဲကိုး၊ အခုစကားအတိုင်းဆိုရင်တော့ ငါ့အဖေကြီးဟာ ရွှေပန်းပွင့်ဘွားဘွားရဲ့ ဖိတ်ခေါ်ချက်ကြောင့် ဒီကျွန်းကို ရောက်လာခဲ့တဲ့ပုံပဲ၊ ငါ့အဖေကြီးဟာ ဟိုတုန်းကတော့ ဘယ် လောက်ခေါ်ခေါ် မပြန်ဘူးဆိုပြီး၊ အခု ရွှေပန်းပွင့်ဘွားဘွားခေါ်တာကျတော့ ဒီကျွန်း ကို လိုက်လာခဲ့တယ်၊ ရွှေပန်းပွင့်ဘွားဘွားဟာ ဘယ်နည်းနဲ့ ငါ့အဖေကြီးရဲ့ ရေခဲမီးတောင်ကျွန်းကို သိသွားရတာလဲ"

www.burmeseclassic.com



ထိုအခိုက် ရှက်စွန်းအား ဝိုင်းဝန်း တိုက်ခိုက်နေသော လူလေးယောက်တို့သည် ရှက်စွန်းဘက်မှလူများ ရောက်ရှိ လာသည် ကိုတွေ့ရှိလိုက်ရသောအခါ တိုက်ပွဲကို အမြန်ဆုံး အဆုံးသတ်နိုင်အောင် ကြိုးစားလိုက်ကြသည်။ ဘေးတွင်ရစ်ကြည့် အကဲခတ်နေသော လူသုံးယောက်တို့သည် တိုက်ပွဲအတွင်းခုန် ဝင်ရောက်လာကြတော့သည်။

ရွှေပန်းပွင့်ဘွားဘွားသည် ကိုယ်ဖော့သိုင်းပညာဖြင့် ခုန် ပြေးထွက်သွားသည်။ ဟူကျင်းသည်လည်း ကျောက်မိန်ကိုခေါ်၍ ရွှေပန်းပွင့်ဘွားဘွားနောက်မှ ပြေးလိုက်တော့သည်။ ကျောက်မိန် က လေသံတိုးတိုးဖြင့် ဟူကျင်းကို သတိပေးလိုက်သည်။

"ဟူကျင်း ဘာဖြစ်လို့ သူ့နောက်ကို ဒီလောက်လိုက်နေ တာလဲ၊ ဒီလောက်လိုက်ဖို့ မလိုပါဘူး၊ ဒီအဘွားကြီး ရှိနေတဲ့ နောက်တော့ ရှင့်အဖေကြီးဘာမှ မဖြစ်နိုင်ပါဘူး၊ ကျွန်မတို့အ တွက် အရေးကြီးဆုံးက ကျွန်မတို့ လူလုံးပေါ်အောင် မနေဖို့ဘဲ"

ဟူကျင်းသည် ကျောက်မိန်၏ စကားကို သဘောပေါက် လိုက်သဖြင့် ခေါင်းတစ်ချက် ညိတ်ပြပြီး သစ်ပင်တစ်ပင် နောက်ကွယ်သို့ ဝင်ခိုလိုက်သည်။

ဟူကျင်းသည် သူ့အဖေကြီး ရှက်စွန်းကို ဝိုင်းဝန်းတိုက် ခိုက်နေသည့် လူခုနစ်ယောက်ကို ကြည့်လိုက်သောအခါ အသက် ဆုံးဆယ်ကျော်မျှ ရှိသေးသော လူတစ်ယောက်ကို ထူးထူးခြား ခြား သတိပြုမိလိုက်သည်။ ထိုလူကို အသေအချာ စူးစိုက်လျက်



စဉ်းစားကြည့်မိသောအခါ ထိုလူသည် မည်သူမည်ဝါဖြစ်သည် ကို သတိရလိုက်တော့သည်။

မိမိငယ်စဉ်တုန်းက မိမိ၏ ဆရာဘိုးဘိုးနှင့်အတူ ရှောင်လင် ဂိုဏ်းသို့ သွားရောက်ခဲ့ကြရသည်။ ရှောင်လင်ဂိုဏ်း၏ နေစကြာ သိုင်းကျင့်စဉ်နှင့် ဟူတန်းဂိုဏ်း၏ နေစကြာသိုင်းကျင့်စဉ်များ နှိုင်းယှဉ်ဖလှယ်ရန် သွားရောက်ခဲ့ကြခြင်းဖြစ်သည်။ ထိုဖလှယ်ပွဲတွင် မိမိ၏ ဆရာဘိုးဘိုး ကိုယ်တိုင် ရေးသားပြုစုခဲ့သော သိုင်းကျမ်း ကြီးကို သူတို့ ရှောင်လင်ဂိုဏ်း၏ သိုင်းကျမ်းပါဟု ပြောဆိုခဲ့သော လူငယ်ချန်ရှိသည် ယခု သူ့မွေးစားအဖေကြီး ရှက်စွန်းကို တိုက်ခိုက်နေသည့် အသက်သုံးဆယ်ခန့်ရှိ လူပင်ဖြစ်တော့သည်။

ချန်ရှိ၏ မှတ်ဉာဏ်သည် အလွန်ကောင်းလှသည်။ ကျမ်းစာ များကို တစ်ကြိမ်မျှ ဖတ်လိုက်ရုံမျှနှင့် ချက်ချင်း အလွတ်ရ မှတ်မိနိုင်သည်။ ယာ ဟူကျင်း၏ စိတ်ထဲတွင် တစ်ယောက်တည်း မေးမြန်းနေသည်။

"ဒီ ချန်ရှိက ရှောင်လင်ဂိုဏ်းရဲ့ တပည့်ပဲ၊ ဘယ်လိုလုပ်ပြီး သူတောင်းစားဂိုဏ်းထဲ ရောက်နေရတာလဲ"

ထိုစဉ် ခုနစ်ယောက် တစ်ယောက် ဖြစ်နေသဖြင့် ရှက်စွန်းမှာ အခြေအနေ တဖြည်းဖြည်း ဆိုးဝါးလာတော့သည်။ သူ့ဝင်း တွင်လည်း ဓားချက်တစ်ချက် ရှပ်၍ ထိသွားခဲ့ရသည်။

ဟူကျင်း စိတ်အလွန်ပူပန်သွားသဖြင့် ခုန်ထွက်တိုက်ခိုက်ရန်

www.burmeseclassic.com

www.burmeseclassic.com



ဟန်ပြင်လိုက်စဉ် ကျောက်မိန်က ဟူကျင်းလက်ကို ဆတ်ခနဲ ဆွဲလိုက်သည်။ ပြီးမှ လေသံတိုးတိုးနှင့် သတိပေး ပြောကြား လိုက်သည်။

ကျောက်မိန်၏ စကားကြောင့် ဟူကျင်းသည် ရှေပန်းပွင့် ဘွားဘွားကို လှမ်းကြည့်လိုက်မိသည်။ ရှေပန်းပွင့်ဘွားဘွားကား သူ၏ တောင်ဝှေးကိုကိုင်၍ မခိုးမခန့်အပြုံးဖြင့် ခုနစ်ယောက် တစ်ယောက်ကို တိုက်ပွဲကို ကြည့်နေကြောင်း တွေ့ရှိရသည်။ ဝင်ရောက်ကူညီ တိုက်ခိုက်မည့်ဟန်ကား လုံးဝမပေါ်။ ထို ရက်စွန်းမှာ ခြေထောက်ဖြင့် တစ်ချက်အကန်ခံလိုက်ရသဖြင့် ယိုင်လဲကျလုလု ဖြစ်သွားခဲ့ရသည်။ ရက်စွန်းကဲ့သို့သော သိုင်းအကျော်အမော်ကြီးတစ်ယောက် ဤကဲ့သို့ အခြေမှ သွားခြင်းသည် သူတောင်းစားဂိုဏ်းမှ လူများအတွက် မဟု အခွင့်အရေးကြီးပင် ဖြစ်တော့သည်။ ထို့ကြောင့် အလွန်ဝမ်းသာ အားရကျေနပ်သွားကြပြီး အားလုံးသည် ရက်စွန်းအပေါ်သို့ တစ်ပြိုင်နက် ခုန်အုပ်လိုက်တော့သည်။

သို့သော် လျှပ်ပြက်လိုက်သည့်နယ် အနက်ရောင်တ တစ်ခုသည် ရှမ်းခနဲ ဖြတ်သန်းထွက်သွားသည့် တစ်ခဏ အတွင်းမှာပင် သူတောင်းစားဂိုဏ်းသား ခုနစ်ယောက်အနက် ငါးယောက်သည် လူရောအားပါ ထက်ပိုင်းပြတ် အသက်ပျော သွားကြတော့သည်။ ကျန်တစ်ယောက်မှာမူ လက်မောင်းတစ်ဘက်



ပြတ်သွားပြီး ချန်ရိုမှာမူ မည်သည့်ဒဏ်ရာမျှ မရလိုက်ဘဲ ...သော အကျိုးခံလိုက်ရသည်။

ရုတ်တရက် ပြောင်းလဲမှုမှာ မြန်ဆန်လွန်းလှသဖြင့် အားလုံး တုန်လှုပ်ချောက်ချား သွားကြရသည်။ ပထမ အခြေအနေအရ ရက်စွန်း မရှုမလှ ရှုံးနိမ့်သွားရတော့မည်ဟု ထင်မှတ်လိုက်ကြ သည်။ ယခုမူ လုံးဝ ပြောင်းပြန် ဖြစ်သွားရပေပြီ။

ရက်စွန်း၏လက်တွင် မဟူရာရောင် မည်းနက်နေသော ဓားကြီးတစ်ချောင်းကို ကိုင်ထားကြောင်း တွေ့ရှိကြရသည်။ ထိုဓားကား သိုင်းလောကတစ်ခွင် သိမ့်သိမ့်တုန် နာမည်ကြီး နေသော နဂါးနိုင်ဓားကြီးသာ ဖြစ်ပေသတည်း။

အားလုံးသည် အဖြစ်အပျက်၏ လျင်မြန်မှုကြောင့် မှင်သက် မှာဝေနေကြစဉ် ရက်စွန်းသည် သူ၏ နဂါးနိုင်ဓားကြီးကိုကိုင်၍ ခန့်ညားစွာရပ်လျက် ရှိနေတော့သည်။

ရှေပန်းပွင့်ဘွားဘွားသည်လည်း သူ့နှုတ်မှ ဂါထာမန္တရားများ ကိုးမှုတ်ရွတ်ဆိုနေသကဲ့သို့ အသံများ တီးတိုးထွက်လာနေသည်။ သူမသည် ဂါထာမန္တရားများကို ရွတ်ဆိုနေခြင်း မဟုတ်ပါ။ ရွတ်ဆိုနေသည်မှာ...

"နဂါးနိုင်ဓား ... ဒါဟာ နဂါးနိုင်ဓား"

ထိုစဉ် ချန်ရိုသည် သွေးဆုတ်ဖြူရော်သော မျက်နှာရှိနေ သော်လည်း အားလုံး တုန်လှုပ်သွားကြစေသည့် စကားကို

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ပေသည်။

"ဆရာကြီးရှက်စွန်းရဲ့ သိုင်းပညာဟာ ဒီလောက် အဆင့် အတန်း မြင့်မားလှတာကို ကျွန်တော်တို့ လှိုက်လှိုက်လှဲလှဲ ချီးကျူးပါတယ်၊ အခု လက်မောင်းပြတ်သွားတဲ့ ကျွန်တော်တို့ ဂိုဏ်းရဲ့ ဝါရင့်ဂိုဏ်းသား သိုင်းသမားကြီးကို ပြန်လွှတ်ပေးမယ် ဆိုရင် ကျွန်တော်က သူ့ကိုယ်စား အသေခံပါ့မယ်"

ထိုစကားကြောင့် အားလုံး စိတ်လှုပ်ရှားသွားကြရသည်။ မိမိ၏ ဂိုဏ်းအပေါ်နှင့် ဂိုဏ်းဝင်များအပေါ် အသက်စွန့်၍ သစ္စာရှိသူတစ်ယောက် မဟုတ်ပါလား။ သိုင်းလောကသား တို့သည် သစ္စာတရားကို လွန်စွာ တန်ဖိုးထားတတ်ကြ၏။ ထို့ကြောင့် အားလုံး စိတ်လှုပ်ရှားသွားကြရခြင်း ဖြစ်ပေသည်။

ဟုကျင်းမှာ ယခင်က ချန်ရှိ၏ မရိုးသား မဖြောင့်မတ်သော စိတ်ကြောင့် အထင်အမြင်သေးထားသူ ဖြစ်သည်။ ယခုကဲ့သို့ ချန်ရှိ၏ ရဲရဲတောက် စကားကို ကြားလိုက်ရသောအခါတွင်မူ များစွာ ချီးကျူးမိတော့သည်။

ရှက်စွန်းသည် အောင်မြင်ခန့်ညားသော အသံကြီးဖြင့် ပြောလိုက်သည်။

"ချန်ရှိ...မင်းရဲ့ ရဲရင့်တဲ့ စိတ်ဓာတ်ကို ငါ လှိုက်လှိုက်လှဲလှဲ ချီးကျူးတယ်၊ မင်း ဒီအဘိုးကြီးကို ပွေ့ချီပြီး သွားလိုရာကို သွားပေတော့၊ မင်းရဲ့အသက်ကို ငါ ခွင့်လွှတ်တယ်"



ချန်ရှိသည် ရဲရင့်တည်ကြည်စွာပင် ရှက်စွန်း၏ စကားကို ပြန်ကြားလိုက်သည်။

"ဆရာကြီး ကျွန်တော့်အသက်ကို မသတ်ဘဲ ခွင့်လွှတ် လိုက်တာကိုတော့ ကျွန်တော် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် ကျွန်တော်တို့ရဲ့ သူတောင်စားဂိုဏ်းသား ငါးယောက်ဟာ ဆရာကြီးရဲ့ လက်ချက်နဲ့ အသက်သေဆုံးခဲ့ကြရပြီ၊ ဒါကြောင့်မို့ နောက်ထပ်ဆယ်နှစ်အတွင်းမှာ ကျွန်တော့်အနေနဲ့ သိုင်းပညာ လေ့ကျင့်လို့ အောင်မြင်ခဲ့ရင် ကျွန်တော်က ဒီရန်ကြွေးကို ပြန်ချေပါဦးမယ်"

ဤမျှ ရှုံးနိမ့်နေသော အခြေအနေအတွင်းမှ လေ့ခွက် ညည်းကျန် အလံမလှဲစတမ်း စိတ်ဓာတ်မျိုးထားပြီး ဤမျှ ရဲရဲတောက် စကားကို ပြောထွက်နိုင်သေးသည့် ချန်ရှိ၏ သတ္တိကို ရှက်စွန်း အလွန်ချီးကျူးမိတော့သည်။ ထို့ကြောင့် ခေါင်းတချက် ညိတ်ပြလိုက်ပြီး...

"ကောင်းပြီ၊ ငါ မင်းကို ဆယ်နှစ်အထိ စောင့်နေမယ်၊ မင်းသာ ငါ့ကို ယှဉ်နိုင်အောင် ကြိုးစားပေတော့"

ချန်ရှိသည် ရှက်စွန်းကို အရိုအသေ တစ်ချက်ပေးလိုက်ပြီး မြေကြီးပေါ်တွင် လဲကျနေသော သူတောင်စားဂိုဏ်းမှ ဝါရင့် သိုင်းသမားကြီးကို ပွေ့ချီ ထွက်ခွာသွားတော့သည်။

ထိုစဉ် ရွှေပန်းပွင့်ဘွားဘွားသည် ကျန်းဟုကျင်းဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လိုက်ပြီး…

"ဟဲ့ကောင်လေး…မင်းက ငါ့နောက်ကို ဘာဖြစ်လို့ လိုက်လာရတာလဲ"

အခြေအနေဆိုး စတင်ပေတော့မည်။ ဟူကျင်း အပြော မတတ်လျှင် သူတို့ လျှို့ဝှက်ဖုံးကွယ်ထားကြသည့် အဖြစ်များ ဘွားဘွားကြီး ပေါ်လာပေတော့မည်။ ထို့ကြောင့် ကျောက်မိန်သည် သူမ၏ အသံကိုမြှင့်လျက် ယောက်ျားသံဖြင့် ပြောလိုက်သည်။

"ကျုပ်တို့က ဝေလငါးကိုဏ်းက လူတွေပါ၊ ကျုပ်တို့က ကုန်းပေါ်မှာ ကျက်စားတာ မဟုတ်ဘူး၊ ပင်လယ်မှာ ကျက်စားတဲ့ လူတွေ၊ အခု ခင်ဗျားတို့က ကျုပ်ကို ကျေနပ်လောက်တဲ့ အခကြေးငွေပေးလို့ ကျုပ်တို့က လိုက်ပို့တာပဲ၊ ဒါဟာ ဘာမှ ပြဿနာဖြစ်စရာ မလိုပါဘူး၊ အခု ကျုပ်တို့ လာကြည့်တာ ကလဲ အများနဲ့တစ်ယောက် မတရားသဖြင့် တိုက်ခိုက်နေတာ တွေ့လို့ မခံချင်ဖြစ်ပြီး လိုက်ကြည့်မိတာပါ၊ အခုတော့ ဆရာကြီးရှက်စွန်းရဲ့ ပညာက အင်မတန် မြင့်လွန်းလှတော့ ကျုပ်တို့လို ပါမွှားလေးတွေအဖို့ ကူညီစရာ မလိုတော့ဘူးပေါ့"

အင်မတန် ဖြတ်ထိုးဉာဏ်ကောင်းလျက် ရဲရင့်သွက်လက်လှ သော ကျောက်မိန်၏ ကျိုးကြောင်းဆီလျော်လှသော စကား များကြောင့် ရွှေပန်းပွင့်ဘွားဘွား ယုံကြည်သွားသည်။ ကျောက် မိန်၏ စကားများကို ရှက်စွန်းကလည်း ကြားလိုက်သည်။



ထို့ကြောင့်…

"အေး…မင်းတို့ရဲ့ ကူညီချင်တဲ့ စိတ်ထားကို ကျေးဇူးတင်ပါ တယ်၊ မင်းတို့လဲ လိုရာသွားနိုင်ပါပြီ"

ရွှေပန်းပွင့်ဘွားဘွားသည် ရှက်စွန်းကို လှမ်းပြောလိုက် လေသည်။

"မောင်လေး…မင်းကို ငါ ကူညီပြီး တိုက်မပေးတာကို စိတ်မဆိုးနဲ့နော်၊ မင်း ဒီကောင်တွေကို ကောင်းကောင်း ထိန်းနိုင်တယ်ဆိုတာ ငါ ယုံကြည်လို့ပါ"

ရွှေပန်းပွင့်ဘွားဘွားက ရှက်စွန်းကို မောင်လေးဟု ခေါ် လိုက်သံ ကြားလိုက်ရသောအခါ ဟူကျင်းအဖို့ အလွန် အံ့သြ သွားမိတော့သည်။ ထိုစဉ် ရှက်စွန်း၏ စကားသံကို ကြားလိုက်ရ ပြန်သည်။

"ဘာမှ စိတ်ဆိုးစရာ မရှိပါဘူး၊ ဒီကောင်တွေလောက်တော့ ငါကလဲ မမှုပါဘူး၊ ဒါနဲ့ အခု မြေပြန့်က ပြန်လာတာ မဟုတ်လား၊ ငါ့သားလေး ဟူကျင်းရဲ့ သတင်းကို ဘာများ ကြားခဲ့ရသေးသလဲ"

ဟူကျင်း၏ ရင်ထဲတွင် နွေးခနဲ ဖြစ်သွားပြီး သူ၏ ကိုယ် သည်လည်း ဆတ်ခနဲ ဖြစ်သွားတော့သည်။အဖေကြီး ရှက်စွန်း သည် မိမိအပေါ် သတိရ ချစ်ခင်လှချေတကား။

ကျောက်မိန်သည် တုန်လှုပ်သွားသော ဟူကျင်း၏ လက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖမ်း၍ ဆုပ်ကိုင်ထားလိုက်သည်။ အကယ်၍ ဟူကျင်း မထိန်းနိုင် မသိမ်းနိုင် ထုတ်ဖော်ပြောဆိုမိသွားမည်ကို စိုးရိမ်မိ၍ ဖြစ်ပေသည်။ ဟူကျင်းသည် ကျောက်မိန် တင်းတင်းဆုပ်ကိုင်လိုက်သည်ကို ကောင်းစွာ သဘောပေါက်ပေသည်။ ယခု အချိန်တွင် သူ့အဖေကြီးဆီ ပြေးသွား၍ မည်သို့မျှ အကျိုးမများ နိုင်သေးကြောင်း ရုတ်တရက် တွေးမိလိုက်သည်။ အချိန်အခါ မဟုတ်သေးလျှင် စောင့်ဆိုင်းရဦးမည်။

ထိုစဉ် ရွှေပန်းပွင့်ဘွားဘွားသည် ရှက်စွန်း၏ အမေးစကားကို ပြန်လည် ဖြေကြားလိုက်သည်။

"ဟင့်အင်း...ဘာသတင်းမှ မရပါဘူး"

ရှက်စွန်းသည် သက်ပြင်းကြီးတစ်ချက် ချလိုက်သည်။ အတန်ကြာမှ ဆွေးမြည့်စွာဖြင့် ပြောကြားလိုက်သည်။

"ဒီမယ် ရွှေပန်းပွင့်၊ နင်နဲ့ ငါဟာ သွေးသောက် မောင်နှမတွေပဲဥစ္စာ၊ ငါ့ကို အကန်းတစ်ယောက်ဆိုပြီး ညာမနေ ပါနဲ့၊ ငါ့ရဲ့သားလေး ဒီလောကထဲမှာ တကယ်ပဲ အသက်ရှင်လျက် ရှိသေးရဲ့လားဟင်"

ရွှေပန်းပွင့်ဘွားဘွားသည် မည်သို့ ပြောရမည်ကို ရုတ်တရက် တွေးမရနိုင်ဘဲ ဖြစ်နေစဉ် အားလီက ရုတ်တရက် ပြောလိုက် လေတော့သည်။

"ဦးလေး...ရှက်စွန်း"

ထိုအခါ ရွှေပန်းပွင့်ဘွားဘွားသည် အားလီ၏ လက်ကောက်ဝတ်ကို လျှပ်ပြက်လိုက်သည့်နှယ် ဖမ်းချုပ်ထား



လိုက်သည်။ အားလီက ဆက်မပြောရဲတော့ချေ။ ရှက်စွန်းသည် ကမန်းကတန်း မေးမြန်းလိုက်သည်။

"အားလီ...အားလီ...ပြောစမ်း၊ မင်း သိတာတွေကို ပြောစမ်း၊ မင်းရဲ့ အဘွား ငါ့ကို ညာနေတာ မဟုတ်လား၊ ဟုတ်တယ်၊ ရွှေပန်းပွင့် ငါ့ကို ညာနေတာ ဖြစ်ရမယ်၊ ပြော...ပြော၊ မင်းသိ တာတွေ ပြောစမ်း"

သို့သော် အားလီမှာ မည်သို့မျှ မပြောနိုင်တော့ပါ။ သူမ၏ ပါးပြင်တွင် မျက်ရည်များ စီးကျလာတော့သည်။ ရွှေပန်းပွင့် ဘွားဘွား၏ ညာဘက် လက်ဝါးစောင်းသည် အားလီ၏ ဦးခေါင်းကို ဖိထားလျက် ရှိနေသည်။ အကယ်၍များ အားလီကသာ သူမ မကြိုက်သည့် စကားများကို ပြောကြားခဲ့လျှင် တစ်ချက်တည်းနှင့် အသေရိုက်သတ်လိုက်မည်သာ ဖြစ်တော့ သည်။ ထို့ကြောင့် အားလီသည် ရှက်စွန်း သံသယကင်းစေမည့် စကားကို ရွေးချယ်လိုက်ရတော့သည်။

"ဦးလေး ရှက်စွန်း၊ ကျွန်မအဘွား မညာပါဘူး၊ ကျွန်မတို့ ဒီတစ်ခေါက် မြေပြန့်ကို ပြန်သွားချိန်မှာ ဟူကျင်း သတင်းကို လုံးဝ မကြားခဲ့ပါဘူး"

အားလီ၏ စကားများကို ရွှေပန်းပွင့်ဘွားဘွား ကျေနပ် သွားသည်။ ထို့ကြောင့် သူမ၏ မျက်နှာတွင် အပြုံးရိပ်များ ပေါ်လာပြီး သူမ၏ ညာဘက် လက်ဝါးစောင်းကို ပြန်လည် ရုပ်သိမ်းလိုက်သည်။ သို့သော် လုံးဝ လွှတ်လိုက်သည်ကား မဟုတ်။ အားလီ၏ လက်ကောက်ဝတ်ကိုမူ ချုပ်ကိုင်ထားဆဲ

www.burmeseclassic.com

www.burmeseclassic.com



ရှိနေပေသေးသည်။ ရက်စွန်းက…

“ဒီလိုဆိုရင် မင်းတို့ ဘာသတင်းတွေ ကြားခဲ့ရသလဲ၊ ငါတို့ အလင်းမာန်ဂိုဏ်းကြီးရဲ့ အခြေအနေကော ဘယ်လိုဖြစ်နေသလဲ၊ အခြေအနေ ကောင်းနေသလား၊ ဆိုးနေသလား၊ ငါတို့ရဲ့ မိတ်ဟောင်း ဆွေဟောင်းတွေရဲ့ အခြေအနေတွေကိုလဲ သိချင်တယ်၊ ပြည့်ပြည့်စုံစုံ ပြောပြစမ်းပါ”

ရွှေပန်းပွင့်ဘွားဘွားက…

“အေး…မင်းပြောတဲ့ သတင်းတွေကို ငါ ဘာမှ မသိဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မင်းပြောတဲ့ ဟာတွေကို ငါက စိတ်မှ မဝင်စားဘဲကိုး၊ ငါ စိတ်ဝင်စားတာက ဝါမေဂိုဏ်းက မျက်ကြွယ် မယ်သီလရှင်ကြီးနဲ့ ဓားချင်း ပြိုင်ဖို့ပဲ၊ တခြား ဘာကိစ္စမှ ငါ အရေးမစိုက်ဘူး”

ရက်စွန်းသည် ဒေါသအကြီးအကျယ် ထွက်လာသဖြင့် အော်ဟစ် ပြောဆိုလိုက်သည်။

“ဩော်…နင်က အခုမှ ဘာစိတ်မဝင်စားဘူး၊ ညာစိတ်မဝင်စားဘူး ပြောနေတယ်၊ ဟိုတုန်းက နင် ရေခဲမိုးတောင်ကျွန်းကို လာတုန်းက ဘာပြောခဲ့သလဲ၊ နင်က ပြောတယ်၊ ငါရဲ့ သွေးသောက်ညီ ကျန်းချွေးဆန်းတို့ လင်မယား နှစ်ယောက်စလုံးဟာ ဟူတန်းတောင်တန်းပေါ်မှာ သေပြီး ငါရဲ့သားလေး ဟူကျင်းကတော့ တစ်ကောင်ကြွက် ဖြစ်နေပြီတဲ့၊ သိုင်းလောကမှာ လေလွင့်ပြီး အမိမဲ့သား ရေနည်းငါးလို လူတကာရဲ့ ညှဉ်းပန်း



နှိပ်စက်မှုတွေကို ခံနေရတယ်တဲ့၊ နင် ဒါတွေ ငါ့ကို လာမပြောဖူးဘူးလား”

ရွှေပန်းပွင့်ဘွားဘွားက…

“ပြောတယ်လေ၊ အဲဒါ ဘာဖြစ်သလဲ”

“ဘာဖြစ်ရမှာလဲ၊ နင်ဟာ နင့်ကိစ္စတစ်ခုပဲ စိတ်ဝင်စားတယ်ဆို၊ နောက်ပြီး ငါ့သားလေးဟာ လက်ဝါးစောင်းဒဏ် ခံလိုက်ရလို့ အကြီးအကျယ် ဒဏ်ရာရနေတယ်လို့ ပြောသေးတယ်၊ လိပ်ပြာကုန်းမှာလဲ တွေ့ခဲ့တယ်လို့ ပြောသေးတယ်၊ ဟုတ်ရဲ့လား”

“ဟုတ်တယ်လေ ငါ အမှန်တွေကို ပြောတာပဲ၊ ငါက သူ့ကို လင်းမြွေကျွန်းကို လိုက်ခဲ့ဖို့တောင် ခေါ်သေးတယ်၊ မင့်သားကမှ မလိုက်တာ”

ရက်စွန်းသည် အားလီ ရှိမည်ထင်သည့် ဘက်သို့ လှည့်၍ မေးလိုက်သည်။

“အားလီ သူပြောတာတွေ ဟုတ်ရဲ့လား”

“ဟုတ်ပါတယ်၊ ကျွန်မကလဲ အဲဒီတုန်းက လင်းမြွေကျွန်းကို လိုက်ခဲ့ဖို့ အတင်းအကျပ် ခေါ်ပါတယ်၊ ဟူကျင်း ဘယ်လောက်ဆိုးသလဲဆိုရင် မလိုက်ရုံတင် မကဘူး၊ ကျွန်မ လက်ကိုတောင် ကိုက်လိုက်သေးတယ်၊ ကျွန်မလက်မှာ သူ့ရဲ့သွားရာ အခုထက်ထိ ကျန်နေသေးတယ်၊ ကျွန်မ မညာရပါဘူး ဦးလေးရက်စွန်း”

www.burmeseclassic.com



ထိုစကားများကို ကြားလိုက်ရသောအခါ ကျောက်မိန်သည် ဟူကျင်း၏လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်မိသည်။ သူမသည် ဟူကျင်းကို စိုက်ကြည့်နေသည်။ သူမ၏ မျက်လုံးထဲတွင် မနှာလိုခြင်း အရိပ်အယောင်များ၊ ခနဲ့သည့် အရိပ်အယောင်များ ဖုံးလွှမ်းနေပေသည်။

"ဪ...ရှင်က ကျွန်မကို ညာတာပေါ့လေ၊ လက်စသတ်တော့ ဒီကောင်မနှလေးကို ရှင် အစောကြီးကတည်းက သိနေတာပေါ့"

ကျောက်မိန်သည် ထိုစကားများက သူ၏နှုတ်က ထုတ်ပြောလိုက်သည် မဟုတ်ပါ။ သူ၏ မျက်လုံးများကို ပြောလိုက်ခြင်းသာ ဖြစ်ပါ၏။ ဟူကျင်းသည်လည်း ကျောက်မိန်၏ မျက်လုံးတွင်းမှ အမေးစကားများကို ကောင်းစွာ နားလည်လိုက်မိသဖြင့် မျက်နှာတစ်ပြင်လုံး ရှက်သွေးတက်ပြီး နီရဲသွားတော့သည်။

ထို့ပြင် ဟူကျင်း အနေဖြင့် အားလီသည် မိမိအပေါ် ဤမျှ သံယောဇဉ် ရှိလိမ့်မည်ဟု မထင်ခဲ့ချေ။ ယခု မိမိအပေါ် ဤမျှ သံယောဇဉ်ထားမှန်း သိရှိလိုက်ဝေသာအခါ ကြည်နူးမိသလိုလို၊ ဆွေးမြည့်မိသလိုလို ခံစားလိုက်ရတော့သည်။

ထိုစဉ် ကျောက်မိန်သည် ဟူကျင်း၏လက်ကို ရုတ်တရက် ဆွဲယူလိုက်ကာ ပါးစပ်တွင်တည့်၍ ကိုက်လိုက်တော့သည်။ ကျောက်မိန်၏ အပြုအမူသည် မြန်ဆန်လွန်းလှသဖြင့် ဟူကျင်းသည်ပင် ရုတ်တရက် ဘာမှန်းမသိနိုင်အောင် ဖြစ်သွားမိသည်။ ချက်ချင်းပင် ဟူကျင်း၏လက်မှ သွေးများ ဖြာကျလာတော့၏။ သို့သော်... ဟူကျင်း၏ ကိုယ်တွင်းရှိ အတွင်းအားများသည် အလိုလို တန့်ပြန် တွန်းကန်လိုက်သဖြင့် ကျောက်မိန်၏ နှုတ်ခမ်းမှလည်း သွေးများ စီးကျလာပေတော့သည်။



ထို့ကြောင့် နှစ်ယောက်စလုံး ရုတ်တရက် အော်လိုက်မိကြသည်။

ဟူကျင်းသည် နားမလည်နိုင်သော သဘောအဓိပ္ပာယ်များဖြင့် ကျောက်မိန်ကို ကြည့်လိုက်သည်။ ဟူကျင်းအနေဖြင့် တကယ်ပင် နားမလည်နိုင်။ မိမိအား ကျောက်မိန်သည် အဘယ်ကြောင့် အကြောင်းမဲ့ ကိုက်ရပါသနည်း။ ထိုသို့ ကြည့်လိုက်မှ ဟူကျင်း ပိုမို နားမလည်နိုင်အောင် ဖြစ်သွားရတော့သည်။

အဘယ်ကြောင့်ဆိုသော် ကျောက်မိန်၏ မျက်နှာတွင် အပြုံးရိပ်များ ပေါ်နေပြီး သူမ၏ မျက်လုံးများတွင် ရှက်သွေးဖြာခြင်း၊ ပီတိဖြစ်ခြင်းနှင့် ကြည်နူးခြင်း အရိပ်အယောင်များ ယှက်သန်းရစ်သိုင်း နေသောကြောင့်ပေတည်း။

○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၆)

www.burmeseclassic.com

www.burmeseclassic.com



## နဂါးမင်း

"ဪ ငါက ငါ့ရဲ့သားလေး ဟူကျင်းကို သတိရလွန်းလို့ ဒီလောက် ဝေးလံသီခေါင်လှတဲ့ နေရာကနေ ဒီကို လိုက်လာခဲ့တာ၊ မင်းက အစတုန်းကတော့ ငါ့သားရဲ့ သတင်းကိုစုံစမ်းပေးမယ်လို့ ပြောတယ်၊ အခုတော့ ဘာဖြစ်လို့ ကတိ မတည်ရတာလဲ"

ရှက်စွန်းသည် ရွှေပန်းပွင့်ဘွားဘွားအပေါ် မကျေနပ်ချက်များကို တစ်လုံးချင်း ဆွေးမြေ့စွာ ပြောကြားနေပေတော့သည်။ ရှက်စွန်း၏စကားများကို ကြားရသောအခါ ဟူကျင်းသည် မျက်ရည် ဝဲလာမိတော့သည် အမှန်တော့ သူ့အဖေကြီးရှက်စွန်းသည် သူကို တွေ့ချင်လွန်းလှ၍သာ ရန်သူ အလွန်များလှသည့် မြေပြင်နှံ့သို့ ပြန်လာခဲ့ခြင်းဖြစ်ပေတော့သည်။ သူ့အပေါ် ချစ်ခင် ကြင်နာလွန်းလှသည့် အဖေကြီး

www.burmeseclassic.com

www.burmeseclassic.com



ရှက်စွန်း၏ ဒုက္ခများကို တွေ့မြင်နေရသဖြင့် ဟူကျင်း၏ နှလုံးသား များသည် တမြည့်မြည့် နာကျင်နေမိတော့သည်။

ရွှေပန်းပွင့် ဘွားဘွားက ပြောလိုက်သည်။

"ဟိုနေ့ကတည်းက မင်းကို သေသေချာချာ ပြောထားခဲ့ပြီးပြီပဲ၊ မင်းရဲ့ နဂါးနိုင်တား ငါ့ကို ပေးရင် ငါက ဟူကျင်းကို ရှာပေးမယ်လို့ ပြောထားတာပဲ"

ရှက်စွန်းသည် သူ၏ဦးခေါင်းကို လေးပင်စွာ ခါယမ်းလိုက် သည်။

"ဘယ်လိုလုပ် ဖြစ်နိုင်မလဲ၊ နင်ပြောတဲ့စကားတွေက ခုတစ်မျိုး တော်ကြာတစ်မျိုး ဖြစ်နေတဲ့ စကားတွေပဲ၊ ငါ့ဓား ငှားလိုက်ပြီးတော့ မှ ငါ့ဓားလဲဆုံး၊ ငါ့သားလေးရဲ့ သတင်းလဲ မရတဲ့အဖြစ်မျိုးတော့ အဖြစ်မခံနိုင်ဘူး၊ နင် ဟူကျင်းကို အရင်ရှာပေး၊ ဟူကျင်းကို တွေ့ပြီဆိုရင် ငါ့ဓားကို ငှားလိုက်မှာပါ"

ရှက်စွန်းသည် သူ့စကားဆုံးသောအခါတွင် ကျွန်း၏ ကုန်းမြင့် ပိုင်းသို့ ဖြည်းညင်းစွာ တက်သွားတော့သည်။ ထို ကုန်းမြင့်ပိုင်းတွင် တဲအိမ်ကလေး တစ်လုံး ဆောက်လုပ်ထားသည်ကို ဟူကျင်း၏ တွေ့ရှိကြရသည်။

ရှက်စွန်းသည် ကုန်းမြင့်ကလေးသို့ တက်သွားရာ ဟူကျင်း တို့နှင့် တဖြည်းဖြည်း ဝေးဝေးသွားတော့သည်။



"ပြန်သွားကြစမ်း"

ရွှေပန်းပွင့် ဘွားဘွားသည် ဟူကျင်းနှင့်ကျောက်မိန်တို့အား မီးထစ်ချုံးသံနှင့်တူသော အသံကြီးဖြင့် အော်ဟစ် နှင်ထုတ်လိုက်သည်။ သူတို့အဖို့ ဤအခြေအနေမျိုး၌ ကျွန်းပေါ်တွင် ပေကပ် ရပ်နေရန် မဖြစ်နိုင်တော့ချေ။ ပေကပ် ရပ်နေခြင်းဖြင့် ကောင်းကျိုးထက် ဆိုး ကျိုးက ပိုဖြစ်ရန် များသည်။

ထို့ကြောင့် ကျောက်မိန်သည် ဟူကျင်း၏ လက်ကိုဆွဲပြီး ကျွန်းပေါ်မှ လှေရှိရာသို့ ပြန်လည်ဆင်းသက်လာခဲ့ကြသည်။ ဟူကျင်း အနေနှင့်မူ သူ၏ မွေးစားဖခင်ကြီးကို တွေ့နေလျက်မှ နှုတ်မဆက်ရ သော အဖြစ်ကို မချိတင်ကဲ ဖြစ်နေသည့်အလျောက်

"ဘာပဲဖြစ်ဖြစ် ငါတော့ ငါ့အဖေကြီးဆီ သွားတွေ့တော့မယ်"

"ဟင့်အင်း ရှင် ဒီလို တိုက်ရိုက်ကြီး သွားမတွေ့သင့်ဘူး၊ ခုဆိုရင် ရွှေပန်းပွင့်ဘွားဘွားဟာ ရှင့်ရဲ့ မွေးစားအဖေကြီးကို စစ်ခုခုကြံစည်မှာတော့ အသေအချာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ရှင့်အဖေကြီးဆီက နဂါးနိုင်တားကို သိပ်လိုချင်နေတယ် မဟုတ်လား၊ ဒါတော့ ရှင်တိတ်တိတ်ကလေး သွားစုံစမ်းမှ ရှင့်အတွက်ကော ရှင့်အဖေကြီးအတွက်ကော ကောင်းမှာ၊ နောက်ပြီး ဟို ချန်ရှိဆိုတဲ့ကောင် ထပ်လာမှာကိုလဲ ရှင် ကောင်းကောင်း သတိထားရဦးမယ်"

"ဘာ ချန်ရှိ ထပ်လာလိမ့်ဦးမယ် မဟုတ်လား၊ ဒီလူက တို့ဂိုဏ်းဝင် ရှောင်းရင်းတွေအပေါ်မှာ ညှိပ်သစွာရှိတဲ့လူ၊ သိပ် ဆက်ကျိုးပိသတဲ့လူပဲ ဘာဖြစ်လို့ သူကပြန်လာရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တကယ် မသိဘူး ဟုတ်လား၊ ရှင် တမင် မသိချင်ယောင်ဆောင်ပြီး ကျွန်မကို ညာပြောနေတာလား"

"ငါက မင်းကို ဘာဖြစ်လို့ညာရမှာလဲ၊ ချန်ရိုဟာ သူတို့ဂိုဏ်းခဲ့ ဝါရင့် သိုင်းဆရာကြီး တစ်ယောက်အတွက် သူ့အသက်ကို စတေး ရဲတာဟာ ချီးကျူးစရာ မကောင်းဘူးလား၊ တော်ရုံတန်ရုံ သတ္တိ ဘယ်သူက ဒီလိုစွန့်ရဲမှာလဲ"

ကျောက်မိန်သည် ဟူကျင်းကို ကြည့်၍ သက်ပြင်းတစ်ချက် ချလိုက်သည်။ ဟူကျင်း၏ သဘောဖြူ အူစင်းရှိလှပုံနှင့် တစ်ပါးသူ များကို အကောင်းဘက်မှသာ ရှုမြင်တတ်ပုံကို ကောင်းစွာ သတိပြု လိုက်မိပေသည်။

"ဟူကျင်း ဟူကျင်း၊ ရှင်ဟာလေးတကယ်ပဲ သူများတွေကို ယုံတတ်တာကိုး၊ ဂိုဏ်းချုပ်ကြီးတစ်ယောက် လုပ်ပြီး ဘာဖြစ်လို့ သူများရဲ့ အညာကို ဒီလောက် ခံနေရတာလဲ"

ဟူကျင်းသည် အလွန် အံ့သြသွားသည်။

"ဘာပြောတယ် ကျောက်မိန်၊ ငါ အညာခံရတယ် ဟုတ်လား"

ကျောက်မိန်သည် ဟူကျင်း၏ ရိုးလှပုံကြောင့် အပြည့်အစုံ ရှင်းပြမှ သဘောပေါက်မည်ကို သိသွားတော့သည်။

ထို့ကြောင့်

"ကဲ ကဲ ဒီလိုဆိုရင် ကျွန်မ ရှင်းပြမယ်၊ ရှင့်အဖေကြီး ရှက်စွန်း ခါးနဲ့ခုတ်လို့ ပိုင်းတိုက်နေတဲ့ လူတွေအားလုံး လဲကျသွားပြီး



ပ်ကျန်နေတဲ့ လူဆိုလို့ ချန်ရိုတစ်ယောက်ပဲ ရှိတော့တယ်၊ အဲဒီအချိန် မှာ ချန်ရိုသာ တွက်ခြေပြေးကြည့်ပါလား၊ ရှက်စွန်းက ဘယ်နေလိမ့် လဲ၊ သတ်ပစ်လိုက်မှာပေါ့၊ ဒီလို အခြေအနေမျိုးမှာ ချန်ရိုအနေနဲ့ ထောက်တောင်းပန်လဲ ရှက်စွန်းက သနားမှာ မဟုတ်ဘူး၊ သူ့အတွက် ထွက်ပေါက် တစ်ပေါက်ပဲ ရှိတယ်၊ သူ့ကိုယ်သူ လူစွမ်းကောင်းယောင် ဆောင်၊ သူတစ်ပါးအတွက် အနစ်နာခံတဲ့ လူယောင်ဆောင်မှ ရှက်စွန်းက ချီးကျူးတဲ့စိတ်နဲ့ သူ့ကို အသက်လွတ်ခွင့် ပေးနိုင်တယ် ဆိုတဲ့ ထွက်ပေါက်ပဲ၊ ဒီလူဟာ အင်မတန်လည်တဲ့လူဆိုတော့ သူသုံးရမယ့် အခွင့်အရေးကို အပြည့်အဝ အသုံးချသွားခဲ့တာပဲ"

သူမသည် စကားပြောရင်း ဟူကျင်း၏လက်ဖမိုးရှိ သူမကိုက် ထားသည့် ဒဏ်ရာကို ဆေးလိမ်းပေးကာ လက်ကိုင်ပဝါတစ်ထည် ဖြင့် စည်းနှောင်ပေးလိုက်သည်။

ဟူကျင်းမှာမူ ကျောက်မိန်၏စကားကို ယုံရခက် မယုံရအခက် ဖြစ်နေမိတော့သည်။ ဟူကျင်း၏ မျက်နှာ၌ ယုံတစ်ဝက် မယုံတစ် ဝက် အမူအရာများ ပေါ်နေသည်ကို ကျောက်မိန်တွေ့လိုက်ရသဖြင့် ဆက်ပြောလိုက်သည်။

"ရှင် ကျွန်မပြော[illegible] မယုံဘူး မဟုတ်လား၊ ကဲ-ရှင့်ကို ကျွန်မမေးမယ်၊ ချန်ရိုဟာ ရှင့်အဖေကြီး ရှက်စွန်းနဲ့ စကားပြောနေ တုန်း သူ့ရဲ့ခြေနဲ့လက်ကို ဘယ်လိုအနေအထားမျိုးမှာ ထားသလဲ"

ဟူကျင်းအနေဖြင့် ထိုစဉ်က သူတို့၏ ခြေလက်အနေအထား

www.burmeseclassic.com

www.burmeseclassic.com



များကို ဂရုတစိုက်ကြည့်နေသည်မဟုတ်။ ရှက်စွန်းနှင့် ချန်ရှိတို့၏ မျက်နှာအမူအရာများကိုသာ စူးစိုက်ကြည့်နေခဲ့သဖြင့် ကျောက်မိန်ပြောသည့် အချက်များသည် လုံးဝ သူ့အတွေးထဲ မဝင်ခဲ့ကြချေ။ ယခုကျောက်မိန် ပြောလိုက်မှ ထိုစဉ်က သွင်ပြင်ဟန်ပန် အနေအထားများကို ဖြည်းဖြည်း မြင်ယောင်လာတော့သည်။

"အင်း–သူ့ရဲ့ညာလက်က အပေါ်ဘက် နည်းနည်းမြှောက်ထားတယ်၊ ဘယ်ဘက်လက်က ကန့်လန့်ဖြတ်ထားတယ်၊ ဒါက ရှောင်လင်ဂိုဏ်းရဲ့ ကျားသစ်သမင်ဖမ်း သိုင်းကွက်ပဲ၊ သူ့ခြေထောက်ကတော့ အင်း–မြေလှန် မိုးမျှော်သိုင်းကွက်ကို နင်းထားတယ်"

ဟူကျင်းသည် ထိုစဉ်ကမြင်ကွင်းကို တဖြည်းဖြည်း ပြန်ပြောပြနေသည်။ နောက်ဆုံး စဉ်းစားပြီးသည်နှင့် ကျောက်မိန်ကို ဆက်ပြောလိုက်သည်။

"သူက ဒီ သိုင်းကွက် နှစ်ကွက်တည်းနဲ့ ငါ့အဖေကြီးကို ဘယ်လိုလုပ်ကြံနိုင်မှာလဲ၊ ဒီထက် ခဲရာခက်ဆစ် အကွက်တွေနဲ့တောင် ငါ့အဖေကြီးကို လုပ်ကြံဖို့ မလွယ်လှဘူး"

ကျောက်မိန်သည် ဟူကျင်း၏ ရိုးစင်းလှသော အတွေးကြောင့် ပြုံးလိုက်မိသည်။

"ရှင်ကလဲလေ–ပြောလေ ပြောလေ နားဝေးလေဆိုတာလိုပဲ၊ ချန်ရှိရဲ့ အရည်အချင်းနဲ့ရှက်စွန်းကို လူမျိုးကို ဘယ်လိုလုပ်ပြီး ယှဉ်တိုက်နိုင်ပါ့မလဲ၊ ဒီလူ့အကြံက ဒါမျိုးမဟုတ်ဘူး၊ ဒီလူက အင်တန်ပါးနပ်တဲ့လူ၊ သိပ်ကောက်ကျစ်တဲ့လူ၊ တကယ်လို့ ရှက်စွန်းတို့ကို သစ္စာရှိတဲ့လူ၊ ရဲစွမ်းသတ္တိရှိတဲ့လူလို့ သဘောမထားတော့ဘဲ ဆက်တိုက်တော့မယ်ဆိုရင် သူ့ခြေထောက်က ဘယ်သူ့ကို ကန်မလဲ၊ လက်ကကော ဘယ်သူ့ကို ဖမ်းမလဲ"

ဟူကျင်းသည် အဆင့်မြင့်သော သိုင်းသမားကြီးတစ်ယောက်ဖြစ်နေသော်လည်း သတိမမူ ဝှမမြင် ဆိုသကဲ့သို့ သတိမထားခဲ့မိသဖြင့် ကျောက်မိန်ပြောသကဲ့သို့ မစဉ်းစားနိုင်ခဲ့ပေ။ ယခု ကျောက်မိန် ပြောမှသာ ချက်ချင်း သဘောပေါက်မိတော့သည်။ ထို့ကြောင့် ဆုန်လှုပ်သောလေသံဖြင့် ပြောလိုက်သည်။

"ဒီ–ဒီလူဟာ လက်တစ်ဘက် အဖြတ်ခံထားရပြီး မြေကြီးပေါ်မှာ လဲနေတဲ့ သူတို့ဂိုဏ်းရဲ့ ဝါရင့်သိုင်းသမားကြီးကို ကန်ထုတ်လိုက်မယ်၊ နောက်ပြီး သူ့လက်က အားလီကို ဖမ်းချုပ်လိုက်မယ်"

ကျောက်မိန်သည် ယခုမှ ဟူကျင်း သဘောပေါက်သွားသည်ကို တခစ်ခစ်ရယ်ရင်း–

"ဒါပေါ့–သူ့ခြေထောက်နဲ့ မြေကြီးပေါ်က အဘိုးကြီးကို ရှက်စွန်းဆီ ကန်ထုတ်လိုက်မယ်၊ နောက်ပြီး ရှင့်ရဲ့ယယ်ကျွမ်းဆွေ အားကိုက် ဖူးစာရှင်လေး အားလီကို ဖမ်းပြီး ရှက်စွန်းဆီ တွန်းပို့လိုက်မယ်၊ ဒီလို အဟန့်အတားလေးတွေ လုပ်နိုင်ပြီဆိုရင် သူ့အဖို့ အခွင့်အရေးချိန်အများကြီးရသွားပြီပေါ့၊ ဒီလူ ဘယ်လောက် ဉာဏ်ထက်သလဲဆိုတာ ရှင်ပဲစဉ်းစားကြည့်ပေတော့၊ ဒီလို တိုတောင်းလှတဲ့ အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကလေးအတွင်းမှာ ဒီအကွက်ကို စဉ်းစားနိုင်တာကတော့ တော်တော်ကို ချီးကျူးစရာကောင်းတာ အမှန်ပဲ"

ဟူကျင်းသည် အတန်ကြာအောင် ငြိမ်သက်စွာ စဉ်းစားနေလိုက်သည်။ ပြီးမှ –

"မင်းက တစ်ချက်တည်းနဲ့ သူ့အကြံကို သိနိုင်တယ်ဆိုတော့ မင်းက သူ့ထက် ပိုတော်တယ်ဆိုတာ ထင်ရှားနေတာပေါ့"

ထိုစကားကြောင့် ကျောက်မိန်၏မျက်နှာ တင်းမာသွားသည်။ စိတ်လည်းဆိုးသွားသည်။

"ရှင်က ကျွန်မကို ခနဲ့တာပေါ့လေ ဟုတ်လား၊ ကျွန်မက ချန်ရိုထက်တောင် ကောက်ကျစ်တယ်လို့ ရှင်ထင်ရင် ကျွန်မနား မကပ်နဲ့တော့၊ ဝေးဝေးကပဲ ရှောင်နေပေတော့"

ဟူကျင်းသည် ကျောက်မိန် စိတ်ဆိုးသွားပုံကို အလွန်သဘောကျသွားသည်။ ထို့ကြောင့် ရယ်မောရင်း –

"ငါက မင်းကို ရှောင်ဖို့ မလိုပါဘူး၊ ငါက အမြဲတမ်း သတိထားပါတယ်၊ ဒါမှလဲ လုံလုံခြုံခြုံ ရှိတော့မှာပေါ့"

ကျောက်မိန်သည်ချက်ချင်းပင်တခစ်ခစ်ရယ်မောပြန်တော့သည်။

"ရှင်ဟာလေ–တကယ် အပြောကြီးတယ်၊ ရှင်တကယ် သတိထားနိုင်လို့လား၊ ရှင်က အမြဲတမ်း သတိရှိတယ်လို့ပြောတယ်၊ အခု ရှင်ရဲ့ လက်ဖမိုးမှာ အဆိပ်ခတ်လိုက်တာကျတော့ ဘာဖြစ်လို့ မသိရတာလဲ"



ဟူကျင်းသည် အလွန် တုန်လှုပ်ချောက်ချားသွားသည်။ အဘယ့်ကြောင့်ဆိုသော် သွားကိုက်ခံထားရသော ဒဏ်ရာမှ ယားယံလာသလို ခံစားလာရသောကြောင့် ဖြစ်ပေသည်။ သူသည် အနာကို စည်းနှောင်ထားသော လက်ကိုင်ပုဝါကို လျင်မြန်စွာ ဖြုတ်လိုက်သည်။ သွားကိုက်ဒဏ်ရာရှိ လိမ်းထားသောဆေး၏ ရနံ့များကို ရှူရှိုက်ကြည့်လိုက်ရာ သင်းပျံ့သော ရနံ့ကို ရှူရှိုက်မိတော့သည်။

ဟူကျင်းသိလိုက်သည်။ ဤဆေးသည် အသားကိုစားသောဆေး ဖြစ်ချေသည်တကား။ ဤဆေးသည် ကြောက်မက်ဖွယ်ရာကောင်းသော အဆိပ်မဟုတ်သော်လည်း ဒဏ်ရာများတွင် ဤဆေးကို လိမ်းကျံလိုက်ပါက ဒဏ်ရာသည် ပိုမိုနက်ရှိုင်းသွားတော့သည်။

ဟူကျင်းသည် လှေပဲ့ပိုင်းသို့ လျင်မြန်စွာ ပြေးသွားပြီး သူ၏ဒဏ်ရာမှ လိမ်းကျံထားသော ဆေးများကို ရေဖြင့် ဆေးကြောပစ်လိုက်သည်။ ကျောက်မိန်က သူ၏နောက်မှ တကောက်ကောက် လျှောက်လိုက်နေပြီး ဟူကျင်းလုပ်သမျှကို တခစ်ခစ်ဖြင့်ရယ်မောနေလေတော့သည်။

ဟူကျင်းသည် သူမ၏ပခုံးကို စိတ်ဆိုးမာန်ဆိုးဖြင့် တွန်းထိုးထုတ်လိုက်သည်။

"သွား–ငါ့နား မလာနဲ့၊ မင်းဟာ တော်တော် ရက်စက်တဲ့ မိန်းကလေးပဲ၊ ဘာဖြစ်လို့ ဒီလို ရက်ရက်စက်စက် လုပ်ရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မိန်ကမူ ဟူကျင်း၏စကားကို မဖြေနိုင်။ ပို၍သာ တခစ်ခစ် ရယ်မောနေတော့သည်။ အတန်ကြာမှ -

"စေတနာက ဝေဒနာဖြစ်ရတယ်ဆိုတာ ဒါမျိုးပေါ့၊ကျွန်မ ရှင့်ဒဏ်ရာ နာမှာစိုးလို့ တကယ့်စေတနာနဲ့ ဒီဆေးလိမ်းပေးတာပေါ့"

ဟူကျင်းသည် ဒေါသထွက်နေသဖြင့် သူမကို လုံးဝစကား မပြောတော့ချေ။ လှေဝမ်းထဲသို့ ဝင်ထိုင်လိုက်ပြီး မျက်စိကို စုံမှိတ် ထားလိုက်တော့သည်။ကျောက်မိန်ကမူ ဟူကျင်းသွားလေရာနောက် ဘကောက်ကောက်လိုက်မြဲ လိုက်နေရာမှ ဟူကျင်းအား ခေါ်လိုက် သည်။

"ဟူကျင်း-"

ဟူကျင်းသည် အိပ်ချင်ဟန်ဆောင်လျက် ငြိမ်သက်နေလိုက် သည်။ ကျောက်မိန်သည် နောက်ထပ် နှစ်ခါမျှ ထပ်ခေါ်သော်လည်း ဟူကျင်းထံမှ ထူးသံ လုံးဝမကြားရဘဲ ရှိနေတော့သည်။ ထိုအခါ ကျောက်မိန်သည် စိတ်ဆိုးသော လေသံဖြင့် ပြောလိုက်သည်။

"ဒီလိုမှန်းသိရင် စောစောကတည်းက ရှင့်ဒဏ်ရာထဲကို တကယ့်အဆိပ် ခပ်ထည့်ပေးလိုက်ရင် ကိစ္စအေးသွားမှာ၊ အခုတော့ ဒီလိုမဟုတ်တော့စေတနာက ဝေဒနာဖြစ်ရတာပဲအဖတ်တင်တယ်"

ဟူကျင်းသည် မျက်လုံးဖွင့်၍ ကျောက်မိန်ကို ကြည့်လိုက် သည်။ မိမိကိုလည်း အဆိပ်ခတ်သေးသည်။ စေတနာစကားများလည်း ပြောနေသေးသည်။ မည်သည့်အချက်ကို ယုံရမည်နည်း။



"ငါက ဘာစေတနာကို ဝေဒနာလုပ်လို့လဲ၊ မင်းက ငါ့ခေါ် ထဲ အဆိပ်ခတ်တာ စေတနာလား၊ ပြောစမ်းပါဦး"

ကျောက်မိန်သည် ရယ်မောရင်း...

"ကျွန်မ ရှင်းပြလိုက်ရင် ရှင် လက်ခံသွားမှာပါ၊ အဲဒီအခါကျ ရှင် ဘာလုပ်မလဲ"

"ဘာ...အဆိပ်ခတ်တာကို ငါက ကောင်းပြီး ကောင်းရဲ့ လက်ခံလိုက်ရမှာလား၊ မင်းဘက် မင်းဆွဲပြီး ကာကွယ်ပြောတဲ့ စ ကားတွေကို ငါက ဘယ်လိုအနိုင်ယူ ပြောနိုင်မှာလဲ၊ ငါက မင်းလောက် စကားမတတ်ဘူး"

"ရှင်ကလေ တကယ်ပဲ၊ ကျွန်မက ရှင်းတောင် မရှင်းပြရသေး ဘူး၊ ရှင် ပြောချင်တာတွေ ပြောနေတော့တာပဲ၊ ကျွန်မ စိတ်ရင်းကောင်း နဲ့ လုပ်လိုက်တာကို ရှင် သိပါတယ်၊ ရှင်က မသိချင်ယောင်ဆောင် နေတာပါ"

"ဘုရားရေ...ဒီလို စိတ်ရင်းကောင်းမျိုးသာ လူတွေ တစ်ဦး အပေါ်တစ်ဦး ထားနေရင် အားလုံး ခုက္ခ ရောက်ကုန်တော့မှာပဲ၊ လက်ဖမိုးကိုလဲ သွေးထွက်အောင် ကိုက်လိုက်သေးတယ်၊ အဲဒီ ဒဏ်ရာပေါ်ကိုလဲ အသားစား လိမ်ဆေးတွေ ထပ်လိမ်းပေးလိုက်သေး တယ်၊ ဒီလို စိတ်ရင်းကောင်းမျိုးကို ငါ တစ်ယောက်တည်း မဟုတ် ဘူး၊ ဘယ်သူမှ လိုချင်မှာ မဟုတ်ဘူး"

"ဟူကျင်း...ရှင့်ကို ကျွန်မ တစ်ခုမေးမယ်၊ ကျွန်မက ရှင့်

www.burmeseclassic.com

www.burmeseclassic.com



ကို ကိုက်တဲ့ ဒဏ်ရာက ပိုနက်သလား၊ အားလီကို ရှင်က ကိုက်တဲ့ ဒဏ်ရာက ပိုနက်သလားပြော"

ဟူကျင်းသည် မျက်နှာရဲခနဲ ဖြစ်သွားပြီး...

"ဒါ...ဒါက အရင်တုန်းက ကိစ္စတွေပဲ၊ ဒါနဲ့ ဘာဆိုင်သလဲ၊ ဘာဖြစ်လို့ မေးရတာလဲ"

"အိုကျွန်မ မေးတာကိုသာ ဖြေပါ၊ ရှင့်ကို မေးလိုက်ရင် ဒီလိုချည်းပဲ၊ စကားကို ဟိုလှည့် ဒီလှည့်နဲ့ မေးတဲ့မေးခွန်းကို ဘယ်တော့မှ တည့်တည့် မဖြေဘူး၊ ကဲ...ဖြေပါ"

"ဘာတွေ မေးနေမှန်း မသိဘူး၊ ကဲ...ကဲ...ငါ ကိုက်တဲ့ ဒဏ်ရာက ပိုပြီးနက်တာပေါ့၊ ဟိုတုန်းက ငါကလေးပဲ ရှိသေးတယ်၊ သိုင်းပညာဆိုလို့ ဘာမှ တတ်သေးတာ မဟုတ်ဘူး၊ သူက ငါ့ကို အတင်းဖမ်းထားတော့ ငါကလဲ သူ့လက်ကို ပါးစပ်နဲ့ကိုက်ပြီး ထွက်ပြေးဖို့ ကြိုးစားရတာပေါ့၊ အခု ဥစ္စာက မင်းက ငါ့ကို အကြောင်းမဲ့ လာကိုက်တာပဲ၊ မင်းက ကလေးလေးလား မင်းကို ငါက ဖမ်းဆီးချုပ်နှောင်ထားလို့လား"

ကျောက်မိန်သည် ထပ်မံ ရယ်မောပြီး ပြောပြလိုက်ပြန်သည်။

"အံမာထူးဆန်းတာ တစ်ခု ရှိသေးတယ်၊ အဲဒီတုန်းက ရှင့်ကို လင်းမြွေကျွန်းကိုလာဖို့ အတင်းခေါ်တော့ ရှင်က သေတောင် မလိုက်ဘူးဆို၊ အခုကျတော့ ရှင့်ကို ဘယ်သူကမှ မခေါ်ဘဲနဲ့ ရှင် ဘာသာ ရှင် လိုက်လာတယ်၊ အခု ရှင်က လူကြီးဖြစ်လာတော့ ငယ်တုန်းကလို မဟုတ်ဘဲနဲ့ စိတ်ပြောင်းသွားပြီး အားလီကို ပြန်တွေ့ချင်နေပြီပေါ့ ဟုတ်လား"

"မင်း ဘာတွေ ပေါက်တတ်ကရ လျှောက်ပြောနေတာလဲ၊ အခု ဒီကို လာရတာက မင်းခေါ်လို့ ငါ လိုက်လာရတာ မဟုတ်လား"

ဟူကျင်း၏ စကားကို ကြားလိုက်ရတော့အခါ ကျောက်မိန်သည် ရှက်သွေးလွှမ်းသွားသည်။ ရင်ထဲတွင်လည်း ကြည်နူး နှစ်သိမ့်သော ဝေဒနာ တစ်ခုကို တသိမ့်သိမ့် ခံစားလိုက်ရသည်။

ဟူကျင်း၏ စကားသည် အားလီခေါ်လျှင် သေတောင် ဤ လင်းမြွေကျွန်းသို့ လာလိမ့်မည် မဟုတ်။ သူမက ခေါ်လာ၍သာ ဤကျွန်းသို့ လိုက်လာရခြင်းဖြစ်သည် ဟူသော သဘောမျိုးဆောင်သွားသည့် အတွက်ကြောင့် ဖြစ်ပေသည်။

သူတို့နှစ်ဦးသည် ထူးခြားဆန်းကြယ်သည့် ဝေဒနာတစ်မျိုးစီ ခံစားလိုက်ကြရသဖြင့် ငြိမ်သက်သွားကြတော့သည်။ မျက်လုံးချင်း ဆုံလိုက်ကြသော အခါတွင်လည်း နှစ်ဦးစလုံး သူတို့၏ မျက်လုံးများကို လွှဲပစ်လိုက်ရတော့သည်။ နှစ်ဦးစလုံး၏ စိတ်ထားများ၌ ဆန်းပြားသည့်သဘော သရုပ်များ ဆောင်နေခြင်းကို ပြသခြင်းပင် ဖြစ်ပေတော့သည်။

ကျောက်မိန်ကစ၍ စကားဆိုသည်။ သူမသည် ဦးခေါင်းကို ငုံ၍ တိုးညင်းသော လေသံကလေးဖြင့် ပြောခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင့်ကို အမှန်အတိုင်း ပြောပြမယ်၊ ဟိုတစ်ချိန်တုန်းက ရှင်အားလီကို ကိုက်ခဲ့တယ်၊ အားလီဟာ အချိန်တွေ ဒီလောက်ကြာတဲ့အထိ ဒီဒဏ်ရာနဲ့ ပတ်သက်ပြီး ရှင့်ကို မမေ့နိုင်သေးဘူး၊ သူ့လေသံကို ရှင်ကြားရတယ် မဟုတ်လား၊ သူ့တစ်သက်လုံး ရှင့်ကို မေ့တော့မယ် မဟုတ်ဘူးလို့တောင် ထင်ရတယ်၊ ဒါကြောင့် ကျွန်မကလဲ ရှင့်ကို ကိုက်လိုက်တာပဲ၊ ဒါမှ ရှင်က ကျွန်မကို တစ်သက်လုံး မမေ့ဘဲ နေတော့မှာပေါ့"

ဟူကျင်း၏ ရင်ထဲ၌ အမျိုးအမည် ခွဲခြားမပြနိုင်သော ဝေဒနာ တစ်ခုကို ခံစားလိုက်ရပြန်သည်။ ကြည်နူးခြင်းလား၊ ပီတိဖြစ်ခြင်းလား၊ သနားခြင်းလား၊ ဂရုဏာဖြစ်ခြင်းလား မည်သည့် ဝေဒနာဟူ၍ ဟူကျင်း မခွဲခြားတတ်တော့။ သူ့အပေါ်ထားသည့် ကျောက်မိန့်၏ ချစ်မေတ္တာကိုလည်း နားလည်လိုက်မိတော့သည်။ သို့သော် မည်သည့် စကား ပြန်ပြောရမည်ကိုမူ ဟူကျင်း မသိ။

ကျောက်မိန့်က ဆက်၍ ပြောသည်။

"ကျွန်မ...အားလီရဲ့ လက်ဖမိုးက ဒဏ်ရာကို ကြည့်တာနဲ့ ရှင်က သူ့ကို ကိုက်လိုက်တဲ့ ဒဏ်ရာဟာ သိပ်နက်တယ်ဆိုတာ ကျွန်မ သိလိုက်တယ်၊ ရှင်က သူ့ကို ဒီလောက် ဒဏ်ရာနက်နက် ဖြစ်သွားအောင် ကိုက်လို့ သူကလဲ ရှင့်ကို ဒီလောက် စွဲစွဲမြဲမြဲ သတိရတာ မဟုတ်လား၊ ဒါကြောင့် ကျွန်မက ရှင် သူ့ကို ကိုက်တဲ့ ဒဏ်ရာထက် ပိုနက်အောင် ရှင့်ကို ကိုက်လိုက်မလို့ဘဲ၊ ဒါပေမယ့် မ



ကိုက်ရက်ပါဘူး၊ ဒဏ်ရာကို တိမ်တိမ်လေး ဖြစ်သွားအောင် ဖြည်းဖြည်းလေး ကိုက်လိုက်ပြန်တော့လဲ ရှင် ကျွန်မကို မေ့သွားမှာ စိုးကြောက်တယ်၊ ဒါကြောင့် ကျွန်မက ဒဏ်ရာရအောင် တစ်ချက် ကိုက်ပြီးမှ အခုလို အသားစား လိမ်းဆေး လိမ်းပေးလိုက်တော့ ဒဏ်ရာက နက်သွားတော့တာပေါ့"

ဟူကျင်းသည် ကျောက်မိန့် ဤအကြောင်းများကို စပြောစဉ်က ရယ်ချင်နေမိသည်။ သို့သော် တဖြည်းဖြည်း ရင်မောစရာတွေပဲ ဖြစ်လာရတော့သည်။ ကျောက်မိန့်သည် မိမိအပေါ် တကယ်ပင် စွဲစွဲလမ်းလမ်း မေတ္တာရှိနေပြီ မဟုတ်ပါလား၊

ဟူကျင်းက သက်ပြင်းရှည်ကြီး တစ်ချက်ကို ချလိုက်သည်။

"ငါ့ကို ကိုက်တာတွေ အသားစား လိမ်းဆေးတွေ လိမ်းပေးတဲ့အတွက် ငါက မင်းကို စိတ်မဆိုးတော့ပါဘူး၊ ငါ့အနေနဲ့ မင်းရဲ့ စေတနာတွေကို လေးစားနေတယ်လို့ပဲ ထားလိုက်ပါတော့၊ ဘယ်လိုပဲဖြစ်ဖြစ် ငါကမင်းကို မေ့နိုင်မှာ မဟုတ်ပါဘူး ကျောက်မိန့်ရယ်"

ကျောက်မိန့်၏ မျက်နှာသည် အစ ပထမ၌ ချစ်မေတ္တာနှင့်အရိပ်အယောင်များနှင့် ရွှန်းလဲ့နေသည် မှန်သော်လည်း ဟူကျင်း၏ နောက်ဆုံးစကားကို ကြားလိုက်ရသောအခါ လွှမ်းဖုံးလိုက်ပါနေစေသော အပြုံးရိပ်များပေါ်လာတော့သည်။ ထိုအပြုံးရိပ်များသည် ခဏတွင်ခဏသာ ပေါ်လာပြီး ချက်ချင်း ပျောက်ကွယ်သွားကြသည်။ ကျောက်မိန့်က...

"ရှင်က ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မကို မမေ့ပါဘူးလို့ ပြောခဲ့

www.burmeseclassic.com



တယ်နော်၊ တကယ်တော့ ကျွန်မက ရှင့်အပေါ် ကောင်းကောင်းဆက်ဆံခဲ့တာက အင်မတန် နည်းပါတယ်နော်"

"ဒါဆိုရင် မင်း အနေနဲ့ ငါ့အပေါ် ကောင်းကောင်းဆက်ဆံပေါ့၊ သစ္စာရှိရှိ ဆက်ဆံပေါ့"

ဟူကျင်းသည် ပြောပြောဆိုဆိုနှင့် ကျောက်မိန်၏ လက်တစ်ဘက်ကို ကောက်ကိုင်ကာ ပါးစပ်နားသို့ ဆွဲယူလိုက်သည်။

"ကဲ...မင်းက ငါအမြဲတမ်း သတိရအောင် ငါ့လက်ကို ကိုက်တယ်၊ ဒီတော့ ငါကလဲ မင်းလက်ကို ပြန်ကိုက်လိုက်မယ်၊ ဒါမှ မင်းလဲ ငါ့ကို တစ်သက်လုံး မေ့မှာ မဟုတ်တော့ဘူး"

ကျောက်မိန်သည် ဟူကျင်း၏ စကားနှင့် အပြုအမူတို့ကြောင့် ရှက်သွားပြီး သူ၏ လက်ကို လျင်မြန်စွာ ရုပ်လိုက်သည်။ ပြီးနောက် လှေဝမ်းထဲမှ ပြေးထွက်သွားတော့သည်။ သူမသည် အပြင်ဘက်မှ ဝင်လာသော ရှောင်ချောင်းနှင့် ဝင်တိုက်မိမဟုတ် ဖြစ်သွားခဲ့ရသည်။ သူမနှင့် ဟူကျင်း နှစ်ဦးတည်း ရှိနေလျှင် အကြောင်းမဟုတ်။ ယခု ဟူကျင်းထံမှ ပြေးထွက်လာရင်း ရှောင်ချောင်းနှင့် တိုက်မိလု တိုက်မိခင် ဖြစ်သွားရသည့်အတွက် ကျောက်မိန်ကို ပိုရှက်သွားရသည်။

ရှောင်ချောင်းသည် ဟူကျင်းနားသို့ လျှောက်လာပြီး...

"အစ်ကိုလေး...ဟို ရွှေပန်းပွင့်ဘွားဘွားက အားလိဆိုတဲ့ ကောင်မလေးနဲ့ ဟိုဘက်ကို လျှောက်သွားတာ တွေ့လိုက်ရတယ်၊ သူတို့မှာ အိတ်တစ်လုံးလဲ ကိုင်တားတာ တွေ့ရတယ်၊ ဘာများ



လုပ်မလို့လဲ မသိဘူး"

ရှောင်ချောင်းကမူ ဟူကျင်းသိသင့်သည် ထင်သဖြင့် သတင်းပေးခြင်းဖြစ်သည်။ ဟူကျင်းအဖို့မူ စောစောက အဖြစ်အပျက်ကြောင့် က်သွေးမွှန်နေသဖြင့် ရှောင်ချောင်းကို မည်သို့ပြန်ပြောရမှန်း မသိတော့ချေ။ ထို့ကြောင့် 'အင်း' တစ်လုံးသာ ထုတ်လိုက်မိသည်။ သို့သော်...အတန်ကြာ ငေးငိုင်မိနေပြီးမှ...

"ဟိုကျွန်းရဲ့ ကုန်းမြင့်ပိုင်းကို သွားတာလား၊ အဲဒီ ကုန်းမြင့်ပေါ် ဆိုရင် အဖေကြီး ရှက်စွန်းရှိနေလိမ့်မယ်"

"ဟင့်အင်း...အစ်ကိုလေး၊ ကုန်းမြင့်ဘက် က်သွားတာ ဟုတ်ဘူး၊ သူတို့က အရှေ့မြောက်ဘက်ကို သွားနေကြတာ၊ နောက် ီး တစ်ယောက်နဲ့တစ်ယောက်လဲ အဆင်ပြေပုံ မရကြဘူး၊ ငြင်းခုံနေပုံရတယ်"

ဟူကျင်းအနေဖြင့် ရှောင်ချောင်းပေးသော သတင်းကိုမည်သို့ အသုံးမချနိုင်ဘဲ ဖြစ်နေသည်။ ထို့ကြောင့် မိုးချုပ်သည့် အချိန်ထိ စောင့်ဆိုင်း နေလိုက်ကြရတော့သည်။

ညမှောင်သွားသောအခါ ဟူကျင်းသည် ကျောက်မိန်နှင့် ာင်ချောင်းတို့ကိုခေါ်၍ သူ့ အစီအစဉ်ကို ရှင်းပြသည်။

"ငါဒီညမှာ ငါရဲ့ မွေးစားအဖေကြီးဆီကို သွားမယ်၊ ဘာဖြစ် လဲဆိုတော့ သူ့မှာ အန္တရာယ်တွေ ဝိုင်းဝိုန်းလည်နေလို့ပဲ၊ မင်းတို့ တော့ ဒီလှေပေါ်ကပဲ စောင့်နေကြပေတော့၊ လူများများ ကျွန်းပေါ်

www.burmeseclassic.com



တက်လာရင် ရွှေပန်းပွင့် ဘွားဘွား ရိပ်မိသွားနိုင်တယ်”

[illegible]ကျောက်မီးမီး[illegible]

“[illegible] ဒါဖြင့်ရင် ကျွန်မရဲ့ ထိမ်လွှာများကို ယူသွားလိုက် ပါ”

[illegible] ဟူကျင်းသည် စကားမပြောနိုင်အောင် အံ့သြသွားမိတော့သည်။

“အို ...မင်းရဲ့ဓား .မလိုပါဘူး မွှားဘာဖြစ်လို့လဲ”

[illegible] ကျွန်မ [illegible] ထိတ်ထိတ်ကြီတွေချည်းပဲ၊ ချိန်ရှိဆိုတာကလည်း အချိန်မတန်ခင် ညကျမှ[illegible] ကွေ့နေရက်ပြီး ရွှေပန်းပွင့်ဘွားဘွားဆိုတာက တော့ ပြောမနေ နဲ့တော့”

[illegible] ပြောပြီးဆိုဆိုနှင့် သူ၏ ထိမ်လွှာများကို ဟူကျင်း ထံသို့ ပစ်ပေးလိုက်တော့သည်။ ဟူကျင်းသည် ဓားကို ရုတ်တရက် ဖမ်းယူလိုက်ပြီး အံ့သြလွန်းလှသဖြင့် စိတ်ဖြင့်ဖြဲ ထပ်ထပ် ပြောနေမိ တော့သည်။

“ပြော ကျောက်မီးမီး [illegible] အခေါ်မှာ [illegible] ကြည့်နေတာမှားလား၊ ကြည့်စမ်း [illegible] ပါအရာရှိ [illegible] ထိမ်လွှာများကို [illegible] ပေးလိုက်တာ[illegible]

[illegible] ဟူကျင်းသည် [illegible] နောက်ကျောတွင် ထိုးထားလိုက်[illegible] ကျွန်းမီး [illegible] တက်လာခဲ့သည်။ [illegible] ပြေးအောက်[illegible]



ရခြင်းမျိုး မဟုတ်ချေ။ ရွှေပန်းပွင့်ဘွားဘွား၊ မြင်တွေ့ ပြုသွားမည်ကို လည်း စိုးရိမ်ရသေးသဖြင့် ကိုယ်ကိုကျုံ့ ခေါင်းကိုငုံ့၍ အမြန်ပြေးရ ခြင်း ဖြစ်သည်။ ရန်သူ၏ လျှို့ဝှက်သော အကြံအစည်ကို ဖော်ထုတ် မည်ဆိုလျှင် ကိုယ်က ရှေးဦးစွာ လျှို့ဝှက်ထားရမည် မဟုတ်ပါလား။

တဲအိမ်၏ မနီးမဝေး နေရာသို့ ရောက်ရှိလာသောအခါ ဟူကျင်းသည် စကားပြောသံ လိုလို၊ လူသံလိုလို ကြားလိုက်ရသဖြင့် အနီးအနားရှိ ချုံပုတ်တစ်ခုအတွင်း ရိပ်ခနဲ ဝင်ခိုလိုက်ရသည်။ ဟူကျင်းသည် ပတ်ဝန်းကျင် အခြေအနေကို ပို၍ ဂရုစိုက်လိုက် ရသည်။ ထိုအခါ အသံနိမ့်၍ ပြောကြားလိုက်သော လူတစ်ယောက်၏ စကားသံကို ကြားလိုက်ရသည်။

“မင်း ဘာဖြစ်လို့ ရပ်နေရတာလဲ၊ လုပ်စရာရှိတာ လုပ်လေ၊ ဘာဖြစ်လို့ ယောကတ်ကတ် လုပ်နေရတာလဲဟာ၊ အချိန် သိပ်ရှိတာ မဟုတ်ဘူး”

ရွှေပန်းပွင့် ဘွားဘွား၏ အသံသာတည်း။

အားလီ၏ ပြောသံကိုလည်း ကြားလိုက်ရပြန်သည်။

“အို ဘွားဘွားကလဲ ဒီလို ကိုယ့်ရဲ့ ငယ်သူငယ်ချင်း တစ်ယောက်အပေါ် ဒီလို မတော်မတရား ကြံစည်တာကတော့ မကောင်းပါဘူး၊ သစ္စာမဲ့ရာလဲ ကျပါတယ်၊ နောက်ပြီး ဦးလေး ရှက်စွန်းက ဘွားဘွားကို ယုံကြည်ပြီး ရေခမ်းတောင်ကျွန်းကနေ ဒီကို လိုက်လာတာပဲ”

www.burmeseclassic.com



ရွှေပန်းပွင့်ဘွားဘွားက အားလီ၏ စကားကို ပြန်ချေပသည်။ သူမ၏ အသံ၌ မလိုတမာ အသံများ၊ စိမ်းကားသော အသံများ ပြွမ်းတီးလျက် ရှိနေပေသည်။

"ဟင်း ဘာ ငါ့ကို ယုံကြည်လို့ လိုက်လာရမှာလဲ၊ သူ လိုက်လာတာက သူ့အကြောင်းနဲ့ သူပဲ၊ သူ့သားကို လာရှာတဲ့ ကိစ္စ ငါနဲ့ ဘာဆိုင်သလဲ"

ဤစကားကို ကြားရခြင်းဖြင့် ရွှေပန်းပွင့် ဘွားဘွားသည် မိမိ၏ မွေးစားဖခင်ကြီး ရှက်စွန်းအပေါ် တစ်ခုခု လုပ်ကြံရန် ကြံစည်နေသည်မဟုတ် သေချာနေပေပြီ။ မည်သည့် အကြံအစည် ဖြစ်သည်ကိုမူ မသိရသေးပေ။ ထို အကြံအစည်နှင့် ပတ်သတ်၍ အားလီက သဘောမတူဘဲ ဖြစ်နေသည်ကို စကားအသွားအလာ ထောက်ချင့်ပြီး သိလိုက်ရသည်။

ထို့ကြောင့် သူတို့နှင့် ပိုမို နီးကပ်သွားစေရန် ချုံပုတ်အတွင်းမှ ရှေ့သို့ ပိုတိုးလိုက်သည်။ ထိုအခါကျမှ ရွှေပန်းပွင့် ဘွားဘွားကို တွေ့လိုက်ရတော့သည်။ ထို့ပြင် ရွှေပန်းပွင့်ဘွားဘွားထံမှ သံချောင်းကို ကျောက်တုံးဖြင့် ထုရိုက်သည့် အသံမျိုး ထွက်ပေါ်လာသည်။ ထိုအသံများ မကြာမကြာ ထွက်ပေါ်လာခြင်းအားဖြင့် သံချောင်းများကို ကျောက်တုံးဖြင့် ထုရိုက်နေခြင်းအလုပ် မပြီးသေးကြောင်း သိရှိရသည်။



ဟူကျင်း အလွန် အံ့သြသွားသည်။ မကောင်းသော ကြံအစည်တစ်ခု ဖြစ်မည် မှန်သော်လည်း မည်သို့သော အကြံအစည် စ်သည်ကိုမူ မသိရပေ။ ထိုစဉ် အားလီ၏အသံ ထွက်ပေါ်လာသည်။

"ဘွားဘွား သူ့ရဲ့ နဂါးနိုင်တားကို လုယူချင်တယ်ဆိုရင်လဲ ဘွင် တစ်ယောက်ချင်း ယှဉ်တိုက်ပြီး လုယူပါလား၊ အခုလို ကြောင်ခိုးဝှက် လုပ်တာကတော့ ရှက်စရာလဲ ကောင်းပါတယ်၊ ားရာလဲ မကျပါဘူး"

ရွှေပန်းပွင့် ဘွားဘွားသည် ဒေါသကြောင့် မှုံ့ကိုင်းထားသော ကိုယ်ကို မတ်လိုက်သည်။

"အားလီ ညည်းစကားက တယ်ကြီးကျယ်နေပါကလား၊ ည်းအဖေ လက်ထဲကနေ ငါကယ်ခဲ့တာကို ညည်း မေ့သွားပြီပေါ့၊ တ်လား အခုတော့ ညည်းက အရွယ်ရောက်လာပြီဆိုပြီး ငါ့စကား ကို အာခံနေတာပေါ့၊ နေစမ်းပါဦး၊ ငါနားမလည်တာ မေးစမ်းပါရ စေဦး၊ ညည်းက ဘာဖြစ်လို့ ရှက်စွန်းဘက်က တစ်ချိန်လုံး ာကွယ်နေရတာလဲ"

ရွှေပန်းပွင့် ဘွားဘွား၏ အသံသည် ဒေါသသံ ဖြစ်သော်လည်း ိုးတိုးကျိတ်ကျိတ် ပြောလိုက်သည့် ဒေါသသံသာ ဖြစ်ပေသည်။ က်စွန်း ကြားသွားမည်ကို စိုးရိမ်သောကြောင့် ဖြစ်ပေလိမ့်မည်။

ထိုစဉ် အားလီသည် သူ့ပခုံးတွင် ထမ်းတင်ထားသော အိတ်ကို ပစ်ချလိုက်ရာ တချောင်းချောင်း အသံများကို ကြားလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အားလီသည် နောက်ဘက်သို့ သုံးလှမ်းခန့် ခုန်ဆုတ်လိုက်သည်။

"ဘာလုပ်တာလဲ၊ ညည်းက အတောင်စုံလို့ ပျံချင်ပြီ ဟုတ်လား၊ ငါ ကယ်ထားတဲ့ ကျေးဇူးတွေ မေ့ပြီပေါ့ ဟုတ်လား"

အမှောင်တွင်း၌ပင် ဒေါသကြောင့် အရောင်တဝင်းဝင်း တောက်ပနေသည့် ရွှေပန်းပွင့် ဘွားဘွား၏ မျက်လုံးများကို မြင် လိုက်ရသည်။ ဟူကျင်းပင် ကြက်သီး ထ,သွားမိသည်။

"ဟင်အင်း ဘွားဘွားကျေးဇူးကို ကျွန်မ ဘယ်တော့ မမေ့ဘူး၊ ဒါပေမယ့် ဦးလေးရှက်စွန်က သူ့ သူ့ရဲ့ မွေးစား မဟုတ်လား"

ရွှေပန်းပွင့် ဘွားဘွားသည် ချောက်ကပ်စွာ ရယ်မောလိုက် သည်။

"ငါဖြင့် အံ့ရော၊ အံ့ရော ဒီလောကကြီးထဲမှာ ဒီလော အစွဲအလန်း ကြီးတဲ့ မိန်းကလေးမျိုးလဲ ရှိသေးသကိုး၊ ဟူကျ ဆိုတဲ့ ကောင်လေးက ချောက်ထဲကျလို့ သေသွားပြီပဲ၊ မင်းကိုယ်တိ ဟူလက်နဲ့ ဟူချင်းတို့ သားအဖတွေပြောတဲ့ စကားတွေလဲ ကြားပြီ မဟုတ်လား၊ မင်းက မကျေနပ်လို့ သူတို့ နှစ်ယောက်ကိုတော ဖမ်းချုပ်ပြီး ရိုက်နှက် စစ်မေးသေးတာယ် မဟုတ်လား၊ ချောက်ထဲ ကျသွားတဲ့ လူတစ်ယောက်ဟာ ဟူကျင်းအစစ် မဟုတ်ဘဲ ဟူကျ အတု တစ်ယောက်လို့ ညည်းက ထင်နေသေးလို့လား၊ ဟူကျင်းဆို



ကောင်လေးက သေလို့ အခုဆို အရိုးတောင် ဆွေးနေလောက်ပြီ၊ ညည်းကတော့ ခုထက်ထိ သူ့ကို မမေ့နိုင်သေးဘူး၊ အံ့ရော အံ့ရော"

"ဟင့်အင်း ကျွန်မတော့ သူ့ကို ဘယ်တော့မှ မမေ့နိုင်ဘူး"

အားလီ၏ စကားကို ကြားလိုက်ရသောအခါ ရွှေပန်းပွင့် ဘွားဘွားသည် သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကဲ သူမသေသေးဘူးဘဲ ထားပါဦး၊ ညည်းရဲ့ အခု ရုပ်ရည် မျိုးကို သူက ချစ်နိုင်ပါဦးမလား၊ ညည်းကကော သူ တခြားမိန်းကလေး တွေနဲ့ ချစ်ကြိုက်နေတာကို ကြည့်ပြီး စိတ်ပျော်နိုင်ပါဦးမလား၊ ညည်းဟာ တကယ် စိတ်ကူးယဉ်တဲ့ မိန်းကလေးပဲ"

အားလီသည် ရွှေပန်းပွင့် ဘွားဘွား၏ စကားများကို မည်သို့မျှ ခွန်းတုံ့မပြန်ဘဲ ငြိမ်သက်နေတော့သည်။ ထို့ကြောင့် ရွှေပန်းပွင့် ဘွားဘွားက ဆက်၍ ပြောပြန်သည်။

"ညည်းသာ ဟို ပင့်ကူလက်ညှိုးသိုင်းကို မကျင့်ဘူးဆိုရင် တော်သေးတယ်၊ အခုတော့ ဒီသိုင်းသွားကျင့်လို့ ညည်းမျက်နှာ အခုလို ဖြစ်သွားရတာ မဟုတ်လား၊ ဟင်း အခုတော့ မရတော့ပါဘူး"

အားလီ၏ စကားသံ ထွက်ပေါ်လာသည်။

"ဘွားဘွား ပြောတယ်၊ သူ သေသွားပြီတဲ့၊ ဟုတ်တယ် သူသေသွားပြီပဲထား၊ ကျွန်မရဲ့ ရုပ်ရည်လဲ ပျက်သွားခဲ့ပြီ၊ သူ ကျွန်မကို ချစ်ချစ် မချစ်ချစ် ဘာမှပြောစရာ မလိုတော့ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဦးလေး ရှက်စွန်းက သူ့ရဲ့ မွေးစားအဖေပဲ၊ ကျွန်မတို့ ဦးလေးရှက်စွန်း ဒုက္ခရောက်မယ့် အလုပ်ကို ဘာမှ မလုပ်သင့်ပါဘူး၊ ဘွားဘွားကို ကျွန်မ တောင်းပန်ချင်တာ တစ်ခုပဲ ရှိပါတယ်၊ ဦးလေး ရှက်စွန်းကို ထိခိုက်အောင် မလုပ်ဖို့ တစ်ခုတည်းကိုပါပဲ၊ ကျန်တာတွေကတော့ ဘွားဘွားသဘော၊ ဘွားဘွား ဘာပဲခိုင်းခိုင်း ကျွန်မ လုပ်ပါ့မယ်"

အားလီသည် သနားစဖွယ်ပင် ဒူးထောက် တောင်းပန်နေရှာသည်။ အမှန်စင်စစ် ရွှေပန်းပွင့် ဘွားဘွားနှင့် အားလီတို့ ရေခဲမီးတောင်ကျွန်းမှ ပြန်ရောက်လာကြသည်မှာ တစ်နှစ်ပင် မပြည့်သေးသဖြင့် ဟုကျင်း အလင်းမာန်ဂိုဏ်း[illegible]ဖြစ်သွားသည့် အချက်ကိုပင် သူတို့ သိမထားကြချေ။

"ကောင်းပြီ၊ ညည်း ဒ်လောက် တောင်းပန်နေမှတော့ သူ့ကို ငါ မသတ်တော့ဘူး"

"အို ဘွားဘွားရယ်၊ ဘွားဘွားကို ကျေးဇူးတင်လိုက်တာ"

"ဒါပေမယ့် နဂါးနိုင်ဓားကိုတော့ ငါ ရအောင် ယူရမှာပဲ"

ထိုအခါ အားလီက တစ်စုံတစ်ခု ဝင်ပြောရန် ကြိုးစားလိုက်လေသည်။

"ဒါပေမယ့် "

"ညည်း ဘာမှဆက်ပြောမနေနဲ့တော့၊ တော်ကြာ ငါစိတ်ဆိုးလာလိမ့်မယ်၊ ငါ စိတ်ဆိုးလာရင် ညည်း မသက်သာဘူးမှတ်"



ပြောပြီးသည်နှင့် ရွှေပန်းပွင့်ဘွားဘွားသည် သူ၏ လုပ်ငန်းကို ဆက်လုပ်နေဟန်တူသည်။ သူ့လက်ကို ဝှေ့ယမ်းလိုက်သော အခါ ထန်းခနဲ ထန်းခနဲ အသံများကို ကြားလိုက်ရတော့သည်။ အားလီမှာမူ ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်လျက် တသိမ့်သိမ့် ငိုကြွေးလျက် ရှိတော့သည်။

ထိုအချိန်၌ နှလုံးသားမှ ကြေကွဲမတတ် ခံစားရသူမှာ ဟုကျင်းပင် ဖြစ်တော့သည်။ အားလီသည် မိမိအပေါ် ဤမျှစွဲလမ်းသံယောဇဉ် ကြီးလိမ့်မည်ဟု တစ်ကြိမ်တစ်ခါမျှ မစဉ်းစားမိခဲ့ပေ။ ယခုမူ မိမိအား မည်မျှ သံယောဇဉ် ကြီးမားပါသနည်း။ မိမိအပေါ်တင်မျှသာ မဟုတ်တော့။ မိမိနှင့် ပတ်သက်နေသည့် အဖေကြီးရှက်စွန်းအတွက်ပင် တတ်နိုင်သမျှ အကာအကွယ် ပေးခဲ့ချေပြီ။ ဟုကျင်း၏ ရင်ထဲတွင် နာကျင်လွန်းလှသဖြင့် မခံမရပ်နိုင်လောက်အောင်ပင် ဖြစ်လာခဲ့ရသည်။

အတန်ကြာသောအခါ ခပ်လှမ်းလှမ်းသို့ ရောက်နေသော ရွှေပန်းပွင့်ဘွားဘွားသည် အားလီကို လှမ်းအော်လိုက်သည်။

"အားလီ ဒီကိုယူလာခဲ့"

အားလီ မတတ်သာတော့။ နွမ်းနယ်စွာဖြင့် ထရပ်လိုက်ပြီး မြေပြင်တွင် ပစ်ချထားသော အိတ်ကြီးကို မနိုင်မနင်းထမ်း၍ ရွှေပန်းပွင့် ဘွားဘွားရှိရာသို့ လျှောက်သွားရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည်လည်း ချုံပုတ်အတွင်းမှာပင် ရှေ့သို့ ဖြည်းဖြည်းချင်း တိုးကပ်သွားနေတော့သည်။ ရွှေပန်းပွင့်ဘွားဘွား တစ်ခုံတစ် ပြုလုပ်ခဲ့သည့် နေရာသို့ ရောက်သောအခါ မြေပြင်ကို ငုံ့၍ ရှုစမ်းလိုက်မိသည်။

အလို ဘုရားဘုရား၊ သံချွန်ချောင်းတွေပါလား။

မြေကြီးပေါ်တွင် နှစ်ပေအကွာတိုင်း၊ နှစ်ပေအကွာတိုင်း ခုနစ်လက်မခန့်ရှည်သော သံချောင်းတစ်ချောင်းစီ ထိုးစိုက်ထား ကြောင်း တွေ့ရှိရသည်။ သံချောင်းများ၏ အဖျားများသည် ချွန်မြလျက် ရှိနေပေသည်။

ဟူကျင်းသည် အလွန် တုန်လှုပ်ချောက်ချားမိတော့သည်။ အလွန် ယုတ်မာ ကောက်ကျစ်လှသော ရွှေပန်းပွင့်ဘွားဘွား တကား။ ရွှေပန်းပွင့် ဘွားဘွားသည် သူ့အဖေကြီး ရက်စွန်း၏ သိုင်းပညာကို မည်သို့မျှ မမှီ။ တစ်ယောက်ချင်း ယှဉ်ပြိုင်တိုက်ခိုက်၍ မည်သို့မျှ မနိုင်နိုင်။ ထို့ကြောင့် ဤသို့ မြေကြီးတွင် သံချွန်များ စိုက်ထားပြီး ယုတ်မာ ကောက်ကျစ်ထားခြင်း ဖြစ်သည်။

အဖေကြီး ရက်စွန်းသည် မျက်စိနှစ်ကွင်း အလင်းမရှိသူ တစ်ယောက်ဖြစ်ရာ သံချွန်များ ရှိနေသည်ကို လုံးဝ သိမြင်လိမ့်မည် မဟုတ်ချေ။ သာမန် ယှဉ်ပြိုင်နေရာမှ သံချွန်များပေါ် ကျမိသွားပြီ ဆိုလျှင် အဖေကြီး ရက်စွန်း လုံးဝ ရှုံးနိမ့်ရပေတော့မည်။



ဟူကျင်းသည် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာတော့သည်။ ဒေါသမီးသည် သူ့တစ်ကိုယ်လုံးကို လောင်မြိုက်လာသည်။ ချက်ချင်းပင် ခုန်ထွက်ပြီး ရွှေပန်းပွင့်ဘွားဘွားကို ခုန်ကွက်တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် သူသည် အချက်တစ်ချက်ကို ပြန်စဉ်းစားမိသွားသည်။ ရွှေပန်းပွင့်ဘွားဘွားသည် သူ့အဖေကြီး ရက်စွန်းအနေဖြင့် ရွှေပန်းပွင့် ဘွားဘွားသည် ဤမျှ ပက်ပက်စက်စက် ကြံစည်လိမ့်မည်ဟု ထင်မှတ်မိလိမ့်မည် မဟုတ်ချေ။ ထို့ကြောင့် ဤအကြံအစည်ကို နောက်ဆုံးအချိန်ကျမှ ဖော်ထုတ်ရန် ဆုံးဖြတ်လိုက်ရပေသည်။

ထို့ကြောင့် ဟူကျင်းသည် ဖြစ်လာမည့် အချိန်များကို ချုံပုတ်အတွင်းမှာပင် သည်းခံ စောင့်ဆိုင်းနေရတော့သည်။ ညအမှောင်အတွင်း စောင့်ဆိုင်းနေရခြင်း ဖြစ်သဖြင့် ပိုးမွှားကလေးများ၏ စီ့စီ့စီစီ အသံကလေးများကို ကြားနေရတော့သည်။ ထိုစဉ် ခပ်လှမ်းလှမ်း တစ်နေရာမှ သစ်ရွက် မြေကြီးပေါ် ကျဆင်းသည့် အသံတစ်ချက်ကို ရုတ်တရက် ကြားလိုက်ရပေသည်။

သို့သော် ဟူကျင်း သိသည်။ ဤအသံသည် သစ်ရွက်ကြွေသော အသံမဟုတ်။ အတွင်းအားအလွန်ပြည့်ဝနေသည့် လူတစ်ယောက် ကိုယ်ဖော့သိုင်းပညာဖြင့် ပြေးလွှားနေသော အသံဖြစ်ကြောင်း ဟူကျင်း ကောင်းစွာ သိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် အသံထွက်ပေါ်လာရာဘက်သို့ လှမ်းကြည့်လိုက်သည်။

ချန်ရှိသာတည်း။ သူ့ လက်ထဲတဝင် ဓားတစ်ချောင်းကို ကိုင်ထားသည် ထိုအခါကျမှ ကျောက်မိန် မှန်းဆတွေးတောချက်များသည် မှော်ဆရာတစ်ဦး၏ ဟောပြောချက်များနှယ် မှန်ကန်နေပြီ ဖြစ်ကြောင်း သိလိုက်ရတော့သည်။ ချန်ရှိသည် အမှန်တကယ်ပင် ကောက်ကျစ် ပါးနပ်သူ ဖြစ်ချေသည်တကား။

ထိုစဉ် ရွှေပန်းပွင့်ဘွားဘွားသည် တဲအိမ်ကလေးသို့ လှမ်း၍ အော်ဟစ်လိုက်တော့သည်။

"မောင်လေး ရှက်စွန်းရေ ထတော့လေ၊ နောက်ထပ် သေရမှာမကြောက်တဲ့ သူနိုးလေး ရောက်လာပြန်ပြီ"

ရွှေပန်းပွင့် ဘွားဘွား၏ စကားကြောင့် ဟူကျင်းတုန်လှုပ်သွားသည်။ သူရောက်ရှိနေသည်ကို ရွှေပန်းပွင့်ဘွားဘွား သိရှိသွားလေပြီလား။ သို့သော် သူ၏ လှုပ်ရှားသွားသော စိတ်များကို ပြန်လည်ထိန်းချုပ်လိုက်သည်။ သူ၏ ကိုယ်ဖျောက် သိုင်းပညာသည် သာမန်ကိုယ်ဖျောက် သိုင်းပညာမဟုတ်။ သူ၏ ကိုယ်ဖျောက်သိုင်းပညာ အဆင့်အတန်းကို ရွှေပန်းပွင့်ဘွားဘွား၏ အဆင့်မျှလောက်က ညှော်သို့မျှ မသိနိုင်။ ထို့ကြောင့် ဟူကျင်းသည် ရဲရဲဝံ့ဝံ့ပင် ရှေ့သို့တိုး၍ ခုန်ထွက်လိုက်ပြန်သည်။



သို့မှသာ သူ၏ မွေးစားအဖေကြီးနှင့် နီးသွားမည် မဟုတ်ပါလား။ သူ့အဖို့ နီးလေကောင်းလေပင်။ နီးမှသာ သူ့မွေးစားအဖေကြီး၏ အန္တရာယ်များကို ကာကွယ်ပေးနိုင်ပေလိမ့်မည်။

အချိန်အတော်ကြာသည်အထိ တဲအိမ်ကလေးသည် လုံးဝငြိမ်သက်လျက် ရှိနေသည်။ လူသူမရှိသည့် အလားပေ။

နောက်ထပ် အတန်ကြာသည့်တိုင်အောင် စောင့်ဆိုင်းလိုက်သောအခါမှ တဲအိမ်ကလေးအတွင်းမှ လူတစ်ယောက် ထွက်လာသည်။ ထိုသူကား ရှက်စွန်းပင် ဖြစ်တော့သည်။ သူသည် မည်သည့်စကားကိုမျှ မပြော။ ငြိမ်သက်တိတ်ဆိတ်နေသည်။

ရွှေပန်းပွင့်ဘွားဘွားသည် အသံမြှင့်၍ ပြောလိုက်သည်။

"မောင်လေး မင်းကတော့ တကယ့်လူပဲ၊ ကိုယ့်မိတ်ဟောင်းဆွေဟောင်းတွေကျတော့ အမြဲတမ်း သတိရှိယထားပြီး ဆက်ဆံတယ်၊ အပြင်လူတွေကျတော့ ယုံယုံကြည်ကြည်နဲ့ ဆက်ဆံတယ်၊ ကဲ အခုကြည့်စမ်းပါဦး၊ မနက်က မင်းလွှတ်လိုက်တဲ့ ချန်ရှိဆိုတဲ့ကောင်က မင်းကို သတ်ဖို့ ပြန်လာပြန်ပြီ"

ရှက်စွန်းက အေးစက်မာကျောသော လေသံဖြင့် ရွှေပန်းပွင့်ဘွားဘွား၏ စကားကို တုံ့ပြန်လိုက်သည်။

"အသားထဲက လောက်က အပြင်ကရောဂါထက် ပိုဆိုးတယ်၊ အတွင်းရန်က အပြင်ရန်ထက် ကြောက်စရာကောင်းတယ်၊ အပြင်ရန်သူကို မျက်နှာချင်းဆိုင် တိုက်နိုင်တယ်၊ အတွင်းရန်က ကိုယ့်နောက်

www.burmeseclassic.com



၂ကို ခိုးကြောင်ခိုးဝှက် တိုက်တတ်တယ်၊ အခု ချန်ရိုက ဘလာလုပ်ပြန်တာလဲ"

ရွှေပန်းပွင့်ဘွားဘွားသည် မနက်တုန်းက တိုက်ပွဲတွင် ချန်ရိုသည် မည်သည့်ခြေကွက်၊ လက်ကွက်များ နင်းထားကြောင်း ရှက်စွန်းကို လိမ်ညာ၍ သူ့လွတ်မြောက်ရေးအတွက် ထွက်ပေါက်ရှာသွားကြောင်းတို့ကို ရှင်းပြလိုက်သည်။

ရှက်စွန်း ငိုင်သွားတော့သည်။

"အင်းလေ ငါက မျက်စိကန်းနေတော့ သူများတွေ လိမ်သမျှ ညာသမျှ ခံနေရမှာပဲပေါ့လေ"

ရှက်စွန်းသည် စကားဆုံးလိုက်သည်နှင့် ဝုန်းခနဲ ခုန်ထွက်သွားကာ ချုံပုတ်တစ်ခုဆီသို့ ခုန်အုပ်လိုက်တော့သည်။

ချုံပုတ်တွင်းမှ ချန်ရိုသည် ရုတ်တရက်ခုန်အုပ်လာသော ရှက်စွန်းကို ထိတ်လန့်တကြား ဓားဖြင့် ခုခံကာကွယ် ခုန်ထွက်လိုက်သည်။ သို့သော် ချန်ရို၏ ဓားသည် ခုတ်နိုင်သည့်အဆင့်သို့ပင် မရောက်လိုက်ရ။ ရှက်စွန်း၏ လက်ထဲသို့ ရိုပ်ခနဲ ပြာသွားသည်။ ရှက်စွန်း၏ ညာလက်က ချန်ရို၏ ပါးကို သုံးချက်တိတိ ဆက်တိုက်ရိုက်ပစ်လိုက်တော့သည်။ သူ၏ လည်ကုပ်ကို ဆွဲလျက်

"လျှို့လိမ်လှည့်ညာ၊ သူ့ရဲဘောနည်းတဲ့ကောင်၊ မင်းကို အခု ငါ သတ်လိုက်ရင် ကြွက်ကလေး ငှက်ကလေးတွေကို သတ်လိုက်ရသလို ဖြစ်နေလိမ့်မည်။ ငါက မင်းကို ဆယ်နှစ်ပြည့်မှ ရှာဖို့ ကတိပေးထား



တယ်၊ ဒါကြောင့် မင်းကို ငါမသတ်သေးဘူး၊ နောက်တစ်ခါ ဒီကျွန်းပေါ်ကိုရောက်လာရင်တော့ မင်းကို ငါသတ်ပစ်မယ်"

သူသည် သူ့စကားဆုံးသည်နှင့် တောင်ကုန်းအောက်ဘက်ဆင်ခြေလျှောသို့ လွှင့်ပစ်လိုက်တော့သည်။ သို့ရာတွင် ချန်ရိုစ်ကျမည့် နေရာများသည် သံချွန်အများအပြား ထောင်စိုက်ထားသော နေရာ ဖြစ်နေသည်။

အကယ်၍ ချန်ရိုသာ သံချွန်များပေါ်သို့ ကျသွားပါက ရွှေပန်းပွင့် ဘွားဘွား၏ အကြံအစည်သည် လုံးဝ မျက်ပြားသွားရပေကော့မည်။ ထို့ကြောင့် ရွှေပန်းပွင့် ဘွားဘွားသည် ချက်ချင်းခုန်ထွက်ပြီး တောင်ဝှေးဖြင့် ချန်ရို၏ ခန္ဓာကိုယ်ကို ထိန်းကာအဝေးသို့ လွှဲပစ်လိုက်သည်။ ချန်ရိုသည် သံချွန်များ၏ အန္တရာယ်မှ ကံကောင်းထောက်မစွာ လွတ်မြောက်သွားပေပြီ။

ရွှေပန်းပွင့်ဘွားဘွားသည် ချန်ရိုရှိရာသို့ လှမ်းအော်လိုက်လေသည်။

"မင်း အမှတ်မရှိသေးရင်တော့ နောက်တစ်ခါ ငါရဲ့ မင်းမြေကျွန်းကို လာခဲ့ဦး၊ မင်းတစ်ယောက်တည်းတင် မကဘူး၊ မင်းတို့ သူတောင်းစားဂိုဏ်းသား အားလုံးကို သတ်ပစ်မယ်"

ရွှေပန်းပွင့်ဘွားဘွားသည် ပြောပြောဆိုဆိုဖြင့် သူမ၏ လက်တစ်ဖက်ကို ဝှေ့ယမ်းလိုက်ရာ ရွှေရောင် ပန်းပွင့်ကလေးတစ်ပွင့် ဝှီးခနဲ ပွင့်ထွက်သွားသည်။ ထို လျှို့ဝှက်လက်နက်ကလေးသည် ချန်ရို၏

www.burmeseclassic.com

www.burmeseclassic.com



ပါးအနီး၌ရှိသော အကြောကို ထိမှန်သွားသဖြင့် ချန်ရိုသည် နှစ်နာရီ အတွင်း လုံးဝ စကားပြောနိုင်တော့မည် မဟုတ်ချေ။ ချန်ရိုသည် သူ၏ ပါးတစ်ဘက်ကို လက်ဖြင့် ဖိကိုင်ကာ သူ့နောက်မှ တချွေ သရဲ လိုက်လာသည့်နှယ် ကြောက်အားလန့်အားဖြင့် ပြေးထွက်သွား တော့သည်။

ယခုအခါဝွင် ရှက်စွန်းသည် သံချွန်များ စိုက်ထားသည့် နေရာနှင့် အလွန် နီးကပ်လာပြီဖြစ်သည်။ ဟူကျင်းသည်လည်း တစ်နိုင်သမျှ ရှက်စွန်းနှင့် နီးမည့်နေရာသို့ ပုန်းခို ရွေ့ပြောင်းနေရ ပေသည်။ အမှန်စင်စစ် ဟူကျင်း၏ သိုင်းပညာ အလွန်မြင့်မားနေ၍သာ ထိပ်သီး သိုင်းသမားများ ဖြစ်ကြသည့် ရှက်စွန်းနှင့် ရွှေပန်းပွင့် ဘွားဘွားတို့မှာ ဟူကျင်း ပုန်းနေခြင်းကို မသိကြခြင်း ဖြစ်ပေသည်။

သို့သော် ချန်ရိုမှာ ဟူကျင်းထက် သိုင်းပညာ များစွာ နိမ့်ကျလှသဖြင့် ချန်ရို ရောက်နေသည်ကို ရှက်စွန်းတို့က ချက်ချင်း သိသွားကြခြင်း ဖြစ်ပေသည်။

ရွှေပန်းပွင့် ဘွားဘွားသည် ရှက်စွန်းကို လှမ်းပြောလိုက်လေ သည်။

"မောင်လေး မင်းရဲ့နားက ဒီလောက်တောင် လျှင်နေမှကိုး၊ ဒါဆိုရင် ဘာကြောက်စရာ ရှိတော့သလဲ၊ အရင်တုန်းကလိုပဲ သိုင်းလောကထဲမှာ ထင်ထင်ပေါ်ပေါ် ပြန်လှုပ်ရှားနိုင်ပြီပေါ့"



"ဒါတွေ အရေးမကြီးဘူး၊ ဒါတွေအတွက် ငါ့စိတ်ကူးထဲမှာ ာမှ မရှိဘူး၊ ငါ့အတွက် အရေးအကြီးဆုံးက ဟူကျင်းကို တွေ့အောင်ရှာဖို့ပဲ၊ ငါ့သားကို တွေ့ရမှ ငါ စိတ်အေးရမှာ"

"ဒါဆိုလဲ ဖြစ်ပါတယ်၊ မင်းရဲ့ နဂါးနိုင်ဓားကိုသာ ငါ့ကို ား‌စမ်းပါ၊ ငါ ဝါမေဂိုဏ်းကို စိန်ခေါ်ပြီးတာနဲ့ မင်းသား ူကျင်းကို လိုက်ရှာပေးပါ့မယ်၊ မကောင်းဘူးလား"

ရှက်စွန်းသည် သူ့ ဦးခေါင်းကိုသာ ခါယမ်းပြနေတော့သည်။ ထို့ကြောင့် ရွှေပန်းပွင့် ဘွားဘွားသည် ရှက်စွန်းအား နူးညံ့ပျော့ပျောင်း သာ စကားများဖြင့် ဆွဲဆောင်ရန် ထပ်မံ ကြိုးစားပြန်တော့သည်။

"မောင်လေး ငါတို့ အလင်းမာန်ဂိုဏ်းဟာ ဂိုဏ်းချုပ်ကြီး န်ဖော့ထင်း မသေခင်တုန်းကဆိုရင် ဘယ်လောက်အင်အား တောင့် ာင်းသလဲ၊ ငါတို့ အလင်းမာန် မင်းလေးပါးဆိုရင် သိုင်းလောက ာစ်ခွင်လုံး သိမ့်သိမ့်တုန်အောင် ကျော်ကြားခဲ့တာ မဟုတ်လား၊ ခုဆိုရင်တော့ အလင်းမာန် မင်းတွေဟာ မျက်နှာမွဲ ဖြစ်ကုန်ကြပြီး ာယ်သူကမှလဲ ဂရုမစိုက်ကြတော့ဘူး၊ အခု နဂါးမင်းကို သူများက နိုင်ကျင့်နေကြပြီ၊ ဒါလေးကို မင်းကို အကူအညီ မပေးချင်ဘူးလား"

ဟူကျင်းသည် ထိုစကားများကို ကြားလိုက်ရသောအခါ ာုန်လှုပ်သွားမိသည်။ ထို့ကြောင့် စိတ်တွင်းမှ တီးတိုး ရေရွတ်ပိုက် ိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဪ် လတ်စသတ်တော့ ရွှေပန်းပွင့်ဘွားဘွားဟာ ငါတို့ အလင်းမာန်ဂိုဏ်းရဲ့ အလင်းမာန် မင်းလေးပါးထဲက နဂါးမင်းကိုး အင်း တော်တော်တော့ အံ့ဩစရာကောင်းတာပဲ"

ရှက်စွန်းက သက်ပြင်းချရင်း ပြောလိုက်သည်။

"ရွှေပန်းပွင့် ဘာဖြစ်လို့ ရန်ကို ရန်ချင်း တုံ့နှင်းတော့မလဲ၊ တို့တစ်တွေလဲ အသက်တွေ ကြီးကုန်ပါပြီ"

"မင်းက ဘာဖြစ်လို့ စိတ်လျှော့နေရတာလဲ၊ အခုဆိုရင် သိမ်းငှက်မင်းနဲ့ လင်းဆွဲမင်းတို့လဲ ကွမ်းမိန်တောင်ပေါ်မှာ ရှိတုန်း ရှိဆဲပဲ၊ တို့လေးယောက် ပြန်ပေါင်းတိုက်ရင် သိုင်းလောကကို ကောင်းကောင်းကြီး ပြန်ခေါင်းဆောင်နိုင်မှာ သေချာပါတယ်"

ရှက်စွန်းသည် အံ့ဩသွားပြီး အလန့်တကြား ပြန်မေးလိုက်သည်။

"ဘာ သူတို့ ကွမ်းမိန်တောင်ကို ပြန်သွားကြတယ်၊ ဟုတ်လား"

ရွှေပန်းပွင့် ဘွားဘွားက အားလီကို မေးငေါ့ပြရင်း ပြောလိုက်သည်။

"ဒါတွေက အားလီကိုယ်တိုင် တွေ့ရတာပဲ၊ အားလီ ဂိုဏ်းကြီး ခြောက်ဂိုဏ်းက ကွမ်းမိန်တောင်ကို ဝိုင်းဝန်းတိုက်ခိုက်ကြတဲ့ အကြောင်း ပြောပြလိုက်စမ်း"

အားလီသည် သူ့ သိသမျှတို့ကို ရှက်စွန်းအား ပြောပြလိုက်သည်။ သို့သော် ရွှေပန်းပွင့် ဘွားဘွားက သူမအား



လမ်းတစ်ဝက်မှ ပြန်ခေါ်သွားသဖြင့် တောင်ထိပ်သို့ မရောက်ရှိခဲ့ရဘဲ နောက်ပိုင်း ဟူကျင်း၏ အဖြစ်အပျက်များကို လုံးဝ မသိရှိခဲ့ရပေ။ ထို့ကြောင့် နောက်ပိုင်းအဖြစ်အပျက်များသည် သူမ၏ စကားများထဲ၌ လုံးဝ ပါမလာခြင်း ဖြစ်တော့သည်။

အားလီ၏ စကားဆုံးသွားသောအခါ ရွှေပန်းပွင့် ဘွားဘွားက ဆက်ပြောသည်။

"ငါ့အနေနဲ့ ငါတို့ဂိုဏ်းဘက်က ဝင်မကူညီလို့ မင်းအပြစ်တင် မစောပါနဲ့၊ ငါလဲ တို့ဂိုဏ်းကို ကူညီချင်တာပဲ၊ ဒါပေမယ့် ငါ့မှာ နဂါးနိုင်ဓား မရှိတော့ ဘယ်လိုလုပ် ကူညီမလဲ၊ ဝါမေဂိုဏ်းရဲ့ မယ်သီလရှင်ကြီးကို ဘယ်လိုမှ နိုင်,နိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ငါက မင်းဆီကို ရောက်လာခဲ့ရတာပဲ"

ရှက်စွန်းသည် ဒေါသတကြီးဖြင့် အော်ဟစ်မေးလိုက်သည်။

"ရွှေပန်းပွင့် နှင် တော်တော်ဆိုးပါလား၊ ဒီလောက်အရေးကြီးတဲ့ သတင်းကို ဘာဖြစ်လို့ မပြောရတာလဲ ငါတို့ရဲ့ အလင်းမာန်ဂိုဏ်းကြီးကို ဝိုင်းတိုက်တဲ့ သတင်းကို ဘာဖြစ်လို့ မပြောရတာလဲ၊ ဘာဖြစ်လို့ တစ်ချိန်လုံး ဖုံးဖိထားရတာလဲ ပြောစမ်း"

ရွှေပန်းပွင့်ဘွားဘွားကမူ အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။

"ငါ ဒီသတင်းကို ပြောပြလို့ မင်းအဖို့ ဘာအကျိုးရှိမလဲ၊ တကယ်တော့ အလင်းမာန်ဂိုဏ်း တစ်ဂိုဏ်းလုံး ပြုတ်ပြုတ် မပြုတ်ပြုတ်

www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့မဆိုင်ဘူး၊ ဟိုး တစ်နှစ်တုန်းက လက်ဝဲရံ၊ လက်ယာရံ နှစ်ယောက်စလုံးက ငါ့ကို ဝိုင်းတိုက်ခဲ့ကြတာကို ငါဘယ်တော့မှ မမေ့ဘူး၊ ဒီတော့ သူတို့ သေသေရှင်ရှင် ငါက ဂရုစိုက်နေရမှာလား"

ရှက်စွန်းသည် တုန်တုန်ယင်ယင်ဖြင့် ပြန်အော်သည်။

"ရွှေပန်းပွင့် နင် နင်ဟာ သိပ်ပြီး သဘောထား သေးသိမ်ရဲ့ မိန်းမပါလား၊ စကားထဲက ဓာတ်ပြ ဆိုတာလို အခု ငါ မင်းရဲ့ စိတ်ထားကို သိသွားပြီ၊ နင်ငါ့ဆီက နဂါးနိုင်ဓားကို ဗွားနေတာဟာ တကယ်တော့ ဝါမေဂိုဏ်းကို ယှဉ်ပြိုင်ဖို့ မဟုတ်ဘူး၊ နင် ရန်ရောင်နဲ့ ဖန်းရောင်တို့ကို သွားတိုက်မလို့ မဟုတ်လား၊ စိတ်ချ စိတ်ချ၊ နင် ငါ့ဆီက ဓားကို ဘယ်တော့မှ မရနိုင်တော့ဘူး"

ရွှေပန်းပွင့်ဘွားဘွားသည် အတန်ကြာ ငြိမ်သက်သွားသည်။ ရှက်စွန်းထံမှ နဂါးနိုင်ဓားကို မည်သည့်နည်းဖြင့် ရယူနိုင်မည်ကို ဉာဏ်နီဉာဏ်နက်ထုတ် စဉ်းစားနေခြင်းသာ ဖြစ်ပေသည်။ ရွှေပန်းပွင့် ဘွားဘွားက ရုတ်တရက် မေးလိုက်သည်။

"မောင်လေး ဟိုတုန်းက မင်းနဲ့ငါဟာ သိုင်းပညာမှာ ဘယ်သူက ပိုတော်ကြသလဲ"

"သူ့နေရာနဲ့သူ တော်ကြတာပဲ၊ တစ်ယောက်တစ်မျိုး တစ်ကွက်ကောင်း ရှိထားကြတာပဲ"

"ဒါဖြင့် အခု မင်း မျက်စိကန်းသွားတော့ကော"



"ဟားဟားဟား၊ နင်က ငါ မျက်စိကန်းသွားလို့ နင့်ကို မယှဉ်နိုင်တော့ဘူးလို့ ထင်နေသလား၊ အကြမ်းနည်းသုံးပြီး ငါ့ဓားကို ယူချင်တယ်ပေါ့၊ နဂါးနိုင်ဓား ငါ့လက်ထဲမှာ ရှိတဲ့နောက် ငါ့မျက်စိ နှစ်လုံးကို အစားထိုးနိုင်ပါတယ်၊ နင် စမ်းချင်ရင် စမ်းကြည့်ပေါ့"

သူတို့နှစ်ယောက်စလုံး မျက်နှာချင်းဆိုင် ရပ်နေကြခြင်း ဖြစ်ပေသည်။ တစ်ယောက်ကိုတစ်ယောက် တိုက်ခိုက်ကြရန် အဆင်သင့် ပြင်ထားကြခြင်းလည်း မရှိပေ။

ရွှေပန်းပွင့် ဘွားဘွားသည် နောက်ဆုံးနည်းလမ်းကို မသုံးမီ ညင်သာသော လေသံဖြင့် လှမ်းပြောလိုက်ပြန်သည်။

"ဟို တစ်ချိန်တုန်းက ကွမ်းမိန်တောင်ပေါ်မှာ ငါ ရင်ရက်နဲ့ လက်တပ်တုန်းက မင်းနဲ့ ဂိုဏ်းချုပ်ကြီး နှစ်ယောက်ကပဲ လိုလို လားလား ထောက်ခံခဲ့ကြတယ်လေ၊ ကျန်တဲ့လူတွေအားလုံး တစ်ယောက်မကျန် ကန့်ကွက်ခဲ့ကြတယ်"

ထိုစကားကို ကြားလိုက်ရသောအခါ ရှက်စွန်း၏ စိတ်ဓာတ်သည် နုညံ့ပျော့ပျောင်းသွားပြီး အတိတ်ကို တသ သတိရဟန် ပေါ်လာတော့ သည်။

"ဟင်း ငါတို့ရဲ့ အလင်းမာန် ဂိုဏ်းသားတွေ ဘယ်လိုများ ဖြစ်ကုန်ကြပြီလဲ မသိဘူး၊ နင်ရဲ့ အဆုတ်မှာ ရထားတဲ့ဒဏ်ရာကရော ဘယ်လို နေသေးသလဲ၊ ခုထက်ထိ မပျောက်သေးဘူးနဲ့ တူတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဟိုနှစ်တုန်းက သူတောင်းစားဂိုဏ်းနဲ့ တိုက်ခိုက်နေတုန်းမှာ အဆုတ်ကို မားထိုးခံထားရတဲ့ ဒဏ်ရာက ခုထက်ထိ အကင်းမသေသေးဘူး၊ အခုထက်ထိ ချောင်းဆိုးနေသေးတယ်လေ ဒါပေမယ့် ငါကတော့ မမှုတော့ပါဘူး၊ အနှစ်သုံးဆယ်ကျော်လောက် ဒီဒဏ်ရာကြီးကို ခံစား လာရတော့၊ အခုတော့ အကျင့် ရသွားပါပြီ လေ၊ မင်းရဲ့ ခုနစ်ဆင့် လက်သီးသိုင်းလဲ သတိထားဦးနော် အတွင်းဒဏ်ရာရမှာ သေချာတယ်"

"စိတ်ချစမ်းပါ၊ ငါက ဒါမျိုးဆို အမြဲတမ်း သတိထားတယ် မျက်စိမမြင်ရတဲ့ကြားထဲ ဒီပြင် ဒုက္ခတစ်ခုကို အပို မခံစားနိုင်ဘူး"

ရှက်စွန်းသည် စကားဆုံးသွားသောအခါ အားလီရှိမည် ထင်ရာ ဘက်သို့ လှည့်၍ ပြောလိုက်သည်။

"အားလီ ဒီဘက်ကို လာခဲ့စမ်း"

အားလီသည် ရှက်စွန်းခေါ်ရာသို့ လျှောက်သွားသည်။

"မင်း အားကုန်ထုတ်ပြီး ငါ့ကို လက်သီးနဲ့ တစ်ချက် ထိုးထည့်လိုက်စမ်း"

အားလီသည် ရုတ်တရက် ကြောင်သွားသည်။ အလွန် အန္တရာယ် ရှိလှသော အလုပ်တစ်ခု ဖြစ်သဖြင့် များစွာ စိုးရွံ့သွား တော့သည်။ ထို့ကြောင့် ...

"ဟင့်အင်း ဟင့်အင်း ကျွန်မ မထိုးရဲဘူး"

ရှက်စွန်းသည် ရယ်မောရင်း ပြောလိုက်သည်။



"မင်းရဲ့ ပင့်ကူလက်သီးက ငါ့ကို ဘယ်လိုမှ ထိခိုက် ဒဏ်ရာရစေမှာ မဟုတ်ပါဘူး၊ မင်းရဲ့ သိုင်းပညာလောက်ကို ငါ မမှုပါဘူး၊ အားနဲ့သာ ထိုးစမ်း၊ အခု ငါက မင်းရဲ့ပညာပိုင်း ဘယ်လောက် အဆင့်ရှိတယ်ဆိုတာ စမ်းသပ်ချင်လို့ပဲ"

ရှက်စွန်းက အတင်းအကျပ် အမိန့်ပေးနေသဖြင့် အားလီ ငြင်းပယ်ရန် မတတ်နိုင်တော့။ ထို့ကြောင့် သူမသည် သူမ၏ လက်သီးကို လက်ကိုင်ပဝါဖြင့် ပတ်ထားလိုက်ပြီး ရှက်စွန်း၏ ပခုံးကို ထိုးလိုက်တော့သည်။

"အား"

အားလီသည် ရုတ်တရက် အော်ဟစ်လိုက်ပြီး နောက်ဘက်သို့ လွင့်စဉ် ထွက်သွားတော့သည်။ ရွှေပန်းပွင့် ဘွားဘွားကမူ မည်သို့မျှ တုန်လှုပ်ဟန်ကို မပြဘဲ ပြန်မေးလိုက်သည်။

"မောင်လေး မင်းဟာ တကယ်ရက်စက်ပါကလား၊ ငါ့ဘက်မှာ လူတစ်ယောက်ပိုရှိလို့ မင်းကိုဝိုင်းတိုက်မှာ စိုးပြီး အားလီကို အရင် ရှင်းပစ်လိုက်တာပေါ့ ဟုတ်လား"

ရှက်စွန်းသည် ရွှေပန်းပွင့်ဘွားဘွား၏ စကားကို မဖြေနိုင်တော့။ အတန်ကြာမျှ ငိုင်နေမိသည်။ သူသည် တစ်စုံတစ်ခုကို စိတ်မကောင်း ခြင်း ကြီးစွာ ခံစားလိုက်ရခြင်းဖြစ်ပေသည်။ အတန်ကြာမှ သူ့ထံမှ စကားသံ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကလေးမလေးရဲ့ စိတ်ဓာတ်က တယ်မွန်မြတ်ပါကလား၊ ငါက သူ့ကို အားကုန်သုံးနိုင်းတယ် သူက မသုံးဘူး၊ သူ့အားကို နည်းနည်းလေးပဲ ထုတ်တယ်၊ ဒီကြားထဲ ငါဒဏ်ရာရမှာစိုးလို့ လက်ညှိုးကိုလဲ လက်ကကိုင်ပဝါနဲ့ ပတ်ထားသေးတယ်၊ ဒါကြောင့်မို့လဲ သူ့အသက်မဆုံးရှုံးရတာပဲ၊ ငါ့အပေါ် ညှာတာတဲ့စိတ် မထားဘဲ အားကုန်သုံးရင် ဒီအားအတိုင်း သူ တန်ပြန်ခံရမှာပဲ၊ အခုလောက်ဆို အသက်ရှိတော့မှာ မဟုတ်ဘူး"

ဟူကျင်းသည် ရှက်စွန်း၏ စကားများကို ကြားလိုက်ရသောအခါ ကြက်သီးတဖြန်းဖြန်း ထ,သွားပေသည်။ သူ၏ မွေးစားဖခင်ကြီးသည် အားလီ၏ သိုင်းပညာ အဆင့်အတန်း စမ်းသပ်ရန်ဟု ပြောလျက် အကယ်ပင် အပျောက်ရှင်းဖိစ်ရန် ကြံစည်လိုက်ခြင်း ဖြစ်တော့သည်။ သိုင်းလောကမှ လူများ၏ ပရိယာယ်ကား ကြောက်မက်ဖွယ်ကောင်းလေစွတကား။ ရှက်စွန်းက

"အားလီ မိန်းကလေး၊ ဘာဖြစ်လို့ ငါ့ကို ညှာညာတာတာ ဆက်ဆံရတာလဲဟင်"

အားလီသည် တုန်ယင် လှိုက်လှဲသော အသံကလေးဖြင့် ပြောလိုက်သည်။

"ဦး ဦးလေးက သူ့ရဲ့ မွေးစား အဖေကိုး၊ နောက်ပြီး သူ့ကို သတိရမယ့် လူဆိုလို့ ဒီလောကထဲမှာ ဦးလေးနဲ့ ကျွန်မ နှစ်ယောက်တည်း ရှိကြတယ် မဟုတ်လား"



"ဪ မင်း မင်း ငါ့ရဲ့သားလေး ဟူကျင်းအပေါ် ဒီလောက် တွယ်တာနေတဲ့ မိန်းကလေးကိုး၊ ဘုရား ဘုရား၊ ငါ ငါ မင်းရဲ့ အသက်ကို သတ်မိတော့မလို့ ကံကောင်းလို့ ကံကောင်းလို့ မိန်းကလေး ငါ့နားကပ်လာခဲ့စမ်း"

အားလီသည် အားတင်း၍ ပြန်ထ,လိုက်သည်။ ရှက်စွန်း သူ့အား ကောင်းစွာပြောကြားနိုင်စေရန် သူ၏နားကို ရှက်စွန်း၏ ပါးစပ်နားသို့ တိုးကပ်ပေးလိုက်သည်။

ရှက်စွန်းသည် တိုးညင်းသော လေသံဖြင့် ပြောလိုက်သည်။

"အခု ငါပြောတဲ့ စကားတွေကို ဂရုစိုက်ပြီး နားထောင်၊ ငါ မင်းကို အတွင်းအား သိုင်းကျင့်နည်းတစ်မျိုး သင်ပေးလိုက်မယ်၊ ဒီပညာကို နယ်နယ်ရရ မမှတ်နဲ့၊ ငါ ရေခဲမိးတောင်ကျွန်းမှာ နေခဲ့တုန်းက တီထွင်ခဲ့တဲ့ ပညာပဲ"

ရှက်စွန်းသည် အားလီပြောမည့် စကားကို လုံးဝဂရုမစိုက်တော့ဘဲ သူပြောလိုသည့်စကားများကို ဆက်တိုက် ပြောချလိုက်တော့သည်။ သူ တီထွင်ခဲ့သည့် အတွင်းအားပညာ၏ လေ့ကျင့်ပုံနည်းစနစ် အစအဆုံးကို ပြောပြခြင်း ဖြစ်ပေသည်။

အားလီသည် အလွတ်မှတ်ထားလိုက်ရသည်။ ရှက်စွန်းလည်း အားလီအား မမှတ်မိမည်စိုးသဖြင့် နောက်ထပ်နှစ်ကြိမ်တိတိ ထပ်မံပြောပြလိုက်သည်။

"ကဲ မင်း မှတ်မိပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ မှတ်မိပါပြီ ဦးလေး"

"မင်း အတွင်းအားပညာကို ငါးနှစ်ကျင့်လိုက်ရင် ပထမဆင့်တော့ အသေအချာ အောင်မြင်မှာပဲ၊ ငါအခု မင်းကို ဒီ သိုင်းကျင့်နည်း သင်ပေးတာ ဘာအတွက်လဲ ဆိုတာကို မင်းသိတယ် မဟုတ်လား"

အားလီသည် ရုတ်တရက်ပင် ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။ နှုတ်မှလည်း တုန်ယင်စွာ ပြောလိုက်သည်။

"ကျွန်မ ကျွန်မ သိပါတယ်၊ ဒါ ဒါပေမယ့် မဖြစ်နိုင်ပါဘူး"

ရှက်ဗွန်းသည် အားလီ၏ စကားကြောင့် အကြီးအကျယ် တုန်လှုပ် ချောက်ချားသွားတော့သည်။

"ဘာ ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"

အားလီ၏ စကားသံသည်...

"သူ့ သူ သူ"

◆◆◆

# အခန်း ( ၅၅ )

www.burmeseclassic.com

www.burmeseclassic.com

## ကျောက်မီး မြောက်တိုင်

အားလီက သူ သူ သူဟု ပြောရင်း ရုတ်တရက် ချုံးပွဲချ ကြွေးလိုက်တော့သည်။

ရှက်စွန်း၏ ခန္ဓာကိုယ် တစ်ခုလုံးသည်လည်း အေးစက်တောင့် င်းသွားတော့သည်။

"သူ ဘာဖြစ်လို့လဲ၊ ငါ့သား ဟုကျင်း၊ ဘာဖြစ်လို့လဲ"

အားလီသည် ရုတ်တရက်ပင် ရှက်စွန်း၏ ရင်ခွင်အတွင်းသို့ ခေါင်းတိုးဝင်လျက် ရှိုက်ကြီးတငင် ငိုကြွေးနေတော့သည်။ သူမ ည် ရှိုက်သံဖြင့်…

"သူ သူ လွှန်ခဲ့တဲ့ မြောက်နှစ်လောက်ကတည်းက ဆီးရိုးယ ချောက်ကြီးထဲကိုကျလို့ သေ… သေသွားပြီ"

www.burmeseclassic.com

www.burmeseclassic.com



ရက်စွန်းသည် မယုံကြည်နိုင်သော အသံဖြင့် သူနားကြားလွဲ၍ ကြားလိုက်ရသည့်ပမာ ပြန်မေးလိုက်သည်။

“တကယ်”

“တကယ်ပါ၊ ကျွန်မက ဟူလက်တို့ သားအဖနှစ်ယောက်ကို ပင့်ကူလက်ညှိုးနဲ့ထိုးပြီး စစ်မေးခဲ့လို့ သိခဲ့ရတာပါ၊ သူတို့ လိမ်ညာပြော တာတော့ မဖြစ်နိုင်ပါဘူး”

ရက်စွန်းသည် ရုတ်တရက် ဝူးဝူးဝါးဝါး အော်ဟစ်လိုက်တော့ သည်။ သူ့အော်သံသည် ဒဏ်ရာပြင်းထန်စွာ ရရှိလိုက်သော သားကောင်တစ်ကောင်၏ အော်ဟစ်သံနှယ် နာကျင်မှုများ အပြည့်အဝ ပါရှိနေပေတော့သည်။ သူ့ပါးနှစ်ဖက်တွင်မူ ပူလောင်သော မျက်ရည် စီးကြောင်းကြီးနှစ်ခု စီးသွယ် ကျဆင်းလာတော့သည်။

ဟူကျင်းသည် သူ့မွေးစားအဖေနှင့် သူ၏ဝမ်းကွဲညီမလေးတို့ သူ့အတွက် ဤမျှ ပူဆွေးနေကြသည်ကို တွေ့လိုက်ရသောအခါ သူကိုယ်တိုင် မျက်ရည်ကျမတတ် စိတ်ထိခိုက်မိသွားသည်။ ထို့ကြောင့် ချက်ချင်း ခုန်ထွက်ပြီး တွေ့ဆုံလိုက်ရန် စိတ်ကူးလိုက်မိသည်။

ထိုစဉ် ရွှေပန်းပွင့် ဖွားဖွား၏စကားသံက ဟူကျင်း၏ စိတ်ကူးကို ပျက်ပြယ်သွားစေလိုက်သည်။

“မောင်လေး မင်းရဲ့ မွေးစားသား ဟူကျင်းလဲ မရှိတော့ပါဘူး မင်းအဖို့ ဒီနဂါးနိုင်ဓားကြီး ပိုင်ထားလို့လဲ အခုအချိန်မှာ အပိုပဲဖြ



နေမှာပဲ၊ မင်းအဖို့ အကျိုးမထူးတော့မယ့် အတူတူ ငါ့ကိုပဲ ပေးလိုက်ပါတော့”

ရွှေပန်းပွင့် ဘွားဘွားကား တကယ့်ကို အတ္တဆန်သော မိန်းမကြီးပါပေ။ သမုဒယ သံယောဇဉ်ကြောင့် နှလုံးသား ကြေကွဲ မတတ် ခံစားနေရသော ရက်စွန်းကို မည်သို့မျှ စာနာထောက် ထားမှုမပြုဘဲ သူ လိုချင်သည့် အရာကိုသာ မရမက တောင်းခံနေသည်။ တကယ့် အတ္တသမားပါပေ။

ရက်စွန်းသည် အက်ကွဲသော အသံကြီးဖြင့် ပြောလိုက် တော့သည်။

“နင်ဟာ ငါ့ရဲ့ သွေးသောက် မောင်နှမသာဆိုတယ် အလကား မောင်နှမပဲ၊ နင်ဟာ ငါ့ကို တစ်လျှောက်လုံး လိမ်ခဲ့တာပေါ့လေ၊ နင် ဒီဓားကို လိုချင်ရင် အရင်ဦးဆုံး ငါ့အသက်ကို ယူပေတော့”

ရက်စွန်းသည် ပြောပြောဆိုဆိုဖြင့် ဓားလီကို ဘေးသို့ ဆွဲထုတ်လိုက်၏။ အခြေအနေသည် အဆိုးဆုံးသို့ ပြောင်းလဲသွား ပေပြီ။ ဤအခြေအနေကို ထိန်းသိမ်းရန် လိုအပ်လာပေပြီ။ ထို့ကြောင့် ဟူကျင်း၏ အတွေးထဲတွင်...

“ငါ အခုနေထွက်ပြီး အဖြစ်မှန်ကို ရှင်းပြမှပဲ၊ နို့မို့ဆိုရင် အဖေကြီးရက်စွန်းဟာ ငါ့အတွက် ပေါက်ကွဲပြီး မုန်တိုင်းတိုက်သလို တိုက်ခိုက်တော့မှာပဲ၊ ဒါဆိုရင် နှစ်ယောက်စလုံး ဒဏ်ရာ အကြီး အကျယ်ရပြီး အသက်အန္တရာယ်ပါ ထိခိုက်သွားနိုင်တယ်”

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ခပ်လှမ်းလှမ်း တောအုပ်အတွင်းမှ တိုးညင်းသော အသက်ရှူသံကိုကြားလိုက်သည်။ ထိုအသက်ရှူသံသည် ညင်သာလှပြီး တိုတောင်းလွန်းလှသည်။ သာမန်လူများအဖို့ ဤကဲ့သို့သော အသက် ရှူသံမျိုးကို လုံးဝမကြားနိုင်။ဟူကျင်းသည် အတွင်းအားအလွန်ကောင်းပြီး နားပါးလွန်း၍သာ ဤအသံကို ကြားလိုက်ရခြင်း ဖြစ်သည်။

ဤမျှ အရေးကြီးနေသော ထို အချိန်တွင် ထို အသက်ရှူသံ ကြားလိုက်ရခြင်းအတွက် ဟူကျင်းများစွာ စိတ်မသက်မသာ ခံစားလိုက်မိသည်။ သူ၏ စိတ်များလည်း များစွာ လှုပ်ရှား လာမိတော့သည်။ ယခုအချိန်၌မူ အခြေအနေကို စောင့်ကြည့်နေ ခြင်းသာ အကောင်းဆုံး ဖြစ်ပေတော့မည်။

ထိုအချိန်တွင် ရှက်စွန်းနှင့် ရွှေပန်းပွင့်ဖွားဖွားတို့သည် ရင်ဆိုင် တိုက်ခိုက်လျက် ရှိကြ ပေပြီ။ ရှက်စွန်းသည် ရွှေပန်းပွင့်ဖွားဖွားကို ရုတ်တရက် ခုန်အုပ်လိုက်သည်။ ရွှေပန်းပွင့်ဖွားဖွားသည် နောက်သို့ရှောင်၍ ခုန်အုပ်လိုက်သည်။

သူမသည် ရှက်စွန်းကို သံချွန်များ ခင်းကျင်းထားသော သေမင်းထောင်ချောက်အတွင်းသို့ မျှား၍ ခေါ်ဆောင်သွားခြင်းသာ ဖြစ်တော့သည်။ ခုန်ဆုတ်သွားသော ရွှေပန်းပွင့်ဖွားဖွားနောက်သို့ ရှက်စွန်းက ခုန်အုပ်လိုက်ပြန်သည်။ ဤသို့ဖြင့် ဆက်တိုက်ဆက်တိုက် ခုန်အုပ်နေရာမှ နောက်တစ်ကြိမ် ခုန်အုပ်လိုက်ချိန်တွင် အားလီသည် ရုတ်တရက် အော်ဟစ်လိုက်တော့သည်။



"ခြေထောက်အောက်မှာ သံချွန်တွေရှိတယ်"

ရှက်စွန်းသည် ထိုအော်သံကို ကြားလုက်ရသောအခါ ရွှေပန်းပွင့် ဖွားဖွား၏ ကောက်ကျစ်မှုကို ရုတ်တရက် သဘောပေါက်သွားပြီး ထောင်ချောက်အတွင်း ကျမသွားစေရန် နောက်ကျွမ်းထိုးလျက် ရှောင်ထွက်ရန် ကြိုးစားလိုက်သည်။

သို့သော် ရွှေပန်းပွင့်ဖွားဖွားသည် ထိုအကွက်ကို ကြိုမြင်ပြီး ဖြစ်ပေသည်။ ရှက်စွန်းအတွက် လုံးဝအခွင့်အရေး မပေးဘဲ ရုတ်တရက် သူမ၏ လက်ကို ဝှေ့ယမ်းလိုက်ရာ လျှို့ဝှက်လက်နက် ရွှေပန်းပွင့်များက ရှက်စွန်း၏ ကိုယ်ပေါ်သို့ ကျရောက် လာတော့သည်။ ထိုအခါ ရှက်စွန်းအဖို့ နောက်ကျွမ်းပစ် ခုန်ရှောင်ရန် အရေးထက် လောလောဆယ်ဆယ် အသက်အန္တရာယ်ပေးနိုင်သည့် လျှို့ဝှက် လက်နက်များကို သူ၏ဓားဖြင့် ဖယ်ထုတ်ပစ်လိုက်ရတော့သည်။ သူ၏ ခန္ဓာကိုယ်ကမူ မည်သို့မျှ ထိန်းသိမ်း၍ မရတော့ဘဲ သံချွန်များ စိုက်ထားသည့် မြေကြီးပေါ်သို့ ကျရောက်သွားတော့သည်။ ထိုအခိုက်မှာပင် သူ့ခြေထောက်အောက်၌ 'ထန်း ထန်း ထန်း' ဟူသော အသံများကို ကြားလိုက်ရပြီး သူ့ခြေထောက်များသည် မြေကြီးပေါ်သို့ ဘေးမသီ ရန်မခ ခြေချနင်းနိုင်မိသွားသည်ကို ရှက်စွန်း အံ့သြစဖွယ် ကြုံတွေ့လိုက်ရတော့သည်။

ရှက်စွန်းသည် အချန်မဖြုန်းတော့ဘဲ ပတ်ဝန်းကျင်တစ်ခုလုံးသို့ ဒုးကွေးကာ စမ်းသပ်လိုက်သောအခါ နေရာအနှံ့ အပြား၌

www.burmeseclassic.com

www.burmeseclassic.com



ခုနစ်လက်မခန့် စိုက်ထောင်နေသော သံချွန်ကြီးများကို တွေ့ရှိရတော့သည်။ မိမိ၏ ခြေထောက် နင်းထားသောနေရာ၌မူ တစ်စုံတစ်ယောက်က ခဲများဖြင့် ပစ်လှဲထားသည့်ဟန်ဖြင့် မြေပြင်အတိုင်း သံချွန်များ လဲလျောင်းကျနေကြောင်း စမ်းသပ် တွေ့ရှိလိုက်ရသည်။

ရက်စွန်း အလွန်အံ့သြသွားသည်။ မိမိကို ကယ်တင်လိုက်သောသူသည် မိမိ၏ အနီးအနား၌ ရှိနေပါလျက် ထိုသူရှိနေကြောင်း မသိရသည်မှာ ထိုသူသည် မိမိထက် သိုင်းပညာ အလွန်မြင့်မားနေကြောင်း သိလိုက်ရ၍ ဖြစ်သည်။

ရွှေပန်းပွင့်ဖွားဖွားကမူ သူမ၏ အကြံအစည်ကို ဖျက်ဆီးလိုက်သူထံသို့ လှည့်ကြည့်လိုက်သည်။ ထိုအခါ ဟုကျင်းကို တွေ့လိုက်ရတော့သည်။

“ဟေ့ ဝေလငါးဂိုဏ်းက ကောင်လေး၊ မင်းကဘာဖြစ်လို့ ငါ့ကိစ္စကို ကပျက်ယပျက် ဝင်လုပ်ရတာလဲ၊ မင်းနဲ့ ဘာဆိုင်လို့ ဒီလိုဝင်နှောက်ယှက်ရတာလဲ ပြောစမ်း”

သူမသည် ပြောပြောဆိုဆိုဖြင့် သူမ၏ လက်ကို ဝှေ့ယမ်းလိုက်သောအခါ ရွှေရောင်ပန်းပွင့် လျှို့ဝှက် လက်နက်ကလေးများ လွင့်ထွက်သွားပြီး အားလီထံမှ အားခနဲ့အော်လိုက်သံ ကြားလိုက်ရတော့သည်။ တကယ်ဉာဏ်များသော ရွှေပန်းပွင့် ဖွားဖွားပါပေ။

ရွှေပန်ပွင့်ဖွားဖွားသည် တကယ်တမ်းအားဖြင့် ဟုကျင်းကို အဓိက လုပ်ကြံရန် မရည်ရွယ်။ အားလီသည် သူမကို သစ္စာဖောက်ပြီး



အောက်၌ သံချွန်များ ရှိကြောင်း ရက်စွန်းကို သတိပေးခဲ့သည့်အတွက် အသေနှုတ်ပိတ်လိုက်ခြင်း ဖြစ်ပေသည်။

ဟုကျင်းအား ရန်လုပ်မည့်ဟန် ပြုလိုက်သဖြင့် အားလီသည် ရွှေပန်းပွင့် ဖွားဖွား၏ အန္တရာယ်ကို လုံးဝ မမျှော်လင့်တော့ဘဲ အမှုမဲ့ အမှတ်မဲ့ပင် နေလိုက်မိတော့သည်။ ရွှေပန်းပွင့် ဖွားဖွားထံမှ လက်နက်များ ဝင်ရောက်လာသောအခါ အားလီသည် လုံးဝမခုခံနိုင်တော့ဘဲ ရွှေပန်းပွင့်သုံးပွင့် ရင်ဝ၌ ထိုးစိုက်ခံလိုက်ရပေတော့သည်။

ဤအချိန်အတွင်း လျင်မြန်ဆုံး လှုပ်ရှားလိုက်သူမှာဟုကျင်းပင် ဖြစ်တော့၏။ အားလီ၏ ရင်၌ လျှို့ဝှက်လက်နက်များ ထိမှန်သွားကြောင်း တွေ့လိုက်ရသောအခါ ဟုကျင်း၏ မျက်လုံးများ ပြာခနဲ ဖြစ်သွားတော့သည်။ ဟုကျင်းသည် လွှားခနဲ ခုန်ထွက်သွားကာ အားလီကို ပွေ့ပိုက်ထားလိုက်မိသည်။

အားလီသည် မိမိအား သူစိမ်းယောကျ်ားကလေး တစ်ယောက်က လာရောက်ထွေးပွေ့သည်ဟု ထင်မှတ်လိုက်သဖြင့် ရုန်းကန်ရန် ကြိုးစားတော့သည်။ ထို့ကြောင့် ပါးစပ်မှ နီထွေးသော သွေးများ အမိုက်ကျဆင်းလာတော့သည်။

ဟုကျင်းသည် အားလီ မည်သည့်အတွက်ကြောင့် ရုန်းကန်သည်ကို ချက်ချင်းသဘောပေါက်သွားပြီး မိမိ ရုပ်ဖျက်ထားသည့် အရာများအားလုံးကို ဖယ်ချပစ်ကာ မိမိ၏ နဂိုရုပ်ရည်ကို ပြန်ပေါ်စေလိုက်သည်။ ဟုကျင်း၏ မျက်နှာကို မြင်လိုက်ရသောအခါ အားလီသည် အံ့သြလွန်းလှသဖြင့် ငေးကြောင် ကြည့်နေမိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း မင်း၊ နွားလေးလားဟင်"

"ဟုတ်တယ် ငါ့နွားလေးပဲ"

အားလီသည် အလွန်စိတ်သက်သာမှု ရရှိသွားပြီးမှ လျှို့ဝှက်လက်နက်ပုန်းများ၏ ဒဏ်ချက်ကြောင့် သတိမေ့သွားတော့သည်။

ဟူကျင်းသည် အားလီ၏ ဒဏ်ရာပြင်းထန်ကြောင်း သိသဖြင့် လျှို့ဝှက်လက်နက်များကို လုံးဝ ထုတ်မယူရဲချေ။

စိုက်ဝင်နေသည့် ဘေးပတ်လည်မှ သွေးကြောများကိုသာ ရှေးဦးစွာ ထိုးပိတ်ထားလိုက်ရသည်။

ထိုစဉ် ရက်စွန်း၏ စကားသံကို ဟူကျင်း ကြားလိုက်ရသည်။

"ခင်ဗျား ကျုပ်ကို ကယ်တင်တဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်၊ ကျုပ်အနေနဲ့ အောက်က သံချွန်တွေကို လုံးဝ မမြင်နိုင်တော့ အများကြီး အန္တရာယ် ရှိနေခဲ့တာပါပဲ"

ဟူကျင်းသည် သူ့အဖေကြီး၏ စကားအတွက် များစွာ ရင်နင့်သွားသည်။ မိမိအား သူစိမ်းတစ်ယောက်ဟု ထင်မြင်နေရှာသည် မဟုတ်ပါလား။

"ကျွန် ကျွန်တော် ကျွန်တော်"

ဟူကျင်းသည် သူ၏စကားကို ဆုံးအောင် ဆက်ပြောရန် အခွင့်အရေး မရတော့ပါ။ ရုတ်တရက်ပင် ခပ်လှမ်း အဝေးတစ်နေရာမှ 'ထန်း' ခနဲ့ အသံတစ်ချက်ကို ကြားလိုက်ရ၍ ဖြစ်သည်။ ထိုအသံသည် အလွန်တိုးညင်းသော အသံကလေးသာ ဖြစ်သော်လည်း ကြားလိုက်



သော သူများ၏ နားထဲတွင် မခံမရပ်နိုင်အောင် ဖြစ်စေသော ူးဆန်းလှသည့် အသံ ဖြစ်ပေတော့သည်။

ရက်စွန်း၊ ဟူကျင်းနှင့် ရွှေပန်းပွင့်ဖွားဖွားတို့ သုံးယောက်စလုံးမှာ ၎အသံကြောင့် အကြီးအကျယ် တုန်လှုပ် ချောက်ချားသွားကြရ တော့သည်။ အဘယ်ကြောင့် ဤမျှလောက် တုန်လှုပ် ချောက်ချား ွားရခြင်း ဖြစ်ပါသနည်း။

သူတို့ သုံးယောက်စလုမးသည် အလွန်အတွင်းအား ပြည့်ဝကြ ူများ ဖြစ်ကြသည်။ ထိုမျှ အတွင်းအား ပြည့်ဝလှသည့်သူများကို လွန် တိုးညင်းလှသော အသံကလေးက စိတ်အနှောင့်အယှက် းနိုင်သည်ကို တွေ့သိလိုက်ကြသဖြင့် ဤမျှ ချောက်ချားသွားကြ ခြင်း ဖြစ်တော့သည်။

ဟူကျင်းကမူ သူ၏ ချောက်ချား တုန်လှုပ်လျက် မတည်မငြိမ် ဖြစ်သွားသော စိတ်ကို အမြန်ဆုံး ပြန်လည် ထိန်းချုပ်လိုက်သည်။ ဤအသံသည် မည်သည့်အသံနည်း။ ဤအသံကို မည်သူ ်လိုက်သနည်း။ မည်သည့်နေရာက လာသော အသံနည်း။

ထို့မေးခွန်း အားလုံးအတွက် အဖြေတစ်ခုတည်းသာ ရှိကြောင်း ူကျင်းသိပေသည်။ ဤ လင်းမြွေကျွန်းပေါ်သို့ ထူးဆန်းသော ူများ ရောက်ရှိလာခြင်းသာ ဖြစ်ရပေလိမ့်မည်။ ဟူကျင်းသည် ားလီကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် သူတို့ထံသို့ ရှေးရှုလျှောက်လာလျက်ရှိသော လူသုံးယောက်ကို တွေ့မြင်လိုက်ရပေသတည်း။

ထူးဆန်းလှချေတကား။

ထို သုံးယောက်စလုံးသည် အလင်းမာန်ဂိုဏ်းသားများ၏ ဝတ်စုံများကို ဝတ်ဆင်ထားလျက် ရှိနေပေ၏။ နှစ်ယောက်သော သူသည် ယောကျ်ားများ ဖြစ်ကြလျက် ကျန်တစ်ယောက်သောသူမှာ မိန်းမသား တစ်ဦး ဖြစ်နေပေ၏။ ထိုသုံးယောက်အနက် အရ အရှည်ဆုံးသော လူက အသံကို မြှင့်အော်လိုက်သည်။

"အလင်းမာန်ဂိုဏ်းရဲ့ ကျောက်မီးတိုင် ကြွလာပြီ၊ နဂါးမင်း ခြသေ့မင်း၊ အားလုံးဒူးထောက်ပြီး ဖူးမြော်ကြ"

ထိုသူ၏ စကားသံသည် မြေပြန့် တရုတ်လူမျိုးစစ်စစ်များ၏ စကားသံနှင့် မတူ တိုင်းတစ်ပါးသားက ပြောကြားသည့် တရုတ်စကား း အလွန်သိသာလှပေသည်။ ဟူကျင်း အလွန်အံ့ဩသွားပေသည်။ သူ၏ စိတ်ထဲတွင်လည်း တီးတိုးရေရွတ် ပြောဆိုနေမိသည်။

"ဂိုဏ်းချုပ်ဟောင်း ရန်ဖော့ထင်းရဲ့ မှတ်တမ်းထဲမှာ ရေးထား တာက ငါတို့ အလင်းမာန်ဂိုဏ်းကြီးရဲ့ ကျောက်မီးတိုင်ဟာ လွန်ခဲ့ အနှစ်တစ်ရာလောက်ကတည်းက ပျောက်ဆုံးသွားခဲ့တာပဲ၊ ဘယ်နှယ် ဒီလူသုံးယောက်လက်ထဲ တို့ရဲ့ ကျောက်မီးတိုင် ရောက်နေရတာလဲ ဒီလူသုံးယောက်ဟာ ငါတို့ဂိုဏ်းသားတွေပဲလား၊ သူတို့ရဲ့ ကြည့်ရတာကတော့ တို့ တရုတ်လူမျိုးတွေနဲ့ မတူပါလား"



ထိုအခိုက် ရွှေပန်းပွင့်ဖွားဖွားက ဝင်ပြောလိုက်သည်။

"ငါဟာ အလင်းမာန်ဂိုဏ်းနဲ့ ဘာမှမသက်ဆိုင်တော့တဲ့ လူ၊ အလင်းမာန်ဂိုဏ်းနဲ့ ခွဲခွာပြီးဖြစ်တဲ့ လူပဲ၊ ဒီတော့ ငါ့ကို နဂါးမင်း လို့ မပြောကြနဲ့တော့၊ မင်းတို့ကကော ဘယ်သူတွေလဲ၊ ပြောကြစမ်း ဒီကျောက်မီးတိုင်ကကော အတုလား၊ အစစ်လား၊ ဘယ်ကနေ ရလာတာလဲ"

ထိုအခါ အရပ်ရှည်နှင့်လူသည် ဒေါသသံဖြင့် အော်လိုက် လေသည်။

"ခင်ဗျားက ကျုပ်တို့ အလင်းမာန်ဂိုဏ်းက ထွက်သွားတဲ့ လူဆို အခုဘာဖြစ်လို့ စကားကြော ရှည်နေရတာလဲ၊ ခင်ဗျားမှာ ကျုပ်တို့ကို စစ်မေးနေဖို့ အခွင့်အာဏာ ဘာမှမရှိဘူး၊ ဒီနေရာက အမြန်ဆုံး ထွက်သွားလိုက်စမ်း"

ရွှေပန်းပွင့်ဖွားဖွားကလည်း ထိမထင်သော လေသံဖြင့် ပြန်ပြောလိုက်သည်။

"ငါသဘောနဲ့ ငါနေမယ်၊ ငါသွားချင် သွားမယ်၊ ငါလာချင် လာမယ်၊ ငါ့ကို ဘယ်သူမှ အမိန့်ပေးလို့ မရဘူး၊ အမိန့်ပေးလဲ ငါက ဂရုမစိုက်ဘူး"

ရွှေပန်းပွင့်ဖွားဖွား၏ စကားဆုံးသွားသည်နှင့် တစ်ပြိုင်နက် ထိုစိမ်းသုံးယောက်စလုံးသည် လျှပ်ပြက်လိုက်သည့်အလား ရွှေပန်းပွင့် ဖွားဖွားကို ခုန်အုပ်လိုက်ကြသည်။ ရွှေပန်းပွင့် ဖွားဖွားကလည်း

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသုံးယောက်စလုံးသို့ တောင်ဇာ့ဖြင့် လှဲရိုက်လိုက်သည်။ သို့သော် ရွှေပန်းပွင့်ဖွားဖွား၏ ရိုက်ချက်သည် မည်သူ့ကိုမျှ မထိလိုက်ပေ။ ထိုလူသုံးယောက်တို့သည် ခုန်အုပ်လိုက်စဉ်ပင် ထူးဆန်းလှစွာ နေရာများ ပြောင်းလဲလိုက်ကြောင်း တွေ့ရှိလိုက်ရသည်။ ထို့ပြင် လက်သုံးဘက်သည် ရွှေပန်းပွင့်ဖွားဖွား၏ ခန္ဓာကိုယ်ကို ဆုပ်ကိုင်ဖမ်းမိသွားကာ အဝေးသို့ လွှင့်ပစ်လိုက်တော့သည်။

ဟူကျင်းသည် ရင်သပ်ရှုမော အံ့ဩသွားမိတော့သည်။ ရွှေပန်းပွင့်ဖွားဖွား၏ သိုင်းပညာ အဆင့်အတန်းသည် သိုင်းလောကတစ်ခွင်၌ ရှေ့ဆုံးတန်းမှ ရှိသည်။ အခြား ထိပ်သီး သိုင်းအကျော်အမော် သုံးယောက်ပေါင်း၍ ဝိုင်းဝန်းတိုက်ခိုက်လျှင်ပင် သူမကို ဤတစ်ကွက်တည်းနှင့် ဤသို့ လွှင့်ပစ် အနိုင်ယူနိုင်မည် မဟုတ်ချေ။ မည်သို့ပင်ဖြစ်စေ ထိုလူစိမ်းသုံးယောက်၏ ခြေကွက်များ အလွန်ထူးဆန်းကြောင်းနှင့် သူတို့၏ လက်ကွက်များ အလွန်ဆန်းစပ်လှကြောင်း ဟူကျင်း တွေ့ရှိရသည်။

ဟူကျင်းသည် 'ဟာ'ခနဲ တစ်ချက် ဖြစ်သွားမိသည်။ အဘယ်ကြောင့်ဆိုသော် ဤလူစိမ်းသုံးယောက်၏ ကိုယ်ဟန်နှင့် ခြေလှမ်းများ အသုံးပြုပုံသည် အားပြောင်း အားလွှဲသိုင်း၏ နည်းစနစ်များနှင့် အလွန်တူနေသောကြောင့် ဖြစ်ပေသည်။ ဒီလူသုံးယောက်စလုံး အားပြောင်းအားလွှဲ သိုင်းပညာကိုများ တတ်ကျွမ်းနေကြသလား၊ တတ်ကျွမ်းလျှင်လည်း တတ်ကျွမ်းနိုင်သည်။



ဟူကျင်းသည် ထိုလူသုံးယောက်စလုံးကို သေချာစွာ အကဲခတ်ကြည့်လိုက်သည်။ သူတို့သုံးယောက်၏ မျက်စိများသည် တရုတ်များနှင့် လုံးဝမတူကြချေ။ မျက်သားများ၏ အရောင်သည် စိမ်းပြာပြာအရောင်များ ဖြစ်နေကြောင်း တွေ့ရှိရပြီး နှာခေါင်းရိုးများသည်လည်း အနည်းငယ် ကောက်နေကြောင်း တွေ့ရှိရပေသည်။

အလို လက်စသတ်တော့ လူမျိုးခြား တိုင်းတစ်ပါးသားတွေပါကလား။ ထိုစဉ် အရပ်ရှည်သော လူက

"ကျောက်မီးတိုင်ကို မရိုမသေလုပ်တဲ့ လူတစ်ယောက်ကိုတွေ့ အနည်းအကျဉ်း ဆုံးမပြီးသွားပြီ၊ ကျောက်မီးတိုင်ကို ဖူးမြော်တာဟာ ဂိုဏ်းချုပ်ကြီးကို ဖူးမျှော်ရသလိုပဲ ဆိုတာ၊ မသိဘူးလား၊ ရှက်စွန်း ဘာဖြစ်လို့ ဒူးမထောက်သေးတာလဲ"

ရှက်စွန်း ပြန်မေးလိုက်သည်။

"ခင်ဗျားတို့သုံးယောက်က ဘယ်သူတွေလဲ၊ ဘယ်ကလဲ၊ ခင်ဗျားတို့သာ ကျုပ်တို့ရဲ့ အလင်းမာန်ဂိုဏ်းသားမှန်ရင် ကျုပ်တို့ကလဲ ခင်ဗျားတို့ကို သိနေမှာပေါ့"

ရှက်စွန်း၏ စကားသည် ကျိုးကြောင်း ဆီလျော်လှပေသည်။ မေးသင့်မေးထိုက်သော မေးခွန်းလည်း ဖြစ်၏။ အရပ်ရှည်ရှည်လူက ရှက်စွန်းကို ပြန်မေးလိုက်သည်။

"အလင်းမာန်ဂိုဏ်းဟာ ဘယ်ကနေ စတင်ထွန်းကားလာသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှက်စွန်းကလည်း ပြန်ဖြေလိုက်သည်။

"တရုတ်ပြည်တောင်ပိုင်း နယ်စပ်မှာရှိတဲ့ အိကြည်မြို့က"

"ဟုတ်တယ်၊ ကျုပ်ဟာ အိကြည် အလင်းမာန်ဂိုဏ်းရဲ့ တိမ်လွှာအလင်းမာန်ပဲ၊ သူတို့နှစ်ယောက်ကတော့ လေပွေအလင်းမာန်နဲ့ လစန္ဒာအလင်းမာန်တွေပဲ၊ ကျုပ်တို့က ဂိုဏ်းချုပ်ကြီးရဲ့ အမိန့်အရ အိကြည်မြို့ကနေ ဒီဒေသကို ရောက်လာခဲ့တာပဲ"

ရှက်စွန်းနှင့် ဟူကျင်းတို့သည် နှစ်ယောက်စလုံး အလွန်အံ့သြသွားကြသည်။ မအံ့သြ၍လည်း မဖြစ်ချေ။ သူတို့ ကျွမ်းဝင်နေသည်မှာ တရုတ်ပြည် အတွင်းပိုင်းရှိ အလင်းမာန်ဂိုဏ်းကြီးနှင့်သာ ဖြစ်သည်။ အိကြည် အလင်းမာန်ဂိုဏ်းနှင့် လုံးဝ ကျွမ်းဝင်ရင်းနှီးခြင်း မရှိ။ သို့သော် ထို အရပ်ရှည်ရှည်လူ ပြောသည့်စကားများကလည်း ကျိုးကြောင်း ဆက်စပ်မှု ရှိနေပြန်သည်။

ရှက်စွန်းအနေဖြင့်မူ စကားကိုသာ ကြားရသဖြင့် ဟုတ်မဟုတ် ဒွိဟဖြစ်နေမိသည် ဟူကျင်းအနေဖြင့်မူ သူတို့သုံးယောက်၏ သိုင်းပညာကို ကြည့်လိုက်သည်နှင့် သူတို့ပြောသည့် စကားများ လုံးဝ မှန်ကန်ကြောင်း ယုံကြည်လိုက်မိသည်။

ရှက်စွန်းသည် မျက်စိမမြင်သော်လည်း ကြားနေရသည့် လှုပ်ရှားသံများအရ ထိုသုံးယောက်က ရွှေပန်းပွင့်ဖွားဖွားကို တစ်ကွက်တည်းနှင့် ထိန်းချုပ်လိုက်နိုင်ကြောင်း သိလိုက်မိသည်။ သူကိုယ်တိုင်လည်း ရွှေပန်းပွင့်ဖွားဖွားနှင့် မတိမ်းမယိမ်း အဆင့်ရှိ



သော်လည်း ရှိနေရာ ထိုလူသုံးယောက်ကို မည်သည့်နည်းနှင့်မျှ ယှဉ်ပြိုင်နိုင်လိမ့်မည်မဟုတ်ကြောင်း သိလိုက်မိသည်။

ရှက်စွန်းက ပျားလည်းစွဲသာ ရှဉ်လည်းလျှောက်သာစေမည့် စကားမျိုးကို သုံးကာ သူတို့အား ပြန်မေးလိုက်သည်။

"အခု ခင်ဗျားတို့သုံးယောက် ကျုပ်ကို ဘာလုပ်စေချင်သလဲ၊ နောက်ပြီး ဘာများမှာကြားစရာ ရှိနေသေးလဲ"

ထိုစဉ် ရွှေပန်းပွင့်ဖွားဖွားသည် လဲကျနေရာမှ လူးလဲထလာသည်။ လူစိမ်းသုံးယောက်သည် ရွှေပန်းပွင့်ဖွားဖွားကို တည့်တည့်မတ်မတ် ရပ်ချိန်ကလေးပင် မပေးကြတော့။ သုံးယောက်စလုံး လျှပ်ပြက်သကဲ့သို့ ခုန်အုပ်လိုက်ပြန်သည်။ ထိုသုံးယောက် အနက်မှ အမျိုးသမီးသည် ရွှေပန်းပွင့်ဖွားဖွား၏ လည်မျိုကို လက်ချောင်းဖြင့် ထိုးလိုက်သည်။

ရွှေပန်းပွင့်ဖွားဖွားသည် သူ၏ လည်မျိုသို့ ဝင်လာသော လက်ချောင်းများကို ကောင်းစွာ သတိပြုမိသည်။ ထို့ကြောင့် တောင်ဝှေးဖြင့် ကာကွယ်ရန် ဟန်ပြင်လိုက်သည်။ သို့သော် သူမ၏ နောက်ဘက်မှ လူနှစ်ယောက်က သူမ၏ တောင်ဝှေးကို ဆွဲဖမ်းယူထားလိုက်သော အခါတွင်မူ ရွှေပန်းပွင့်ဖွားဖွားသည် မည်သည့် လှုပ်ရှားမှုမျှ မပြုလုပ်နိုင်တော့ချေ။

ထိုအခါကျမှ လစန္ဒာအလင်းမာန်က ရွှေပန်းပွင့်ဖွားဖွား၏ အကြောကို ထိုးပိတ် လိုက်တော့သည်။ ယင်းသို့ ပြုမူလိုက်သည့်

www.burmeseclassic.com

www.burmeseclassic.com



အကွက်တိုင်းသည် အလွန်လျှင်မြန်လှသဖြင့် မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း မြုလုပ်လိုက်သည့်နှယ် ထင်မှတ်ရပေသည်။ ဟုကျင်းသည် စိတ်ထဲတွင် မှတ်ချက်ချလိုက်မိသည်။

"ဒီလူ သုံးယောက်ရဲ့ ကိုယ်နေဟန်ထားကို ကြည့်ရတာကတော့ သိပ်တော်တယ်လို့ မထင်ရဘူး၊ သူတို့ တစ်ယောက်စီရဲ့ သိုင်းပညာဟာလည်း ရွှေပန်းပွင့် ဖွားဖွားလောက် တော်မှာ မဟုတ်ဘူး၊ ဒါပေမယ့် သူတို့သုံးယောက် ပူးပေါင်းလိုက်တဲ့အခါမှာတော့ အင်မတန်ကြောက်စရာ ကောင်းလှပါကလား"

ထိုစဉ် လစန္ဒာ အလင်းမာန်သည် ရွှေပန်းပွင့် ဖွားဖွားကို ရှက်စွန်း၏ ရှေ့သို့ ပစ်ချလိုက်တော့သည်။ စကားကိုလည်း ဆက်ပြောလိုက်သည်။

"ခြသေ့်မင်း ကျုပ်တို့ဂိုဏ်းရဲ့ စည်းကမ်းကို သိတယ်မဟုတ်လား၊ ကျုပ်တို့ဂိုဏ်းရဲ့ စည်းကမ်းဟာ အင်မတန် တင်းကျပ်တဲ့ သံမဏိစည်းကမ်းတွေပဲ၊ ကျုပ်တို့ ဂိုဏ်းထဲကို ဝင်လိုက်တာနဲ့ ဒီလူဟာ တစ်သက်လုံး ပြန်ထွက်ခွင့် မရတော့ဘူး၊ သူဟာ ဂိုဏ်းထဲက ကိုယ့်သဘောနဲ့ကိုယ် ထွက်တယ်လို့ ကြေညာတဲ့လူ ဒီတော့ သစ္စာဖောက်တစ်ယောက် ဖြစ်တယ်ဆိုတာ အင်မတန်ထင်ရှားတယ်၊ ခင်ဗျား လုပ်ရမယ့် အလုပ်ဟာ ဒီသစ္စာဖောက်ရဲ့ ခေါင်းကို ဖြတ်ပစ်လိုက်ဖို့ပဲ"



ထိုစကားကြောင့် ရှက်စွန်းသည် ရုတ်တရက် မည်သည့်စကားမျိုး ပြန်ပြောရမည်ကို မသိနိုင်အောင် ဖြစ်သွားမိသည်။ နောက်မှ ...

"ကျုပ်တို့က တရုတ်ပြည်ရဲ့ အလင်းမာန်ဂိုဏ်းမှာဂိုဏ်းသားအချင်းချင်း သတ်ဖြတ်သုတ်သင်ရတဲ့ ထုံးစံမရှိဘူး၊ ကျုပ် ကိုယ်တိုင်ဟာ အလင်းမာန်ဂိုဏ်းရဲ့ လက်တစ်ဆုပ်စာလောက်သာ ရှိတဲ့ ခေါင်းဆောင်ပိုင်းက လူတစ်ယောက်မို့ ဒီလို မလေ့ထုံးစံ စည်းကမ်းမျိုးကို ကျုပ် ကောင်းကောင်း ကျွမ်းကျင် နားလည်တယ်"

တိမ်လွှာ၊ အလင်းမာန်၏ အေးစက်သော စကားသံသည် ခြိမ်းခြောက်မှု အပြည့်အဝ ပါရှိလာသည်။

"ဒါဟာ ကျုပ်တို့ အလင်းမာန် ဂိုဏ်းချုပ်ကြီးရဲ့ စည်းကမ်းပဲ၊ စည်းကမ်းအတိုင်း လိုက်နာရမယ်၊ ခင်ဗျားဟာ ကျောက်မီးတိုင်ကို တွေ့နေလျက်သားနဲ့ ကိုယ့်ဂိုဏ်းကို ပြန်တော်လှန်တဲ့ စကားမျိုး ပြောရဲသလား"

ရှက်စွန်းက အေးဆေးစွာပင် ပြန်ဖြေသည်။

"ကျုပ်က အလင်းမာန်ဂိုဏ်းကို တော်လှန် ပုန်ကန်နေတာ မဟုတ်ဘူး၊ ခင်ဗျားတို့ သိထားဖို့ ပြောချင်တာက ကျုပ်တို့ တရုတ်ပြည်က အလင်းမာန်ဂိုဏ်းရဲ့ စည်းကမ်းချက်တွေထဲမှာ ကိုယ့်ဂိုဏ်းသား အချင်းချင်း ပြန်မသတ်ရဘူး ဆိုတာကိုပဲ"

www.burmeseclassic.com

www.burmeseclassic.com



စကားအခြေအတင် ဖြစ်နေကြခြင်းသည် အန္တရာယ်လမ်းကြောင်းပေါ်သို့ တရွေ့ရွေ့ တက်လာခြင်းပင် ဖြစ်ပေသည်။ သူ၏ မွေးစားအဖေကြီးထံသို့ ကြီးမားသော အန္တရာယ်ကြီးများ ကျရောက်တော့မည့် အငွေ့အသက်များကို ဟုကျင်း ခံစားလိုက်မိသည်နှင့် မွေ့ဖက်ထားသော အားလီ၏ ခန္ဓာကိုယ်ကလေးကို ဘေးသို့ အသာချထားလိုက်ရသည်။

ထိုအခါ တိမ်လွှာ အလင်းမာန်က စကားကုန်ပိတ်၍ ပြောလိုက်တော့သည်။

"ကောင်းပြီ ဒီလိုဆိုရင် ခင်ဗျားကို ဖမ်းချုပ်ဖို့ပဲ ရှိတော့တယ်"

သူ၏ စကားဆုံးသည်နှင့် သုံးယောက်စလုံး ခုန်အုပ်လိုက်ကြတော့သည်။

ရှက်စွန်းသည် နဂါးနိုင်ဓားကို ကိုင်၍ ဓားစကြာ လည့်ပတ်ကာ သူ့တစ်ကိုယ်လုံးအား ကာကွယ်ထားလိုက်တော့သည်။ လူစိမ်းသုံးယောက်တို့သည် ရှက်စွန်းကို ဖမ်းချုပ်နိုင်ရန်အတွက် အကွက်သုံးကွက်တိတိ ထုတ်သုံးလိုက်သော်လည်း ရှက်စွန်းနားသို့ လုံးဝ မကပ်နိုင်ဘဲ ဖြစ်နေရတော့သည်။ ထိုအခါကျမှ သူတို့၏ တိုက်ကွက်နည်းဗျူဟာကို ပြောင်းလဲ ပစ်လိုက်ကြသည်။ ကျောက်မီးတိုင် တစ်ယောက် တစ်ချောင်းစီ ကိုင်လိုက်ကြပြီး ရှက်စွန်းဆီသို့ ခုန်အုပ်လိုက်ကြပြန်သည်။



လစန္ဒာ အလင်းမာန်က ရှက်စွန်း၏ ဦးခေါင်းကို ကျောက်မီးတိုင်ဖြင့် ရိုက်ချလိုက်သည်။ ရှက်စွန်းက နဂါးနိုင်ဓားဖြင့် ခုခံလိုက်သောအခါ 'ထန်း' ခနဲ မြည်ဟည်းသံကြီး တစ်ချက် ပေါ်လာတော့သည်။

နဂါးနိုင်ဓားသည် အလွန်ထက်မြက်လှသည့် ဖြိုင်စံရှားဓားတစ်ချောင်း ဖြစ်သော်လည်း ကျောက်မီးတိုင်ကိုတော့ မခုတ်ဖြတ်နိုင်ခဲ့ချေ။

ထိုတဒင်္ဂအတွင်းမှာပင် လေပွေ အလင်းမာန်သည် မြေကြီးတွင် လူးလိမ့်တွန့်လိမ်လျက် ကျောက်မီးတိုင်ဖြင့် ရှက်စွန်း၏ ခြေထောက်ကို ရိုက်ချလိုက်ပြန်သည်။ ရှက်စွန်းသည် ခန္ဓာကိုယ်၏ အပေါ်ပိုင်းတွင်သာ အဆက်မပြတ် ခုခံနေရသဖြင့် ခြေထောက်ပိုင်းသည် အကာအကွယ် မဲ့သကဲ့သို့ ဖြစ်နေသည်။ ထိုအချက်ကို လေပွေ အလင်းမာန်က အခွင့်အရေးအဖြစ် အသုံးချလိုက်ခြင်း ဖြစ်ပေသည်။

ရှက်စွန်းသည် ခြေထောက်ကို အရိုက်ခံလိုက်ရသဖြင့် တစ်ချက်မျှ ယိုင်သွားတော့သည်။ လေပွေသည် ချက်ချင်း ထ,လိုက်ပြီး ရှက်စွန်း၏ နောက်ကျောကို ထပ်ရိုက်ချလိုက်ပြန်သည်။ သို့သော် သူ၏ လက်ကောက်ဝတ်မှာ တစ်ချက် နာကျင်မှုကို ခံစားလိုက်ရပြီး ကျောက်မီးတိုင်မှာ သူများ၏ လက်ထဲသို့ ရောက်ရှိသွားတော့သည်။ ထို့ကြောင့် လေပွေ အလင်းမာန်သည် အလွန်ထိတ်လန့်တုန်လှုပ်သွားပြီး ကမန်းကတန်း လှည့်ကြည့်လိုက်သောအခါ

www.burmeseclassic.com

www.burmeseclassic.com



လူငယ်တစ်ယောက်သည် သူ၏ ကျောက်မီးတိုင်ကို ကိုင်လျက်သား တွေ့လိုက်ရတော့သည်။

လူစိမ်း သုံးယောက်စလုံးသည် ရှက်စွန်းအား တိုက်ခိုက်ရန်သာ အာရုံစိုက်နေကြသဖြင့် ဟူကျင်းအား လုံးဝ သတိမထားမိခဲ့ကြချေ။ ထိုအခြေအနေကို အခွင့်ကောင်းယူပြီး ဟူကျင်းသည် အလွန်လျှင်မြန်စွာ လှုပ်ရှားလိုက်သောအခါ လေပွေ အလင်းမာန်၏ ကျောက်မီးတိုင်သည် ဟူကျင်း၏ လက်တွင်းသို့ ရောက်ရှိသွားရတော့သည်။

ထိုအခါ တိမ်လွှာအလင်းမာန်နှင့် လစန္ဒာ အလင်းမာန်တို့သည် လွန်စွာ တုန်လှုပ်ချောက်ချားကြသည့်နည်းတူ ဟုန်းဟုန်းထ ဒေါသများလည်း ထွက်လာကြသည်။ ထို့ကြောင့် နှစ်ဦးစလုံးသည် တိုင်ပင်ထားကြသည့်အလား ရိပ်ခနဲ ဟူကျင်းအား ခုန်အုပ်လိုက်ကြတော့သည်။

ဟူကျင်းသည် အသင့်ပြင်ထားသူ ဖြစ်သဖြင့် ရှောင်တိမ်းလိုက်နိုင်သည်။ သို့သော် ထူးခြား ဆန်းကြယ်စွာပင် သူ၏ နောက်ကျောမှာ လစန္ဒာ အလင်းမာန်၏ ကျောက်မီးတိုင် ရိုက်ချက်ဒဏ် တစ်ချက် အရိုက်ခံလိုက်ရသည်။

ကျောက်မီးတိုင်။ အလွန်ထူးခြားလှသော ကျောကမီးတိုင်

ကျောက်မီးတိုင်သည် မြွေလိုလို၊ ကျောက်လိုလိုနှင့် အလွန်မာကျောလှသော ဖစ္စည်းတစ်ခု ဖြစ်ပေသည်။ နဂါးနိုင်ဓားပင် ကျောက်မီးတိုင်ကို ပြတ်အောင် မခုတ်နိုင်ခဲ့ပေ။ ဟူကျင်းသည် ထို



ကျောက်မီးတိုင်၏ ရိုက်ချက်ကြောင့် ဦးခေါင်းအတွင်း မိုက်ခနဲ ဖြစ်သွားရသည်အထိ ခံစားလိုက်ရသည်။ သူ၏ နေစကြာ အတွင်းအား အလွန်အလွန် ပြည့်ဝလှသော ချက်ချင်း သူ့ခန္ဓာကိုယ်ကို ကာကွယ်လိုက်နိုင်ခြင်း ဖြစ်ပေသည်။

ထိုစဉ် ကျန်နှစ်ယောက်တို့သည် ဟူကျင်းကို ဝိုင်းတိုက်ခိုက်လာကြပြန်သည် ။ ဟူကျင်းသည် ညာဘက်လက်တွင် ကိုင်ထားသော ကျောက်မီးတိုင်ဖြင့် တိမ်လွှာအလင်းမာန်ကို တစ်ချက်မျှ ဟန်ပြယမ်းပြလိုက်သည်။ ကျန် လက်တစ်ကမှ လစန္ဒာ အလင်းမာန်၏ ကျောက်မီးတိုင်ကို ဆွဲယူလိုက်သည်။ ထိုစဉ် ထူးခြား ဆန်းကြယ်လှသော တိုက်ကွက်တစ်ခုကို ဟူတျင်း ကိုယ်တွေ့ ကြုံတွေ့လိုက်ရတော့သည်။ လစန္ဒာ အလင်းမာန်သည် ဟူကျင်းက သူမ၏ ကျောက်မီးတိုင်ကို လှမ်းဆွဲလိုက်သည့် အချိန်တွင် ရှတ်တရက် အဖျားပိုင်းကိုပင် တင်ပေးလိုက်ပြီး လက်မှ လွှတ်လိုက်တော့သည်။

'ဘန်း' ခနဲ မြည်သံတစ်ခု ပေါ်လာတော့သည်။ လွှတ်လိုက်သော ကျောက်မီးတိုင်သည် ရုတ်တရက် လန်တက်လာကာ ဟူကျင်း၏ လက်ကောက်ဝတ်ကို ရိုက်မိလျက်သား ဖြစ်သွားသည်။ ထို့ကြောင့် ဟူကျင်း၏ လက်သည် ထုံကျဉ်သွားပြီး သူ ဖမ်းဆုပ်မိထားသော ကျောက်မီးတိုင်ကို ပြန်လွှတ်ချလိုက်ရတော့သည်။ ထိုအခါ လစန္ဒာ အလင်းမာန်သည် သူမ၏ ကျောက်မီးတိုင်ကို လျင်မြန်စွာ ပြန်လည် ဆွဲယူလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်း အလွန်အံ့ဩနေမိသည်။ မိမိ၏ သိုင်းပညာသည် မြေပြန့်တွင် ပြိုင်စံရှားသော တုဖက်ကင်းသော သိုင်းပညာ တစ်ရပ် ဖြစ်ခဲ့သည်။ ယခုမူ ဤ အမျိုးသမီး၏ ရိုက်ချက်နှစ်ချက်ကို မည်သို့မျှ မရှောင်တိမ်းနိုင်ဘဲ အထိခံနေရသည်။ ထို့ကြောင့် ဟူကျင်းသည် ရန်သူအား တန်ပြန်တိုက်ခိုက်ရန် မကြိုးစားတော့ဘဲ သူတို့၏တိုက်ကွက်များကိုသာ ဂရုတစိုက် လေ့လာနေရတော့သည်။

အိုကြည်မြို့မှ အလင်းမာန် ဂိုဏ်းသား သုံးယောက်မှာလည်း မိမိတို့ဘက်က အလွန်မာကျောလှသည့် ကျောက်မီးတိုင်နှင့် နှစ်ချက် တိတိ ရိုက်ခဲ့သည့်တိုင် ဟူကျင်းအနေဖြင့် မည်သို့မျှ ထိခိုက် ဖြစ်မသွားကြောင်း တွေ့ရှိကြရသောအခါ များစွာ တုန်လှုပ်သွား ကြသည်။ သူတို့အဖို့ ဤသို့သော အတွေ့အကြုံမျိုးကို တစ်ကြိမ်တစ်ခါမျှ မတွေ့ကြုံဖူးခဲ့ကြချေ။

ထိုစဉ် လေပွေ အလင်းမာန်သည် သူ၏ဦးခေါင်းကို ဟူကျင်း ထံသို့ တရှူးထိုး ဝင်တိုးလျက် ဝင်ရောက် တိုက်ခိုက်တော့သည်။ ဤသို့သော တိုက်ခိုက်နည်းမျိုးကို သိုင်းပညာရပ်များတွင် သင်ကြားပေး လေ့မရှိကြပေ။ မိမိ၏ အရေးကြီးဆုံးသော အင်္ဂါအစိတ်အပိုင်း တစ်ခုကို ရန်သူ့ထံသို့ ပေးလိုက်ခြင်းထက် အန္တရာယ်ကြီးသည့် အခြားအချက် ရှိနိုင်ပါဦးမည်လား။

ဟူကျင်းကမူ ဤတိုက်ကွက်သည် အလွန်ညံ့ဖျင်းသော အသွင် ဆောင်နေသည်ကို တွေ့ရသော်လည်း ထို တိုက်ကွက်၏ နောက်ကွယ်



အလွန် ကြောက်မက်ဖွယ်ရာ ထိုးနက်ချက်များ ရှိနေမည်ဟု တွက်ဆမိလိုက်သဖြင့် သူသည် မည်သို့မျှ တိုက်ခိုက်ခြင်းမပြုဘဲ ရှောင်တိမ်းရုံသာ ရှောင်တိမ်းလိုက်သည်။

လေပွေ အလင်းမန်သည် ဟူကျင်းထံမှ တန်ပြန် တိုက်ကွက် များ ပြန်မလာသည်ကို တွေ့ရှိရသောအခါ ဟူကျင်းနား ရောက်သည် နှင့် တစ်ပြိုင်နက် ခုန်ထွက်လိုက်ပြီး ဟူကျင်း၏ ခေါင်းပေါ်သို့ တက်ထိုင်ရန် ခုန်တက်လိုက်သည်။ ဤ တိုက်ကွက်သည် သာ၍ပင် ရယ်စရာကောင်းသော တိုက်ကွက် ဖြစ်ပေသည်။ ဟူကျင်း အနေဖြင့် မူ ဤတိုက်ကွက်ကို မရယ်မိပေ။ အခြေအနေ စောင့်ကြည့်နေသူ ဖြစ်သဖြင့် ဘေးသို့သာ ရှောင်တိမ်းလိုက်ပြန်သည်။

ဤမျှ ကြိုတင်သတိထားလျက် ရှောင်တိမ်းနေသည့်ကြားမှ ဟူကျင်း၏ ရင်ဘတ်သည် အောင့်သွားမိတော့သည်။ လေပွေအလင်း မာန်၏ တံတောင်ဆစ်က လျှပ်တစ်ပြက်အတွင်း မယုံကြည်နိုင်လောက် အောင် ဟူကျင်း၏ ရင်ဘတ်ကို ရိုက်ခတ်လိုက်ခြင်း ဖြစ်ပေသည်။ သို့သော် လေပွေအလင်းမာန်သည် ဟူကျင်း၏ ခန္ဓာကိုယ်အတွင်းရှိ နေစကြာ အတွင်းအား၏ တုံ့ပြန်ချက်ကြောင့် နောက်သို့ သုံးလှမ်း ဆုတ်သွားရသည်။ နေစကြာ အတွင်းအား၏ တွန်းကန်ချက်သည် အဆက်မပြတ် ဆက်လိုက်လာသောကြောင့် နောက်ထပ် သုံးလှမ်း ထပ်မံဆုတ်ခွာ ပေးရပြန်သည်။ ထိုအချိန်၌ကျမှ သူ၏ ခန္ဓာကိုယ်ကို ထိန်း၍ ရပ်လိုက်ရန် ဟန်ပြင်လိုက်သည်။ သို့သော် သူသည် မည်

www.burmeseclassic.com

www.burmeseclassic.com



သို့မှု ရပ်တည်ရန် မစွမ်းနိုင်တော့ဘဲ နောက်သို့ သုံးလှမ်း ထပ်ဆုတ်လိုက်ရပြန်တော့သည်။ ဤမျှ ဆုတ်ခွဲပေးခဲ့ပါလျက် နောက်ဆုံးတွင်မူ 'ဝုန်း'ခနဲ လဲကျ သွားခဲ့ရတော့သည်။

အိကြည်မြို့သား လူစိမ်းသုံးယောက် တို့သည် အကြီးအကျယ် မျက်နှာပျက်သွားကြတော့သည်။ ဤလူငယ်သည် နယ်နယ်ရရ လူငယ်မဟုတ်ချေတကား။ ထို့ကြောင့် သူတို့ သုံးယောက်စလုံးသည် အားကုန်ထုတ်၍ သုံးယောက်စလုံး တစ်ပြိုင်နက် ခုန်အုပ်လိုက်ကြသည်။ သူတို့အဖို့ တစ်ယောက်ချင်း စွမ်းအားထက် သုံးယောက်ပေါင်း စွမ်းအားက ပိုမိုထက်မြက်သည် မဟုတ်ပါလော။

ဟူကျင်းမှာမူ သူတို့၏ သိုင်းကွက်များကို လုံးဝမကျွမ်းကျင်သဖြင့် ရှောင်တိမ်းနိုင်ရန်သာ အထူးကြိုးစားနေရလေသည်။ ဤမျှ ရှောင်တိမ်းနေစဉ်ပင် ပခုံးတွင် တစ်ချက် အရိုက်ခံလိုက်ရပြန်သည်။ အရိုးထိမျှ နာကျင်မှုကို ခံစားလိုက်ရတော့သည်။ အကယ်၍ သူ့အသက် အန္တရာယ်အတွက် လွတ်ကင်းရန် ရှောင်တိမ်းထွက်ပြေးခဲ့လျှင် သူ၏ မွေးစားဖခင်ကြီး ရှက်စွန်းသည် အသက်အန္တရာယ်နှင့် မုချ ကြုံတွေ့ရပေတော့မည်။

ဟူကျင်းသည် တစ်ကိုယ်ကောင်းစိတ်ဓာတ်ရှိသူ မဟုတ်ချေ။ ကဲ့သို့သော အကျပ်အတည်းများအတွင်း မိမိ၏ မွေးစားဖခင်ကြီး ရောက်ရှိမနေခဲ့ဘဲ အခြားလူတစ်ယောက် ကျရောက်နေခဲ့ပါလျှင်လည်း ဟူကျင်း ကိုယ်လွတ်ရုန်းထွက်ပြေးလိမ့်မည် မဟုတ်ချေ။ ယခုမူ မိ



၏ မွေးစားဖခင်ကြီးကိုယ်တိုင် သေတွင်း၌ ကျရောက်နေပြီ ဖြစ်သဖြင့် သူ၏ စိတ်ဓာတ်နှင့် အားမာန်ကို ထပ်တင်လိုက်တော့သည်။

ဟူကျင်းသည် သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး တိမ်လွှာ အလင်းမာန်ကလည်း လေထဲသို့ ခုန်တက်လိုက်ကာ သူ၏ လက် စ်ဘက်တွင် ကိုင်ထားသော မီးတိုင် နှစ်ချောင်းကို အချင်းချင်း ခွမ်း'ခနဲ ရိုက်ခတ်လိုက်သည်။

ထိုအသံသည် ဟူကျင်း၏ ရင်တွင်း၌ ရှိရှိသမျှသော ကိုယ် ဂ်ါ အစိတ်အပိုင်းများတို့ တုန်ခါသွားစေသဖြင့် ဟူကျင်းသည် တိမ်လွှာ အလင်းမာန်ကို လုံးဝမရိုက်နိုင်တော့ဘဲ အောက်သို့ ပြုတ် ကျသွားရတော့သည်။

မြေပြင်သို့ ကျလာသည်နှင့် တစ်ပြိုင်နက် လေပွေ အလင်း ာန်သည် ဟူကျင်း၏ ခါးကို ကန်ထည့်လိုက်တော့သည်။ ဟူကျင်း ၏ ခန္ဓာကိုယ်ကြီးသည် 'ဘုန်း'ခနဲ မြည်ဟည်းသွားပြီး နောက်ဘက် သို့ လွင့်စဉ်ထွက်သွားတော့သည်။

ရှက်စွန်းသည် တိုက်ခိုက်နေကြသော အသံများကို ကြားနေ ခြင်းဖြင့် မိမိကို ကယ်တင်ခဲ့သော ဆေလငါးဂိုဏ်းမှ လူငယ်သည် ကြည် အလင်းမာန် သုံးယောက်၏ တိုက်ခိုက်မှုဒဏ်ကို အလူးအ ခံနေရပြီးဖြစ်ကြောင်း သိလိုက်မိသည်။ သို့သော် သူသည် က်စိမမြင်သူ ဖြစ်နေသဖြင့် ထိုလူငယ်အတွက် မည်သို့မျှ အကူ ညီ မပေးနိုင်ဘဲ ဖြစ်နေရသည်။ ရှုတ်တရက် တစ်စုံတစ်ခုကို သ

www.burmeseclassic.com

www.burmeseclassic.com



တိရလိုက်သဲပင့် ရှက်စွန်းသည် ဟူကျင်းအား လှမ်းအော်ပြောလိုက်သည်။

'ဒီဓား ယူပြီးတိုက် . . .'

ရှက်စွန်းသည် ပြောပြောဆိုဆိုဖြင့် နဂါးနိုင်ဓားကို ဟူကျင်းထံသို့ လှမ်းပစ်ပေးလိုက်သည်။ ဟူကျင်း တစ်အားတက်သွားသည်။ စောစောပိုင်းက သူ့ အနေဖြင့် လက်နက်မဲ့ ခုခံတိုက်ခိုက်နေရသည် မဟုတ်ပါလား။ ယခု နဂါးနိုင်ဓားကို လက်ကိုင်ရှိထားချေပြီ။ ဟူကျင်းသည် နဂါးနိုင်ဓားကို ဖမ်းယူလိုက်ပြီးသည်နှင့် အော်ဟစ်ပြောဆိုလိုက်သည်။

"အားလုံး တိုက်ခိုက်မှုကို ခဏ ရပ်လိုက်ကြပါ၊ ကျုပ်စကားပြောစရာ ရှိနေပါတယ်၊ စကားပြောပြီးမှ မကျေနပ်သေးဘူး ဆက်တိုက်ချင်တယ် ဆိုရင်လဲ တိုက်နိုင်ပါတယ်၊ အခုတော့ အားလုံး ခဏ ရပ်လိုက်ကြပါ"

အိကြည်အလင်းမာန် ဂိုဏ်းသား သုံးယောက်တို့သည် ဟူကျင်းကို ဝိုင်းဝန်းတိုက်ခိုက် နေရင်းမှပင် ဟူကျင်း၏ စကားကို လက်ခံကြောင်း ခေါင်းညိတ်ပြလိုက်ကြသည်။ ထို့ကြောင့် ဟူကျင်း အားတတ်သွားသည်။ ဇွေစပ် ဖြေရှင်းသောနည်းဖြင့် ငြိမ်းချမ်းမှုရရှိလျှင် အားလုံးအတွက် အကောင်းဆုံးပင် မဟုတ်ပါလား။

ဟူကျင်းက သူ့စကားကို ဆက်တိုက်ပြောလိုက်သည်။

"ကျုပ်ဟာ ခင်ဗျားတို့ အလင်းမာန်ဂိုဏ်းနဲ့ အများကြီးပတ်



သက်မှု ရှိနေပါတယ်၊ အခုဆိုရင် ခင်ဗျားတို့ သုံးယောက်ဟာ ကျောက်မီးတိုင်တွေကို ကိုင်ဆောင်လာသူတွေ ဖြစ်နေတော့ ကျုပ်တို့ရဲ့ ညီသည်တော်တွေပါပဲ၊ ဒါကြောင့် အခုတိုက်ခိုက်နေတဲ့ လက်တွေကို တစ်ပြိုင်နက် ရပ်သိမ်းပြီး တိုက်ပွဲခဏရပ်ပြီး စကားနဲ့ ဖြေရှင်းကြစို့လား"

တိမ်လွှာ အလင်းမာန်က လိုလိုချင်ချင်ပင် ခေါင်းညိတ်ပြလိုက်သဖြင့် ဟူကျင်းဝမ်းသာသွားသည်။ အကယ်၍ သူတို့ သဘောမတူပါက ဆက်လက် တိုက်ခိုက်နေရဖို့တော့မည်မှာ သေချာလှပေသည်။ ဟူကျင်းသည် တိုက်ခိုက်နေသည့် သူ၏လက်များကို ရုတ်ခြည်း ပြန်လည် ရပ်သိမ်းလိုက်သည်။

သို့သော် အိကြည်မြို့သား အလင်းမာန် ဂိုဏ်းသားများသည် အပြောနှင့်အလုပ် မညီသောသူများပေတကား။ ဟူကျင်း၏ အဆိုပြုချက်ကို သဘောတူသယောင် ခေါင်းညိတ်ပြကြသော်လည်း သူတို့၏ တိုက်ခိုက်ဆဲ လက်များကိုမူ မရုပ်သိမ်းခဲ့ကြချေ။ အလွန်ပြင်းထန်စူးရှသော အအေးဓာတ်အားလှိုင်း :တစ်ခုသည် မိမိ၏ ရင်ဝရှိ ရိုထန်အကြောကို ထိုးစိုက် တိုက်ခိုက်လိုက်ပြီဖြစ်ကြောင်း ဟူကျင်းသည် နောင်တကြီးစွာဖြင့် သိရှိလိုက်ရတော့သည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅၀)

www.burmeseclassic.com

www.burmeseclassic.com

## ချစ်သက်သေ

ဟူကျင်းသည် ရုတ်တရက် အငိုက်မိသွားသဖြင့် တစ်ကိုယ်လုံး လုံးဝ မလှုပ်ရှားနိုင်တော့ဘဲ တောင့်တင်းသွားတော့သည်။ လူများကို အလွန်ယုံလွယ်သော ဟူကျင်း ယခု ဒုက္ခရောက်ရပြီ။ သူ၏ စိတ်ထဲတွင်လည်း…

"ငါသူတို့ကိုယုံပြီး လက်ကို ရုပ်သိမ်းမိလို့ အခု သေရတော့မယ်၊ ငါ သေပြီဆိုရင်တော့ ကျန်တဲ့လူတွေအားလုံးလဲ သေကြတော့မယ်"

ဟူကျင်း လုံးဝမလပ်နိုင်ဘဲ ဖြစ်နေစဉ် တိမ်လွှာအလင်းဖန်သည် သူ့လက်ထဲရှိ ကျောက်မီးတိုင်ကို ကိုင်မြှောက်ကာ ဟူကျင်း၏ ဦးခေါင်းကို ဖွဲ့ရိုက်လိုက်ပြီး တိုက်ပွဲကို နိဂုံးချုပ်ရန် ကြိုးစားလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်၊ ထိုစဉ် မိန်းကလေးသံ တစ်သံ ထွက်ပေါ်လာသည်။

"ဟောဒီမှာ ကြည့်စမ်း"

တိမ်လွှာလင်းမာန်သည် မမျှော်လင့်သော အသံတစ်သံကြောင့် ရုတ်တရက် ကြောင်သွားပြီး သူ၏ ရိုက်မည့် လက်သည်လည်း တုံ့ခနဲ ဖြစ်သွားတော့သည်။ ထိုစဉ် လူရိပ်တစ်ခုသည် ရုတ်တရက် ခုန်ပျံရောက်ရှိလာပြီး ဟူကျင်း၏ ခါးတွင် ချိတ်ဆွဲထားသော တိမ်လွှာဓားကို ဆွဲထုတ်ကာ လူရော ဓားပါ တိမ်လွှာအလင်းမာန်ထံသို့ ခုန်အုပ်လိုက်တော့သည်။ ဟူကျင်းအနေဖြင့် လုံးဝ မလှုပ်ရှားနိုင်သော်လည်း အဖြစ်အပျက်များကို ကောင်းစွာ တွေ့မြင်နိုင်ပေသေးသည်။ လျှပ်ပြက်သည့်နှယ် စွန့်စွန့်စားစား ဝင်ရောက် တိုက်ခိုက်လိုက်သူမှာ အခြားသူမဟုတ်။ ကျောက်မိန်ပင် ဖြစ်တော့သည်။

ဟူကျင်းသည် ကျောက်မိန်ကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားမိသော်လည်း ချက်ချင်းပင် ထိတ်လန့် တုန်လှုပ်သွားမိတော့သည်။ အဘယ်ကြောင့်ဆိုသော် ကျောက်မိန် သုံးလိုက်သော သိုင်းကွက်မှာ နောက်ပိတ်ဆုံး အခက်အခဲ အကျပ်အတည်း ကြုံချိန်များ၌သာ သုံးစွဲတတ်ကြသည့် သူသေ ကိုယ်သေ တိုက်ကွက်မျိုး ဖြစ်သောကြောင့်တည်း။

ကျောက်မိန်၏ ဦးခေါင်းကို တိမ်လွှာအလင်းမာန်သည် အခက်အခဲမရှိ လွယ်ကူစွာ ရိုက်လိုက်နိုင်သည်။ သို့သော် ကျောက်မိန်၏ တိမ်လွှာဓားကလည်း သူ၏ ရင်ဘတ်အတွင်းသို့ ထိုးစိုက် နစ်ဝင်



သွားမည်မှာ သေချာလှပေတော့သည်။ ထို့ကြောင့် တိမ်လွှာအလင်းမာန်သည် ထိတ်လန့် တုန်လှုပ်သွားပြီး ကျောက်မိန်ကို မရိုက်ရဲတော့ဘဲ နောက်သို့သာ ခုန်ဆုတ် ရှောင်တိမ်းလိုက်ရတော့သည်။

ကျောက်မိန်သည် ဟူကျင်း တစ်ယောက်တည်း ထွက်သွားသည်ကို လုံးဝ စိတ်မချနိုင်ခဲ့ပေ။ သို့သော် သူလိုက်လာပါက အနောက်အယှက်ဖြစ်မည် စိုးရိမ်သဖြင့် မလိုက်တော့ဘဲ ချန်ရစ်ခဲ့ခြင်း ဖြစ်ပါသည်။ နောက်ဆုံးတွင် ဟူကျင်းအတွက် အလွန်စိုးရိမ်လာသဖြင့် တစ်ယောက်တည်း ထွက်လာခဲ့ခြင်း ဖြစ်သည်။ ယခု သူမ ရောက်ရောက်ချင်း ဟူကျင်း ဒဏ်ရာရနေသည်ကို တွေ့လိုက်ရသောအခါ မည်သည့်အချက်ကိုမျှ တွေးတော စဉ်းစားနေခြင်း မပြုတော့ဘဲ ကမူးရှူးတိုး တိုးဝင်တိုက်ခိုက်လိုက်ခြင်း ဖြစ်တော့သည်။

ထိုအချိန်မှာပင် လစန္ဒာအလင်းမာန်နှင့် လေပွေအလင်းမာန်တို့သည် ကျောက်မိန်ထံသို့ ပြိုင်တူ ခုန်အုပ်လိုက်ကြသည်။ သူတို့၏ လျင်မြန်လှမှုကြောင့် ကျောက်မိန်သည် မည်သို့မျှ ရှောင်တိမ်းရန် မတတ်နိုင်ဘဲ လစန္ဒာအလင်းမာန်က သူမ၏ နောက်ကျောကို ဖွေ့ဖက် ဖမ်းဆီး ချုပ်နှောင်မှုကို ခံလိုက်ရတော့သည်။ လေပွေအလင်းမာန်က ရှေ့ဘက်မှ တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။ ထိုအခါ ကျောက်မိန်သည် ရုတ်တရက်ပင် မိမိ၏ ဓားကို မိမိ၏ ဝမ်းဗိုက်အတွင်းသို့ ထိုးစိုက်လိုက်တော့သည်။

မည်မျှ ကြောက်မက်ဖွယ်ရာ ကောင်းသော တိုက်ကွက် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပါသနည်း။ ဤ တိုက်ကွက်မျိုးသည် အာဇာနည်များ သူရဲကောင်းများ၏ တိုက်ကွက်များ ဖြစ်သည်။

ရန်သူသည် မိမိ၏ နောက်ကျောမှ ဖမ်းချုပ်မိသွားသည်နှင့် မိမိ၏ ဝမ်းဗိုက်ကို ထုတ်ချင်းခတ် ပေါက်သွားအောင် ထိုးစိုက်ပြီး တစ်ဘက်ရန်သူ၏ ဝမ်းဗိုက်ကိုပါ ထိုးဖောက်လိုက်သော တိုက်ကွက်ပင် ဖြစ်သည်။

မိမိ၏ အသက်ကိုရင်း၍ ရန်သူ၏ အသက်ကို ချေမှုန်းလိုက်သော သိုင်းကွက်မျိုး ဖြစ်သည်။ မည်သူသည် ဤသို့ တိုက်ခိုက်ရဲသနည်း။ ကံအားလျော်စွာ ထိုတဒင်္ဂအချိန်အတွင်းမှာပင် ဟူကျင်း၏ အကြောများ ပြေသွားတော့သည်။ ထို့ကြောင့် ဟူကျင်းသည် အ လျင်မြန်ဆုံးသောနှုန်းဖြင့် ကျောက်မိန်၏ လက်ထဲမှ တိမ်လွှာဓားကို ဆွဲယူလိုက်ရတော့သည်။

ကျောက်မိန်ကလည်း လစန္ဒာအလင်းမာန်၏ လက်ထဲ ...နှုန်းထွက်လိုက်ပြီး ကျောက်မီးတိုင်ကို ရုတ်တရက် လုယူလိုက်က အဝေးသို့ လွှင့်ပစ်လိုက်တော့သည်။

ကျောက်မိန်သည် ဉာဏ်ထက်မြက်သော မိန်းကလေး တ ယောက်ဖြစ်သည့်အတိုင်း ဖြတ်ထိုးဉာဏ် အလွန်ကောင်းသူ ဖြစ်သည် အိကြည်အလင်းမာန်များ၏ ကျောက်မီးတိုင်ကို ဤကဲ့သို့ လွှင့်ပ လိုက်ခြင်းသည် သူတို့အတွက် အခြေအနေကောင်းတစ်ခုကို အခ အခဲအတွင်းမှ ဖန်တီးလိုက်ခြင်းသာ ဖြစ်ပေသည်။ ထိုအခါ အိကြည်

www.burmeseclassic.com



အလင်းမာန်များသည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သည့်အထိ တုန်လှုပ် ချောက်ချား သွားကြတော့သည်။

ဤကျောက်မီးတိုင်ကို သူတို့၏ အသက်ကဲ့သို့ တန်ဖိုးထားကြသည်။ ယခု ကျောက်မိန်က လွှင့်ပစ်လိုက်သောအခါ ဟူကျင်းနှင့် ကျောက်မိန်တို့ကို လုံးဝ အရေးမစိုက်နိုင်တော့ဘဲ ရှုးရှုးဝါးဝါး အော်ဟစ်ပြီး ကျောက်မီးတိုင် ကျသွားရာသို့ အပြေးအလွှား ထွက်ခွာသွားကြတော့သည်။

ကျောက်မိန်မှာလည်း စောစော အချိန်က ဟူကျင်းကို ကယ်တင်လိုသည့် စောဖြင့် ယခုကဲ့သို့ ကြောက်မက်ဖွယ်ရာ ကောင်းသော သိုင်းကွက်များကို ထုတ်သုံးခဲ့ရသော်လည်း ယခု ပြန်စဉ်းစားမိလိုက်သောအခါ ကြောက်သွေးများ တက်ကာ ရုတ်တရက် ထိတ်လန့်သွားသဖြင့် ဟူကျင်း၏ ရင်ခွင်ထဲသို့ တိုးဝင်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိတော့သည်။

ဟူကျင်းသည်လည်း ကျောက်မိန်ကို ပွေ့ဖက် ထားလိုက်မိပြီး ကျောက်မိန်၏ စေတနာများအတွက် ရင်ထဲဝယ် တသိမ့်သိမ့် ခံစားနေရတော့သည်။

ဟူကျင်းသည် ရုတ်တရက် သတိပြန်ဝင်လာသည်။ အိကြည်အလင်းမာန် သုံးယောက်တို့သည် သူတို့၏ ကျောက်မီးတိုင်ကို ပြန်ရှာတွေ့သွားခဲ့လျှင် မိမိတို့အား အပြင်းအထန် ပြန်လည်တိုက်ခိုက်ကြမည်မှာ သေချာလှပေသည်။ •

www.burmeseclassic.com

www.burmeseclassic.com



ဟူကျင်းသည် အားလုံးအား အရေးတကြီး ပြောလိုက်လေသည်။

"ကဲ...ဟိုလူတွေ ပြန်ရောက်မလာခင် ငါတို့ မြန်မြန်ထွက်ပြေးကြစို့"

ဟူကျင်းသည် အားလုံးကို လှုံ့ဆော်ပြောဆို လိုက်ပြီးသည်နှင့် အားလီကို ကောက်ယူ ပွေ့ချီလိုက်သည်။ ရှက်စွန်းကိုလည်း လှမ်းပြောလိုက်သည်။

"ဆရာကြီး...ကျွန်တော်တို့ အခု လောလောဆယ်တော့ ရှောင်တိမ်းမှ ဖြစ်မယ်၊ ဒီသုံးယောက်ကို ကျွန်တော်တို့ မယှဉ်နိုင်ဘူး။ အလိမ္မာမသုံးရင် ကျွန်တော်တို့လောက် မိုက်တဲ့လူ ရှိတော့မှာ မဟုတ်ဘူး"

ရှက်စွန်းကလည်း ထောက်ခံသည်။

"ဟုတ်တယ်၊ ရှောင်တိမ်းသင့်တယ်"

ရှက်စွန်းကလည်း ရွှေပန်းပွင့်ဘွားဘွား၏ အကြောကို ဖြေပေးလိုက်သည်။ ရွှေပန်းပွင့် ဘွားဘွားသည် အကြောပြေသွားသည်နှင့် တစ်ပြိုင်နက် ဟူကျင်း ပွေ့ချီထားသည့် အားလီ၏ ဦးခေါင်းဆီသို့ ရွှေပန်းပွင့်သုံးပွင့် လှမ်းပစ်လိုက်သည်။ မည်မျှ ရက်စက် ကြမ်းကြုတ်သည့် ရွှေပန်းပွင့် ဘွားဘွားပေတည်း။

ဟူကျင်းသည် ပြေးဝင်လာသော လျှို့ဝှက် လက်နက် သုံးခုစလုံးသည် ပြင်းထန်သော အရှိန်ဖြင့် ရွှေပန်းပွင့် ဘွားဘွားထံသို့



ပြန်လည် ပြေးဝင်သွားကြတော့သည်။ တန်ပြန် ထွက်လာသော လက်နက်များ၏ အရှိန်သည် အလွန်မြန်လှသဖြင့် ရွှေပန်းပွင့် ဘွားဘွားသည် အကြီးအကျယ် ထိတ်လန့်တကြား ဖြစ်သွားပြီး မြေကြီးပေါ်သို့ လိမ့်ချလိုက်ရတော့သည်။ ဤမျှ လျင်မြန်စွာ ရှောင်တိမ်းလိုက်သည့် တိုင်အောင် လုံးဝ လွတ်ကင်းသွားအောင် မရှောင်နိုင်ခဲ့ချေ။ ရွှေပန်းပွင့်တစ်ပွင့်သည် သူမ၏ ဦးခေါင်းအရေခွံကို ရှပ်၍ ထိမှန်သွားပေသေးသည်။ ရွှေပန်းပွင့် ဘွားဘွားသည် ဤနေရာ၌ ဆက်မနေရဲတော့ဘဲ လျင်မြန်စွာထွက်ပြေး ပျောက်ကွယ် သွားတော့သည်။

ဟူကျင်းသည် အိကြည် အလင်းမာန် သုံးယောက် ပြန်မလာမီ ရှောင်တိမ်း ပြေးလွှားရန် ဟန်ပြင်လိုက်စဉ်မှာပင် ကျောက်မိန်ထံမှ နာကျင်စွာ ညည်းညူလိုက်သံကို ကြားလိုက်ရသဖြင့် ထိတ်လန့်တကြား လှည့်ကြည့်လိုက်မိသည်။ ကျောက်မိန်သည် ချက်အောက်ကို လက်ဖြင့် ဖိနှိပ်ပြီး ခါးကိုင်းထားကြောင်း တွေ့ရှိလိုက်ရသည်။ ဟူကျင်းသည် စိုးရိမ်တကြီး လှမ်းမေးလိုက်၏။

"ကျောက်မိန်...ဘာဖြစ်သွားလို့လဲ၊ ပြောစမ်း"

ထိုအခိုက်မှာပင် ဖိထားသည့် ကျောက်မိန်၏ လက်ကြားများအတွင်းမှ သွေးများ ယိုစီးစိမ့်ထွက်လာသည်ကို တွေ့လိုက်ရတော့လေသည်။

ဟူကျင်း သိလိုက်မိပြီ။ စောစောက ကျောက်မိန်သည် မိမိ

www.burmeseclassic.com

www.burmeseclassic.com



၏ ဝမ်းဗိုက်ကို ဓားဖြင့် ထိုးစိုက်ခဲ့သည်။ ဟူကျင်းက အချိန်မီ ဓားကို လုယူနိုင်ခဲ့သဖြင့် အသက်သေဆုံးသည်အထိ ဖြစ်မသွားသော်လည်း ဒဏ်ရာမှ ရသွားပေလိမ့်မည်။ ထိုဒဏ်ရာမှ သွေးများ စီးကျလာခြင်း ဖြစ်ပေလိမ့်မည်။

ဟူကျင်းသည် ကျောက်မိန်အတွက် အလွန် စိုးရိမ်သွားတော့သည်။ မိမိအား စွန့်စွန့်စားစား ကယ်တင်ရင်း ရရှိခဲ့သည့် ဒဏ်ရာ မဟုတ်ပါလား။

"ဟော...တွေ့ပြီ၊ ငါတို့ရဲ့ ကျောက်မီးတိုင်ကို ပြန်တွေ့ပြီကွ"

ထိုအသံကို ကြားလိုက်ရသော ကျောက်မိန်သည် ဟူကျင်းအား လှမ်းပြောလိုက်သည်။

"ဟူကျင်း...ကျွန်မကို ဂရုစိုက်မနေပါနဲ့၊ ရှင်တို့သာ လွတ်အောင် မြန်မြန်ပြေးစမ်းပါ၊ တော်ကြာ သူတို့ ဒီကိုရောက်လာကြတော့မှာ"

ဟူကျင်းသည် ကျောက်မိန်ကို ခွန်းတုံ့ မပြန်တော့ပေ။ လက်တစ်ဘက်ဖြင့် အားလီကို ပွေ့ချီထားရာမှ ကျန်လက်တစ်ဘက်ဖြင့် ကျောက်မိန်ကို ပွေ့ချီလိုက်ပြီး ပြေးထွက်သွားလေတော့သည်။

ရှက်စွန်းကမူ ဟူကျင်း၏ နောက်မှ ပြေးလိုက်သည်။ ရှက်စွန်း အလွန် အံ့သြနေမိသည်။

"ဒီသူငယ်ဟာ တယ်တော်တဲ့ သူငယ်ပါလား၊ သူက လူနှစ်



ယောက်ကို ပွေ့ချီပြီး ပြေးတာတောင် ငါ့ထက် ပိုမြန်အောင် ပြေးနိုင်သေးတယ်"

ထိုစဉ် ကျောက်မိန်က ဟူကျင်း၏ ပခုံးထက်မှ အော်ဟစ်သတိပေးလိုက်သည်။

"ဟူကျင်း...လှေပေါ်ကို ရောက်အောင်ပြေး၊ လှေပေါ်ကို ပြေး၊ ဒါမှ သူတို့ လက်က လွတ်နိုင်မှာ"

ဟူကျင်းသည် ကမ်းစပ်သို့ ရောက်သည်နှင့် လှေပေါ်သို့ ခုန်တက်လိုက်သည်။ ရှက်စွန်းလည်း လှေပေါ် ရောက်သည်နှင့် ဟူကျင်းက ချက်ချင်းပင် လှေကို လှော်ခတ်ရန် အမိန့်ပေးလိုက်တော့သည်။ လှေထိုးသားများကလည်း အလွန် အရေးကြီးသော အချိန်မှန်း သိလိုက်ကြသဖြင့် အားစိုက်ခွန်စိုက် လှော်ခတ်လိုက်ကြ၏။

အိကြည် အလင်းမာန်များ ကမ်းစပ်သို့ ရောက်ရှိလာချိန်တွင် လှေကြီးသည် ကမ်းစပ်နှင့် အလှမ်းကွာဝေးလှသော နေရာသို့ ရောက်ရှိနေချေပြီ။

ထိုသူများ၏ ရန်ကို စိတ်ချသွားရပြီ ဖြစ်သဖြင့် ဟူကျင်းသည် မိန်းကလေးနှစ်ယောက်၏ ဒဏ်ရာများကို ကြည့်ရှု စစ်ဆေးလိုက်သည်။

ကျောက်မိန်၏ ဒဏ်ရာသည် ချက်အောက်၌ တစ်လက်မခန့် နက်သော ဓားဒဏ်ရာ ရရှိလိုက်ခြင်း ဖြစ်သည်။ အသက်အန္တရာယ် မရှိသဖြင့် ဟူကျင်း စိတ်အေးသွားရသည်။ သူမ အပေါ်၌ ဟူကျင်း ဂရုတစိုက် ရှိသည်ကို တွေ့ရှိရသောအခါ ကျောက်မိန်၏ မျက်နှာ

www.burmeseclassic.com



ကလေးသည် ကြည်နူးပီတိဖြစ်မှုကြောင့် ဝင်းပလျက် ရှိနေပေ၏။

အားလီမှာမူ ရွှေပုန်းပွင့် လက်နက်၏ ဒဏ်ကို ရင်ဘတ်တွင် ထိုးစိုက်ခံလိုက်ရခြင်းဖြစ်သဖြင့် အလွန်တရာ ပြင်းထန်လှကြောင်း တွေ့ရှိလိုက်ရသည်။ အသက်ရှင်မည် သေမည်ကိုပင် ဟူကျင်းအား နေဖြင့် မပြောရဲချေ။

ထိုစဉ် ရှက်စွန်းက ဟူကျင်းအား လှမ်း၍ စကားပြောလိုက်သည်။

“လူလေး...ငါဟာ လူ့လောကကြီးနဲ့ ကင်းကင်းကွာကွာ နေခဲ့တာ နှစ်ပေါင်း အတော်ကြာခဲ့ပါပြီ၊ အကြောင်းကြောင်းတွေကြောင့် ဒီနေ့ မြေပြန်မိုင်းကို ပြန်ရောက်ခဲ့ရတယ်၊ ဒီလို မြေပြန့်က လူတွေ တော်တော်များများနဲ့ တွေ့ဆုံရတဲ့ အခိုက်မှာ မင်းလို သဇ္ဇာတရားကို ဦးထိပ်ထားပြီး လူ့လူချင်း ကူညီ ယိုင်းပင်းတတ်တဲ့စိတ်၊ စာနာထောက်ထားတတ်တဲ့စိတ် ပြီးတဲ့လူနဲ့ ကြုံတွေ့ခဲ့ရတာကို ငါ ဝမ်းသာလို့ မဆုံးဘူး”

ဟူကျင်းသည် မျက်မမြင် မွေးစားဖခင်ကြီးအား ခုံတစ်လုံးတွင် ထိုင်စေလိုက်သည်။ သူ့ဖခင်ကြီး၏ ရှေ့တွင် ဒူးထောက် ထိုင်လိုက်ရာမှ မချုပ်တည်းနိုင်တော့ဘဲ ရှိုင်ကြီးတငင် ငိုကြွေးမိတော့သည်။

“ဖေဖေကြီး...ကျွန်တော်...ကျွန်တော် အဖေကြီးရဲ့သား ဟူကျင်းလေ၊ အဖေကြီးနဲ့ ဆယ်နှစ်ကျော်ကျော် ကွဲကွာနေရတဲ့ ဟူကျင်းလေ၊ အဖေကြီးကို ကျွန်တော် လာမခေါ်ခဲ့လို့ အဖေကြီးမှာ ဒုက္ခတွေ အများကြီး ကြုံခဲ့ရတယ်နော်”

ရှက်စွန်းသည် စူးစူးဝါးဝါး အော်ဟစ် မေးမြန်းလိုက်လေသည်။

“မင်း...မင်း...ဘာ...ဘာပြောလိုက်သလဲ”

ဟူကျင်းသည် မျက်ရည်လည်ရွဲဖြင့် ပြန်လည် ဖြေကြားလိုက်သည်။

“ကျွန်တော်ဟာ ဖေဖေကြီးရဲ့သား ကျန်းဟူကျင်းပါ”

ဟူကျင်းသည် ထိုစကားနှင့် တစ်ဆက်တည်းပင် ငယ်စဉ်က ရှက်စွန်း သူ့ကို အလွတ်ရွတ်ဆို ကျက်မှတ်နိုင်းခဲ့သော သိုင်းကျင့်စဉ် အားလုံးကို အစမှနေ၍ ပြန်လှန်ရွတ်ဆို ပြနေတော့သည်။ တစ်ဝက်ခန့် ရွတ်ဆိုပြီးသောအချိန်တွင် ရှက်စွန်း၏ တစ်ကိုယ်လုံးသည် တုန်ယင်လှုပ်ရှားလျက် ရှိနေပေပြီ။ သူ၏ လည်ချောင်းများတွင် တစ်ဆို့လျက် စကားမပြောနိုင်အောင် ဖြစ်လာတော့သည်။ နောက်ဆုံးတွင် ရှက်စွန်းသည် မထိန်းသိမ်းနိုင်တော့ဘဲ တုန်လှုပ်စွာဖြင့် ဟူကျင့်း၏ လက်မောင်းနှစ်ဘက်ကို ဆုပ်ကိုင်ကာ မေးမြန်းလိုက်သည်။

“မင်း...မင်း...တကယ်ပဲ ငါ့ရဲ့ သားလေး ဟူကျင်းနော်၊ သား...သား...မင်းမသေဘူး၊ ငါ့သား ဟူကျင်း၊ ငါ့သား ဟူကျင်း”

ဟူကျင်းသည် သူ၏ မွေးစားဖခင်ကြီးကို အားရပါးရ ဖက်ထားလိုက်တော့သည်။ သားအဖနှစ်ယောက်၏ ဝမ်းသာကြည်နူးမှုကား အတိုင်းအဆမရှိ အထွက်အထိပ်သို့ ရောက်လျက် ရှိနေကြ



www.burmeseclassic.com

www.burmeseclassic.com



ပေ၏။

ဟူကျင်းသည် သူ့ အဖေကြီးနှင့် ခွဲခွာသွားပြီးချိန်မှ ကြုံတွေ့ခဲ့ရသော သူ့ ဘဝအတွေ့အကြုံကို အကုန်အစင် ပြောပြလိုက်တော့သည်။ သို့သော် သူ့ အလင်းမာန် ဂိုဏ်းချုပ်ကြီးဖြစ်သည့် အချက်ကိုမူ ချန်လှပ်ထားခဲ့ပေသည်။

ရှက်စွန်းမှာမူ တစ်ချိန်လုံးပင် ဘုရားသခင်မ,လို့ ဘုရားသခင်မ,လို့ ဟူသည့် စကားတစ်လုံးကိုသာ အဆက်မပြတ် ရွတ်ဆိုနေတော့သည်။ ထိုစဉ် . . .

"ရန်သူလှေ နောက်က လိုက်လာပြီ"

လှေထိုးသားတစ်ယောက်၏ စူးစူးဝါးဝါး အော်ဟစ်လိုက်သံသည် ပတ်ဝန်းကျင်တစ်ခုလုံးသို့ ပုံးလွှမ်းသွားတော့သည်။ ဟူကျင်းသည် သူ၏ လှေနောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။ အမှန်ပေတည်း။ ရန်သူ လှေငါးစင်းနောက်က လိုက်လာလျက် ရှိနေပေပြီ။

ထိုအခိုက်မှာပင် 'ဝုန်' ဟူသော ကျယ်လောင် မြည်ဟည်းလှသည့် အသံကြီးတစ်ချက် ကြားလိုက်ပြီး လှေကြီးမှာ သွက်သွက်လည်မျှ တုန်ခါသွားတော့သည်။ လှိုင်းလုံးကြီးတစ်လုံးသည် မိုးကောင်းကင်သို့ ထိုးတက်သွားပြီး ပြန်ကျလာသော လှိုင်းများသည် လှေကိုလာရောက်ရိုက်ခတ်လျက် ရှိနေသည်။

အနောက်ဖက် လှေပဲ့ပိုင်းမှ လှေထိုးသား တစ်ယောက်က အော်ဟစ် သတိပေးလိုက်သည်။



"ရန်သူ့ လှေက အမြောက်နဲ့ ပစ်နေတယ်၊ ဒီပုံအတိုင်းဆိုရင် တစ်ချက်မထိ၊ တစ်ချက်တော့ ထိမှာပဲ"

ထိုသို့ ပြောနေစဉ်မှာပင် လှေဦးပိုင်းကို တိုက်ရိုက်ထိမှန်ပြီး မီးစ,တင်စွဲတော့သည်။ ဟူကျင်းသည် ရပ်ကြည့်နေ၍ မရတော့ပေ။ ရေပုံးကိုဆွဲ၍ စတင် တောက်လောင်လာသည့် မီးများကို ငြိမ်းသတ်ရတော့သည်။

ထိုအခါ လှေဦးပိုင်းအခန်းထဲရှိ အိမ်ရာထဲ၌ လဲလျောင်းနေသော မိန်းကလေးတစ်ယောက်ကို အံ့ဩစဖွယ် တွေ့ရှိရတော့သည်။ ဟူကျင်းသည် ထိုမိန်းကလေးကို အသေအချာ ကြည့်လိုက်သောအခါ ချူကျူး ဖြစ်နေသည်ကို သိလိုက်ရသည်။ ဟူကျင်းသည် အခန်းတွင်းသို့ လျင်မြန်စွာ ပြေးဝင်သွားပြီး အမောတကော မေလိုက်သည်။

"ချူကျူး . . .မင်း ဘားမှ မဖြစ်ဘူးနော်"

ဟူကျင်း စိုးရိမ်မည်ဆိုလျှင်လည်း စိုးရိမ်စရာပင်။ ချူကျူး အလွန်ကံကောင်း၍သာ အမြောက်ဆန်သည် ချူကျူး၏ အခန်းသို့ တည့်တည့်မတ်မတ် မကျခြင်း ဖြစ်သည်။ အကယ်၍ စောစောက လှေဦးသို့ ထိမှန်သော အမြောက်ဆန်သည် ချူကျူး၏ အခန်းကိုသာ တိုက်ရိုက်ထိမှန်လိုက်ပါက ယခုလို ချူကျူးကို ဟူကျင်း စကားပြောနေနိုင်တော့မည် မဟုတ်။ အရိုးတခြား အသားတခြား ဖြစ်နေလောက်နေပေပြီ။

ချူကျူးသည် ဟူကျင်း ပြေးဝင်လာသောအခါ ရုတ်တရက်

www.burmeseclassic.com

www.burmeseclassic.com



ထိတ်လန့်သွားသည်။ နောက်မှ အကြောက်ပြေသွားပြီး လွန်စွာဝမ်းသာအားရ ဖြစ်သွားမိသည်။ ဟူကျင်း၏ မေးခွန်းကို ခေါင်းခါ၍ ပြလိုက်သည်။ သူမ၌ မည်သည့်ထိခိုက်မှုမျိုးမှ မရှိကြောင်း ခေါင်းခါ၍ ပြခြင်းဖြစ်သည်။ သူမ၏ တစ်ကိုယ်လုံးမှာမူ လှိုင်းလုံးများ၏ ရိုက်ခတ်မှုကြောင့် ရေများ စိုရွှဲလျက် ရှိနေပေသည်။ သူမအနေဖြင့် ဤအခန်း ကလေးအတွင်းမှ မထွက်နိုင်ခဲ့သည့် အကြောင်းရင်းကို ဟူကျင်း တွေ့လိုက်ရသည်။ သူမ၏ ခြေထောက်များကို သံကြိုးများဖြင့် ချည်နှောင်ထားလျက် ရှိနေပေ၏။

ဟူကျင်းက ပြောလိုက်သည်။

"ချူကျူး ...နင် မ,ထနဲ့၊ ဒီအတိုင်းပဲ နေဦး၊ နင့်ခြေထောက်က သံကြိုးတွေကို ငါ ဖြတ်လိုက်ဦးမယ်"

ဟူကျင်းသည် တိမ်လွှာဓားကို သွားယူလိုက်ပြီး ချူကျူး၏ ခြေထောက် သံကြိုးကို ဖြတ်တောက် ပစ်လိုက်တော့သည်။ အနှောင်အဖွဲ့များ ကင်းရှင်းသွားတော့မှပင် ချူကျူးသည် မေးလိုရာ မေးမိတော့သည်။

"အစ်ကို ဟူကျင်း၊ ဘယ်ကနေ ဒီကို ရောက်လာတာလဲဟင်၊ ကျွန်မတော့ သိပ်ဝမ်းသာတာပဲ၊ အစ်ကို ဟူကျင်းသာ ရောက်မလာရင်တော့ ဒီအခန်းလေးထဲမှာပဲ ကျွန်မ သေရတော့မှာပဲ"

ဟူကျင်း စကား ပြန်မပြောနိုင်ခင်မှာပင် ဟူကျင်းတို့၏ လှေကြီးသည် သွက်သွက်ခါ လှုပ်ရှားသွားပြန်တော့သည်။ နောက်



ဘက်မှလိုက်လာသော ရန်သူ့ လှေမှ အမြောက်ဆန်သည် ထပ်မံထိမှန်သွားဟန်တူသည်။ ထိုသို့ လှေကြီး ယမ်းခါသွားသောအခါ သံကြိုးအချည်အနှောင် ခံထားရမှုကြောင့် ခြေထောက်များ ပျော့ခွေသွားပြီး ဟူကျင်း၏ ရင်ခွင်ထဲသို့ လဲကျသွားတော့၏ ဟူကျင်းကလည်း ချူကျူး လုံးဝ လဲပြိုမသွားစေရန်အတွက် အလိုက်သင့် ပွေ့ဖက်ထားမိသည်။ ဟူကျင်းသည် မိမိ ပွေ့ဖက်ထားမိသည့် ချူကျူး၏ မျက်နှာကလေးကို ငုံ့ကြည့်လိုက်မိသည်။ ကုန်းပတ်ပေါ်တွင် တောက်လောင်နေသော မီးရောင်ကြောင့် ချူကျူး၏ မျက်နှာကလေးကို အနီးကပ် သေချာစွာ တွေ့မြင်ရသည်။ ခရီးပန်းသည့် ဒဏ်နှင့် သကြိုးများဖြင့် အချည်အနှောင် ခံထားရသည့် ဒဏ်များကြောင့် စောစောပိုင်းက ချူကျူး၏ မျက်နှာကလေးသည် သွေးမရှိသကဲ့သို့ ဖြူရော်နေခဲ့သည်။

ယခုမိမိ၏ ရင်ခွင်တွင်းမှ ချူကျူး၏ မျက်နှာကလေးမှာ ပန်းသွေးရောင် တက်လျက် ရှက်သွေးဖြာနေသည်။ ထိုသို့ မြင်လိုက်ရသောအခါ ဟူကျင်း၏ နှလုံးသားများသည် တဒိတ်ဒိတ် ခုန်လာတော့သည်။ သူသည် ချက်ချင်း စိတ်ကို ပြန်ထိန်းလိုက်ကာ...

"ကဲ...ချူကျူး လာ၊ ငါတို့ လှေပဲ့ပိုင်းကို သွားကြစို့"

ဟူကျင်းသည် လှေကြီး၏ ကုန်းပတ်ပေါ်သို့ ရောက်သောအခါ လှေကြီး၏ အခြေအနေ တစ်ခုလုံးကို ခြုံငုံ၍ အကဲခတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ လှေကြီးသည် ရေလယ်တွင် ချာလပတ်လည်နေသည်ကို တွေ့လိုက်ရတော့သည်။

ဟူကျင်း နားလည်လိုက်လေပြီ။ စောစောက ချူကျူး မိမိ ရင်ခွင်တွင်း ပြိုလဲကျလာအောင် ပစ်ခတ်လိုက်သည့် အမြောက်ဆန် သည် မိမိတို့ လှေကြီး၏ ပဲ့ပိုင်းကို ထိမှန်သွားခြင်း ဖြစ်ပေမည်။ လှေပဲ့ ကိုင်သူလည်း အသက်ပျောက်လျက် ရှိနေချေပြီ။

ထို အမြောက်ဆန်ထိသောနေရာ၌ ကြီးမားသော အပေါက်ကြီး တစ်ခု ဖြစ်သွားသည်။ ထိုအပေါက်ကြီးမှ ရေများ တဝေါဝေါ ဝင်လျက်ရှိနေသည်။ ဤမျှ ရေများ ဝင်နေလျှင် ဤလှေကြီးသည် မုချ နစ်မြုပ်ရပေတော့မည်။ ထိုအကြောင်းကို သိရှိကြသဖြင့် အသက်မသေဘဲ ကျန်ရှိနေသော လှေထိုးသား အချို့တို့သည် ရေထဲသို့ ခုန်ချ ထွက်ပြေးသွားကြပေပြီ။

ဟူကျင်းတို့ကမူလှေကြီး၌ ပါလာသော အသက်ကယ်လှေငယ် ကလေးကို ရေထဲသို့ တွန်းချလိုက်ပြီး အားလီ၊ ရှောင်ချောင်း၊ ကျောက်မိန်၊ ချူကျူးနှင့် ရှက်စွန်းတို့ကို တင်ကာ လှေကြီးမှ ခွာထွက်လိုက်တော့သည်။ ထိုအခိုက် ဟူကျင်းတို့အတွက် ကံကြမ္မာက ဖေးမလာသည်။ ကံအားလျော်စွာပင် ပင်လယ်ပြင် တစ်ခုလုံး နှင်းထုကြီးများ ဖုံးလွှမ်းလာတော့သည်။ ထို့ကြောင့် အီကြည် အလင်းမာန် ဂိုဏ်းသားများသည် သူတို့၏ လှေကလေးများကို လုံးဝမတွေ့နိုင်တော့သဖြင့် အမြောက်ဖြင့် ဒုက္ခမပေးနိုင်တော့ချေ။



ထို အီကြည် အလင်းမာန်များ၏ စိတ်ထဲတွင်လည်း အမြောက်ဒဏ်ကြောင့် နစ်မြုပ်သွားသည့် လှေကြီးထဲတွင် ဟူကျင်း တို့အားလုံး ပါသွားကြပြီး အသက်သေဆုံး သွားကြပြီဟု ယူဆလိုက် ကြတော့သည်။

သူတို့ ခြောက်ယောက်တို့သည် ကမ်းမမြင် လမ်းမမြင် ပင်လယ်အတွင်း လှေငယ်ကလေးတစ်စင်းဖြင့် ရေစီးအတိုင်း တောင် ဘက်သို့ လွင့်မျောပါလာကြသည်။ အကယ်၍ ကယ်ဆယ်မည့်သူ မတွေ့လျှင်လည်းကောင်း၊ ကျွန်းတစ်ကျွန်းကို မတွေ့လျှင် လည်းကောင်း၊ ခြောက်ယောက်စလုံး အစာငတ်၊ ရေငတ် သေဆုံးကြရ ပေတော့မည်။

သူတို့ ခြောက်ယောက်ထဲတွင် မည်သို့မျှ တုန်လှုပ်မှု မရှိဘဲ အလွန်ပျော်ရွှင်နေသူမှာ ရှက်စွန်းတစ်ယောက်တည်းသာ ဖြစ်တော့ သည်။ အဘယ်ကြောင့်ဆိုသော် သူ့ အသက်တမျှ ချစ်ခင်ရသော သားဖြစ်သူ ဟူကျင်းနှင့် ပြန်လည် တွေ့ဆုံနေရပြီ မဟုတ်ပါလား။ ဤကဲ့သို့သော ဒုက္ခများကို ရှက်စွန်းအဖို့ ဒုက္ခဟု မထင်မှတ်တော့ပေ။ ထို့ကြောင့် ပူပန်မှု လုံးဝ မရှိဘဲ ရှောင်ချောင်းနှင့် ပျော်တပြုံးပြုံး စကားပြောလာတော့သည်။

ချူကျူးမှာမူ တစ်ချိန်လုံး ငြိမ်သက် တိတ်ဆိတ်နေသည်။ သူမသည် တစ်ခါတစ်ရံ ဟူကျင်းနှင့် မျက်လုံးချင်း ဆုံမိလိုက်သည့်

www.burmeseclassic.com

www.burmeseclassic.com



အခါတွင်လည်း သူမ၏ မျက်လုံးကို ကမန်းကတန်း လွှဲဖယ်ပစ်လိုက်သည်။

ရှက်စွန်းအနေဖြင့် ဤအဖြစ်များကို မည်သို့မျှ မသိချေ။ ထို့ကြောင့် ရယ်မောရင်း စကား စ,လိုက်သည်။

"ဟူကျင်း ဟိုးတုန်းက မင်းရဲ့မိဘတွေဟာ လှေနဲ့မျောပြီး မြောက်ပိုင်းကို ရောက်သွားခဲ့တယ်၊ နောက်ဆုံးတော့ အကြင်လင်မယား ဖြစ်သွားကြတယ်၊ ဒီနေ့ကျတော့ မင်းလဲ လှေနဲ့ မျောလာရပြီ၊ ဒါပေမယ့် မင်းကတော့ မိန်းကလေး လေးယောက်တောင် ပါလာတယ်၊ ဒီနေရာမှာတော့ မင်းက မင်းအဖေထက် သာသွားပြီ၊ ဟား ဟား ဟား"

ရှက်စွန်းသည် လှေပေါ်တွင် ပါလာသည့် မိန်းကလေးများကို လုံးဝ ဂရုမစိုက်ဘဲ ပြောချင်ရာ ပြောချလိုက်သည်။ ချူကျူးမှာ မျက်နှာ ရဲခနဲ ဖြစ်သွားပြီး ခေါင်းငုံ့သွားတော့သည်။ ရှောင်ချောင်းကမူ...

"ဦးလေး ကျွန်မက အစ်ကိုလေးကို ပြုစုနေတဲ့ အိမ်ဖော်မလေးပါ၊ အစ်ကိုလေးရဲ့ ဘဝကြင်ဖော်စာရင်းထဲမှာ ကျွန်မ မပါပါဘူး ဦးလေး"

ထိုအထဲတွင် စိတ်ဓာတ်အမာဆုံးဖြစ်သော ကျောက်မိန်သည် ဒဏ်ရာရနေလျက်က အားတင်းလျက် ဟစ်အော်လိုက်သည်။



"ရှက်စွန်း အဖိုးကြီး၊ ရှင် စကားပြောရင် သတိထားပြောပါ၊ ရှင်က အားလုံးကို သိမ်းကျုံးပြီး စော်ကားလိုက်တာပဲ၊ ကျွန်မ ဒဏ်ရာ ပျောက်သွားရင်တော့လား ရှင် ကောင်းကောင်း သတိထားပေတော့၊ အခုလို မဆင်မခြင် ပြောတဲ့အတွက် ကောင်းကောင်း ပြန်နှိပ်စက်ပြမယ်"

ရှက်စွန်းသည် တဟားဟား ရယ်မောလျက် ကျောက်မိန်၏ အပြောကို သဘောကျနေတော့သည်။ ကျောက်မိန်၏ စကားများသည် ကြမ်းကြမ်းတမ်းတမ်းပင် ဖြစ်သော်လည်း ရှက်စွန်း အဖို့မူ ပန်းနှင့် ပေါက်လိုက်သည့်ပမာသာ ထင်မှတ်နေသည်။ သူသည် ပြုံးတစ်ဝက် ရယ်တစ်ဝက်ဖြင့် ဆက်ပြောလိုက်သည်။

"ဟ ဒီကောင်မလေး တကယ်ကြောက်စရာ ကောင်းပါကလား၊ ငါတောင် ကြောက်လာပြီကွ၊ ဟား ဟား ဟား"

ထိုသို့ ရယ်နေရာမှ သူ၏ မျက်နှာသည် ရုတ်ခြည်း တည်သွားပြီး ဒုက္ခရောက်နေတုန်း မင်းဝင်ကယ်လိုက်တာ ငါ ချီးကျူးပါတယ်၊ ဒါပေမယ့် ဘာဖြစ်လို့ ဒီလို ကြောက်စရာကောင်းတဲ့ သူသေကိုယ်သေ တိုက်ကွင်းအတွင်း ကိုယ်သေတွင်း ကိုယ်တူးတဲ့ တိုက်ကွက်တွေ သုံးရတာလဲ"

ထိုအခါ အင်မတန် ထက်မြက်သွက်လက်လှသော ကျောက်မိန်သည် စကားထစ်ထစ် အအ,ဖြစ်ကာ ရေလည်အောင် မပြောနိုင်တော့ဘဲ ဒုက္ခရောက်နေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ သူ သူ"

မည်သည့်စကားကို ဆက်ပြောရမည်မှန်း မသိဘဲ ဖြစ်နေရာမှ ရုတ်တရက် အံကို တင်းတင်းကြိတ်လိုက်ပြီး သူမ၏ ရင်ထဲရှိ စကားများကို ပြောချလိုက်တော့သည်။

"သူ သူက ဘာဖြစ်လို့ အားလီကို ဒီလောက်တောင် အတင်းဖက်ထားရတာလဲ၊ ဒီ ဒီတော့ ကျွန်မ လူ့ပြည်မှာ အသက်ရှင်နေလို့လဲ အပိုပဲပေါ့"

ထိုစကားကို ပြောပြီးသည်နှင့် ကျောက်မိန်သည် ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။ သူ၏ ရင်ခွင်ထဲမှ ခံစားချက်များ ပေါက်ကွဲ ထွက်လာခြင်းပင် ဖြစ်တော့သည်။

ကျန်လူများကလည်း ကျောက်မိန် ပြောလိုက်သည့် စကား များကို ကြားလိုက်ရသောအခါ အံ့သြတုန်လှုပ်သွားကြတော့သည်။ မည်သည့် မိန်းမပျိုမှ လူရှေ့သူရှေ့ မိမိ၏ ခံစားချက်များကို ဤသို့ပွင့်ပွင့်ဟဟ အသိပေးလိမ့်မည် မဟုတ်ဟု ထင်မှတ်ထားကြရ ကျောက်မိန်က ပွင့်လင်းစွာ အသိပေးလိုက်သဖြင့် အားလုံးထိတ်လန့် သွားကြရခြင်း ဖြစ်လေသည်။

တကယ်တမ်းအားဖြင့် ကျောက်မိန်သည် မွန်ဂိုမကလေး တစ်ယောက်သာ ဖြစ်ရာ သူမ၏ စိတ်ဓာတ်သည် တရုတ် အမျိုးသမီးတစ်ယောက်၏ စိတ်ဓာတ်နှင့် မည်သို့မျှ မတူနိုင်ပေ။ မွန်ဂို အမျိုးသမီး ဖြစ်နေသည့်အတွက် သူမသည် လွန်စွာ ပွင့်လင်း



ရဲတင်းလှပေသည်။ ရင်ထဲမှ အချစ်နှင့် ပတ်သက်သည်များကို အခြားသူများကဲ့သို့ လျှို့ဝှက်သိုသိပ်ထားလိမ့်မည် မဟုတ်ချေ။ ချစ်လျှင်လည်း ချစ်သည့်အလျောက်၊ မုန်းလျှင်လည်း မုန်းသည့် အလျောက် ဟန်မဆောင်တမ်း ဖွင့်ဟပြောမည်သာ ဖြစ်ပေသည်။

ကျောက်မိန်၏ စကားများကို ကြားလိုက်ရသော ဟူကျင်းသည် ကျောက်မိန်အပေါ်များစွာ ကြင်နာ သနားသွားမိတော့လေသည်။

"ကျောက်မိန်ဟာ ငါ့ရန်သူပဲ၊ သူဟာ ဘာဖြစ်လို့များ ငါ့ကို ရွေးပြီးတော့များ မေတ္တာရှိနေရတာလဲ၊ ဟင်း ခက်ပါတယ်လေ"

ဟူကျင်းသည် ငိုရှိုက်နေသော ကျောက်မိန်၏ လက်လေးကို ဆုပ်ကိုင်ကာ သူမ၏ နားနားသို့ ကပ်၍ တိုးညင်းစွာ နှစ်သိမ့် ပြောကြားလုက်သည်။

"ကျောက်မိန် နောက်တစ်ခါကျရင် ဒီလို မိုက်မိုက်ကန်းကန်း သိုင်းကွက်တွေ မသုံးရဘူးနော်"

ကျောက်မိန်သည် သူမ၏ စိတ်ကို ရုတ်တရက် မထိန်းနိုင်၍သာ သူမ၏ အချစ်ကို လှစ်ဟ ထုတ်ဖော်လိုက်မိခြင်း ဖြစ်သည်။ ထုတ်ဖော်ပြီးမှ ရှက်ရွံ့ခြင်းကြီးစွာ ဖြစ်ခဲ့ရတော့သည်။ အထူးသဖြင့် ဟူကျင်းက အထင်အမြင်သေးမည်ကို သူ အလွန်စိုးရိမ်ကြောင့်ကြ မိကြတော့သည်။ သို့သော် ယခု ဟူကျင်းသည် သူမ စိုးရိမ်သကဲ့သို့ သူမအပေါ် အထင်သေးသည့်စိတ်များ မရှိကြောင်း တွေ့လိုက်ရသည်။ သူမအပေါ် ကြင်ကြင်နာနာဖြင့် ဂရုတစိုက် သတိပေးစကား

www.burmeseclassic.com

www.burmeseclassic.com



ပြောသည်ကို ကြားလိုက်ရသော သူမ၏ နှလုံးသားဝယ် တသိမ့်သိမ့် ကြည်နူးသွားလျက် ရက်ခြင်း၊ ကြောက်ခြင်းနှင့် ကြည်နူးနေခြင်းတို့ ရောပြွမ်းနေသည့် ဝေဒနာ တစ်ရပ်ကို ခံစားလိုက်ရတော့သည်။ ပင်လယ်ပြင်တွင် ယနေ့အဖို့ ဒုက္ခရောက်ခဲ့သမျှ အရာအားလုံးကို မေ့ပျောက်သွားမိတော့သည်။

ထိုအခိုက်မှာပင် မိုးကြီး သဲသဲမဲမဲ ရွာသွန်း ချလာတော့သည်။ ဤသို့ မိုးရွာချလိုက်ခြင်းမှာလည်း ကံကြမ္မာက သူတို့ဖက်မှ ဖေးဖေး မမ ထောက်ကူလျက် ရှိနေသည့် သဘောပင် ဖြစ်တော့သည်။ တစ်နေကုန် တစ်နေ့ခန်း ပင်လယ်ထဲတွင် မျောနေပါက ရေငတ်မည့် ဝေဒနာကို သူတို့အားလုံး ရှေးဦးစွာ ခံစားကြရမည်သာ ဖြစ်သည်။ ယခုမူ မိုးရွာချလိုက်သဖြင့် ဝေဒနာတစ်ခု သက်သာသွားခြင်း ဖြစ်သည်။ ထိုစဉ်ရေပြင်ထက်သို့ ဝုန်းခနဲ ခုန်တက်လာသော ငါးကြီးတစ်ကောင်ကို ရက်စွန်းသည် နဂါးနိုင်ဓားဖြင့် ရုတ်တရက် ထိုးစိုက်ဖမ်းယူလိုက်သည်။ ငါးကြီးသည် လူးရင်းလိမ့်ရင်းဖြင့် ဓားဖျားထိပ်တွင် ထိုးစိုက်ပါလာတော့သည်။

လှေပေါ်၌ ပါသမျှ လူအားလုံးသည် ရက်စွန်း၏ နားပါးမှုကို အငေးနေ ချီးကျူးမိတော့သည်။ ရက်စွန်း၏ နားပါးမှုကြောင့် သူတို့အတွက် တစ်နပ်စာရိက္ခာ ရလိုက်သည် မဟုတ်ပါလော။ သူတို့သည် ဖမ်းမိသော ငါးကြီးကို အချိုးကျခွဲဝေလျက် အစိမ်းလိုက် စားသောက် လိုက်ကြတော့သည်။ မိုးလည်း လုံးဝ စဲသွားသဖြင့်



လှေပေါ်တွင်ပင် ဖြစ်သလို အနားယူ အိပ်စက်လိုက်ကြတော့သည်။ လှေငယ်ကလေးမှာမူ တရွေ့ရွေ့ မျောနေဆဲသာ။

သူတို့အားလုံး အိပ်ပျော်နေကြစဉ် အားလီက ရုတ်တရက် အလန့်တကြား ထအော်လိုက်သည်။ အားလီ၏ ဒဏ်ရာသည် အလွန်ပြင်းထန်လှသဖြင့် တစ်ချိန်လုံး မေ့မြောနေခဲ့သည်။

"ဟူကျင်း ဘာဖြစ်လို့ ငါနဲ့အတူတူ လင်းမြွေကျွန်းကို မလိုက်ချင်ရတာလဲဟင်"

ဟူကျင်းတို့အားလုံးသည် အားလီ၏ အော်သံကြောင့် လန့်နိုးလာကြတော့သည်။ အားလီကမူ ကယောင်ကတမ်းဖြင့် ဆက်အော်နေတော့သည်။

"ဟူကျင်း ငါတစ်ယောက်တည်း ကျွန်းပေါ်မှာ နေနေရတာ ဘယ်လောက် ပျင်းစရာ ကောင်းသလဲဟင်၊ နင်ကိုယ်ချင်းမစာတတ်ဘူးလား၊ ဘာဖြစ်လို့ ငါနဲ့အတူ မနေချင်ရတာလဲ၊ သတ်မှယ် နင့်ကို ငါသတ်မယ်"

ဟူကျင်းသည် အားလီ၏ နဖူးကို လက်ဖဝါးဖြင့် စမ်းသပ် ကြည့်လိုက်သော် ချစ်ချစ်တောက် ကိုယ်ပူနေသည်ကို တွေ့ရ တော့သည်။ ဒဏ်ရာအရှိန် ပြင်းထန်လွန်းသဖြင့် အဖျားဝင်ကာပြီး ကယောင်ကတမ်း စကားများ ပြောနေခြင်း ဖြစ်တော့သည်။ ထိုစဉ် အားလီက အော်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖေ အဖေ ကျွန်မကို မသတ်ပါနဲ့၊ အဖေက ဘာဖြစ်လို့ မိန်းမတွေ အများကြီး ယူရတာလဲဟင်၊ ဒါ အဖေ့အပြစ်၊ အဖေ့ အပြစ်၊ ကျွန်မ အပြစ်မဟုတ်ဘူး"

ဟူကျင်းသည် အားလီ ယောင်ယမ်းလိုက်သည့် စကားကြောင့် မျက်နှာနီရဲသွားသည်။ သူသည် ကျောက်မိန်နှင့် ဟူကျင်းတို့၏ မျက်နှာများကို ကွက်ခနဲ ကြည့်လိုက်မိသည်။ မိမိအပေါ် စွဲချစ်နှစ်သက်နေကြသူများ များပြားနေသဖြင့် အားလီ၏ ကယောင်ကတမ်း စကားသည် မိမိအား နိမိတ်ပြတားဆီးလိုက်သကဲ့သို့ ခံစားလိုက်ရသည်။

အားလီ နောက်ထပ် ယောင်ယမ်း ပြောဆိုသောစကားများသည် ဗလုံးဗထွေး ဖြစ်သွားသဖြင့် ဟူကျင်းတို့ မည်သို့မျှ နားမလည်လိုက်ကြပေ။ အတန်ကြာသောအခါ အားလီ၏ စကားသံသည် ရုတ်တရက် နုံးညံ့သွားပြီး

"ဟူကျင်း ငါက နင့်ကို နေရာအနှံ့ လိုက်ရှာတယ်၊ မတွေ့ဘူး၊ ဒါပေမယ့် ငါက နွားလေးဆိုတဲ့ ကောင်လေးကိုတော့ တွေ့ရတယ်၊ သူက ငါ့အပေါ် သိပ်ကောင်းတာပဲ၊ သူက ငါ့ကို လက်ထပ်ပါ့မယ်လို့ ကတိပေးထားတယ်"

ထိုစကားကို ကြားလိုက်ရသောအခါ မိန်းကလေး အားလုံးက ဟူကျင်းအား ဝိုင်းကြည့်မိကြတော့သည်။ အဘယ်ကြောင့်ဆိုသော်



နွားလေးဟူသည့် အမည်သည် ဟူကျင်း၏ နာမည်ခွဲတစ်မျိုးဖြစ်ကြောင်း မိန်းခလေးအားလုံးက သိထားကြ၍ပင် ဖြစ်သည်။

ဟူကျင်းမှာ မိန်းကလေးများကြားတွင် မျက်နှာမထားတတ်အောင် ဖြစ်နေရတော့သည်။ ထိုစဉ် အားလီသည် ဆက် ယောင်ယမ်းနေပြန် သည်။

"ဟူကျင်း ငါက နင့်ကိုပဲ သတိရတယ်၊ သူ့ကိုတော့ သနားရုံတင် သနားတာပါ၊ ဘာဖြစ်လို့လဲ သိလား၊ နင်က ငါ့ရဲ့ နှလုံးသားကို အပိုင်ယူထားလိုက်လို့ပဲ သိလား"

ဟူကျင်းသည် အားလီ၏ စကားများကို နားထောင်ရင်း မျက်ရည်များ ဝဲလာမိတော့သည်။ အားလီကမူ ဆက်၍ ယောင်ယမ်း ပြောဆိုနေပြန်သည်။

"ဟူကျင်း နင် နိဗ္ဗာန်မှာ နေရတာ မပျင်းဘူးလား၊ နင်က ဘာဖြစ်လို့ ဒီလောက်တောင် အသေစောရတာလဲဟင်၊ ငါက နင်နဲ့အတူ လိုက်ခဲ့မလို့ပဲ၊ ဒါပေမယ့် ငါ့မှာ ဖွားဖွားကို ပြုစုရမယ့် တာဝန်ရှိသေးတယ်၊ ဖွားဖွား မရှိတော့တဲ့ တစ်နေ့မှာတော့ ဆီးရိုနယ်ကို သွားပြီး နင်ပြုတ်ကျခဲ့တဲ့ ချောက်ထဲကို ငါခုန်ချမယ်၊ ဒါဆိုရင် ငါ နင်နဲ့ ပြန်တွေ့ရမှာပဲနော်၊ ငါ့ကို စောင့်နေပါ ဟူကျင်းရယ် နင့်ဆီကို ငါ ဆက်ဆက်လာခဲ့ပါ့မယ်"

ဟူကျင်းသည် သူ၏ စိတ်များကို ထိန်းထား၍ မရတော့။ သူ၏ မျက်ရည်များသည် တာတမံကျိုးကျသည့်အခါ ရေများ

www.burmeseclassic.com

www.burmeseclassic.com



တရဟော ထိုးဆင်းလာသကဲ့သို့ ထိန်းမနိုင် သိမ်းမရ ကျဆင်းစီးကျလာတော့သည်။

အားလီ၏ အသံသည်လည်း တဖြည်းဖြည်း အသံတိုးသွားပြီး နောက်ဆုံး ပြန်၍ အိပ်ပျော်သွားတော့သည်။

◆ ◆ ◆

## အခန်း (၂၂)

www.burmeseclassic.com

www.burmeseclassic.com

## အလင်းမှာနဲ့ မင်းသမီး

ကျန်ငါးယောက်စလုံးမှာမူ အားလီ၏ ယောင်ယမ်းနေသည့် စကားများကို ကြားလိုက်ရပြီးသည့်နောက် တစ်ယောက်ကို တစ်ယောက် ငေးကြောင်ကြည့်ပြီး မှင်သက်နေမိကြတော့သည်။

ရှက်စွန်းသည် ပထမဦးဆုံး သက်ပြင်းချပြီး ပြောလိုက်မိသည်။

"ဒီကလေးမလေးဟာ သူ့ရဲ့ရွှေပန်းပွင့်ဖွားဖွားကို သိပ်သံယောဇဉ်ကြီးရှာတယ်၊ ဒါပေမယ့် ရွှေပန်းပွင့်ကတော့ ဒီကလေးမလေးရဲ့ စေတနာနဲ့ မေတ္တာကို လုံးဝ အရေးမထားဘူး၊ မထားတဲ့အပြင် သတ်ဖို့တောင် ကြိုးစားခဲ့သေးတယ်၊ တကယ် ရက်စက်တဲ့ ရွှေပန်းပွင့်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျောက်မိန်က ကောင်းပန်လိုက်သည်။

"ဘကြီး ဒီ ရွှေပန်းပွင့်ဖွားဖွားအကြောင်းကို ကျွန်မတို့ကို နည်းနည်းလောက် ပြောပြပါလားဟင်"

ရှက်စွန်းသည် အတန်ကြာ ငြိမ်သက်နေပြီးမှ ခေါင်းတစ်ချက် ညိတ်ပြလိုက်ပြီး ရွှေပန်းပွင့်ဖွားဖွားအကြောင်းကို ပြောပြတော့သည်။

ရွှေပန်းပွင့်ဖွားဖွားသည် တကယ်တမ်းအားဖြင့် မြေပြန့်သူ မဟုတ်ချေ။

လွန်ခဲ့သော အနှစ်နှစ်ဆယ်ခန့်က ရန်ဖောထင်းသည် အလင်းမာန်ဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ရွှေပန်းပွင့်ဖခင်သည် တရုတ်လူမျိုးဖြစ်၍ အိကြည့်မြို့သို့ ရောက်ရှိသွားခဲ့သည်။ သူသည် အိကြည်အလင်းမာန်ဂိုဏ်းတွင် အသင်းသားအဖြစ် ဝင်ရောက်ခဲ့ပြီးနောက် အိကြည်မှ အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ခဲ့သည်။ ထိုအခါ သမီးတစ်ယောက် ဖွားခဲ့၏။

ရွှေပန်းပွင့် အသက်နှစ်ဆယ်အရွယ်တွင် သူမ၏ဖခင် သေဆုံးခဲ့သည်။ သူမ၏ ဖခင်သည် သူ မသေဆုံးမီ အချိန်ကပင် အိကြည်ရှိ အလင်းမာန်ဂိုဏ်းချုပ်ကြီးအား သူ၏သမီးကို သူ၏ မျိုးရိုးဇာတိ နယ်ပယ်ဖြစ်သော တရုတ်ပြည်အတွင်းပိုင်းသို့ ပြန်ပို့ပေးရန် တောင်းဆိုခဲ့၏။ ထို့ကြောင့် အိကြည်အလင်းမာန် သုံးယောက်၏ အစောင့်အရှောက်ဖြင့် တရုတ်ပြည်အတွင်းပိုင်းတို့ ရွှေပန်းပွင့် ရောက်ရှိလာခဲ့ရသည်။



ရွှေပန်းပွင့်သည် အိကြည်မှ တရုတ်ကပြား ဖြစ်သဖြင့် အလွန်တရာ ချောမောလှသဖြင့် နတ်သမီးတစ်ပါးနှယ် မှတ်ထင်ခဲ့ကြရပေသည်။

ထို့ကြောင့် အလင်းမာန်ဂိုဏ်းရှိ ယောကျ်ားသားတိုင်း လိုလိုက သူ၏ အချစ်ပန်းကို ဆင်မြန်းခွင့်ရအောင် ကြိုးစားခဲ့ကြပေသည်။ လက်ယာရံမန်းရောင်သည် ရွှေပန်းပွင့်ကို ချစ်ကြိုက်ခဲ့ကြသူများကြား တွင် ခေါင်းတစ်လုံးသာသည်အထိ တစ်ဖက်သတ် စွဲစွဲမြဲမြဲ ချစ်ခဲ့သူ တစ်ယောက်ပင် ဖြစ်သည်။ သို့သော် နောက်ဆုံးတွင် ရွှေပန်းပွင့်သည် ရင်ရက်ဆိုသူနှင့် မေတ္တာမျှကာ လက်ထပ်လိုက်ကြသည်။ ရင်ရက်သည် အလင်းမာန်ဂိုဏ်းသား မဟုတ်သဖြင့် ဂိုဏ်းသား အတော်များများက အပြင်းအထန် ကန့်ကွက်ခဲ့ကြသည်။ ရွှေပန်းပွင့်အနေဖြင့် ရင်ရက်ကို လက်ထပ်လိုက်သည့် ကိစ္စတွင် သူ့ဖက်မှ ထောက်ခံမည့်သူဆို၍ နှစ်ယောက်သာ ရှိခဲ့သည်။

တစ်ယောက်မှာ ဂိုဏ်းချုပ်ကြီး ရန်ဖောထင်းဖြစ်ပြီး၊ ကျန် တစ်ယောက်မှာ ရှက်စွန်းဖြစ်သည်။ ထိုနှစ်ယောက်သည် ရင်ရက်နှင့် ရွှေပန်းပွင့် လက်ထပ်ရန် ကိစ္စကို သဘောတူကြသည်။ နောက်ပိုင်းတွင် ရန်ဖောထင်း ရုတ်တရက် ပျောက်ဆုံးသွားသဖြင့် အလင်းမာန်ဂိုဏ်း သားများ အားလုံးလှုပ်လှုပ်ရွရွ ဖြစ်သွားခဲ့ကြရသည်။ ဂိုဏ်းကြီး တစ်ခုလုံး စတင် ဖရိုဖရဲ ဖြစ်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် တစ်ညနေခင်းတွင် လက်ယာရံ ဖန်းရောင်က သူတို့၏ အလင်းမာန်ဂိုဏ်းကြီး၏ လျှို့ဝှက်လိုဏ်ခေါင်းထဲမှ ထွက်လာသော ရွှေပန်းပွင့်ကို တွေ့လိုက်ရသည်။ အလင်းမာန်ဂိုဏ်း၏ တင်းကျပ်သော စည်းကမ်းချက်အရ ဤလိုဏ်ခေါင်းအတွင်းသို့ ဂိုဏ်းချုပ်ကြီးမှလွဲ၍ အခြား မည်သူတစ်ယောက်မျှ ဝင်ရောက်ခွင့် မရှိချေ။ ထို့ကြောင့် အလင်းမာန်ဂိုဏ်းသားများက ရွှေပန်းပွင့်ဖွားဖွားကို အသင်း၏ စည်းကမ်းကို ဖောက်ဖျက်မှုဖြင့် အပြစ်ဒဏ်ပေးလိုက်ကြသည်။ နောက်ဆုံး ရွှေပန်းပွင့်သည် အလင်းမာန်ဂိုဏ်းမှ နှတ်ထွက်ကာ လင်းမြွေကျွန်းသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

သို့သော် ယခုအချိန်အထိ အလင်းမာန်ဂိုဏ်းသားများ မသိကြသည့် အချက်မှာ ရွှေပန်းပွင့်သည် အဘယ်ကဲ့သို့သော နည်းလမ်းများဖြင့် လျှို့ဝှက်လိုဏ်ခေါင်းအတွင်း ဝင်သွားနိုင်ခြင်းကိုပင်တည်း။

ရွှေပန်းပွင့်သည် အလင်းမာန်ဂိုဏ်းမှ ထွက်ခွာသွားပြီးသည့်နောက်ဝယ် သူမ၏ ရုပ်ရည်ကို ရုပ်ဖျက်ထားရန် ဆုံးဖြတ်လိုက်သည်။ မျက်နှာဖုံးတုတစ်ခု တပ်ဆင်လိုက်ခြင်းဖြင့် သူမသည် ယခင်က နတ်သမီး တစ်ပါးနှယ် ချောမောလှပလှသည့် နဂါးမင်းမှန်း မည်သူမျှ မသိကြတော့ချေ။

မြေပြန့်တရုတ်ပြည်ရှိ အလင်းမာန်ဂိုဏ်းကြီး၏ ဂိုဏ်းချုပ်ကြီးများအဖြစ် ယောကျ်ားများသာ ထမ်းဆောင်ခွင့် ရရှိကြသည်။ အိကြည်မြို့ရှိ အလင်းမာန် ဂိုဏ်းကြီးဘွင်မှ ဂိုဏ်းချုပ်ကြီးများအဖြစ်



အမျိုးသမီးများကသာ ထမ်းဆောင်ခွင့် ရကြသည်။ ထိုသို့ ဂိုဏ်းချုပ်အဖြစ် ထမ်းဆောင်ခွင့်ရသော မိန်းကလေးသည် တစ်သက်လုံး အိမ်ထောင်ပြုခွင့် မရတော့ချေ။ ထိုသို့ အမျိုးသမီး ဂိုဏ်းချုပ်တစ်ဦးကို ရွေးကောက်တင်မြှောက်ပြီးသည့် အချိန်တိုင်တွင် မင်းသမီး သုံးပါးကို ထပ်မံရွေးကောက်ကြရသည်။ ထိုမင်းသမီး သုံးယောက်တို့သည် ကမ္ဘာမြေအနှံ့ အနယ်နယ် အရပ်ရပ်သို့ လှည့်လည်သွားလာနေကြရပြီး အလင်းမာန်ဂိုဏ်းကြီးအတွက် အကျိုးပြုလုပ်ငန်းများကို တတ်စွမ်းနိုင်သမျှ ထမ်းဆောင်ကြရသည်။

နောက်ဆုံး အဆင့်အားဖြင့် ထိုမင်းသမီး သုံးပါးအနက်မှ အလင်းမာန်ဂိုဏ်းအတွက် အကျိုးပြုလုပ်ငန်း အများဆုံး ဆောင်ရွက်ခဲ့သည့် မင်းသမီးကို နောက်တစ်ဆက် ဂိုဏ်းချုပ်အဖြစ် ရွေးကောက်တင်မြှောက်ကြသည်။ သို့သော် သူတို့ ရွေးကောက် တင်မြှောက်ခဲ့သော မင်းသမီးသုံးပါးတို့သည် တစ်ယောက်ယောက်နှင့် အိမ်ထောင်ပြုလိုက်ပါက အိမ်ထောင်ပြုလိုက်သည့် မင်းသမီးကို မရရအောင် ဖမ်းဆီးပြီး မီးရှို့ သုတ်သင်ပစ်ကြရမည် ဖြစ်သည်။

ယခု ရွှေပန်းပွင့်ဖွားဖွားသည် သာမန်ဂိုဏ်းသား တစ်ယောက်မဟုတ်။ အိကြည် အလင်းမာန်ဂိုဏ်း၏ မင်းသမီးသုံးပါး အနက်မှ တစ်ပါးဖြစ်ပေသည်။ သူမသည် မြေပြန့်သား ရင်ရက်နှင့် ခိုးတွက်မျှ အိမ်ထောင်ပြုလိုက်သည့် သတင်းကို အိကြည် အလင်းမာန်ဂိုဏ်းသည် မုချ သံတင်းရရှိသွားသည်။ ထိုအပြစ်အတွက် သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ရွှေပန်းပွင့်ကို လုံးဝခွင့်လွှတ်ကြမည် မဟုတ်ချေ။ ထို့ကြောင့် အီကြည်အလင်းမာန် ဂိုဏ်းသားများ၏ရန်မှ ကာကွယ်ရန်အတွက် သူမ၏ ရုပ်ကို ဖျက်ထားရကြောင်းလည်း ဖြစ်ပေသည်။ သူမ၏ အဖြစ်အပျက်ကို ခွင့်လွှတ်နိုင်စေရန်အတွက် မြေပြန့် တရုတ် အလင်းမာန်ဂိုဏ်း၏ အားပြောင်းအားလွှဲ သိုင်းပညာကို ခိုးယူပြီး အီကြည်အလင်းမာန်ဂိုဏ်းထံသို့ ပို့ပေးရန် ကြိုးစားလေတော့သည်။

ထိုအကြောင်းကြောင့် လှိုဂုက်လိုဏ်ခေါင်းအတွင်း ဝင်ခြင်း ဖြစ်တော့သည်။

ထိုအားပြောင်း အားလွှဲသိုင်းပညာမှာ အလင်းမာန်ဂိုဏ်း၏ သိုင်းပညာ ဖြစ်သော်လည်း ၎င်းတို့၏ အတွင်းအား လေ့ကျင့်နည်းများ တိမ်ကော ပပျောက်သွားခဲ့သဖြင့် ဤပညာကို မရရသည့်နည်းဖြင့် လိုချင်နေကြခြင်း ဖြစ်ပေသည်။

ရုက်စွန်းက အပြည့်အစုံ ရှင်းပြနေသဖြင့် ဟူကျင်း အပါ အဝင် လူအားလုံးသည် စိတ်ပါဝင်စားစွာဖြင့် နားထောင်နေမိကြသည်။

ထိုစဉ် အားလီ၏ ရောဂါမှာ အခြေအနေ ဆိုးလာပြန်သည်။ အားလီ၏ အခြေအနေဆိုးကို မကြည့်ရက်နိုင်တော့သဖြင့် ဟူကျင်း သည် ရုက်စွန်းအား စကားတစ်ခွန်း ပြောလိုက်သည်။

"အဖေကြီး ကျွန်တော်တို့ လင်းမြွေကျွန်းကို ပြန်သွားမှ ဖြစ်တော့မယ်၊ အားလီရဲ့ အခြေအနေက သိပ်ဆိုးနေပြီ၊ ဒီအတိုင်း



ထားလို့ကတော့ အားလီ အသက်ရှင်ဖို့မလွယ်ဘူး၊ အဖေကြီးရဲ့ သဘောကိုလဲ ပြောပါဦး။"

ရုက်စွန်းသည် အားလီအပေါ် များစွာ ချင်ခင်သနားသည့် စိတ်များ ထားနိုင်ခဲ့ပြီး ဖြစ်ပေသည်။ ဟူကျင်းအတွက် နှစ်ပေါင်းများစွာ ကြေကွဲ ဆွေးမြည့်နေသူကလေး ဖြစ်ကြောင်း သိလိုက်ရသည့် အခါတွင်မူ သူ၏ နှလုံးသားများသည် အရည်ပျော်ကျမတတ် သနားကြင်နာမိခဲ့ပေသည်။ သူ့သား ဟူကျင်းအပေါ် ဤမျှ မေတ္တာထား သော မိန်းကလေးအတွက် ဆိုပါက သေမင်းနှင့်ပင် ရင်ဆိုင်စေကာမူ ရင်ဆိုင်မည်ဟု ဆုံးဖြတ်ထားသောကြောင့် လင်းမြွေကျွန်းသို့ ပြန်သွား မည့်ကိစ္စအတွက် ကျေကျေနပ်နပ် သဘောတူလိုက်သည်။

သို့နှင့် သူတို့သည် သူတို့၏ လှေကလေးကို လင်းမြွေကျွန်းရှိရာ ဘက်သို့ ပြန်လှော်ခတ်လိုက်လေတော့သည်။

✦ ✦ ✦

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၀)

www.burmeseclassic.com

www.burmeseclassic.com

## ဝိုက်းချုပ်မကြီး

ဟူကျင်းတို့၏ လှေငယ်ကလေးသည် တဖြည်းဖြည်းနှင့် လင်းမြွေကျွန်းဘက်ကို နီးကပ်ရောက်ရှိလာတော့သည်။ အမြင်အားဖြင့်မူ သူတို့အတွက် ဘေးရန်အန္တရာယ် အရိပ်အယောင်များကို လုံးဝမတွေ့ကြရသဖြင့် အနည်းငယ် စိတ်အေးသွားကြရသည်။ သို့သော် ထူးခြားဆန်းကြယ်မှု တစ်ခုကိုမူ တွေ့ရှိလိုက်ကြရသည်။ လင်းမြွေကျွန်းကြီးမှာ မီးတောက်မီးလျှံကြီးများ တဝုန်းဝုန်း တောက်လောင်နေအောင် မီးပုံကြီးများ ထွန်းညှိထားကြောင်း တွေ့ရှိ လိုက်ကြရသည်။

ဟူကျင်းသည် ထိုမြင်ကွင်းများကို သူ့အဖေကြီး ရှက်ဇွန်အား ပြောပြလိုက်သည်။ ဟူကျင်း၏ စကားများကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ရှက်ဇွန်သည် အလန့်တကြား အော်ဟစ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒုက္ခပဲ၊ အကြီးအကျယ် ဒုက္ခပဲ၊ ရွှေပန်းပွင့်ကို အလင်းမာန် မင်းသမီးမှန်း သူတို့ သိသွားကြပြီ၊ သူတို့ ရွှေပန်းပွင့်ကို အရှင်လတ်လတ် မီးရှို့သတ်ကြတော့မယ်၊ ဒါကြောင့်မို့ မီးပိုကြီးတွေ ဖိုထားတာ"

ရှက်စွန်း၏ စကားဆုံးသွားသည်နှင့် ရှောင်ချောင်းသည် 'ဒိုး'ခနဲ လဲကျသွားတော့သည်။ ဟူကျင်းက ကမန်းကတန်း ကောက်ယူပွေ့ချီ၍ ကြည့်လိုက်သောအခါ ရှောင်ချောင်း သတိမေ့နေပြီဖြစ်သည်။ ဟူကျင်းက သူမ၏ အကြောကို နှိပ်ပေးလိုက်သဖြင့် ပြန်လည် သတိရလာသည်။ ရှောင်ချောင်း၏ မျက်လုံးများဝယ် မျက်ရည်ဥများ ခိုတွဲလျက် ရှိနေကြောင်း ဟူကျင်း တွေ့လိုက်သည်။

ဟူကျင်းသည် အလွန် အံ့သြသွားသဖြင့် ...

"ရှောင်ချောင်း မင်း ဘာဖြစ်လို့လဲဟင်၊ ပြောစမ်း"

"ဟင့်အင်း ကျွန်မ ဘာမှမဖြစ်ပါဘူး၊ လူတစ်ယောက်ကို မီးရှို့သတ်မယ်လို့ ကြားလိုက်ရလို့ လန့်ပြီး မေ့သွားတာပါ"

ဟူကျင်းသည် ရှောင်ချောင်းကို ချော့မော့နှစ်သိမ့်လျက် စိတ်ချမ်းသာစေရန် ဖေးဖေးမမ ပြောလိုက်သည်။

"ဒါက အဖေကြီးရဲ့ ခန့်မှန်းချက်ပါ၊ အသေအချာ ဖြစ်လိမ့်မယ်လို့ မပြောနိုင်ပါဘူး၊ ဟုတ်ချင်မှ ဟုတ်မှာပါ၊ ဟုတ်လို့ရှိရင်လဲ ဘာဖြစ်သလဲ၊ ဟိုရောက်တဲ့အခါ ရွှေပန်းပွင့်ကို ငါတို့ ဝင်ကယ်လိုက်ရုံပေါ့"



ဟူကျင်း၏ စကားကို ကြားလိုက်ရသောအခါ ရှောင်ချောင်း အလွန်ဝမ်းသာသွားသည်။

"အစ်ကို ဟူကျင်း အစ်ကို့ကို ကျွန်မတောင်းပန်ပါတယ်၊ ရွှေပန်းပွင့်ဖွားဖွားရဲ့ အသက်ကို ကယ်ပေးပါနော်"

"စိတ်ချ ရှောင်ချောင်း၊ မင်းစိတ်ချမ်းသာမယ်ဆိုရင် ဘာမဆို ငါလုပ်ပေးမယ်၊ ရွှေပန်းပွင့်ဖွားဖွားကို ကယ်ဖို့ကိစ္စဟာ ဘယ်လောက်ခက်တဲ့ ကိစ္စမို့လဲ၊ ငါအစွမ်းကုန် ကြိုးစားပြီး ရအောင် ကယ်ပေးမယ်"

ထိုအခိုက်မှာပင် သူတို့၏ လှေကလေးသည် ကမ်းစပ်သို့ ဆိုက်ကပ် ရောက်ရှိလာတော့သည်။ ကမ်းခြေတစ်လျှောက်တွင်လည်း ကြီးမားခန့်ညားလှသော လှေကြီးများ တန်းစီ ဆိုက်ကပ်ထားသည်ကို တွေ့လိုက်ကြရသည်။ ဟူကျင်းသည် မျက်မှောင်ကုတ်ရင်း စဉ်းစဉ်းစားစားဖြင့် ပြောလိုက်သည်။

"အင်း အိကြည် အလင်းမာန်ဂိုဏ်းဟာ ဒီတစ်ခါတော့ အလုံးအရင်းနဲ့ကို ရောက်လာတာပါကလား"

တိုက်ပွဲများနှင့် ရင်းနှီးကျွမ်းဝင်လှသည့် ကျော်ကြားသည့် ဟူကျင်းတို့မတွေ့နိုင်သည့် သေနင်္ဂဗျူဟာအရ အရေးပါလှသည့် တိုက်ကွင်း တိုက်ကွက်မျိုးကို ပို၍ တွေ့နိုင်မြင်နိုင်သည်။ သူ၏ စကားက သူ၏ စစ်ပရိယာယ် သဘောများကို ဖော်ပြနေလျက် ရှိနေပေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟူကျောင်း ကျွန်မတို့ ဒီနေရာက တက်လို့မဖြစ်ဘူး၊ ကျွန်းရဲ့ ဟိုနောက်ဘက်ကို သွားပြီး၊ လူမရှိတဲ့နေရာရောက်မှ ကမ်းပေါ်တက်ရင် ကောင်းမယ်၊ ဒီလိုတွေနဲ့ ထိပ်တိုက် သွားတိုးရင် ကျွန်မတို့အတွက် အခြေအနေ မကောင်းဘူး"

ဟူကျောင်းသည် ကျောက်မိန်၏ အကြံအစည်ကို သဘောတူလိုက်သည်။ ထို့ကြောင့် လှေကို ကျွန်းအနောက်ဘက်သို့ ရောက်ရှိသွားရန် အတွက် လှော်ခတ်ရန် ဟန်ပြင်သည်။ သို့သော် သူ့လှေကို မလှော်နိုင်ခင်မှာပင် 'ဝုန်း၊ဝုန်း' ဟူသော အမြောက်သံ နှစ်ချက်ကို ကြားလိုက်ရပြီး လှေငယ်၏ ဘေးနှစ်ဖက်တွင် ကြီးမားသော လှိုင်းလုံးကြီးများ ထသွားတော့သည်။

ထိုစဉ် ကမ်းစပ်၌ ဆိုက်ကပ်ထားသည့် အလွန်ကြီးမားလှသော လှေကြီးတစ်စင်းပေါ်မှ လူတစ်ယောက်က တရုတ်ဘာသာစကားဖြင့် လှမ်းအော် သတိပေးလိုက်သည်။

"လှေကလေး လှော်ထွက်ပြေးဖို့ မကြိုးစားပါနဲ့ ပြေးလဲ မလွတ်ပါဘူး၊ ကမ်းကိုကပ်လိုက်ပါ မကပ်ရင် အမြောက်နဲ့ပစ်ပြီး မြှုပ်ပစ်လိုက်မယ်"

ဟူကျောင်းတို့ မတတ်နိုင်တော့၊ မည်သည့်နည်းနှင့်မျှ မထွက်ပြေးနိုင်တော့ သူတို့က လက်ဦးသွားပြီ ဖြစ်သည်။ အကယ်၍ ကမ်းမကပ်ဘဲ လှော်ထွက်ပြေးပါက အမြောက်ဆန်ထိပြီး အားလုံး သေဆုံးကြရပေလိမ့်မည်။ ထို့ကြောင့် နောက်ဆုံးတွင် လှေကလေးကို



ကမ်းသို့ ကပ်လိုက်တော့သည်။ အစီအရီ ဆိုက်ကပ်ထားသည့် လှေကြီးများကြား ဝင်ကပ်လိုက်ရခြင်း ဖြစ်သည်။ စောစောက တရုတ်စကားဖြင့် လှမ်း အမိန့်ပေးသူ၏ လှေကြီးနှင့် ယှဉ်လျက်သား ဆိုက်ကပ်မိသွားသည်။

ထိုအခါ လှေကြီးပေါ်မှ ကြိုးလှေကား ချပေးသဖြင့် ချူကျူးက ကျောက်မိန်ကို ပွေ့ချီပြီး တက်သွားသည်။ ဟူကျောင်းက အားလီကို ပွေ့ချီပြီး တက်လိုက်သည်။ ရှောင်ချောင်းနှင့် ရှက်ဗွန်းတို့က နောက်မှ လိုက်တက်ကြသည်။

လှေပေါ်တွင်မူ ရွှေဝါရောင် ဆံပင်များနှင့် အင်္ဂလိပ်လူမျိုးများကို တွေ့ရှိကြရသည်။ သို့သော် ဟိုတစ်နေ့က သူတို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသည့် အလင်းမာန်ဂိုဏ်းက သုံးယောက်ကိုမူ လုံးဝ မတွေ့ကြရချေ။

ထိုစဉ် တရုတ်စကား ပြောတတ်သော အင်္ဂလိပ်တစ်ယောက်က မေးမြန်း စုံစမ်းလာသည်။

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာကိစ္စနဲ့ ဒီကို ရောက်လာကြတာလဲ၊ မှန်မှန်ပြောပါ"

ယင်းသို့သော ကိစ္စမျိုး၌ အလွန်သွက်လက် ချက်ချာလှသည့် ကျောက်မိန်က ဝင်ဖြေလိုက်သည်။

"ကျွန်မတို့ လှေပျက်လို့ ပင်လယ်ထဲ မျောနေကြတဲ့ ဒုက္ခသည်တွေပါ၊ ကျွန်မတို့မှာ အစာလဲ မစားရ၊ ရေလဲ မသောက်ရနဲ့

www.burmeseclassic.com

www.burmeseclassic.com



အများကြီး အတိခုက္ခ ရောက်နေရပါတယ်၊ ကျွန်မတို့ကို ကယ်ကြပါရှင်”

ထိုလူသည် ကျောက်မိန်၏ အပြောကို ယုံတစ်ဝက် မယုံတစ်စက်ဖြစ်နေမိသည်။ ကျောက်မိန်တို့၏ ပုံပန်းသဏ္ဍာန်အရ လှေပျက်သည်ဆိုသည့်အချက်မှာလည်း ဖြစ်နိုင်ကောင်းသည်ဟု မှဆထားပုံရသည်။ သို့သော် ထိုလူသည် ကုန်းပတ်အလယ်တွင် ရှိနေသည့် ခေါင်းဆောင်ဖြစ်ဟန်တူသူ လူတစ်ယောက်အား သူတို့ အိုကြည်ဘာသာစကားဖြင့်ပင် လှမ်းပြောလိုက်သည်။

ထိုအခိုက်အတန့်အတွင်း ဟူကျင်းသည် လှစ်ခနဲ တစ်ချက် လှုပ်ရှားလိုက်သည်။ သူသည် ရုတ်တရက် ခုန်ထွက်သွားပြီး ကုန်းပတ်အလယ်တွင် ထိုင်နေသည့် ခေါင်းဆောင် ဖြစ်သူကို လျှပ်တစ်ပြက် ဖမ်းချုပ်လိုက်ခြင်း ဖြစ်ပေသည်။

ဟူကျင်း၏ လှုပ်ရှားမှုမှာ လျင်မြန်လှသဖြင့် အစ ပထမ၌ လှေပေါ်မှ လူများအားလုံး မှင်သက်မိကာ ငေးကြောင်သွားကြသည်။ နောက်မှ အခြေအနေကို သဘောပေါက်ပြီး ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြတော့သည်။

ဟူကျင်းသည် ခေါင်းဆောင်ဖြစ်ဟန် တူသူကို ဖမ်းမိပြီးသည်နှင့် သူ၏ အဖွဲ့သားများ ရှိရာသို့ ပြန်လည် ခုန်ဝင်လာသည်။ လှေပေါ်ရှိ ရန်သူ့ဘက်သားများသည် တစ်ယောက်တစ်ခွန်း ဒေါသသံများနှင့် အော်ဟစ်နေကြသည်။ ဟူကျင်းတို့၏ အနားသို့ မကပ်ရဲကြချေ။



အဘယ်ကြောင့်ဆိုသော် သူတို့၏ ခေါင်းဆောင်သည် ဟူကျင်းတို့၏ လက်တွင်း၌ ကျရောက်နေသောကြောင့် ဖြစ်ပေသည်။ အခြားအခြားသော လှေကြီးများမှ ဂိုဏ်းသားများသည်လည်း ဟူကျင်းတို့ တက်ရောက်နေသည့် လှေကြီးပေါ်သို့ ရောက်ရှိလာကြတော့သည်။ သို့သော် သူတို့အားလုံး တစ်ယောက်တစ်ခွန်း အော်ဟစ်ရုံမှအပ အခြား အပြုအမူများကို လုံးဝ မပြုလုပ်ရဲကြချေ။

ထိုစဉ် လူအုပ်ကြားမှ လူတစ်ယောက်သည် လျှပ်တစ်ပြက် ခုန်ထွက်လာပြီး ဟူကျင်းကို ကျောက်မီးတိုင်ဖြင့် ရိုက်လိုက်တော့သည်။ ဟူကျင်းသည် ထိုကျောက်မီးတိုင်ကို တွေ့လိုက်ရသည်နှင့် တစ်နေ့က တိုက်ခိုက်ခဲ့သော အလင်းမာန်သုံးယောက် ရောက်ရှိလာမှန်း သိရှိလိုက်တော့သည်။

ဟူကျင်းသည် သူ့အဖွဲ့သားများအား လွတ်ကင်းရာ တစ်နေရာသို့ ဆုတ်ခိုင်းလိုက်ပြီး သူလက်ထဲ၌ ဖမ်းချုပ်ထားသော ခေါင်းဆောင်ကြီးအား အရှိန်ဖြင့် ကျလာသည့် ကျောက်မီးတိုင်နှင့် ရင်ဆိုင်ပေးလိုက်သည်။

တိမ်လွှာအလင်းမာန်သည် သူ၏ လက်ကို လမ်းခုလတ်မှ အမြန်ဆုံး ရုတ်သိမ်းလိုက်ရသည်။ ရုပ်သိမ်းပြီးသည်နှင့် ဘေးသို့ ခုန်ထွက် လိုက်ရတော့သည်။ အချိန်မီ ထိန်းနိုင်လိုက်၍သာ သူတို့၏ ခေါင်းဆောင်ကို ကျောက်မီးတိုင်နှင့် မရိုက်မိခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လစန္ဒာ အလင်းမာန်နှင့် လေပွေ အလင်းမာန်တို့ နှစ်ယောက်သည် ကျောက်မီးတိုင် ကိုယ်စီကိုင်၍ ဟူကျင်းထံသို့ ခုန်အုပ်လိုက်ကြပြန်သည်။

သို့သော် ယခုတစ်ကြိမ်တွင်ကား သူတို့စိတ်ထင်တိုင်း မတိုက်ခိုက်နိုင်ကြချေ။ သူတို့၏ အကြီးအကဲ တစ်ယောက်အား ဟူကျင်းက အကာအကွယ် လုပ်ထားပြီ မဟုတ်ပါလား၊ သူတို့သည် ဟူကျင်းနားသို့ အတင့်ရဲရဲ မချဉ်းကပ်နိုင်ကြတော့ချေ။

ထိုအလင်းမာန်ဂိုဏ်းသုံးယောက်တို့ တိုက်ရအခက်၊ မတိုက်ရအခက် အကြံရ ကျပ်နေစဉ် သူတို့၏ တွေဝေနေမှုကို အခွင့်ကောင်းယူပြီး လစန္ဒာ အလင်းမာန်၏ လက်မှ ကျောက်မီးတိုင် တစ်ချောင်းကို ဟူကျင်း အရယူလိုက်နိုင်သည်။

ထိုအခါတွင်မူ ကျန်လူများသည် ရှေ့ဆက်တိုက်ရန် ပို ဘွန့်ဆုတ်သွားကြပြီး နောက်သို့ ပြန်ဆုတ်သွားကြတော့သည်။

ထိုအချိန်တွင် ကမ်းခြေ၌ ဆိုက်ကပ်ထားသော လှေကြီးအားလုံးမှ အမြောက်ကြီးများသည် ဟူကျင်းတက်နေသည့် လှေကြီးအား ဝိုင်းဝန်းချိန်ရွယ်ထားတော့သည်။ ဟူကျင်းရပ်နေသည့် လှေကြီးပေါ်မှ အိကြည်များ အားလုံးသည် အခြား လှေကြီးများသို့ ပြန်လည် ကူးပြောင်းသွားကြတော့သည်။

ဟူကျင်းတို့လှေနှင့် မျက်နှာချင်းဆိုင် ရှိနေသော လှေကြီးပေါ်မှ အိကြည်တစ်ယောက်က တရုတ်ဘာသာ စကားဖြင့် လှမ်းပြောလိုက်သည်။



"ရွှေမွေးခြင်္သေ့မင်း မင်းတို့ ဖမ်းထားတဲ့ ငါတို့ရဲ့ ငြိမ်းချမ်းရေးမင်းကို ပြန်လွှတ်ပေးပါ၊ မင်းတို့ကို ပြန်လွှတ်ပေးမယ်"

ရှက်စွန်းသည် တဟားဟား ရယ်မောကာ ပြန်ဖြေလိုက်လေသည်။

"မင်းတို့က ငါ့ကို သူငယ်နှပ်စား ကလေးလေးများတ်နေကြသလားဟေ့၊ ငါတို့က ဒီ ဓားစားခံကို လွှတ်လိုက်တယ်ဆိုရင် တို့လောက်မိုက်တဲ့လူ ဒီလောကထဲမှာ ရှိပါဦးမလား၊ ဓားစာခံကို လက်ထဲမှာ မရှိတော့ဘူးဆိုရင် ငါတို့တစ်တွေ အမြောက်စာတွေဖြစ်ရတော့မှာပေါ့ကွ၊ ဟား ဟား ဟား"

ထိုလူက ဒေါသဖြင့် ပြန်အော်လိုက်သည်။

"ကဲ... ဆိုစမ်း၊ မင်းတို့ ဘာလိုချင်လဲ"

စာရှုသူများ၏ မေတ္တာကိုခံယူလျက်
တက္ကသိုလ် နေလင်းအောင်

www.burmeseclassic.com